နယ်ခြားတောင်တန်းသာသနာပြုဆရာတော်ကြီး

ဦးဥတ္တမသာရ

ချမ်းမြွာ

# ဘဝနေနည်း

ဓမ္မာစရိယ ဦးမြေးလှိုင်

စုစည်းစီစဉ်သည်



နယ်ခြားတောင်တန်းသာသနာပြု

ဆရာတော် ဦးဥတ္တမသာရ

သုတေသနပြု (သက်တော်-၉၈၊ သိက္ခာ-၅၉)

သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန

ကမ္ဘာအေး၊ ရန်ကုန်။

ဥရောပသို့ မေတ္တာခရီးအတွက်
နယ်ခြားတောင်တန်းသာသနာပြု ဆရာတော်ဘုရားကြီး
အရှင် ဦးဥတ္တမသာရ

# ချမ်းမြေ့စွာ
# သာဝရနည်း

လမ်းညွှန်တရားတော်

# THE BUDDHIST
# WAY OF DAILY LIFE

သာသနာတော်ထွန်းလင်းပြန့်ပွားရေး

မေ့ဘာစရိယဦးဌေးလှိုင်
စုစည်းမိစဉ်ယည်

* ပုံနှိပ်ခြင်း ပထမ အကြိမ်
၁၉၈၈၊ ဇူလိုင်လ

* အုပ်ရေ ၂၀၀၀

* တန်ဖိုး ၃၅-ကျပ်

* စာအုပ်စာတမ်း
ပုံနှိပ်ထုတ်ဝေခွင့်ပြုအမှတ် (၂၉၈)

* မျက်နှာဖုံးပုံနှိပ်
ခွင့်ပြုအမှတ် (၂၀၁)

* အဖုံးရိုက် သီတာဦး

* ဘလောက် အဝင်း

* စာအုပ်ချုပ် ''ကေသရာ'' မိသားစု စာအုပ်ချုပ်
ကမ္ဘာအေး

* မျက်နှာဖုံးပန်းချီ တကိုးမျိုး

* ထုတ်ဝေသူ ဒေါ်ကြင်မြင့် (မြ-၀၂၀၄၉)
မုဒုအိမ် စာပေ
အမှတ် ၁၉ (စ) မြစံပါယ်လမ်း၊ (၈) ရပ်ကွက်၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

* ပုံနှိပ်သူ ဒေါ်မလှဝင်ကေ (မြ-၀၃၆၅၆)
မြရည်စန္ဒာပုံနှိပ်တိုက်၊ ၃၂/၁၀၁ လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

* ဖြန့်ချိရေး ပုဂ္ဂအသံစာပေ
စာတိုက်ပုံးအမှတ်=၁၃၂၃၊
ဗဟိုစာတိုက်ကြီး ရန်ကုန်။



## မာတိကာ


စာမြည်း .... .... .... ၁၂

ကိုယ်တိုင်ရေး ထေရုပ္ပတ္တိနှင့်မေတ္တာခရီး ....

နိဒါန်း .... .... .... ၂၀

ဓမ္မာစရိယဦးဌေးလှိုင်၏ အမှာစကား .... ၂၆

၁။ ကမ္မနိယာမတရားတော် .... ၃၃

၁။ သတ္တဝါတွေ ကံတရား ကိုယ်စီနှင့် .... ၃၆

၂။ ကံတရားသာလျှင် ကိုယ်ပိုင်ဥစ္စာ .... ၃၇

၃။ ကံတရားအကျိုးပေးချိန် ဥပမာ .... ၆၃

၄။ အိုနာကျိုးကန်း ဘုန်းတော်ကြီး သံဝေဂ .... ၆၅

၅။ ကံတရားကို မယုံကြည်သော အမ္ဗသက္ကရလိစ္ဆဝီမင်း ၆၉

၆။ အကွက်စေ့စေ့ အကျိုးပေးတဲ့ ကံတရား .... ၇၁

၇။ ဘာမှမရှိတဲ့ အယူဝါဒဆိုတာ .... .... ၇၇
၈။ အကျီစားသန်က ဝင့်လိုက်တတ်တယ် .... ၈၀
၉။ လူချင်းတူလျက် အသက်ရှူကွဲရပုံ .... ၈၁
၁၀။ သေသွားသူအား အဝတ်အစားပေးနည်း .... ၈၃
၁၁။ ဒေသနာစဉ်နှင့် ကံစွပ်းအားတိုင်းတာခြင်း .... ၈၇
၁၂။ ဘုရားသခင်မလုပ်နိုင်တာ လူလုပ်လို့ရတယ် .... ၈၈
၁၃။ ဘဝ သံသရာခရီး .... .... .... ၉၂
၁၄။ ကံပွိယကြီး ဦးကြောင် ဖွတ်ဖြစ်ရပုံ .... ၉၂
၁၅။ နွားဘဝက လူလာဖြစ်တဲ့ မောင်တောကြည် .... ၉၃
၁၆။ ကပ္ပိယကြီး တွမ်မှု ငှက်စသည်ဖြစ်ရပုံ .... ၉၆
၁၇။ အရှိကို အရှိအတိုင်း မြင်မှ ချမ်းသာရ .... ၁၀၃

● ၂။ မေတ္တာအာနိသင်တရားတော် .... ၁၀၅

၁၈။ လူ့လောကအတွက် အလိုအပ်ဆုံး တရား .... ၁၀၅
၁၉။ မဟာကရုဏာရှင် ဆိုတာ .... ၁၀၇
၂၀။ နီးနီး ဝေးဝေး မေတ္တာပို့လွှတ်လို့ရတယ် .... ၁၁၂
၂၁။ ဘဝတစ်လျှောက်လုံး စကားမပြောသူ .... ၁၁၃
၂၂။ ချမ်းသာအောင်နေနည်း ရှာကြပုံ .... ၁၁၆
(သူ့စိတ်နှလုံးကို စိတ်စိုက် မေတ္တာပို့)
၂၃။ အလွယ်ဆုံး မေတ္တာဖြန့်ပွားနည်း .... ၁၁၉
၂၄။ စကြဝဠာ အနန္တ၊ ကျွန်းကြီးလေးကျွန်း .... ၁၂၁
၂၅။ မေတ္တာ ၄-မျိုး .... .... .... ၁၂၄
၂၆။ ဗြဟ္မဝိဟာရ တရားလေးပါး .... .... ၁၂၆
၂၇။ ကမ္မဿကတာ ဉာဏ်အမြင်ပေါက်အောင် .... ၁၃၀
၂၈။ အရှုံးမှအမြတ်ထွက်ပုံ ဿင္ဂမင်းဝတ္ထု
(မေတ္တာကြောင့် ရန်သူပူလောင်ခြင်း) .... ၁၃၇
၂၉။ မေတ္တာသုံးမျိုး .... ၁၄၅

၃၀။ **ခရီးသွားရာ၌ မေတ္တာဖြန့်ပွားနည်း** .... ၁၄၆
၃၁။ ကိုယ်တွေ့ မေတ္တာအကျိုးပြောရလျှင် .... ၁၄၀
၃၂။ မုန်းသူကို ချစ်အောင်လုပ်နည်း .... ၁၅၂
၃၃။ **လိုရာပြီးမြောက် ခရီးပေါက်သော ရေ မေတ္တာပို့နည်း** .... ၁၅၅
၃၄။ အဋ္ဌရာသဃာတ မေတ္တာသုတ် .... ၁၅၉
၃၅။ **မေတ္တာအကျိုး ၁၁-ပါး** .... ၁၆၅
၃၆။ မေတ္တာစေတော ဝိမုတ္တိ .... ၁၆၆
၃၇။ **ရေမေတ္တာ၏ လက်တွေ့အကျိုးများ**
—သံရုံးကြီးတစ်ခုမှ ရာထူးလုပ္ပဲ .... ၁၆၇
—ကျောင်းဆရာ သုံးယောက်နှင့် တစ်ယောက်
—စာချဘုန်းကြီး သုံးပါးနှင့် တစ်ပါး
—အိမ်ရှင်နှင့် အိမ်ငှားနေသူ အမှုကြီး
၃၈။ **ဗြဟ္မဝိဟာရ လက်တွေ့အကျိုးကျေးဇူး** .... ၁၇၆
—လေးကျွန်းသနင်း စကြာမင်းကဲ့သို့၊ အရပ်ဒေသတိုင်းက ကြည်နူးဝမ်းမြောက်ကြ၊ ကူညီရိုင်းပင်းကြ၊ ဘုန်းကြီးကိုပျားမတုပ်၊ ပဆုပ်ပနိမတုပ်၊ ခွေးမကိုက်၊ တောဒီးမလောင်၊ နတ်များက ချစ်ခင်ကြည်ညိုကြ။
၃၉။ **တောင်စောင့်နတ်ကြီးက ၆-ကြိမ်လာတယ်** .... ၁၀၃
၄၀။ **တောတွင်းဝိဇ္ဇာခိုရိမ်များ ဖူးမြော်လာကြတယ်....** ၁၀၅

၃။ ပရိတ်စွမ်းအားတရားတော် .... ၁၉၃

၄၁။ ဘုရားဟောစစ်စစ် ဖြစ်ဖို့လိုတယ် .... ၁၉၄
၄၂။ မြို့တော်ရန်ကုန် မီးဘေးအန္တရာယ် .... ၁၉၆
၄၃။ မီးသတ်မျှော်စင်ကြီးပေါ်က ပရိတ်ရွတ်ပွဲ .... ၁၉၀
၄၄။ ပရိတ်ရေပွက်တာ ကိုယ်တွေ့ .... ၂၀၄

၄၅။ ပရိတ်ရေ၏အစွပ်းကြောင့် မြွေဆိပ်၊ ကင်ဆာ
စသည် ပျောက်ကင်း .... ၂၀၆
၄၆။ ပရိတ်ရေ ဘာ့ကြောင့် အစွမ်းထက် .... ၂၀၉
၄၇။ ပရိတ်နာသူ အင်္ဂါသုံးချက် .... ၂၁၃
၄၈။ မျှော်လင့်ချက်မရှိတဲ့ ကင်ဆာနှင့်
အသက်တစ်ချောင်း .... ၂၁၃
၄၉။ ပရိတ်ရေကို မီးကရှောင်တယ် .... ၂၁၅
၅၀။ ဝမ်းဗိုက်ဖောင်းရောင်သောရောဂါပျောက် .... ၂၁၇
၅၁။ ပရိတ်ရေကြောင့် ရေကန်နှစ်ခု ထူးခြားပုံ .... ၂၁၉
ဓမ္မဃောသက ဦးမောင်မောင်ထံမှ ပေးစာ .... ၂၂၁

## ၄၊ သေနည်းသင်တန်းတရားတော် .... ၂၃၁

၅၂။ နေနည်းထက် သေနည်းက ပိုအရေးကြီး .... ၂၃၂
၅၃။ ၈၇-နှစ် မယ်တော်ကြီးလမ်းခွဲ၊ ဖြိတ္တာဘဝ
ရောက်ရရှာခြင်း .... ၂၃၆
၅၄။ မကြောက်တရား (သုတသောမမင်း) .... ၂၄၁
၅၅။ (၁)ဒါန အားကိုးနှင့်သေသူ ပြာသာဒ်ကျောင်း
ဒကာကြီး ဦးမြူး .... ၂၄၂
၅၆။ သံဃာမလှူရ မျိုမကျတဲ့(ဒုဋ္ဌဂါမဏိ)မင်းကြီး.... ၂၄၄
၅၇။ (၂) သီလနှင့် ဘဝနိဂုံးချုပ်ရေး၊ အာသန္နကံ
အရေးပါပုံ .... ၂၄၈
၅၈။ နွားအိုကြီးနှင့်တူသော အာသန္နကံ .... ၂၄၉
၅၉။ သီလနှင့် ဘဝအဆုံးသတ်သူ ဘုရားဒကာကြီး
ဦးကိုး .... ၂၅၁
၆၀။ ဘုရားလက်ထက်တော်က သဘောကုန်သည်
ခုနစ်ရာ .... ၂၅၄
၆၁။ အကြောက်ကင်းဝေးနေနိုင်ရေးနည်း .... ၂၅၆

၆၂။ သူတော်ကောင်းကျေးဇူး ချီးကျူးမကုန် .... ၂၅၀
၆၃။ သေနည်း ၄-မျိုး၊ သဝေမပါ ၉-ဂါထာ .... ၂၆၂
၆၄။ သာဝိတ္တိဂါထာနှင့် အနုဿတိ ၃-ပါး .... ၂၆၃
၆၅။ (၃) သရဏဂုံနှင့် ဘဝနိဂုံးချုပ်ပြီး
နတ်ပြည်ရောက်သူ တပ်ကြပ်ကြီးဦးလှရွှေ .... ၂၆၄
၆၆။ သရဏဂုံနှင့် ရဟန္တာဖြစ်ကြသူများ .... .... ၂၇၇
၆၇။ နတ်ပြည်ကို အသာကလေး ရနိုင်တယ် .... ၂၇၀
၆၀။ ဥပဇ္ဈေဒက ရန်လုံ သရဏဂုံ .... .... ၂၇၉
၆၉။ ကျွန်းရင်းရွာကျောင်းဘုန်းကြီး ဦးဝါယမ .... ၂၀၀
၇၀။ အကြောင်းရှာတော့ ရန်သူဟာ ပစ္စည်း .... ၂၀၂
၇၁။ (၄)ဘာဝနာနှင့် ဘဝကူးပြောင်းကြပုံ .... ၂၀၃
၇၂။ ဝေဒနာရှုရာ၌ စိတ်ထားနည်း .... .... ၂၀၄
၇၃။ တရားအားမထုတ်သူ လူဖြစ်ကျိုးမနပ် .... ၂၀၅
၇၄။ မြန်မာပြည်က နတ်သားများ .... .... ၂၀၆
၇၅။ နတ်သမီးတွေကြားက ဘုန်းကြီးနတ်သား .... ၂၀၀

● ၅။ သမထ ဝိပဿနာတရားတော် .... ၂၉၁

၇၆။ ဝိပဿနာ သုံးမျိုး .... .... .... ၂၉၃
၇၇။ ဘုန်းတော်ကြီး ဦးသီလမိန့်ခွန်း .... .... ၂၉၆
၇၀။ သမထကမ္မဋ္ဌာန်း ၄၀ .... .... .... ၂၉၇
၇၉။ အာနာပါန ထွက်လေဝင်လေ ကမ္မဋ္ဌာန်း .... ၂၉၀
၀၀။ ပရိကမ္မနှင့် ဥဂ္ဂဟနိမိတ် .... .... .... ၂၉၀
၀၁။ သတင်းကြီးနေသော ချင်းတောင်ပေါ်မှ
အလင်းရောင်ကြီး .... .... .... ၃၀၁
၀၂။ သမထမှ ဝိပဿနာတက်ပုံ .... .... ၃၀၇
၀၃။ ဈာန်အဘိညာဉ်သို့ .... ၃၀၀
၀၄။ မြန်မာပြည်မှာ ရဟန္တာပုဂ္ဂိုလ်တွေရှိကြတယ် .... ၃၁၀

၁၅။ ရဟန္တာပုဂ္ဂိုလ်တွေ ဘယ်နေရာမှာ နေကြပါသလဲ .... .... .... .... ၃၁၀
၁၆။ လေ့ကျင့်မှုဒါက္ခာ အသင့်သုံးဆင့် .... .... ၃၁၂
၁၇။ နိဗ္ဗာန်ဆိုတာ လက်တစ်ကမ်းမှာ .... .... ၃၁၃
၁၈။ မိမိကိုယ်သာ အားကိုးပြုနေပါ .... .... ၃၁၃
၁၉။ အကောင်းဆုံးနည်းလမ်းကို ပြောမယ် .... ၃၁၅
၂၀။ တစ်ကြိမ်လောက် အားခဲလိုက်ပါ .... .... ၃၁၆
၂၁။ အရိယာတို့ စိတ်နေသဘောထားအမြင် .... ၃၁၇
၂၂။ သောတာပန်ဆိုတာ .... .... .... ၃၁၈
၂၃။ နိဗ္ဗာန်သဘော အချုပ် .... .... .... ၃၁၉
၂၄။ ဘုရားရှင်၏ ဝန်ခံတိုက်တွန်းချက် .... .... ၃၂၀
၂၅။ နောက်မှ နောင်တ မဖြစ်ကြနှင့် .... .... ၃၂၁

### စိတ်သာ ပဓာန

လူ့ပြည် နည်းပြည်၊ ဗြဟ္မာ့ပြည်၊ ကျင်လည်စိတ်ကြောင့်သာ။

အပါယ်လေးပါး၊ ကျသူများ၊ မှတ်သား စိတ်ကြောင့်သာ။

ကောင်းဆိုးယုတ်မြတ်၊ ဖြစ်လာတတ်၊ မှတ်ကြ စိတ်ကြောင့်သာ။

နိဗ္ဗာန်သာခေါင်၊ ဘေးမဲ့သောင်၊ စိတ်ဆောင် ရောက်မယ်သာ။

–ဦးဥတ္တမသာရ ဆရာတော်ကြီး




ဆုဝေလျှံကျသော ပရိတ်ရေနှင့်ပရိတ်ဆီ



၂၈၊ ၂၊ ၈၈ နေ့ည ကမ္ဘာအေး မနသိဒ္ဓိလမ်း၌ ဆရာတော်ကြီးပရိတ်ရွတ်စဉ်ရိုက်ကူးထားသော ဗိုလ်ကြီးမင်းရွှေအောင် ဒေါ်မြင့်မြင့်ကြည်တို့အိမ်မှ ပရိတ်ရေနှင့် ပရိတ်ဆီပုလင်းများ ပုံ။

ကလေးမြို့နှင့်မနုဖြူမြို့ စသော မြို့အချို့၌ မြေပေါ်အထိ စီးကျသည်ကို တွေ့ကြရသည်။



- ဝာမြည်း
- ယေရုပ္ပဿိ, နိဒါန်း
- အမှာစကား

# စာမြည်း

၁။ ကမ္မနိယာမ "သတ္တလောကကြီးအတွင်းမှာ ကိုယ့်ကံ ကိုယ်ကြိုက်သလို ဖန်တီးနိုင်ကြတယ်။ ကိုယ်ကြိုက်သလို ဖန်တီး ယူနေကြခြင်းဖြစ်တယ်"

"ကံတရားကို မယုံကြည်၍ မဖြစ်ပါ။ ကံ၏ သဘာဝသည် ယုံသူကိုဖြစ်စေ၊ မယုံသူကိုဖြစ်စေ အကျိုးပေးထိုက်သောအချိန် ရောက်လာလျှင် အကျိုးပေးခြင်းခံ, ရကြရမည်မှာ ဧကန် မလွဲ ဖြစ်တယ်"

## ဘယ်သူမပြု မိမိမှု

"လူများက ဘယ်သူဟာ ကံကောင်းတယ်၊ ဘယ်သူဟာ ကံဆိုးတယ်"လို့ ပြောဆိုလေ့ရှိကြတယ်။ ကံကောင်းခြင်း ကံဆိုးခြင်းကို ဘယ်သူကမှ လာရောက် ဖန်တီးပေးခြင်းမဟုတ်ဘူး။ ကိုယ့်ကံ ကိုယ်သာလျှင် ဖန်တီးနေကြခြင်းဖြစ်တယ်။ ကံတရားဆိုတာ မိမိတို့၏ စိတ်ရင်းထဲမှ ဖြစ်ပေါ်လာတဲ့ စေတနာပင်ဖြစ်တယ်။ စေတနာကောင်းလျှင် ကံကောင်းမယ်။ စေတနာဆိုးလျှင် ကံဆိုးမယ်။ စေတနာဖြောင့်လျှင် ကံဖြောင့်မယ်။ စေတနာကောက်လျှင် ကံကောက်မယ်...."

"အရှင်းဆုံး အပေါ်လွင်ဆုံးဥပမာတစ်ခု ပြောရမယ်ဆိုယင်— မိမိရဲ့ ရှေ့တည့်တည့်မှာ ကိုယ်လုံးပေါ် မှန်ကြီးတစ်ချပ်ချထားပြီးကြည့်ပါ။ မိမိကပြုံးပြီးကြည့်လျှင် ပြုံးနေတဲ့ပုံကို တွေ့ရမယ်။ မဲ့ပြယင် မဲ့နေတာကိုပဲ တွေ့မြင်ရလိမ့်မယ်။ အဲဒီပုံသဏ္ဌာန်ကို မိမိမှတစ်ပါး အပြင်က ဘယ်တန်ခိုးရှင်, ဘယ်ဘုရားသခင်ကမှ ဖန်ဆင်းပြီး ပြလာကြတာမဟုတ်ဘူး။ ဗုဒ္ဓသာသနာတော်ကပြောတဲ့ ကံတရားဆိုတာ ဒါပါပဲ။ ဒါကို မြန်မာတို့နှုတ်ဖျားမှာ- 'သဒိသံ ပါကံ ဇနေတိ - တူသော အကျိုးပေးတယ်....၊ ဘယ်သူမပြု မိမိမှု' လို့ စကားပုံတစ်ခုသဖွယ် ပြောဆိုနေကြခြင်းဖြစ်တယ်။"

၂။ မေတ္တာအာနိသင် "စိတ်ကို ရှင်းရှင်းထား၊ ရှင်းရှင်းထား ဆိုသည်မှာ မေတ္တာစိတ် ထားခြင်းကို ဆိုလိုတယ်။ လောကကြီးမှာ မေတ္တာလောက် ကောင်းတာဘာမှ မရှိဘူး။ မေတ္တာလောက်ကောင်းတဲ့ အဆောင်ကောင်း တခြားဘာမှမရှိနိုင်ဘူး"

"မေတ္တာစိတ်သာ ထားနိုင်မယ်ဆိုယင် သံသရာလည်ရမှာတောင် မကြောက်နဲ့။ မေတ္တာတရား လက်ကိုင်ထား၊ သံသရာခရီး သွား မပင်ပန်းဘူးမှတ်"

## ချမ်းသာနည်းရှာကြပုံ

"လူ့လောကတစ်ခွင်လုံး ချမ်းသာချင်ကြလို့ ချမ်းသာအောင်နေနည်း ရှာဖွေကြရာမှာ ကမ္ဘာအရပ်ရပ်မှလူများ ကိုယ်ချမ်းသာအောင် နေနည်းကိုသာ ရှာဖွေကြိုးကုတ်ပြီး ရုပ်ဝတ္ထုတွေ ပေါများအောင်သာကြံစည်နေကြတယ်၊ တီထွင်ထုတ်လုပ်နေကြတယ်။ ရရှိပြီးတော့ ခံစားကြည့်တယ်။ ခေတ္တခဏ အချိန်ပိုင်းလောက်သာလျှင် ချမ်းသာသလိုထင်ရပြီး၊ မကြာခင် ပေါ့ပျက်ကြီး ဖြစ်လာပြီး အရသာမတွေ့ကြရှာဘူး။ ဒုန်ရင်းဒုန်ရင်းပဲ"

"ဘုံအဆင့်ဆင့်ရှိတဲ့ တိုက်ကြီးပေါ်မှာ ဆင်စွယ်ကုလားထိုင်ပေါ်ထိုင်၊ ကျောက်စိမ်းစားပွဲကြီးခင်း၊ စားကောင်းသောက်

ဖွယ်ရာမျိုးစုံတွေ တည်ခင်းကျွေးမွေး စားသောက်နေသော်လဲပဲ စိတ်မချမ်းသာမှု တစ်ခုခုတွေ့ကြုံနေလျှင် မချမ်းသာပါ”

## အိမ်ထောင်ရေးနှင့်မေတ္တာ

“မေတ္တာချစ်နှင့်တဏှာချစ် တက်ဝက်စီ ညီမျှစွာပေါင်းပြီး နေလေ့ရှိကြတဲ့ အိမ်ထောင်မျိုးဟာ တစ်သက်ပန် တည်မြဲလေ့ ရှိကြတယ်။ မိမိတို့အိမ်ထောင်ရေးချိန်ခွင်မှာ ဘယ်ဘက်ကအလေး သာနေသလဲ၊ လျှော့နေသလဲ ဆိုတာ ကိုယ့်ဟာကိုယ်မြင်အောင် ကြည့်ပြီး ဖြည့်ကြပါ။ သံသရာခရီးသွားကြရာမှာ ဒီတစ်ဘဝနှင့် ပြီးကြမှာ မဟုတ်သေးဘူး။ ရှေ့မှာလဲ လက်တွဲကြရဦးမှာ။ ချိန်ခွင်လျှာ မညီမျှလျှင်တော့ တစ်သံသရာလုံး တစ်ဂျက်ဂျက် ဖြစ်မဆုံးပေဘူး။ အသိဉာဏ်ရှိတုန်းပြင်ကြရမယ်”

## အံ့ဩလောက်အောင် ကိုယ်တွေ့ကြုံရမယ်

“မေတ္တာ ပွားများနေလေ့ရှိသူများ မိမိတို့အတိတ်ကံ ပါရမီခံ အကြောင်းအားလျော်စွာ ထူးခြားသော ကောင်းကျိုး နှင့် လိုရာဆန္ဒများ ပြည့်ဝလာတတ်ပါတယ်။ ပြည့်ဝလာပုံ တဖြည်း ဖြည်း တွေ့မြင်လာရမည်မှာ ဧကန်မလွဲ ဖြစ်တယ်”

“မိမိတို့သွားလိုရာ ဒေသတိုင်းမှာ တွေ့ဆုံသွားရမယ့် သူများကို စိတ်ညွှတ်ပိုင်းခြားပြီး အသီးသီးမေတ္တာပို့လွှတ်ပေး သွားပါ။ မိမိလိုရာဆန္ဒချောမောစွာ ပြည့်စုံပြီး အံ့ဩလောက် အောင် ဝမ်းမြောက်ရပုံ၊ ကိစ္စပြီးစီး အောင်မြင်ရပုံကို လက်တွေ့ သိကြရပါလိမ့်မယ်။ မေတ္တာအကျိုးတွေက ပြောလို့ မကုန်နိုင် ပါဘူး”

“မေတ္တာရှင်ပုဂ္ဂိုလ်အား ရန်မူ၍မရနိုင်ပါ၊ အနိုင်ကျင့် သော်လဲ အနိုင်ယူသူက အရှုံးပေးရမြဲဖြစ်တယ်။ မေတ္တာရှင်ဖြစ်သူ ကား ရှုံးရဦးတော့ အရှုံးထဲက အမြတ်ထွက်ရမြဲဖြစ်တယ်၊ အကျိုး မဲ့ရာမှ ကောင်းကျိုးရမြဲဖြစ်တယ်”

၃။ ပရိတ်စွမ်းအား "မြတ်စွာဘုရားလက်ထက်တော်က တပည့်ရဟန်း သံဃာတော်များကို အခြေအနေအရ တွေ့ကြုံကြရတဲ့ အကြောင်း အားလျော်စွာ ရွတ်ဆိုပေးကြရန် မြတ်စွာဘုရားရှင်က မေတ္တာသုတ်၊ ခန္ဓသုတ် စသော ပရိတ်များကို သင်ပြညွှန်ကြားပေးတော်မူခဲ့ပါတယ်။"

## ဘုရားဟောစစ်စစ် ဖြစ်ဖို့လို

"ရွတ်ဆိုပေးကြရာမှာ ဘုရားဟောစစ်မှန်သော ပရိတ်ဂါထာများနှင့် အဋ္ဌကထာဆရာမြတ်တို့ မှမ်းမံချက်ဂါထာ စုဏ္ဏိယ ပရိတ်တော်များကိုသာ ရွတ်ဆိုကြတယ်။"

"ပရိတ်အမည်ပေးထားသော အခြား ကျမ်းတို့မှလာတဲ့ သုတ်တို့ ပရိတ်တို့ကို ရွတ်ဆိုလေ့မရှိကြပါဘူး"

## ရှေးအိန္ဒိယနှင့် ယနေ့မြန်မာပြည်လက်တွေ့

"ရှေးအခါက အိန္ဒိယနိုင်ငံအတွင်း ဝေသာလီပြည်မှာ အနာရောဂါဘေး၊ ဘီလူးဘေး၊ ငတ်မွတ်ခေါင်းပါးခြင်းဘေး ခေါ်တဲ့ ဘေးကြီး သုံးမျိုး တစ်ပြိုင်တည်း ဆိုက်ရောက်နေချိန်မှာ မြတ်စွာဘုရားရှင် ကိုယ်တော်တိုင် ရတနသုတ်ပရိတ်တော်ကို အရှင်အာနန္ဒာအား သင်ကြားပေးပြီး ရွတ်ဆိုစေခဲ့တယ်။ အဲဒီအခါက ဘေးကြီး သုံးမျိုးတစ်ပြိုင်တည်း လွတ်ကင်းသွားခဲ့ဖူးကြောင်း လက်တွေ့ကြုံခဲ့ကြရဖူးပါတယ်"

"မြန်မာပြည်မှာ ရှေးအခါကလဲပရိတ်မေတ္တာနှင့် သတ္တဝါတွေ ကယ်တင်ခဲ့တဲ့ အစဉ်အလာတွေ ရှိခဲ့ဖူးတယ်။ ပရိတ်ရေပွက်တဲ့ ဆရာတော်တွေ ရှိခဲ့ဖူးတယ်။ ဘုန်းကြီး သတိထားမိသလောက် လယ်တီဆရာတော်၊ ညောင်လွန့်တောရ ဆရာတော်၊ ဟို-ပံသာနုခေတ်ကဘေးမဲ့ဆရာတော်တို့-ရောဂါဘေးကြီးတွေ ဖြစ်ယင်လဲ ပရိတ်မေတ္တာနဲ့ ချမ်းသာအောင် လုပ်ပေးတယ်။ မိုး

ခေါင်းပေါင်းလဲ မိုးရွာပေးတယ်။ မိုးခါ နွေခါ မရွေး ရွာအောင်
လုပ်လို့ရတယ်။”

## သဘာဝအန္တရာယ်နှင့် ကင်ဆာ, မြွေဆိပ်

“ဗိုဒ်ဂေါ်မှာ သဘာဝ အန္တရာယ်လို့ ပြောဆိုနေကြတဲ့ ဘေးကြီးများကိုလဲ တားဆီးကာကွယ်ပေးနိုင်ကြတယ်။ သို့သော် သက္ကဝါတွေဘက်က ကံကောင်းအောင် ကိုယ်စီ ထူထောင်ကြဖို့လဲ လိုသေးတယ်။ အရေးအကြီးဆုံး အချက်က ပရိတ်တရားတော်ရဲ့ အစွမ်းသတ္တိကို တကယ်ယုံကြည်သူဖြစ်ရမယ်”

“ဘုန်းကြီးတို့ ပရိတ်ရေဟာ အလွန် ကြောက် စရာကောင်းတဲ့ မီးဘေးအန္တရာယ်ကိုသာမက မြွေဆိပ်နှင့် ကင်ဆာလို ရောဂါချိုးတွေတောင် ပျောက်ကင်းကြတယ်လို့ ဆိုတယ်။ အရင်ကတော့ ဘုန်းကြီး ပရိတ်အစွမ်းထက်ကြောင်း ဘုန်းကြီး ကိုယ်တိုင် သတိမပြုမိပါဘူး။ အသက် ၂၀-လောက်ကစပြီး တောက်လျှောက်စိတ်ရင်း စေတနာနှင့် ဝါသနာအရ ရွတ်လာခဲ့တာပဲ။ တောကြီး တောင်ကြီးထဲမှာနေရတာဆိုတော့ အားကိုးလက်နက်တစ်ခုဆိုလဲ မလွဲဘူးပေါ့”

၄။ သေနည်းသင်တန်း “ဘဝဆိုတာ ရပ်တည်မနေဘူး။နေရုံနဲ့လဲ မပြီးသေးဘူး။ သေကြရဦးမယ်။ ဘယ်သူမဆို တစ်နေ့မှာ သေကြရလိမ့်မယ်။ သေရတာဟာ ကြောက်စရာ မဟုတ်ဘူး။ ကြောက်လို့လဲ မသေပဲ မနေရဘူး။ နေတတ်ဖို့လိုသလို သေတတ်ဖို့လဲ အရေးကြီးတယ်”

## တိရစ္ဆာန်နှင့် နတ်ဖြစ်သူ တပည့်နှစ်ဦး

“ဘုန်းကြီးရဲ့ ချင်းအမျိုးသား ကပ္ပိယကြီး ‘တွမ်မှုံ’ နှစ်၊လ အနည်းငယ် အတွင်းမှာပဲ တိရစ္ဆာန်ဘဝအမျိုးမျိုးပြောင်းလဲဖြစ်ရှာကို ဘုန်းကြီးပြောခဲ့ဖူးပြီ။ သရက်ကုံးပါးနှင့် ဘဝနိဂုံး

ချုပ်ပြီး နတ်ပြည်ရောက်သွားတဲ့ တပ်ကြပ်ကြီး ဦးလှရွှေ ဆိုတာ တခြားသူ မဟုတ်ဘူး၊ ဘုန်းကြီးရဲ့ အလုပ်အကျွေးလုပ်ခဲ့ဖူးသူ ကပ္ပိယ ဦးလှရွှေဖြစ်တယ်"

"ဗုဒ္ဓဘာသာ မဟုတ်သူများပင်လျှင် သေခါနီးမှ ကမန်းကတန်း ဆောက်တည်ရသော ငါးပါးသီလကြောင့် နတ်ပြည်ရောက်ခဲ့ကြရသေးတယ်"

## ပြိတ္တာဖြစ်သွားရရှာသော မယ်တော်ကြီး

"ဒီဘဝမှာ ငါမသေခင် ဘယ်အရာကို၊ ဘယ်တရားအာရုံကို ပိုင်ပိုင်နိုင်နိုင်ကြီး ဆွဲကိုင်ပြီး ဘယ်လို တမလွန် ဘဝသို့ ကူးသွားမယ်ဆိုတဲ့ တံတားကူးအချက်ကို ကြိုတင်သတ်မှတ်ထားကြရပါမယ်။ ဘယ်ပုံ ဝိညာဉ်ချုပ်စေရမယ်ဆိုတဲ့အထိ ဘဝနိဂုံးချုပ်မယ့်ပုံစံကို တိတိကျကျ ရေးဆွဲထားရမယ်။ ခိုင်မာအောင် မကြာခဏ စဉ်းစားပေးရမယ်။ မိမိစိတ်အာရုံတွင် နှစ်သက်ကြည်လင်မှုရှိတဲ့ တရားတစ်မျိုးမျိုးကို အာစိဏ္ဏကံပိုင်အောင် ထပ်ကာ ထပ်ကာ မီးထိုးပေးနေရမယ်။ လေ့ကျင့်ယူနေရမယ်"

"အဲ....ဘုန်းကြီးရဲ့မယ်တော်ကြီးဟာ ဆရာသမားနဲ့ ဘုန်းကြီးများကိုလဲ အကြောင်းပြုပြီး ဒါနမှုတွေလဲ မနည်းပါဘူး။ ဥပုသ်သီတင်းကစပြီး သီလဘက်ကလဲ မြဲတန်သလောက်မြဲပါတယ်။ ထိုက်သည့်အားလျော်စွာ ဘာဝနာ နှလုံးသွင်းလဲ့ လေ့ကျက်ရှာပါရဲ့"

"သို့ပါသော်လဲပဲ သေခါနီးကာလ အာသန္နကံစိတ်ထားပုံ မခိုင်မာရှာလေတော့ ပေတဂတိလို့ခေါ်တဲ့ ပြိတ္တာဘဝကို ရောက်ရရှာသေးတယ်"

၅–သမထနှင့် ဝိပဿနာ "သံသရာထဲမှာ အဆင့် အတန်း မြင့်မြင့် ချမ်းချမ်းသာသာ ကျင်လည်လိုတဲ့သူဖြစ်ဖြစ်၊ သေလက်စမသတ်တဲ့ ဘဝတွေ အဆုံးသတ်ချင်လှပါပြီဆိုပြီး ဘဝသံသရာဒုက္ခကြီးမှ အပြီးတိုင် လွတ်မြောက်လိုတဲ့

သူပဲဖြစ်ဖြစ်၊ အကောင်းဆုံး နည်းလမ်းမှာ ဂျပ်ကို ပယ်ပြီးညွှန်ပြဦးမယ်။"

## ထွက်လေ ဝင်လေ၏ တန်ဖိုး

"ခုက ပြောခဲ့တဲ့ အာနာပါန ထွက်လေဝင်လေကမ္မဋ္ဌာန်းအလုပ်ကို မိမိနှာသီးဖျားဝမှာ အာရုံစိုက်ပြီး ထွက်လေထိတိုင်း 'သိ' ဟု စိတ်ထဲက မှတ်ပါ။ ဝင်လေထိတိုင်း 'သိ' ဟု စိတ်ထဲက မှတ်ပါ။ ထွက်လေ ဝင်လေ ထိတိုင်းထိတိုင်း အသိမြဲနေလျှင် ပိုင်နေလျှင် အောင်ပြီဟုမှတ်။ ကခြားအာရုံ မဝင်စေဘဲ အသိကို အဆက်မပြတ် တသိထဲသိနေအောင် လုပ်ပါ။ ဒီသမာဓိ အလုပ်ကို နေ့လုံးပေါက် ညလုံးပေါက် သိနေစွမ်းရှိအောင် အားထုတ်နိုင်ပြီ ဟုဆိုလျှင် ဘဝဝဋ်ဒုက္ခမှ ထွက်မြောက်ဖို့ နီးပြီလို့ မှတ်ပါ။"

## နိဗ္ဗာန် လက်တစ်ကမ်း

"အဓိစိတ္တ (သမာဓိ) အချိန်ကြာလို့ ရင့်သန်အားကောင်းလာတဲ့အခါ ရုပ်ကြီးဖြစ်ပြီး ပျက်နေတာရော၊ နာမ်ဆိုတဲ့ စိတ်ကလေး ဖြစ်ပြီး ပျောက်ပျက်ချုပ်ငြိမ်းသွားတာရော စောင့်ကြည့်၊ စိုက်ကြည့်နေယင် သိလာလိမ့်မယ်။ အဲသလို ဖြစ်ပျက် သိမြင်တာကို အဓိပညာလို့ ခေါ်တယ်။ ရှေ့ရှောက် သူ့အလိုလို ခုတ်ခွဲပြီး သိသွားလိမ့်မယ်။ အဲဒါ 'ဉာဏ်စဉ်'တွေလို့ ခေါ်တယ်"

"လောကမှာ ရှိနေတဲ့ ဘယ်ပညာရပ်တွေနှင့်မှ မနှိုင်းယှဉ်သာအောင် ကြီးကျယ် မြင့်မြတ်တဲ့ပညာ(အဓိပညာ)ဆိုတာ ဒီမှာမှ ရနိုင်တယ်။ အဲ....သည် အခါမှာ နိဗ္ဗာန်ဟာ ငါ့လက် တစ်ကမ်းမှာပဲ ရှိနေပြီလို့ မှတ်ရမယ်"

## ဈာန်အဘိညာဉ်လမ်းနှင့် ထူးဆန်းသော အလင်းရောင်

"အာနာပါန ဘာဝနာကို ထိရောက်အောင် အားထုတ်ထားတဲ့ ပုဂ္ဂိုလ်များ ဈာန်အဘိညာဉ်ကို ဖြစ်စေနိုင်ကြတယ်။ အာသဝေါကုန်ပြီး ရဟန္တာအဖြစ်သို့လဲ ရောက်နိုင်စွမ်းရှိကြတယ်"

"ဈာန်ကို ဘယ်လိုဖြစ်စေရမလဲ"လို့ ရဟန်းပုဂ္ဂိုလ်အချင်းချင်း မေးလေ့ မေးထ ရှိကြသောကြောင့် တတ်စွမ်းနိုင်သမျှ

ဖြေကြားခဲ့ရဖူးတယ်....။ ချွန်လမ်းဆိုတာ ဥဂ္ဂဟနိမိတ်ကိုစွဲမှီပြီး ဖြစ်ရတယ်။ နှာခမှလေ ထွက်လိုက် ဝင်လိုက် ဖြစ်နေပုံကို မီးခိုးချောင်းငယ်ပမာ မြင်နေရတတ်တယ်။ ထိုနိမိတ်အာရုံကို ပို၍နိုင်နင်းလာသောအခါ အလင်းရောင်ကြီးပေါ်လာတတ်တယ်။ ဖြူတဲ့အရောင်ထွက်လာတတ်တယ်။ အရောင်ဟာ သမာဓိ အားကောင်းသလောက်ကြီးမယ်။ လင်းမယ်။ မိမိထိုင်နေတဲ့ ခန်းလုံးပြည့်၊ ကျောင်းလုံးပြည့် လင်းတတ်တယ်။ သည့်ထက်ပိုပြီး ကျောင်းခေါင်မိုး ဖောက်ထွက်ပြီး ကောင်းကင်ထဲသို့ ဆလိုက်မီးလို ထိုးတက်သွားတာလဲ ရှိတတ်တယ်"

"အဲဒီကမှ တစ်ဆင့် အဘိညာဉ်တက်လို့ အောင်မြင်သွားပါလျှင် နတ်မျက်စိကဲ့သို့ ထိုးဖောက်မြင်ရခြင်း၊ ကြားရခြင်း၊ မြေလျှိုးမိုးပျံခြင်း၊ သူတစ်ပါး စိတ်အကြံကို သိခြင်း၊ အချိုးမျိုးတန်ခိုး ဖန်ဆင်းနိုင်ခြင်း စတဲ့ တန်ခိုးတွေ ရလာမဲဖြစ်ပါတယ်"

## ယခုလဲ ရဟန္တာပုဂ္ဂိုလ်တွေရှိကြပါတယ်

"မြန်မာပြည်တွင် ခေတ်အဆက်ဆက်က ရဟန္တာပုဂ္ဂိုလ်တွေ အဆက်မပြတ်ရှိနေကြတယ်။ ရှေးခေတ် တကောင်း ဟန်လင်းမြို့ကြီးများ အချိန်ကောင်းနေစဉ် ရဟန္တာပုဂ္ဂိုလ်တွေ များစွာ ဖြစ်ထွန်းခဲ့ကြဖူးပါတယ်။ ထိုခေတ် လက်ကျန် ယနေ့တိုင် ရဟန္တာခေတ်တော်များ သိမ်းဆည်း ပူဇော်ထားကြတာ မျက်မြင်တွေ့ကြရတယ်။ လုံလောက်သော သက်သေအထောက်အထားကြီးများဖြစ်တယ်။ ဘယ်လောက်များပါသလဲဆိုယင် တောင်းနှင့်တင်းနှင့် ခြင်ရလောက်အောင် များပြားပါတယ်"

"ယခုလဲ ရဟန္တာပုဂ္ဂိုလ်တွေ ရှိနေကြပါတယ်။ ရဟန္တာပုဂ္ဂိုလ်တွေ ဘယ်မှာ နေကြပါသလဲ။ ရဟန္တာတို့ မည်သည်မှာ 'ငါရဟန္တာ'လို့ မပြောလိုကြပါ။ အသိမခံလိုကြပါ....အကယ်၍ ဘုန်းကြီးကိုယ်တိုင် ရဟန္တာဖြစ်လျှင်လဲ....။

# ကိုယ်တိုင်ရေး
## ဘေရုပ္ပတ္တိနှင့် ခရီးမှတ်တမ်း

ဘုန်းကြီး၏ တေရုပ္ပတ္တိနှင့် ဥရောပတိုက် နိုင်ငံများသို့ ကြွရောက်ရပုံအကြောင်း အကျဉ်းချုပ်ရေးသားပေးရန် တောင်းပန်ချက်အရ တိုတိုရေးပါတယ်။

ဤအရှင်သည် ယခု ၁၃၄၉-ခုနှစ်တွင် အသက် (၇၈) နှစ်ပြည့်ခဲ့ပြီး အာသံပြည် နယ်ခြားတောင်များနှင့် နယ်ချင်းစပ်နေသော မြောက်ပိုင်း ချင်းတောင်ပေါ်၌နေတယ်။ ဖလမ်းမြို့၏ တောင်ဘက်(၈)မိုင်ကွာ ခန္တီန်တောင် တောရကျောင်း၌ နေလျက်ရှိနေပါတယ်။

ဖလမ်းမြို့၏ တောင်အရပ် ဟာခါးမြို့သွားသော ကားလမ်းမကြီးအထက် ပေ ခုနစ်ထောင်ကျော်မြင့်သော တောင်ကြီးပေါ် တောချပ်အတွင်း ကျောက်ဖြင့် ဆောက်လုပ်ထားသော တစ်တပ်တိုက်ကျောင်း သခ်မ်း၌ သာသနာပြုလုပ်ငန်းဆောင်ရွက်ရင်း ကိုယ်ရေးကိုယ်တာအတွက် တရားနှင့်ပျော်မွေ့နေပါတယ်။

ဤအရှင်၏ ဇာတိသည် ရွှေဘိုခရိုင် ဒီပဲရင်းမြို့တောင်လက်နယ် ငွေတွင်းကုန်းရွာဖြစ်၍ ၁၂၇၂-ခုနှစ်၊ ပြာသိုလတွင် မွေးဖွားခဲ့တယ်။ ဦးဘိုးညို-ဒေါ်သေးတာ တို့၏ သားသမီး (၆) ယောက်တွင် အငယ်ဆုံးသားဖြစ်တယ်။

### စာရေးဝါသနာ ငယ်ကပါ

အသက်(၆)နှစ်သားအရွယ်တွင် ဇာတိ ငွေတွင်းကုန်းရွာ ရွာကျောင်းကြီး ဦးဝိလာသ၏ကျောင်း၌ အပ်နှံကာ စတင်ပညာသင်စေ၍(၁၂)သားအရွယ် မိဘတို့က သားရှင်ပြုအလှူကြီးပေး၍ ကိုရင်ဝတ်ခဲ့တယ်။ အသက်(၁၉)နှစ်သုံးလကျော်တွင် ရဟန်းဖြစ်

သာသနာ့ဟောင်ယှဉ်းကားပြုပြင်ထွန်းရေးဦး မ.ဌာန
ကမ္ဘာအေး၊ ရန်ကုန်၊


လာခဲ့သောကြောင့် ယခု အသက်(၇၀)နှစ်ရှယ်တွင် ရဟန်း ဝါ (၅၉)ဝါ ရှိခဲ့ပြီဖြစ်တယ်။

သက်ရှယ်ကြီးသော်လည်း မျက်စိမမှုန်၊ နားမလေးပါ၊ အနီးအဝေး ကောင်းစွာလင်းတယ်။ စာကြည့်ခြင်း၊ စာရေးခြင်း အမြဲလုပ်ဆောင်နေရသော်လည်း မျက်မှန်မတပ်ရပါ။

အသက်(၂၂)နှစ်ရှယ် မန္တလေးမြို့၌ စာသင်သားဘဝ အဖြစ်နေစဉ်မှစ၍ စာနယ်ဇင်းများတွင် ဆောင်းပါးစာပေစတင် ၍ ရေးလာခဲ့ရာ ယခု အသက်ကြီးသည့်တိုင်အောင်ဖြစ်တယ်။

## တောင်တန်းဒေသနှင့် အိန္ဒိယသို့

လွန်လေပြီးသော ဝံသာနုခေတ်ကြီးအတွင်း (၁၂၉၇) ခုနှစ် ဆောင်းရာသီအချိန် မန္တလေးမြို့မှ တောင်တန်းနယ်များသို့ စတင်၍ ခရီးထွက်ခဲ့တယ်။ ရှေးဦးစွာ ရခိုင်ရိုးမ တောင်ကြီးကို တန်းလွဲချောင်းဘက်မှ ချင်းလူမျိုးများနှင့်အတူ မိမိ၏ကိုယ်စွမ်း သတ္တိဗျတ္တိကို စမ်းသပ်သည့်အနေဖြင့် ခြေလျင်ဖြတ်သန်းခြင်းပြုရာ အောင်မြင်ကျော်မြောက်ခဲ့တယ်၊

ထိုခရီးတွင် တောင်ကုတ်မြို့မှစ၍ ရခိုင်ပြည်နယ်အတွင်း၌ ရမ်းဗြဲ၊ ကျောက်ဖြူ၊ ဇင်ကျွန်း၊ မြေပုံ၊ ပေါက်တော၊ စစ်တွေ၊ မြို့ဟောင်း၊ ကျောက်တော်၊ အလယ်စံကျော်၊ မောင်းတော စသည်ဖြင့် ဒေသန္တရ အတော်နှံ့စပ်အောင် ခရီးဆက်ခဲ့တယ်။ စစ်တကောင်းဘက် တောင်တန်းနယ်တွင် ဗိုလ်မင်းထောင်၊ သက်ထောင် စသည် ရောက်ခဲ့တယ်။

အိန္ဒိယနိုင်ငံ အတွင်း၌ သမိုင်းဝင် ဗုဒ္ဓဝင် ဘုရားရှင် နေထိုင်ခဲ့ဖူးရာ ထင်ရှားသော ဒေသ အတော် များများသို့ ရောက်ခဲ့တယ်။ ဗုဒ္ဓဂယာမှစ၍ ရာဇဂြိုဟ် နာလန္ဒာတက္ကသိုလ် ဟောင်း၊ ဗာရာဏသီ၊ မိဂဒါဝုန်၊ ကုသိနာရုံ၊ သာဝတ္ထိ ဇေ တဝန်ကျောင်းတော်ရာဟောင်းနှင့် ဖွားတော်မူရာ လုမ္ဗိနီဥယျာဉ်

စသော လေ့လာ သင့်ရာဌာနများသို့ အတော်နှံ့အောင် လေ့လာခဲ့တယ်။

## စာပေ ပရိယတ္တိ သင်ယူခြင်း

စာပေ ပရိယတ် သင်ကြားခြင်းလုပ်ငန်းဘက်တွင် အသက် (၁၂)နှစ်အရွယ်မှစ၍ ဘေကြီးရွာ ပေါ်ဆရာတော်ကြီးထံ သဒ္ဒါ၊ [illegible] ဗောက်တော်ကြီး စသော အခြေခံစာများကို သင်ကြားရတယ်။ ထိုနောက် မုံရွာမြို့ရောက်၍ ရွှေသိမ်တော်ကြီး ကျောင်းတိုက်၌ (၃)နှစ်၊ စစ်ကိုင်းတောင်ပေါ် မဟာသပြေ ကျောင်း၌ (၁၂)နှစ်ကြာ ကိုရင်သာမဏေဘဝနှင့် နေ့စာ-ညစာ စာမေးပွဲဖြေဆိုရန် ကျမ်းများပါ သင်ကြားခဲ့ရတယ်။

အသက်(၁၉)နှစ်ကျော် ရဟန်းဖြစ်ခဲ့ပြီးလျှင် မုံရွာမြို့ ရွှေသိမ်တော်ကြီးကျောင်းတိုက်၌ (၂)နှစ်ကြာနေ၍ စာသင်ရင်း အစိုးရ ပထမပြန်စာမေးပွဲများ ဝင်ရောက်ဖြေဆိုတယ်။ ထိုနောက် မန္တလေးမြို့ အနောက်ပြင် ချမ်းသာကြီး မြောက်တိုက် ရတနာပုံ ပရိယတ္တိကျောင်းကြီး၌ (၄)နှစ်ကျော်နေ၍ စာပေ ကျမ်းဂန်အများကို ဆက်လက်သင်ကြားရင်း စာမေးပွဲများကို ဝင်ရောက်ဖြေဆိုခဲ့သည်မှာ (၅)ပွဲဖြစ်တယ်။

အသက်(၂၇)နှစ်ရွယ် ရဟန်း(၇)ဝါအရတွင် အိန္ဒိယ နိုင်ငံမှ ပြန်လာခဲ့ပြီးလျှင် မုံရွာမြို့ လယ်တီတိုက်၌ ခေတ္တနေ၍ သက္ကတဘာသာ ဆက်လက်လေ့လာတယ်။

ထိုနောက် ပခုက္ကူမြို့ မဟာဝိသုဒ္ဓာ ရာမကျောင်းတိုက်ကြီး၌ (၄)နှစ်ကျော်ကြာအောင် ပိဋကတ်သုံးပုံနှင့် နိကာယ်ငါးရပ်ကို ပါဠိတော် အဋ္ဌကထာနှင့် ဋီကာပါတွဲ၍ သင်ယူခဲ့တယ်။ ပခုက္ကူ၌ နေစဉ် ရခါ အနောက်ဘက် ချင်းတောင်ပေါ်သို့ ခရီးထွက်၍ တောင်တန်း သာသနာပြုလုပ်ငန်းကို ဆက်လက်ဆောင်ရွက်ခဲ့ တယ်။

## စစ်တွင်းကာလ သာသနာရေးဆောင်ရွက်ချက်များ

ဒုတိယကမ္ဘာစစ်ကြီးမဖြစ်ခင် စစ်ကိုခေတ်တွင် ပခုက္ကူမှ အမရပူရမြို့သို့ ရွှေ့ပြောင်းနေထိုင်၍ တူမောင်းတိုက်နှင့် မဂ်လာတိုက်ဟောင်း တိုက်အုပ်ဆရာတော်များအထံ၌ ပဋ္ဌာန်းညဝါကျမ်းများကို (၁)နှစ်ကျော်သင်ယူခဲ့တယ်။ စစ်ကြီးဖြစ်ပေါ်လာစအချိန်တွင် စာသင်ခြင်းကိစ္စပြီးဆုံး၍ ဇာတိရပ်ရွာ၌ ခေတ္တနေထိုင်ကာ ရေတွင်း-ရေကန်များကို ပြုပြင်ရင်း ကျေးဇူးရှင် ဆရာတော်ကြီးအား အလုပ်အကျွေးပြုစုနေခဲ့တယ်။

ထို့နောက် စစ်ကြီးကာလ(၆)နှစ်ကြာအချိန်တွင် ရန်ကုန်မြို့ ကမာရွတ် ဥဩခြံဝါဆိုကျောင်းနှင့် လှိုင်မြစ်လမ်း အောင်ချမ်းသာကျောင်း၌နေ၍ ရဟန်း သာမဏေများအား စာချပေးခြင်း၊ ဝိနည်းစာမေးပွဲကို စာစစ်ပုဂ္ဂိုလ်အဖြစ် ဆောင်ရွက်ပေးရခြင်း၊ အင်းစိန်၊ ကမာရွတ်၊ သမိုင်း သုံးမြို့နယ်၏ သံဃပါရိသုဒ္ဓိဝိနည်းမိုရ် တာဝန်ယူ ဆောင်ရွက်ပေးရခြင်းစသောသာသနာရေးကိစ္စအများ ဆောင်ရွက်ခဲ့ရတယ်၊ ထိုအချိန်များတွင် ရံခါဆောင်းပါးရေးပါတယ်။

မြန်မာပြည်မြေပေါ်တွင် ဒုတိယကမ္ဘာစစ်ကြီး ပြီးသွားချိန်မှစ၍ မိမိကိုတင်ကြံရွယ်သတ်မှတ်ထားပြီးဖြစ်သော တောင်တန်းနယ်အများသို့ သာသနာပြုရန် မနေမနား တွင်တွင်ကြီးတစ်ပါးတည်း ခရီးထွက်တယ်၊ ချင်းတောင်၊ နာဂတောင်၊ ကချင်တောင်တန်းနယ်အနှံ့အပြင် ကယားပြည်နယ် တောင်တန်းများသို့လည်း အတော်နှံ့အောင် ခရီးထွက်ခဲ့တယ်။

## ဥရောပတိုက်သို့ မေတ္တာခရီး

ဤအရှင်သည် မြန်မာနိုင်ငံနှင့် နယ်ချင်းစပ်လျက်ရှိကြသော အိန္ဒိယနိုင်ငံတွင်းရှိ မဏိပူရပြည်၊ အာသံပြည်ဘက်သို့ ကစ်ကြိမ်မကာ သာသနာပြု ခရီးထွက်ခဲ့ဖူးလေပြီ။ သို့ရာတွင်

အနောက်နိုင်ငံများဖြစ်ကြသော ဥရောပစတဲ့ နိုင်ငံများသို့ ယခု တစ်ကြိမ်သာ ခရီးထွက်ရန်ဆုံးဖြတ်ခြင်းဖြစ်တယ်။

လွန်ခဲ့သော (၃)နှစ်ကျော်ကာလမှ ကြိုတင်၍ ဆွစ်ဇာလန် နိုင်ငံသို့ကြွရောက်၍ ဝါဆိုပါရန် မှာခနဒကာများက ပင့်ဖိတ်ခြင်း ပြုကြတယ်၊ အကြိမ်ကြိမ်ပင့်ဖန်များ၍ "အကြောင်းညီညွတ်သော အခါ လာခဲ့ပါမယ်" ဟူ၍ စကား ကတိပြုလိုက်ဖူးတယ်။

ထိုစကားကြောင့် 'မင်းမှာသစ္စာ၊ ပုဏ္ဏားမှာကတိ' ဆိုရိုးစကား အတိုင်း ပြုထားသော စကားကတိအရ၊ ထပ်ကာရောက်လာနေ သော ပင့်ဖိတ်စာများကြောင့် ယခုနှစ်တွင် ဥရောပတိုက်သွား၍ ဆွစ်ဇာလန်နိုင်ငံ၌ ဝါဆိုရန် အခြေအနေက အချိန်ပေးလာ ခဲ့တယ်။

မန္တလေးမြို့မှ ဆရာတော်များနှင့် ရွှေဘိုနယ်မှ သက်ရှယ် ကြီး ဆရာတော်ကြီးများက ထောက်ခံကြတယ်၊ ဤအရှင်အား အမှန်သွားသင့်ကြောင်း၊ ကျေးဇူးရှိနိုင်ကြောင်း၊ ခရီးရောက်နိုင် ကြောင်း စကားတို့ဖြင့် တိုက်တွန်းတော်မူကြပါတယ်။

"ဆရာတော် အနောက်နိုင်ငံတွေဆီကြွရောက်ပြီး အဓိက ရည်ရွယ်ချက်က ဘာလုပ်မှာလဲ" ဟူ၍ မေးသောဆရာတော် များ ပါ၏။ "တတိယကမ္ဘာစစ်ကြီး မဖြစ်ရအောင် မေတ္တာဘာဝနာတွင် ဖြန့်ပွားပြီးတားဆီးပေးရန် အဓိကလုပ်ငန်း ဖြစ်ပါတယ်ဘုရား" ဟူ၍ ခပ်ကြွားကြွား ဖြေထားခဲ့တယ်။

အမှန်မှာ အနောက်နိုင်ငံများသို့ ကိုယ်တိုင်သွားရောက် ဝါဆိုနေထိုင်ရန်ကြံရွယ်ချက် မူသေမရှိခင်ကပင် လူ့လောက၌ တတိယကမ္ဘာစစ်ကြီးဖြစ်ပေါ်လာခြင်းမရှိစေရန် ကမ္ဘာ့ရှေ့ဆောင် နိုင်ငံကြီးများဆီ အဝေးမှလှမ်း၍ မေတ္တာပို့လွှတ်နေခဲ့ပြီးဖြစ်တယ်။ ယင်းသို့ တားဆီးပေးလာနေခဲ့သည်မှာ နှစ်ပေါင်း(၂၀)ကျော် ခဲ့ပြီဖြစ်တယ်။

လူ့လောကကြီးတစ်ခွင်လုံး ဆင်းရဲဒုက္ခမရောက်ကြစေရန်၊ မိမိ၏ဝါသနာနှင့် ကရုဏာ စေတနာအရ ကြိုတင်မေတ္တာဖြန့်ပွား

ပို့လွှတ်နေခဲ့ခြင်းဖြစ်ရာ "မိမိ၏ မေတ္တာကရုဏာ စိတ္တုပ္ပါဒ် စွမ်းအင်ကြောင့် ကြောက်မက်ဖွယ်ရာ ကမ္ဘာစစ်ကြီး၊ မလိုအပ်သော ဒေါသမီးကြီး၊ မာနမီးကြီးတွေ အပြီးတိုင် အလိုလို ငြိမ်းအေးသွားစေရမယ်"ဟူ၍လည်းသံသယမရှိ၊ ယုံကြည်ထားပြီး ဖြစ်တယ်။

အဆိုပါနိုင်ငံများ၌ ဤ အရှင်နေထိုင်စဉ် တရားဟောကြားပေးခြင်း၊ သိလိုရာ မေးလျှောက်သူရှိလျှင် ပြန်လည်ဖြေကြား၍ စကားဆွေးနွေးခြင်းလည်းပြုခဲ့မယ်၊ ဘေးကင်း၊ ရန်ကင်းဖြစ်ကြစေရန် မေတ္တာဖြန့်ပွားပေးခြင်း၊ ပရိတ်ရွတ်ပေးခြင်းလဲပြုခဲ့ပါဦးမယ်၊ ဤကား အဓိကရည်ရွယ်ထားချက်များ ဖြစ်ပါတယ်။

နတ်၊ လူ၊ သတ္တဝါ အားလုံး၊ ဘေးရန်၊ ကြောင့်ကြ၊ ဆင်းရဲကင်း၍ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာစွာဖြင့် ချမ်းသာကြပါစေ....။

ဆရာတော်ဦးဥတ္တမသာရ
နယ်ခြားတောင်တန်း
(ခေတ္တ)ရန်ကုန်၊ ကမာရွတ်(၆)မိုင်ခွဲ။

၁၃၄၉-ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၂-ရက်။
(၁၉၊ ၃၊ ၁၉၈၈။)

ဓမ္မာစရိယဦးဖြေးလှိုင်

# ရှေးဦးအမှာစကား

"သူများမကြိုက်တဲ့နေရာ ငါယူမည်၊ သူများမလုပ်လိုတဲ့ တာဝန် ငါထမ်းမည်" ဟူသော အာသာသုညစိတ်ထားဖြင့် ဆရာတော် အရှင်ဦးဥတ္တမသာရသည် ပဋ္ဌာန်းငယ် ဘဝကပင် ဗုဒ္ဓသာသနာမထွန်းကားသေးသော တောင်တန်းဒေသများသို့ သာသနာပြု ကြွတော်မူခဲ့သည်။

## နှစ်ပေါင်း ၅၀-ကျော် သာသနာပြုခရီးကြမ်း

အင်္ဂလိပ်များ အုပ်စိုးစဉ်က တောင်တန်းဒေသသို့ ဗုဒ္ဓဘာသာ ဘုန်းကြီးများအား သွားရောက်ခွင့်မပြု။ တွေ့ရှိလျှင် ဖမ်းဆီး၍ ထောင်ချသည်။ ထိုအချိန်ကပင် တစ်ဖက်က စာသင်ရင်း၊ တစ်ဖက်က သာသနာပြု ခရီးထွက်လေ့ရှိသည်။ ဗုဒ္ဓဘာသာ မြန်မာပြည်၌ လူဖြစ်ကြရပါလျက် ဗုဒ္ဓတရားတော်များကိုသိခွင့်မရရှာကြသော တောင်တန်းသားများအပေါ် သနားကြင်နာတော်မူသည့်အလျောက် ချင်း၊ ကချင်၊ နာဂတောင်တန်းများ၌ နှစ်ပေါင်း ၅၀-ကျော် လှည့်လည် သာသနာပြုတော်မူခဲ့၏။ ယခု သက်တော် ၇၈၊ သိက္ခာဝါတော် ၅၉-ဝါရှိတော်မူလေပြီ။

စစ်တကောင်းတောင်တန်း တစ်ဝှမ်း၊ ဗိုလ်မင်းထောင်၊ သက်ယောင်၊ ဖလန်ထောင်စသော ရခိုင်၊ မရမာကြီး စသော လူမျိုးစုများ နေထိုင်ရာဒေသ၊ ယခုအခါ ဘင်္ဂလားဒေ့ရှ်၌ပါဝင်သော ဒေသအချို့နှင့် အရှေ့မြောက် အိန္ဒိယပြည်နယ်အဝင်အပါ မဏိပူရ၊ အာသံပြည်များသို့လည်း အကြိမ်ကြိမ် ကြွရောက်၍

သာသနာပြုတော်မူခဲ့၏။အိန္ဒိယပြည်မှ ဗုဒ္ဓဂယာစသော သာသနာ့ သမိုင်းဝင်ဌာနများသို့လည်း လ-ပေါင်းများစွာ သုတေသန, ဗုဒ္ဓဝန္ဒနာ ဒေသစာရီ လှည့်တော်မူခဲ့သည်။

ဆရာတော်သည် တစ်တောင်ဆင်း, တစ်တောင်တက်၊ တစ်ကောထွက်, တစ်တောဝင်၊ တစ်နေဝင် တစ်ရွာအိပ် လှည့်လည်နေခဲ့ရာ ဆရာတော်၏ သွေးသားနှင့် ငှက်ဖျားရောဂါသည် သဟဇာတဖြစ်နေခဲ့လေပြီ။ရံခါ ခရီးသွားရင်း ငှက်ဖျားတက်လျှင် သစ်ပင်ကြီးတစ်ပင်ပင်၊ ကျောက်တုံးကြီးတစ်ခုခုကို မှီထိုင်လျက် ဆေးပြားကလေးမျိုချ၊ ရေဗူးကလေး မော့သောက်၊ သင်္ကန်းကြီး ခေါင်းပုခြုံကာ တစ်အောင့်လောက် ထိုင်နေလိုက်ရ၏။ နေသာ ထိုင်သာရှိသွားလျှင် တောင်ဝှေးကိုအဖော်ပြုကာ ရှေ့သို့ခရီးဆက်ရပြန်၏။ တစ်နေ့တာ ဆွမ်းကိစ္စအတွက် ပြောင်းဖူးတစ်ဖူး၊ ကန်ဇွန်းဥတစ်ဥနှင့် ပြီးခဲ့ရသောရက်တွေလည်း မရေတွက်နိုင်တော့ပြီ။ အလုပ်များနေ၍ နှယ်အတော်ကြာကြာ မြေပြန့်သို့မဆင်းနိုင်သော အခါ သင်္ကန်းဝတ်စရာ အပိုပင်မရှိတော့ချေ။ ထိုအခါ ခြင်ထောင် အဟောင်းများကို လှီးဖြတ်ချုပ်စပ်ကာ . သစ်ခေါက်ဆိုး၍ ဝတ်ရုံရလေသည်။

## သာသနာပြုသမိုင်းမှတ်တိုင်ထူထားပြီး

လွန်ခဲ့သော အနှစ် ၃၀-ခန့်ကမှစ၍ ချင်းတောင် ဖလမ်းမြို့ အနီး ခန္တိန်တောင်ကြီး၌ ဂေါ်ရခါးဒကာများ ဆောက်လှူသော တောရသင်္ခမ်းကျောင်းကလေး၌ အထိုင်ချတော်မူခဲ့၏။ ဆဋ္ဌသင်္ဂါယနာတင်စဉ်က ဩဝါဒါစရိယတာဝန်အရ ကြွလာဖူးသေး၏။ အစောပိုင်းက နှစ်ပေါင်း ၂၀-လောက်ကြာမှ မြေပြန့်သို့ တစ်ခေါက်လောက်သာ ရောက်လေ့ရှိသည်။

ဆရာတော်သည် အလောင်းတော်ကြီးများ၏ ထုံးကို နှလုံးပြုကာ မည်သူ့ကာတ်ဦးတစ်ယောက်ထံမှပင် အလှူခံခြင်းမရှိဘဲ

ရသမျှနှင့် ပြောဆိုဆုံးမတော်မူခဲ့၏။ သို့သော အလောင်းတော်ကြီးများကဲ့သို့ တရားအောင်မြင်ပျံ့ ချီးပြုံးကာ နေတော်မမူရ၊ ကျောင်းဆရာလုပ်သည့်အခါ လုပ်ရ၏။ တောင်ပေါ်သားတိုင်းရင်းပျိုးရေး၊ ကျန်းမာရေး၊ လူမှုရေးပါမကျန် အတိုင်ပင်ခံ နည်းညွှန်လမ်းပြကြီးအဖြစ် ကိုယ်တိုင်ကိုယ်ကျ သုံးလေးကိုယ်ခွဲကာ ကျရာအခန်းတွင် မနားတမ်း သရုပ်ဆောင်တော်မူခဲ့ရပါ၏။ ဤသို့ စေ့စေ့အောင်ပင် မညည်းသာပါ။

ဆရာတော်၏ နှစ် ၅၀-ခရီး လုပ်ဆောင် အောင်မြင်မှုသမိုင်းကို မှတ်တိုင်အဖြစ် ရှေးခေတ်- သတင်းစာများနှင့် တိုးတက်ရေး၊ သူရိယမဂ္ဂဇင်းများ၊ သာသနာ့ရောင်ခြည်၊ သာသနာ့အလင်းနှင့် ဤခေတ်— ဓမ္မဗျူဟာစာစောင်၊ စိန်မြစာပေထုတ် 'ကိုယ်တွေ့မှတ်တမ်းများ'၊ စာပေဗိမာန်ထုတ် 'အလင်းဆောင်သူများ အတွေ့အကြုံ' နှင့် အမျိုးသားစာပေဆုရ 'ရိုးမတောင်ကြီးသာဖို့လိုက်ချင်တော့'၊ ဟံသာဝတီတိုက်ထုတ် 'ရဟန်းဘဝချမ်းသာ၊ တောင်တန်းတရား၊ ချင်းရာဇဝင်'၊ ဗုဒ္ဓဓမ္မလောကတိုက်ထုတ် 'မေတ္တာစွမ်းအား' စသော စာအုပ်များဖြင့် အတန်အသင့် ခန့်မှန်းနိုင်ကြပါသည်။

သို့ရာတွင် လောကတ္ထစရိယာ၊ ဉာတတ္ထစရိယာ၊ ဗုဒ္ဓတ္ထစရိယာဟူသော အလောင်းတော်ကြီးများ၏ ရည်မှန်းချက် ပန်းတိုင်သုံးမျိုးတွင် ယေဘုယျအားဖြင့် လူများစုမြင်သာသော အပြင်ပန်း ပုံကြမ်းသဘောမျှကိုသာ အဆိုပါစာအုပ်များ၌ ရေးပြနိုင်ပါမည်။ စရိယာသုံးပါး၏ အတွင်းသားအနှစ်သာရကိုမူ ပြည့်ဝစွာ ဖော်ပြခွင့်ရခဲ့မည်မဟုတ်ပါ။ ထုတ်ဖော် ဝေငှသော်လည်း အနှစ်သာရချည်း စားသုံးရန်မှာ လူတိုင်းအဖို့ မလွယ်ကူလှပါ။ အချိန်ယူရပါအံ့သည်။လစဉ်ထုတ်စာစောင်များဖြစ်၍လည်း ပြည့်စုံအောင် ဖော်ပြရန် နေ့ရာမပေးနိုင်ကြပါ။

## အနှစ်သာရ ဓမ္မစွမ်းအင် မော်ကွန်းတင်

ဤယနေ့ကား အနှစ်သာရပိုင်းကို တောင်းဆိုလာနေကြပြီဖြစ်၏။ တန်သလောက် လက်တွေ့ခံစားနိုင်သူများလည်း ရှိလာနေကြလေပြီ။ အချိန်ကျပြီဟု ဆိုရမည်ထင်ပါ၏။ သို့သော် ပေါ့ပါးလွယ်ကူစွာ ခံယူနိုင်မည့်နည်းလမ်းကိုမူ ကျင့်သုံးရပါဦးမည်။ ထို့မှတစ်ပါး အချိန်အခါနှင့် အခြေအနေက မပေးသေးသဖြင့် ယေဘုယျလူများစုနှင့်သာ သင့်လျော်မည့် အနှစ်သာရများကိုသာ ဦးစားပေးထုတ်ဖော်ရပါ၏။

စာရေးသူသည် ဆရာတော်၏ စာဖတ်ပရိသတ် တစ်ဦးပင်ဖြစ်ရာ မဖူးတွေ့ရခင်ကပင် အများနည်းတူ ကြည်ညိုလေးစားလျက်ရှိခဲ့ပါသည်။ ကံအားလျော်စွာ လွန်ခဲ့သော ၈-နှစ်လောက်မှစ၍ မြေပြန့်သို့ ၃-နှစ် တစ်ကြိမ်လောက် ကြွလာတတ်သည်ဟု သိရှိရပါသည်။ ကြွလာတိုင်း ရန်ကုန်၌ တစ်ပတ်နေ့သီတင်းသုံးကာ သုံးကြိမ်လောက် ညတရားပွဲ ချီးမြှောက် တတ်ပါသည်။ စာရေးသူ ဖူးတွေ့ရသည်မှာကား ၄-နှစ်တာမျှသာ ရှိပါသေးသည်။ သို့ရာတွင် မဖူးတွေ့ရမီကပင် ဆရာတော်ကြီး စာကို စာရေးသူ မြတ်နိုးသကဲ့သို့ ဆရာတော်ကြီးကလည်း စာရေးသူထံ စာပေရေးသားမှုနှင့်စပ်၍ ချီးကျူး အားပေးစာများဖြင့် ချီးမြှောက်ပါသည်။

## ပရိတ်မေတ္တာ ဒေသစာဖြန့်ချိ

ဤမှာဘက်နှစ်ပိုင်းတွင် ဆရာတော်ကြီး မြေပြန့်သို့ အကြွစိတ်လာသည်မှာ အကြောင်းမဲ့ မဟုတ်ပါ။ ဆရာတော်ကြီး စာများကို ဖတ်ရှုရပြီး ဆရာတော်ကြီး၏ သီလ, သမာဓိ, ပညာ အစွမ်းများကို သိရှိနေကြသူများက (အထူးသဖြင့် သီတင်းသုံးဖော် ဆရာတော်များက) ပင့်ဖိတ်သဖြင့် ကြွတော်မူလာခြင်း ဖြစ်ပါသည်။ တစ်နည်းအားဖြင့် ဆိုရသော် မီးဘေး၊ ရေဘေး၊ မုန်တိုင်းဘေး၊ မိုးခေါင်ဘေး၊ ဝမ်းရောဂါဘေး စသည်များ

အတွက် ပရိတ်မေတ္တာ ဒေသစာခရီး ကြွရောက်ပါရန် အနယ်နယ် အရပ်ရပ် ဒကာ်းတော်ကြီးများက အကူအညီတောင်းမံ ပင့်လျှောက် ကြသောကြောင့် ဖြစ်ကြောင်း သိရှိရပါသည်။

ဆရာတော်ကြီးသည် ပင့်စာများအရ ခရီးစဉ်ရေးဆွဲလျက် ချပ်းတွင်း, ရောဝက်မြင့်စဉ်တစ်လျှောက် ဖြစ်ဝကျွန်းပေါ်မြို့များ၊ ထိုကမှ ရေး၊ မြိတ်၊ ထားဝယ်၊ ထိုကမှ မုဒုံ၊ မော်လမြိုင်၊ သထုံ၊ ထိုကမှ ရန်ကုန်သို့ကြွလာခြင်းဖြစ်၏။ ယခုနှစ်တွင် ရန်ကုန်မြို့ ရပ်ကွက် တော်တော်များများသို့ ကြွရောက်ကာ အထူးသဖြင့် မိးဘေး အန္တရာယ်အတွက် ပရိတ် အကာအကွယ်များ ပြုလုပ် ချီးမြှင့်တော်မူပါသည်။ ပရိတ်မရွတ်မီ အနည်းဆုံး ၃-နာရီခန့် ညတရားဟောကြားချီးမြှင့်ပါသည်။

## ဥရောပသို့ မေတ္တာခရီး

ဤနှစ် ဆရာတော်ကြီး ရန်ကုန် ကြွလာရာ၌ ရန်ကုန်သူ ရန်ကုန်သားတို့ အထူး အခွင့် အရေး ရရှိခြင်း ဖြစ်ပါသည်။ အကြောင်းကိစ္စတစ်ခုအတွက် ၂-လခန့် ရန်ကုန်မှာ သီတင်းသုံးနေ ရသဖြင့် ဖေဖော်ဝါရီ တစ်လလုံး တရားနာခွင့် ရကြပါသည်။ ယင်းအကြောင်းကိစ္စတစ်ခုကား အခြားမဟုတ်၊ လာမည့်ဝါတွင်း ကာလအမီ ဆွစ်ဇာလန်နိုင်ငံသို့ မေတ္တာဒေသစာရီ ချီးမြှင့်ပါရန် ဒေါ်အေးမြမြဝင်း အမှူးရှိသော ဆွစ်ဇာလန်ရှိ ဗုဒ္ဓဘာသာဝင် များက အကြိမ်ကြိမ်ပင့်လျှောက်သောကြောင့်ဖြစ်၏။ ထိုအတွက် ဗီဇာ, ပါ့စ်ပို့ကိစ္စများကို ဆိုင်းငံ့နေတော်မူရခြင်း ဖြစ်ပါသည်။ ထို့ကြောင့် ရန်ကုန်ရှိ ဒကာ ဒကာမများ မမျှော်လင့်ဘဲ အခွင့် ကောင်းရရှိလိုက်ခြင်း ဖြစ်ပါသည်။

## လူမျိုး ဘာသာ မရွေး တရားနာကြ

အမှန်ကိုဝန်ခံရသော် စာရေးသူသည် တရားဟောပြောပွဲ များသို့ ရောက်ခဲလှပါသည်။ ဆရာတော်ကြီး၏တရားပွဲများတွင်မူ

စာရေးသူ ရွှေဆုံးက ရောက်နေတော်ပါသည်။ တရားပွဲတိုင်းမှာ တရားနာပရိသတ်များ အမြဲတစ်ထောင်ကျော် ရှိသည်ကိုတွေ့ရ၍ ၇-မိုင် ၈-မိုင်ခရီးကို ကားအခက်အခဲကြောင့် ခြေလျင်လိုက်သူများကိုပင် တွေ့ရ၏။ ပရိတ်ရွတ်ပြီးသောအခါ ဌာနတိုင်းလောက်နီးနီး ပရိတ်ရေ, ပရိတ်ဆီများ ဆူဝေနေသည်ကို အများပင်တွေ့မြင်ရ၏။ ရန်ကုန်မြို့တွင် ရပ်ကွက် တော်တော်များများ၌ ပရိတ်ရွတ်ပြီးသည့်အချိန်မှစ၍ မီးသတ်ကားခေါင်းလောင်းသံပင် မကြားရသလောက်ဖြစ်သွား၏။ မီးသတ်စာပ်ဖွဲ့ တာဝန်ရှိသူများ အဆိုအရ အနည်းအကျဉ်း မီးလောင်မှု ဖြစ်ပွားသော်လည်း ခါတိုင်းနှစ်များကဲ့သို့ ကြီးမားစွာ ပျက်စီးခြင်းမရှိ။ ငြိမ်းသတ်လိုနိုင်ကြောင်း ပြောဆိုကြလေသည်။ ရပ်ကွက်စေ့အောင် စနစ်တကျ ရွတ်ဖတ်စေရသော် ပို၍ စိတ်ချရသော အခြေအနေရှိလာမည်ဟု ယုံကြည်ကြောင်း ပြောဆိုနေကြ၏။

တရားပွဲတိုင်း၌ ဆရာတော်ကြီးပြောလေ့ရှိသော စကားတစ်ခွန်းရှိ၏။ "ဘုန်းကြီးက.... ဓမ္မကထိကလဲ မဟုတ်ပါဘူး။ နယ်လှည့်ပြီးအပူဇော်ခံကြွလာခြင်းလဲ မဟုတ်ပါဘူး။" သို့ရာတွင် ဆရာတော်ကြီး တရားပွဲတိုင်းမှာ....ပရိသတ်များ များပြားလှပါသည်။ မိတ္ထီလာမြို့၌ ဟောရာတွင် တရားနာသူများက ထပ်၍ထပ်၍ ရက်တိုးလျှောက်ကြသဖြင့် ၄-၅ ညပင်ဆက်၍ ဟောရသည်ဟု ဆိုပါသည်။ ပို၍အံ့ဖွယ်ကောင်းသည်မှာ မိတ္ထီလာ တရားပွဲတွင် ဆရာတော် သံဃာတော်များက စာဝါများကိုပင် ရပ်နားပြီး ကျောင်းလုံးကျွတ် တရားနာလာကြရာ ခဲတစ်ပစ်လောက်၊ တစ်ခေါ်လောက် ကျယ်ဝန်းသည့် ဓမ္မာရုံကြီးပင် ပြည့်လျှံသွားသည်ဟု မျက်မြင်ကိုယ်တွေ့ တစ်ဦးက ပြောပြ၍ မှတ်သားရပါသည်။

ထိုတရားပွဲ၌ ပို၍ ထူးခြားသည်မှာ— ပန်ချာပီကုလားအများ အုပ်နှင့်ချီ၍ တရားနာလာကြရာ ဓမ္မာရုံကြီး၌ မဆံ့

တော့၍ ဓမ္မာရုံအနီးရှိ စေတီရင်ပြင်၌ နေရာချထားပေးရကြောင်း၊ တစ်ဖန်....မူဆလင်ကုလားများအုပ်နှင့်ချီပြီး ရောက်လာကြပြန်ရာ ယိုစေတီရင်ပြင်မှာပင် နေရာပေးကြရသည်ဟု ပြောပြသည်ကို မှတ်သားရပါသည်။

ဆရာတော်ကြီး ညွှန်ပြနည်းပေးသော တရားတော်များမှာ ဗုဒ္ဓဘာသာဝင်တို့ အတွက်သာမဟုတ်၊ လူမျိုး ဘာသာ မရွေး၊ ကလေးလူကြီးမဟူ၊ နာယူ၍ နားလည်နိုင်သော လူသားတိုင်းအတွက် လက်ငင်း အကျိုးပြုသော ဘဝနေနည်းများ ဖြစ်ကြောင်း လက်တွေ့ဖြစ်နေကြသောကြောင့် ယခုကဲ့သို့ လူမျိုး ဘာသာမရွေး လာရောက်နာယူခြင်း ဖြစ်ကြောင်း ထင်ရှားပါသည်။ ရန်ကုန် တရားပွဲတစ်ခု၌ တရားဟောအပြီး ခရစ်ယာန် ဘာသာဝင် မိသားစုအလိုက် လာရောက်၍ ကျေးဇူးတင်စကား လျှောက်ထားသည်ကိုပင် စာရေးသူ ကိုယ်တိုင် တွေ့မြင်ခဲ့ရပါ၏။

## မည်သူမျှ မူပိုင်လုပ်မထားသော ဗုဒ္ဓသွန်သင်ချက်

ဆရာတော်ကြီး လမ်းညွှန်နည်းပေးသော 'လက်တွေ့ချမ်းမြေ့စွာ ဘဝနေနည်း'အရ နေ့စဉ်ကြုံတွေ့နေကြရသော ရာထူး အာဏာ, စီးပွားရေး, လူမှုရေး အရပ်ရပ်နှင့်စပ်၍ အပြိုင်အဆိုင်၊ အနိုင်အရှုံး၊ မဆုံးနိုင်သော လူမှုပြဿနာအရပ်ရပ်အတွက် လက်တွေ့အောင်မြင်နည်းများကား အလွန်အံ့ဩလောက်အောင် လွယ်ကူလှ၏။ တရုတ် ကုလား မြန်မာ လူမျိုးမရွေး ဘာသာမရွေး လက်တွေ့အသုံးပြုလျက်၊ အောင်မြင်လျက်ရှိနေကြ၏။

လွယ်ကူသော မေတ္တာနည်းဖြင့် ပြဿနာမျိုးစုံ ကျော်လွှားကြရသကဲ့သို့ ပရိတ်မေတ္တာကြောင့် ရောဂါမျိုးစုံ ချမ်းသာရကြသည်မှာလည်း အထင်အရှားပင်။ ယုံယုံကြည်ကြည်နှင့် ပရိတ်ရေကို သုံးစွဲကြရာ၌လည်း လူမျိုးဘာသာမရွေး ချမ်းသာမှုရနေကြပါသည်။ ဆရာဝန်ကြီးများအား မျက်လှည့်ပြသကဲ့သို့ ခေတ်မှန်၌ အမှန်တကယ် ပေါ်ပြလျက်ရှိခဲ့သော ကင်ဆာရောဂါသည် ရက်

တစ်ပတ် နှစ်ပတ်အတွင်းမှာပင် အစရှာလို့မရအောင် ပျောက်ကွယ်သွားပုံမှာလည်း ကာယကံရှင်တို့ ကိုယ်တွေ့ပင်ဖြစ်သည်။

ထိုအချက်များကပင် ဗုဒ္ဓ၏ သွန်သင်ချက် များသည် အများနားလည်ထားကြသကဲ့သို့ ဘာသာဝါဒတစ်ခု(Religion) မဟုတ်ကြောင်း၊ သိပ္ပံနည်းကျ၍ ကြောင်းကျိုး သဘာဝဆီလျော်သော ဘဝနေနည်းဖြစ်ကြောင်း ထင်ရှားစေလေသည်။ ထို့ကြောင့်လည်း ထိုသည့်ကြောင်းကျိုး သဘာဝမမှုကြီးကား ဗုဒ္ဓဘာသာဝင် အမည်ခံသူတို့သာ ပိုင်ဆိုင်သောတရားမဟုတ်။ မည်သည့်လူမျိုး မည်သည့်ဘာသာဝင်တို့ကမှလည်း 'မူပိုင်'လုပ်ထား၍ ရစကောင်းသောအရာမဟုတ်ကြောင်း ကမ္ဘာနှင့်အဝန်း တစ်စတစ်စ သိမြင်လာကြခြင်းဖြစ်ပါသည်။

## ကမ္ဘာ့ခေါင်းဆောင်ကြီးတွေသာ ဒီနည်းသိကြလျှင်

တရားပွဲပြီး၍ ပြန်လာကြရာတွင် ပရိသတ်များ၏စိတ်မှာ အားတက်ရွှင်လန်းနေသည်ကို တွေ့မြင်ရသည်။ ထိုထိုပါဠိတော်တို့၌ မြတ်စွာဘုရားရှင်၏ တရားနာကြားရသူမှန်သမျှ 'သမုတ္တေဇေသိ-ထက်မြက်လာစေ၏။ သမ္ပဟံ သေတိ-လန်းဆန်းရွှင်မြူးလာစေ၏' ဟူသကဲ့သို့ ဖြစ်သည်။ တရားပွဲမှပြန်လာသူများ မိမိတို့သဘောပေါက်သလို ပြောဆိုဝေဖန်၍လည်း နေတတ်ကြသည်။ 'ဆရာတော်ကြီး စကားတွေက ရဲတင်းလိုက်တာဗျာ၊ ပညာရှိစကားမိုးကြိုးသွားပဲ'ဟု ထင်မြင်ချက် ပေးသူကပေးသည်။

ထိုအထဲ မိတ်ဆွေတစ်စု၏ ဝေဖန်ပြောဆိုနေသောစကားမှာ အလွန်မှတ်သားလောက်ပေ၏။ ကျယ်ကျယ်ပြန့်ပြန့် သဘောပေါက်ကြသည့်အတွက်လည်း ဝမ်းမြောက်ရပါ၏။

> "ဆရာတော်ကြီး ဟောပြတဲ့ အခက်အခဲ ကျော်လွှန်နည်း၊ အေးချမ်းစွာ ပြဿနာဖြေရှင်းနည်းတွေက လွယ်ကူလိုက်တာဗျာ ဘာမှ မခက်ဘူး။ အလွန်အားကျစရာ၊ အားကိုးစရာလဲကောင်းတယ်။ဒီနည်းကောင်းတွေ လူတိုင်း

သိကြယင် ကောင်းမှာပဲ။ ကျွန်တော် တို့လို လူသာမန်တွေ မသိချင်နေပါစေဦးဗျာ။ တာဝန်ကြီးတွေ ယမ်းဆောင် နေကြရတဲ့ အသင်းအဖွဲ့ကြီးတွေရဲ့ ခေါင်းဆောင်တွေ၊ ရပ်ကွက်မြို့ရွာခေါင်းဆောင်တွေ၊ နိုင်ငံခေါင်းဆောင်တွေ ကမ္ဘာ့ခေါင်းဆောင်ကြီးတွေသာ သိရှိကြယင် သိပ်ကောင်း မှာပဲနော်....။

"နေ့မအား ညမအား ကြီးလေးတဲ့ တာဝန်ကြီးတွေ ထမ်းဆောင်တဲ့နေရာမှာ စိတ်လက်ပေါ့ပါးပြီး အမှား အယွင်းလဲနည်းလာမယ်။ ပြဿနာ ကိုင်တွယ်ကဲ့ နေရာမှာ လွယ်ကူချောမွေ့ပြီး ပိုပိုထိရောက်လာမှာ မကဲ့ဘူး။

"အသူးသဖြင့် တပိုင်ငံနှင့်တစ်နိုင်ငံ အရေးတကြီး ဆွေးနွေးဖို့၊ စာချုပ်ချုပ်ဆိုဖို့ သွားကြ လာကြရာမှာ၊ တွေ့ဆုံကြရာမှာ ဒီနည်းတွေကိုသာ သိပြီး အသုံးပြုကြမယ် ဆိုယင် နိုင်ငံတကာ၊ ကမ္ဘာအဝန်း ငြိမ်းချမ်းသာယာပြီး တိုးတက်လာမှာ သိပ်သေချာတယ်ဗျာ"

ကျောင်းတိုင်သင်တန်းဆင်းပွဲ ဩဝါဒတရား

နိုင်ငံတော် သံဃာမဟာနာယကအဖွဲ့ကြီး၏ လက်အောက်ရှိ ကမ္ဘာအေး ကျောင်းတိုင်ဘုန်းကြီးသင်တန်း ကျောင်းဆင်းပွဲတွင် လည်း ဆရာတော် တရားတစ်ညချီးမြှင့်ပါသည်။ ထိုပွဲမှာ ရဟန်း တော်များအား နည်းပေးညွှန်ပြသည့် တရားပွဲဖြစ်၍ ပို၍ ပွင့် လင်းပါသည်။ လက်တွေ့နည်းများကိုလည်း အထူး ထုတ်ဖော် ဟောကြားသွားသည်ကို တွေ့ကြုံရ၏။ သို့သော် ရုတ်တရက် လျှပ်စစ် မီး ချွတ်ယွင်းလာသဖြင့် အားမလိုအားမရဖြစ်ကြရသည်။

"ဒုတိယကမ္ဘာစစ်ကြီးပြီးခါက သာသနာ့စာဆွေးနွေးပွဲ လုပ်ကြတော့ ကျောင်းထိုင်ဘုန်းကြီးများသင်တန်း ရှိသင့် ကြောင်း ပထမဆုံး အကြံပြုပြီး စီမံကိန်းအကျဉ်း ရေးဆွဲ တင်ပြသူဟာ တပည့်တော်ပဲ ဖြစ်ပါတယ်။ ဘုရားရှိခိုး

အမျိုးမျိုး စာအုပ်လောက်ကိုတောင် မတွေ့ဖူးတဲ့ ကျောင်းထိုင်ဘုန်းကြီးတွေ တွေ့ရဖူးသေးတယ်။

"ရှေးက အင်္ဂလိပ်တွေက ရေးကြတယ်။ဗမာဘုန်းကြီးတွေဟာ အလွန်သတ္တိကောင်းကြတယ်။ ဘယ်တက္ကသိုလ်ကမှ ဘွဲ့မယူဘဲနှင့် ပညာတွေလဲ အများကြီး တတ်ကြတယ်လို့ ချီးကျူးကြတယ်၊ ဒါ.... သူတို့ သိသလောက်ပြောကြတာပဲ။ အမှန်အတိုင်းပြောယင် တပည့်တော်တို့အရှင်ဘုရားတို့မှာ ဒီလောကကြီးကို ဘေးအန္တရာယ်တွေက ကင်းရှင်းအောင်၊ သာယာဝပြောအောင် လုပ်ပေးလို့ ညွှန်ပြပေးလို့ရတဲ့ နည်းကောင်းတွေ သူတို့မသိတာအများကြီး ရှိသေးတယ်။"

## မှန်တိုင်းတားနည်းမှ အဘိညာဉ်ခရီးသို့

ဆရာတော်ကြီး ထိုညတရားပွဲ၌ လက်တွေ့ မီးဘေးအန္တရာယ်ကာကွယ်ပုံ၊ ကပ်ရောဂါကြီးများ တားဆီးပုံ၊ မိုးရွာအောင် လုပ်ပေးပုံ၊ အထူးသဖြင့် သဘာဝအန္တရာယ်ခေါ်သော မုန်တိုင်းကြီးများကိုပင် လိုရာရွှေ့ယူခြင်း၊ တားဆီးခြင်း၊ မိုးရေအဖြစ် ဖြိုခွင်းပစ်ခြင်း စသည်ဖြင့် လုပ်၍ရကြောင်း၊ ယုတ်စွအဆုံး ကျောင်းကန်များ ဆောက်လုပ်စ တန်းလန်း မပြီးနိုင်ရှိနေလျှင်ပင် တရားအင်အားကို အသုံးပြုတတ်ပါမူ အလွန်လွယ်ကူလှကြောင်း ဟောကြားညွှန်ပြသွား၏။

ထို့ပြင် တစ်ခါက တောရ ဘုန်းကြီးကျောင်းမှ ပစ္စည်းများခိုးယူသွားသော သူခိုးများ ရုတ်တရက် မနေနိုင်၊ မထိုင်နိုင်ပူလောင်လှုပ်ရှားလာ၍ ပစ္စည်းများ ပြန်လာထားကြရကြောင်း၊ ထိုတောရ ဘုန်းတော်ကြီး တေဇောကသိုဏ်း၊ ဝါယောကသိုဏ်းများစင်စားပုံ၊ ကသိုဏ်းထူထောင်ပုံ၊ အာနာပါန အလင်းနိမိတ်မှ ဈာန်အဘိညာဉ်တက်ပုံများကိုလည်း အမြွက်မျှ နည်းပေး ဟောကြားတော်မူခဲ့သည်။ (အာနာပါနအလင်းရောင်ကြီး

ထူးခြားစွာ ထွက်ပေါ်လာပုံကို ဤစာအုပ် သမထ ဝိပဿနာ အခန်းမှာ ကြည့်ပါ။)

ဆရာတော်ကြီးက. ဘဝတူ ရဟန်းတော်များ အားကျလာစေရန် ရည်သန် နည်းညွှန် ပြသော်လည်း စာပေ ပရိယတ္တိကိုလည်း နှံ့စပ်အောင် မလေ့လာရသေး၊ လက်တွေ့ စိတ်အလုပ်ခွင်သို့လည်း မဝင်ဖူးသေးသောလူငယ်၊ ရဟန်းငယ်များ အဖို့ကား အားကျရန်ကို ပဆိုထားဘိ၊ ယုံကြည်ရန်ပင် အချိန်ပေးရပေလိမ့်ဦးမည်။

## ဝလုတ်နှိပ်ပေးရန် မလိုသော ဓမ္မစွမ်းအား

ဆရာတော်ကြီး အမိန့်ရှိသော အာနာပါန အလင်းရောင် နိမိတ်ထွက်ပုံနှင့် စပ်၍ ကျေးဇူးရှင် လယ်တီ ဆရာတော်ဘုရားကြီး၏ စကားတစ်ခွန်းကို သတိရဘွယ် ရှိပေ၏။ တစ်ချိန်က လယ်တီဆရာတော်ဘုရားကြီး ပျဉ်းမနားမြို့ အင်ကြင်းမြိုင်တောရ၌ သီတင်းသုံးတော်မူစဉ် ဆည်ကြီး တောရ ဆရာတော် လောင်းလျာဖြစ်သူ တပည့်ယောဂီ ဦးပဉ္စင်း ဦးဇဝနအား ဤသို့ အမိန့်ရှိတော်မူဖူး၏။

"မောင်ဇဝန၊ တို့များကွယ်....ဒီအာနာပါနကို လမ်းကုန်အောင် ဖမ်းနေတာ၊ နှာခေါင်းပေါက် နှစ်ဖက်က လွှတ်လိုက်တဲ့ အလင်းဓာတ်ဟာ ကမ္ဘာလောကဓာတ်ကြီး တစ်ခုလုံးကို ဆုံးအောင် လွှမ်းလို့ရတယ်ကွယ့်၊ ဒါပေမယ့် ခက်တာက·ဖြန့်ထားတဲ့အလင်းကိုပြန်ပြီးချုံ့ယူလိုက်တော့ စည်းစည်းလုံးလုံးနှင့်ကြည်ပြီးမလာဘူး။ အကွက်အကွက်နဲ့ ဆန်ကွဲကြဲနေသေးတယ်ကွ။

"ဒါကိုသာ နိုင်နင်းပြင်ကွယ်....ကမ္ဘာလောကဓာတ်ကြီး တစ်ခုလုံးကို နိုင်နင်းတော့တာပဲ။ ကိုယ်လုပ်ချင်သလို လုပ်လို့ရသွားပြီ"

တစ်ဖန်....တန်ခိုးသုံးမျိုးတွင် တစ်မျိုးအပါအဝင်ဖြစ်သော အနုသာသနီ ပါဋိဟာရိယ၊တစ်နည်းအားဖြင့် သီလသမာဓိပညာ တန်ခိုးနှင့်စပ်၍ အားကိုးလောက်သော အင်အားသတ္တိရှိပုံကို လူတိုင်း ယုံကြည်ရန်ခက်ခဲ၏။ အဘယ့်ကြောင့်ဆိုသော် အနုသာသနီ ပါဋိဟာရိယခေါ် သီလစသော တန်ခိုးများကား မြေလျှိုးမိုးပျံသော တန်ခိုးမျိုးမဟုတ်။ စိတ်ညွှတ်လိုက်သည်နှင့် (ခလုတ်မနှိပ်ရဘဲ) အလိုလိုပြီးစီးသောတန်ခိုးမျိုးဖြစ်သောကြောင့်တည်း။ ဤတန်ခိုးကမှ တကယ့်တန်ခိုးဖြစ်၍ ဤတန်ခိုးကိုသာ (ဝါ-သီလ၊ သမာဓိ၊ ပညာကိုသာ)အားကိုးကြရန် မြတ်စွာဘုရားရှင် အထူးမိန့်မှာတော်မူပါသည်။

"ဣဇ္ဈတိ ဘိက္ခဝေ သီလဝတော စေတော ပဏိဓိ၊ ဝိသုဒ္ဓတ္တာ"

"ရဟန်းတို့၊ သီလရှိသောသူအား စိတ်က တောင့်တတိုင်း ပြီးပြည့်စုံရ၏။ အဘယ့်ကြောင့်ဆိုသော် သီလရှိသူသည် စင်ကြယ်နေသူဖြစ်သောကြောင့်တည်း"ဤသို့လည်း မိန့်တော်မူလေ့ရှိပါသည်။ ဤ၌ နယ်ခြားတောင်တန်းသာသနာပြု ဆရာတော် အရှင်ဦးဥတ္တမသာရသည်လည်း ဤအချက်များ၌ အထူးသတိပြုတော်မူသည်ကို တွေ့ရပါသည်။

## ဒွန်းစဏ္ဍား ဥပါသကာအောက်ကလူများ

ဆရာတော်ကြီးဟောပြသော တရားပွဲတိုင်း၌ ၂-ည ၃-ည ဟောရလျှင် ကမ္မနိယာမကို ပထမဆုံးညမှာ ဟောပါသည်။တစ်ညတည်း ဟောရလျှင်လည်း ၃-နာရီဟောလျှင် ကမ္မနိယာမကို ၂-နာရီလောက် အချိန်ယူလေ့ရှိပါသည်။ လူတိုင်းလူတိုင်း ကိုယ့်ကံ၊ ကိုယ့်သီလကိုသာ စိတ်ဒုန်းဒုန်းချ အားကိုးနေထိုင်ကြရန်၊ တစ်နေ့တခြား ကံကောင်းအောင် ထူထောင်ကြရန် တိုက်တွန်းတော်မူပါသည်။

ကံ၏အကျိုးတရား မိမိတို့ပြုလုပ်သော (ကိုယ်+နှုတ်+စိတ်)ကံကို အားမကိုးဘဲ နက္ခတ်ပွဲ စသည့် တန်ခိုးရှိသည်ဟု ထင်ရသောမမြင်ရသော အပြင်ပ များ၏ကူညီပံ့ပိုးမှုကို အချိန်ကုန်ခံ၊ ငွေကုန်ခံ၊ လူပန်းခံ မျှော်မှန်းနေတတ်ကြသည်ကို တွေ့မြင်နေရသောကြောင့် ဖြစ်ဟန်တူပါသည်။ မိမိပြုသော ကံကို အားမကိုးဘဲ နက္ခတ်ပေဒင် ယတြာချေနည်း၊ အင်းပေါင်း၊ အဂ္ဂိတ်နိမိတ် စသည်ကို မျှော်ကိုးနေသူကို မြတ်စွာဘုရားရှင်ကလည်း 'ဒွန်းစဏ္ဍား ဥပါသကာ'ဟု ခေါ်ပါသည်။ မိမိကံ မိမိသိလ သမာဓိ ပညာကိုအားကိုးသူမှသာ ဥပါသကာ ပုဏ္ဍရိက်၊ ဥပါသကာ ပဒုမ္မာမည်ပါသည်။ နတ်၊ ဗြဟ္မာ၊ ဘိုးတော်ဟု ခေါ်ဆိုနေကြသော သာသနာ အပြင်ဘက်က စိတ်ကူးယဉ် တန်ခိုးရှင်များကို ကိုးကွယ်အားထားခြင်းမှာမူ ဒွန်းစဏ္ဍား ဥပါသကာအဆင့်အောက်ပင် နိမ့်ကျလျက် သရဏဂုံပင် ပျက်စီးနေသူဖြစ်နိုင်ပါသည်။

## ကံလမ်းကလျှောက်မှ ဉာဏ်လမ်းရောက်

သာသနာခေတ် လူဖြစ်ကြသူများ ကံ,ကံ၏ အကျိုးလောက်ကိုမျှ အပြည့်အဝ ကြည်ကြည်လင်လင် သဘောမပေါက်ပါလျှင် ဘဝပါရမီကံနည်းသူများဟုသာဆိုရပါမည်။ အဘယ့်ကြောင့်ဆိုသော် ကံ ကံ၏အကျိုးကို လက်ခံယုံကြည်သူမှသာ အမြင်မှန်ရှိသူ (ကမ္မဿကတာ သမ္မာဒိဋ္ဌိ) ခေါ်ဆိုရ၏။ စင်စစ် ကမ္မဿကတာ သမ္မာဒိဋ္ဌိသည် ဘုရားမပွင့်ထွန်းသော အခါမျိုးမှာလည်း ရှိနေတတ်၍ ကံ ကံ၏အကျိုးကို ယုံကြည်ကာမျှဖြင့်လည်း သာသနာနှင့် ကြုံရသည် မဆိုသာသေး။ ဝိပဿနာ သမ္မာဒိဋ္ဌိ၊ မဂ္ဂသမ္မာဒိဋ္ဌိအဆင့်သို့ ရောက်သူမှသာလျှင် သာသနာနှင့် တွေ့ကြုံရသူ မည်ပါသည်။ ထို ဝိပဿနာ, မဂ္ဂသမ္မာဒိဋ္ဌိတို့ ဖြစ်ရန်မှာလည်း ကမ္မဿကတာ သမ္မာဒိဋ္ဌိအပေါ် ရပ်တည်သူမှသာ ဖြစ်နိုင်ပေသည်။

ဤသို့ဆိုလျှင် ဆရာတော်ကြီး ကမ္မနိယာမကို အဘယ့်ကြောင့် ဦးစားပေး ဟောခြင်းဖြစ်ကြောင်း နားလည်နိုင်ပါသည်။ မည်မျှအရေးကြီးသည်ကိုလည်း သတိမူကြရာ၏။ ကိုယ်လုပ်သောအမှုမှတပါး အဘယ်တန်ခိုးရှင်သည် ကောင်းအောင် ဆိုးအောင်၊ တိုးအောင် ယုတ်အောင် ပြုလုပ်နိုင်ပါအံ့နည်း။

ရဟန္တာဟု အများယုံကြည်ခဲ့ကြသောကျေးဇူးရှင် ဝေဘူဆရာတော်ဘုရားကြီး ကလည်း "လူတွေက ကံကိုကောင်းအောင် မထူထောင်ကြဘော့ သူတို့ကို တစ်ဝက်လောက်ပဲ ကူလို့ရတယ်"ဟုလည်းကောင်း၊ (ကျောင်း လာ သော ဒကာ·ဒကာမတို့အား တံမြက်လှည်းခြင်း၊ ဘုရားပန်း ရေချမ်းကပ်ခြင်းများကိုခိုင်းကာ) "သူတို့ကို ဉာဏ်ကောင်းအောင် လုပ်ပေးလို့ မရသေးဘူးဗျာ့။ ကံကောင်းအောင် အလျင် လုပ်ပေးနေရသေးတယ်" ဟုလည်းကောင်း ချွန်လမ်း, ဉာဏ်လမ်းကိုဆက်၍ လျှောက်နိုင်စေရန် ကံလမ်းကို ဦးစွာ ဖောက်လုပ်ထားမှုရကြောင်းမိန့်တော်မူလိုရင်းဖြစ်ပါသည်။

## ပါဝင်သောအခန်းနှင့်အကြောင်းအရာ

ဤစာအုပ်၌ ပါဝင်သောအခန်းများမှာ—

၁။ ကမ္မနိယာမ၊

၂။ မေတ္တာ အာနိသင်၊

၃။ ပရိတ်စွမ်းအား၊

၄။ သေနည်းသင်တန်းနှင့်

၅။ သမထဝိပဿနာ-တို့ ဖြစ်၏။

အထက်ပါအခန်းကဏ္ဍ, အကြောင်းအရာများမှာ ဆရာတော်ကြီး အမြဲဟောကြားလေ့ရှိသော အကြောင်းအရာများဖြစ်ကြ၏။ ထိုတွင် ကမ္မနိယာမနှင့် မေတ္တာအာနိသင်ကား အမြဲဦးစားပေးတရားများဖြစ်ပါသည်။ မည်သည့်လူမျိုး၊ မည်သည့်

ဘာသာဝင်ပဆို ကောင်းမွန်စွာ လုပ်ကိုင်ပြောဆိုရခြင်းနှင့် ကိုယ်ချင်းစာတရားကို လက်ခံကြပါသည်။ လက်ခံပါမည်။ ကံနှင့် မေတ္တာကို မျက်ကွယ်ပြုသူတို့၏ ဘဝသည် မည်သည့်ဘာသာဝင်မှ ကောင်းကျိုးဖြစ်မလာနိုင်ပါ။

အခန်းကဏ္ဍအလိုက် ပါဝင်သော အကြောင်းအရာနှင့် ဟောကြားပုံကို ရှေ့ပိုင်း'စာမြည်း'၌ အတန်သင့် ဖော်ပြပေးထား ပြီးဖြစ်၍ ဤ၌ အကျယ်တဝင့် မဖော်ပြတော့ပါ။

## ပအားလပ်သည်ကြားက စာအုပ်ဖြစ်ပေါ်လာ

ဤ၌ ဤစာအုပ်ဖြစ်ပေါ်လာပုံကို အနည်းငယ်ပြောပြရန် ရှိပါသေးသည်။ ဆရာတော်ကြီးသည် ဖေဖော်ဝါရီလ တစ်လ လုံး ရန်ကုန်၌ ညတရားများ ဟောကြားပါသည်။ ဆွမ်းစား ပရိတ်ရွတ်များကလည်း တစ်နေ့လျှင် ရံခါ ၉-ကြိမ်၊ ၁၀-ကြိမ်ထိ နေ့စဉ် ကြွရောက်ချီးမြှောက်တော်မူရရာ အလွန်ပင်ပန်းလှပါသည်။ သို့ရာတွင် ဆရာတော်ကား အပြုံးမပျက်၊ အဟောမပျက်၊ ရှေ့ပွဲနှင့် နောက်ပွဲ အကြိုအပို့ ကားပေါ်မှာပင် အနားယူပါသည်။ ပင်ပန်း လွန်း၍ ကျိန်းစက်လိုလျှင်လည်း သွားရင်း လာရင်း ကားပေါ် မှာပင် မှေးစက်တော်မူရ၏။ "ရဟန္တာတို့ရဲ့ အိပ်နည်း အိပ်တတ် ရတယ်" ဟုပင် အမိန့်ရှိပါသည်။

ညတရားပွဲများကား ယေဘုယျအားဖြင့် ၁၂-နာရီကျော် မှပြီး၍ သီတင်းသုံးရာ၊ လှိုင် ၁၀-ရပ်ကွက်၊ ဗ-မိုင်ခွဲ၊ မာလကာခြံ၊ ဆရာတော့်တူဖြစ်သူ ဦးသန်းအောင်+ဒေါ်သောင်းအေး (အောင် မြန်မာစက်မှုလက်မှု)တို့၏ တိုက်သို့ ၁-နာရီဝန်းကျင်မှ ပြန်ရောက် တတ်၏။ နံနက် ၃-နာရီ အိပ်ရာမှပုံမှန်ထ၍ စာရေးခြင်းစသည် နေ့စဉ်ဆောင်ရွက်မြဲ အလုပ်များကို လုပ်မြဲ လုပ်သည်။ ရဟန္တာ အိပ်နည်း အိပ်တတ်လို့သာ တော်ပေတော့သည်။ နောက်မှ ဝေယျာဝစ္စ လိုက်လုပ်ကြရသော အများအားဖြင့် ကျွန်တော်နှင့်

ဦးသန်းအောင်တို့ကား မသက်သာလှပါ။ တိမိလစသော ငါးကြီးများသည် မြစ်ကြီးမြစ်ငယ်တို့၌ မပျော်ပိုက်၊ မလူးမလွန့်သာ၊ သမုဒ္ဒရာ ရောက်မှသာ အစွမ်းကုန်ပျော်မြူးခွင့်ရသကဲ့သို့ ဆရာတော့်ဇွဲသတ္တိ လုံ့လတို့ကား ဆွမ်းကျွေးချင်လှ၊ ပရိတ်နာချင်လှသော ရန်ကုန်သားတို့၏ သဒ္ဒါတရားနှင့်မှ အံကိုက်ဖြစ်တော့သည်။ တစ်လတိတိ ကြာညောင်းသွားသဖြင့် ညတရားပွဲများ ရပ်ဆိုင်းလိုက်ရသော်လည်း ပုဂ္ဂလိကဆွမ်းကျွေး, ပရိတ်ရွတ် ရက်တောင်းသူတို့ကား ကျိတ်ကျိတ်တိုးနေတုန်းပင်။

## ပိုင်နိုင်ပြီးတစ်သက်တာ လက်တွေ့ကျင့်စဉ်များ

"ဆရာတော်ဘုရား၊ ဆရာတော်ဘုရားလဲ အနားယူဦးမှ ကောင်းပါမည်။ ယခုဟောလာခဲ့သော တရားများမှာ လူတွေအတွက် အလွန်ကျေးဇူးများပါတယ်။ ဆရာတော် ပင်ပန်းကြီးစွာ ကြိုးစားဟောပြောသော်လဲ တရားပွဲကပြန်၊ အိမ်ရောက်မေ့ပျောက်သွားလျှင်လဲ ဟောရ ကျိုးမနပ်ပါ။ ဒကာဒကာမတွေအားလုံးကလဲ အလွန် အားရမြတ်နိုးကြပါတယ်။ ကက်ဆက်ကရားခွေများပင် နားမနေရ၊ လက်ဆင့်ပြောင်းပြီး နာယူနေကြပါတယ်။ ဆရာတော်ရဲ့ ခရီးသွားမှတ်တမ်းနှင့်အထွေထွေ ဗဟုသုတများမှာ စာအုပ်အဖြစ်ရှိနေကြပါပြီ။ ဒီတရားများကို စာအုပ်တစ်အုပ် လုပ်ထားရလျှင် ထာဝစဉ်အကျိုးဖြစ်ထွန်းရန် ရှိပါတယ်ဘုရား" ဟု စာရေးသူကပင် လျှောက်ထား တောင်းပန်ခဲ့ပါသည်။

ဆရာတော်အလုပ်ပျက်၍ ငြီးငွေ့လှသော ပုဂ္ဂလိကဆွမ်းစားများကိုလည်း ရပ်စဲထားကာ ဆရာတော်ကြီး ကိုယ်တိုင် တစ်လနီးပါး ဟောတရားများကို ပြန်လည်စဉ်းစား ရေးသားပေးတော်မူပါသည်။ ဒါလည်း မသက်သာ။ သို့သော် ရေရှည်အတွက် အကျိုးများပါသည်။

အဘယ့်ကြောင့်ဆိုသော်ဤလမ်းညွှန်တရားတော်များသည် ဗုဒ္ဓစာပေတွင် ရွှေဦးကျင့်ဘွယ် လက်ရွေးစဉ်များ ဖြစ်ပါသည်။

ဆရာတော်၏ ဘဝတစ်သက်တာတွင် ကိုယ်ပိုင် ကျင့်သုံးနေသော ပိုင်နိုင်ပြီး လက်တွေ့ကျင့်စဉ်များလည်း ဖြစ်ပါသည်။ ပါဠိအသုံးအနှုန်း၊ စကားလုံးအမိပ္ပာယ် ဖွင့်ဆိုမျက်စသော ခန့်ထည်သော ကျမ်းစာ ပုံစံမဟုတ်သဖြင့် လေးနက်သော်လည်း အသိမခက်၊ ကွယ်ဝှက်ကွေ့ကောက်ခြင်း မရှိ။ အဓိပ္ပာယ်အသားအတိ ဖြစ်ပါပေသည်။

## သာသနာပြု ပါရဂူဖြည့်ဖက်များ

ဆရာတော် ရေးပြီးသမျှ စာမူများကို ကျွန်တော်နှင့် ဦးမြင့်အုန်း (ညောင်ရမ်းစေတီ ဂေါပက အတွင်းရေးမှူး) တို့က မနေမနား လက်နှိပ်စက် စိတ်ထူကူးကြပါသည်။ ပြီးသမျှ ဆရာတော်အား တင်ပြပါသည်။ ဆရာတော်စာဖြင့် ရေးရာ၌ ကြွင်းကျန်သေးသည်ဟု ထင်ရသော အရာများကို စာရေးသူက တရားပွဲ ဒိုင်ယာရီမှတ်စုနှင့်ကက်ဆက်ခွေများကို တစ်ခုပြီးတစ်ခု နာယူရေးကူးပြီး တင်ပြပါသည်။ ထို့ပြင် ကမ္မနိယာမ စသော အခန်း-၅ ခန်းနှင့်စပ်၍ လိုအပ်မည်ထင်လျှင် ဓမ္မဗျူဟာ စသော စာစောင်၌ ဆရာတော်ရေးသားခဲ့သော ဆောင်းပါးများကို ကူးယူရေးသား၍လည်း ဖြည့်စွက်တင်ပြပါသည်။ ဆရာတော် ခွင့်ပြုချက်, စိစစ်ပြင်ဆင်ချက် ရယူပြီးမှသာ မိတ္တူကူးရပါသည်။ ဆရာတော်ကြီး မအားလပ်သည့်ကြားက အချိန်လု၍ စိစဉ်ရသဖြင့် တစ်စုံတစ်ရာသော ချွတ်ယွင်းချက်ရှိခဲ့သော် ဆရာတော်၏ တာဝန်မဟုတ်၊ စီစဉ်သူ ကျွန်ုပ်၏ ချွတ်ယွင်းချက်ဟုသာ မှတ်ယူကြစေလိုပါသည်။

## ကျေးဇူးစကားကျေးဇူးမေ့ကွန်း

ဤတရားတော်များကို မြန်မာလိုသာမက အင်္ဂလိပ်လိုလည်း ဆရာတော်၏ ဥရောပသို့ ဓမ္မဒေသနာ မေတ္တာခရီး အမိရိုက်နှိပ်ရန် စီစဉ်ပြီးပါပြီ။ သာသနာရေးဦးစီးဌာန၊ The light of the Dhamma အင်္ဂလိပ်စာစောင် အယ်ဒီတာ အဖွဲ့ဝင်

ပထမကျော် ဓမ္မာစရိယ(အင်္ဂလိပ်စာအဓိက) ဦးအောင်သိန်းညွန့်က အင်္ဂလိပ်ဘာသာ ပြန်ဆိုပါသည်။

ဆရာတော်ကြီးသည် ငယ်စဉ်ကပင် အင်္ဂလိပ်စာပေကို လေ့လာ တတ်ကျွမ်းပြီး ဖြစ်၍ အနည်းဆုံး စာတန်းဖတ်သည့် သဘောဖြင့် စာအုပ်ကို ဖတ်ပြဟောပြောနိုင်စေရန် ရည်ရွယ်ပါသည်။ စကားပြန်ရှိသောဌာနများတွင်လည်း စကားပြန်လုပ်သူများအတွက် ဝေါဟာရ အခက်အခဲမရှိနိုင်တော့ပါ။ သာသနာပြု မေတ္တာခရီးစဉ်တွင် ပို၍ အောင်မြင်ချောမွေ့မည်မှာ မလွဲပါ။

ဆရာတော်ကြီးနှင့် ရင်းနှီးသော သီဘင်းသုံးဖော် ဆရာတော်အချို့ကမူ ဥပဒေရာပ၌ ဆရာတော်ကြီးသာ မျက်မြင်ကိုယ်တွေ့ ပရိတ်မေတ္တာ ရွတ်ပွားခွင့်ရပါလျှင်၊ အနည်းဆုံး ဥရောပမြေ၌ ခြေချခွင့် ရပါလျှင် တစ်စုံတစ်ခုသော အဘိုင်းအတာအထိ အကျိုးရှိမည်ကို ယုံကြည်ကိုးစားနေကြသည်ဟု သိရှိရပါသည်။

အင်္ဂလိပ်ဘာသာပြန်ပါ ရိုက်နှိပ်မည်ဟု ကြားသိကြသဖြင့် မည်သူ့ကိုမျှ နှိုးဆော်တိုက်တွန်းခြင်း မပြုရဘဲကပင် အောက်ပါ ပုဂ္ဂိုလ်များက ဓမ္မဒါန အလှူငွေများနှင့် လိုအပ်သောအကူအညီများကို ပေးကြပါသည်။

၁။ ဗိုလ်မှူးကြင်ဆွေ+ဒေါ်နီနီ မိသားစု .... ၁၀၀၀

၂။ ဗိုလ်ကြီး မျိုးတင့်ကြည်+ဆရာမ ဒေါ်ညွန့်
ယဉ်ဝင်းမိသားစု .... .... ၃၀၀၀

၃။ ကမ္ဘာအေး သူရဿတီလမ်း ဦးတင်စိန်+
ဒေါ်အုန်းသင်မိသားစု .... .... ၁၀၀

၄။ ဓနသိဒ္ဓိလမ်း ဦးစိန်လှအောင်နှင့်မိတ်ဆွေများ ၁၀၀

၅။ ဦးစိန်လှအောင်+ကိုရဲဝင်း (လိုအပ်သော စာအုပ်
စာတမ်းများ ရှာဖွေပံ့ပိုးခြင်း)

၆။ ဦးလှအုန်း+ဒေါ်မြသန်း (သီတာဦး အောင်ဖ်ဆက်၊ ဤစာအုပ်ပါတော်ပုံနှင့် အဖုံးကုပ်အား လှူဒါန်းခြင်း)
၇။ ညီဖြစ်သူ ဦးကျန်းလင်း (ဓမ္မာစရိယ၊ ဘီ-အေ) က စာမူ စီစဉ်ခြင်းနှင့် အကြွေထွေ ဝေယျာဝစ္စများ)
၈။ မြရည်စန္ဒာပုံနှိပ်တိုက်(ကန်တော်ကလေး ၁၀၁-လမ်း) ဦးလှအောင်သူနှင့် ကိုမင်း ဦးလှရှိန်၊ စာစီ စက်ရိုက် မိတ်ဆွေများက အချိန်မီ ကြိုးစားရိုက်နှိပ်ပေးခြင်း။

အထက်ဖော်ပြပါ ဓမ္မမိတ်ဆွေများကား ဆရာတော်ကြီး၏ ပြည်တွင်းပြည်ပ သာသနာပြုလုပ်ငန်းတွင် ငိုင်းဝန်းကူညီသော ပါရမီဖြည့်ဘက်များအဖြစ် ဤ၌ ကျေးဇူးစကားဆိုကာ ကျေးဇူးမော်ကွန်းတင်ရပါသည်။

## ဆရာတော်နှင့်စပ်သော
## ဖြစ်ရပ်ဆန်းနှင့် ကောလာဟလများ

စာရေးသူ၏အမှာစကားမှာ ရှည်လျားခဲ့လေပြီ။ သို့သော် မပြောမပြီးသောအရာများက ကျန်ရှိနေပါသေးသည်၊ ဆရာတော်နှင့်စပ်သော ဖြစ်ရပ်ဆန်းများနှင့် ကောလာဟလများပင် ဖြစ်ကြ၏။ ဆရာတော်ကြီး၏ စာဖတ်ပရိသတ်များကမူ အထိုက်အလျောက် သိနှင့်ကြပြီး ဖြစ်သည်။

အထူးသဖြင့် ဤလပ်းညွှန်တရားတော်များ 'မေတ္တာအာနိသင်'၌ ဆရာတော်ကြီးထံ တောတွင်းဝိဇ္ဇာဓိုရ်များ ၃-ကြိမ်တိုင်တိုင် လာရောက်ကြကြောင်းနှင့် တောင်စောင့်နတ်ကြီး ၆-ကြိမ်တိုင်တိုင် လာရောက်ဖူးမြော်ကြောင်း ဆရာတော်ကြီးကိုယ်တိုင် ဖော်ပြထားပါသည်။ ထိုတွင် ဗုဒ္ဓစာပေကျမ်းဂန်များအရ သီလသမာဓိရှိသော ရဟန်းတော်များထံ နတ်များလာရောက် ဆည်းကပ်ခြင်းကား ထူးဆန်းသောဖြစ်ရပ်မဟုတ်ပါ။

## ဒါတွေစိတ်မဝင်စားပါဘူး

ဝိဇ္ဇာခိုရ်များလာခြင်းကား ဇာတ်နိပါတ်တော်အရ (သူ့ မယားကြာခိုသော ဝိဇ္ဇာခိုရ်များပင်ရှိ၍) မဆန်းဟု ဆိုရမည် ဖြစ်သော်လည်း အခြားပဓာနနိကာယ် ပါဠိ၊ အဋ္ဌကထာတို့၌ မှတ်တမ်း မရှိပါ။ (ဗုဒ္ဓဝင်ခေတ်ဦးကာလက ဂန္ဓာရီဝိဇ္ဇာခိုရ် ပိဏ္ဍောလ သည် မြတ်စွာဘုရားထံ တပည့်ခံ၍ သာသနာ၌ ဝင် ရောက် ရဟန်းပြုကြောင်းတွေ့ရ၏။) မှတ်တမ်း မရှိခြင်းသည်ပင် လောက၌ အကျိုးမရှိသော အထူးအဆန်းတွေ များစွာရှိသော် လည်း သာသနာတော်က အသိအမှတ်မပြုကြောင်း ထင်ရှားသော သာဓကကြီး ပါတည်း။ ထို့ကြောင့် ဤခေတ်၌ ရဟန္တာနှင့် ပုဂ္ဂိုလ်ထူးများထံ ဝိဇ္ဇာခိုရ်များလာရောက်ခြင်းကို သာသနာဝင် မှတ်တမ်း၌ အထူးမှတ်တမ်းတင်ရပေမည်။ (ရဟန္တာနှင့် ပုဂ္ဂိုလ် ထူးများ စာအုပ်၌ ဆည်းကြီးဆရာတော်အခန်းကိုလည်း ရှုပါ။)

ဆရာတော်ကြီးကိုယ်တိုင် ဝန်ခံဖော်ပြထားသဖြင့် သမိုင်း အတွက် အထူးကျေးဇူးတင်ကြရပါသည်။

"ဘုန်းကြီးက ဒါတွေ စိတ်မဝင်စားပါဘူး။ စကား အရိပ်အမြွက်ပြောမိရာက ဟိုကမေး၊ သည်ကမေး၊ မေးကြလွန်းလို့ နားပူသက်သာအောင်၊ အဖြေရငြိမ်းအောင် ရေးထည့်လိုက်တာ ပါ"

ဆရာတော်ကြီးအမိန့်ရှိပုံနှင့် ခံယူချက်ကား ရှင်းလှပါ သည်။ ဆရာတော်ကြီးကိုပင် ထွက်ရပ်ပေါက် ဝိဇ္ဇာခိုရ်ကြီးအဖြစ် ကိုးကွယ်ဆည်းကပ်လိုသူများ ဆရာတော်ကြီးစကားကို အထူး မှတ်သားထားသင့်ကြပါသည်။ "စိတ်မဝင်စားပါဘူး"ဆိုသည်မှာ ယဉ်ကျေးစွာ သမာသမတ် မိန့်တော်မူခြင်း ဖြစ်သည်ကိုလည်း မမေ့သင့်ပါ။ ခရီးသွားမှတ်တမ်း, နေ့စဉ်မှတ်တမ်း ရေးလေ့ ရှိသော ဆရာတော်ကြီးအဖို့ ခရီးကြုံလို့ မှတ်တမ်းရေးထားခြင်း မျှသာဟု နားလည်ရပါသည်။ ဆရာတော်ကြီး၌ ခံစားချက်လည်း

အကူးမရှိပါ။ အတက်အက်၌ ရင့်ကျက်သော ပုဂ္ဂိုလ်ကြီးဖြစ်သည်ကိုလည်း သတိပြုကြရပါမည်။

## ဝိဇ္ဇာခိုရ်နှင့် သာသနာ့လမ်းစဉ် တခြားစီ

အမှန်ကိုဆိုရသော် ဝိဇ္ဇာခိုရ်ဟူသည် သာသနာနှင့် မပတ်သက်ပါ။ 'သာသနာ့အပြင်က' ဟု နားလည်ရပါမည်။ သီလ သမာဓိ ပညာ သိက္ခာသုံးပါး ဗုဒ္ဓဒေသနာတော် ကျင့်စဉ်များဖြင့် ဝိဇ္ဇာခိုရ်ဖြစ်ကြောင်း တပ်လုံးဟစ်ပါဒမျှ မပါရှိသောကြောင့် ဖြစ်ပါသည်။ ဆေး၊ အင်း၊ မန္တန် စသော လောကီအတတ် တစ်ခုခုကြောင့် ဝိဇ္ဇာခိုရ်ဖြစ်ကြောင်းသာ လောကီကျမ်းတို့၌ အဆိုရှိပါသည်။ လောကီအတတ်တို့ကား များလှပါ၏။ သာသနာအတွက် အကျိုးမရှိပါ။ ဗုဒ္ဓကို ကြည်ညိုသူ ဝိဇ္ဇာခိုရ်အချို့ရှိကောင်းရှိမည်ကိုမူ မငြင်းလိုပါ။ သို့သော် ဗုဒ္ဓနှင့် ဗုဒ္ဓတပည့်ထူးများအပေါ် အဘယ့်ကြောင့် ကြည်ညိုကြသည်ကိုမူ စဉ်းစားစရာ ဖြစ်နိုင်ပါသည်။

ယခုဆရာတော်ကြီးတံလာသော ဝိဇ္ဇာခိုရ် ၃-သုတ်၊ ငါးဦးတို့၏ ပြောဆိုမေးမြန်းပုံမှာ တစ်ဆပ်တည်းဖြစ်နေ၍ ဆန်းပါသည်။ လျှို့ဝှက်ချက်ပါဝင်နေသည်ဟု ဆိုလိုပါ၏။ ၃-သုတ် ၅-ဦးဆိုသော်လည်း တစ်ဦးတည်းသော်လည်း ဖြစ်နိုင်ပါသည်။ မည်သို့ဖြစ်စေ ပြောဆိုသောစကားမှာ ရည်ရွယ်ချက်တစ်ခုတည်းသာဖြစ်၍ ၅-ဦးဆိုစေဦး၊ အဆက်အစပ်ရှိနေကြမည်မှာ မလွဲပါ။ 'ပေါင်ချင်းဖြတ်ပြီး လဲလှယ်ကြမည်' ဆိုခြင်းကား အထူးခြားဆုံးဖြစ်ပါသည်။ လောကီအခေါ် 'ထုံကူး' ခြင်းပင်ဖြစ်၍ ဗမာလိုပြောရသော် ဆရာတော်ကြီးကိုဝိဇ္ဇာခိုရ် လုပ်ရန်လာခြင်းဖြစ်ကြောင်း ....းကျွယ်မရှေအောင်ထင်ရှားလှ၏။

ထို 'ပေါင်ချင်းလဲရန်' ရည်ရွယ်ချက်မမြောက်သော်လည်း နောက်ဆုံး အပြတ်ကား စစ်မှန်သောဘုရားလမ်းစဉ်အရ ကျင့်ကြံနေသော ဘုန်းတော်ကြီးကျောင်းများအား (ဗဟုသုတ၊ ခံနိုင်ရည်နှင့်

ခိုင်မာမှုမရှိလျှင်)အောက်ထစ်ဆုံး စိတ်အလုပ်ပေးထားရာ (ဝိတက် နှင့် သံသယဖြစ်ဖွယ်) ရောက်၍ တရားအလုပ်ခွင်၌ ဂယောက် ဂယက်ဖြစ်စေခြင်း အမြတ် တစ်ခု ထွက်စေနိုင်ပါသေးသည်။ စင်စစ် ဝိတက်နှင့် သံသယကား ယောဂီပုဂ္ဂိုလ်တို့၏ အညွှာပင် ဖြစ်သည်။ ယောဂီက အရှေ့ဘက်ကမ်း သွားလိုသော်လည်း ဝိတက်ပဲ့က အနောက်ဘက်ကမ်းသို့ပို့တတ်ပါသည်။ ဘယ်ကမ်းမှ မကပ်ရောက်နိုင်ဘဲ အလယ်ခေါင် သံသယဝဲစုတ်ပြီး နစ်မြုပ် တတ်သည်လည်း ရှိ၏။ အခြားပုဂ္ဂိုလ်ထူး တော်တော်များများ ထံသို့လည်း ယင်းသို့ လာရောက် ပူးကပ်လေ့ရှိပုံကို စာရေးသူ အတွက် မဆန်းလှပါ။

ဤမျှဆိုလျှင် ဝိဇ္ဇာဓိုရ်နှင့် သာသနာ့လမ်းစဉ် လုံးဝ ခြား နား ဆန့်ကျင်ကြောင်း သိနိုင်ကောင်းပါပြီ။

## အံ့ဖွယ် ကောလာဟလ သတင်းမှန်များ

ဆရာတော်ကြီးနှင့်စပ်၍ ဝိဇ္ဇာဓိုရ်ကိစ္စမှတစ်ပါး မဆုံးနိုင် သော ကောလာဟလ သတင်းများလည်း ရှိနေပါသေးသည်။ သို့သော် ထိုကောလာဟလများက သတင်းမှန်များဖြစ်နေတတ် ပြန်သည်။

၁၃၄၆-ခုနှစ်ထုတ် ဓမ္မဗျူဟာ စာစောင် (တွဲ-၂၃၊ မှတ် ၁၁ နှင့် ၁၂)၌ ဆရာတော်ကြီး ကိုယ်တိုင် ရေးသားသော ကောလာဟလ သတင်းဆန်း ဖြစ်ရပ်မှန်များကို ဖတ်ရှုရဖူးသည်။ ဆရာတော်ကြီးသည် ဟိုမြို့ သည်မြို့သို့ ကြွရောက်လာ၍ ဆွမ်း ကပ်ရကြောင်း၊ဘုရားခန်းကြွလာ၍ ဓာတ်ပုံပင်ရိုက်ထားကြောင်း။ မဖူးတွေ့ဖူးသူများပင် တရားထိုင်ရင်း အဓိဋ္ဌာန်လျှင် ဆရာတော် ကြီး ကိုယ်တိုင် ကြွလာကြောင်း၊ မည်သို့အိပ်မက်မက်ကြောင်း၊ အဓိဋ္ဌာန်ပင့်လျှင် ကြွလာကြောင်း၊ တရားဟောနေစဉ် အနီး အနား၌ ဘာတွေမြင်ရကြောင်း စသည်ဖြင့် ဆရာတော်ကြီးထံ ထိုမှ ဤမှ ဖြေးစာများ မရေမတွက်နိုင်အောင် များကြောင်း၊

ချင်းလူမျိုးတို့ကပူ ဆရာတော်ကြီး ကောင်းကင်ပျံ ပျံနေတာ တွေ့ကြရကြောင်း.... စသည်ဖြင့် ဆရာတော်ကြီးကိုယ်တိုင် ရေးဖူး ပါသည်။

## ကယ်တင်ရှင် ဦးဥတ္တမသာရ

ထိုအထဲတွင် အထူးခြားဆုံးကား အထက်အညာမှ နာမည် ကျော် ကျောင်းတိုက်ကြီး တစ်တိုက်၌ ကျောင်းလုပွဲဖြစ်ကြ၏။ ပဓာနကျောင်းအုပ် ဆရာတော်ကြီးထံ အရှက်ဦးအချိန် မမြင်ဖူး သောအာဂန္တုကဘုန်းကြီးတစ်ပါးကြွလာသည်။ "အရှင်ဘုရား လို ရာယူပြီးချက်ချင်းထွက်သွားပါ။ အသက်အန္တရာယ်ရှိသည်။ တပည့် တော် တောင်တန်း ဦးဥတ္တမသာရပါ"ဟု လျှောက်၍ ကျောင်း အုပ်ဆရာတော်ကြီးက ယုံကြည်လေးစားရင်းရှိသဖြင့် ထွက်သွား သည်။ အသက်ဘေးမှ လွတ်ရ၍ ကျေးဇူးတင်ကြောင်း လူကြုံဖြင့် ဆရာတော်ကြီးထံစာရေး လျှောက်ထားသတတ်။ မည်သို့ဖြစ်စေ၊ ရန်သတ္တရုမဖြစ်ကြရသဖြင့် ဝမ်းသာရပေမည်။ သို့သော် အရည် အချင်းရှိသော ကျောင်းအုပ် ဆရာတော်ကြီး ထွက်ခွာပေးလိုက်ရ သဖြင့် နာမည်ကျော် ကျောင်းတိုက်ကြီး နိမ့်ကျဆုတ်ယုတ်သွား သည်ဟု ဆိုပါလျှင်ကား တစ်မျိုးနားလည်ရန် ရှိပေ၏။

ဆရာတော်ကြီးကမူ ဟိုဟိုသည်သည် ကြွရောက်ခြင်းနှင့် စပ်၍ "ဤအရှင်အနေဖြင့် လက်ခံခြင်းမရှိပါ"ဟု အခြားအလား တူ ကိစ္စများအတွက် စာတစ်ကြောင်း ရေးထားသည်ကို တွေ့ရ ပါသည်။

## သာသနာအတွက် စဉ်းစားရသော်

ဤကိစ္စများ အတွက် ဤနိဒါန်းအမှာတွင် ဤမျှ ကျယ် ကျယ်ပြန့်ပြန့် ရေးရန် ရည်ရွယ်ချက်မရှိပါ။ စာလည်း ရှည်လျား သွားပေပြီ။ စ,မိပြီဖြစ်၍ ဆုံးအောင် ရေးပါရစေတော့။ ဆရာ တော်ကြီးကား အဆိုပါ ဖြစ်ရပ်အချို့အတွက် 'တောင်စောင့်နတ်

ကြီး၏ စေတနာ’ ဟု ဤတရားတော်တစ်နေရာ၌ ဖော်ပြထား ပါသည်။ စာရေးသူတို့ ဉာဏ်မမီပါ။ အတွေ့အကြုံအရ ဆက် လက်ပြီး စဉ်းစားနေမိသည်များကို ရိုးသားပွင့်လင်းစွာ, ဖော်ပြ ရန် ရှိပါသေးသည်။ မည်သည့် တန်ခိုးရှင် သတ္တဝါ တစ်စုံတစ်ဦး ကိုမျှ ထိပါး ပုတ်ခတ်လိုစိတ် အလျဉ်းမရှိပါ။ သို့သော် စင်ကြယ် မြင့်မြတ်သော သာသနာ့ လမ်းစဉ်အတိုင်း လျှောက်ကြရသော ယောဂီ သူတော်ကောင်းကြီးများ အတွက်၊ တစ်နည်းအားဖြင့် သာသနာအတွက် စဉ်းစားနေမိခြင်းသာ ဖြစ်ပါသည်။ မိမိတို့ အယူနှင့် မကိုက်၍၊ မကြိုက်က ပယ်ချနိုင်ပါသည်။

## ကမ္မဋ္ဌာန်းနောက်ကွယ်မှဆန်းကြယ်မှုများ

လွန်ခဲ့သောအနှစ် ၃၀ ကျော်က အင်းစိန်မြို့၌ မင်္ဂလာချောင် ကမ္မဋ္ဌာန်းတိုက်ကြီး တည်ထောင်၍ တရားပြခဲ့သော ပခုက္ကူမြို့ မဟာဝိသုတာရာမ၊ အဘိဓမ္မာဆရာတော်ကြီး တပည့် ဦးမှိုကခေါ် ဆရာတော်ကြီးတစ်ပါးရှိခဲ့ဖူး၏။အဂ္ဂမဟာပဏ္ဍိတဆရာကြီး ဦးဖြေ နှင့် သမီးတို့ကပင် သိမ်တိုက်ကျောင်း၊ ဆောက်လှူ ကိုးကွယ်သော ဆရာတော်ဖြစ်၏။ တပည့် လက်သားများလည်း များပါ၏။ အကျိုးလည်း များပါ၏။ တရားအားထုတ်ရင်း၊ တရားပြရင်းက အာရုံတွေ့ တွေ့ပြောလာကာ ‘ဘယ်ဒကာမလေးသည် ဘယ်ဘဝက ငါနှင့် ဘာတော်ခဲ့သည်’ စသည်ဖြင့် အပြောအဆိုများရှိလာ၏။ နေ့ည မအား အဓိဋ္ဌာန်၍ အားထုတ်၏။ ကြာလာသောအခါ ကြိုတင် သိမြင်သလို ရှိလာ၏။ လမ်း ၄၀၊ အမျိုး ကျောင်းအမ ကြီးတိုက်က ဆွမ်းစားပင့်ထားရာ ထိုနေ့ မတိုင်မီ တင်ရက်ကပင် ကြွလာဘုဉ်းပေးကြောင်း ကျောင်းအမကြီးက လျှောက်၍သိရ၏။ အံ့သြရ၏။ နောက်ကာလတွင် ထိုမျှမက ဝတ်ဖြူစင်ကြယ်နှင့် လူ များ အထင်အရှား တိတ်တဆိတ် ရောက်လာကာ အကျွမ်းတဝင် ဖြစ်လာ၏။ ဖိုက်ပင် ထိုးစပြုလာ၏။

လို့နောက် တိုပုဂ္ဂိုလ်များ၏ ပင့်သောင်ချက်အရ ပိနစ် ပိုင်းအသင်း (မြေကြော့ရှုံ့၍) ဖိုးဦးတောင်၊ ကျိုက်ထီးရိုးနှင့် ပုပ္ပားကောင်သို့ ရောက်ရသည်။ ပုပ္ပားတောင်ကြီးအောက်ရှိ လုပ် ရတ်လုပ်နေကြသော လူထူးလူဆန်းကြီးများကို ကိုယ်တိုင် တွေ့ ရ၏။ တိုတိုပြောရလျှင် ကမ္ဘဋ္ဌာန်း ဘုန်းတော်ကြီး ဦးမမ္ပိက အသက် ၅၀-ကျော်မှ ကံပေါ်၍ သပိးတမ်းယောက် တန်းကား၏။ ဆေးတိုက်ဖွင့် ငပ်းကျောင်းသည်။ နောက် ဘုန်းကြီးပြန်ဝတ် ပြီးလျှင် ယခုအခါ တောတွင်း တစ်နေရာ၌ ပျံလွန်တော်မူရှာ ပြီဟု ကြားသိရသည်။ သမီး (....................) ယခုတိုင် အင်းစိန် မြို့မှာရှိ၍ လက်ရုံးတပည့်ကြီးတစ်ဦးလည်း စာရေးသူ၏ အနီးမှာ ရှိနေပါသည်။

ထိုအရှုပ်အထွေးကြားမှ လုံးပါးပါးကာ ပြင်၍မရတော့ သည့်အချိန်ကျမှ တပည့်ဖြစ်သူ ဦးကုဏ္ဍလအား "ဦးပဉ္စင်း-ဝိဇ္ဇာ တွေဆိုတာ ထူးပေမယ့် ဘာမှ ကျေးဇူးမရှိဘူး၊ သာသနာအတွက် အနှောင့်အယှက်တွေပဲ" ဟု မိန့်တော်မူသွားရှာသေး၏။

ဤဖြစ်ရပ်ကား တကယ့်ဖြစ်ရပ်မှန်ဖြစ်ပါ၏။ လောက၌ ဆန်းကြယ်သောအတတ်များ များစွာရှိရာ၊ ယုတ္တိမရှိဟု မအောက် မေ့ကြရာ။ မယုံမရှိကြရာ။ ယုံပါသည်ဆိုသူများကလည်း အကျိုး ရှိ/မဲ့ ချင့်ချိန်၍ ယုံသော်လည်း ပုံသင့်မှုပုံရာသည်ဟု ဆိုလိုပါ သည်။ (အလားတူ အသက်ထင်ရှားဖြစ်ရပ်များလည်း ရှိပါသေး သည်။ မဖော်ပြတော့ပါ။)

ဤကိစ္စတွင် ဘဝအတွေ့အကြုံ၊ အသိဉာဏ်မရင့်ကျက်သေး သော ခေတ်လူတို့က ယုတ္တိမရှိဆိုကာ ကက်ကက်လန်ငြင်းဆန်ကြ သကဲ့သို့ ဘဝပျက်အောင် စွဲမက်သူများလည်း မနည်းပါချေ။ အစွန်းနှစ်ဖက်က လွတ်ထွက်အောင် ရှုမြင်ရန်ခဲစွ။

## မမြင်ရသောအဆက်ဆရာကြီးများ

မြန်မာနိုင်ငံ၌ ဤအဖြစ်အပျက်များ ရှိး၍ပင်နေပါပြီ။ ရေးပင်မရေးချင်တော့ပါ။ မြန်မာနိုင်ငံ၌ အဘယ့်ကြောင့် ဤအဖြစ်အပျက်မျိုးတွေ များရပါသနည်း။ သာသနာရှိနေသောကြောင့်ပါ။ မြတ်စွာဘုရားသာသနာကား အန္တရာယ်တွေများလှပါတိ။

ဤ၌ နိုင်ငံခြား ဖြစ်ရပ်ကလေးတစ်ခုကို ဖော်ပြချင်ပါသေးသည်။ သီဟိုဠ်မှ သာသနာပြုအာဇာနည် ဉပါသကာ အနာဂါရိက ဓမ္မပါလအကြောင်း အများ ကြားသိဖူးကြပါသည်။ သူကား မှေးမှိန်နေသော သီဟိုဠ်သာသနာနှင့် အမြစ်ပြတ်သွားသော အိန္ဒိယ၌ သာသနာမျိုးစေ့ပြန်ချသူ ပုဂ္ဂိုလ်ထူးဖြစ်ပါသည်။ ၁၆-၁၇-နှစ် အရွယ်ကပင် ဘာသာရေး၌ အထူးစိတ်ဝင်စား၏။ ကမ္မဋ္ဌာန်းတရားကို စိတ်ဝင်စားသော်လည်း ညွှန်ပြပေးမည့်သူမရှိ။ ထိုအခါ စိတ်ပညာနှင့် တန်ခိုးဣဒ္ဓိပါဒ်၊ မှော်အတတ်ပညာ (The Occult world) တို့ဘက်သို့ စိတ်ရောက်သွားသည်။ နောက် သီအိုဆိုဖီအသင်း၌ဝင်၏။ သီအိုဆိုဖီစာစဉ်များကို ဖတ်၏။ တဖြည်းဖြည်း တန်ခိုးစိတ်မွန်ကာ မမြင်ရသော ဟိမဝန္တာမှ ဝိဇ္ဇာဂုရုကြီးများထံ တပည့်ခံပြီး တစ်ဘဝတာ နှစ်မြှုပ်ကျင့်ကြံမည်ဟု ဆုံးဖြတ်သည်။(He decided to join the Himalayan School of Adept....wholehearted devotion to the feet of the Unseen Masters.)

ထိုဆုံးဖြတ်ချက်အရ သီအိုဆိုဖီ ခေါင်းဆောင်တစ်ဦးဖြစ်သူ ရုရှအမျိုးသမီးကြီး 'မဒမ်ဘလာဗာစကီး'ရှိရာ အိန္ဒိယသို့သွား၍ တပည့်ခံ၏။ ထိုအမျိုးသမီးကြီးကား ကမ္ဘာကျော် လက္ခဏာဆရာ ကိုင်ရို စသော ပုဂ္ဂိုလ်များကပင် လက်ဖျားခါရသည့် '၁၉-ရာစု အထူးခြားဆုံးသော ဂမ္ဘီရပညာရှင်'ဟု ဦးထိပ်ပန်ဆင်ရသော အမျိုးသမီးကြီးဖြစ်သည်။ အမျိုးသမီးကြီးက တန်ခိုး

*F*-6

စိတ်မွန်နေသော ဓမ္မပါလလောင်းလျာ(ဒွန်ဒေးဗစ်ဟေဝဝိတာနေ) သူငယ်အား တဖြည်းဖြည်းနှင့်ချကာ ဦးတွေ့ စာကလေး တစ်ကြောင်းကို ရေးပေးထားသည်။ ထိုစာတစ်ကြောင်းကား ပေါ်လာကာရေးသူ 'အေ၊ ပီ၊ဆင်းနက်'ဟု ဆရာကြီး 'ကေ၊အိပ်ချ်'က ရေးပေးသော စာတစ်ကြောင်းပင်တည်း။

"The only refuge for him who aspires to true perfection is the Buddha alone."

"အကြွင်းမဲ့ ပြည့်စုံစင်ကြယ်မှုကို လိုလားတောင့်တသူ အတွက် တစ်ခုတည်းသော ကိုးကွယ်အားထားရာသည် ဗုဒ္ဓကိုယ်တော်မြတ် တစ်ပါးတည်းသာလျှင် ရှိ၏။"

ဒွန်ဒေးဗစ်သည် သရေမကြီးကိုအထင်ကြီးလေးစားမှုဖြစ်သည့် အလျောက် ဆရာမကြီးစကားကို မလွန်ဆန်နိုင်ခဲ့ချေ။ ထိုအခြေ အနေသို့ ရောက်လာသောအခါ စိတ်ပညာပါရဂူ ဆရာမကြီးက—

"သား....သား သင်ယူရမည့်ပညာက တန်ခိုးဣဒ္ဓိပါဒ် မှော်အတတ်ပညာမဟုတ်ဘူး... သား။ ပါဠိ .. ဘုရားဟော ပါဠိကို သင်ရမှာ။ ယခု သားလိုချင်နေတာတွေအားလုံး အဲဒီပါဠိထဲမှာပဲ တွေ့ရလိမ့်မည်။ သားလုပ်ရမယ့်အလုပ်က လူအများ ကောင်းစားချမ်းသာရေးအတွက် သာသနာ ပြုဖို့ပဲ။ စိတ်ကူးမလွဲနှင့်သား"

ဟု ဆုံးမစကား ပြောကြားခဲ့၏။ ထိုအချိန်မှစ၍ သီဟိုဠ်၊ အိန္ဒိယ သာသနာမျှသာမက ရှေးဦး ကမ္ဘာ့သာသနာပြုပုဂ္ဂိုလ်ကြီး အနာဂါရိက ဓမ္မပါလဟူ၍ ကျော်ကြားခဲ့လေသည်။ (၁၉၅၁-ခု၊ မဟာဗောဓိအသင်း စိန်ရတု အထူးထုတ်။)သီအိုဆိုဖီအသင်းကြီးကို တည်ထောင်သူ အမေရိကန်ရေတပ် ဗိုလ်မှူးကြီး ကာနယ်အော် လကော့နှင့် ရုပ်ရှင်းအမျိုးသမီးကြီး မဒမ်ဘလာဗာစကီးတို့ နှစ်ဦး လုံး လူသိရှင်ကြားကြေငြာ၍ ဗုဒ္ဓဘာသာအဖြစ် ခံယူသွားကြ၏။ ဆိုလို[illegible] ပြီးမှ [illegible]ပုဂ္ဂိုလ်၊ ထူးခြားသည့် ပုဂ္ဂိုလ်တို့ဖြ

အကြောင်းအကျိုးဆက်နွယ်ကာ မမြင်ရသော အခြေအနေများ ဝင်လာတတ်ကြောင်းပင်တည်း။ နည်းမျိုးစုံဖြင့် ဝင်လာတတ် သော ထိုသိမ်မွေ့သည့်သဘောများကို ကုန်စင်အောင် သိနား လည်ရန် မလွယ်ကူပါ။အထူးသဖြင့် သာသနာ့အမြုတေ ဖြစ်သော ရဟန်းတော်များ၌ အများဆုံးပူးဝင်တတ်ရာ သိလသမာဓိအား နည်း၊ ပရိယတ်လည်း မခိုင်မာသော ရဟန်းများ ဆရာကြီးတစ်ဆူ လုပ်လိုသောဆန္ဒကြောင့် လွယ် လွယ်ပင်ပါသွားကြသည်။အရိယာ ပုဂ္ဂိုလ်ကြီးများအလား အခြေအရုံနှင့် အပူဇော်ခံကာ၊ အမာခံ တပည့်များအား ဆင်တူယိုးမှားကျင့်စဉ်များ၊ မဆုံးနိုင်သော ပုတီးစိပ်နည်းများကို ပေးကြကုန်၏။ မိမိတို့အလုပ်ကို မဆုတ်မနစ် လုပ်ခြင်းဖြင့်သာ နေရောင်တောက်လျှင် နှင်းမှောင်ပျောက်ကာ လျှောက်ရမည့်လမ်းကို သဲသဲကွဲကွဲ မြင်လာတတ်ပါသည်။

အချုပ်အားဖြင့် မဟာယာန ဝိဇ္ဇာဝိုရ်ဂိုဏ်းကြီးနှင့် ဝိဇ္ဇာ ဘုန်းကြီးများကြောင့် ဗုဒ္ဓပွင့်ရာ အိန္ဒိယ၌ သာသနာ အမြစ်ပြတ် ကွယ်ပသွားခဲ့ရသည်ကို မမေ့သင့်ကုန်။

## မလွှဲနိုင်သောကံနိုးသေလမ်း

ကျေးဇူးရှင် ဆရာတော်ဘုရားကြီး အရှင်ဦးဥတ္တမသာရ၏ ဇွဲ သတ္တိ လုံ့လ ဝီရိယသည် အလောင်းတော်ကြီးများအလား ကြီးမားကြံ့ခိုင်သကဲ့သို့ အသိအမြင်လည်း ရှင်းလင်း ပြတ်သား လှပါသည်။ မည်သည့်အခါမျှ၊ မည်သည့် အကြောင်းကြောင့်မျှ ယိမ်းယိုင်လိမ့်မည်မဟုတ်ပါ။ သို့ရာတွင် အမျိုးမျိုးသော ကော လာဟလများနှင့် ဒွေးရောယှက်တင်မှုများကြောင့် ဒကာ ဒကာမ များ နားယောင်ရှုပ်ထွေးကာ ထွက်ရပ်ပေါက် ဆရာတော်ကြီး အဖြစ် အကိုးကွယ်မှားသွားမည်ကို စိုးရိမ်ရပါသောကြောင့် ဤမျှ ရှည်လျားစွာ ရေးသားရခြင်းဖြစ်ပါသည်။ သည်းခံ ဖတ်ရှုသည့် အတွက် ကျေးဇူးတင်ပါသည်။

ဆရာတော်ကြီး နှစ်ပေါင်းများစွာ စွန့်စွန့်စားစား သည်းပူးထားသော၊ စင်ကြယ်မြင့်မြတ်သည့် သီလ သမာဓိ ပညာ (အနုသာသနီ ပါဋိဟာရိယ) စွမ်းရည်များကလည်း ထူးခြားနေပါသဖြင့် ခွဲခြားကြည့်ရှုတတ်ရန်လိုပါသည်။ စင်ကြယ်မြင့်မြတ်သော ပင်ကိုယ်စွမ်းရည်များမှာလည်း ဆရာတော်ကြီး၌ အဘယ်အတိုင်းအတာအထိ ရှိမည်ကို စာရေးသူတို့ ဉာဏ်ဖြင့် အလှမ်းမမီနိုင်ပါ။

“တတိယကမ္ဘာစစ်ကြီး မဖြစ်စေရဘူး။ မဖြစ်အောင် ဟားခဲ့သည်မှာ အနှစ် ၂၀-ကျော်ပြီ” ဟူပင် သီဟနာဒ ရဲရင့်စွာမိန့်ကြားလေ့ရှိပါသည်။ “အာနာပါန အလင်းနိမိတ်ကို မှတ်တတ်လျှင် ခန္ဓာကိုယ်ကြီးပါ လိုက်ပါ၍ရသည်” ဟူလည်း ရံခါ ရဟန်းတော်များအား အမိန့်ရှိသည်ကို မှတ်သားရဖူးပါသည်။

ဆရာတော်ကြီးလမ်းညွှန်ပြသော (အပဏ္ဏက ပဋိပဒါ—ဘယ်လိုမှမလွဲနိုင်သည့်)တရားတော်များကိုသာ စိတ်ချယုံကြည်စွာ ကျင့်ကြံလိုက်နာခြင်းအားဖြင့် သတ္တလောကကြီး တစ်ခုလုံးအား ချမ်းသာမှုပေးနိုင်သော စစ်မှန်သည့် ကိန်းသေ လမ်းကိုသာ မမှိတ်မသုန် လျှောက်ကြပါကုန်စို့။

အသိမှန်ရ၍ ချမ်းသာကြပါစေ။

နိဗ္ဗာနပစ္စယော ဟောတု—

ဒွေးလှိုင်


(ဓမ္မာစရိယဦးဒွေးလှိုင်)

ကဆုန်လဆန်း ၈-ရက်၊

၁၃၃၀-ပြည့်နှစ် (၂၃၊ ၄၊ ၆၈)

ရန်ကုန်မြို့။

“ကံကောင်းခြင်း၊ ကံဆိုးခြင်းကို ဘယ်သူကမှ
လာရောက်ဖန်တီးပေးခြင်း မဟုတ်ဘူး။ ကိုယ့်က
ကိုယ်သာလျှင် ဖန်တီးနေကြခြင်း ဖြစ်တယ်....”



# ကမ္ဘ နိယာမ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

# ၁။ ကမ္မိယာ

## သတ္တဝါတွေ ကံတရားကိုယ်စီနှင့် သံသရာခရီးသွားနေကြသည်။

သံသရာဆိုတာ—

"သတ္တဝါတွေ အနားမရှိ အစဉ်တစိုက်သွားနေကြသော သံသရာခရီးဆိုတာ ကျပ်းဂန်သုံး စာစကားဖြင့် ပြောရလျှင် ခန္ဓာ, အာယတန, ဓာတ်တို့၏ အစဉ်မပြတ် ဖြစ်နေခြင်းကို ခေါ်ဆိုသည်။"

ရပ်သုံးရွာသုံး လူကိုင်းနားလည်သော စကားဖြင့် ပြောရလျှင် ဘဝတွေ အဆက်မပြတ် ဖြစ်၍ပျက်၍ ရပ်နားခြင်းမရှိ သွားနေကြပုံ ပြောဆိုခြင်းဖြစ်တယ်။

ဘဝတစ်ခုတွင် အစပိုင်းမှာ ပဋိသန္ဓေတည်ပြီး ဘဝတစ်ခု ဖြစ်လာတယ်၊ ဆက်၍ ဇရာတရားက တာဝန်ယူလာတယ်၊ ရင့်လာမယ်၊ ကြီးလာမယ်၊ တဖြည်းဖြည်း ရင့်ကျက်လာရင်း အိုခြင်းအပိုင်းကျရောက်လာမယ်။

အဲဒီအချိန်ပိုင်းတွေထဲမှာ ဗျာဓိခေါ်သော ရောဂါအမျိုးမျိုးတွေက ဝင်ရောက်နှိပ်စက်ခြင်းပြုကြမယ်။ဖျားနာခြင်း စသော ရောဂါမျိုး(၉၈)ပါးတို့က အချိန် ကန့်သတ်ချက်မရှိ၊ သူတို့ ဝင်ချင်တဲ့အချိန်ဝင်လာမယ်၊ နှိပ်စက်ချင်သလောက် ရုပ်ခန္ဓာကိုယ်ကို နှိပ်စက်ကြမယ်၊ အချိန်ပေါင်းလဲ ကန့်သတ်ချက်မရှိဘူး။

ဇာတိ၊ ဇရာ၊ ဗျာဓိ တရားတွေ နှိပ်စက် ခံကြရပြီး နောက်ဆုံးတော့ မရဏ တရားဝင်လာလို့ သေခြင်းသို့ ရောက်ရ တယ်။ အဲဒီအခါမှာ သတ္တဝါတစ်ဦးရဲ့ ဘဝတာခရီးအပြီးသတ် သွားပြီ၊ ဆုံးသွားပြီလို့ ပြောတတ်ကြတယ်။ အမှန်မှာ အဆုံး သတ်ခြင်း မဟုတ်ပါ။ ဘဝသစ်တစ်ခုသို့ကူးပြောင်းကာ ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏ ဒုက္ခတွေ သယ်ဆောင်ပြီး ခရီးဆက်သွား နေရခြင်းသာ ဖြစ်တယ်။

ဒီဘဝ ပြီးပြန်တော့ နောက် တစ်ဘဝ ဆက်ရဦးမယ်။ အဲသလို ဘဝတွေအနားမရှိ အနားမရဘဲ ဆက်ကာ ဆက်ကာ ဘဝတည်းဟူသော ခရီးရှည်ကြီးသွားနေကြရတာကိုပဲ 'သံသရာ' လို့ ပြောဆိုကြတယ်။

သံသရာခရီးလို့ဆိုဆို၊ ဘဝသံသရာလို့ပြောပြော၊ အဲသလို ပြောဆိုရိုးပြုနေကြတာဟာ အဆိုပါ ဘဝတွေ ဆက်လက်ဖြစ်ပွား ရပ်နားခြင်းမရှိသော ဖြစ်နေပုံကို ပြောခြင်းဖြစ်တယ်။

သံသရာရေယဉ်ကြောမျောနေကြတယ်ဆိုရာမှာ ဘဝတွေ တစ်ဆက်ထဲ၊ တစ်စပ်ထဲ ရွေ့ရှားသွားနေရခြင်း သဘောကို မြစ် ရေ၊ ချောင်းရေထဲ သစ်တုံးတွေ၊ ဒိုက်ပုံတွေမျောပါနေကြပုံနှင့် အဘူတူပါပဲလို့ တရားသံပါပါပြောခြင်း ဖြစ်တယ်။

## ကံတရားသာ ကိုယ်ပိုင်ဥစ္စာ

**သဗ္ဗေသတ္တာ ကမ္မဿကာ** -

"သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ သတ္တာ၊ သတ္တဝါတို့သည်။ ကမ္မဿကာ၊ ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိကြကုန်၏။"

သံသရာ တစ်ခွင်မှာ ကျင်လည်နေကြရတဲ့ သတ္တဝါတွေ အားလုံး ကံသာလျှင် ကိုယ်ပိုင်ဥစ္စာ ရှိကြတယ်။ ကံမှလွဲပြီး အခြား ကိုယ်ပိုင်သော ဥစ္စာမရှိကြဘူး။ ဒီလို နားလည်ထားကြ ရမယ်။

([illegible])ရွှေ-ငွေ-ကျောက်မျက်ရတနာ စသော အဖိုးတန် ဥစ္စာများ၊ [illegible] အိမ် လယ်ယာ ခြံမြေ၊ နွား ကျွဲ ဆင် မြင်း ကား ရထား သင်္ဘော လှည်း လှေ စက်ရုံ အလုပ်ရုံ စသော (ဗာဟိရ) ကိုယ်ခန္ဓာရဲ့ အပြင်ပ၌ ရှိကြသော ပစ္စည်းဥစ္စာတွေဟာတော့ ရန်သူ မျိုးငါးပါးနှင့် သက်ဆိုင်လျက် ရှိကြတယ်။ ဒါကြောင့် ကိုယ်ပိုင် ဥစ္စာလို့ မဆိုနိုင်ဘူး။

ရေ၊ မီး၊ မင်း၊ ခိုးသူ၊ မချစ် မနှစ်သက်သော အမွေခံ သားဆိုး သမီးဆိုး ဒီ ၅-မျိုးကို ရန်သူမျိုး ငါးပါးလို့ ခေါ်တယ်။

ဗာဟိရပစ္စည်း ဥစ္စာမှန်သမျှ ရန်သူမျိုးငါးပါးနှင့်ဆက်စပ် လျက်ရှိသောကြောင့် ရေမျောပါနိုင်တယ်၊ မီးလောင်သွားနိုင် တယ်၊ မင်းဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်တယ်၊ သူခိုး ဓားပြတို့က ခိုးယူနိုင်တယ်၊ တိုက်ခိုက်ယူသွားနိုင်တယ်၊ အမွေခံ သားဆိုး၊ သမီးဆိုးတွေက သုံးဖြုန်း ဖျက်ဆီးပစ်မယ်။ ဒါကြောင့်မို့ စိတ်ချ ရသော ကိုယ်ပိုင် ဥစ္စာမျိုး မဟုတ်ဘူးလို့ ဆိုလိုခြင်း ဖြစ်တယ်။

မိမိပြုလုပ်ထားတဲ့ ဒါနကုသိုလ်ကံ၊ကျင့်သုံးဆောက်တည် ထားတဲ့ သီလကုသိုလ်ကံ၊ ပွားများ အားထုတ်ထားတဲ့ သမထ ဝိပဿနာ ဘာဝနာ ကုသိုလ်ကံ၊ ဒါတွေကမှ ကိုယ်ပိုင် ဥစ္စာ၊ ရေမမျောနိုင်ဘူး၊ မီးမလောင်နိုင်ဘူး၊ မင်းဘဏ္ဍာ အဖြစ် မသိမ်း ဆည်းနိုင်ဘူး၊ သူခိုး ဓားပြ အမွေခံဆိုးတို့ကလဲ လုယူခြင်း ဖျက် ဆီးခြင်း မပြုနိုင်ဘူး၊ ဒါကမှ ကိုယ်ပိုင်ဥစ္စာ အစစ်ဖြစ်တယ်လို့ ရှင်းစွာ နားလည်ထားကြရမယ်။

## ကံတရားသုံးမျိုး

ကံတရားကို မိမိကိုယ်တိုင်က ဖန်တီးယူခြင်း ဖြစ်တယ်၊ သူတစ်ပါးကလာ၍ ဖန်တီးပေးရခြင်း မဟုတ်ဘူး။

ကိုယ်ဖြင့်ပြုတဲ့ ကာယကံက တစ်မျိုး၊ နှုတ်ဖြင့်ပြောဆိုရတဲ့ ဝစီကံက တစ်မျိုး၊ စိတ်ဖြင့် ကြံစီတွေးတောရတဲ့ မနောကံက

တစ်မျိုး သုံးမျိုးရှိတယ်။ လူတို့သည် နေ့ရှိသ၍ ထိုကံသုံးမျိုးကို အမြဲဖန်တီးနေကြတယ်။ ပုံမှန်ဖန်တီးပြီး သံသရာ ခရီးရှည်ကြီးကို အနားမရှိသွားနေကြရခြင်းဖြစ်တယ်။ဒါ့ကြောင့် ကိုယ်ပိုင်ဆိုင်တဲ့ ကံတရားသုံးပါးကိုသာ ကောင်းမြတ် စင်ကြယ်အောင် ဖန်တီးပြီး နေထိုင်သွားတတ်ကြရမယ်။ တစ်နေ့ထက် တစ်နေ့ ကောင်းသည်ထက် ကောင်းအောင် မြတ်သည်ထက် မြတ်လာအောင် စင်ကြယ်သည်ထက် စင်ကြယ်လာအောင် လေ့ကျင့်ကြရမယ်လို့ ဆိုလိုတယ်။

## စေတနာသည် ကံတရားအစစ်

လူအများက "ဘယ်သူဟာ ကံကောင်းတယ်၊ ဘယ်သူဟာ ကံဆိုးတယ်"လို့ ပြောဆိုလေ့ရှိကြတယ်၊ ကံကောင်းခြင်း၊ ကံဆိုးခြင်းကို ဘယ်သူကမှ လာရောက်ဖန်တီးပေးခြင်းမဟုတ်ဘူး။ ကိုယ့်ကံ ကိုယ့်သာလျှင် ဖန်တီးနေကြခြင်း ဖြစ်တယ်ဆိုတာ နားလည်ကြရမယ်။

ကံတရားလို့ပြောလေ့ရှိကြရာမှာလဲ ကံတရား အစစ်ဟာ ဘာကိုဆိုလိုသလဲဆိုတာ ဆုပ်ကိုင်၍ပြစမ်းပါလို့မေးခဲ့လျှင် မြတ်စွာဘုရားရှင်က 'စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ'လို့ ဟောကြားတော်မူခဲ့တယ်။

"ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ စေတနံ၊ စေတနာကို။ ကမ္မံ၊ ကံဟူ၍။ အဟံ၊ ငါဘုရားသည်။ ဝဒါမိ၊ ဟောတော်မူ၏"တဲ့။

ထို့ကြောင့် ကံတရားဆိုတာ မိမိတို့၏ စိတ်ရင်းထဲမှ ဖြစ်ပေါ်လာကြတဲ့ စေတနာပင်ဖြစ်တယ်၊ စေတနာဆိုတာ ကံတရား အစစ်ပဲ။

စေတနာကောင်းလျှင် ကံကောင်းမယ်၊ စေတနာဆိုးလျှင် ကံဆိုးမယ်၊ စေတနာယုတ်လျှင် ကံယုတ်မယ်၊ စေတနာမြတ်လျှင် ကံမြတ်မယ်၊ စေတနာဖြောင့်လျှင် ကံဖြောင့်မယ်၊ စေတနာ

ကောင်းလျှင် ကံကောင်းမယ်၊ စေတနာ[illegible]လျှင် ကံ[illegible]မယ်၊ စေတနာချေးလျှင် ကံချေးမယ်၊ စေတနာစင်ကြယ်လျှင် ကံစင်ကြယ်မယ်၊ စေတနာညစ်ပတ်လျှင် ကံညစ်ပတ်မယ်၊ စေတနာဖြူလျှင် ကံဖြူမယ်၊ စေတနာမဲလျှင် ကံမဲမယ်၊ စေတနာမြင့်လျှင် ကံမြင့်မယ်၊ စေတနာနိမ့်လျှင် ကံနိမ့်မယ်၊ အဲဒါကို မြဲမြဲမှတ်ထားကြပါ။

အရှင်းဆုံး အပေါ်လွင်ဆုံး ဥပမာတစ်ခု ပြောရမယ်ဆိုလျှင် ပိမိရဲ့ရေတည့်တည့်မှာ ကိုယ်လုံးပေါ် မှန်ကြီးတပ်ချပ်ချပြီးကြည့်ပါ။ မိမိက ပြုံးပြီးကြည့်လျှင် ပြုံးနေတဲ့ပုံကိုတွေ့ရမယ်။ မဲ့ပြယင် မဲ့နေတာကိုပဲ တွေ့မြင်ရလိမ့်မယ်။ အဲဒီပုံသဏ္ဌာန်ကို မိမိမှတင်ပါး အပြင်ပက ဘယ်တန်ခိုးရှင်၊ ဘယ်ဘုရားသခင်ကမှ ဖန်ဆင်းပြီးပြလာကြတာ မဟုတ်ဘူး။

ဗုဒ္ဓသာသနာတော်က ပြောတဲ့ကံတရားဆိုတာ ဒါပါပဲ။

သတ္တလောကကြီးအတွင်းမှာ ကိုယ့်ကံ ကိုယ်ကြိုက်သလို ဖန်တီးနိုင်ကြတယ်၊ ကိုယ်ကြိုက်သလို ဖန်တီးယူနေကြခြင်း ဖြစ်တယ်။

## ကိုယ့်ကံ ကိုယ်ဖန်တီးနိုင်ရမယ်

အထက်ပါမူသေကံ၏ အခြင်းအရာကို သိတားကြလျှက် မိမိတို့ရဲ့ကံကို မိမိတို့ကြိုက်သလိုဖန်တီးယူနိုင်ကြောင်း နားလည်ကြရမယ်။

အမှန်မှာ နားလည်သူဖြစ်စေ၊နားမလည်သူဖြစ်စေ ကိုယ်၏ကံကို နေ့စဉ်ကိုယ်တိုင် ဖန်တီးယူနေကြသူချည်း ဖြစ်ကြတယ်။

ဤစကားမှန်ကန်ကြောင်း လူ့လောကကြီးတစ်လျှောက်လုံးကို သတိပြုကြည့်ရှုလေ့လာပါက အရှင်းသား မြင်ရတွေ့ကြရပါလိမ့်မယ်။

ထို့ကြောင့် 'ကိုယ့်ကံ ကိုယ်ဖန်တီးနိုင်ရမယ်'လို့ ဆိုရိုးစကားရှိနေခြင်းဖြစ်တယ်။

လူအချို့က 'ကိုယ့်ကြမ္မာကိုယ်ဖန်တီးနိုင်ရမယ်' လို့ ပြောဆိုတတ်ကြရာ၊ ဒီစကားမှားနေတယ်၊ ပြောဆိုလိုရင်းက ကိုယ့်ကံကိုယ်ဖန်တီးနိုင်ရမယ်လို့ ပြောခြင်းဖြစ်တယ်။

'ကြမ္မာ' ဆိုသည်မှာ ဂြိုဟ်ဆိုးကိုပြောခြင်းဖြစ်သောကြောင့် မပြောထိုက်ပါ၊ ကိုယ့်ကြမ္မာ ကိုယ်ကိုင်ငင်၍၊ သေချင်းဆိုးနှင့်ကြုံတွေ့ကြရတယ်ဆိုသောစကားနှင့်အတူတူပင်ဖြစ်တယ်၊ ထို့ကြောင့် ဘယ်သူမှ မပြောကြနှင့်၊ မပြောထိုက်ဘူးလို့ နားလည်ထားကြပါ။

## မုခ မင်္ဂလာရှိပါစေ

လူတို့ရဲ့နှုတ်မှ နေ့စဉ်ပြောဆိုနေကြသော စကားအားလုံးဟာ ဝစီကံဖြစ်ကြတယ်၊ ကောင်းစွာပြောဆိုသော စကားသည် ဝစီကံကောင်းဖြစ်တယ်၊ မကောင်းသော နှုတ်ထွက်စကားသည် ဝစီကံဆိုးဖြစ်တယ်၊ ဝစီကံကောင်း ရှိသူသည် မိမိအတွက် ကောင်းကျိုး ဖြစ်ပေါ်လာတယ်၊ ဝစီကံဆိုးရှိသူသည် မိမိအတွက် မကောင်းကျိုးနှင့် တွေ့ကြုံရမယ်မှတ်၊ ဘာ့ကြောင့်လဲဆိုလျှင် မိမိ၏နှုတ်ကိုက မကောင်းကျိုးရစေရန်၊ ဝစီကံနှုတ်ထွက်ဆိုးအောင် ဖန်တီးလိုက်မိသောကြောင့်ဖြစ်တယ်။

ဒါ့ကြောင့် ကောင်းကျိုးကိုရလိုလျှင် ကောင်းသောစကားကိုသာ ပြောဆိုရမယ်၊ ကောင်းသောစကားကိုပြောလျှင် ပတ်ဝန်းကျင်မှ ကောင်းသော စကားပြောသံ ကြားရမယ်၊ ကောင်းသောစကား ကြားရသူအများက နှစ်သက်လာမယ်၊ လူတို့သည် ကောင်းသောစကားသံကို ကြားချင်ကြရိုးဖြစ်တယ်၊ မကောင်းတဲ့စကားကို မကြားချင်ကြပါ၊ မကောင်းတဲ့စကား ပြောဆိုတတ်သူကိုလည်း မနှစ်သက်ကြပါ။

စကားကောင်းပြောဆိုတတ်သူကို လူအများက ချစ်ခင်တတ်ကြတယ်၊ မြတ်နိုးတတ်ကြတယ်၊ လေးစားတတ်ကြတယ်၊ အထင်ကြီးတတ်တယ်၊ တွေ့ဆုံချင်ကြတယ်၊ သူပြောသောစကားကိုလဲ လိုက်နာလွယ်ကြတယ်။

မကောင်းတဲ့စကား ပြောဆိုသံကြားရလျှင် စိတ်ပျက်ကြတယ်၊ စိတ်မကြည်လင်ကြဘူး၊ စိတ်ပချမ်းမသာဖြစ်တတ်ကြတယ်။

ကောင်းသောစကားကို ပြောဆိုသံကြားရလျှင် စိတ်ကြည်လင်ကြတယ်၊ စိတ်ချမ်းသာမှုကိုရကြတယ်၊ ဒါ့ကြောင့် စကားကောင်း ပြောဆိုလေ့ရှိသူကို လူအများက ချစ်ခင်ကြ၊ လေးစားကြမဲ့ဖြစ်တယ်။

စကားဆိုးပြောဆိုတတ်သူကို အများက မကြိုက်ကြပါ၊ ယိုသူကို အထင်အမြင်သေးကြတယ်၊ မုန်းတီးသူပင် ပေါတတ်ကြတယ်၊စကားကောင်းပြောဆိုတတ်သူကို လူအများက အထင်ကြီးကြတယ်၊ ချီးမွမ်းလေ့ရှိကြတယ်၊ မုန်းစိတ်မရှိကြပါ၊ အဆွေခင်ပွန်းအဖြစ် ပေါင်းဖော်လိုကြတယ်။

ဒါ့ကြောင့် လူတို့သည် မိမိတို့နှုတ်မှ ဝစီကံကောင်းအောင် စကားကောင်းပြောကြပါ၊ နှုတ်မှထွက်သော စကားသံသည် မင်္ဂလာရှိကြပါစေလို့ အကြံပေးတိုက်တွန်းလိုပါတယ်။

လူတို့၏နှုတ်မှ မကောင်းသောစကားကို ပြောဆိုနေတတ်သူသည် နောင် တစ်နေ့နေ့တွင် မကောင်းကျိုး ဖြစ်ပေါ်လာဖို့ မကောင်းသော ဂြိုဟ်ဆိုး နိမိတ်တပေါင်သံဆိုရွတ်နေခြင်းသဘောဖြစ်တယ်၊ ကောင်းသော စကားကိုသာ အစဉ်သဖြင့် ပြောဆိုနေတတ်သူ၊ ပြောဆိုလေ့ရှိသူသည် သူ၏ ရှေ့အတွက် ကောင်းကျိုး ချမ်းသာ မင်္ဂလာနှင့်ပြည့်စုံလာရမယ်လို့ ဟောကိန်းထုတ်နေခြင်းသဘော သက်ရောက်တယ်။

ထို့ကြောင့် လူကောင်း သူကောင်း ဖြစ်ချင်ကြသူတိုင်း မိမိတို့၏ နှုတ်ထွက်စကားကို သတိထားပြီး မုခ မင်္ဂလာဖြစ်အောင် ကောင်းသော စကားကိုသာ ပြောကြရန် အကြံပေး တိုက်တွန်းရခြင်းဖြစ်တယ်။

## ကံတရား၏ အကျိုးပေးချိန် ဥပမာ

လူတို့ ပြုလုပ်ပြောဆိုနေကြသော ကံတရားသည် အချိန်နှင့်လိုက်၍ အကျိုးပေးတတ်ကြတယ်။ လူတို့က စိုက်ပျိုးထားသော စားသုံးပင်များကဲ့သို့ သဘောအားဖြင့် တူကြတယ်။

မိုးဦးပိုင်းက စိုက်ပျိုးထားသော စားသုံးသစ်ပင်များသည် သူ့အမျိုးအစားအလိုက်—

- မိုးလယ်ပိုင်းအခါ အရွက် သီးပွင့် စားသုံးရတာလဲရှိတယ်၊
- မိုးနှောင်းပိုင်း ဆောင်းဦးပေါက်ကျမှ စားသုံးရတာလဲရှိတယ်၊ ဒါမှမဟုတ်၊ မိုးကုန်ပြီးနောက် နွေဦးပိုင်းကျမှ စားသုံးရတာလဲ ရှိတယ်၊
- ထိုနှစ်အတွင်းစားသုံးနိုင်ခြင်းမရှိဘဲ နှစ်လွန်ပြီး နောင်နှစ် အနည်းငယ် လွန်ပြီးခါမှ အရွက် အပွင့် အသီး စားသုံးရတာလဲ ရှိတယ်။

လူတို့ ပြုလုပ်ဖန်တီးထားကြသော ကံတရား၊သုံးမျိုးဟာလဲ အကျိုးပေးသောအချိန်ပိုင်း (ပါက ကာလ) အားဖြင့် ခြားနားကြတယ်။

### ပါက ကာလ

(၁) မိုးဦးက စိုက်ပျိုးထားသော စားသုံးပင်များသည် မိုးလယ်ပိုင်း အချိန်တွင် စားသုံးကြရသလို၊ ပထမအရွယ်၌ ပြုလုပ်ထားသော ကံတရားသည် ဒုတိယအရွယ် လူလတ်ပိုင်း အသက်(၃၀-ရွယ်၊ ၄၀-ရွယ်၊ ၅၀-ရွယ်)အချိန်ပိုင်းအတွင်းအကျိုးပေးတတ်တယ်၊

(၂) မိုးဦးကစိုက်ပျိုးထားရာ မိုးနှောင်းကာလ၊ ဆောင်းရာသီအချိန်တွင် စားသုံးကြရသလို၊ တတိယ အရွယ်အသက် ငါးဆယ်ကျော်မှ အသက် (၇၅) နှစ်ရွယ် အချိန်ပိုင်းတွင် အကျိုးပေးတတ်တယ်။

(၃) ပိုးဦးက စိုက်ပျိုးထားရာ ပိုးကုန်ပြီးနောက်၊ နွေဦး ပေါက်ရောက်မှ စာ ကုံးကြရလေ့ကဲ့သို့ စပျစ်ပင်မှာရှယ် အသက်(၇၅)ကျော်မှ သည် အသက် (၈၀) ရှယ်၊ (၉၀)ရှယ်(၁၀၀)ကျော်း ကာလ အချိန်ပိုင်း ရောက် မှလဲ အကျိုးပေးတတ်ကြတယ်။

(၄) ကိုးနှစ်စိုက်သော သစ်ပင်က ဝါနှစ်အကုင်း စားသုံး ရခြင်း မရှိသေးမူ၍ နှစ်လွန်ပြီး ကာလ၊ နောင်နှစ် များရောက်ခါမှ သီးပွင့်ကြသော သစ်ပင်မျိုးကဲ့သို့၊ ထိုဘဝလွန်ပြီး၊ နောက်ဘဝရောက်ခါမှ အကျိုးပေး တတ်သော ကံတရားလည်း ရှိတတ်ကြတယ်။

"ကမ္မံ သတ္တေ ဝိဘဇတိ"

"ကမ္မံ၊ ကံ တရားသည်။ သတ္တေ၊ သတ္တဝါတို့ကို။ ဝိဘဇတိ၊ အကျိုးသွားကို ပိုင်းခြားဝေဖန်တတ်၏။" ဆိုရာမှာ ကောင်းမှုပြုသူအား ကောင်းကျိုးကို ဖြစ်စေတယ်။ မကောင်းမှု ပြုသူအား မကောင်းကျိုးကို ဖြစ်စေတယ်လို့ ခွဲခြား နားလည် ကြရပါမယ်၊ အမြို့နဲ့အမည်း ကွဲအောင် ကတ္တားခြားပေးတာ ကံတရား။ ဥပမာ

ပါဏာတိပါတကံ- သတ္တဝါတို့ အသက်သတ်ခြင်းကံကို ပြုထားသူ၊

အဒိန္နာဒါနကံ- သူတပါး ဥစ္စာခိုးယူခြင်းကံ စသည်ကို ပြုထားသူတို့သည် ရဲကျခြင်း၊ တစ္ဆာန်ဖြစ်ခြင်း၊ ပြိတ္တာဘဝ ရောက်ခြင်း စသော မကောင်းကျိုးကို ခံယူကြရမှာဖြစ်တယ်၊

— ပေးကမ်းလှူဒါန်းခြင်း ဒါန ကုသိုလ်ကံကိုပြုထားသူ၊
— ငါးပါး, ရှစ်ပါး စသော သီလ ကုသိုလ်ကံကို ပြု ထားသူ၊
— ဘာဝနာကုသိုလ်ကို ပွားများကျင့်သုံးထားသူတို့သည် ကောင်းကျိုးချမ်းသာကို ခံစားကြရမှာဖြစ်တယ်။

## အိုနာကျိုးကန်း

ကံတရားကို မယုံကြည်၍မဖြစ်ပါ၊ ကံ၏ သဘာဝသည် ယုံသူကိုဖြစ်စေ၊မယုံကြည်သူကိုဖြစ်စေအကျိုးပေးထိုက်သောအချိန် ရောက်လာလျှင် အကျိုးပေးခြင်းခံ စံရမည်မှာ ကေန်မလွဲ ဖြစ် တယ်။

ထိုသူပြုလားသော မကောင်းမှုကံသည် ထိုသူအား အချိန် ကျသောအခါ မကောင်းကျိုးပေးခြင်းခံရပုံ လက်တွေ့ ဝတ္ထု ကြောင်းတစ်ခု ဒီနေရာမှာ ဖော်ပြမယ်။

ရှေးအခါ ဘုန်းကြီး ကျောင်းသား အရွယ်၊ ကိုရင် အရွယ်၊ ရဟန်းငယ်ဘဝတုန်းဆီက အထက်မြန်မာပြည်၊ ရွှေဘို ခရိုင် ဒီပဲယင်းမြို့နယ်တွင်းရှိသော ရွာသစ်ရွာကြီး သိမ်ကျောင်း ဘုန်းတော်ကြီး ဦးတေဇဝန္တကျောင်းထိုင်လျက်ရှိရာ ဝိနည်းလေး စားပုံနှင့် အနေအထိုင်ရိုးသားပုံကြောင့် ရဟန်းမျှင်လူ ရိုသေကြ ပုံကို ကိုယ်တွေ့မြင်ခဲ့ရဖူးတယ်။

ဘုန်းကြီး ဦးတေဇဝန္တဟာ ငယ်ရွယ်စဉ် လူပျိုပေါက်ဘဝ အချိန်တုန်းက သူ့ရဲ့မိုက်မဲခဲ့ပုံကို ဘုန်းကြီးရဲ့ ငယ်ဆရာတော်ကြီး ဦးဝိလာသ ပြောပြ၍ သိရဖူးတာက....

သူ့ကို မိဘများက စာသင်ကြားဖို့ ကျောင်းထားတယ်၊ ကျောင်းမနေဘူး။ ထိုအချိန် အထက်မြန်မာပြည် တောရွာများ မှာ ဘုန်းကြီးကျောင်းတစ်မျိုးထဲသာရှိလို့ ကျောင်းသားများကို ဘုန်းကြီးကျောင်းမှာပဲ ပညာသင်ကြားပေးကြတယ်၊ သူဟာ ကျောင်းမှ ထွက်ပြေးပြီး တောထဲ၌ ဝက်ယောက်ထဲ လှည့်လည် ပုန်းအောင်းနေတယ်၊ ရွာထဲက ဆန်ဆီဆားကို ခိုးယူပြီး သူ့ ဖာသူ ချက်ပြုတ်စားသောက်တယ်၊ ပြ[illegible]ချိန်ရှိသမျှ တောတိရစ္ဆာန် အများ၊ ငှက်အမျိုးမျိုးနှင့် ယုန်-[illegible]-ဖွတ် ပဒတ်-လိပ်-တောကြွက် စသည်တို့ကို လိုက်လံရှာဖွေဖမ်းယူပြီး ရက်စက်စွာ သတ်ဖြတ် စားသောက်နေခဲ့တယ်။

ဖပ်ဆီးရသမျှထဲက တစ်နေ့စာ မကုန်သော သတ္တဝါများကိုခြေယောက်ရိုက်ချိုးထားခြင်း၊ မျက်စိထိုးဖေါက်ထားခြင်း၊ အတောင်ပံရိုက်ချိုးထားခြင်း၊ ဖွတ်-ပဒပ်များကို အမြည်းချင်းချည်နှောင်ပြီး ထွက်မပြေးနိုင်အောင် အသနားမဖက် ရက်စက်စွာ ချုပ်နှောင်ထားတယ်လို့သိုတယ်၊ ထိုပကောင်းမှုကံများက သူ့အား တစ်နေ့တွင် အကျိုးပေးမည်ကို သူမသိပါ။

## သံဝေဂရချိန်ရှိ၏

ဘုန်းကြီးဦးတေဇဝန္တ ငယ်ရွယ်စဉ် ကျောင်းသားကြီး ဘဝအချိန်ပိုင်းတွင် အပွန်မိုက်မဲပေတေခဲ့သော်လည်း လူပျိုကြီး ဘဝအရွယ်ရောက်လာတဲ့အခါ မိုက်မဲချင်စိတ်မရှိတော့ဘူး၊ ဘုန်းကြီးကျောင်းသို့ သူ၏စိတ်ဆန္ဒအလျောက် လာရောက်နေတယ်၊ ကောင်းမွန်စွာနေပြီး စာတတ်အောင်ကြိုးစားသင်ယူတယ်၊ ထို့နောက် ရှင်ပြု၍ ကိုရင်ဝတ်နှင့်နေပြီး ရဟန်းပြုလာတယ်၊ ရဟန်းပြုပြီးပြန်တော့လည်း စာတတ်အောင်သင်ချင်တဲ့ဆန္ဒပြင်းပြလာလို့ မန္တလေးမြို့ပေါ်ရှိ စာသင်တိုက်များနှင့် စစ်ကိုင်းတောင်ရိုးစာပေ ကျမ်းဂန်တတ်အကျော် ဆရာတော်ကြီးများထံပါး ချဉ်းကပ်ပြီး ကောင်းစွာသင်ယူခဲ့တယ်။

အဲသည်နောက် သူ့ရဲ့ ငယ်ဆရာတော်က အပင့်ခိုင်းလို့ ဒကာကြီးများလိုက်ပင့်ကြတယ်၊ လိုက်ပါခဲ့ပြီး အဆိုပါရွာသစ်သိမ်ကျောင်းမှာပဲ တစ်သက်ပန် ကျောင်းထိုင်ဘုန်းကြီးဖြစ်လာရတယ်။

## ကံတရား၏ အကျိုးပေးချိန်

ကံတရားဟာ အချိန်နှင့်လိုက်ပြီး အကျိုးပေးတတ်တယ်ဆိုတာ အင်မတန်မှန်တယ်၊ ဘုန်းကြီး ဦးတေဇဝန္တသည် စာပေကျမ်းဂန်တတ်ပြီး အနေအထိုင်ကောင်း ပုဂ္ဂိုလ်တပါးဖြစ်လို့ ရပ်ရွာနယ်ပယ်က ကြည်ညိုလေးစားကြတယ်။

ဒုတိယအရွယ်ကာလပိုင်းအချိန် အသက် သုံးဆယ်ရွယ်၊ လေးဆယ်ရွယ်မှ ငါးဆယ်ရွယ်တိုင်အောင် ကျန်းမာရေးကောင်းပါတယ်။ တောင့်တင်း၍ပြည့်ဖြိုးသော ကိုယ်ခန္ဓာရှိတယ်၊ ဣရိယာပုထ် ခိုင်မာပြီး တွေးတောစိုးရိမ်ဘွယ်ရာ ကျန်းမာရေးနှင့် စပ်လျဉ်းလို့ ဘာမှ ပူပန်စရာမရှိဘူး။

အဲ....တတိယအရွယ်ပိုင်း အသက် ငါးဆယ် ကျော် လဲ ရောက်လာရော် ကျန်းမာရေးတစ်စတစ်စ ချို့ယွင်းစပြုလာတယ်။ သူလုပ်ခဲ့တဲ့ ကံတရားက နှုတ်ဆက်လာပြီကိုး။

ရုံခါ မျက်စိနာတယ်။ ဒူးနာတယ်၊ ခါးနာတယ်၊ သူ လက်လှမ်းမှီရာ ဆေးနည်းအမျိုးမျိုး ကောင်းနိုးရာရာ ကိုယ်တိုင် စီမံဖော်စပ်ပြီး အမြဲစားသုံးမှီဝဲနေရပြီ။ ရောဂါ အခြေအနေ အလွန်ကြီးမဆိုးလှသေးဘဲ နေသာထိုင်သာရှိတယ်လို့ ထင်ရတယ်။

အချိန်နှင့်လိုက်၍ ကျန်းမာရေးအခြေအနေ ကောင်းမွန်လာခဲ့ပြီလို့တော့ မဆိုနိုင်ဘူး။ အသက်အရွယ် တတိယပိုင်း၊ ငါး ဆယ်ကျော်လို့ စတုတ္ထပိုင်းအချိန် ခြောက်ဆယ်ရွယ်အတွင်းသို့ဝင် ရောက်လာသောအခါ ကျန်းမာရေးအခြေနေ ဆိုးလာတယ်၊ မျက်စိနာရောဂါ ဦးစွာဆိုးလာတယ်။

တဖြည်းဖြည်းနှင့် မျက်စိနာပုံမှာ လုံးဝကွယ်သွားတဲ့အထိ ရောက်လာလို့ ဘာမှမမြင်ရရှာတော့ပါ။ နောက် ဒူးနာရောဂါ ကလဲ တိုးပြီးဆိုးဝါးလာခဲ့ရာ၊ နောက်ဆုံး ဒူးကျိုးသလို ဘယ်ကိုမှ မသွားနိုင် မလာနိုင်ရှာတော့ပါ၊ ခါးနာတာတို့ ခေါင်းကိုက်တာ တို့ ပူးဝင်ကပ်ရောက်ပြီးလာကြတော့ ဆရာတော်ကြီးခမျာ.... အိုခါမှ ဒုက္ခတွေစုပြုံပြီး ခံရသကဲ့သို့ ဖြစ်နေရရှာတော့တယ်။

### အိုနာကျိုးကန်းဆိုတာ ငါမှုအစစ်

တရားအကျင့်နှင့်နေလာခဲ့သော သူတော်ကောင်း ပုဂ္ဂိုလ် ကြီးတစ်ပါးဖြစ်လို့သာ ကြိတ်မှိတ်၍ရောဂါစုံ ဒုက္ခဝေဒနာတွေ

ဟို ခံရ[illegible]ပြင်းပြစ်ကြောင်း ဘဝတူရဟန်းပုဂ္ဂိုလ်အချင်းချင်းက [illegible]မြင်တော်မူ[illegible]တယ်၊ ကြင်ရပ်အခြေမှန်ကိုသိလို့ သနားကြတယ်။

တစ်ခါတုန်းက ဆရာတော်ကြီး ဦးတေဇဝန္တက သူ့ရဲ့ ငယ်တပည့်ရင်း ဒကာများကို သတိသံဝေဂရကြရန် ဆုံးမစကား ပြောတဲ့အခါ—

"ငါ့ကိုကြည့်ကြဟေ့၊ ဇို-နာ-ကျိုးကန်းဆိုတာ ငါမှအစစ်ပဲ၊ အိုလဲအိုခဲ့ပြီ၊ နာလဲနာခဲ့ပြီ၊ ကျိုးလဲကျိုးခဲ့ပြီ၊ ကန်းလဲကန်းခဲ့ပြီ ကိုယ့်ကံနှင့်ကိုယ် ခံစားရတော့ ဘယ်သူတတ်နိုင်မှာလဲ"

လို့ ကြေကွဲဘွယ်ရာ အမိန့်ရှိတော်မူလေ့ရှိရှာပါတယ်။

## ဘယ်သူမပြု မိမိမှု

သတ္တဝါတို့သည် သံသရာခရီးကျင်လည်နေထိုင်ကြရာတွင် မိမိ၏ကောင်းကျိုး ဆိုးကျိုးကို မိမိသာလျှင် ဖန်တီးသူ ဖြစ်ကြတယ်။

ဘုန်းကြီး ဦးတေဇဝန္တ စတုတ္ထအရွယ်ပိုင်း အိုလာခါမှ သူ့ရုပ်ခန္ဓာ ချွတ်ယွင်းပျက်စီးလာပုံကိုကြည့်ပြီး သနားကြရသော်လဲ၊ ဘယ်သူကမှ ခွဲဝေ၍ ခံယူနိုင်စွမ်း မရှိကြပါ။

အကြောင်းမှာ သူသည်ဂျိုရွယ်စဉ်က၊ ပထမအရွယ်ပိုင်း အချိန်က မိုက်မဲသော စိတ်ယုတ်မာကြောင့် အဖိတ်တိရစ္ဆာန်ငယ်အမျိုးမျိုးတွေကို အသနားမဖက် ရက်စက်စွာညှဉ်းပန်းနှိပ်စက် ချက်ပြုတ်စားသောက်ခဲ့သော သူ့ရဲ့မကောင်းမှု အကုသိုလ်ကံတွေက သူ့ဘဝတွင် ရေဆေးလို့မရနိုင်ပါ၊ မကောင်းကျိုးပေးခြင်း ခံရရှာတော့တယ်၊ အသိဉာဏ်ရှိသော ဘဝတူရဟန်းပုဂ္ဂိုလ် အချင်းချင်းက နားလည်နေကြပြီး ဖြစ်တယ်။

ဒါ့ကြောင့် ဘဝခရီးတစ်လျှောက်မှာ ချမ်းမြေ့စွာနေလိုကြသျှင် သတ္တဝါတို့ကို မသတ်ကြနှင့်၊ မညှဉ်းဆဲကြနှင့်လို့ နီးစပ်

ရာ ရဟန်းရှင်လူတို့ကို ဦးတေဇဝန္တက သတိပေးသွားတယ်လို့ မှတ်ယူကြပါတယ်။

ပါဏာတိပါတကံမှ တစ်ပါး အခြား ဒုစရိုက်ကံတွေကို လွန်ကျူးဘဲ့သူများဟာလဲ ဒုစရိုက်ကံအားလျော်စွာ မကောင်းကျိုးခံကြရလိမ့်မယ်ဆိုတာကိုလဲ သိနေရပါတယ်။

## ကံတရားကို မယုံကြည်သော အမ္ဗသက္ကရ လိစ္ဆဝီမင်း

လောကမှာ မပြောပလောက်ဘူးလို့ ထင်ရတဲ့ ကောင်းကံ ဆိုးကံကလေးများက အကွက်စေ့စေ့ အကျိုးပေးပုံ သာကေဝတ္ထုတစ်ခုကို ပြောရဦးမယ်။ ဒီဝတ္ထုက မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်က ဖြစ်ပါတယ်။

သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူဆဲအချိန်၊ ဝေသာလီပြည်မှာ အမ္ဗသက္ကရ အမည်ရှိသော လိစ္ဆဝီမင်း စိုးစံလျက်ရှိတယ်။

အဲဒီမင်းဟာ နတ္ထိက မိစ္ဆာဒိဋ္ဌိအယူရှိတယ်၊ ကံ, ကံ၏ အကျိုး ပေးတတ်ပုံကို ယုံကြည်သူ မဟုတ်ပါ၊ ကောင်းမှုပြုသော်လဲ ကောင်းကျိုးမရ၊ မကောင်းမှုပြုသော်လဲ မကောင်းကျိုး မပေး၊ ဘာလုပ်လုပ် ကောင်းကျိုး ဆိုးကျိုးမရှိ၊ သူတို့ဖြစ်ချင်သလို ဖြစ်နေတတ်သော လောကလို့ အယူသည်းသူ ဖြစ်တယ်။

သူစိုးအုပ်လျက်ရှိသော ဝေသာလီမြို့တွင်း တစ်နေရာမှာ အိမ်ဆိုင်ခန်း၌ ဈေးရောင်းနေသူ ကုန်သည် တစ်ယောက်ဟာ ရိုးသားဖြောင့်မတ်တယ်။

### ပင်ကို ဥာဏ် သီလရှိသူ

ထိုကုန်သည်ရဲ့ စိတ်အာရုံဟာ ကြည်လင်ပြီး ပင်ကိုသဘောအားဖြင့် သီလနှင့် ပြည့်စုံသူဖြစ်တယ်။ သတ္တဝါတို့ရဲ့ အသက်ကို မသတ်ဘူး၊ သူများ သတ်တာဖြတ်တာကိုလဲ သူမနှစ်သက်ဘူး၊

သူများ ဥစ္စာခိုးယူခြင်းမရှိပါ၊ သူတကာခိုးယူကြံတာကိုလဲ သူမနှစ်သက်ဘူး။

မဟုတ်မှန်သော စကားကိုပြောဆိုလေ့မရှိပါ၊ သူတပါး အိမ်ယာမထိပါး၊ သေရည်သေရက်လဲမသောက်စား၊ သူ့ရဲ့ ပင်ကိုစိတ်သဘာဝကိုက ငါးပါးသီလနှင့် ပြည့်စုံနေသူဖြစ်တယ်။

သူတစ်ပါးအပေါ် အပျက်စောင်းမာန်မရှိပါ၊ မနာလိုခြင်း၊ ဝန်တိုခြင်းသသော မရှိပါ၊ ကြမ်းတမ်းသော စကားကိုပြောဆိုလေ့မရှိပါ၊ သူတစ်ပါးတို့ပြောဆိုကြသည်ကိုလဲ မကြိုက်ပါ၊ သူတစ်ပါးမကောင်းကြောင်းကို သူကိုယ်တိုင်လဲမပြောဘူး၊ သူတစ်ပါးက လာပြောလျှင်လဲစိတ်ဝင်စားခြင်းမရှိ၊ နားမထောင်ဘူး၊ သို့ရာတွင် သူတစ်ဘက်သားရဲ့ကောင်းသော ဂုဏ်သတင်းကိုတော့ ဟုတ်တိုင်းမှန်ရာ ထုတ်ဆိုကာ ချီးမွမ်းတတ်တယ်၊ ပိုမိုချဲ့ကားပြီးလဲ မပြောဘူး....တဲ့။

သူ့ရဲ့ အိမ်ဆိုင်အနီးမှာ လူအများသွားလာနေတဲ့ ခြေကြောင်း လမ်းကလေးတစ်ခုရှိသတဲ့။ မိုးရွာတဲ့အခါ အဲဒီ ခြေကြောင်းလမ်းပေါ် ရေလွှမ်းလို့ခရီးသွားများ ရေထဲဖြတ်ဆင်းသွားကြရတယ်။ လူသွားများပြန်တော့ ခြေရာခွက်ထပ်သောနေရာမှာ ရွှံ့အိုင်ဖြစ်လာတယ်။

ထိုရွှံ့ညွံအိုင်ကိုလွှတ်အောင် ခုန်လွှားသွားသူများရှိတယ်။ မခုန်လိုသူများက ခြေထောက် ရွှံ့ပေခံပြီး ဖြတ်ဆင်း သွားကြရတယ်၊ ခရီးသွားသူများ ဆင်းရဲကြပုံကို အဲဒီကုန်သည်က သူ့ရဲ့အိမ်ပေါ်ကနေကြည့်ပြီး သနားနေမိတယ်။

တစ်နေ့တော့ တောခြုံထဲမှာ သူတစ်ပါး ပစ်လှင့်ထားတဲ့ အနံ့အသက်မရှိ၊ ဆွတ်ဆွတ်ဖြူတဲ့ နွားခေါင်းရိုးတစ်ခုတွေ့တယ်။ ကောက်ယူလာခဲ့ပြီး ရွှံ့ညွံအိုင်အလယ်မှာ ချထားလိုက်သတဲ့၊ တံတားခင်းပေးလိုက်တာပေါ့လေ။

ခရီးသွားများဟာခြေတစ်ဖက်က နွားခေါင်းရိုးပေါ်ချပြီး ရွှံ့အိုင်ကို ကျော်သွားနိုင်ကြတယ်။ ရေထဲ မဆင်းကြရလို့ ကျေးဇူးတင်ကြတယ်။ ကုန်သည်လဲ ဆိုင်ပေါ်ကနေ ခရီးသွားလာသူများ မပင်မပန်း ချမ်းသာစွာဖြတ်ကူးသွားလာနေကြပုံကိုကြည့်ပြီး ဝမ်းမြောက်နေတယ်။

ငါရဲ့အလုပ်ဟာ ဘာမှမခက်ခဲ၊ တောထဲခြုံထဲမှာ အမှိုက်သရိုက်ကဲ့သို့ ပစ်လွှင့်ထားသော အသုံးမကျတဲ့ အသေးအဖွဲ့ပဲ။ ငါရဲ့စေတနာနှင့် အကြံစိတ်ကူးအရ နွားခေါင်းရိုး တံတားခင်းလိုက်တာ ကျေးဇူးရှိပါပေတယ်လို့ စိတ်ထဲကပြောရင်း ကြည်နူးနေတတ်တယ်။

လူ့လောကမှာ စေတနာကောင်းဖြင့် အများကောင်းကျိုးချမ်းသာကို ဆောင်ရွက်ချင်စိတ်ရှိကြမယ်ဆိုလျှင် နေ့ရာတိုင်းမှာ လုပ်ဆောင်ဘွယ်တွေ များစွာ ရှိပါတယ်။

တစ်နေ့သ၌ အဲဒီကုန်သည် ရေချိုးဆိပ် တစ်ခုရောက်သွားရာ သူတို့ရဲ့မိတ်ဆွေများ ရေချိုးဆင်းနေကြတုန်း....ရယ်မြူးလိုတဲ့ စိတ်နဲ့ ကမ်းပေါ်မှာ ချွတ်ပုံချထားကြတဲ့ ပုဆိုးတွေကို သိမ်းယူပြီး တစ်နေရာမှာ ဝှက်ထားတယ်၊ သူကတော့ ခြုံကွယ်ကကြည့်ပြီး ရယ်နေတယ်။ အဝတ်ပုဆိုးပျောက်သူများဟာ ကမ်းပေါ်မတက်ရဲ၊ စိတ်ဆင်းရဲပြီးနေကြရှာတယ်။ သူကတော့ ရယ်လို့အားရမှ သူတို့ရဲ့ ပုဆိုးများကို ထုတ်ပေးလိုက်တယ်။

## အကွက်စေ့စေ့အကျိုးပေးတဲ့ ကံတရား

ကံတရားဟာ ဘယ်လို အကွက်စေ့စေ့ အကျိုးပေးတယ်ဆိုတာ သိသာလောက်ရုံ ဒိဝတ္ထုဇာတ်လမ်းကို ချုံပြီးပြောကြစို့ရယ့်။

ကုန်သည်ဟာ အဲသလိုနေရင်းနဲ့ တစ်နေ့တော့ ရာဇဝတ်ဘေးသင့်ပြီး ကွယ်လွန်ခဲ့ရတယ်။ ဒီအကြောင်း နောက်နားရောက်

တော့ ပေါ်လာမယ်။ သေလွန်ပြီး စိတ်ကား နှလုံးကောင်းရှိတဲ့ အဟွက် ဘုမ္မစိုးနတ်မင်းကြီး ဖြစ်သွားတယ်။ ရုပ်ရည်အဆင်းလဲ အလွန် သန့်ရှင်းလှပတယ်။ ပွန့်ရှာတယ်။ ချောမောပြေပြစ်တယ်။ ကုန်သည် အကြောင်း ဒီမှာ ဒီလောက်ပဲ မှတ်ထားဦး။

နတ္ထိကဒိဋ္ဌိအယူရှိတဲ့ အမ္ဗသက္ကရ လိစ္ဆဝီမင်းအကြောင်း ဖြတ်ပြီးပြောဖို့ရှိနေသေးတယ်။ စောစောက ပြောသလို ဒီမင်းက ကုသိုလ် အကုသိုလ်ဆိုတာ မရှိတဲ့အကြောင်း လောကကြီးမှာ ကောင်းတာလုပ်လုပ်၊ မကောင်းတာလုပ်လုပ်၊ ဘာမှမထူးဘူး။ ကောင်းကျိုး ဆိုးပြစ်ကိုတာ မရှိဘူး။ သူဖြစ်ချင်သလိုဖြစ်နေတာ၊ ဒါကို နတ္ထိကဒိဋ္ဌိခေါ်တယ်။ ဒီအယူဟာ အလွန် ကြောက်စရာကောင်းတယ်။ ဒီလူမျိုးက လောကကြီးမှာ ထင်ရာလုပ်မှာ။

## ဒု-သ-န-သော ဝိတ်ကူး

ဒီမင်းက တစ်နေ့တော့ ဆင်ယဉ်စီးပြီး ခြွေရံပရိသတ်တွေနဲ့ မြို့တော်ကို လှည့်လည်ကြည့်ရှုသတဲ့။ သူ့ကို တိုင်းသူပြည်သားတွေကလဲ ကိုယ့်နေရာအလိုက် အရိုအသေပေးပြီး ကြည့်လေ့ရှိကြတယ်။ အမျိုးသမီးငယ်တစ်ဦးကလဲ လေသာပြူတင်းကိုဖွင့်ပြီး ကြည့်နေတုန်း အဲဒီမင်းကမြင်သွားတော့ တစ်ခါတည်းနှစ်သက်စွဲလမ်းသွားတယ်။ မင်းချင်းယောကျ်ားတစ်ဦးလွှတ်ပြီး သာမိကလား၊ အသာမိကလား အမေးခိုင်း။ ယောကျ်ားခင်ပွန်းရှိမှန်းသိတယ်ဆိုယင်ပဲ၊ အဲဒီယောကျ်ား သူ့ထံ နေ့စဉ်ခစားရမယ်လို့ အမိန့်ချလိုက်တယ်။ ရှင်ဘုရင်လုပ်ပြီး အတင်း အဓမ္မ သိမ်းပိုက်သွားတယ်ဆိုယင် လူကြားလို့က မကောင်းတော့ အချိန်ဆွဲလိုက်တာပေါ့လေ။

အဲဒီအချိန်ကစပြီး ဇနီးမောင်နှံနှစ်ဦးမှာ စိတ်တွေဆင်းရဲနေရှာကြရတယ်။ ဘာအလုပ်မှ မခိုင်းဘဲနဲ့ ဘုရင့်ရှေ့မှာ တစ်နေကုန် ဒူးကုပ်ထိုင်ခစားရကာလဲ ဆင်းရဲတစ်မျိုး၊ ညဉ်းဆဲနည်းတစ်မျိုး

ဖြစ်နေပြန်တယ်။ ၂ ရက် ၃-ရက်လောက်ရှိတော့ ဒီယောကျ်ား ကို အမိန့်တော်တစ်ခု ချမှတ်တယ်။

"ဝေသာလီပြည်နဲ့ သုံးယူဇနာဝေးတဲ့နေရာမှာ ဒက ရက်ခွဲသုံးစောင့်တဲ့ ရေကန်ကနေ အရှက်အဆင်းရှိတဲ့ မြေနီ မြေ ညက်နဲ့ ကြာနီကြာညိုများ နေ့ချင်းပြန် သွားယူဆက်သရမယ် မောင်မင်း၊ ဝတ္တရား ပျက်ကွက်ပါက မောင်မင်းအသက်သေစေ" ဆိုတော့ ဒါသေတွင်းပို့တာပဲ။ သူက သိတယ်။ ဘာတတ်နိုင် မတုန်း၊ ဘုရင့်အမိန့်တော်ကိုး။ ခိုင်းတဲ့အချိန်ကလဲ အချိန့် အတော်နဲသွာ ပြီ၊ ၃-ယူဇနာခရီးဆိုတော့ တစ်ယူဇနာ ၁၃ မိုင်နဲ့ တွက်ရင် ၄၀-မိုင်ခန့်ခရီး၊ ရေကန်ကလဲ ဒကရက္ခိုသ် ခေါ်တဲ့ ဘီလူးစောင့်တဲ့ကန်။

## ယောကျ်ားကောင်းတို့သတ္တိ

ဒါပေမယ့် ဒီယောကျ်ားက လုံ့လ ဝီရိယသတ္တိရှိတဲ့သူ။ 'ယောကျ်ားတို့လုံ့လ၊ သေခါမှချရမယ်'ဆိုတဲ့ စိတ်ထားနဲ့ ချက် ချင်း အိမ်ပြန်သွား၊ မိန်းမကို အကျိုးအကြောင်းပြောပြ၊ ထမင်း ထုပ်ကလေးအပြင်ခိုင်းပြီး တစ်ဟုန်ထိုး ပြေးသွားလိုက်တာ ရေကန် နေမွန်းမတည့်မီရောက်သွားတယ်။ မိန်းမကလဲ အိမ်မှာ ငိုယိုကျန်ခဲ့ ရှာတယ်။ ရေကန်ရောက်တယ်ဆို မနားအားဘူး၊ ပါလာတဲ့ ထမင်းထုပ်ကလေးဖြည်ပြီး မောမောနဲ့စာ ဖို့ပြင်တယ်။ သူဟာ သတိလဲရှိ၊ အသိဉာဏ်လဲရှိတဲ့လူဆိုတော့ မစားသေးဘူး။ ပထမဆုံး တောစောင့်နတ်, တောင်စောင့်နတ်, ကန်စောင့်နတ်တွေကို ပသ လိုက်တယ်။ အမျှအတန်းလဲ ပေးဝေလိုက်တယ်။ ဒါ မှတ်ထား ကြ၊ ရှေးက ဗမာတွေလဲ ဒီလိုပဲလုပ်လေ့လုပ်ထ ရှိခဲ့ကြတယ်။ လေးစားသမှုပြုကာ၊ ပေးကမ်းတာကို မကြိုက်တဲ့သတ္တဝါ ဘယ် မှာရှိမတုန်း။

ဒါနဲ့ တိုတိုပြောတော့ အလွန်ကြမ်းတမ်းတဲ့ ရေကန်စောင့် ဘီလူးဟာ ဒီယောကျ်ားအပေါ် ချစ်ခင်လာပြီး လူယောင်ဖန်ဆင်း

ကာ အရုဏ်အသင်းရှိတဲ့ မြေနီမြေညက်နဲ့ ကြာနီကြာညိုတွေကို လိုသလောက်ယူပါလို့ ပွင့်ပေးတယ်။ ဒါနဲ့ မျက်ချင်းယူပြီး ဥ-ယူဇနာခရီး တစ်ဟုန်ထိုးပြန်ပြေးလာခဲ့ရရှာတယ်။ နေကလဲ အတော်နဲ့လာပြီကိုး၊ ကြားယဲကပ္ပ သေလဲမတတ်နိုင်ဘူး၊ ငါ့ အစွမ်းရှိသမျှတော့ မလျှော့ဘူးကွယ်ဆိုပြီး ကြိုးစားပြေးလာလိုက်တာ မြို့တံခါးပေါက်လဲရောက်ရော၊ နေမှမဝင်သေးဘူး၊ တံခါးမှူးတွေက တံခါးပိတ်ထားလို့ မဝင်ရရှာဘူး။အော်ပြီးခေါ်တယ်။ ဘယ်သူမှ မထူးဘူး။

ဒီရှင်ဘုရင်ကဲ သူ့ပိန်းမလိုချင်လို့ အကြံနဲ့လုပ်တာကိုး။ လုပ်ပါစေ။ ဘာပဲဖြစ်ဖြစ်၊ ကိုယ့်ဘက်ကမှန်ဖို့လိုတယ်။ လုံ့လ ဝီရိယ သတ္တိရှိဖို့လိုတယ်။ ဖြစ်သမျှအကြောင်း အကောင်းဆုံး ဖြစ်အောင် ငါ ဘာလုပ်သင့်သလဲ။ မောမောနဲ့ ခဏရပ်ပြီး စဉ်းစားလိုက်တယ်။ အမှုသက္ကရ လိစ္ဆဝီမင်းကမေးရင် နေမဝင်မီ ရောက်ပါလျက်ကနှင့် တံခါးမှူးများက တံခါးပိတ်ထားလို့ မဝင်ရကြောင်း မျက်မြင်သက်သေထူမယ်။ သူက စဉ်းစားတယ်။ ဒါပေမယ့် အနီးအနားမှာ သက်သေထူစရာ တစ်ယောက်မှ မတွေ့ရဘူး။ ရော....ခက်ကပြီ။

ဘုမ္မစိုးနတ် သက်သေထား

ဒါနဲ့ ဟိုကြည့် ဒီကြည့် ကြည့်တော့ မြို့ပြင်မလှမ်းမကမ်း တစ်နေရာမှာ ခိုးမှုနှင့် မသေမရှင် တံကျင်လျှို ခံနေရတဲ့ ရာဇဝတ်သား တစ်ယောက်ကို တွေ့ရတယ်၊ ဒါနဲ့ ကြံရာမရ အဲဒီလူကိုပဲ သက်သေခံဖို့ အကျိုးအကြောင်းသွားပြောတော့။

"မိတ်ဆွေ၊ကျွန်ုပ်က ယနေ့နက်ဖြန့်သေရမယ့်ရာဇဝတ်သား၊ ကျွန်ုပ်ကို သက်သေထူလို့ဘာထူးမှာလဲ။ ဒီမှာ မိတ်ဆွေကျွန်ုပ်အကြံပေးပါ့မယ်။ ညသန်းခေါင်လောက်မှာအလွန် တန်ခိုးကြီးတဲ့ ဘုမ္မစိုးနတ်ကြီးတစ်ဦးနတ်မြင်းပျံ

ကြီးစီးပြီး ကျွန်ုပ်ထံအမြဲလာလေ့ရှိပါတယ်၊ ခဏစောင့်ပါ။သူ့ကိုသက်သေထူရင် ဖြစ်ကောင်းဖြစ်နိုင်ပါလိမ့်မယ်"

## အမောင်လူသားအသက်ရှင်ပါလော

"ကောင်းပါပြီမိတ်ဆွေ" ဆိုပြီး စောင့်လို့ တအောင့်လောက်ကြာတော့ ဦးစွ၂ အမွှေးအနံ့များ ကြိုင်လာတယ်။ အလင်းရောင်တွေ ဖြာနေတာတွေ့ရတယ်။ မရှေးမနှောင်းမှာပဲ ဆွတ်ဆွတ်ဖြူတဲ့ နတ်မြင်းပျံကြီးစီးလာတဲ့ဘုမ္မစိုးနတ်ကြီးကို တအံ့တသြ တွေ့မြင်ရတယ်။ နတ်မြင်းပျံကြီးက 'မနောဇဝ'လို့ ခေါ်တယ်။ ဗမာလိုတော့ စိတ်လောက်မြန်တယ်။ စိတ်မြန်သလောက်မြန်တယ်ပေါ့။ ဆွတ်ဆွတ်ဖြူတဲ့ မြင်းကြီးက ကိုးတန်ဆာတွေနှင့် အင်မတန်မှ ရှုလို့မငြီးစရာကြီး ဖြစ်နေတယ်။ ရောက်လာတယ်ဆိုယင်ပဲ ဘုမ္မစိုးနတ်ကြီးက ရာဇဝတ်သား အနီးသွားပြီး ခါတိုင်းပြောနေကျ စကားအတိုင်း....

"ဇီဝ ဘော– အမောင်လူသား၊ အသက်ရှင်ပါလော့။
ဇီဝတ'မေဝ သေယျော– အသက်ရှင်နေရခြင်းသည်သာလျှင် သင့်အား မြတ်ပါသေး၏"လို့ တိုက်တွန်းစကားပြောတယ်။ အဲသလို ပြောပြီး လှည့်ပြန်မယ်အလုပ်၊ သက်သေထူဖို့ စောင့်နေတဲ့ ယောကျ်ားက ဘုမ္မစိုးနတ်ကြီးကို အကြောင်းစုံပြောပြီး မေတ္တာရပ်ခံရှာတယ်။ ဘုမ္မစိုးနတ်ကြီးဟာ စိတ်ကောင်းနှလုံးကောင်းရှိပြီး အမှန်ကိုလိုလားတဲ့ ပုဂ္ဂိုလ်ဆိုတော့ ချက်ချင်းပဲ သဘောတူလိုက်တယ်။

ဒါနဲ့ နောက်တစ်ရက် ရှင်ဘုရင်က အဲဒီယောကျ်ားကို တာဝန်ပျက်ကွက်မှုနဲ့ သတ်စေ၊ အမိန့်ချမယ်လုပ်တော့ ဒီယောကျ်ားကလဲ သတ်ခါမှသတ်ရော၊ မှန်ရာကို သတ္တိရှိရှိ သံတော်ဦးတင်လိုက်တယ်။

"ကျွန်တော်မျိုး အမိန့်တော်အရ မြေမှီမြေညက်နှင့်ကြာနီ ကြာညိုတို့ကို ဒကရက္ခိုသ်စောင့်တဲ့ ရေကန်က ယူဆောင်ပြီး အမိန့်တော်အတိုင်းနေမဝင်မီ ရောက်ပါတယ်။ တံခါးမှူးများက ပိတ်ထားလို့ မဝင်ရကြောင်းပါ"လို့ သံတော်ဦးတင်တော့ ဘုရင်က "ဘယ်သူ့ကို သက်သေပြနိုင်မတုန်း" လို့ မေးနေတယ်။ မြို့ရိုးပေါ်မှာ ကြာဖက်နှင့်ထုပ်ပြီး တင်ထားတဲ့ အကြောင်း၊ မယုံလျှင် ဘုမ္မစိုးနတ်ကြီးကို မေးနိုင်ကြောင်းပြောတော့၊ အမ္ဗသဏ္ဍရမင်းက စကားဆန်းဖြစ်နေလို့ မယုံဘူး။ အဲဒီယောကျ်ားက ဘုမ္မစိုး နတ်ကြီးဟာ နတ်မြင်းပျံကြီးစီးပြီးကံကျင်လျှိုလားတဲ့ရာဇဝတ်သားထံ ညသန်းခေါင်အချိန်တိုင်း လာကြောင်း၊ ဘယ်လောက် ရှုကြည့် ဘွယ်ကောင်းကြောင်း ဆက်ပြီးပြောတော့ ...မင်းက စိတ်ဝင်စား သွားတယ်။ "ဟုတ်တာ မဟုတ်တာ အပထား၊ ဆန်းလှတယ် လိုက်တော့ကြည့်ဦးမှပဲ" ဆိုပြီး အဲဒီညမှာပဲ ရာဇဝတ်သားအနီး သွားပြီး စောင့်ကြတယ်။

အချိန်ကျတယ် ဆိုယင်ပဲ နတ်ပန်းရနံ့တွေ ကြိုင်လှိုင်ပြီး အလင်းရောင်တွေ မြင်တွေ့ရတော့ သိပ်စိတ်ဝင်စားသွားတယ်။ ဆွတ်ဆွတ်ဖြူတဲ့ မနောဇဝ နတ်မြင်းပျံကြီးနှင့် အလွန်ကျက်သရေ ရှိပြီး ချောမောလှပတဲ့ ဘုမ္မစိုးနတ်ကြီး မြင်ရတယ်ဆိုယင်ပဲ မျက်တောင်မခတ် ရပ်ပြီးကြည့်နေတယ်။ ဘုမ္မစိုးနတ်ကြီးက ထုံးစံ အတိုင်း ရာဇဝတ်သားအနီးသွားပြီး....

"အမောင်လူသား၊ အသက်ရှင်ပါလော။ အသက်ရှင်ခြင်း ကို အလိုရှိပါလော့။ အသက်ရှင်နေရခြင်းသည်သာလျှင် သင့်အား မြတ်ပါသေး၏" ထုံးစံအတိုင်း အားပေး စကားပြောတာကိုလဲ ကြားရော၊ လောကကြီးမှာ မျက်စိနဲ့မြင်မှ ယုံမယ်ဆိုတဲ့နတ္ထိကဒိဋ္ဌိအယူရှိတဲ့ မင်းကြီးဟာ ကိုယ့်မျက်စိကိုယ့်နား ကိုယ်မယုံနိုင်အောင်ဖြစ်သွားတယ်။

## ဘာမှမရှိတဲ့ အယူဂါဒဆိုတာ

လောကကြီးက အင်မတန် ကျယ်ဝန်းတယ်။ ဆန်းလဲ ဆန်းကြယ်တယ်။ ကိုယ်ရောက်ဖူးတဲ့ နေရာကနဲနဲ။ မြင်ဖူး ကြားဖူးတာက မဆိုစလောက်။ မရောက်ဖူးတာ၊ မမြင် မကြားဖူးတာတွေက အများကြီး။ ဒါ့ကြောင့် ကိုယ်သိတာ ကိုယ်တတ်တာကလေးကို အထင်မကြီးရဘူး။ နတ္ထိက ဒိဋ္ဌိသမားဆိုတာ ကံ၊ ကံ၏ အကျိုး မယုံကြည်ရုံတင်မကဘူး၊ သူက....ဒီဘဝ၊ နောက်ဘဝ ဆိုတာလဲ မရှိဘူး၊ သေပြီးယင် ပြန်ဖြစ်တဲ့ သတ္တဝါ ဆိုတာလဲ မရှိဘူး၊ ဒီလို အယူရှိတယ်။ ဒါတင်မကသေးဘူး.... အသိမှန်အမြင်မှန်ရအောင် ကျင့်ကြံနေတဲ့ သူတော်သူမြတ်၊ ကျင့်ကြံအောင်မြင်ပြီးလို့ ဘဝတွေ၊ ကမ္ဘာတွေ၊ စကြဝဠာတွေ အကြောင်း ထိုးထွင်းသိမြင်ပြီး ဟောပြောနိုင်တဲ့ သူတော်သူမြတ်ဆိုတဲ့ ပုဂ္ဂိုလ်ထူးကြီးတွေဆိုတာလဲ မရှိနိုင်ဘူးလို့ အဲသလို ဝါးလုံးရှည်နှင့် အကုန်ရမ်းပြီး 'နတ္ထိ–ဘာမှမရှိ' ဆိုတဲ့ဟာအပေါ်မှာပဲ ပေပြီးယိုင်ထားတယ်။ ဒီခေတ်မှာတောင် ဒီလောက် တိုးတက်တဲ့ဝါဒ ရှိမှရှိပါ့မလား။

အဲ....အဲသလို အယူဝါဒရှိတဲ့ မင်းဟာ အခုဘုမ္မစိုးနတ်မင်းကြီးကိုလဲ တွေ့ရော၊ သူ့ဝါဒနဲ့နဲ့လှုပ်လာတယ်။ နဲ့စ ပြုလာတယ်။ မေးမြန်းစုံစမ်းချင်တဲ့ စိတ်တွေလဲ ပေါ်လာတယ်။ ဘုမ္မစိုးနတ်မင်းကြီးက သူ့ကိစ္စပြီးလို့ လှည့်ပြန်မယ်အလုပ်၊ ကြာခူးသမားက အကျိုးအကြောင်းပြောပြပြီး သက်သေခံဖို့ တောင်းပန်ရှာတယ်။ အမှုသွားအမှုလာပြောအပြီး၊ဘုမ္မစိုးနတ်မင်းကြီးက "ဒီယောက်ျား ပြောတာမှန်ပါတယ်" လို့ သက်သေခံတာနဲ့ အဲဒီလူလဲ သတ်စေ အမိန့်က လွတ်ပေးလိုက်တယ်။ ဇနီးမောင်နှံ ချမ်းသာရာရသွားကြရှာတယ်။

## ဦးရိုးတော်၏ ပေတ္တာ စေတနာ

ကိစ္စပြီးလို့ ပြန်မယ်လုပ်တော့ အမ္ဗသဏ္ဍရ လိစ္ဆဝီမင်းက သူသိချင်နေကာတွေ မေးဖို့ ဘုမ္မစိုးနတ်မင်းကြီးကို မေတ္တာရပ်ပြီး တားလိုက်တယ်။

"အဆွေတော် ဘုမ္မစိုးနတ်မင်းကြီး၊ ခေတ္တ သည်းခံဆိုင်းငံ့ပါဦး၊ ခွင့်ပြုလျှင် စကားတစ်ခွန်းလောက် မေးပရစေ"

"မေးပါ၊ မေးပါ"လို့ ခွင့်ပြုတော့ "အဆွေနတ်မင်းကြီးဟာ ဘာ့ကြောင့် ညစဉ် ရာဇဝတ်သားထံလာပြီး 'အမောင်လူသား၊ အသက်ရှင်လော့' လို့ ပြောဆိုရပါသလဲ" လို့ မေးတယ်။

အဲ....ဒီမှာ ဝေသာလီပြည်ကအိမ်ဆိုင်ကုန်သည်အကြောင်း ပြန်ပေါ်လာလိမ့်မယ်။

အသင်မင်းကြီး၊ ဤတံကျင်လျှိုထားတဲ့ ရာဇဝတ်သားကား တခြားသူ မဟုတ်၊ လွန်ခဲ့တဲ့ဘဝက ကျွန်ုပ်ရဲ့တူတော်သူ ဖြစ်ပါတယ်" လို့ ပြောတော့ လိစ္ဆဝီမင်းက သတိရသွားတယ်။ တူက- ခိုး၊ ဦးရိုးက ခိုးရာပါပစ္စည်း လက်ခံရောင်းတယ် ဆိုတဲ့စွဲချက်နှင့် ဘုရင်ကိုယ်တိုင် ကွပ်မျက်စေ အပိန့်ချလို့ သေရတဲ့ ကုန်သည်ဟာ လက်စသတ်တော့ ဘုမ္မစိုးနတ်ကြီးဖြစ်နေတာကိုး။ တကယ်တော့ ကုန်သည်ဟာ လူရိုးစိတ်ကောင်း၊ လူမိုက်နဲ့ပေါင်းမိလို့၊ တူမိုက်ကို စောင့်ရှောက်ထားမိလို့ ခိုးလာတဲ့ပစ္စည်း သူ့ဆိုင်မှာထားတာကို မသိတော့၊ အထင်လွဲပြီး အသတ်ခံခဲ့ရရှာတယ်။ ဘုမ္မစိုးနတ်မင်းကြီးက ဆက်ပြောဘယ်—

"သူဟာ မိုက်ပင်မိုက်သော်လဲပဲ ဒီလို ရှေးဘဝက တူတော်တဲ့ သံယောဇဉ်ကြောင့် ညစဉ် လာရောက်ပြောဆိုရခြင်း ဖြစ်ပါတယ်။ 'သူ့ထိုက်နဲ့သူ့ကံရှိပါစေ'လို့ ခုလိုလာပြီး သတိမပေးယင် ဒီတူမိုက်ဟာ သူတပါးပစ္စည်းခိုးတဲ့ အဒိန္နာဒါနကံကြောင့် သေယင် အပါယ်ငရဲကျမှာ သေချာပါတယ်။ငရဲနဲ့စာရင် အခုခံနေရတဲ့ဒုက္ခက အများကြီး

သက်သာသေးလို့၊ 'အမောင်လူသား၊ အသက်ရှင်ပါ လော့'လို့ တိုက်တွန်းရခြင်း ဖြစ်ပါတယ်"။

အကြောင်းစုံသိတော့လိစ္ဆဝီမင်းဟာ သဘောထားကြီးတဲ့ ဦးရိုးတော် ဘုမ္မစိုးနတ်ကြီးကို အားလဲနာ၊ မျက်နှာပူသလိုလဲ ဖြစ်သွားတယ်၊ ဒါပေမယ့်....စိတ်ဝင်စားလာတာနှင့် ဆက်ပြီး မေးမြန်းတယ်—

## နတ်မြင်းပျံကြီး ဘယ်လိုရ

"နေစမ်းပါဦး အဆွေနတ်မင်း၊ သင် ယခုစီးလာတဲ့ မနောဇဝနတ်မြင်းပျံကြီးဟာ ဆွတ်ဆွတ်ဖြူပြီး အလွန်လဲ တင့်တယ်လှပပါပေတယ်။ ဘယ်ကဘယ်လိုရထားပါသလဲ"

"မင်းကြီး၊ အသင်မင်းကြီးရဲ့ ဝေသာလီမြို့တော်ထဲက အကျွန်ုပ်နေတဲ့အိမ်ရှေ့လူသွားလမ်းကျဉ်းကလေးမှာ ခြေ တစ်ဖက်စာ ရွှံ့ဗွက်တွေထနေလို့ ခရီးသွားကြရတဲ့ လူတွေ ဆင်းရဲတာ မကြည့်ရက်ခဲ့ဘူး။ ဒါနဲ့ တောခြုံ ကြားမှာ ပစ်ထားတဲ့ နွားခေါင်းရိုးတစ်ခုကို ခြေတစ်ဖက် စာ တံတားခင်းခဲ့တဲ့ ကောင်းမှုကြောင့် ဒီနတ်မြင်းပျံကြီး ကို ရရှိပါတယ်"

"ဩော်— နောက်ပြီး မေးပရစေဦး၊ သင်နှင့်မတွေ့ရ ခင်ကတည်းက သင်နတ်မင်းရဲ့ကိုယ်ဟာ အရောင်အဝါတွေ ထွန်းလင်းတောက်ပပြီး မွှေးကြိုင်သင်းပျံ့တဲ့ ရနံ့ကိုလဲ ရှူရှိုက်ရပါတယ်။ အဆွေနတ်မင်း ဒါတွေလဲ ဘယ်လို ကြောင့် ရလာပါသလဲ"

## ကိုယ်ရောင်အဆင်း သင်းပျံ့မွှေးကြိုင်

"မင်းကြီး၊ ကျွန်ုပ်ဟာ လူ့ဘဝတုန်းက အလိုလို ၅-ပါးသီလ လုံခြုံခဲ့ပါတယ်။ အထူးသဖြင့် စကားကို ဆဲရေးတိုင်းထွာပြီး မပြော၊ သူတစ်ပက်သား နားချမ်း

သာအောင် နူးညံ့ပြေပြစ်၊ ချစ်ခင်ဖွယ်စကားမျိုးကိုသာ ပြောလေ့ရှိပါတယ်။ ကျွန်ုပ်ဟာအမြဲတမ်း စိတ်တွေကြည်လင်ရွှင်ပျပြီး စိတ်ဆိုးလေ့ဆိုးထမရှိခဲ့ဘူးပါ။ သူတကာတွေ စီးပွားအာဏာ ရာထူးဂုဏ်သိမ်ကြီးပွားတိုးတက်တာ မှန်သမျှ မနာလိုစိတ် မရှုလိုစိတ်မဖြစ်ဘဲ အမြဲဝမ်းမြောက်နှစ်သက်လေ့ရှိပါတယ်။ အဲသလို ကိုယ်ကျင့်တရားနှင့် စိတ်ကောင်း နှလုံးကောင်းထားပြီး ဆက်ဆံခဲ့တဲ့အတွက် နတ်တို့ရဲ့အရောင်အဝါအဆင်းနဲ့ သင်းပျံ့မွှေးကြိုင်တဲ့ ရနံ့တွေ လှိုင်ပါတယ်''။

နတ္ထိကမိစ္ဆာဒိဋ္ဌိအယူရှိတဲ့ လိစ္ဆဝီမင်းကြီးဟာ ကံ၊ ကံ၏ အကျိုးကို စဉ်းစားစပြုလာတယ်။ နောက်ပြီး ဘုမ္မစိုးနတ်မင်းကြီးမှာ ထူးခြားတာတစ်ခု ရှိနေတာကို မင်းကြီးက သတိပြုမိပြန်တယ်။ အဲဒါဘာလဲဆိုတော့ ဘုမ္မစိုးနတ်မင်းကြီးမှာ အလွန်တရာ ရည်မွန်လှပ၊ သန့်ရှင်းကြည်လင်လှသော်လဲပဲ သူ့ကိုယ်မှာ နတ်ဝတ်ပုဆိုးက မပါရှာဘူး။ ဒါကို အားနာနာနဲ့ပဲ မင်းကြီးက ဆက်မေးလို့ နတ်မင်းကြီးလဲ ပျက်ရှက်နဲ့ဖြေရှာတယ်။

## အကျီစားသန်က ဝင့်လိုက်တတ်တယ်

လူ့ဘဝတုန်းက မိတ်ဆွေများ ရေချိုးခိုက် ပျော်ရွှင်ရယ်မြူးလိုတဲ့စိတ်နဲ့ အဝတ်အစားတွေဝှက်ထားမိခဲ့တဲ့ မကောင်းမှုကြောင့် ယခုလိုဖြစ်ရကြောင်းဖြေဆိုရှာပါတယ်။ဒါ....သတိပြုကြရမယ်။အကုသိုလ်ကံ ဆိုတာကလဲ'ကျီစယ်တာပါကွာ'ဆိုလို့မရဘူး။ မပြောပလောက်ပါဘူးရယ်လို့ မရှိဘူး။ ကိုယ်လုပ်ခဲ့တဲ့ ကံတွေက အကွက်စေ့စေ့ အကျိုးပေးမှာချည်းပဲ။

ဘုမ္မစိုးနတ်ကြီးက ဆက်ပြောသေးတယ်။

''မင်းကြီး၊ ရယ်ရွှင်မြူးတူးလိုတဲ့စိတ်နဲ့ လုပ်တာတောင်မှ ဒီလောက်အကျိုးပေးသေးတာ၊ ခိုးယူလိုတဲ့စိတ်၊ လုယူဖျက်ဆီးလိုတဲ့စိတ်နဲ့များလုပ်မယ်ဆိုယင် ငရဲကျခံရမှာသေချာတယ်။

လိစ္ဆဝီမင်းဟာ အနည်းငယ် တုန်လှုပ်သွားတယ်။ ဘာလို့လဲဆိုတော့ ဒီမင်းက သတ်မိန့်ချဖို့၊ သူတပါးသားမယားဖျက်ဆီးဖို့ လက်မနှေးတဲ့အပြင် အပြောင်အလှောင် အကျီစားလဲသန်တယ်။ မျက်မမြင် ဒုက္ခိတများ ခရီးသွား နားနေတုန်း တောင်ဝှေးကို ဝှက်လား ဝှက်ထားရဲ့။ ဒါတင်မကဘူး၊ သူ့အယူဝါဒက ရဟန်း သံဃာလဲ လူတစ်ယောက်ပဲ၊ တောင်းစားတဲ့လူပဲ၊ အကျင့်ကောင်း အကျင့်မြတ်ဆိုတာလဲ လက်မခံဘူး၊ ဒီတော့ မထေရ်ကြီးတွေ ဗုဒ္ဓသိက္ခာနှင့် မျက်လွှာချပြီး သူ့နန်းတော်နားဖြတ်သွားတာ မြင်ယင် အဲဒီမင်းက သပိတ်လုပြီး ပေါက်ခွဲလိုခွဲ၊ သက်န်းဆွဲဆုတ် ဖြဲလိုဆုတ်ဖြဲ၊ တော်တော်ကြက်သီးထစ်ရာကောင်းတဲ့မင်း။ သူ့မှာ အကျိုးဖြစ်တယ်၊ အပြစ်ရှိတယ်ဆိုတာ ရှိမှ-မရှိပဲ၊ ယုံမှမယုံပဲကိုး။

## လူချင်းတူလျက် အသက်ရှူကွဲရပုံ

ဒါနဲ့ ဘုမ္မစိုး နတ်မင်းကြီးစကားကို ကြားရတော့ သူ လုပ်ခဲ့တာတွေ သတိရပြီး သံသယတွေ ဝင်လာပုံရတယ်။ ဒီလို အကျိုးပေးတတ်တယ်ဆိုတာ ဟုတ်များ နေမလား... ပေါ့လေ။ သူ့ရဲ့ မိစ္ဆာဒိဋ္ဌိအယူအစွဲက ခိုင်မြဲနေတော့ ကိုယ့်မျက်စိ၊ နားနဲ့ မြင်ရကြားရတာတောင်မှ မယုံချင်သေးဘူး။ ဒီထက် ိုင်မာတာ ရှာနေတုန်း။

"အဆွေနတ်မင်း၊ ကောင်းတာလုပ်ယင် ကောင်းကျိုး ရတယ်၊ မကောင်းတာလုပ်ယင် မကောင်းကျိုး ပေးတယ် ဆိုတာ သင်ပြောလို့သာ ကြားရပါတယ်။ ကျွန်ုပ်ယုံကြည် အောင် ဘယ်လို မျက်မြင်အထောက်အထားများ ပြနိုင်ပါ သေးသလဲ"

လို့ ဆက်ပြီး မေးပြန်တယ်။ ဒီတော့ နတ်မင်းက–

"မင်းကြီး၊ လောကမှာ လူတွေဟာ တစ်ယောက်နှင့် တစ်ယောက် မတူကြဘူး မဟုတ်လား၊ ချမ်းသာတဲ့လူ....ချမ်းသာ၊ ဆင်းရဲတဲ့လူက ဆင်းရဲ၊ ရုပ်အဆင်း လှ-မလှ၊ ပညာရှိ-မဲ့၊ အခြေ

အရံ ပေါ်သူ ရှားသူ စသည်ဖြင့် ဒီလိုမကူ ခြားနား ကွဲပြားနေတာ တွေဟာ တစ်ချိန်က ပိုပိုလုပ်ခဲ့တဲ့ အကြောင်းတရားတွေ မတူကြလို့ပဲ၊ ကုသိုလ်ကံ အကုသိုလ်ကံ ယိုတာတွေသာ မရှိခဲ့ယင် ဒီလို လူတန်းစား ကွဲပြားခြားနားမှုတွေ မရှိနိုင်ဘူးမင်းကြီး”

အဲသလိုပြောတော့ လိစ္ဆဝီမင်းက တွေပြီး စဉ်းစားနေတယ်။ စိတ်ဒုန်းဒုန်းချ မယုံကြည်နိုင်ရှာသေးဘူး။ ဒါနဲ့ စပ်လို့ မြတ်စွာဘုရားက ပူဋ္ဌကမ္မဝိဘင်္ဂသုတ်၊ မဟာကမ္မဝိဘင်္ဂသုတ်ခေါ်တဲ့ ဟောကြားသပါဠိတော်ကြီးမှာ ကံခြားနားလို့ လူ့အဆင့်အတန်း ကွဲပြားပုံ အကျယ် ဟောသားတာ ရှိပါတယ်။ ဒါ.... ထားပါတော့... ။

လိစ္ဆဝီမင်းကြီး ယုံတာမယုံတာ အပထား၊ ဘုမ္မစိုးနတ်မင်းကြီးက ယခုလို သူကိုယ်တိုင် လက်တွေ့ဖြစ်လာတဲ့အခါ ကံ ကံ၏ အကျိုး ပိုပြီးသဘောပေါက်တဲ့အတိုင်း သည်းခံပြီး ပြောပြပေးရှာပါတယ်။ မျက်မြင်ကိုယ်တွေ့ဖြစ်နေပါလျက်ကနှင့် ဒီလောက်ခုတောင် မယုံကြည်နိုင်တဲ့ မင်းကြီးကို ငါသက်သေပြမယ်ဆိုတဲ့ ရည်ရွယ်ချက်လဲ ရှိပုံမပေါ်ပါဘူး၊ ပိုပြီးလက်တွေ့ သိမြင်နေတော့ ဘုမ္မစိုးနတ်မင်းကြီးဟာ ကိုယ့်ဘဝ ကိုယ်ပိုပြီး သံဝေဂ ဖြစ်နေရှာတယ်။

“မင်းကြီး၊ယုံသည်ဖြစ်စေ၊မယုံသည်ဖြစ်စေ၊ကာယဒုစရိုက်၊ ဝစီဒုစရိုက်၊မနောဒုစရိုက်လုပ်ခဲ့တဲ့သတ္တဝါတွေဟာ ငရဲ တိရစ္ဆာန် ပြိတ္တာ အသူရကာယ်ဆိုတဲ့ အပါယ်လေးဘုံမှာ ဆင်းရဲကြီးစွာ ဖြစ်နေကြရရှာပါတယ်။ ကိုယ် နှုတ် စိတ် သုစရိုက် တရားပြုလုပ်ခဲ့ကြတဲ့ ပုဂ္ဂိုလ်တွေ၊ ဒါန, သီလ စသော ပုညကိရိယာ အလုပ်လုပ်ခဲ့တဲ့လူတွေကတော့ လူ့ပြည် နတ်ရပ် မြင့်မြတ်တဲ့ ဘုံဘဝတွေမှာ ချမ်းသာစွာ နေကြရပါတယ်။

## သေသွားသူအား အဝတ်အစားပေးနည်း

"ကျွန်ုပ်မှာတော့ လူ့ဘုံ လူ့ဘဝ ရပင်ရခဲ့ပါသော်လဲပဲ ရှေးကုသိုလ်ကံနဲလို့ ဆင်းရဲသားဖြစ်ခဲ့တဲ့အတွက် စိတ်ကောင်း နှလုံးကောင်းထားပြီး ကိုယ်ကျင့်တရား ရှိတာကလွဲလို့ သူများ နည်းတူမလှူနိုင် မပေးနိုင်ခဲ့ပါဘူး။ဘဝရိက္ခာ၊သံသရာ ရိက္ခာ နည်း ပါးလှပါတယ်။အကျွန်ုပ်ယခုလိုလူ့ဘဝက သေပြီးတဲ့နောက်မှာ လဲပဲ ကျွန်ုပ်ကို ရည်စူးပြီး ကုသိုလ် ဒါနပြုကာ အမျှအတန်းပေး ဝေမယ့် သားထောက် သမီးခံလဲမရှိ၊ သူများ လှူတာကိုတောင်မှ ဝမ်းမြောက်ခွင့်မရလို့ သင်မင်းကြီး မြင်တဲ့ အတိုင်း အဝတ် တန်ဆာ မပါမရှိဘဲ ဒီလိုပဲ နေရပါတယ်"

ဒီနေရာ အမ္ဗသက္ကရလိစ္ဆဝီမင်းကြီးဟာ ကံကို ယုံရေး, မယုံရေး၊ မျက်မြင် ကိုယ်တွေ့ အထောက်အထားရရေး, မရရေး ထက် ဘုမ္မစိုးနတ်မင်းကြီး စကားကြားရတော့ သနားသွားတယ်။ ဒါနဲ့....

"အသင် ဘုမ္မစိုးနတ်မင်းကြီး အတွက် အဝတ် တန်ဆာ ရအောင် ကျွန်ုပ်ဘယ်လို ကူညီဆောင်ရွက်ပေးရမလဲ"လို့ မေးရှာ တယ်။ ဒီမင်း စိတ်ထဲမှာလဲ သူ့အယူဝါဒအပေါ် တွေဝေလာ ပြီး ကံ, ကံရဲ့ အကျိုး (ကမ္မနိယာမ) နှင့် စပ်လို့ စိတ်ဝင်စား လာတယ်။ စိတ်ထဲမှာလဲ မရှင်းဘူး။ မတင်မကျနဲ့။ဒီတော့ သူ့စိတ် ထဲမှာ ရှင်းလင်းပြောပြနိုင်မယ့် တတ်သိနားလည်တဲ့ ပုဂ္ဂိုလ်တစ်ဦး ဦးကိုလဲ ညွှန်ပြပေးစေချင်နေတယ်။

အဲ....ဒီနေရာမှာ 'တစ်ချက်ခုတ်၊ အကုန်လုံး ပြတ်' ဖို့ ကိန်းဆိုက်လာပြီ၊ ကံ,ကံရဲ့ အကျိုး မျက်မြင်မှယုံမယ်။ သက်သေ သာဓက ပြနိုင်မလားလို့ စောဒက တက်ထားတာလဲရှိ၊ ဒီတော့ ဘုမ္မစိုးနတ်မင်းကြီးက ပြောတယ်။

"မင်းကြီး၊ ကျွန်ုပ်အား ကူညီဆောင်ရွက်ပေးချင်တာကို သိရလို့ ကျေးဇူးကြီးလှပါတယ်။ ရှည်ရှည်ဝေးဝေး မဟုတ်ပါ၊

တာဝန်လဲ မကြီးလှပါဘူး။ အသင်မင်းကြီးရဲ့ ဒီဝေသာလီပြည်မှာ သိကင်းသုံးတော်မူကဲ့ သံဃာတော် အရှင်မြတ်တွေ ထဲက ပေတ္တာ၊ ကရုဏာ၊ တန်ခိုး ဣဒ္ဓိပါဒ်နဲ့ ပြည့်စုံတဲ့ 'အရှင်ကပ္ပိတက' ခေါ်တဲ့ မထေရ်ကြီး တစ်ပါး ရှိပါတယ်၊ အသိပညာ ဉာဏ်လဲ ကြီးမားပါတယ်၊ ဒါပေမယ့် အနေအထိုင် ဝေါင်းဝေါင်းပါးပါး နေတော်မူလေ့ရှိတဲ့ အတွက် ရဟန္တာအရှင်မြတ်ကြီးရယ်လို့ မထင်မှတ်ကြပါဘူး။

"အဲဒီ မထေရ်မြတ်ကြီးထံမှာ ကျွန့်ုပ်အား ရည်းစူးပြီး အဝတ်သင်္ကန်း တစ်ထည် နှစ်ထည်လောက် ပေးလှူပါ၊ ပေးလှူပြီးယင် ကျွန်ုပ်ကိုလဲ နှုတ်ကမြွက်ပြီး ကုသိုလ်ဒါန အမျှပေးဝေပါ။ ဤကဲ့သို့ ပြုလုပ်ပေးပါလျှင် လှူသူလဲ ကုသိုလ်ရ၊ ကျွန်ုပ်မှာလဲ အဝတ်တန်ဆာများ ရလာနိုင်ပါတယ် မင်းကြီး" လို့ ဆိုတော့ ဒီစကားက တို့ဒကာ ဒကာမတွေအဖို့ ဘာမှ မဆန်းဘူး။ 'မွေခံ ထိုက်စေ၊ လှူမျှဝေ၍' ဆိုတာ သားသမီး ဝတ္တရား။ လုပ်နေကျ။ သေသွားတဲ့ ဘိုးဘွားမိဘတွေကို ရည်စူးပြီးလှူယင် သေသွားတဲ့ လူကလဲ လူတို့၊ တိရစ္ဆာန်တို့ မဖြစ်ဘဲ ပြိတ္တာ ဖြစ်နေမယ်ဆိုယင် သီလ သမာဓိ ရှိတဲ့ ရဟန်းတော်များအား အဝတ်အစား ပေးလှူပြီး အမျှဝေလို့ရတယ်ဆိုတာ ကထာ ဝတ္ထု ပါဠိတော်၊ 'ဣတော ဒိန္နကထာ'၊ အင်္ဂုတ္တိုရ် ပါဠိတော် ဇာဏုဿောဏိသုတ်၊ မိလိန္ဒပဉှာ၊ ပုဗ္ဗပေတာဒိသပဉှာ' ပါဠိတော်တွေမှာလဲ ထင်ရှားပြီး သား။

## ဘိုင်စကုပ်ပြသလို အလှဆုံးမြင်ကွင်း

ဒါပေမယ့် ဗုဒ္ဓဘာသာ မဟုတ်တဲ့ လူအတွက် ဒီလိုလုပ်လို့ ဒီလိုဖြစ်တယ်ဆိုတာ ယုံနိုင်စရာမရှိဘူး။ ဆန်းနေတယ်။ မိစ္ဆာဒိဋ္ဌိ ဖြစ်တဲ့ ဒီမင်းကြီးမှာလဲ ဆန်းနေတာပေါ့။ လက်တွေ့ သိလဲ သိချင်တယ်။ ကူညီလဲ ကူညီချင်တယ်။ ဒါနဲ့ သင်္ကန်း ရှစ်စုံယူပြီး

ကပ္ပိတက မထေရ်ကြီးထံသွား၊ အကျိုး အကြောင်း ပြောပြီး လှူလိုက်တယ်။ လှူပြီးယင်ပဲ မှာတဲ့အတိုင်း ဘုမ္မစိုးနတ်မင်းကြီးကို နှုတ်မြွက်ခေါ်ဆိုပြီး အမျှအတန်းပေးဝေလိုက်သတဲ့။

အမျှပေးဝေလိုက်တယ် ဆိုယင်ပဲ ဘုမ္မစိုးနတ်မင်းကြီးဟာ သာဓု....သာဓု....သာဓု....လို့ ၃-ကြိမ်ခေါ်ပြီး အမ္ဗသက္ကရလိစ္ဆဝီမင်းကြီးနဲ့ ကပ္ပိတကမထေရ်ကြီးတို့ အနီးမှာ ကိုယ်ထင်ရှားပြလိုက်တယ်။

ကိုယ်ရောင်ကိုယ်ဝါတွေကလဲ ဖိတ်ဖိတ်တောက်လို့၊ အမွှေးနံ့တွေကလဲ ကြိုင်လို့လှိုင်လို့ နတ်ဝတ်တန်ဆာ ဒွါဒရာတွေနဲ့ ချောမောလှပ ပြေပြစ်လိုက်တာကလဲ မနေ့တစ်နေ့က မြင်ရတာနဲ့ ဘာမှမဆိုင်ဘူး။ ဆွတ်ဆွတ်ဖြူတဲ့ မနော၈၀ နတ်မြင်းပျံကြီးကလဲ ကကြိုးတန်ဆာတွေအပြည့်နှင့် ကြည့်လို့ကို မဝနိုင်ဘူး။ ဒါတင်မကသေးဘူး။ ဘုမ္မစိုးနတ်မင်းကြီးရဲ့ ဝဲယာနောက်ဘက်ဆီမှာလဲ ပြူးပြူးပြက်ပြက် တစ်လက်လက်နဲ့ မောင်းမမိဿံအခြွေအရံတွေ.... နှင့် ကြက်သရေရှိလိုက်လေခြင်း။

လိစ္ဆဝီမင်းလဲ အံ့အားကြီးသင့်ပြီး ကြည့်လို့မဝပဲ ကြည့်နေရင်းက 'ကုသိုလ်ဒါနပြုပြီး အမျှဝေလိုက်တာနဲ့ ဒီလောက်ကြီးကျယ်တဲ့ စည်းစိမ်ဥစ္စာ ကျက်သရေမင်္ဂလာတွေ တိုးသွားသကိုး'လို့ မျက်မြင်ကိုယ်တွေ့ ဖြစ်သွားတယ်။ အဲဒီအခါက ဘိုင်စကုပ်သာရှိလို့ရိုက်ထားလိုက်ရယင်....အင်မတန် ကြည့်လို့ကောင်းတဲ့ အခန်းပေါ့။

ဒီနေရာမှာ ဘုမ္မစိုးနတ်မင်းကြီးဟာ စောစောကတော့ နတ်အစစ်မဟုတ်သေးဘူး။နတ်တစ်ပိုင်း–ပြိတ္တာတစ်ပိုင်းလို့ခေါ်ရမယ့် အပါယ်ဘုံသားဘဝပဲရှိသေးတယ်။ သူလုပ်ခဲ့တဲ့ ကံကြောင့်သာ နတ်မြင်းပျံတွေဘာတွေ ရနေတာ။ ခုမှ အခြွေအရံတွေနဲ့ နတ်ပြည် ၆-ထပ်အပါအဝင် တကယ့်နတ်မင်းကြီး ဖြစ်သွားရတယ်။ ဒါ့ကြောင့်-ဒီဝတ္ထုဇာတ်လမ်းကို သင်္ဂါယနာတင် မထေရ်ကြီးများ

က ပေတဝတ္ထုပ္ပကရဏ်ငွေတော်မှာ စာရင်းသွင်းပြီး သင်္ကါယနာ တင် လာခဲ့ခြင်းဖြစ်တယ်လို့ မှတ်ရမယ်။

## ကပ္ပိတက မထေရ်ထံ သရဏဂုံ သီလခံ

အဲ....ဇာတ်လမ်းက မဆုံးသေးဘူး။ ဆက်ကြဦးစို့။ ဒီနေရာမှာပဲ လိစ္ဆဝီမင်းဟာ နတ္ထိကဒိဋ္ဌိအယူကို စွန့်လွှတ်လိုက်တယ်။ ဘုမ္မစိုးနတ်မင်းကြီးကလဲ မှန်ကိုက်ကိုက်တွန်းတယ်။ ဒီအယူကို မစွန့်လျှင် နောက်ကို တွေ့ဆုံ ပြောဆိုခွင့်မရှိတော့ဘူးလို့လဲဘုမ္မစိုး နတ်မင်းကြီးက အကြပ်ကိုင်လိုက်တယ်။ မင်းကြီးကလဲ နောင်တ, သွေဖြစ်ပြီး ဒီကမ္ဘာ ကုသိုလ်ကောင်းမှုတွေပြုပါတော့မယ်လို့ ဝန်ခံရင်း ကပ္ပိတက မထေရ်ကြီးထံမှာ လက်အုပ်ချီ ဆောင့်ကြောင့်ထိုင်ပြီး-

> “ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
> ဓမ္မံ သရဏံ ဂစ္ဆာမိ။
> သံဃံ သရဏံ ဂစ္ဆာမိ။

သရဏဂုံသုံးပါးနှင့် ငါးပါးသီလ ခံယူဆောက်တည်လိုက်တယ်။ ဘုမ္မစိုးနတ်မင်းကြီးက ဒီနေရာမှာပဲ မင်းကြီးကို တစ်ခု မေတ္တာရပ်ခံလိုက်တယ်။

## ရာဇဝတ်သားလဲ လွှတ်စေ

> “မင်းကြီး၊ သင်နှင့်ကျွန်ုပ်တို့ဟာ ယခုလိုခင်မင်ရင်းနှီးရတာ တံကျင်လျှိုခံရတဲ့ ရာဇဝတ်သားကစတင်ခြင်းဖြစ်ပါတယ်။ သူမိုက်တာ မိုက်တာထားလို့ သနားသဖြင့် လွှတ်ပေးစေချင်ပါတယ်”

လို့ ပြောတော့ မင်းကြီးကလဲ လွှတ်ပေးဖို့ တာဝန်ယူလိုက်တယ်။

ဒါပေမယ့် လိစ္ဆဝီမင်းတွေဟာ ခုခေတ်စကားနဲ့ပြောယင် ဒီမိုကရေစီနှင့် အုပ်ချုပ်ကြလေတော့ အခြားမင်းညီမင်းသားများ

ကိုပါ အသိပေးပြီးလွှတ်ပေးလိုက်တယ်။ ရာဇဝတ်သားမှာလဲ မြို့ပြင်မှာ အစာရေစာ မပေးဘဲ တံကျင်တွေ လျှိုထားလိုက်တာ.... သွေးစိမ်းရှင်ရှင် စီးတဲ့နေရာက စီး၊ သွေးတွေချောက်ပြီး ခဲတဲ့နေရာက ခဲ။ သူ့ဟာသူ သေပါစေဆိုပြီး ညှဉ်းဆဲ သတ်ဖြတ်တဲ့နည်းနဲ့ထားတာ၊ သူခိုးက ကံထူးတဲ့ ပုဂ္ဂိုလ်ဆိုတော့ အရက် ၂၀-လောက် ပစ်ထားတာတောင် မသေဘူး။ မင်းကြီး ကိုယ်တိုင်ပဲ ရာဇဝတ်သားအနီးသွားကာ တယုတယ ပြောဆိုလွှတ်ပေးပြီး နန်းတွင်းသမားတော်တွေနှင့် ကုသစေတယ်။

## ဒေသနာစဉ်နှင့် ကံစွမ်းအားတိုင်းတာနည်း

မင်းကြီးလဲ ကပ္ပိတက မထေရ်ကြီးနှင့် ရင်းနှီးသွားကြပြီး လျှင် အယူဝါဒနှင့်စပ်လို့ မရှင်း မလင်း မတင်မကျဖြစ်နေတာတွေကို လျှောက်ရဲထားရဲ ရှိလာတယ်။ မထေရ်ကြီးကလဲ ဦးစွာ ကံ, ကံရဲ့အကျိုးတရား ယုံကြည်ရမှုဟာ ဗုဒ္ဓအဆုံးအမတော်၌ မူလအခြေခံဖြစ်ပုံက စပြီး-

ဒါနကထာ, သီလကထာ, သဂ္ဂကထာ, ကာမာနံ အာဒီနဝကထာ, မဂ္ဂကထာ, ဒေသနာတော်အစဉ်အရ ဘဝင်ကျ နှစ်ခြိုက်အောင် ဟောကြား ဆုံးမပေးတော်မူတယ်။ တစ်နေ့တော့—

> "အရှင်ဘုရား- အပါယ်ငရဲသို့ကျစေနိုင်တဲ့ အကုသိုလ်ဒုစရိုက်များကိုပုထုဇဉ်သဘာဝ လုပ်မိ မှားခဲ့သော်လဲပဲ ၎င်းကံများကို ချွတ်လွဲကုစားနိုင်သော နည်းလမ်းများ ရှိပါသလား ဘုရား"

လို့ လျှောက်တယ်။ အင်မတန်မှ မေးထိုက်တဲ့ မေးခွန်းပါပဲ ဒီမေးခွန်းကို အချိန်တိုတိုနဲ့ ဖြေလို့မပြည့်စုံနိုင်ဘူး။ ကပ္ပိတက မထေရ်ကြီးက အဘိဓမ္မာလို ကံတွေရဲ့သဘောများကို ဟောကြားပေးတော်မူပါတယ်။

၁။ ယခုဘဝမှာပဲ အကျိုးပေးတတ်တဲ့ ဒိဋ္ဌဓမ္မ ဝေဒနီယကံ၊

၂။ လာမယ့် ဒုတိယ နောက်ဘဝမှာ အကျိုးပေးတတ်တဲ့ ဥပပဇ္ဇ ဝေဒနီယကံ၊

၃။ လာမယ့် တတိယဘဝကစပြီး နိဗ္ဗာန်မရမချင်း အလျဉ်းသင့်သလို အကျိုးပေးတတ်တဲ့ အပရာပရိယ ဝေဒနီယကံ၊

၄။ အကြောင်းတစ်စုံတစ်ရာကြောင့် အကျိုးပေးရမယ့် ဘဝမှာ အကျိုးပေးခွင့်မရဘဲ ပျက်ပြယ်သွားရတဲ့ အဟောသိကံ—။

## ဘုရားသခင် မလုပ်နိုင်တာ လူလုပ်လို့ရတယ်

ဗမာလို အရှင်းဆုံး အတိုဆုံး ပြောရယင်တော့ လောကစကား 'ရေမျှားရေနိုင်၊ မီးမျှားမီးနိုင်'ဆိုတာ ရှိတယ်။ ယခုဒီမှာလဲပဲ လူတိုင်းလူတိုင်းမှာ ယခုဘဝ နေ့စဉ်နှင့်အမျှ လုပ်နေတဲ့ ကာယကံ၊ ဝစီကံ၊ မနောကံ အကောင်းအဆိုးတွေရှိတယ်။ ထို့အတူ သံသရာကပါလာခဲ့တဲ့ အပရာပရိယကမ္မသတ္တိခေါ်တဲ့ ကောင်းကံ ဆိုးကံ သတ္တိတွေ အသီးသီးရှိနေကြတယ်။ သိတတ်တဲ့အချိန်ကစပြီး ကောင်းကံတွေကို ကြိုးစားပြုလုပ်ပေးနိုင်လျှင် ကံဆိုးတွေ အကျိုးပေးအရှိန်ပြော့သွားမယ်။ လျော့သွားမယ်။ တချို့ကံ အရှိန်အစော်တွေ လုံးဝသော်လဲ ပျောက်သွားစေနိုင်ပါတယ်။

မကောင်းမှု ဒုစရိုက်တွေ ရှောင်ရှား၊ အင်အား ကောင်းသထက် ကောင်းတဲ့ ကံတွေထူထောင်ရမယ်။ လေ့ကျင့်ရမယ်။ ဒီနေရာမှာ အရေးကြီးဆုံးမှတ်ဖို့က ရှေးကပြုမှားခဲ့တဲ့အကုသိုလ်ကံတွေကို လွှမ်းမိုးချေဖျက်နိုင်စွမ်းရှိတဲ့ အလွန် အင်အားထက်တဲ့ ကုသိုလ်ကံတွေ ဗုဒ္ဓဘာသာမှာ အမှန်တကယ် ရှိနေပါတယ်။ အဲဒါကို သိထားကြရမယ်။

မိမိလုပ်ခဲ့တဲ့ မကောင်းမှုကို ဘယ်ဘုရားသခင်ကမှ ပျောက်သွားအောင် လုပ်မပေးနိုင်ဘူး။ ကိုယ့်ဟာကိုယ် လုပ်ယူမှုရတယ်။ လုပ်ယူလျှင်ရတယ်။ ဒီနည်း ဗုဒ္ဓဘာသာမှာသာရှိတယ်။

အဲဒီကံတွေကဘာတွေလဲဆိုတော့အချုပ်အားဖြင့် မဟဂ္ဂုတ်ခေါ်တဲ့ အပ္ပနာစျာန်ဆိုက်အောင် မြင့်မြတ်တဲ့ မေတ္တာဘာဝနာ၊ အာနာပါန ဘာဝနာတွေ၊ လောကမှာ အထက်ဆုံး ကံတွေလို့ မှတ်ကြ။ တစ်ဆင့်တက်ပြီး လောကုတ္တရာ သမုစ္ဆေဒ ဆိုက်အောင် အပြတ်ဖြတ် ပယ်သတ်နိုင်တဲ့ ဝိပဿနာ ဘာဝနာ၊ မဂ်ကုသိုလ်ကံတွေ။ ဒီကံတွေဟာ လောကကြီးထဲမှာ နေချင်နေ၊ လောကထဲက ထွက်ချင်ထွက်၊ အမြဲတမ်းကို လက်ကိုင်ထားရမယ့် အထက်မြက်ဆုံး ကံ လက်နက်ကြီးတွေပဲ။

ကပ္ပိတကမထေရ်ကြီးက ကံ အစွမ်းသတ္တိတွေရှင်းပြ၊ မဂ္ဂကထာ ခေါ်တဲ့နိဗ္ဗာန်ရောက်ကြောင်းမဂ္ဂင်ရှစ်ဖြာ ဝိပဿနာအကျင့်ကောင်းတွေညွှန်ပြလို့ ဆိုတော့ အမ္ဗသက္ကရ လိစ္ဆဝီမင်းဟာ မကြာခင်ပဲ သောတာပန်ဖြစ်သွားတယ်။

ဒီနေရာမှာ မှတ်သင့်တာက.... လူတစ်ယောက်ဟာ လောလောဆယ် ဗုဒ္ဓဘာသာဝင် မဟုတ်လို့ ဒီလိုမြင့်မြတ်တဲ့တရားထူးချမ်းသာကို မရနိုင်ဘူးလို့ မအောက်မေ့သင့်ဘူး။

ဘုမ္မစိုးနတ်မင်းကြီးရဲ့ ကျေးဇူး၊ ကောင်းလိုက်လေခြင်း။

## နိဗ္ဗာန်မရောက်သေးသမျှ မအေးရပါကလား

သည့်ထက်ဝမ်းမြောက်စရာကောင်းတာ ပြောရဦးမယ်....။ တူတော်မောင် လူမိုက် သူခိုး၊ ဦးရီးတော်ကိုပင်လျှင် အမျိုးမျိုးဒုက္ခပေးခဲ့ရုံမျှ မက၊ အသက် သေအောင်ပင် နှိပ်စက်ခဲ့တဲ့တူ။ ဒါပေမယ့် ဦးရီးတော်က ဗွေမယူဘူး။ သဘောထားကြီးကြီးနှင့် သည်းခံပြီး စောင့်ရှောက်ခဲ့ပါတယ်။ ဟော.... ယခု သူ အသက်ဘေးက လွတ်သွားပြီ။ သူက ပစ္ဆိမဘာဝိကသားဆိုတော့ သေရိုးထုံးစံ မရှိဘူး၊ ဦးရီးတော်ကလဲ ဆက်တိုက်ကူညီခဲ့ပြန်တယ်။

လူ့ဘဝ ရတယ်ဆိုတာ တန်ဖိုး သိတဲ့သူ အတွက် အဲသလောက် သေလုမျောပါးဒုက္ခံနေရတဲ့လူတောင် ဘယ်လောက်မြင့်မြတ်တယ်၊ တန်ဖိုးရှိတယ်ဆိုတာ ဆက်ပြီးကြည့်ကြစို့....။

အဲ....အဲဒီ တူတော်မောင် ရာဇဝတ်သားလဲ နန်းတွင်းသမားတော်ကြီးများက ကြိုးစားကုသပေးလို့ အနာတွေ ရှင်းရှင်းပျောက်ပြီး လူကောင်းပကတိဖြစ်လာတယ်။ နေကောင်းလာတယ်ဆိုယင်ပဲ ရှေ့ခရီးအတွက် သူက စဉ်းစားတယ်။

"ဩော်....ငါနှယ်.... မိုက်လိုက်လေခြင်း၊ မသေကောင်း မပျောက်ကောင်း၊ ဦးရီးတော် ကယ်ပေလို့သာပေါ့၊ ပုထုဇဉ်သဘာဝ ကြံမိကြံရာကြံ၊ လုပ်မိလုပ်ရာလုပ်။ အမြင်တစ်ချက်လွဲယင် ငရဲစောက်ထိုးဆင်းမယ့် အလုပ်မျိုးကိုတောင် ငါလုပ်ခဲ့မိပြီ။ ကျေးဇူးရှင်ကိုပင်လျှင် ဒုက္ခပေးခဲ့မိပြီ။ လူ့စိတ်ဟာ ဘာမှ စိတ်မချရပါကလား။ တစ်ဘဝဆိုတာကလဲ ဘာမှမကြာ။ တစ်ဘဝပြီး တစ်ဘဝ ရှေ့ဆက်သွားရဦးမယ့် ဇာတိ ဇရာ မရဏ ဘဝသံသရာ ခရီးကလဲ ရှည်လျားလှပါဘိတယ်။ ကျန်တဲ့အချိန်ကလေး ကုသိုလ်ကောင်းမှု စုနိုင် ဆောင်နိုင်အောင် ရဟန်းပြုမှ တော်တော့မယ်...."

အဲသလို စဉ်းစားဆုံးဖြတ်ပြီး ချက်ချင်း ဝေသာလီပြည်ထဲက သံဃာတော်များ သီတင်းသုံးရာ ကျောင်းတိုက် တစ်ခုသို့ သွားပြီး ရဟန်းပြုလိုက်တယ်။ တိုတိုပြောကြစို့....။ အဲသလို ဘဝတွေ ဒုက္ခသံဝေဂနှင့် ရဟန်းပြုသူပီပီ၊ သမထ ဝိပဿနာတရား ကြိုးစားအားထုတ်လိုက်တာ တစ်သံသရာလုံးက ပြုမှားမိခဲ့တဲ့ အပရာပရိယအကုသိုလ်ကံဆိုးတွေလဲ အားလုံးစာရင်းရှင်း၊ ကိလေသာ အာသဝေါတွေလဲ အကုန်ခြောက်ခန်းပြီး ရဟန္တာဖြစ်တော်မူသွားတယ်။ မြတ်လိုက်လေခြင်း။

ဒီနေရာမှာ အကုသိုလ်ကံတရားတွေ၊ ဝဋ်ကြွေးတွေဆိုတာ နိဗ္ဗာန် တံခါးပေါက်အထိ လိုက်ပြီး နှောင့်ယှက်နိုင်သေးတာကို ကြည့်ပြီး သံဝေဂ အလွန်ရစရာကောင်းတယ်။

ဒီအမွှသက္ကရ ပေတ ဝတ္ထုဇာတ်လမ်းကြီးတစ်ခုလုံး အဓိက ဇာတ်ဆောင်အဖြစ်နဲ့ 'သယ်' သွားတာ ဘုမ္မစိုးနတ်မင်းကြီးပဲ။ အကျင့်သီလနှင့် စိတ်ကောင်း နှလုံးကောင်းရှိရုံမျှနှင့်ပဲ မိမိလဲ ချမ်းသာ၊ မိမိကိုအကြောင်းပြုပြီး ဆက်ဆံရတဲ့သူတွေအားလုံးလဲ နိဗ္ဗာန်ကျအောင် ချမ်းသာမှု ကိုယ်စီရရှိသွားစေနိုင်ခဲ့တယ်။

'သစ်ကောင်းတစ်ပင်ကြောင့် တောတစ်ခွင်လုံးကြိုင်။
သစ်တစ်ပင်ကောင်းတော့ ငှက်တစ်သောင်း ခိုရတယ်'ဆို တာလို ဘုမ္မစိုးနတ်မင်းကြီး ဥပမာထားကာ ဘဝသံသရာ ခရီး သွားကြတဲ့ နေရာမှာ ကံတရားတွေ အကျွက်စေ့စေ့ အကျိုးပေး တာကို ထောက်ရှုပြီး မိမိ သူတစ်ပါး အများချမ်းသာအောင် ကြိုးစားကြရမယ်။

ကံတရားတွေက အကွက်စေ့စေ့အကျိုးပေးသလို ဘုန်းကြီး တို့တစ်တွေလဲ မိမိသူတစ်ပါး အများ ချမ်းသာအောင် အကွက် စေ့စေ့လုပ်ကြစို့။

# ဘဝသံသရာခရီး

ဘဝသံသရာ အကြောင်းကိုပြောမယ်။

'ဘဝသံသရာ'ဟူသော စကားဟာ ဘဝတွေအဆက်မပြတ် ရှည်လျားလှပုံ၊ များပြားလှပုံကို ပြောဆိုခြင်း ဖြစ်တယ်။

မည်သူမဆို သတ္တဝါအားလုံးတို့ဟာ ရှည်လျားများပြားလှသော ဘဝအထွေထွေပြောင်းကာ၊ လဲလှယ်ကာ သူကလဲ သူ့နည်းနှင့် သူ့ဟန်၊ ကိုယ်ကလဲ ကိုယ့်နည်းနှင့်ကိုယ့်ဟန်၊ အဟောင်းကံကပစ်ချသလို ကိုယ်စိတ်ကျင်လည်နေကြရခြင်းကို 'ဘဝသံသရာ'လို့ ခေါ်ဆိုခြင်း ဖြစ်တယ်။

## ကပ္ပိယကြီး ဦးကြောင် ဖွတ်ဖြစ်ရပုံ

'လူဝင်စား'ဆိုသည်မှာ အခြား ဘဝတခုခုမှ လူ့ဘဝသို့ ပြန်ရောက်လာကြရာ သူတို့၏ နီးစပ်သော ဘဝအကြောင်း ဟုတ်တိုင်းမှန်ရာ ပြောပြတတ်သူများကို ခေါ်ခြင်းဖြစ်တယ်။ ဒီမှာ— ဘုန်းကြီး ကျောင်းမှာနေတဲ့ ကပ္ပိယအတိုးကြီး ဦးကြောင်ရဲ့ ဘဝသုံးမျိုးကို ပြောပြပါမယ်။

ဦးကြောင်ဟာ ဘုန်းကြီးကျောင်းသားဘဝတုန်းက တကဲသာရွာရဲ့ အရှေ့ကျောင်း ဆရာတော်ကြီး ဦးရေဝတကျောင်းမှာ နေတဲ့ ကပ္ပိယကြီးဖြစ်ကြောင်း ကောင်းစွာ မှတ်မိတယ်။

တကဲသာ ရွာဟာ ဘုန်းကြီးဇာတိ ရွှေဘို ဒီပဲယင်းနယ်အတွင်း (ငွေတွင်းကုန်း)ရွာရဲ့ တောင်ဘက် တစ်မိုင်ကွာမှာရှိတဲ့ ရှေးဟောင်း ရွာကြီးဖြစ်တယ်။ ဆရာတော်ကြီး ဦးရေဝတဟာ

ဘုန်းကြီးရဲ့ အဘိုးဖြစ်လို့ မကြာခဏ သွားရောက် ဆည်းကပ်ရမြဲ ဖြစ်တယ်။

ကပ္ပိယကြီး ဦးကြောင် သက်ရှယ်ကြီးရင့်ချိန်မှာ ဇနီး ကွယ်လွန်၊ သားသမီးလဲမရှိတော့ တကိုယ်တည်း အိမ်မှာမနေလို သောကြောင့် ဘုန်းကြီးကျောင်းမှာ လာရောက်ပြီး ကပ္ပိယလုပ် နေခြင်း ဖြစ်တယ်။

ထူးတာက— ဦးကြောင်ဟာ ကွယ်လွန်သွားပြီး နောက် ဘဝမှာ ထိုရွာအနီးရှိ ကျောင်းအိုကြီး တောအုပ်ထဲမှာ ဖွတ် သတ္တဝါ ဖြစ်နေရှာရတယ်၊ အဲသလို ဖွတ်ဖြစ်နေရစဉ်အခါ တစ်နေ့ သ၌ တကဲသာရွာက ဖိုးထူးဆိုတဲ့ မိုက်ကန်းကန်းလူရွယ် တစ် ယောက်ရဲ့လက်ချက်နဲ့သေရပြီး တကဲသာရွာမှာပဲ လူပြန်ဖြစ်လာ ခဲ့ရတယ်။

သူ့ရဲ့နာမည်က မောင်ပွင့်ဖြစ်တယ်။ ဖွတ်ဘဝမှလာခဲ့တဲ့ မောင်ပွင့်ဟာ ယခုအချိန်မှာ အသက် (၄၀)ကျော်အရွယ် သား သမီးတွေနှင့် အိမ်ထောင်ရှင် လူလတ်ပိုင်းဘဝ ရောက်နေရပြန် တယ်။

ကိုပွင့်ဟာ ကပ္ပိယကြီး ဦးကြောင်ဘဝက အဖြစ်အပျက် များနှင့် ဖွတ်ဘဝတုန်းက သစ်ပင်များပေါ်တက်လိုက်ဆင်းလိုက် ဘာသာဘာဝနေခဲ့ရပုံ၊ တောင်ပို့ထဲဝင်အောင်းပြီး အိပ်စက်နေ လေ့ရှိပုံ၊ ဖိုးထူးကဖမ်းပြီးသတ်လို့သေခဲ့ရပုံ ကြောင်းရာစုံကို ပြန် လည် ပြောပြနိုင်တယ်။

## နွားဘဝမှ လူလာဖြစ်တဲ့ မောင်တောကြည်

နွားဘဝမှ လူ့ဘဝရောက်လာတဲ့ လူတစ်ဦးကိုလဲ တွေ့ခဲ့ရ ဖူးသေးတယ်။ ဘုန်းကြီးရဲ့ ဇာတိရွာ ငွေတွင်းကုန်းနှင့် ၃-မိုင် ခန့်အကွာ အင်ပင်ရွာဆိုတာ ရှိတယ်၊အဲဒီရွာက ဝမ်းကွဲ အကိုကြီး ဖြစ်သူ ဦးဘိုးရီရဲ့အိမ်မှာ အလွန်လိမ်မာပြီး အကင်းပါးလှတဲ့

ခိုင်းနွားကောင်းကြီးတစ်ကောင် ရှိခဲ့ဖူးတယ်၊ နွားညိုကြီးဖြစ်လို့ နွားရဲ့နာမည်ကို 'ညိုကြီး'လို့ မှည့်ခေါ်ထားကြတယ်။

ညိုကြီးကို နွားလိမ္မာကြီးဖြစ်လို့ လူတိုင်းက ချစ်ခင်ကြတယ်။ ဒုတိယကမ္ဘာစစ်ကြီးကာလမဲ့နောက်ပိုင်းမှာ ညိုကြီးသေသွားလို့ လူအများက နှမြောဝမ်းနည်း ဖြစ်ကြရတယ်။

သို့သော်လဲ ညိုကြီးဟာ ဘဝတစ်ခုဖြစ်သော နွားဘဝက ဇာတ်သိမ်းခဲ့ပြီး၊ ဘဝသပ်တစ်ခုဖြစ်တဲ့ လူ့ဘဝသို့ တစ်ဇာတ်ထွက်လာခဲ့ပြန်လို့ ဝမ်းသာကြရတယ်၊ အင်ပင်ရွာရဲ့ အနောက်ဘက်ရှိ တောင်ကုန်းရွာကြီးမှာ လူဝင်စားဖြစ်လာကြောင်း သိကြရလို့ဝမ်းသာကြရပြန်တယ်။

တောင်ကုန်းရွာမှာ ဦးရွှေ–ဒေါ်တောသိပ်းတို့ရဲ့ သားကလေးဖြစ်လာရာ သူရဲ့နာမည်ကို မောင်တောကြည်လို့ နာမည်ပေးထားတယ်။

ညိုကြီးနွားဘဝမှ လူဖြစ်လာပုံအကြောင်းကို စိတ်ဝင်စားဖွယ်ကောင်းအောင် ထူးခြားတဲ့ မောင်တောကြည်ရဲ့ အမူအရာ အလေ့အကျင့်တွေကို လူအများက မြင်ရတော့ အံ့ဩကြရတယ်။

မောင်တောကြည်ဟာ ကလေးဘဝ ငယ်ရွယ်တုန်းအချိန်က သူရဲ့အရင်က နွားဖြစ်စဉ်ဘဝဟောင်းကို ပြန်ပြောင်းအောက်မေ့ကာ၊ နွားဘဝတုန်းကနေခဲ့ဖူး၊ စားခဲ့ဖူးတဲ့ နွားတို့ရဲ့အမူအကျင့်ကို နှစ်သက်နေကြောင်းသိရလို့ မိဘများက လိုက်လျောကြရတယ်။

သူ၏စိတ်ကြိုက် သူကျေနပ်အောင် လက်တစ်ဖက်ကို ကြိုးကလေးနှင့်ချည်ပြီး ကြိုးစတစ်ဖက်ကို ခုတင်တိုင်မှာချည်ပေးထားရတယ်။ လေးဖက်ထောက်ပြီး နွားလိုဘဲဝပ်နေတတ်တယ်။

နောက်ပြီး မြက်နုကလေးများကို နုတ်ပြီး ခွက်ငယ်မှာ ထည့်ကာ သူ၏ရှေ့ ချပေးထားရတယ်။ မြက်ကိုတော့ မစားပါ၊

နမ်းနေရလျှင် စိတ်ကျေနပ် နေတတ်တယ်။ သူနေတဲ့အိမ်ရဲ့ အရှေ့ဘက်လမ်းမပေါ်မှာ နွားအုပ်ကြီးများ ဖြတ်သန်းသွားနေကြတာမြင်ရလျှင် သူက တရှူးရှူး အသံထွက်ပြီး မာန်ဖီနေတတ်တယ်။

သူ စကားပီ နားလည်လာလို့ စကားပြောတတ်ချိန်မှာ နွားဘဝတုန်းက သူတွေ့ကြုံခဲ့ရတဲ့ ဖြစ်ရပ် ကြောင်းရာများကို ပြောပြတတ်သေးတယ်။ ထူးခြားစွာမှတ်သားမိတဲ့အတွက် ကြားရသူတိုင်းက အံ့သြကြရတယ်။

သူနွားဖြစ်နေရစဉ်က စစ်ကြီးကာလအတွင်း ဗုံးခိုကျင်းကြီးထဲကျလို့ လူအများက ဝိုင်းဝန်းကယ်တင်ပေးကြရပုံကို ပြောပြတဲ့နေရာမှာ လူနာမည်များကိုပါ မှန်ကန်အောင် ပြောပြနိုင်လို့ အထူးအံ့သြကြရတယ်။ နွားရှင်ဦးဘိုးရီတို့တောင်မှ သူပြောပြသလောက် စုံစေ့အောင် မမှတ်မိတော့ဘူး၊ နွားဖြစ်သော်လဲ မှတ်ဉာဏ်ကောင်းပုံကို လူအများက အံ့သြမဆုံး ဖြစ်ကြရတယ်။

လူအချို့က နွားများကို ဘာမှမသိတတ်တဲ့ တိရစ္ဆာန်လို့ ပြောဆိုဆဲရေးလေ့ရှိကြတယ်။ ခုတော့ သိတတ်လိုက်ပုံမှာ သာမန်လူထက်တောင် အသိဉာဏ်ရှင်းသေးတယ်လို့ ဆိုရမလိုဖြစ်နေတယ်။

နွားဘဝတုန်းက သူ့ကိုထိန်းကျောင်းခဲ့ရတဲ့ ဒေါ်တင်ရှိ (ဦးဘိုးရီ၏သမီးကြီး)ကိုလဲ "နင်က ငါ့ကိုရိုက်ခဲ့တာတွေ ငါ မမေ့ပါဘူး ဟယ်"လို့တောင် ပြောတတ်သေးတယ်။ ဒီတော့ ဒေါ်တင်ရှိက "နင်က နွားဆိုတော့ တစ်ခါတစ်ရံ ရိုက်မောင်းရတဲ့ အခါလဲ ရှိတာပေါ့ဟယ်"လို့ ရယ်ကာပြုံးကာနှင့် ပြန်လည် ဖြေသိမ့်ပေးရတယ်။

## စားမြုံ့ပြန်တတ်သောရဟန်း

ဘုရားရှင် လက်ထက်တော်အခါက နွားဘဝမှ ဘဝ အခြားမရှိဘဲ လူဘဝရောက်လာတဲ့ ယောကျ်ား တစ်ယောက် အကြောင်း ဝိနည်းပါဠိတော်မှာတွေ့ရတယ်။

နွားဘဝတုန်းက အမူအကျင့်ဝါသနာ အလေ့အထုံစရိုက် တွေ ပျောက်မရအောင်ရှိနေတတ်ပုံ၊ ထိုယောကျ်ားဟာ ဘုရားရှင် သာသနာတော်ဝင်ပြီး ရဟန်းပြုလာခဲ့ရာ နွားဘဝကပါလာခဲ့တဲ့ အလေ့အကျင့် မပျောက်နိုင်လို့ ညအခါ နွားများလို စားမြုံ့ ပြန်နေတတ်ပုံ တွေ့မြင်ကြရတဲ့ ရဟန်းတွေက ဘုရားရှင်အား လျှောက်ကြတဲ့အခါ သူနွားဘဝမှလာခဲ့သော ရဟန်းဖြစ်သော ကြောင့် 'အနာပတ္တိ-အာပတ်မသင့်၊ အပြစ်မရှိ'' လို့ ခွင့်ပြုတော် မူရကြောင်း ဝိနည်းပါဠိတော်မှာ ပါရှိပါတယ်။

## ကပ္ပိယကြီးတွမ်မှူ ငှက်ဖြစ်သွားပုံ

ချင်းတောင်ပေါ် ဘုန်းကြီးကျောင်းမှာ နှစ်ပေါင်းများ စွာ ကပ္ပိယအဖြစ်နေထိုင်သွားတဲ့ ချင်းအဘိုးကြီး တွမ်မှူဟာ ဘုန်းကြီး ခရီးဒေသသွားနေတုန်း (၁၅)နှစ်အရွယ်မှာ ကွယ်လွန် သွားရှာတယ်။

ခရီးထွက်ခါနီး သူ့ကိုပြုစုမယ့်လူမရှိလို့ သူ့ရွာအရောက် ဘုန်းကြီးပဲလိုက်ပို့ခဲ့သေးတယ်၊ ပြန်ခါနီးနှုတ်ဆက်တော့ ဘုန်းကြီး ကို ရှိခိုးပြီး စကားမပြောနိုင်ရှာဘူး၊ အဘိုးကြီးတွမ်မှူဟာ မျက် ရေတွေ တွေတွေကျပြီး ကြောင်ကြောင်ကြီး ကြည့်ကျန်နေခဲ့ ရှာတယ်။

ကွယ်လွန်သွားပြီးနောက် (၂)နှစ်ခန့်ကြာတော့ ဘုန်း ကြီးရဲ့ကျောင်း သစ်ပင်အနီးမှာ ငှက်ငယ်မျိုး ဖြစ်နေပုံကို သိသာ ထင်ရှားစွာ တွေ့မြင်ရတယ်။

ငှက်ကလေးဟာ နေ့စဉ်နေ့တိုင်းပဲ ဘုန်းကြီးအပေါ် ရင်းနှီးချစ်ခင်လှသော အမူအရာနှင့် ဘုန်းကြီးအနီးသို့လာပြီး ခစားပြတတ်ပုံ ဟန်ပန်ထူးခြားလွန်းလို့ ခေတ္တရပ်တန့်ပြီး "နင် တွမ်မှုံ မဟုတ်လား"လို့ မေးတော့ "ကျီကျော်–ကျီကျော်"လို့ အသံထွက်မြည်ကာ ခုန်ဆွခုန်ဆွဟန်အမူအရာပြရှာတယ်။ ဟုတ်မှန်ကြောင်း ပြန်လည်ပြောဆိုလေသလား ထင်ရတယ်။

နောက်နေ့များမှာလဲ "ဘိုးတွမ်မှုံရေ လာဟေ့"လို့ ဘုန်းကြီးက အသံပြုလိုက်လျှင် တစ်နေရာရာဆီက ပျံ၍ ရောက်လာတတ်တယ်။ ဘုန်းကြီးစမ်းချောင်းထဲဆင်းပြီး ရေချိုးဖို့လာချိန်မှာလဲ ငှက်ကလေးက ကြိုတင်ပြီး ဘုန်းကြီးကိုစောင့်နေတတ်တယ်၊ ဘုန်းကြီးကိုမြင်ရလျှင် သူ့မှာ ဝမ်းသာအားရ ကြိုလင့်တယ်၊ နီးကပ်တဲ့ သစ်ကိုင်းနိမ့်ပေါ်မှာနားပြီး ငှက်ဘာသာဖြင့် စကား ပြောနေတတ်ရှာတယ်။

သူ့ခမျာ ဘုန်းကြီးကျောင်းအနီး တောအုပ်ထဲမှာ ငှက်ငယ်ကလေးအဖြစ် ဘဝအကြိမ်ကြိမ်ပြောင်းပြီး ဖြစ်နေရရှာပုံကို တွေ့မြင်ရတော့ သနားခြင်းကရုဏာသက်မိတယ်။ သူ့ရဲ့ဘုန်းကြီးကို သံယောဇဉ်ကြီးစွာ ချဉ်းကပ်ပုံ၊ ခစားတတ်ပုံအမူအရာ ထူးခြားလှတဲ့အတွက် တွေ့မြင်ရတဲ့နေ့များကို မှတ်တမ်းစာအုပ်တွင် ရေးထားမိတတ်တယ်။

## ကင်းခြေများနှင့် မြွေဘဝရောက်ရပြန်

ကပ္ပိယအဘိုးကြီးတွမ်မှုံဟာ ဘုန်းကြီးနှင့် နှစ်ကြာကြာ အတူနေပြီး ဘုန်းကြီးကို အလွန်သံယောဇဉ်ကြီးရှာတယ်။ သူ့ရဲ့ တစ်ဘဝတာခရီးမှာ ဘုန်းကြီးကလွဲလို့ ညင်ညင်သာသာ ဆက်ဆံပြီး သူ့ကိုကြည့်ရှုစောင့်ရှောက်ဖူးသူမရှိဘူး။ ရင်းနှီးသော ချင်းလူမျိုး ဆွေမျိုးသားချင်းထက် ဂရုပြုကျွေးမွေးပြုစုတယ်၊ ဒီဘုန်းကြီးလောက်ကောင်းတဲ့သူ မတွေ့ခဲ့ရဖူးကြောင်း အနီးကပ်ပေါင်း

မိဘါပ့ အသ်ရ ဝိုးဖြစ်ကယ်လို့ ဂေါရခါးများကို ပြောခဲ့တယ် ဆိုတယ်၊

သူတို့ဘဝဟာ အိုဝါပုကြည့်ရှုသူကိုချစ်ကြမြဲဖြစ်ရာ ချင်း အဘိုးကြီး တွမ်မှုံဟာ အသက်(၇၀)ကျော်လာခဲ့တဲ့အခါ အနီး ကပ် ပြုစုလုပ်ကျွေးသူမရှိပါ၊ သားသမီးမရှိပါ၊ အိမ်ထောင်ကျခဲ့ ဖူးပါရဲ့၊ သားတစ်ယောက်မွေးဖူးရာ ငယ်စဉ်က သေသွားတယ် လို့ဆိုတယ်၊ ထိုနောက် အိမ်ထောင်ထပ်ကာကျဖူးသော်လဲ မမြဲ ကြပါ၊ ကွဲပြီးသွားကြသည်ချည်းမို့ အသက် ငါးဆယ်ကျော်တဲ့ အချိန်ကစပြီး သူတစ်ကိုတည်း(လုံရန်း)ဂေါရခါးရွာမှာ လာနေ တယ်။

ဘုန်းကြီးကို ဂေါရခါးဒကာအများက စုပေါင်း ပင့် ကြပြီး တောအုပ်ထဲ စုပေါင်းကျောင်း ဆောက်လုပ် ကိုးကွယ်ကြ တဲ့အခါ အဘိုးကြီးတွမ်မှုံက ဘုန်းကြီးကျောင်း နေချင်တယ်ပြော လို့ ခွင့်ပြုခဲ့တယ်။ သူ့ဖါသူတဲအိမ်ကလေးဆောက်ပြီး နေတယ်၊ ကပ္ပိယဖြစ်လာခဲ့တယ်။

အဲဒီအချိန်မှစပြီး မေတ္တာသံယောဇဉ် ကြီးလာခဲ့တယ်။ သံယောဇဉ်ကြီးပုံက သေပြီးနောက် ငှက်ငယ်ကလေးများချည်း ဘဝခြားကာ အကြိမ်ကြိမ် ဖြစ်ခဲ့ရှာတယ်။ တစ်ဘဝကတော့ ကင်းခြေများအဖြစ်နဲ့ ဘုန်းကြီးထံ ရောက်လာပြန်တယ်။

တစ်ညတော့ ဘုန်းကြီးစာရေးစာပွဲက ထလိုက်တဲ့အခါ လက်သန်းလောက်ရှိတဲ့ ကင်းခြေများတစ်ကောင် ဘုန်းကြီးရဲ့ ရှေ့မှာလှုပ်ရှားနေပုံတွေ့မြင်ရတယ်။

"ငါ့ကျောင်းပေါ်မှာ ကင်းခြေများမတွေ့ရစဖူး၊ထူး ခြားလှဘိတယ်"

လို့ စိတ်ထဲကပြောရင်း တွေးဆမိလို့–

"ဟဲ့-နင် တွမ်မှုံထင်တယ်၊ အခုကင်းခြေများဖြစ်လာ ခဲ့ရပြန်ပြီလား၊ နင့်ဘဝကလဲ ဒုက္ခပါပဲ၊ ဟုတ်မှာပါ၊ ဒါ့ကြောင့် ငါ့ကို တွေ့ချင်လို့ တမင်လာခဲ့တာဖြစ်မှာပါ၊

ကိုင်းသွားတော့၊ ငါ့နောက်လိုက်ခဲ့”လို့ ဘုန်းကြီးက တံခါးပေါက်ကြီးရှိရာ ခေါ်သွားတော့ ဖြောင့်ဖြောင့်တန်းတန်း လိုက်ပါလာတယ်၊ တံခါးအပြင်ဘက်ထုတ်ပြီး....

“နောက်မလာခဲ့နဲ့တော့နော်၊ ကောင်းရာဘဝ ရောက်ရှာပါစေ”လို့ သနားစိတ်ကြောင့် ဆုတောင်းလိုက်မိပါသေးတယ်။ အဲသည်နောက် ကင်းခြေများဘဝနှင့် မလာတော့ဘူး။

## ဘိုးတွမ်မှုံမြွေမိသားစုဖြစ်ခဲ့ရပြန်ပုံ

ကင်းခြေများငယ် ဘဝနှင့် တစ်ကြိမ် ရောက်လာပြီး “နောင်ခါမလာခဲ့နှင့်တော့”လို့ မှာကြားလွှတ်လိုက်ရာ၊ ကင်းခြေများအဖြစ်နှင့် မလာတော့ပါ၊ သို့သော်လဲ တဖြစ်လဲ့ပြီး မြွေငယ်ဘဝနှင့် ဘုန်းကြီးထံသို့ ရောက်လာပြန်တယ်။

ဆောင်းရာသီအခါ နံနက်ပိုင်း နေရောင်ခြည် အနည်းငယ်မြင့်တက်လာတဲ့အခါ ဘုန်းကြီးခြုံတဲ့စောင်ကို ကျောက်တိုက်ရဲ့အရှေ့ဘက်မှာ ပျဉ်ချပ်ပြားကြီး (၃) ပြားစီခင်းထားပြီး ပျဉ်ပြားပေါ်ဖြန့်၍ခေတ္တနေလှမ်းထားမြဲဖြစ်တယ်၊တစ်နေ့တော့ စောင်ကိုရုပ်ဖို့သွားယူတဲ့အခါ စိမ်းဝါရောင် မြွေငယ်တစ်ကောင်က စောင်ပေါ်တက်ပြီး နှစ်ခြိုက်စွာ အိပ်နေပုံမြင်ရတယ်။ “ဘယ်တုန်းကမှ မတွေ့ရစဖူး၊ ကေန္တတွမ်မှုံ မြွေဘဝရောက်ခဲ့ပြန်ပြီထင်တယ်” လို့ နှုတ်က ပြောမိတယ်။

“တွမ်မှုံ၊နင် မြွေဖြစ်လာခဲ့ရပြန်ပြီ၊သွားတော့၊စောင်ပေါ်မအိပ်နှင့်၊ ဆင်း” လို့ ပြောဆို နှင်ချလိုက်တော့ ဆင်းသွားမှာတယ်။ ဝေးလံရာ သွားချင်ပုံမရဘူး။ ပျဉ်ပြားအောက်ကနေ ဘုန်းကြီးကို ခင်မင်မှုကြီးစွာနှင့် ပြန်လှည့်ကြည့်နေပုံကို သတိပြုလိုက်မိတယ်။

ဘဝခြားသော်လဲ သံယောဇဉ်စိတ်က ကြီးမားနေဆဲမို့၊ နောက်တွင် မြွေငယ်အဖြစ်နှင့် ပုံပြောင်းကာ အနီရောင်၊ အဝါရောင်နှင့် အနီအဝါမှာ မွဲညစ်ရောင်ရောသော မြွေငယ် ဖြစ်

လာခဲ့ပြန်တယ်၊ တစ်ဘဝခြားပိုင်း တစ်ကြိမ်ကျ ဘုန်းကြီးထံလာ ပြီး ပြကာ နှုတ်ဆက်လေ့ရှိရှာဟယ်။

သူလာလျှင် ဘုန်းကြီးမြင်လွယ်အောင် ဘုန်းကြီးကျောင်း ရှေ့အပေါက် ထွက်ဝင်မြဲ တံခါးကြီးရဲ့ ရှေ့တည့်တည့်က စောင့်နေ ပုံကလဲ ထူးခြားပါတယ်၊ တပ်ခါတင်ရံ ကျောင်းထဲဝင်ရောက်လာ ချင်ဟန်ပြလို့ မဝင်ဖို့ တောင်ဝှေးနဲ့ဆည်းတားတဲ့အခါ လွယ်လွယ် ပင် တခြားသို့ အေးဆေးစွာ ထွက်သွားရှာပါတယ်။ သံယော ဇဉ်ကြီးသော်လဲ သူရှဲ့ဘဝ အကျိုးပေးညံ့ရှာပုံကို သနားရတယ်။ သူ့ရဲ့ကံအကျိုးပေးပုံကိုလဲ မကယ်တင်နိုင်ဘူးပေါ့။ ဒီလိုပဲကြည့်နေ ရတော့တယ်။

## နောက်ဆုံး မြွေဘဝ

တစ်ကြိမ်မှာ ဘုန်းကြီးတိုက်ရှေ့ ထွက်ပေါက် တံခါးအနီး ရေအိုးစင်အောက်မှာ မြွေငယ် သုံးကောင် ထူးခြားစွာရောက် လာပြီး ဘုန်းကြီးကိုတွေ့ချင်လို့ စောင့်နေကြပုံ လက္ခဏာတွေ့မြင် ရပြန်တယ်။

“ဟဲ့....တွပ်မှု၊ နင်တို့ လာကြပြန်ပြီလား၊နင်တို့က မြွေမျိုး တွေဖြစ်တော့ ငါနဲ့ သံယောဇဉ်တွယ်လို့ မဖြစ်ဘူးဟယ်....သွား ကြတော့”လို့ ပြောတော့ ရုတ်တရက် မသွားချင်ကြရှာဘူး၊ ပေကပ်ကပ်လုပ်နေကြတယ်၊ တုတ်ချောင်းကလေးနှင့် တွန်းပြီး မနည်း နှင်လိုက်ရတယ်။

မြွေသုံးကောင်မှာ နှစ်ကောင်က မြွေငယ်များဖြစ်ကြပြီး သားသမီးများဖြစ်ပုံရတယ်၊ တစ်ကောင်က အကြီး၊ မိခင်မြွေမ ဖြစ်လိမ့်မယ်လို့ ခန့်မှန်းရတယ်။

ညအခါ မြွေမလို့ ခန့်မှန်းရတဲ့ မြွေအကြီး တစ်ကောင်က ဘုန်းကြီးကို တွေ့မြင်ချင်ရှာလို့ ကျောင်းရှေ့ထွက်ပေါက် တံခါး ကြီးရဲ့ ရှေ့တည့်တည့်မှာ ထိုင်ပြီးစောင့်နေပုံ ထူးခြားစွာ တွေ့မြင် ရပြန်တယ်။

ထိုအခါဘုန်းကြီးစိတ်ထဲက နေ့ခင်းကလာကြတဲ့သုံးကောင် အနက် အကြီးကောင်က ဘုန်းကြီးနှင့် နီးကပ်စွာ မတွေ့ဆုံခဲ့ ရလို့ မကျေနပ်တဲ့အတွက် တစ်ကြိမ် ပြန်လာတာ ဖြစ်ရမယ်လို့ တွေးဆမိတယ်၊ တွပ်မှုဟာ ယခုအခါ မြွေမ ဖြစ်လာခဲ့ဟန်တူ တယ်၊ ဒါကြောင့် သူ့ရဲ့ကလေးတွေကို ခေါ်လာခဲ့တာဖြစ်မယ်။ မြွေငယ်များဟာ မိခင် ဖြစ်သော မြွေမရဲ့ နောက်သို့သာလိုက် ပါကြမဲ့ဖြစ်ကြောင်း နားလည်ခန့်မှန်း သိလိုက်ရတယ်၊ နောက် မလာကြတော့ပါ။

## ဘဝသံသရာဆိုသည်မှာ

အဆိုပါ မျက်မြင်ကိုယ်တွေ့ဖြစ်နေပုံတွေကို တွေ့မြင်ရပြီး ''သူတို့လဲ ဘဝသံသရာထဲမျောနေကြရရှာတယ်၊ ငါလဲဘဝသံသရာ ရေယဉ်ကျောမှာ မျောနေရဆဲပါပဲ''လို့ အမြင်ရှင်းအောင် စိတ် အာရုံထဲက သိထားရတယ်။

အဲသလိုပဲ လူအများကိုလဲ သိမြင်ထားကြရန်၊ အသိအမြင် ပညာပေးနေခြင်းဖြစ်တယ်၊ သံသရာဆိုတာ အမြင်ရှင်းအောင် မိမိ တို့စိတ်ထဲက သိထားကြရမယ်၊ တစ်ကြိမ် သိမြင်ထားဖူးလျှင် အခြေခံရပြီလို့ မှတ်ရမယ်။

သတ္တဝါတွေ ဘဝသံသရာ ရေယဉ်ကျော မျောနေကြပုံကို တစ်ကြိမ်သိပြီး၊ မြင်ထားပြီးလျှင် ထပ်ကာထပ်ကာသိမြင်နေအောင် ရှုကြည့်ဆင်ခြင်နေတတ်ရမယ်၊ ရှုကြည့်ဖန် ဆင်ခြင်ဖန် များလာ ပါလျှင် ထိုသူအတွက် ကောင်းကျိုးရလာမှာ မလွဲဘူး၊ ထူးသော အမြင် တစ်နေ့နေ့မှာ ပေါ်ပေါက်လာလိမ့်မယ်လို့ နားလည်ကြ ရမယ်။

မိမိကိုယ်တိုင် သံသရာထဲကျင်လည်နေရပုံကိုသဘာဝကျကျ မြင်လာလိမ့်မယ်၊ ထိုအသိ ထိုအမြင်ကို ထပ်၍ မြင်ဖန်များလာ သောအခါ မိမိကိုယ်တိုင် မျောနေရသော ဘဝသံသရာကြီးကို ငြီးငွေ့လာလိမ့်မယ်။

ဘဝသံသရာကို တကယ်ငြီးငွေ့စိတ် ဖြစ်ပေါ်မှု အကြိမ်များခဲ့သော် ထွက်ရပ်ပေါက်တော့မယ်လို့ နားလည်ကြရမယ်။

'အဟ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ' ဖြစ်လာတော့မယ်လို့ မှတ်ပါ။ ဘုရားဟော ဓမ္မပဒ ပါဠိတော်မှာ -

"အထ၊ ထိုသို့ သင်္ခါရ တရားတို့သည် ဘာမှအမြဲမရှိကြပါကလားဟူ၍ သိလာ မြင်လာခဲ့သည်ရှိသော်။ ဒုက္ခေ၊ သံသရာဝဋ်ဆင်းရဲ၌။ နိဗ္ဗိန္ဒတိ၊ ငြီးငွေ့၍လာတော့၏။ ဧသ-ဧသော၊ ဤသို့ ငြီးငွေ့ခြင်းသည်။ ဝိသုဒ္ဓိယာ၊ ကိလေသာ အညစ်အကြေး၊ ကင်းဝေးစင်ကြယ်ခြင်းငှာ။ မဂ္ဂေါ၊ အကြောင်းရင်း ပေတည်း။ ဝါ- နိဗ္ဗာန် ရောက်ကြောင်း အကျင့်ကောင်း လမ်းမှန်တရားပါပေတည်း။

(ရှုကြည့်နည်း) ဖြစ်ပေါ်လာသမျှ သင်္ခါရတရားတို့သည် ပျောက်ပျက် ချုပ်ငြိမ်းသွားနေကြတာချည်းပဲလို့ ပထမစိတ်ထဲက သိမြင်ကြရမယ်။ သိမြင်အောင် ရှုကြည့်တတ်ရမယ်၊ ရှုကြည့်၍ သိမြင်လာခဲ့သော် ရုပ်နာမ်ခန္ဓာကို ငြီးငွေ့ခြင်း ဖြစ်လာလိမ့်မယ်။ နောက်ထပ်မလိုချင်တော့ဘူး။

ထိုနောက် ရုပ်နာမ်ခန္ဓာ၌ ငြီးငွေ့ခြင်းဖြစ်သကဲ့သို့ သံသရာလည်တယ်လို့ ခေါ်နေကြတဲ့ ဘဝအထွေထွေကို ပိုပြီးငြီးငွေ့လာလိမ့်မယ်၊ သိမြင်၍ သံသရာဝဋ်ဒုက္ခကို တကယ်ငြီးငွေ့လာသောအခါ ဘဝထွေထွေ ဆက်ပြီး ကျင်လည်နေရဦးမှာကိုလဲ ကြောက်ရွံ့လာမယ်၊ ဘဝတစ်ခု၌ ဆင်းရဲကိုသိမြင် ငြီးငွေ့ပြီး ဘဝကို မုန်းတီးလာလိမ့်မယ်။ ထိုအခါ နိဗ္ဗာန်ရောက်ကြောင်း လမ်းကောင်း လမ်းမှန်ပေါ်လာပြီလို့မှတ်။

ဤကား— 'အဟ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ' ဖြစ်လာစေသော နည်းကောင်း လမ်းညွှန်ချက်ဖြစ်တယ်။

## အရှိကို အရှိအတိုင်းမြင်မှ ချမ်းသာရ

၁

လောကမှာ သူသူငါငါ သတ္တဝါတွေဟာ အာရုံ ၅-ပါး ကာမဂုဏ်တရားတွေ ခံစားနေရတာကို ပျော်စရာလို့ ထင်နေကြတယ်။ ချမ်းသာလို့ သတ်မှတ်ထားကြတယ်။ နေ့စဉ်နှင့်အမျှ ဒီအာရုံတွေတိုးပြီး ခံစားရဖို့ကိုပဲ ကြိုးစားရှာဖွေနေကြရတယ်။ ဒါ့ကြောင့် ဒီအာရုံတွေအပေါ်မှာ တွယ်တာမက်မောပြီး နေကြတယ်။ မခွဲနိုင်မခွာရက် တရှိုက်မက်မက် စွဲလမ်းနေကြတယ်။ ဒီလို ဒီမှာ ဒီဘဝမှာ ခံစားရတာကိုပင် မကျေနပ်နိုင်၊ မဝနိုင်လို့ မအို မနာ မသေပဲ အမြဲတမ်း အာရုံတွေ ခံစားနေရအောင် ဆိုပြီး အာရုံတွေ အလျှံပယ်ပေါတဲ့ စိတ်ကူးယဉ်နိဗ္ဗာန်ဘုံ ကို တောင် သတ္တဝါတွေဟာ ဖန်တီးတည်ဆောက်ကြ၊ မြှော်မှန်းနေ ကြရှာတယ်။

အဲဒီလူတွေကြားမှာ အလွန်စစ်မှန်ပြီး တန်ဖိုးရှိတဲ့ ဗုဒ္ဓ တရားတွေကို ပြောဟောရတော့ ဗုဒ္ဓဘာသာက စိတ်ညစ်စရာတွေ လာပြောနေတယ်လို့ ထင်တတ်ကြတယ်။ ဟာ...ဗုဒ္ဓဘာသာဟာ အဆိုးမြင်ဝါဒ၊ အပျက်မြင်ဝါဒ (Pessimism)ပဲ၊ ဟာ.... အကောင်းမြင်ဝါဒ(Optimism)ပဲလို့ အမျိုးမျိုးထင်ရာ မြင်ရာ လက်လွတ်စပယ် ဝေဖန်ကြပြန်ရော။

တကယ်တော့ ရုပ်နာမ် ခန္ဓာ ဘဝကိုယ်နှိုက်က ငြီးငွေ့ စရာ ဒုက္ခတုံးကြီး၊ အာရုံ ၅-ပါးဆိုတာတွေကလဲ မမြဲတဲ့ ဒုက္ခ တရားတွေ။ အာရုံတွေခံစားရတာကောင်းတယ်၊ ပျော်တယ်၊ချမ်း သာတယ် .အထင်ရှိနေကြသော်လဲပဲ တကယ်တော့ ငြီးငွေ့စရာ ကြီး၊ ပျင်းစရာ မုန်းစရာကြီးပဲ။ 'နိဗ္ဗိန္ဒတိ ဒုက္ခေ'ဆိုတာ ဒါကို ပြောတာ။

ဒါက....အပြောနဲ့တော့ တကယ်မသိသေးဘူး၊ အလုပ်နဲ့မှ လက်တွေ့သိလာမှာ။

ယခုပြောခဲ့သလို သတ္တဝါတစ်ဦးရဲ့ ဖြစ်ခဲ့ရတဲ့ဘဝတွေ၊ ရှေ့ဖြစ်ရမယ့် ဘဝတွေများများမြင်ရလေ၊ ဒုက္ခတွေခံနေရတာကို သိထားတော့ သူတော်ကောင်းတွေမှာ များများသနားခြင်းဖြစ်ရလေပဲ။ မြတ်စွာဘုရားရှင်တို့ရဲ့ မဟာကရုဏာဆိုတာ ဒါကိုပြောတာ များများသိမြင်ထားတော့ များများကြီး သနားနေရရှာတာပေါ့။ မသိတဲ့သတ္တဝါတွေကတော့ ပျော်မဆုံး၊ မော်မဆုံး ဖြစ်နေကြရှာတယ်။


ဘုရားရှင်ကိုယ်တော်မြတ်ကြီးက သတ္တဝါအမျိုးမျိုး၊ ဘဝအဖုံဖုံ၊ ကမ္ဘာ အထွေထွေ .. ဒါတွေကို လက်ဝါးပေါ်တင်ပြီး ကြည့်လို့မြင်ရသလို မြင်ပြီးမှ ဟောထားတဲ့တရားတွေ။ ‘ငါ့ စကား နွားရ’ ပြောတာမျိုးလဲ မဟုတ်ဘူး၊ ဘယ်သူမဆို ဒီလမ်းစဉ်ကို လှမ်းကြည့်ယင်၊ ကိုယ်နှင့်တန်သလောက် ပါရမီအလျောက် ကိုယ်တိုင်သိနိုင်ကြအောင်လဲ နည်းလမ်းတွေ ပေးထားပါတယ်။

ဒါ့ကြောင့်– ထေရဝါဒဗုဒ္ဓဘာသာဟာ သတ္တလောက၊ သင်္ခါရလောက၊ ဩကာသလောကကြီးတစ်ခုလုံးကို အရှိကိုအရှိအတိုင်း မြင်အောင်၊ သိအောင် ဟောပြသကြီ– (မယုံလာလှည့် စမ်းရျှကြည့်)လို့ ကြွေးကြော် ဖိတ်ခေါ်ပြီး ချမ်းသာကိုယ်စီ ရကြဖို့ ညွှန်ပြနေတဲ့ဘာသာလို့ စိတ်ချယုံကြည်ကြရမယ်။

ကမ္မနိယာမတရားတော် ပြီး၏။

●

''လူ့လောကမှာ မေတ္တာ လောက် ကောင်း
သောအရာ ဘာမှမရှိဘူး။ မေတ္တာလောက်ကောင်း
တဲ့ အဆောင်ကောင်းလဲ မရှိဘူး''



# မေတ္တာအာနိသင်

# ၂။ မေတ္တာအာနိသင်

**လူလောကအတွက် အလိုအပ်ဆုံးတရား**

လူလောကတွင် ယခုတကပ်ခေတ်အခါ၌ "ဘာအလိုအပ်ဆုံးဖြစ်ပါသလဲ"လို့ မေးဆကြည့်လျှင် မေတ္တာတရားဖြစ်တယ်။

လူလောကအတွက် အလိုအပ်ဆုံး တရားဟာ၊ မေတ္တာ ဖြစ်ကြောင်း လူတိုင်းက သိမြင်ကြပါလိမ့်မယ်။ အကြောင်းမှာ ယနေ့အချိန်တွင် ကမ္ဘာလောကကြီး တစ်ခွင်လုံး တိုင်းပြည်အသီးသီးမှာ မေတ္တာစိတ်ဓာတ် ပြန့်ကျက်ရန် လိုအပ်နေသောကြောင့် ဖြစ်တယ်။

### မေတ္တာနှင့် ကရုဏာ

မေတ္တာနှင့် ကရုဏာဆိုတာ ဆက်နွယ်နေမြဲတရား ၂-ပါးဖြစ်ကြတယ်၊ ညီအစ်ကို တော်နေကြသော တရားမျိုးလို့ ပြောလေ့ရှိကြရာ မှန်ကန်ပါတယ်၊ ဘာကြောင့်လဲဆိုတော့ မေတ္တာစိတ်ထားနေသူရဲ့ သန္တာန်မှာ ကရုဏာစိတ် ပါဝင်နေမြဲဖြစ်လို့ပါပဲ။

နောက်ပြီး ကရုဏာစိတ်ထားနဲ့ နေကြတဲ့သူတော်ကောင်းတို့ရဲ့သန္တာန်မှာ မေတ္တာစိတ်ဓာတ် ကိန်းဝပ်နေခြင်းရှိနေပြီး ဖြစ်ကြတယ်၊ ဒါကြောင့် မေတ္တာနှင့် ကရုဏာတို့ဟာ မကွေမကွာ ဒွန်တွဲနေကြပြီး သိမ်မွေ့၍ နူးညံ့သောတရားများ ဖြစ်ကြတယ်လို့ ပြောရပါမယ်။

"မေတ္တာနှင့် ကရုဏာ ၂-မျိုးမှာ ဘယ်ဟာက စတင် ပွားများရမလဲ"လို့ မေးသော် မိမိကိုစိတ်ဆန္ဒအတိုင်း စချင်ရာက စနိုင်ကြတယ်လို့ ဖြေကြားပါတယ်။

"ဘယ်တရားက ပိုပြီး ကောင်းပါသလဲ" လို့ မေးပြန်လျှင်လဲ အတူတူကောင်းကြတယ်၊ ကောင်းချက်တူကြပါတယ်လို့ ဖြေမှ သဘာဝကျပါမယ်။

(ဥပမာ) "သတ္တဝါ အားလုံး ချမ်းသာကြပါစေလို့ မေတ္တာစိတ် ဖြန့်ပွားလိုက်လျှင် သနားခြင်း ကရုဏာစိတ်လဲ ပါဝင်သွားပြီးဖြစ်တယ်။

တစ်ဖန် "သဗ္ဗေ သတ္တာ ဒုက္ခာ မုစ္စန္တု-သတ္တဝါ အားလုံး ဆင်းရဲမှုကင်းလွတ်ကြပါစေ" လို့ ကရုဏာ ဖြန့်ပွားလိုက်တဲ့အခါ ချစ်ခင်ခြင်း မေတ္တာစိတ်လဲပါဝင်သွားပြီး ဖြစ်တယ်၊ ဒါကြောင့် အမြဲဒွန်တွဲနေလေ့ရှိကြသော တရားညီအစ်ကိုရင်း ဖြစ်ကြောင်း ပြောရခြင်းဖြစ်တယ်။

"ဒီတရား ၂-မျိုးတွင် တစ်မျိုးကိုလက်ကိုင်ပြုပြီး ဖြန့်ပွားနေချင်ပါတယ်၊ ဘယ်အမျိုးက ပိုကောင်းပါသလဲ" လို့ မေးခဲ့ယင်လဲ အတူတူကောင်းကြတယ်၊ မိမိစိတ်ဆန္ဒ အားကောင်းရာ တစ်ခုခုကို ဆုပ်ကိုင်ပြီး ဖြန့်ပွားပါလို့ ဖြေရမှာပဲ။

## မဟာကရုဏာရှင်ဆိုတာ

မြတ်စွာဘုရားကို မေတ္တာရှင်လို့ မပြောကြဘူး၊ မဟာကရုဏာရှင်ကြီးလို့သာ ပြောဆိုလေ့ရှိကြပါတယ်၊ မေတ္တာရှင်ကြီးလို့ ဘာကြောင့် ပြောလေ့မရှိကြပါသလဲလို့ မေးကြဖူးတယ်။

မြတ်စွာဘုရားရှင် အားလုံးတို့သည် မဟာကရုဏာရှင်ကြီးများဖြစ်ကြတယ်၊ ဘာ့ကြောင့်လဲ။ အိုနာသေရေး ဒုက္ခဘေးကြီးတို့ဖြင့် အဖန်ဖန်တလဲလဲ အမြဲ နှိပ်စက်ခံနေကြရရှာတဲ့ သတ္တဝါတွေကို သနားကြင်နာစိတ် ကြီးမားတော်မူကြတယ်။ ကယ်တင်လိုတဲ့ ဆန္ဒ ပြင်းပြတော်မူကြတယ်။ နေ့ညမအား အငွေ့မ်းကုန်လဲ သနားစောင့်ရှောက်တော်မူကြပါတယ်။

'မေတ္တာရှင်' လို့ ဘာကြောင့် မခေါ်ဆိုကြသလဲ ဆိုတော့ သံသရာဝဋ်ဆင်းရဲထဲမှာ လယ်ပြန်တလဲလဲ တဝဲလည်လည် ဒုက္ခကြီးမှာ ခံနေကြပုံကို သိမြင်တော်မူကြတဲ့အတွက် ကယ်တင်ပေးလိုတဲ့ ကရုဏာ ဆန္ဒစေတက ကြီးမြတ်နေခြင်း၊ အားကောင်းနေခြင်းကြောင့် အားကောင်းရာကို ဦးစားပေး ပြောဆိုကြခြင်း ဖြစ်တယ်။

'မေတ္တာရှင်' လို့ ပြောလေ့ မရှိတဲ့ အတွက် မေတ္တာစေတ် အားနည်းတယ်လို့တော့ မဆိုသင့်ဘူး၊ သတ္တဝါတွေသံသရာဝဋ်ဒုက္ခကြီးထဲမှာ တဝဲလည်လည်နစ်မြုပ်နေကြပုံကို သိမြင်တော်မူကြလို့ ဆွဲထုတ်ကယ်တင်ရန် ကြံရွယ်ကြိုးစားမှုက အဓိက ဖြစ်နေတယ်။ ဒါကြောင့် မေတ္တာရှင်ဖြစ်သော်လဲ ကရုဏာစိတ် ကြီးမားမှုက ပိုပြီး ပေါ်လွင်နေတယ်။

သာမန်သော သူတို့ရဲ့ သနားခြင်းထက် အဆပေါင်း ရာထောင်မကအောင် ကြီးမားတော်မူကြသောကြောင့် မြတ်စွာရှင် အားလုံးကို 'မဟာကရုဏာရှင်'လို့ ပြောဆိုရိုးပြုနေကြခြင်း ဖြစ်တယ်၊ မေတ္တာစိတ်အားနည်းလို့မဟုတ်ဘူး။

နောက်ပြီး လောကမှာ ဘယ်လောက် ကြွယ်ဝပြည့်စုံနေသူ ပင်ဖြစ်စေ၊ ယခုဘဝမှာ အယူအဆမှားပြီး ဒုစရိုက်မှုတွေ လုပ်မှားမိနိုင်သေးတယ်။ ရှေးဘဝကလိုက်ပါလာတဲ့အပရာပရိယ အကုသိုလ်ကံတွေကလဲ ရှိနေကြသေးတယ်။ တစ်ချိန်ချိန်မှာ ဒီကံတွေ အကျိုးပေးခွင့်သာတဲ့အခါ အပါယ်လေးပါးသို့ကျရောက်နိုင်သေးတယ်။ အရိယာမဖြစ်သေးသမျှ စိတ်မချရသေးဘူး။ သတ္တဝါတွေအပေါ်မှာမြတ်စွာဘုရားရှင်ဟာ ဒါတွေ အကုန် မြင်ထားလို့ သနားတော်မူကြရပါတယ်။ ဉာဏ်တော်အမြင်ကြီးမားသလောက်သနားကရုဏာကြီးမားတော်မူကြတယ်။

## ချစ်ခြင်းမေတ္တာဆိုတာ

ပုထုဇဉ် လူသား အချင်းချင်း ချစ်ခင်ကြတယ်ဆိုရာမှာ ခြားနားချက်ရှိကြတယ်၊ သားသမီးကိုချစ်ခြင်းသည် သံယောဇဉ် တွယ်တာမှုနှင့် ချစ်ခြင်းဖြစ်တယ်၊ ညီအစ်ကို မောင်နှမကို ချစ်ခင်ခြင်းဟာလဲ သံယောဇဉ်စိတ် ပါသော တွယ်တာမှုနှင့် ချစ်ကြတာပဲ။

မိဘကို ချစ်ခင်ကြရာမှာတော့ တွယ်တာမှု၊ သံယောဇဉ်စိတ်နှင့်တွဲဖက်ပြီး ကျေးဇူးတင်စိတ်၊ အားကိုးအားထားမှုအခြေခံပါတဲ့ မေတ္တာစိတ်ရိုးရိုးနှင့် ချစ်ခင်ကြခြင်းဖြစ်ကြတယ်။

သံယောဇဉ်တွယ်တာမှုနှင့် ချစ်ခင်ကြရာမှာ လင်နှင့်မယားချစ်ခင်ခြင်းမျိုးဟာ သားသမီးကို မိဘက ချစ်ခင်ခြင်းမျိုး မဟုတ်ကြဘူး။ ညီအစ်ကို မောင်နှင့် နှမတို့ ချစ်ခင်ကြင်နာစိတ်မျိုးလဲ မဟုတ်ကြဘူး၊ ကာမဂုဏ်စိတ်လွှမ်းခြုံထားသော ရာဂစိတ်ဦးဆောင်ချက် အားကောင်းနေတယ်၊ တဏှာချင်ဖြစ်ကြတယ်၊ ဒါ့ကြောင့် စင်ကြယ်သော ချစ်ခြင်းမျိုးမဟုတ်ဘူးလို့ ဆိုရမယ်။

'သံယောဇဉ်ချစ်'လို့ ဆိုချင်ဆိုနိုင်တယ်၊ သို့ရာတွင် လင်ချစ်မယားချစ်သတေဘဟာ တဏှာပေမအကြောင်းခံခြင်းဖြစ်တဲ့ အတွက် ကြည့်လို့ မတင့်တယ်တဲ့ အသုဘကို လှပသော ပန်းခွေကြီးတွေ ခြံရံထားသလို ချစ်ခင်ခြင်းမေတ္တာစိတ်ပါသော်လဲပဲ ဖုံးကွယ်ဟန်ပြထားသလောက်သာ ပါခြင်းဖြစ်တယ်ဆိုရပါမယ်။

သို့ရာတွင် လူအားလုံး ထိုနည်းချည်းပါလို့တော့ ပြောလို့မရသေးဘူး။ လူအချို့ဟာ အိမ်ထောင်ဖက်ဖြစ်၍ လင်ချစ်မယားချစ်ထားကြပါ၏၊ တဏှာချစ်နှင့် မေတ္တာစစ်စစ် ချစ်ခြင်းမျိုး ယှက်ဝက်စီ ထားနိုင်ကြတာလဲ ရှိသေးတယ်။ တဏှာချစ်ထက်ဝက်၊ မေတ္တာချစ်ထက်ဝက်နှင့် အိမ်ထောင်ဖက်ချိန်မှ အိုသေသည်အထိ ပုံမှန်ထား နေကြသူများ မြန်မာနိုင်ငံမှာရှိကြတယ်၊ သို့သော် လူဦးရေနှင့် စစ်ကြည့်လျှင် ရာခိုင်နှုန်း ၂-လောက်သာရှိမယ်လို့ တွက်ဆရပါတယ်။

မြန်မာနိုင်ငံဟာ မေတ္တာစစ်နှင့် တဏှာချစ် ယှက်ဝက်ညီမျှ စွာထား၍ နေသွားလေ့ရှိကြပုံကို ရှေးလူကြီးတို့ရဲ့ မှတ်တမ်းအရ ထပ်ဆင့်စကားကြားရတယ်၊ ယခုပျက်မှောက်ခေတ်မှာလဲ အဆိုပါ ချစ်ခင်ကြပုံမျိုး ရှိကြပါတယ်။ သို့ရာတွင် အိမ်ထောင်ဖက် ·စကတည်းကတော့ မဟုတ်ကြပေဘူး၊ အိမ်ထောင်သက် ကြီးရင့်ခါမှ အများအားဖြင့် ငါးဆယ်ကျော် ခြောက်ဆယ်အရွယ်၊ လူကြီး ပိုင်း အိမ်ထောင်ရှင်ကြီးများဘဝပိုင်းတွင် အများအားဖြင့် တွေ့ မြင်ကြရတယ်လို့ ဆိုကြတယ်။

ဒီသဘာဝအခြေမျိုး အခြားနိုင်ငံတွေမှာလဲ ရှိနိုင်ကြပါ တယ်။ သို့ရာတွင် မြန်မာနိုင်ငံသားတို့ရဲ့ စိတ်နေသဘာဝကိုက လူကြီးပိုင်းအိမ်ထောင်ရှင်တို့ နေကြထိုင်ကြပုံဟာ မေတ္တာချစ်က တဏှာချစ်ထက် လွန်ကဲ၍ လွန်ကဲ၍ လာကြမြဲဖြစ်တယ်လို့ အကဲ ဖြတ်နိုင်တယ်။

## မေတ္တာချစ်နှင့်တဏှာချစ်

မေတ္တာချစ်နှင့် တဏှာချစ်ကို ထက်ဝက်စီညီမျှစွာထားပြီး နေလေ့ရှိကြတဲ့ အိမ်ထောင်မျိုးဟာ တစ်သက်ပန် တည်မြဲလေ့ ရှိကြတယ်၊ 'ရာသက်ပန်ရွယ်ကိုးလို့၊ ရိုးမြေကျပေါင်းစို့ကွယ်'လို့ ပြောဆိုလေ့ရှိကြတဲ့ ဇာတ်ပွဲထဲက ဆိုရိုးစကားဟာ အဆိုပါ ညီမျှ စွာ နေလေ့ရှိကြသူတို့အတွက် ဆိုခြင်းဖြစ်တယ်။

ဖြူစင်သော မေတ္တာစိတ်နှင့် ညစ်နွမ်းသော တဏှာစိတ်ကို မယုတ်မလွန် ညီမျှနေလေ့ရှိကြသူတို့ဘဝဟာ ချမ်းသာကြတယ်၊ တာရှည်တည်မြဲကြတယ်။

ညီမျှမှုမရှိ တစ်ဖက်ကသာနေလျှင် မကောင်းဘူး၊ တစ် ဖက်စွန်းရောက်နေလျှင်တော့ သာပြီး မကောင်းဘူး၊ မေတ္တာ စိတ်ထက်၊ တဏှာစိတ်တစ်ဖက်စွန်းရောက်နေကြသူတို့ရဲ့ ဘဝဟာ ချမ်းသာမှုမရှိကြသလို၊ အိမ်ထောင်မတည်မြဲမှု တွေ့ကြုံကြရတတ် တယ်၊ တစ်ယောက်ယောက်က တစ်ဖက်စွန်းရောက်လို့ ဆုံပြီးစွပ်စွဲ

ဆဲရေးကြတာဟာ လူလောကမှာ အပြောအများဆုံးတဲ့။ ဒါက တော့ ချစ်ခင်ခြင်း မေတ္တာစိတ်ထားကြပုံ အိမ်ထောင်ဘက်တို့ရဲ့ သဘာဝကို အတိုချုပ်ပြောရတယ်။

မိမိတို့ အိမ်ထောင်ရေး ချိန်ခွင်မှာ ဘယ်ဘက်က အလေး သာနေသလဲ၊ ဘယ်ဘက်က လျော့နေသလဲဆိုတာ ကိုယ့်ဟာကိုယ် မြင်အောင်ကြည့်ပြီး ဖြည့်ကြပါ။ သံသရာခရီးသွားကြရာမှာ ဒီ တစ်ဘဝနှင့် ပြီးကြမှာမဟုတ်သေးဘူး၊ ရှေ့မှာလဲ လက်တွဲကြရ ဦးမှာ။ ချိန်ခွင်လျှာ မညီမျှရင်တော့ တစ်သံသရာလုံး တစ်ဂျက် ဂျက် ဖြစ်မဆုံးပေဘူး။ အသိဉာဏ်ရှိတုန်း ပြင်ကြရမယ်။

## မေတ္တာအရသာ လူတိုင်းခံစားလို

မေတ္တာစစ်သဘာဝဆိုတာ သူတော်ကောင်း ပုဂ္ဂိုလ်တို့ရဲ့ စိတ်သန္တာန်မှာ တည်ရှိကြမြဲဖြစ်ရာ၊စိတ်ကအေးချမ်းသောကြောင့် ထိုစိတ်ကိန်းအောင်းရာ ရုပ်ခန္ဓာရှင်မှာလဲ အေးချမ်းနေတယ်၊ အပြင်ပန်းအမြင်အားဖြင့် တည်ငြိမ်နေပုံကို မြင်နိုင်ကြတယ်၊ စိတ် နှလုံးမှ ထွက်ပေါ်လာနေတဲ့ မေတ္တာဓာတ်ကြောင့် ထိုသူရဲ့ ရုပ် ခန္ဓာကို တွေ့မြင်ရသူတွေပါ ကူးစက်ပြီး အေးချမ်းလာလေ့ရှိကြ တယ်။

မေတ္တာရှင်ရဲ့ ဟန်ပန်အမူအရာကို တွေ့မြင်ရရုံနှင့် အလိုလို တွေ့မြင်သူတို့၏ စိတ်အာရုံပါ တစ်ခဏအတွင်း အေးချမ်းကြည် လင်ခြင်း ဖြစ်တတ်ကြတာ သဘာဝပဲ။ 'လူက မသိသော်လဲ စိတ် ကသိတယ်'ဆိုတဲ့ စကားလို စိတ်နှင့်စိတ်ချင်း တွေ့ထိကြလို့ ဖြစ်ပေါ်ခံစားကြရတဲ့ မေတ္တာစစ်ဆိုတာ ရှိတယ်။ရှိတာကိုသိလို့လဲ ရတယ်။

ဘုန်းကြီးဆီလာရောက်ကြသူ လူအတော် များများက "ဆရာတော်ကြီးရဲ့မေတ္တာကို ခံယူလိုပါတယ်၊ မေတ္တာပို့လွှတ် ပေး

သနားတော်မူပါဘုရား”လို့ လျှောက်ထားလေ့ ရှိကြရာမှာ မေတ္တာကို တကယ်ခံယူလိုကြလို့ဖြစ်တယ်။

လူတွေဟာ သူတို့ ကိုယ်တိုင်က မေတ္တာရှင် မဖြစ်နိုင်ကြသော်လဲ သူတစ်ဖက်သားရဲ့ မေတ္တာ၊ အသူးသဖြင့် ထက်မြက်နေသော မေတ္တာရှင်တို့ရဲ့ မေတ္တာပို့လွှတ်ပေးခြင်းကိုတော့ ခံယူလိုကြတယ်၊ ချမ်းမြေ့စွာ နေလိုကြတဲ့သဘောဟာ အင်မတန်ထင်ရှားနေပါတယ်။

## နီးနီးဝေးဝေး မေတ္တာပို့လွှတ်လို့ ရတယ်

မေတ္တာဖြန့်ပွားခြင်းအလုပ်ဆိုတာ မနောကံအလုပ်ဖြစ်တဲ့အတွက်စိတ်အာရုံကိုညွှတ်ပြီး ချမ်းသာစေလိုသူထံသို့ ပို့လွှတ်လို့ရတယ်၊နီးရာသို့ဖြစ်စေ၊ ဝေးရာသို့ဖြစ်စေ ပို့လွှတ်လို့ရနိုင်တယ်၊ ရနိုင်လို့လဲ မေတ္တာတန်ခိုးရှင်ကြီးတွေက ပို့လွှတ်ပေးလေ့ ရှိကြပါတယ်။

ရပ်ဝေးသို့ပို့လွှတ်ရနိုင်ကြောင်း သိသာတဲ့ ပုံစံတစ်ခု ပြပါ့မယ်၊ ဘုန်းကြီး နယ်ခြား ချင်းတောင်ပေါ်မှာ အမြဲနေထိုင်လျက်ရှိရာ၊ ဘုန်းကြီးထံ မြိတ်မြို့ တနင်္သာရီတိုင်းမှာ နေထိုင်တဲ့ ဒကာတစ်ဦးက စာလှမ်းရေးပြီး မေတ္တာ တောင်းခံတယ်။

သူ့စာထဲမှာ “သူ့ရဲ့သားကြီး အသက် သုံးဆယ်ကျော် လူပျိုကြီးဖြစ်နေသူဟာ စကားမပြောပါ၊ ဘာအလုပ်မှ မလုပ်ပါ၊ စားပြီးလျှင် အိပ်၍သာ နေတတ်ပါတယ်၊ သူ့အောက်က သားများက အိမ်ထောင်ရှင်တွေ ဖြစ်ကုန်ကြပါတယ်၊ အကယ်၍ ရူးသွပ်သူဖြစ်မည်ထင်ပါက ထိုရောဂါ ပျောက်စေတတ်သော ဆေးနည်းကို ပေးသနားတော်မူပါတဲ့”။

နောက်ပြီး သူ့စာထဲမှာ အထူး တောင်းဆိုချက်က“သူ၏ သား စိတ်အနေမှန်လာအောင် မေတ္တာပို့ပေးတော်မူပါ”လို့ ရေးထားတယ်။ ဒီတော့ ဘုန်းကြီးကလဲ စာကိုဖတ်ရလျှင် ချက်ခြင်း

ထိုသူကို စိတ်အာရုံမှန်းဆပြီး မေတ္တာပို့လွှတ်ပေးပါတယ်။ အမြဲတော့မဟုတ်တတ်ဘူးပေါ့။ သနားတဲ့အတွက် ရံခါသတိရခိုက် မမြင်ရဖူးသူကို မှန်းဆပြီး ပို့ရခြင်းပဲ။ မေတ္တာပါရမီ ရင့်ကျက်နေပြီးပုဂ္ဂိုလ်များက ပို့လွှတ်လျှင် ထိရောက်ကြောင်းကို ဘုန်းကြီး ကိုယ်တိုင်လဲ ယုံကြည်စိတ်ချထားပြီး ဖြစ်တယ်။

## ဘဝတစ်လျှောက်လုံး စကားမပြောသူ

ထူးခြားချက် တွေ့မြင်ရပုံလိုရင်းကောက်၍ ပြောပါ့မယ်။ မေတ္တာတောင်းခံချိန်က– ၁၃၄၉-ခုနှစ်၊ မိုးရာသီ၊ ဘုန်းကြီး မြောက်ပိုင်း ချင်းတောင်ပေါ် ဖလပ်းနယ် တောရကျောင်းမှာပဲ ရှိနေတယ်။ တောင်းခံသူက တနင်္သာရီတိုင်း မြိတ်မြို့ကဖြစ်တယ်၊ ပို့လွှတ်ပေးရသူက အာသံပြည်နယ်ပြားတောင် ပေ-(၇၀၀၀) ကျော်မြင့်တဲ့ တောင်ပေါ်မှဖြစ်တယ်။ မေတ္တာပို့ပေးရမည့်သူကိုလဲ မြင်ရဖူးခြင်းမရှိ၊ သို့ရာတွင် ခရီး ရောက်တယ်လို တော့ ယူဆနိုင်ပါတယ်။

ဘုန်းကြီး ပြည်မ, ခရီးထွက်လာတော့ မွန်ပြည်နယ်၊ ကရင်ပြည်နယ် ကျော်လွန်ပြီး မြိတ်မြို့သို့ ရောက်သွားတယ်၊ ၁၃၄၉-ခု၊ တပို့တွဲလဆန်း (၇)ရက်နေ့ မွန်းလွဲပိုင်းအချိန် မြိတ်မြို့လေဆိပ်မြေပေါ်၌ လေယာဉ်မှဆင်းသက်ခဲ့ပြီး မြိတ်မြေပြင်ကို ဘုန်းကြီး ခြေချလိုက်သည်နှင့် တစ်ချိန်တည်း မှာပဲ အဲဒီမေတ္တာပို့လွှတ်ပေးခြင်း ခံယူရတဲ့၊ ဘဝတစ်လျှောက်လုံး စကားမပြောဘဲနေတဲ့ လူပျိုကြီးဟာ ထူးဆန်းစွာ စကားပြောလာတယ်လို့ ဆိုတယ်၊ ပြောမယ့်ပြောတော့လဲ သူပြောတဲ့စကားက အံ့သြစရာကြီး "သား သက်န်းဝတ်ချင်တယ်"တဲ့။ မမျှော်လင့်သောစကားကိုမှ ကြားရတော့ မိခင်လုပ်သူမှာ အံ့သြခြင်းကြီးစွာနှင့် ဝမ်းသာမဆုံးဖြစ်နေရှာတယ်၊ အဲဒီ အချိန်မှာ သူ့ရဲ့ ဖခင်ဦးဟုတ်စိန် ခရီးသွားနေခိုက်ဖြစ်လို့ အိမ်မှာမရှိဘူး... တဲ့။

ရှေးအခါက ဘုရားအလောင်းတော် တေမိမင်းသား တစ်သက်လုံး စကားမပြောဘဲနေရာက စကားပြောတဲ့အခါ သုနန္ဒာရထားထိန်းအမတ် အံ့သြဝမ်းသာရသလို ဖြစ်နေတာပေါ့။ မိခင်မှာ ဝမ်းသာအားရဖြင့်ရပြီး "ကောင်းပြီသားရေ၊ သက်န်း ဝတ်ချင်လျှင် ဝတ်ရမယ်၊ မောင့်အဖေ ရောက်လာတော့ အသင့် ဝတ်ရအောင် အခုပဲမမေ သက်န်း ငယ်ထားနှင့်မယ်"လို့ နှစ်သိမ့်စကားပြောဆိုခဲ့ပြီး ချက်ခြင်း ပရိက္ခရာဆိုင်သွား၊ သက်န်း တစ်စုံဝယ်ယူခဲ့တယ်ဆိုတယ်။

အဲဒီအချိန်မှစပြီး စကားပြောလာပုံမှာ ထူးခြားချက်ကို တွေ့မြင်ကြရခြင်းဖြစ်တယ်၊ သူ့ရဲ့ဖခင်ရောက်လာတော့လဲ ဝမ်း သာအားရ သားကြီးကိုအကြောင်းပြုပြီး နေ့ချင်းညချင်း အလှူ ကြီးပေးရန် ချက်ခြင်း စီစဉ်ပြီး ဘုန်းကြီးကိုလာရောက်လျှောက် ထားတယ်။

## တေမိမင်းသား ရှင်ရဟန်းခံပွဲကြီး

မြိတ်မြို့ ဘုရား(၉)ကျောင်း ရေသိမ်တော်ကြီးအတွင်း ၁၃၄၉-ခု တပို့တွဲလဆန်း (၁၃)ရက် တနင်္ဂနွေနေ့မှာ ဦးဟုတ် စိန်က သံဃာတော် (၁၀၉)ပါးပင့်ပြီး သူ့ရဲ့သား (၆)ယောက်ကို တစ်ပေါင်းတည်း ဒုလ္လဘရဟန်းခံပွဲ အလှူကြီး ပေးလှူတာတွေ့မြင် ခဲ့ရတယ်။

တစ်သက်တာလုံး တေမိမင်းသားလုပ်လာခဲ့ပြီးမှ ဘုန်း ကြီးရောက်သောနေ့မှာပဲ တိုက်တိုက်ဆိုင်ဆိုင် "သက်န်းဝတ်ချင် တယ်"ပြောလို့ မိဘတွေက ဝမ်းသာအားရ သားရှင်ပြုရဟန်းခံ၊ မြေးတွေပါရှင်ပြုတယ်၊ ဒုလ္လဘရဟန်းမှာ ဟူမျှားပါ(၁၃)ပါး ဖြစ်တယ်၊ ဘုန်းကြီးကို ရှင်ပြုရဟန်းခံပွဲကြီးမှာ တရားဟော ကြားပေးရန် တောင်းပန်ကြတယ်။ ထူးဆန်းမြင့်မြတ်တဲ့ ရေသိမ် တော်ကြီးအတွင်း သက်သတ်လွတ်ဆွမ်း ကပ်တယ်။

အလှူပွဲကြီးကျင်းပနေစဉ် ဗျောစည်တီးပြီး သံဘာသာတော် တစ်ရာကျော် စီတန်းကြွရောက်ကြ၏၊ သံဃာဒါန ဆွမ်းဆန်စိမ်း လှူပွဲကြီး ခြိမ့်ခြိမ့်သဲကျင်းပနေ၏မြင်ရသည်မှာ ကြည်နူးအားရစရာ ပါပဲ။

ဘုန်းကြီး မြိတ်မြို့မှ ရန်ကုန်သို့ ခရီးထွက်လာခဲ့သော်လဲ အဆိုပါစကားမပြောစဖူးပြောတဲ့ ဦးဟုတ်စိန်၏သားကြီး တေမိ မင်းသား၊ဟာ ဒုလ္လဘရဟန်း၀တ်နှင့်ပဲရှိနေရစ်တယ်။ သူပျော်သမျှ ကာလပတ်လုံး သင်္ကန်း၀တ်နှင့် နေသွားမယ်လို့လဲ သူကပြောလို့ ဝမ်းသာမဆုံးဖြစ်နေကြတယ်။

"သူ့စိတ်က သင်္ကန်း၀တ်ချင်စိတ်ရှိလာလို့ သင်္ကန်း၀တ် ပေးရတာကို တပည့်တော် ဝမ်းမြောက်မဆုံး ဖြစ်ရပါတယ်၊သူက မဝတ်ချင်ဘူးဆိုလျှင် ဘယ်သူမှမတတ်နိုင်ပါဘုရား"လို့ ဦးဟုတ်စိန် က လျှောက်လိုက်သေးတယ်။

"ဒကာကြီးက သားအတွက် မေတ္တာပို့ပေးပါတောင်းဆို စာရလို့ ပို့လွှတ်ပေးနေခဲ့တာ၊ ကိုင်းအခုတော့ အောင်မြင်ပြီမဟုတ် လား၊ဘုန်းကြီးနှင့်လဲ နီးနီးကပ်ကပ် လာထိုင်ပြီးစကားပြောခဲ့ရပြီ၊ စကားလဲပြောလာပြီ၊ ဒုလ္လဘရဟန်းဘ၀တောင် ရောက်သွားပြီပဲ။ ဒါမေတ္တာအာနိသင်မဟုတ်ပေဘူးလား"

"ဟုတ်ပါတယ်ဘုရား၊ ဆရာတော်ကြီး မေတ္တာကြောင့် အမှန်ဖြစ်ရမယ်ဆိုတာ တပည့်တော်ယုံကြည်ပြီးပါ၊ တပည့်တော် တို့အနေနဲ့ ဒီလိုဘူးခြားမလာနိုင်ပါဘူး။ ဒါကြောင့်လဲ တပည့် တော်တို့က ဆရာတော်ကြီးကို အားအကိုးဆုံးပါဘုရား"အဲသလို ဝမ်းသာအားရ လျှောက်ထားကြပါတယ်။

သူတို့ရဲ့ ကံပါရမီကလဲ ဘုန်းကြီးရဲ့မေတ္တာဓာတ်နှင့် ဆက် စပ်မှုရှိသောကြောင့်လဲ ယခုလို ဝမ်းမြောက်ဘွယ်ရာ ဖြစ်ပေါ် လာရခြင်း ဖြစ်ပါလိမ့်မယ်၊

ဒီနေရာမှာ ပြောလိုရင်းက မေတ္တာဓာတ် အဝေးသို့ ပို့လွှတ်လို့ရနိုင်ကြောင်း လက်တွေ့သာဓကတစ်ခု သိစေလိုရင်းပဲ။

ဘယ်သူမဆို မေတ္တာ စိတ်ထားနဲ့နေနည်း လေ့ကျင့်ပါလျှင် ကောင်းကျိုးရနိုင်ကြပါတယ်။ သွားရင်းလာရင်း နေရင်းထိုင်ရင်း အလေ့အကျင့်လုပ်ထားကြရမယ်။

## ချမ်းသာအောင်နေနည်း ရှာကြပုံ

လူလောကမှာ မေတ္တာလောက်ကောင်းသောအရာ ဘာမှ မရှိဘူး။ မေတ္တာစိတ်ထားပြီးနေခြင်းသည် ချမ်းသာအောင် နေနည်းဖြစ်တယ်။

သူတစ်ဖက်သား ချမ်းသာကြစေရန် မေတ္တာ ဖြန့်ပွား၍ နေခဲ့လျှင် သူတစ်ဖက်သား ချမ်းသာမှု မရသေးခင် မေတ္တာဖြန့် ပေးသူ မိမိက ဦးစွာချမ်းသာခြင်းသုခ ရနေပြီး ဖြစ်တယ်။

မိမိကိုယ်တိုင် ကိုယ်စိတ် ချမ်းသာမှု ခံစားနေရသလို၊ အခြားသူများအား ကိုယ်ရောစိတ်ပါ ချမ်းသာကြစေရန် မေတ္တာ ဖြန့်ဝေလို့ မိမိမှာလျော့မသွားပါဘူး။မိမိသန္တာန်မှာ ချမ်းသာမြဲ ပုံမှန်ရှိပြီးသကာလ သူတစ်ပါးတို့လဲ ချမ်းသာမှု ရကြတယ်။

မေတ္တာပို့လွှတ်ပေးတဲ့အခါ ကိုယ်နှုတ်ကို မရည်မှန်းရပါ၊ စိတ်နှလုံးကိုသာ ရည်မှန်းရမယ်၊ ဒါလိုရင်းဖြစ်တယ်လို့မှတ်။

ဘဝကို ချမ်းသာအောင်နေနည်း လိုရင်းကိုသာ ရှင်းရှင်း ပြောပါ့မယ်၊ မိမိ၏ စိတ်ကို ရှင်းရှင်းထားနေပါ၊ စိတ်ရှင်းနေလျှင် ချမ်းသာပါတယ်။ မိမိစိတ်အာရုံထဲမှာ ရှုပ်ထွေးနေတဲ့အကြောင်း အရာတွေ ဝင်ရောက်မလာစေနှင့်၊ လက်ခံမထားနှင့်။ စိတ်ရှင်းရှင်း ထားလို့ နေသားကျလာပြီဆိုလျှင် ရှုပ်ထွေးစေတဲ့ သူတစ်ပါး အကြောင်းအရာရော၊ ပတ်ဝန်းကျင် အကြောင်းအရာရော စိတ် ဝင်စားခြင်းမရှိပါ။ သန့်ရှင်းစွာထားလေ့ရှိတဲ့ အိမ်ဝင်းတလင်း ပြင်ပေါ်မှာ သူတစ်ပါးက အမှိုက်သရိုက်လာပစ်ထားလျှင် လက်ခံ ထားချင်စိတ် မရှိသလို၊ မိမိ၏ စိတ်အာရုံထဲမှာ သူတစ်ပါးက စိတ် ရှုပ်စရာအကြောင်းအရာတွေ လာပြောသွားသော်လဲ ကိုယ်က

လက်ခံသိမ်းပိုက်ခြင်းမရှိလျှင် ရှုပ်ကျုန်ရစ်မည် မဟုတ်ပါ။ အရှုပ် မခံပါနှင့်။

"ငါနှင့် မဆိုင်တဲ့ အကြောင်းအရာတွေပဲ"လို့ နားရှင်းစွာ ထားပြီးတဲ့အတိုင်း စိတ်အာရုံထဲက ဖယ်ထုတ်ပစ်လိုက်မှာ သေချာ တယ်။ အဲသလို စိတ်ကို ရှင်းရှင်းထား နေနည်းအရ မိမိ၏စိတ် အာရုံထဲ မေတ္တာ ဖြန့်ပွားခြင်း အလုပ်ကို ပုံမှန်မြဲနေစေရမယ်၊ မေတ္တာတရား အချိန်ပြည့် ဖြန့်ပွားနေချင်အောင်စိတ်ဝင်စားနေပြီ ဆိုလျှင် ဘဝ ချမ်းသာအောင်နေနည်း အခြေခံမူမှန်ပြီလို့ မှတ်ပါ။ မူမှန်ပြီဆိုယင် အခြေခံကို ခိုင်အောင် ကြိုးစားဖို့သာ လိုတော့ တယ်။ ကဲ....ဘယ်လောက်လွယ်သလဲ။ ဘာခက်သလဲ။ဆီအမြဲထည့် ထားတဲ့ ပုလင်းမှာ ဘယ်တော့မှ ရေဝင်လို့မရဘူး။

## ကိုယ်ချမ်းသာနှင့် စိတ်ချမ်းသာ

လူလောက တစ်ခွင်လုံး ချမ်းသာချင်ကြလို့ ချမ်းသာ အောင်နေနည်းရှာနေကြရာမှာ ကမ္ဘာအရပ်ရပ်မှ လူများ၊ ကိုယ် ချမ်းသာအောင်နေနည်းကိုသာ ရှာဖွေကြိုးကုတ်ပြီး ရုပ်ဝတ္ထုတွေ ပေါများအောင်သာ ကြံစီနေကြတယ်၊ ရုပ်ဝတ္ထုတွေ တိုးတက် အောင်ကြိုးစား၍ စည်းစိမ်ခံစားကြရန် အားထုတ်နေကြကြောင်း လူအများအသိပဲ။ သိပ္ပံနည်းဖြင့် တီထွင်ကြံဆပြီး လူသုံးကုန် အမျိုးမျိုး ထုတ်လုပ်နေကြတယ်၊ ထိုအရာဝတ္ထု အားလုံးဟာ ကိုယ်ချမ်းသာအောင် နေထိုင်ကြရန် ကြံရွယ်ချက်ဖြင့် ကြိုးစားနေ ကြခြင်းသာ ဖြစ်တယ်။

"ကိုယ်ချမ်းသာမှုရလျှင် အားလုံး ချမ်းသာမယ်" လို့ တွက်ဆကြဟန် တူတယ်။ တွက်ဆချက်အတိုင်း ရုပ်ဝတ္ထုပစ္စည်း မျိုးစုံတွေ ရရှိလာကြတယ်၊ ရရှိပြီးတော့ စည်းစိမ် ခံစားကြည့်ကြ တယ်၊ ခေတ္တ ခဏလောက် အချိန်ပိုင်းသာလျှင် ချမ်းသာမှု ပြည့်ဝ ကြသလို ထင်တယ်၊ အချိန်အနည်းငယ်ကြာလာသောအခါ ပေါ

ပျက်ကြီးဖြစ်လာပြီး ချမ်းသာမှု၏ အရသာကို မတွေ့ကြရရှာဘူး။ ဒုန်ရင်းဒုန်ရင်းပဲဘိုတာ တစ်စတစ်စ သိမြင်လာကြပြီလို့ ဆိုကြတယ်။

## စိတ်ချမ်းသာမှ အားလုံးချမ်းသာ

ချမ်းသာမှုဟူသည်မှာ ကိုယ်ချမ်းသာခြင်းနှင့်စိတ်ချမ်းသာခြင်း ၂-မျိုးရှိရာတွင် စိတ်ချမ်းသာမှုသာလျှင် ချမ်းသာမှု အစစ်အမှန် ဖြစ်တယ်။

ကိုယ်ချမ်းသာပေါကြတဲ့ ကျန်းမာရေးကောင်းနေသော်လဲ စိတ်မကြည်မလင်လျှင် မချမ်းသာပါ၊ ပစ္စည်းဥစ္စာတွေ ကြွယ်ဝပြည့်စုံနေသော်လဲ မချမ်းသာနိုင်ပါ၊ ရာထူးဂုဏ်သိန်တွေ မြင့်မားကြီးကျယ်နေသော်လဲ စိတ်မချမ်းသာမှု ဖြစ်နေလျှင် မချမ်းသာပါ၊ ဘုံအဆင့်ဆင့်ရှိသော တိုက်ကြီးပေါ်မှာ ဆင်စွယ်ကုလားထိုင်ပေါ်ထိုင်၊ ကျောက်စိမ်းစားပွဲကြီးခင်း၊ စားကောင်းဖွယ်ရာအမျိုးစုံတွေ တည်ခင်းကျွေးမွေး၊ စားသောက်နေရသော်လဲ စိတ်မချမ်းသာမှု တစ်ခုခုတွေ့ကြုံနေလျှင် မချမ်းသာပါ။

စိတ်ချမ်းသာနေလျှင် ပစ္စည်းဥစ္စာတွေ မကြွယ်ဝစေကာမူ ရာထူးဂုဏ်သိန် မရှိစေကာမူ၊ တိုက်ကြီးတာကြီးနှင့်မနေရစေကာမူ ချမ်းသာ၍နေမည်သာဖြစ်တယ်။ ဝါးဘိုးတိုင်ထူ၊ ကြူထရံကာ၊ မြက်မိုး၊ ဓနိမိုးအိမ်နှင့်နေပြီး ကန်စွန်းရွက်ဟင်းချို၊ ပဲပြုတ်ကြော်နှင့် စားနေရသော်လဲ ပူပန်ကြောင့်ကြ၊ သောက မရှိလျှင် စိတ်လက်မကြည်နိုင်သော စည်းစိမ်ရှင် သူဌေးကြီးထက်၊ စိတ်ရှုပ်ဖွယ်ရာအကြောင်းတွေ ဆုံကြုံနေရသော ရာထူးရှင်ကြီးထက် ချမ်းသာနေမည်သာ ဖြစ်တယ်။

ဒါကြောင့် ချမ်းသာမှု အစစ်အမှန်သည် စိတ်ချမ်းသာမှုပေါ်၌ တည်ကြောင်း နားလည်ကြရမယ်၊ စိတ်ချမ်းသာလျှင် အားလုံး ချမ်းသာနေတော့မှာ မလွဲဘူး။

## ဘ၀ကို ချမ်းသာအောင်နေနည်း

ကမ္ဘာလောကမှာ ချမ်းသာအောင် နေချင်တဲ့ အတွက် ချမ်းသာအောင်နေနည်းကို ရှာဖွေကြလျက်ရှိကြတယ်၊ ဤနေရာမှာ ဘ၀ကိုချမ်းသာအောင်နေပုံနေနည်း ညွှန်ကြားပေးပါမယ်။

ဘ၀ချမ်းသာအောင်နေချင်လျှင် ဘာလုပ်ရမလဲ။ မေတ္တာတရားဖြင့် နေရမယ်၊ မေတ္တာတရားဖြင့် သတ္တလောကကြီး တစ်ခုလုံးအပေါ်ခြုံလွှမ်း၍ စိတ်အာရုံဖြန့်ပွားပေး။တစ်နေ့ရမယ်။ ဒါ.... လိုရင်း။ အလွယ်ကူဆုံးမေတ္တာဖြန့်ပွားနည်းကို ပြောပြပါ့မယ်။

### အလွယ်ဆုံး မေတ္တာဖြန့်ပွားနည်း

* စကြ၀ဠာအနန္တ၌ရှိကြကုန်သော နတ်, လူ, သတ္တဝါအားလုံး ဘေးရန်ကြောင့်ကြ,ဆင်းရဲကင်း၍၊ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာကြပါစေ။
* ကောင်းကျိုးလိုရာဆန္ဒ-ပြည့်ဝကြပါစေ။

ဤမေတ္တာဖြန့်ပွားနည်းလိုရင်းချုပ်ကို ရွတ်ဆိုဖြန့်ပွားနေပါ။ ပထမတော့ စာရွတ်ဆိုနေသလိုရှိဦးမယ်၊ အချိန် ကြာလာသောအခါ အဓိပ္ပာယ်သဘောသိလာမယ်၊ စိတ်ဝင်စားခြင်းရှိလာမယ်။

အဲ....မေတ္တာပို့ဆိုရိုးကလဲ နှုတ်တက်ရလာပြီ။ သဘောအဓိပ္ပာယ်ကိုလဲ စဉ်းစားနားလည်လာပြီ။ စိတ်ကလဲ ဝင်စားလာပြီ။ အဲဒီအခါ အသံတိတ်၊ စိတ်ထဲကသာ ရွတ်ဆိုဆင်ခြင်ဖြန့်ပွားနေရမယ်။

စိတ်ဝင်စားခြင်းရှိလာပြီး နတ်လူသတ္တဝါ အားလုံးတို့အပေါ်၊ ချစ်ခြင်းမေတ္တာ၊ သနားခြင်း ကရုဏာစိတ် ဖြစ်ပေါ်လာမယ်။ ထိုအခါ မေတ္တာရှင် ကရုဏာရှင်ဖြစ်ရန် အစပြုခဲ့ပြီလို့မှတ်ပါ။

"သတ္တလောကကြီး တစ်ခုလုံး၌ ရှိသမျှသော နတ်လူ သတ္တဝါအားလုံးတို့အပေါ်သို့ မိမိရဲ့ ပေတ္တာ၂ျှံနှံ့စေ၍၊ ပြုံးလွှမ်း၍၊ ဖြန့်ကျက်၍၊ သူတို့ရဲ့ စိတ်ှလုံးတွင်းသို့ စိမ့်ဝင်စေ၍၊ တကယ် ချမ်းသာစေလိုသော စေတနာဖြင့် လှိုက်လှဲစွာ ပို့လွှတ်နေခြင်းကို မေတ္တာဘာဝနာပွားတယ်လို့ ဆိုခြင်း ဖြစ်ပါတယ်။

## အတွင်းစိတ်သန္တာန်

လူတွေဟာ တစ်ဦးနှင့်တစ်ဦး မတူကြဘူး။ စိတ်နေ စိတ်ထား ခြားနားချက်ရှိကြတယ်။ အကြောင်းကတော့ **သတ္တဝါ ကိုယ်စီ နောက်ခံအသီးသီးရှိကြတယ်** ဆိုသလို ပါမိတို့ ရှေးအချိန် များစွာက အလေ့အထုံကြောင့် ခြား နား ခြင်း ဖြစ်တယ် ဆိုရမယ်။

ကိုယ်တိုင်သိသော စိတ်သဘာဝကိုပြောရလျှင် ဘုန်းကြီး မှာ သတ္တဝါတို့ကို သနားကြင်နာရာတွင် စိတ်စေတနာဖြစ်ပေါ်မှု အလွန်လွယ်ကူတတ်ပါတယ်။ ရှေးအတိတ်ဘဝ အဆက်ဆက်တို့က မေတ္တာစိတ်ဓာတ်, ကရုဏာစိတ်ဓာတ် ပါရမီအလေ့အထုံရင့်ကျက် ခဲ့ပြီးဖြစ်လို့လို့ ဆိုရပါမယ်။ လူအချင်းချင်း မည်သူ့ကိုဖြစ်စေ၊ လူမှလွဲလျှင် မည်သည့်သတ္တဝါကိုဖြစ်စေ ကရုဏာစိတ်ဖြန့်လို့ရပါ တယ်။ လှိုက်လှဲမှုလဲ အားကောင်းပါတယ်၊ သဘောမှာ မိမိစိတ် စေတနာ အရင်းခံက ပွားများလာခဲ့ဖူးသော အလေ့အထုံ ကြာ ခဲ့၍ ရင့်ကျက်လာခြင်း ဖြစ်ပါလိမ့်မယ်။

မည်သူမဆို၊ လူဖြစ်စေ၊ ရဟန်းပုဂ္ဂိုလ်ဖြစ်စေ အလေ့ အကျင့်မရသေးခင် မေတ္တာဖြန့်ပွားစမှာ စိတ်ရင်း စေတနာ ထက် မြက်ဦးမည်မဟုတ်ပါ၊ ပေါ်ကာသပ်ကာ ဖြန့်ပွားနေပါ၊ အလေ့ အထုံရလာတဲ့အခါ တစ်နေ့ထက်တစ်နေ့ စေတနာထက်မြက်လာ တာ တွေ့ကြရပါလိမ့်မယ်။ မှန်မှန်သာဖြန့်ပွားနေရမယ်။

## အဓိပ္ပာယ်ရှင်းပြချက်

**စကြဝဠာအနန္တ**

ဗုဒ္ဓဘာသာတရားတော်၌ သတ္တဝါတို့ နေထိုင်ရာ တည်ရာ ဌာနတွေ ပြည့်စုံအောင် ဟောကြားထားချက်ရှိတယ်။ လေးကျွန်း တစ်မြင်းမိုရ် စကြဝဠာတစ်ခုဖြစ်တယ်။ ကမ္ဘာလောကကြီး တည်နေပုံဟာ စကြဝဠာတောင်ကြီးတွေက ဝိုင်းရံ ပတ်ဝိုက်၍ တည်နေတယ်၊ ကျောက်သား ပကတိပြီးတဲ့ တောင်ဝိုင်းကြီးက သယံဇာတဖြစ်ပေါ်နေခြင်း ဖြစ်တယ်။

အလယ်ဗဟိုတည့်တည့်၌ မြင့်မားသော မြင်းမိုရ်တောင်ကြီး တစ်ခုပေါ်ထွက်နေတယ်၊ အမြင့်ယူဇနာ ရေထဲ၌ (၈၄၀၀၀) ရေအပေါ်၌ (၈၄၀၀၀) ရှိသောကြောင့် 'ရှစ်သောင်းလေးထောင် နှစ်ပြန်ဆောင်'သော မြင်းမိုရ်တောင်ကြီးလို့ ပြောရိုးဆိုစဉ်ရှိခဲ့တယ်။

မြင်းမိုရ်တောင်ကြီးရဲ့ထိပ်ပေါ်မှာ နတ်တို့၏နေရာ တာဝတိံသာနတ်ဘုံရှိတယ်၊ နတ်တို့ကိုအစိုးရသော သိကြားမင်းက ထိုတာဝတိံသာနတ်ဘုံ၌ ဗိမာန်တည်၍ နေလျက်ရှိတယ်။

ထိုတောင်ကြီးရဲ့ နံဘေးမှာ တောင်စဉ်(၇)ကပ် ဝိုင်းရံ ပတ်လျက်တည်ရှိကြတယ်၊ အမြင့်ဆုံးတောင်ကို ယုဂန္ဓိုရ်တောင်လို့ခေါ်ဆိုကြတယ်၊ ထိုတောင်ထိပ်ပေါ်မှာတော့ စတုမဟာရာဇ် နတ်မင်းကြီး လေးယောက်တို့က အရှေ့ဘက်၊ အနောက်ဘက်၊ တောင်ဘက်၊ မြောက်ဘက်အသီးသီး ဘုံဗိမာန်ကိုယ်စီနှင့် နေထိုင်လျက်ရှိကြတယ်။

တောင်စဉ် (၇)တပ်ရှိရာမှာ ကျန်သော (၆)ထပ်တို့၌ နဂါး-ဂဠုန်-ကုမ္ဘဏ် ရက္ခိုသ်၊ ဂန္ဓဗ္ဗနှင့် အသုရာနတ်တို့ နေထိုင်လျက်ရှိကြတယ်။ အဆင့်ဆင့် နိမ့်ဆင်းတည်ရှိနေတဲ့ ကျောက်တောင်ဝိုင်းကြီးများ ဖြစ်ကြတယ်။

## ကျွန်းကြီး လေးကျွန်း

လူတို့နေထိုင်ရာလောကကတော့ မြင်းမိုရ်တောင်ကြီးရဲ့ အရှေ့ဘက်မှာ- အရှေ့ကျွန်း၊ အနောက်ဘက်မှာ- အနောက်ကျွန်း၊ တောင်အရပ်မျက်နှာဘက်မှာ- တောင်ကျွန်း၊ မြောက်ဘက်မှာ မြောက်ကျွန်းး အဲသလို အသီးသီးရှိကြတယ်၊ လူတို့က ယင်းကျွန်းကြီးလေးကျွန်းပေါ်၌ နေထိုင်လျက်ရှိကြတယ်။

ယခုငါတို့ နေထိုင်လျက်ရှိတဲ့ ကျွန်းကြီးက မြင်းမိုရ်တောင်ကြီးရဲ့ တောင်ဘက်မှာတည်ရှိလို့ 'ဇမ္ဗူဒီပါလက်ျာတောင်ကျွန်း' လို့ ခေါ်ဆိုကြတယ်။

စကြဝဠာ ကျောက်တံတိုင်းကြီးသည်ကား ဂဟေဆက်၍ ထားဘိသို့ တစ်ဆက်တည်း ဝိုင်းခံ့မှာ တည်နေခြင်းဖြစ်တယ်၊ အမြင့်မှာ စကြဝဠာယူဇနာအတိုင်းအတာပြင့် (ရှေးခေတ်ကာလ ကျမ်းဂန်သုံးစကား) ၄၂၀၀၀-ရှိတယ်၊ ထိုတံတိုင်းဝိုင်းကြီး အတွင်းမှာတော့ အားလုံး ရေပြင် ပြည့်နေကြတယ်၊ လူတို့နေထိုင်ရာ မြေပြင်ကြီးက အဆိုပါရေထဲက ထွက်ပေါ်လာတဲ့အတွက်ကျွန်း လို့ ခေါ်ဆိုကြတယ်။

'လေးကျွန်း တစ်မြင်းမိုရ်၊ စကြဝဠာတင်ခုံ' ရဲ့ တည်နေဟန် ပုံသဏ္ဌာန်ကို မှန်းဆသိမြင်လောက်ပါပြီ၊ ထိုစကြဝဠာကြီး တစ်ခုတည်နေပုံကို ယခုခေတ်တွင် ရှိကြတဲ့လေယာဉ်ပျံနှင့် သွားလို့မရောက်နိုင်ပါ၊ ဈာန်အဘိညာဉ်ရရှိနေကြသော ရသေ့ရဟန်း ပုဂ္ဂိုလ်မြတ်တို့သာကောင်းကင်မှာဈာန်တန်ခိုးဖြင့်ပျံသန်းပြီးမြင်နိုင်ကြတယ်၊ ရှေးခေတ်အခါက ဈာန်ယာဉ်ပျံနိုင်စွမ်းသော သူတော်ကောင်းပုဂ္ဂိုလ်မြတ်တွေ များစွာ ရှိခဲ့ကြပါတယ်။

အဆိုပါ စကြဝဠာတိုက်တွေက တစ်ခုနှင့်တစ်ခု ယှဉ်တွဲပြီး သကာလ နေကြမြဲဖြစ်ရာ တစ်တွဲလျှင် စကြဝဠာတိုက်ပေါင်း တစ်သောင်းစီ တစ်သောင်းစီ ရှိကြတယ်၊ ထိုကဲ့သို့သော စကြဝဠာ တိုက်အတွဲပေါင်းတွေ များစွာရှိနေကြသောကြောင့် ရေတွက်လို့

မရနိုင်ပါ၊ စကြဝဠာပေါင်း အနန္တရှိနေကြတယ်။ ဒါကြောင့် 'စကြဝဠာ အနန္တ၌ ရှိကြကုန်သော' လို့ မေတ္တာဖြန့်ပွားတဲ့အခါ ခြုံပြီး ဖြန့်ပွားရခြင်းဖြစ်တယ်။

ဗုဒ္ဓဘာသာကျမ်းဂန်တို့၌ ပြည့်စုံစွာ ပါရှိသော စကြဝဠာ တိုက်ကြီးများ တည်ရှိနေပုံကို ကိုယ်တိုင် သိမြင် လိုကြပါလျှင် ကိုယ်တိုင်က ဈာန်အဘိညာဉ်ရအောင် အားထုတ်ကြပါ၊ ဈာန် အဘိညာဉ်ရရှိသောအခါ ကိုယ်တိုင်ကောင်းကင်ခရီးမှ ပျံသန်းပြီး ကြည့်ရှုနိုင်ကြပါလိမ့်မယ်။ ထိုအခါ ယုံကြည်ရပါလိမ့်မယ်။

## နတ်လူသတ္တဝါအားလုံး

သတ္တဝါတို့၏ တည်ရှိရာ နေရာဒေသပေါင်းမှာ (၃၁)ဘုံ ရှိကြောင်း ဗုဒ္ဓဘာသာ တရားတော်မှာ ပြည့်စုံအောင်ပါရှိပြီး ဖြစ်လို့ ဗုဒ္ဓဘာသာဝင်တို့က သိရှိပြီး ဖြစ်ကြတယ်၊ စကြဝဠာ ဘုံဌာနတွေကို 'ဩကာသ လောက' ခေါ်ပြီး အဲဒီဌာနတွေမှာ ရှိကြတဲ့ သတ္တဝါ အားလုံးကို 'သတ္တလောက'လို့ ခေါ်ရတယ်။

လူတို့နေရာ မြေပြင်၊ နတ်တို့နေရာ နတ်ပြည် (၆) ထပ် နှင့် ဗြဟ္မာတို့နေရာ ဘုံပေါင်း (၂၀) ရှိကြတယ်၊ အဆိုပါဘုံ များ အာကာကောင်းကင်ပြင်မှာ အဆင့်ဆင့် မြင့်တက်တည်ရှိနေ ကြတယ်၊ အဲသလို ဘုံအသီးသီးမှာ ရှိနေကြတဲ့ သတ္တဝါတွေကို မှန်း၍ အာရုံညွတ်ပြီးသကာလ မေတ္တာဖြန့်ရာမှာ လွယ်ကူစေရန် နတ်နှင့်ဗြဟ္မာ တင်ပေါင်းတည်းထားပြီး 'နတ်' ဟူ၍ သုံးသပ် လိုက်တယ်၊ ဒါကြောင့် လူရယ်၊ နတ်ရယ် ၂-ပုံဖြစ်တယ်။

လူနတ်တို့အောက် ယုတ်နိမ့်သော သတ္တဝါ လေးမျိုးရှိကြ သေးတယ်၊ သတ္တဝါတို့ကိုသတ်ဖြတ်ခြင်းစသော မကောင်းမှုပြုကြ သူတို့ကျခံရာ ငရဲဘုံ၊ မကောင်းမှုကံ အမျိုးမျိုး ပြုလုပ်မိကြ၍ မကောင်းကျိုးပေးခြင်း ခံကြရသော **ပြိတ္တာ**များ၊ **အသုရာ**များနှင့် နွားကျွဲစသော **တိရစ္ဆာန်**များ၊ ရေနေသတ္တဝါများ၊ ကုန်းနေ သတ္တဝါများ အသီးသီးရှိနေကြရာ၊ သူတို့ကို တူရာစုရုံး ပေါင်း

ရည်းပြီး ‘သတ္တဝါ’ ဟူသော ဝေါဟာရ စကားတစ်ခွန်းဖြင့် သုံးသပ်ပြီး သာဓုပြုနိုင်တယ်၊ ပိုးမွှားခြင်ယင်ပါမကျန် အကုန်ပါသွားတယ်။

ဒါကြောင့် လွယ်လွယ်ဆိုလို့ရအောင်....

‘နတ်, လူ, သတ္တဝါအားလုံး’လို့ အာရုံပြုလိုက်သောအခါ သတ္တလောကကြီးတစ်ခုလုံး၊ သက်ရှိသတ္တဝါတွေ အားလုံး ပါဝင်သွားပြီလို့ မှတ်ရမယ်။

## မေတ္တာလေးမျိုး

ဘေးရန်, ကြောင့်ကြ, ဆင်းရဲ....

ပါဠိလို.... ၁။ အဝေရာ- ရန်မရှိကြပါစေနှင့်။
၂။ အဗျာပဇ္ဈာ- စိုးရိပ်ကြောင့်ကြ မရှိကြပါစေနှင့်။
၃။ အနီဃာ- ဆင်းရဲမရှိကြပါစေနှင့်။
၄။ သုခီ အတ္တာနံ ပရိဟရန္တု- မိမိတို့ကိုယ်တိုင် ချမ်းသာစွာ ဆောင်၍ နေနိုင်ကြပါစေ။

အဲဒီ ပါဠိအဓိပ္ပာယ်ကို မြန်မာစကားဖြင့် အလွယ်သုံး တူရာ ပေါင်းပြီးဆိုရလျှင် ...

“ဘေးရန်- ကြောင့်ကြ- ဆင်းရဲ ကင်း၍ ကိုယ်စိတ် နှစ်ဖြာ ချမ်းသာကြပါစေ” လို့ ဆိုလျှင် ပြည့်စုံပါတယ်။

ကိုင်း.... အားလုံးစုပေါင်း ရွတ်ဆိုကြမယ်။

“စကြဝဠာအနန္တ၌ ရှိကြကုန်သော နတ်,လူ, သတ္တဝါ အားလုံးတို့သည် ဘေးရန်,ကြောင့်ကြ,ဆင်းရဲကင်း၍၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ....”

လူတွေဆိုတာ မည်သူမဆို လိုရာပြည့်စုံချင်ကြမဲ့ ဖြစ်တယ်၊ ဒါကြောင့် ဆုတောင်းတစ်ခုကပ်ဆင့်ပြီး ထည့်ပေးဖို့လိုတယ်၊ 'လိုရာဆန္ဒပြည့်ဝကြပါစေ' လို့ ဆိုခဲ့လျှင် အချို့သော လူတို့စိတ်က ရံခါမကောင်းသော အရာတွေကိုလဲလိုချင်တတ်ကြတယ်၊မကောင်းတာတွေ ပြည့်စုံနေလျှင် ဒုက္ခရောက်ကုန်ကြမှာ စိုးရိမ်ရတယ်။ ဒါကြောင့်.... 'ကောင်းကျိုး' ဆိုတဲ့ ဝိသေသန စကားတစ်ခုထည့်ပြီး ဆိုမှဖြစ်မယ် 'ကောင်းကျိုးလိုရာဆန္ဒ ပြည့်ဝကြပါစေ'လို့ ဖြည့်ရမယ်။

## အလွယ်ဆုံးမေတ္တာပို့နည်းဆိုရိုး

* **စကြဝဠာအနန္တ၌ ရှိကြကုန်သော နတ်, လူ, သတ္တဝါအားလုံးတို့သည် ဘေးရန်-ကြောင့်ကြ-ဆင်းရဲကင်း၍ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။**

* **ကောင်းကျိုး လိုရာဆန္ဒ ပြည့်ဝကြပါစေ။**

အဲဒါကို ပုံမှန်ရွတ်ဆိုပြီး နေ့စဉ်ဖြန့်ပွားနေပါ၊ မကြာခင် စိတ်ပါဝင်စားလာပြီး သတ္တဝါအားလုံးတို့ အပေါ် ချစ်ခင်ခြင်း၊ သနားစိတ် စေတနာ ဖြစ်ပေါ်လာလိမ့်မယ်၊ ဟုံအခါ မေတ္တာရှင် ဖြစ်လာတော့မယ်။

သူတစ်ပါးအပေါ် မေတ္တာစိတ်ထား၍ ဖြန့်ပွားနေသော သူအား အနီးအဝေးရှိ နတ်လူသတ္တဝါများရော၊ မိမိပတ်ဝန်းကျင်မှာရှိကြတဲ့ သတ္တဝါများပါ၊ မိမိကို ချစ်ခင်လာကြမယ်။ အရေးပေးလာကြမယ်၊ လေးစားလာကြမယ်၊ တကယ်လိုက်လို့သောစိတ်ဖြင့် မေတ္တာဖြန့်ပွားနေသူဖြစ်ခဲ့လျှင် "ကျုပ်ကို မချစ်ခင်ကြပါနဲ့ဗျာ"လို့ ဝါးလုံးကြီးနှင့် ဆည်း၍တားထားနေသော်လဲ မရ။ ဝိုင်း၍ချစ်ခင်နေကြမှာဖြစ်တယ်။

## ဗြဟ္မဝိဟာရတရား လေးပါး

'ဗြဟ္မဝိဟာရ'ဟူသော ပါဠိကို မြန်မာတို့က 'ဗြဟ္မစိုရ် တရား'လို့ ခေါ်ဆိုလာခဲ့ကြတယ်၊ ဗြဟ္မဝိဟာရ ဆိုသည်မှာ–

''အယက်ဘုံစံ ဗြဟ္မာကြီးတို့ကဲ့သို့ အေးချမ်းကြည်လင် ငြိမ်သက်စွာသောစိတ်ကို ပုံမှန်ထား၍ နေထိုင်နည်း''လို့ဆိုခြင်း ဖြစ်တယ်။

နည်းကောင်းဖြစ်လို့ တောတော်င်၌ ရှေးက သူတော် ကောင်းကြီးများရဲ့ နေထိုင်နည်းမူဖြစ်တယ်။ ဘုန်းကြီးလဲ ဒီ ဗြဟ္မဝိဟာရတရားကို လက်ကိုင်ထားပြီး နေ ထိုင် လာ ခဲ့ ခြင်း ဖြစ်တယ်။

ဒါကြောင့် နှစ်ပေါင်းကြာမြင့်စွာ မသိ မမြင်ဖူးသေး သော လူမျိုးစုံတို့ဒေသ၊ မရောက်ဖူးသေးသော နယ်စွန်နယ်ဖျား တောကြီးတောင်ကြီးများနှင့် နယ်ခြားတောတောင်ကန္တာရ ခရီး မျိုးစုံကို တစ်ပါးတည်း လှည့်လည် သွားလာနေလာခဲ့တာ နှစ် ပေါင်း ငါးဆယ်ကျော်ခဲ့ပြီ၊ ဘာရန်သူမှမရှိ၊ နှောင့်ယှက် ဒုက္ခ ပေးသူဆိုလို့ မတွေ့ရဖူးပါ။

ကျား–ဝက်ဝံ–တောခွေး–မြွေ စသော တောရိုင်းတိရစ္ဆာန် တို့ကလဲ ရန်မူခြင်းမရှိကြပါ၊ ရန်မူခြင်းမရှိရုံသာမက၊ ကျား၊ ဝက်ဝံ စသော တိရစ္ဆာန်ရိုင်းတို့က ဘုန်းကြီးကို အမြင်တောင်မခံကြပါ၊ သူတို့ကတော့ ဘုန်းကြီးကို တွေ့မြင်ကြမှာ အမှန်ပဲ၊ မေတ္တာ–ကရု ဏာစိတ်ကြောင့် တမင်ရှောင်ဖယ်ပေးကြခြင်းဖြစ်ပါမယ်၊ ဒီအ ချက်ကိုသိထားပြီးဖြစ်လို့ ဘုန်းကြီးရဲ့စိတ်မှာ ကျား မကြောက် ပါ၊ ဘာတိရစ္ဆာန်ကိုမှကြောက်ရန် အကြောင်းမရှိပါ။

တောရိုင်းတိရစ္ဆာန်တွေက လူတွေထက်တောင် သစ္စာရှိကြ တယ်လို့ဆိုရမယ်၊ လူတွေက သူတို့ကို ရန်မရှာလျှင် သူတို့ကလဲ လူကိုရန်မရှာကြပါ၊ ဤသဘာဝသည် ပုံသေမူမှန်ဖြစ်ပါတယ်။

ဗြဟ္မဝိဟာရတရားဟာ ၄-မျိုးရှိတယ်။ ၄-မျိုးက—

မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ၊ ဤလေးမျိုးပဲ။ အထက်ဘုံစံ ဗြဟ္မာကြီးတွေဟာ ဒီတရားလေးပါးဖြင့် ပုံမှန်ပျော်မွေ့နေလေ့ရှိကြလို့ ဗြဟ္မဝိဟာရတရားလေးပါးလို့ ဆိုပါတယ်။ တစ်မျိုးစီ ရှင်းပြပါမယ်။

## (၁) မေတ္တာတရား

ပါဠိ-သဗ္ဗေ သတ္တာ အဝေရာ....ပရိဟရန္တု။

သက်ရှိသတ္တဝါအားလုံးတို့အပေါ် ဒေါသစိတ်မထားခြင်းသည် မေတ္တာစိတ်၏ သဘောတရားဖြစ်တယ်၊ မေတ္တာ၏တရားကိုယ်သည် ဒေါသရဲ့ ဆန့်ကျင်ဘက်–အဒေါသဖြစ်တယ်။

ဒေါသနှင့်မေတ္တာသည် ထက်အောက် ပြောင်းပြန် ဖြစ်တယ်၊ မေတ္တာစိတ်လွှမ်းနေလျှင် ဒေါသစိတ် ပျောက်ကွယ်သွားတယ်၊ ဒေါသစိတ်ဖြစ်နေလျှင် မေတ္တာစိတ်မရှိ၊ ပျောက်ကွယ်သွားလေ့ရှိတယ်၊ ဒါကြောင့်- ဆန့်ကျင်ဘက်တရား ၂-မျိုးလို့ ဆိုရတယ်။

သတ္တဝါအားလုံးကို မိမိနှင့်ထပ်တူ ချစ်ခင်စိတ်ထားရမယ်လို့ဆိုခြင်းသည် အေးချမ်းစွာနေနည်းကိုပြခြင်း ဖြစ်တယ်။

အလေ့အထ နည်းပါးသေးသူ၏စိတ်မှာ မိမိနှင့်ထပ်တူ ရှုစိမ့်နိုင်ဦးမည် မဟုတ်ဟု ထင်ရသော်လဲ မေတ္တာစိတ်ဖြင့် အလေ့အထုံရအောင် နေလေ့ ရှိသော သူတော်ကောင်းတို့ရဲ့ သန္တာန်မှာ စိတ်တွေ နူးညံ့နေတယ်၊ မိမိကိုယ်နှင့်ထပ်တူ ဒေါသကင်းခြင်း၊ ချစ်ခင်ခြင်းသဘော ညီမျှစွာထားလို့ရပါတယ်။

## (၂) ကရုဏာတရား

ပါဠိ-သဗ္ဗေ သတ္တာ ဒုက္ခာ မုစ္စန္တု။

သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ သတ္တာ၊ သတ္တဝါတို့သည်။

ဒုက္ခ၊ ဆင်းရဲအပေါင်းမှ။ ပမုစ္စန္တု၊ ကင်းလွတ်ကြပါစေကုန်သတည်း။

ဒါက ကရုဏာ ပြဟ္မဝိဟာရတရားပွားများနည်း ဆိုရိုးဖြစ်တယ်။

(အဓိပ္ပာယ်မှာ) ဆင်းရဲဒုက္ခအမျိုးမျိုးနှင့် တွေ့ကြုံနေကြရသော သက်ရှိသတ္တဝါအားလုံးကို သနားကြင်နာသောစိတ်ဖြင့် သူတို့ ခံစားနေကြရသော ဆင်းရဲမှ လွတ်ကင်း ချမ်းသာကြပါစေ-လို့ ပို့လွှတ်ခြင်း၊ ပြန့်ပွားခြင်းဖြစ်တယ်။

'ပို့လွှတ်၍ရနိုင်သလော'ဟု မေးခဲ့သော်၊ စိတ်ဓာတ်နူးညံ့သိမ်မွေ့ပြီး၊ သမာဓိပိုင်ရှင် သူတော်စင်ကြီးတို့ ပို့လွှတ်ခြင်းသည် (ကံကြီးထိုက်နေသူ၊ ပြစ်ဒဏ်ကြီး ကျူးလွန်သူ)မဟုတ်လျှင် ရနိုင်ပါတယ်။

ကရုဏာ၏သဘောတရားသည် သတ္တဝါတို့ကို သနားခြင်း၊ ဆင်းရဲဒုက္ခ မရောက်စေလိုခြင်းဖြစ်တယ်။ သတ္တဝါ အားလုံးကို သနားလေ့ရှိတတ်တယ်။

## (၃) မုဒိတာတရား

ပါဠိ—သဗ္ဗေ သတ္တာ ယထာလဒ္ဓသမ္ပတ္တိတော မာဝိဂစ္ဆန္တု။

သဗ္ဗေ၊ ပေါ်ပေါ်ပင်းကုန်သော။ သတ္တာ၊ သတ္တဝါတို့သည်။ ယထာလဒ္ဓသမ္ပတ္တိတော၊ ရအပ်သောစည်းစိမ်ချမ်းသာမှ။ မာဝိဂစ္ဆန္တု၊ မဆုတ်ယုတ်ကြပါစေကုန်သတည်း။

ဒါက-မုဒိတာ ပြဟ္မဝိဟာရပွားနည်းဆိုရိုးဖြစ်တယ်။

(အဓိပ္ပာယ်မှာ) မိမိ၏ စိတ်သန္တာန်၌ သတ္တဝါတို့အပေါ် ကြည်နူးဝမ်းသာမှု ပီတိသောမနဿဖြစ်နေစေရခြင်း ဖြစ်တယ်။

သူတစ်ပါးတို့ ကျန်းမာခြင်း၊ ချမ်းသာခြင်း ရှိနေကြတာကို ဖြစ်စေ၊ ကြွယ်ဝချမ်းသာနေကြတာကို ဖြစ်စေ၊ ရာထူးစည်းစိမ်၊ ဂုဏ်သိန်တိုးတက် နေကြတာကိုဖြစ်စေ၊ မနာလိုစိတ်၊ ဝန်တိုစိတ်

မရှိ၊ ဣဿာ ညှုစူချင်သောစိတ်မရှိ၊ ချမ်းမြေ့ကြည်သာစွာ သတ္တဝါအားလုံး အရာခပ်သိမ်း ကောင်းကျိုးချမ်းသာနှင့် ပြည့်စုံနေကြပုံကို မြင်ရလျှင် ဝမ်းမြောက်နေတတ်သော သူတော်ကောင်းတို့စိတ်ထား ရှိနေခြင်းသည် (နေလေ့ရှိခြင်းသည်) မုဒိတာ ဗြဟ္မဝိဟာရတရား ပွားများနေခြင်း မှုမှန် ဖြစ်တယ်။

မိမိ၏ စိတ်သန္တာန်မှာ မုဒိတာတရား တစ်သိမ့်သိမ့် ဖြစ်ပွားနေရသော စေတနာသည် ဘာပစ္စည်းမှ မကုန်ခန်းရဘဲ အလိုလိုရနေသော သဒ္ဓါဇောကုသိုလ်ဟူ၍ နားလည်ကြရမယ်၊ မုဒိတာ စိတ် ကိန်းနေတတ်သောသူမှာ သူတစ်ပါးအပေါ် မနာလိုဝန်တိုစိတ်မရှိကြပါ၊ အလွန်ကောင်းသော အများချမ်းသာကြောင်း တရားဖြစ်ပါတယ်။

## (၄) ဥပေက္ခာတရား

ပါဠိ– သဗ္ဗေ သတ္တာ ကမ္မဿကာ။

သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ သတ္တာ၊ သတ္တဝါတို့သည်။
ကမ္မဿကာ၊ မိမိတို့ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိကြကုန်၏။
ဒါက–ဥပေက္ခာဗြဟ္မဝိဟာရပွားနည်းဆိုရိုးဖြစ်တယ်။

ဥပေက္ခာတရားဆိုတာ အထက်ပါ ဗြဟ္မဝိဟာရ (၃)မျိုးတို့နှင့် လုံးဝမတူဘူး။ တစ်ဘာသာခြားတယ်။ နားလည်ကြရန် အတော်ပြည့်စုံအောင် ရှင်းပြပါမယ်။

ဥပေက္ခာဆိုတာ ချစ်ခြင်း-မေတ္တာ၊ သနားခြင်း-ကရုဏာ၊ ဝမ်းမြောက်ခြင်း-မုဒိတာ သဘောတရားများကို စွန့်ပယ်တယ်၊ ဒီသုံးမျိုးမှ အလွတ်ဖြစ်တယ်။

သတ္တဝါများအပေါ် အာရုံပြုရာ၊ သုံးသပ်ရာ၌ ချစ်ခြင်း၊ မုန်းခြင်း၊ သနားခြင်း၊ ဝမ်းမြောက်ခြင်းမရှိ အလယ် အလတ်စိတ်အာရုံထား၍ ရှုကြည့်ဆင်ခြင်သုံးသပ်နေနည်းဖြစ်တယ်၊ ပေါ့ပါးသောနေနည်းဖြစ်တယ်၊ ဘက်မလိုက်မျှတသော နေနည်းဖြစ်တယ်။

ပုဂ္ဂိုလ်သတ္တဝါတို့အပေါ် အဘယ်သူ့ကိုမျှကွက်၍၊အထူးပြု၍၊ စိတ်အာရုံဖြင့် အားထုတ်၍ မေတ္တာစိတ်ဖြင့်ဖြစ်စေ၊ ကရုဏာစိတ်ဖြင့်ဖြစ်စေ၊ မုဒိတာစိတ်ဖြင့်ဖြစ်စေ ကြောင့်ကြမစိုက်ပါ။

ကြောင့်ကြမစိုက်ဘဲ တည်ငြိမ်အေးချမ်းသော စိတ်အာရုံဖြင့် နေနည်းလို့ဆိုရပါမယ်၊ စိတ်အာရုံထားရာတွင် အားထုတ်ရမှု မရှိသောကြောင့် ပေါ့ပါးစွာနေရသောနည်း ဖြစ်တယ်။

ဒါ့ကြောင့်- အထက်ပါဗြဟ္မဝိဟာရသုံးပါးကို ပွားများအားထုတ်လျှင် စတုတ္ထဈာန်အထိဖြစ်စေပါတယ်၊ ဥပေက္ခာ ဗြဟ္မဝိဟာရကို ပွားများအားထုတ်လျှင် ပဥ္စမ ဈာန်အထိဖြစ်စေ၊ ရောက်စေနိုင်တယ်။ ဒါ့ကြောင့် ဘုရားအလောင်းတော် သုမေဓါရသေ့ကြီး မြေလျှိုး၍ မိုးပျံနိုင်စွမ်းရှိခဲ့ခြင်းဖြစ်တယ်။

## ရပ်သုံးရွာသုံးဥပေက္ခာ

ဒီနေရာမှာ ရှင်းပြဖို့ရှိနေသေးတယ်။ တချို့ စကားပြောတဲ့အခါ "ဒီလောက်မိုက်တဲ့ အကောင်၊ သေချင်သေ၊ ရှင်ချင်ရှင်၊ ဘာမှဂရုစိုက်နေစရာမလိုဘူး။ ဥပေက္ခာပြုထားလိုက်တာပဲကောင်းတယ်"လို့ ပြောဆိုနေသံ ကြားဖူးကြပါလိမ့်မယ်၊ ဒီစကားရဲ့အာဘော်က "ဒီလောက်မိုက်တဲ့ကောင်၊ ထောင်ကျချင်ကျပါစေ၊ ဘာမှလှည့်မကြည့်ချင်ကြနှင့်၊သေတာပဲကောင်းတယ်"လို့ ဆဲဆိုခြင်းဖြစ်တယ်၊ဗြဟ္မဝိဟာရ ဥပေက္ခာမဟုတ်ဘူး၊ ဒေါသ, ဒေါမနဿစိတ်ဖြင့် ကျိန်ဆဲလိုက်သောစကားကြမ်းဖြစ်တယ်။

ဥပေက္ခာ ဗြဟ္မဝိဟာရရဲ့သဘောတရားက နှလုံးသွင်းရာမှာ သိပ်မွေ့တယ်။ သတ္တဝါတွေ သံသရာတွင် ကျင်လည်နေကြရပုံကို တွေ့မြင်ကြရတဲ့အခါ ကံတရားဖြင့် သုံးသပ်ကြည့်ခြင်းဖြစ်တယ်။

## ကမ္မဿကတာ ဉာဏ်အမြင်ပေါက်အောင်

ကောင်းဆိုး ယုတ်မြတ်ကိုဖြစ်စေ၊ ဆင်းရဲနှင့်ချမ်းသာကိုမြင်စေ၊ "ဘယ်သူမပြု၊မိမိမှု သူတို့ပြုမှုခဲ့ကြပြီးတဲ့ ကံအကြောင်း

တရားအားလျော်စွာ အကျိုးပေးခြင်းကိုခံကြရ၊ စံကြရခြင်းပါ တကား''ဟူ၍ အကြောင်းရင်းကံကို မြင်လာအောင်၊ သိမ်မွေ့သော နှလုံးသွင်း စိတ်အာရုံဖြင့် အမှန်အတိုင်းမြင်အောင် ဆင်ခြင်ရှုကြည့်ရသော အလုပ်ဖြစ်တယ်။

သံသရာလောကကြီးထဲ ဘုံဘဝအမျိုးမျိုးမှာ တပြောင်းပြန်ပြန်ကျင်လည်နေကြရတဲ့ သတ္တဝါအားလုံး မိမိတို့စိတ်အလိုကျ ကိုယ်တိုင်ဖန်တီးခဲ့ကြသော ကံအတိုင်းသာဖြစ်ကြရတယ်။

'ဘယ်သူမပြု မိမိမှု'ဆိုရိုးစကားအတိုင်းပဲ။ မကောင်းမှုပြုခဲ့ကြသူများက မကောင်းကျိုးပေးခြင်းခံကြရတယ်၊ ကောင်းမှုပြုခဲ့ကြသူများက ကောင်းကျိုးစံကြရတယ်။ အဲသလို ကံတရား၏ သဘာဝ၊ အကောင်းနှင့်အဆိုး၊ အကြောင်းနှင့်အကျိုး ပုံမှန်ဖြစ်တတ်သော နိယာမအမြင်မှန်ဖြင့်ပိုင်းခြားရှုမြင်တတ်သော အလုပ်သည် ဥပေက္ခာဗြဟ္မဝိဟာရဖြစ်တယ်။

''ကောင်းဆိုးယုတ်မြတ် ဖြစ်တည်နေကြရကုန်သော လူနတ် ဗြဟ္မာနှင့် သတ္တဝါ အမျိုးမျိုး အစားစားတို့သည် တစ်စုံတစ်ယောက်သော တန်ခိုးရှင်က ဖန်တီးပေးလိုက်ခြင်း မဟုတ်ကြပါ၊ မြက်သစ်ပင်တို့ကဲ့သို့ အလိုအလျောက် ကျရောက် ဖြစ်ပေါ်လာကြခြင်းလဲမဟုတ်ကြပါ။ အရင်းခံအကြောင်းတရားမှာ မိမိတို့ ကိုယ်တိုင် စိတ်ဆန္ဒအလျောက် ပြုလုပ်ဖန်တီးခဲ့ကြသော လောဘစေတနာ၊ ဒေါသစေတနာ၊ မာနစေတနာ၊ ရာဂစေတနာ၊ သဒ္ဓါစေတနာ၊ ပညာစေတနာ အာသာဆန္ဒအစွဲများဖြင့် ပြုလုပ်ခဲ့ကြခြင်း ဖြစ်တယ်။ မိမိတို့၏ ကံ-ဉာဏ်-ဝီရိယကြောင့် ကောင်းကျိုး၊ ဆိုးကျိုး ၂-မျိုးကို ခံစားနေကြရခြင်းဖြစ်တယ်''လို့ ဟုတ်တိုင်းမှန်ရာ ကမ္မဿကတာဉာဏ်ကို သဘာဝကျကျ ပိုင်နိုင်စွာ ရှုမြင်တတ်ရတယ်၊ ရှုမြင်၍ ဆင်ခြင်၍ ကံ၏သဘောသဘာဝကို မြင်အောင်ရှုကြည့်ပွားများနေရခြင်းအလုပ်သည် ဥပေက္ခာ ဗြဟ္မဝိဟာရတရားကို ပိုင်နိုင်စွာ ဖြန့်ပွားနေခြင်းဖြစ်တယ်လို့မှတ်ပါ။

သူ၏ကံသည်သာ သူပိုင်ဥစ္စာဖြစ်တယ်၊ ငါ၏ ကံသည်သာ ငါပိုင်ဥစ္စာဖြစ်တယ်၊ ဒီသဘောသွားကို ဉာဏ်မျက်စိတွင် ထင်မြင်နေအောင် ပိုင်နိုင်စွာ ရှုကြည့်၍၊ ဆင်ခြင်သုံးသပ်၍၊ ပွားများ၍ နေရမည်ဟု ဆိုလိုပါတယ်၊ ဒီလောက်ဆိုလျှင် ဥပေက္ခာ ဗြဟ္မ ဝိဟာရပွားပုံ နားလည်လောက်ပါပြီ။

(ဤသည်တို့ကား ဗြဟ္မဝိဟာရတရား ဆင်ခြင်နှလုံးသွင်းနည်း၊ ပွားများအားထုတ်နည်းကို အကျဉ်းချုံး၍ ရှင်းပြချက်ဖြစ်သတည်း။)

ဗြဟ္မဝိဟာရ တရားလေးပါးလုံး အလွယ်ပွားနည်း

"နတ်လူသတ္တဝါ အားလုံး ဘေးရန် ကြောင့်ကြ ဆင်းရဲကင်း၍ ကိုယ်စိတ် ၂-ဖြာ ချမ်းသာကြပါစေ။ ကောင်းကျိုးလိုရာဆန္ဒ ပြည့်ဝကြပါစေ"

ဒီအတိုင်း ရွတ်ဆိုပွားများနေပါ။ အဲသလို ရွတ်ဆိုပွားများနေလျှင် ဗြဟ္မဝိဟာရ တရားလေးပါးလုံး၏ ဆိုလိုချက် အဓိပ္ပာယ် ခြုံငုံမိသွားပါတယ်။

အထက်ပါနည်းအတိုင်း ပထမတွင် အရှိန်မရသေးခင် အသံထွက်၍ ရွတ်ဆို ပွားများပါ၊ ရွတ်ဆိုနေစဉ် စိတ်ထဲက ထက်သန်သော စေတနာ ပါစေရမယ်။ နှုတ်ဖြင့် ရွတ်ဆိုမှု အကြိမ်များ၍ အရှိန်ရလာသောအခါ လူကြားအောင် ရွတ်ဆိုနေရန် မလိုတော့ပဲ စိတ်ထဲကသာ ရွတ်ဆိုပွားများလို့ရလာပြီ။

အချိန်ကြာ၍ ရွတ်ဆိုပွားများမှု အလေ့အထ ဖြစ်လာပြီးသောအခါ မိမိရဲ့စိတ် သန္တာန်မှာ မေတ္တာဘာဝနာ၏ အာရုံခံစားရမှု ထူးခြားလာပုံ သိသာလာပါလိမ့်မယ်။ ထာဝစဉ် ပျော်ရွှင်ချမ်းမြေ့လာပါလိမ့်မယ်။ သတ္တဝါအားလုံးတို့အပေါ်မှာဖြစ်စေ၊ ပုဂ္ဂိုလ်သတ္တဝါ တစ်ဦးအပေါ်မှာ ဖြစ်စေ၊ လူတစ်စုအပေါ်

မှာဖြစ်စေ၊ လိုရာကွက်၍ ဖြစ်စေ၊ မေတ္တာဖြင့် တကယ်ချမ်းသာစေလိုသောစေတနာ၊ ကောင်းကျိုး ဆန္ဒပြည့်ဝစေလိုသော စေတနာ ပသန္န လိုက်လှဲစွာ ဖြစ်ပေါ်လာလိမ့်မယ်။ ဒီအဆင့်ရောက်ခဲ့လျှင် မေတ္တာမနောကံမြောက်ပြီ''လို့ မှတ်ပါ။

ဤကဲ့သို့ လိုက်လှဲသော မေတ္တာ၊ လိုက်လှဲသော ကရုဏာ၊ လိုက်လှဲသော မုဒိတာ၊ ငြိမ်သက် အေးချမ်းသော ဥပေက္ခာ ဗြဟ္မဝိဟာရ တရားတို့ကို ကြည်လင်၍၊ ပြတ်သား၍၊ ရှင်းလင်း၍ လာနေသော စိတ်ရင်းမှ ပေါက်ဖွားလာသော စေတနာသည် တန်ဖိုး မဖြတ်နိုင်သော မိမိပိုင် ဥစ္စာဖြစ်လာပြီလို့ မှတ်ပါ။

မိမိပိုင်နေသော အဖိုးတန် ရတနာကို လက်ဝယ်ရရှိနေခိုက် အခါမှာ ပျောက်ပျက် မသွားရအောင် သတိဖြင့် ထိန်းသိမ်းထားပါ၊ စောင့်ရှောက်ထားပါ။

စိတ် အာရုံ တပိုတပါး ရောက်မသွားအောင်၊ သတိ မလွတ်အောင် ထိန်းသိမ်းထားလို့ရတယ်၊ စောင့်ရှောက်ထားလို့ ရတယ်၊ အဲသလို ထိန်းသိမ်းဖန်များလာလျှင် သမာဓိကောင်းလာပြီ၊ စိတ်ခဏိကရင့်ကျက်လာတော့မယ်၊ စိတ်နှလုံးသား အတွင်း၌ မေတ္တာခဏ၊ ကရုဏာခဏ၊ မုဒိတာခဏ ကိန်းဝပ်အချိန်ပိုင်းမှ ရက်ပိုင်း၊ ရက်ပိုင်းကြာကြာရပြီးလျှင် လ ပိုင်း ရောက်လာမယ်၊ လ ပိုင်းအောင်မြင်လာလျှင် နှစ်ပိုင်းရောက်လာမယ်။ ဤနည်းဖြင့် ရက်တွေ၊ လတွေ၊ နှစ်တွေ အချိန်ကြာလာလေ မိမိရဲ့ မေတ္တာ စိတ်တန်ခိုး အာနိသင် ကြီးမားခိုင်မာလာလေလေ ဖြစ်လာမယ်၊ ဒါ့ကြောင့် 'မေတ္တာအာနိသင်'လို့ ခေါင်းစဉ်တပ် ပြောဆိုရခြင်း ဖြစ်တယ်။

## ဘာဝနာအရှိန်ကြောင့်

အဲသလို မေတ္တာအာနိသင် ကြီးမား ခိုင်မာနေခိုက်တွင် နေ့စဉ် ပုံမှန် နှလုံးသွင်းနေမြဲဖြစ်သော ဘာဝနာအရှိန်ကြောင့်လဲ မေတ္တာတန်ခိုး၊ ကရုဏာ တန်ခိုး တက်ကျိုးလာနေပြီ မှတ်ပါ။

ထိုအချိန်ကျောင်းပိုင်းသို့ ဝင်ရောက်လာပြီဆိုလျှင် ထူးခြားချက်ပေါ်လာပယ်။ ပီပီရဲ့ ရုပ်ခန္ဓာနှင့် နာမ်ခန္ဓာ အခြေအနေကို သတိထားကြည့်ပါက သိနိုင်တယ်၊ စိတ်အနေမှာ ယခင်ကနှင့်မတူ၊ ကြည်လင် ချမ်းမြေ့နေပုံ ခံစားချက်က ပြမယ်၊ ရုပ်သွင် အနေမှာ ကြည်လင်၍ စိုပြေနေပုံ သိသာစွာ မြင်ကြရမယ်။

သတ္တဝါတွေအပေါ် တကယ်ချမ်းသာ စေလိုတဲ့ မေတ္တာစေတနာ။

ဘေးရန် ကင်းစေလိုတဲ့ ကရုဏာ စေတနာ။

စည်းစိမ်ချမ်းသာ၊ ရာထူး ဂုဏ်သိန် စသည်ကို တည်မြဲစေလိုတဲ့ တကယ်ကြည်လင်ပြတ်သားသည့် မုဒိတာစေတနာတွေ။

မိမိရဲ့ စိတ်နှလုံးသားထဲမှာ လျှပ်းလျှပ်းတောက် ဖြစ်ပေါ်လာနေလိမ့်မယ်။

ဗြဟ္မဝိဟာရ ဘာဝနာ ပွားနေရင်း အဲသလို ထက်မြက်သော စေတနာကောင်းတွေ ဖြစ်ပေါ်နေသော အချိန်တွင်းမှာ တွေ့ရမယ့် ထူးခြားချက် တစ်ခုကတော့.... တစ်ကိုယ်လုံး သိမ့်သိမ့်တုန်သလို ကြက်သီး တဖြန်းဖြန်းထနေတဲ့ ပီတိအရသာတွေ ဖြစ်ပေါ်ခံစားနေရခြင်းဖြစ်တယ်၊ ဗုဒ္ဓါနုဿတိ စသော အခြားကမ္မဋ္ဌာန်းများကို ပွားများအားထုတ်ကြရမှာလဲ သည်အတိုင်းပဲ ပီတိတွေ ဖြစ်ပေါ်လာလေ့ရှိကြောင်း သိထားကြရမယ်။

အဲသလိုအချိန်မျိုးမှာအထူးသတိပြုရမှာကတော့ အဲသလိုမေတ္တာစေတနာတွေ ထက်သန်မှု တိုးပွားပြီး ပီတိတွေ တသိမ့်သိမ့် ဖြစ်ပေါ်လာနေချိန် ကာလအတွင်းမှာ မိမိပွားများ အားထုတ်နေဆဲ အလုပ်ကို အာရုံလွတ်မသွားအောင် သတိဖြင့် ဆက်တိုက် ပွားများနေဖို့ပါပဲ။

လှိုင်သော အပြောင်း မြန်တတ်သော စိတ်သဘာဝကလဲ တပို တပါးသော အာရုံဆီသို့ မသိမသာ ရွေ့လျားရောက်

သွားတတ်တယ်။ မူလတရားပွားများဆဲ အာရုံမှန်ကို သတိဖြင့် ဆောက်တည်နေရမယ်။

မိမိရဲ့ ပဓာန်အလုပ်ကို ပျက်ပြယ်မသွားစေနှင့်။ ဒီလောက် တိုးတက်လာတဲ့ သမာဓိရနေဆဲ အခါကောင်းကြီးကို "ငါလက် လွှတ်မခံဘူး" ဆိုပြီး စိတ်အာရုံကို ပိုင်နိုင်စွာ ကြိုတ်ခဲထားရမယ်။ ဒီသမာဓိမျိုး အချိန်ကြာကြာ ဖြစ်ပွားနေစေရမယ်၊ ဖြစ်ပွားနေ အောင် ဆက်တိုက်ပဲ ငါကြိုးစားမယ်လို့ စိတ်ကိုတင်းထားရမယ်။ ဘာဝအရသာနှင့်မှမတူသော အလွန်ထူးခြားသည့် တရားအရသာ ထူး ခံစားရပုံကို လက်တွေ့သိလာလိမ့်မယ်။ 'အလွန်ပျော်မွေ့ ဖွယ်ကောင်းတဲ့ အလုပ်ပါကလား' လို့ သဘောပေါက်လာမှာ မလွဲဘူး။

ဗြဟ္မဝိဟာရတရားပွားများပုံ ပွားများနည်းကိုသိလိုကြတဲ့ အတွက် ဘုန်းကြီးထံသို့ စာဖြင့် ရေးသားပေးပို့ကြသူများနှင့်၊ လူကိုယ်တိုင် လာရောက် ချဉ်းကပ် မေးလျှောက်ကြသူများကို ဒီနေရာကပဲ အတွေ့အကြုံသဘောသွားကို တိုတိုအသိပေးလိုက် ပါမယ်။

## မေတ္တာစျာန်ဝင်စားနေရခြင်းကဲ့သို့

အထက်ပါနည်းအတိုင်း တစ်ကြိမ် အောင်မြင်ပြီးလျှင် နှစ်ကြိမ်အောင်မြင်ဖို့ လွယ်လာပါတယ်၊ ၂-ကြိမ်၊ ၃-ကြိမ်၊ ၄-ကြိမ် စသည်အောင်မြင်ပြီးလျှင်၊(၁၀)ကြိမ်အောင်မြင်ရန် ပို၍ လွယ်ကူလာပါတယ်၊ ၁၀-ကြိမ်မှ ၁၅-ကြိမ် စသော အချိန်ပိုင်း၌ စိတ်စေတနာတွေ လျှမ်းလျှမ်းတောက်ပြီး ပီတိတွေ တဖြန်းဖြန်း ဖြစ်ပေါ်နေမှုအပိုင်း၊ အောင်မြင်ခဲ့ပြီးလျှင် စိတ်အာရုံဇော ထက် သန်လာလိမ့်မယ်။

ထိုအခါ အားတက်စွာနှင့် ဆက်လက်၍ ကြိုးစားသွား ပါ၊ ရှေ့ခရီးဆက်တွင် အကြိမ်တစ်ရာသော်လည်းကောင်း၊ အ

ကြိုပ်တစ်လောင်သော်လည်းကောင်း ကိုနည်း ယိုဟန် ဖြစ်ပေါ် နေစေဂုန် ပို၍လွယ်ကူလာပါမယ်၊ ထပ်ပြန်တလဲလဲ ကြိုပ်ဖန်များ မှာ ကြိုးစားကာ ပွားများ အားထုတ်၍ ပျော်မွေ့နေခြင်း အလုပ်သည် မေတ္တာဈာန်ကို ဝင်စားနေခြင်း အလုပ်တစ်မျိုးဖြစ် တယ်။ ဒီအပိုင်းကို 'မေတ္တာဈာန် ဝင်စားနေတယ်'လို့ ယောဂါ ဝစရပုဂ္ဂိုလ်များက ပြောရိုးရှိခဲ့ကြတယ်။ (မေတ္တာပွား၍ အချိန် ကြာကြာ ပျော်မွေ့နေခြင်းအလုပ်ဟု ဆိုလိုတယ်။)

## ကံအကျိုးပေးချိန်

ဗြဟ္မဝိဟာရတရားလေးပါးစုံကိုဖြစ်စေ၊ မိမိလိုရာတစ်ပါး ပါးကိုဖြစ်စေ ပွားများအားထုတ်၍နေလေ့ရှိသော လူယောဂီ များနှင့် ရသေ့ရဟန်းကိုရင် ယောဂီပုဂ္ဂိုလ်များသည် ထိုအချိန်ပိုင်း တွင် မိမိတို့၏ အတိတ်ကံပါရမီခံ အကြောင်းအားလျော်စွာ ထူးခြားသောကောင်းကျိုးနှင့် လိုရာဆန္ဒများ ပြည့်ဝလာတတ် ပါတယ်။ လိုအင်ဆန္ဒပြည့်ဝလာသုံ တဖြည်းဖြည်း တွေ့မြင်လာရ မည်မှာ ဧကန်မလွဲဖြစ်တယ်၊ သတိပြုကြည့်နိုင်ကြပါတယ်။

ဤမေတ္တာ အာနိသင်ဆိုလိုချက်လိုရင်းကိုသာ တိုတိုပြော ပြမှာဖြစ်တဲ့အတွက် ကျမ်းဂန်လာ ရှေးဟောင်း ဝတ္ထုကြောင်းများ ကို မပေးပြတော့ဘူး။ လက်တွေ့ပုံစံပြ ဝတ္ထုကြောင်းများကိုလဲ စေ့ငရုံပဲ ပြောနိုင်မယ်။ ဒါပေမယ့် အားထုတ်ရန် လိုလားသော ပုဂ္ဂိုလ်များအဖွက် လုံလောက်ပါတယ်။

## မနောကံစေတနာအဓိက

ဗြဟ္မဝိဟာရတရား ပွားများ အားထုတ်ခြင်းအလုပ်ဟာ မနောကံ စေတနာအဓိကဖြစ်တယ်ဆိုတာ နားလည်ကြရမယ်၊ ရှေ့ပိုင်းတုန်းက 'နှုတ်ဖြင့် မှတ်ဆိုပေးပါ'လို့ ညွှန်ကြားခဲ့တာ ဟာ အခြေခံမရသေးသူတို့အတွက် ဘာဝနာပွားခြင်း လုပ်ငန်း

အခြေခံစတင်ပေးခြင်းဖြစ်တယ်လို့ နားလည်ကြပါ၊ စိတ်အာရုံက တောင်ရောက်၊ မြောက်ရောက်နှင့် နှုတ်ကသာ မေတ္တာပို့ရွတ်ဆိုနေခြင်းမျိုးလဲ မဖြစ်စေရဘူး။

သတ္တဝါအားလုံးအပေါ်ဖြစ်စေ၊ ရည်ညွှန်းသော ပုဂ္ဂိုလ်တစုံတစ်ယောက်အပေါ်ဖြစ်စေ မေတ္တာစိတ်ညွတ်ပြီး ထက်သန်သော မနေ့ာကျ်စေတနာဖြင့် တကယ်ချမ်းသာစေလိုတဲ့ အာသာဆန္ဒလှိုက်လှဲမှုဖြစ်နေလျှင် မေတ္တာစစ်မေတ္တာမှန် ဘာဝနာဖြစ်ပြီး၊ ထိရောက်သော ပွားများအားထုတ်ခြင်းအဆင့်သို့ ရောက်နေပြီလို့ မှတ်ပါ။

## အရှုံးမှ အမြတ်ထွက်ပုံ ဃင္ဃမင်းဝတ္ထု၊ မေတ္တာကြောင့် ရန်သူပူလောင်ခြင်း (ပဥ္စကနိပါတ်၊ ဃဋဇာတ်)

ဒီမှာ မေတ္တာသာမက ဤနေရာတွင် ပရိသတ်များအတွက် ဝတ္ထုတစ်ပုဒ် ထုတ်ပြပါမယ်။

မေတ္တာတရားနှင့် နေလေ့ရှိသော မေတ္တာရှင် ပုဂ္ဂိုလ်အား ရန်မူ၍မရနိုင်ဘူး၊ အနိုင်ကျင့်သော်လဲ အနိုင်ယူသူက အရှုံးပေးရမြဲဖြစ်တယ်၊ မေတ္တာရှင်ဖြစ်သူကား ရှုံးရဦးတော့ အရှုံးထဲမှ အမြတ်ထွက်ရမြဲဖြစ်တယ်၊ အကျိုးမဲ့ရာမှ ကောင်းကျိုးရမြဲဖြစ်တယ်။

ဒီနေရာမှာ- ရှေးရှေးက ဖြစ်ရပ်ဟောင်း ဝတ္ထုကြောင်းပုံစံတစ်ခုကို ထုတ်ပြပါမယ်။

မြတ်စွာဘုရားရှင် သက်တော်ထင်ရှားရှိစဉ် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူဆဲအခါက ကောသလမင်းကြီးရဲ့နန်းတွင်းမှာ အမတ်တစ်ယောက်ကိုအကြောင်းပြုပြီး ဟောတော်မူတဲ့ ဝတ္ထုဖြစ်တယ်။

ကြိမ်တစ်ထောင်သော်လည်းကောင်း ကိုနည်း ထိုဟာန် ဖြစ်ပေါ်နေစေရန် ပို့၍လွှယ်ကူလာပါမယ်၊ ထပ်ပြန်တလဲလဲ ကြိမ်ဖန်များစွာ ကြိုးစားကာ ပွားများ အားထုတ်၍ ပျော်မွေ့နေခြင်း အလုပ်သည် မေတ္တာဈာန်ကို ဝင်စားနေခြင်း အလုပ်တစ်မျိုးဖြစ်တယ်။ ဒီအပိုင်းကို 'မေတ္တာဈာန် ဝင်စားနေတယ်'လို့ ယောဂါဝစရပုဂ္ဂိုလ်များက ပြောရိုးရှိခဲ့ကြတယ်။ (မေတ္တာပွား၍ အချိန်ကြာကြာ ပျော်မွေ့နေခြင်းအလုပ်ဟု ဆိုလိုတယ်။)

## ကံအကျိုးပေးချိန်

ဗြဟ္မဝိဟာရတရားလေးပါးစုံကိုဖြစ်စေ၊ မိမိလိုရာတစ်ပါးပါးကိုဖြစ်စေ ပွားများအားထုတ်၍နေလေ့ရှိသော လူယောဂီများနှင့် ရသေ့ရဟန်းကိုရင် ယောဂီပုဂ္ဂိုလ်များသည် ထိုအချိန်ပိုင်းတွင် မိမိတို့၏ အတိတ်ကံပါရမီခံ အကြောင်းအားလျော်စွာ ထူးခြားသောကောင်းကျိုးနှင့် လိုရာဆန္ဒများ ပြည့်ဝလာတတ်ပါတယ်။ လိုအင်ဆန္ဒပြည့်ဝလာပုံ တဖြည်းဖြည်း တွေ့မြင်လာရမည်မှာ ကေန်မလွဲဖြစ်တယ်၊ သတိပြုကြည့်နိုင်ကြပါတယ်။

ဤမေတ္တာ အာနိသင်ဆိုလိုချက်လိုရင်းကိုသာ တိုတိုပြောပြမှာဖြစ်တဲ့အတွက် ကျမ်းဂန်လာ ရှေးဟောင်း ဝတ္ထုကြောင်းများကို မပေါ်ပြတော့ဘူး။ လက်တွေ့ပုံစံပြ ဝတ္ထုကြောင်းများကိုလဲ စောင့်ရှုပဲ ပြောနိုင်မယ်။ ဒါပေမယ့် အားထုတ်ရန် လိုလားသော ပုဂ္ဂိုလ်များအတွက် လုံလောက်ပါတယ်။

## မနောကံစေတနာအဓိက

ဗြဟ္မဝိဟာရတရား ပွားများ အားထုတ်ခြင်းအလုပ်ဟာ မနောကံ စေတနာအဓိကဖြစ်တယ်ဆိုတာ နားလည်ကြရမယ်၊ ရှေ့ပိုင်းတုန်းက 'နှုတ်ဖြင့် ရွတ်ဆိုပေးပါ'လို့ ညွှန်ကြားခဲ့တာဟာ အခြေခံမရသေးသူတို့အတွက် ဘာဝနာပွားခြင်း လုပ်ငန်း

အခြေခံစတင်ပေးခြင်းဖြစ်တယ်လို့ နားလည်ကြပါ၊ စိတ်အာရုံက တောင်ရောက်၊ မြောက်ရောက်နှင့် နှုတ်ကသာ မေတ္တာပို့ရွတ်ဆိုနေခြင်းမျိုးလဲ မဖြစ်စေရဘူး။

သတ္တဝါအားလုံးအပေါ်ဖြစ်စေ၊ ရည်ညွှန်းသော ပုဂ္ဂိုလ်တစ်ယောက်အပေါ်ဖြစ်စေ မေတ္တာစိတ်ညွှတ်ပြီး ယက်သန်းသော မနှောက်စေတနာဖြင့် တကယ်ချမ်းသာစေလိုတဲ့ အာသာဆန္ဒလိုက်လှဲမှုဖြစ်နေလျှင် မေတ္တာစစ်မေတ္တာမှန် ဘာဝနာဖြစ်ပြီး၊ ထိရောက်သော ပွားများအားထုတ်ခြင်းအဆင့်သို့ ရောက်နေပြီလို့ မှတ်ပါ။

အရှုံးမှ အမြတ်ထွက်ပုံ ယင်္ကုမင်းဝတ္ထု
မေတ္တာကြောင့် ရန်သူပူလောင်ခြင်း
(ပဉ္စကနိပါတ်၊ သာဠဇာတ်)

ဒီမှာ မေတ္တာသာဓက ဉာဏ်နေရာတွင် ပရိသတ်များအတွက် ဝတ္ထုတစ်ပုဒ် ထုတ်ပြပါမယ်။

> မေတ္တာတရားနှင့် နေလေ့ရှိသော မေတ္တာရှင် ပုဂ္ဂိုလ်အား ရန်မူ၍မရနိုင်ဘူး၊ အနိုင်ကျင့်သော်လဲ အနိုင်ယူသူက အရှုံးပေးရမြဲဖြစ်တယ်၊ မေတ္တာရှင်ဖြစ်သူကား ရှုံးရဦးတော့ အရှုံးထဲမှ အမြတ်ထွက်ရမြဲဖြစ်တယ်၊ အကျိုးမဲ့ရာမှ ကောင်းကျိုးရမြဲဖြစ်တယ်။

ဒီနေရာမှာ- ရှေးရှေးက ဖြစ်ရပ်ဟောင်း ဝတ္ထုကြောင်းပုံစံတစ်ခုကို ထုတ်ပြပါမယ်။

မြတ်စွာဘုရားရှင် သက်တော်ထင်ရှားရှိစဉ် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူဆဲအချိန်က ကောသလမင်းကြီးရဲ့နန်းတွင်းမှာ အမတ်တစ်ယောက်ကိုအကြောင်းပြုပြီး ဟောတော်မူတဲ့ ဝတ္ထုဖြစ်တယ်။

မြစ်မျပ်က ဂေါ်ဘာလာင်းကြီးဟာ သူ့အား ကျေးဇူးများပဲ့ အမောက်ဟာစ်ယောက်ကို စည်းစိမ်ချမ်းသာတွေ များစွာချီးမြှောက်ပေးလာပ်းပြီးပါဂု အခြားမလိုသူဖို့ ကုန်းပိုက်စကားကို ယုံကြည်မိလို့ အဲဒီအမတ်ကို ဖမ်းဆီးစေပြီး နှောင်အိမ်ထဲမှာ သွင်းလားစေလိုက်တယ်။

အမှန်က သူဟာ ရိုးရိုးသားသားနဲ့ သင့်ကျေးဇူးကို သစ္စာရှိရှိ လုပ်ဆောင်နေလေ့ရှိတဲ့ သူတော်ကောင်းတစ်ဦး ဖြစ်တယ်။ စိတ်ကောင်းရှိသော သူတော်ကောင်းတို့မည်သည် တစ်စုံတစ်ရာဒုက္ခတွေ့ကြုံရသော်လဲ သူတစ်ပါးအပေါ် အပြစ်မတင်ဘူး။ မကျေနပ်စရာတွေကို မရှုမြင်ဘူး။ "ငါ့ကံမကောင်းခိုက်မို့ အကြောင်းမလှခြင်းဖြစ်တာပဲ"လို့ အေးငြိမ်းတဲ့စိတ်သာထားလေ့ရှိကြတယ်၊ မင်းနှင့်ရန်တိုက်သူများအပေါ် စိုးစဉ်းမျှ ဒေါသစိတ်မထား။ "ငါသည် အပြစ်ရှိသော မကောင်းသူအဖြစ်မှ ကောင်းသူဖြစ်လာအောင် လုပ်ဆောင်ဖို့သာလိုတယ်"လို့(ယောနိသော မနသိကာရ) သင့်တင့်လျောက်ပတ်သော အကြံဉာဏ်စိတ်ကူးဖြင့်သာလျှင်နေတယ်၊ စိတ်ပျက်ခြင်း ဝမ်းနည်းခြင်းလုံးဝမရှိဘူး။

နှောင်အိမ့်တွင်းမှာနေလျက် အချိန်ရှိသမျှ တရားကိုသာအားကိုးပြုပြီး ဆင်ခြင်နှလုံးသွင်း၍၊ ပွားများ၍ နေခဲ့လေရာ မကြာခင် အချိန်မှာပဲ သောတာပတ္တိဖိုလ်သို့ ရောက်ရှိသွားတော့တယ်။

'စိတ်ထားဖြောင့်တော့ အလုပ်ဖြောင့်တယ်၊ အလုပ်ဖြောင့်တော့ အကျိုးဖြောင့်တယ်'ဆိုတဲ့ ဆိုရိုးစကားအတိုင်း သူတော်ကောင်းတရားတို့ရဲ့ သဘာဝမည်သည် ဟုတ်တိုင်းမှန်ရာ အသိဉာဏ်ကိုသာလျှင် ပေးတတ်တယ်။ ထိုအသိဉာဏ်ဟာ ပတ်ဝန်းကျင်ကိုပါ အရှိန်ဟပ်မြဲဖြစ်တယ်။

အဲဒီအချိန်ပိုင်းအတွင်းကောသလမင်းကြီးဟာ မိမိအပေါ်များစွာ ကျေးဇူးပြုခဲ့ဖူးတဲ့အမတ်ကိုအမြင်မှန်သတိရလာလို့ သနားစိတ်ဝင်ပြီး ချက်ခြင်းလွှတ်စေအမိန့်ချလိုက်တယ်။

သူတော်ကောင်းဖြစ်တဲ့ ထိုအမတ်ဟာလဲ ထောင်မှ လွတ်လျှင် ပန်းနံ့သာ စသည် ယူဆောင်ပြီး မြတ်စွာဘုရားက ထိုသူ၏ ဖြစ်ရပ် အမှန်ကို ရွှေဉာဏ်တော်ဖြင့် သိမြင်တော်မူပြီး ဖြစ်တဲ့ အတိုင်း....

"ဒါယကာ၊ သင်အား အကျိုးမဲ့ဖြစ်ခဲ့ရသလော"လို့ မေးတော်မူတယ်။

"ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ အကျိုးမဲ့ ဖြစ်ခဲ့ရပါတယ်၊ သို့သော်လဲ ဒုက္ခကြုံတွေ့ရခြင်း အကျိုးမဲ့ဖြစ်နေရာမှ တပည့်တော်အား ကောင်းကျိုးရခဲ့ပါတယ်၊ သောတာပတ္တိမဂ်ကို ဖြစ်စေခဲ့ပါတယ် ဘုရား"လို့ ကြည်လင်အေးချမ်းစွာ ပြန်ကြားလျှောက်ထားတယ်။ ဒီတော့ မြတ်စွာဘုရားရှင်က....

"ဒါယကာ၊ သင်သည်သာလျှင် လူလောကဌ် ကြုံတွေ့ရသော အကျိုးမဲ့ရာမှ အကျိုးမြတ် အကျိုးကောင်းကို ဖြစ်စေခဲ့ရသည် မဟုတ်သေး၊ ရှေးရှေး အခါသမယက ပညာရှိတို့လဲပဲ အကျိုးမဲ့ခြင်းမှ အကျိုးမြတ်ကို ဆောင်ခဲ့ဖူးကြလှပြီ"လို့ မိန့်တော်မူတယ်။

ထိုအခါ အမတ်က သိလိုပါကြောင်း လျှောက်၍ ရှေးအတိတ်ဝတ္ထုကြောင်းကို ပြန်လည်ဟောကြားတော်မူခဲ့တယ်။

## စိတ်ကောင်းရှိသော ဃဋမင်းကြီး

ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်မှာ ဗြဟ္မဒတ်မင်းကြီးမင်းပြုလျက်ရှိနေစဉ်ငါတို့ဘုရားအလောင်းတော်သည်ဃဋအမည်နှင့် ထိုမင်း၏ သားတော်ဖြစ်လာတယ်၊ ထိုမင်းသားဟာ တက္ကသိုလ်ပြည် သွားရောက် ပညာသင်ကြား တတ်မြောက်ခဲ့ပြီးနောက် နေရင်း ဗာရာဏသီသို့ ... ဖခင်တိုင်းပြည်သို့ ပြန်လည်ရောက်ရှိလာတယ်။

နောင်သောအခါ ဿင္ဃမင်းသား နန်းတက်တယ်၊ သူ့လက်ထက်မှာ နန်းတွင်းအမှုဆောင်ရွက်နေသူ အမတ်တစ်ယောက်ဟာ ပြစ်မှုကျူးလွန်တာ အထင်အရှား တွေ့မြင်ရကဲ့ အတွက် တိုင်းပြည်က နှင်ထုတ်စေလိုက်တယ်။

အဲဒီအချိန်မှာ ပြည်နီးချင်းဖြစ်တဲ့ သာဝတ္ထိပြည်မှာ ဧကော် အမည်ရှိသူ မင်းပြုလျက် ရှိနေတယ်။ ထီးပြိုင်၊ နန်းပြိုင်လဲ ဖြစ်နေကြတယ်။

တိုင်းပြည်မှ နှင်ထုတ်လိုက်တဲ့ အမတ်ဟာ ကောက်ကျစ်သူဖြစ်လေတော့ သာဝတ္ထိပြည်မှ ဧကော်မင်းထံသို့ သွားရောက်ခစားပြီး သူ၏အရှင်သခင်ဖြစ်သူ ဿင္ဃမင်းကို ဖမ်းယူပြီး တိုင်းပြည်ကိုပါ သိမ်းယူဖို့ အကြံပေးတိုက်တွန်းတယ်။

ဧကော်မင်းကလဲ ထိုအမတ် အကြံပေးချက်စကားကို အလွယ်လက်ခံပြီး အချိန်မကြာခင် ဿင္ဃမင်းကိုဖမ်း၊ တိုင်းပြည်ကိုသိမ်းယူလိုက်ကြပြီး ဘုရားအလောင်းတော် ဿင္ဃမင်းကို သံခြေကျင်းခတ်ပြီး နှောင်အိမ် အချုပ်တွင်းမှာ သွင်းထားစေလိုက်တယ်။

ဒါပေမယ့် ဿင္ဃမင်းဟာ ပါရမီရင့်သြောင်းတဲ့ ဆုကြီးရှင်အလောင်းတော်ကြီး တစ်ဦးဖြစ်ကဲ့အတွက် စိတ်ပျက် ဝမ်းနည်းခြင်း အလျဉ်းမရှိဘူး။

## ချမ်းသာအောင်နေနည်း ပုံမှန်

တိုင်းပြည်ကို သိမ်းယူပြီး ဖမ်းဆီးချုပ်နှောင်ထောင်သွင်းအကျဉ်းချထားတာလောက်ကိုမဖြုန်ပါ၊ ကယောင်ချောက်ချားအိပ်မက်မြင်မက်နေရခြင်း ကဲ့သို့ နှလုံးပိုက်ထာ.တယ်၊ ခုခံဖို့လဲ စိတ်ကူးမထည့်ဘူး။

'နေသေးသပ ခြုံထဲက။ ချိုသွေးသပ တမြမြ' ဆိုသလို အတွင်းကြိတ် ရန်သိုထားခြင်းလဲ မရှိပါ၊ စိုင်ကော်လို ချုံပေါ်ရောက်ရသလို 'အင်း....ငါ့အတွက်ဖြစ်သမျှအကြောင်းတွေကတော့ အ^ကာင်းချည်းပဲ တရားနှင့် ပျော်မွေ့ရန် တမင် ဖန်တည်းပေး

လိုက်သလို ငါ့အတွက် အချိန်ကောင်း အခွင့်ကောင်းကြီး မဟုတ်ပါလား’လို့ အကောင်းဘက် နှလုံးပိုက်ထားလိုက်တယ်။

ပါရမီရှင် သူတော်ကောင်းပုဂ္ဂိုလ်မြတ်တို့ရဲ့ စိတ်သဘာဝ မည်သည် ဘယ်ကဲ့သို့သော လောကဓံနှင့် ကြုံတွေ့ရသည်ဖြစ်စေ၊ နေထိုင်နည်း နားလည်ပြီး ဖြစ်ကြတယ်၊ ချမ်းသာအောင်နေတတ်ကြတယ်။

ချမ်းသာအောင် နေနည်း မှုမှန်သည် စိတ်ကို ချမ်းသာအောင်ထား၍ နေနည်းဖြစ်တယ်။

ပါရမီရှင်ဖြစ်သောကြောင့် ပူပန်ကြောင့်ကြစိတ် သူ့မှာ လုံးဝမရှိ။ “ငါသည် ယခုမှသာ တိုင်းရေးပြည်ရာ ကိစ္စများက အနားရပြီး နားအေးအေးနေနိုင်သော အခွင့်ကောင်း အခါကောင်း ကြုံရပေတော့တယ်။

“ဒီလိုအခွင့်ကောင်း ရနေခိုက်တွင် တရားနှင့်သာ အားရအောင်ပျော်လိုက်တော့မယ်”လို့ စိတ်ဆုံးဖြတ်လိုက်တယ်၊ နှောင်အိမ်တွင်းသွင်းထားခြင်း ခံရသည်ကိုပင် ချုပ်နှောင်ထားသည်ဟု မယူဆ၊ သူ့အားကမ္မဋ္ဌာန်းထိုင်ရန် တိတ်ဆိတ်အေးချမ်းသောတောကြီး တောင်ကြီးဝယ် သင့်တင့်သော ကျောက်ဂူလိုဏ် ကမ္မဋ္ဌာန်းကျောင်းငယ် တစ်ခု၌ ပို့ပေးကြခြင်းကဲ့သို့ မှတ်ယူပြီး ကျေးဇူးတင်နေတယ်၊ အဲဒီ အချိန်မှစပြီး မေတ္တာကမ္မဋ္ဌာန်းကို ပြင်းထန်စွာကြိုးစားအားထုတ်ပြီး နေလိုက်တာ....။

## တရားရန်သူ့ ကိုယ်လုံးပူ

အချိန်မကြာမြင့်မီအတွင်း သမာဓိတွေ အားကောင်းထက်သန်လာကာ ဈာန်အဘိညာဉ်ကိုတောင် ရသွားတယ်။ ဈာန်အဘိညာဉ်နဲ့ကောင်းကင်မှာ ထက်ဝယ်ဖွဲ့ခွေကာနေနိုင်သောအဖြစ် ရောက်သွားတော့တယ်။

သူ့ကိုယ်သူ ဝမ်းမြောက်အားရစွာနှင့် နေ့ညဆက်တိုက် အချိန်ပြည့်ဈာန်ဝင်စားပြီး ဈာန်ချမ်းသာဖြင့်သာ ပျော်မွေ့ နေလိုက်တယ်။

ဒီနေရာမှာ အထူးမှတ်သားစရာရှိနေတယ်၊ မေတ္တာတရား တို့၏ သဘာဝကား ဆန့်ကျင်သူတစ်ဖက်သားမှာ ရံခါထူးခြားမှု ဖြစ်ချင်လျှင် ဖြစ်စေတတ်တယ်လို့ ဆိုရမယ်။ ဘာ့ကြောင့်လဲဆို တော့ အဲဒီအချိန်ပိုင်းမှာ ရန်သူဖြစ်သော ခေမင်းတစ်ကိုယ်လုံး ပူလောင်မှုဖြစ်ပေါ်လာတယ်။ ဃဋမင်းက ပြုလုပ်လို့ဖြစ်ရခြင်း မဟုတ်ပါ။ ဒါကိုလဲ သေသေချာချာ မှတ်ရမယ်။

ရန်သူ ခေမင်းဟာ မကြုံရစဖူးထူးခြားအောင် နေမရ ထိုင်မရ ပူလောင်လွန်းတော့ စိတ်အထင်တစ်မျိုး ပေါက်လာပြီး နှောင်အိမ်၌ သွင်းထားမိသော ဃဋမင်းရဲ့အခြေအနေကိုသိအောင် သွားရောက်ကြည့်ရှုတယ်၊ သူ့တင်ကြေးနှင့်လဲ့နေပုံကို မြင်ရတော့ အံ့ဩသွားဟယ်လို့ဆိုတယ်။

သူ့စိတ်အထင်က ဃဋမင်းဟာ သနားဘွယ်ရာ ပူပန် ညှိုးနွမ်းနေလိမ့်မယ်လို့ကြိုတင်ထင်မိသော်လဲ လက်တွေ့မှာ မဟုတ်ပဲ ဖြစ်နေတယ်။

ဘုရားအလောင်း ဃဋမင်းရဲ့မျက်နှာမှာ ပူပန်မှုကင်းနေ တယ်၊ သောကဒုက္ခရောက်ခြင်းမရှိ၊ ညှိုးနွမ်းခြင်းကင်းစွာ ရွှေ ကြေးမှုံနှင့် ပဒုမ္မာရွှေကြာပန်းလို လန်းဆန်းလှပပြီး အသရေ ရှိလှတဲ့မျက်နှာကို မြင်တွေ့သွားတယ်။ အံ့ဩလွန်းလို့ ခေမင်းက ယခုလို မေးရတော့တယ်။

"အို ဃဋမင်း၊ တစ်ပါးသောသူတို့သည် အချုပ်အနှောင် ခံကြရလျှင် စိုးရိမ်ကြတယ်၊ ငိုကြွေးကြတယ်၊ လူအချို့ကတော့ မျက်ရေတွေတွေကျပြီး သနားဘွယ်ရာနေကြပုံကို တွေ့မြင်ရပါ တယ်၊ အသင်ပူကား ကြည်လင်သော မျက်နှာအဆင်း ရှိလှဘိ တကား၊ အဘယ့်ကြောင့် မစိုးရိမ်ပါသနည်း"

ထိုအခါ-ဘုရားအလောင်းတော် ဃဋမင်းက ဖြေကြား ပေးပါတယ်။

"အဆွေမက်မင်း၊ စိုးရိမ်နေခြင်းအလုပ်ဟာ လွန်ပြီးသော ချမ်းသာကိုလဲ မဆောင်ပါ။ နောင်အခါ ရောက်လာလတ္တံ့သော ချမ်းသာကိုလဲ မဆောင်ပါ၊ အဲဒါကြောင့် ကျွန်ုပ်မစိုးရိမ်ပါ၊ ကျွန်ုပ်မှာ သောကအဖော် အလာမခံ၊ ချွန် တည်းဟူသော အဖော်ကောင်း ရှိနေပါတယ်၊ ဒါ့ကြောင့် စိုးရိမ်ခြင်း၊ ကြောင့်ကြခြင်း အလျဉ်းမရှိပါ"။

## မေတ္တာစျာန်ချမ်းသာ အဖော်ရှိသူ

ဃဋမင်းက ဆက်လက် ပြောပြန်တယ်။

"အဆွေမက်မင်း၊ စိုးရိမ်ပူပန်နေရတဲ့သူဟာ အရေအဆင်း ဖြော့တော့တယ်၊ ခန္ဓာကိုယ်ကြုံလှီတယ်၊ ဒီလိုစိုးရိမ်ပူပန်မှု ကြီးနေတဲ့လူဟာ အစာစားချင်တဲ့စိတ်လဲမရှိဘူး၊ စိုးရိမ်ပူပန်မှု ငြောင့်တံသင်းကြီး စူးဝင်နှိပ်စက်ခံနေရတဲ့သူဟာ ရန်သူများ အားရကျေနပ်စရာ ဖြစ်သွားတယ်၊ သောကရောက်နေတာကိုက ရန်သူအကြိုက်ဖြစ်နေတယ်"

"အဆွေတော်၊ ကျွန်ုပ်ဟာ မြို့ရွာ၌ နေရသည်ဖြစ်စေ၊ တောတောင်ထဲနေရသည်ဖြစ်စေ၊ ကုန်းမှာ နေရသည်ဖြစ်စေ၊ ကျင်းမှာနေရသည်ဖြစ်စေ၊ သောကအကြောင်းရင်းခံတဲ့ ဖောက်ပြန်ပျက်စီးခြင်းသဘောတရားတွေ ကျွန်ုပ်ထံသို့ လာရောက်ကြလိမ့်မည် မဟုတ်ပါ။ ကျွန်ုပ်သည်ကား ဒါတွေမဝင်လာနိုင်အောင် မေတ္တာစျာန်ချမ်းသာကို ရရှိသိမြင် ခံစားနေနိုင်သူ ဖြစ်ပါပြီ။"

"အဆွေတော်၊ တကယ်တော့ အကြင်မင်းမှာ မဟာမိတ်မင်းတွေ လူတွေအရာအထောင်ရှိပင်ရှိပါသော်လဲပဲ မိမိကိုယ်နှိုက်ကား မေတ္တာအရင်းခံတဲ့ စျာန်ချမ်းသာကိုရအောင် မစွမ်းဆောင်နိုင်ပါလျှင် မဟာပထဝီမြေပြင်မှာရှိတဲ့ မိတ်ဆွေမင်းတွေ

လူတွေဟာ, အဲဒီမင်းကို ချမ်းသာအောင် ဘယ်လိုမှ ဘယ်သူကမှ လုပ်ဆောင်ပေးနိုင်ကြပါဘူး''လို့လဲ ပြောပြလိုက်တယ်။

ဘဝတူမင်းတစ်ပါးကို ပေါ့ဆစွာ ဖမ်းဆီးချုပ်နှောင်မိတဲ့ မက်မင်းဟာ သူ့အနေဖြင့် လုံးဝမျှော်လင့်ချက် မထားမိသော စကားထူးကို ကြားလိုက်ရတဲ့အခါ အံ့ဩခြင်းကြီးစွာ ဖြစ်သွားရတယ်။

''ဃဋ္ဋမင်းရဲ့ စိတ်ရင်းဆန္ဒနှင့် လိုလားချက်ကား ထူးခြားပြီး မြင့်မြတ်ပါဘိတယ်''လို့ ချီးမွမ်းမိတယ်၊ အထက်ပါ တရားစကားကို ကြားနာရတာနှင့်တစ်ပြိုင်နက် 'ငါ မှားယွင်းခဲ့လေပြီ'လို့ နောင်တကြီးစွာ ရတော့တယ်။

### အပူတော လူတော မဝင်လိုပြီ

ထို့ကြောင့် ချက်ခြင်းပဲ ဘုရားအလောင်း ဃဋ္ဋမင်းကို ရိုသေစွာ ရှိခိုးတောင်းပန်ပြီး ယခင်ကအတိုင်း မင်းအဖြစ်ကို သူ့တိုင်းပြည်နှင့်တကွ ပြန်လည်အပ်နှင်းသွားလေတော့တယ်။

ဘုရားအလောင်းတော်ကြီးဖြစ်သော ဃဋ္ဋ မင်းကြီးကလဲ သူ့ထီးသူ့နန်းမှာ ပြန်လည်စံမြန်းရသော်လဲ စိတ်ထဲက မပျော်ပိုက်တော့ဘူး၊ အမတ်များအား တိုင်းပြည်ကို လွှဲအပ်လိုက်တယ်။

တိုင်းပြည်အပ်နှင်းပြီး တစ်ကိုယ်ထီးတည်း ဟိမဝန္တာသို့ ထွက်သွားတယ်၊ ဟိမဝန္တာတောင်ကြီးအတွင်းမှာ ရသေ့ရဟန်းဘဝနှင့် ဗြဟ္မဝိဟာရတရားလေးပါးကို ပွားများကာ ဈာန်ချမ်းသာဖြင့် တစ်ဘဝတာ ကာလပတ်လုံး နေထိုင်သွားတော့တယ်၊ သက်တန်းစေ့နေပြီး ကွယ်လွန်သွားတဲ့နောက် ဈာန်တရားကြောင့် ဗြဟ္မာဘုံသို့ လားရောက်သွားတော့တယ်။

ဤကား မေတ္တာ-ကရုဏာစသော ဗြဟ္မဝိဟာရတရားနှင့် နေထိုင်လေ့ရှိကြတဲ့ သူတော်ကောင်းပုဂ္ဂိုလ်မြတ်တို့ရဲ့သဘာဝကို နမူနာအဖြစ် ဖော်ပြခြင်းဖြစ်တယ်၊ ဗြဟ္မဝိဟာရတရားလေးပါး

ဖြင့် ပျော်မွေ့နေလေ့ရှိသူမှန်လျှင် ကြမ်းတမ်းသော ဒေါသ-မာန် အနိမ့်ပိုင်းနယ်သို့ ပြန်ဝင်လာချင်စိတ်မရှိကြတော့ဘူး။ ဒီချမ်းသာကို မသိကြသေးတဲ့သူများကသာ အပူတော၊ လူတောထဲမှာ ပျော်မွေ့ကြတယ်။

## မေတ္တာ(၃)မျိုး

မေတ္တာတရားကို အမျိုးအစားခွဲခြားကြည့်ယင် ကာယကံမေတ္တာ၊ ဝစီကံမေတ္တာ၊ မနောကံမေတ္တာရယ်လို့အလုပ်အနေအားဖြင့် (၃)မျိုးရှိသည်။

### (၁) ကာယကံမေတ္တာ

စေတနာမေတ္တာစိတ် အရင်းခံထားပြီး ကိုယ်လက်ဖြင့် ကူညီလုပ်ဆောင်ပေးခြင်း မှန်သမျှ အားလုံး ကာယကံ မေတ္တာဖြစ်တယ်၊ ကာယကံမေတ္တာကို လူတိုင်းက ကျေးဇူးတင်ကြတယ်၊ လူလောကဟာ ကာယကံ မေတ္တာဖြင့် ဖွဲ့စည်း နေနိုင်ကြခြင်းဖြစ်တယ်။

### (၂) ဝစီကံမေတ္တာ

စေတနာ မေတ္တာစိတ်ကို အရင်းခံထားပြီး နှုတ်ဖြင့် ကောင်းရာ ကောင်းကြောင်း ပြောဆိုပေးခြင်း၊ ကူညီပေးခြင်း၊ ညွှန်ကြားပေးခြင်း၊ ကောင်းရာ တိုက်တွန်းခြင်း၊ ကောင်းကျိုးရအောင် ထောက်ပံ့ကူညီသောစကား ပြောကြားပေးခြင်း၊ အမှားမရောက်အောင်၊ ဒုက္ခမရောက်အောင် ဆုံးမဩဝါဒပေးခြင်း မှန်သမျှ ဝစီကံ မေတ္တာဖြစ်ပါတယ်။

## (၃) မနောကံမေတ္တာ

မနောကံမေတ္တာကတော့ စိတ်စေတနာစွမ်းအား ဖြစ်တယ်၊ စိတ်အာရုံညွှတ်ပြီး သတ္တလောကကြီးကို စိတ်စေတနာ စွမ်းအားဖြင့် ချမ်းသာကြစေရန်၊ ကျန်းမာကြစေရန်၊ ကောင်းသောကြံရွယ်ချက် အောင်မြင်ကြစေရန် စိတ်တန်ခိုးဖြင့် ဖန်တီးပေးနိုင်စွမ်းသော အလုပ်ဖြစ်ပါတယ်၊ ယူတစ်ကိုယ်လုံးတွင် စိတ်စေတနာဓာတ်သည် တန်ခိုး အကြီးမားဆုံး ဖြစ်ကြောင်း နားလည်ကြရမယ်။

မနောကံ မေတ္တာရဲ့ တန်ခိုးအရှိန်ဟာ လူလောကကို ချမ်းသာစေနိုင်တယ်၊ နတ်လောကကို ချမ်းသာစေနိုင်တယ်၊ မနောကံ မေတ္တာ ကတော့ အနီးအဝေး အားလုံး၊ သက်ရှိသတ္တဝါ အားလုံးကို လွှမ်းခြုံနိုင်တယ်လို့မှတ်ကြပါ။

### ခရီးသွားရာ၌

### မေတ္တာပြန့်ပွားနည်း

ဒီနေရာမှာ ခရီး သွားလာနေကြရတဲ့ သူတွေ အတွက် မေတ္တာပြန့်ပွားနည်းပြောမယ်၊ တစ်နေရာဆီသို့ ခရီးတို၊ ခရီးရှည် သွားတော့မယ်ဆိုယင် ခရီးထွက်စကတည်းက....

ရှေ့။

"ငါ၏ ရှေ့တူရူ အရပ်၌ ရှိကြကုန်သော နတ်၊ လူ သတ္တဝါ အားလုံးတို့သည် ဘေးရန်၊ ကြောင့်ကြ ဆင်းရဲ ကင်း၍ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ၊ ကောင်းကျိုး လိုရာဆန္ဒ ပြည့်ဝကြပါစေ"လို့ စိတ်ထဲက အားရုံညွှတ်စေပြီး မနောကံ မြောက်အောင် မေတ္တာ ပို့လွှတ်ထားရမယ်။

နောက်

ခရီးသွားရင်းနောက်မှာကျန်ခဲ့တဲ့နေရာအတွက်လဲ-
"ငါ၏ နောက်အရပ်၌ ရှိကြကုန်သော နတ်၊ လူ သတ္တဝါ အားလုံးတို့သည် ဘေးရန် ကြောင့်ကြ ဆင်းရဲ ကင်း၍၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ၊ ကောင်းကျိုး လိုရာဆန္ဒ ပြည့်ဝကြပါစေ" လို့ အထက်ပါနည်းတူ စိတ် ညွတ်ပြီး မေတ္တာပို့လွှတ်ထားခဲ့ပါ။

ဝဲ၊ ယာ

နောက်ပြီး.... ဘေး ၊ပတ်ဝန်းကျင် အတွက်ကိုလဲ ပို့လွှတ် ရမယ်။ "ငါ၏ဝဲဘက်၌၊ ယာဘက်၌ ရှိကြကုန်သော နတ်၊ လူ သတ္တဝါ အားလုံးတို့သည်...." စသည်ဖြင့် ရှေ့နောက် နည်းတူ ဝဲ၊ ယာရှိ သတ္တဝါအားလုံးတို့အပေါ် စိတ်နှလုံးထဲက အာရုံညွတ် ပြီး မနောက်ကြောက်အောင် မေတ္တာပို့လွှတ်ပေးသွားရမယ်။

ထက်၊ အောက်

အထက်နှင့် အောက်ကိုလဲ ၎င်းနည်းတူ "ငါ၏အထက် အရပ်၌၊အောက်အရပ်၌ ရှိကြကုန်သော နတ်၊ လူ သတ္တဝါ အား လုံးတို့သည်...."စသည်ဖြင့် မေတ္တာပို့လွှတ်ပေးပါ။

## လက်တွေ့ အကျိုးကျေးဇူး

လက်တွေ့အကျိုးကျေးဇူးကား ခရီးတစ်လျှောက်လုံး မိမိ အား ဘာအနှောင့်အယှက်မှ မရှိဘူး၊ ဘေးရန် အန္တရာယ်ကင်း မယ်၊ ကောင်းမွန်ချောမောစွာ လိုရာခရီးပြီးဆုံးမယ်။ မိမိရောက်ရာ ဒေသတိုင်းတွေ့ကြုံရသူအများကလဲ ချစ်ခင်ကြည်ဖြူလိုလားစွာနှင့် စောင့်ကြို့ဆိုနေကြသလို တွေ့မြင်ရမယ်၊ ဝမ်းသာအားရအကူအညီ ပေးကြပုံကိုလဲ အံ့သြဘွယ်ရာ တွေ့ကြုံရမယ်။ ဤနည်းကို စမ်းသပ် ကြည့်ပြီးလျှင် တကယ်ဟုတ်မှန်ကြောင်း လက်တွေ့သိကြရပါမယ်။

(အထူးမှာ) မိမိသွားမယ့် ခရီးစဉ်မှာတွေ့ဆုံရမယ့်
သူကို သိဖူးသူဖြစ်စေ၊ မသိဖူးသူဖြစ်စေ စိတ်အာရုံ အထူး
ညွတ်ပြီး ကြိုတင်မေတ္တာပို့လွှတ်ပေးရမယ်၊ လူအများနှင့်
တွေ့ဆုံရမည်ဆိုလျှင် အများကိုရည်မှတ်ပြီး မေတ္တာပို့လွှတ်
ပေးပါ။

သွားလိုရာဒေသတိုင်းမှာ တွေ့ဆုံသွားရမယ့်သူများ
ကိုစိတ်ညွှတ်ပိုင်းခြားပြီး အသီးသီးမေတ္တာပို့လွှတ်ပေးသွား
ပါ။ မိမိလိုရာ ဆန္ဒချောမောစွာ ပြည့်စုံပြီး အံ့ဩလောက်
အောင် ဝပ်းမြောက်ရပုံ၊ ကိစ္စပြီးစီး အောင်မြင်ရပုံကို
လက်တွေ့ သိကြရပါလိမ့်မယ်။

## ကိုယ်တွေ့မေတ္တာအကျိုး ပြောရလျှင်

ဘေးရန်ကင်းပုံနှင့် စပ်လျဉ်းပြီး ပြောရလျှင် ဘုန်းကြီးဟာ
ခရီးထွက်စဉ်း၌ ရှေ့တူရူသို့ ရည်မှတ်ပြီး မေတ္တာပို့လွှတ်တယ်၊ မိမိ
သွားရမယ့် ခရီးတစ်လျှောက်မှာ ဘေးရန် အနှောင့်အယှက် ကင်း
ရှင်းစေရန် ဖြစ်တယ်။

နောက်အဖို့ကိုလဲ မေတ္တာပို့လွှတ်ထားခဲ့တယ်၊ မိမိရဲ့နောက်
အဖို့မှာရှိကြတဲ့ နတ်၊ လူ သတ္တဝါအားလုံး ဘေးရန် လုံခြုံစေရန်
အတွက် ရည်မှတ်ခြင်း ဖြစ်တယ်။

မိမိ၏ခရီးစဉ်တစ်လျှောက် ဝဲယာပတ်ဝန်းကျင်ကိုလဲ ဘေး
ရန်ကင်းရှင်းနေကြစေရန်အတွက် မေတ္တာပို့လွှတ်ရင်း ခရီးသွားခဲ့
တယ်၊ ထိုက်အောက်ကိုလဲပို့လွှတ်တယ်၊ ရှေ့နောက် ဝဲယာထက်
အောက် ဝန်းကျင်အားလုံးတို့အား ဘေးရန်ကင်းရှင်းပြီး၊ မိမိ
သူတစ်ပါးအားလုံး လုံခြုံစေခြင်းအကျိုးငှာဖြစ်တယ်၊ ဒီမေတ္တာ
ဖြန့်ပွားနည်းကတော့ ဘုန်းကြီးရဲ့ ပုံမှန်လက်သုံးအလေ့အကျင့်
ဘာဝနာပွားနည်းဖြစ်တယ်။

တကယ့်ကိုယ်တိုင်လက်တွေ့ အကျိုးကျေးဇူးတရားကိုပြော
ရလျှင် ဘုန်းကြီးဟာနှစ်ပေါင်း (၅၀)ကျော် နယ်စွန်နယ်ဖျား

တောကြီး တောင်ကြီးအတွင်း ကန္တာရခရီးမျိုးစုံကို သွားလာလှည့်ပတ်နေခဲ့ရာ အဘယ်မည်သော သားရဲတိရစ္ဆာန်ရိုင်း တစ်ကောင်ရဲ့ နှောင့်ယှက်ခြင်း၊ ရန်ရှာခြင်း တစ်ကြိမ်တစ်ခါမျှမတွေ့ခဲ့ရဖူးပါ။ ဘာရန်သူနှင့်မှ ရင်ဆိုင်တွေ့ကြုံခဲ့ရဖူးခြင်း မရှိပါ။

အခြားသော ဘာသာရေးသာသနာပြု ဆရာများရဲ့ အတ္ထုပ္ပတ္တိများမှာ နှောင့်ယှက်မှုမျိုးစုံကို ရင်ဆိုင်ကြရကြောင်း ဖတ်ရဖူးတယ်၊ ဘုန်းကြီးမှာမတွေ့ရဖူးပါ၊ မေတ္တာတရားရဲ့ ထင်ရှားသောလက်တွေ့အကျိုး ဖြစ်ပါလိမ့်မယ်။

## ညဥ့်နက်သန်းခေါင်မှောင်မိုက်ကြီးထဲ

တစ်ခါတစ်ရံ ညဥ့်နက်သန်းခေါင်အချိန် တောအုပ်ကြီးအတွင်း မှောင်မိုက်ကြီးထဲမှာ ခရီးသွားခဲ့ရဖူးတယ်၊ လက်နှိပ်မီးလဲမပါ၊ တောင်ဝှေးကိုသာ အဖော်ပြုပြီးလမ်းမမြင်ကမ်းမမြင် ချောက်ကြိုချောက်ကြားထဲ မမြင်ရသော ကမ်းပါးစွန်းတွေကို စမ်းရုပ်ပြီးသွားခဲ့ရတာလဲ အကြိမ်ကြိမ်ပဲ။

အဲဒီအချိန်မျိုးမှာ တောရိုင်းတိရစ္ဆာန်တွေ သွားလာလှုပ်ရှားကျင်လည်နေကြမြဲအချိန်ဖြစ်လို့ သဘာဝအတိုင်း ဆိုရလျှင် တစ်ကြိမ် တစ်ခါဖြစ်စေ ဘေးရန်နှင့် အမှန်တွေ့ကြုံတိုက်ပါတယ်။

တောတောင်ကြီးများအတွင်း ကျားတွေ ကျားသစ်တွေ ဝံပုလွေတွေ တောခွေးဆိုးတွေ အလွန်ပေါကြပါတယ်၊ သေနတ်ထမ်းပြီး သွားလာလေ့ရှိကြတဲ့ ချင်းလူမျိုးများဟာ နေ့ခင်းကြောင်တောင်မှာပင် မကြာခဏကျားများဝက်ဝံများနှင့်ဖြစ်စေ၊ အခြားတောကောင်တို့နှင့်ဖြစ်စေ ရင်ဆိုင်တွေ့ကြုံလေ့ရှိကြတယ်၊ ဘုန်းကြီးအဖို့ရာမှာ တစ်ကြိမ်တစ်ခါမျှ မတွေ့ကြုံခဲ့ရဖူးပါ။

တွေးဆကြည့်ရလျှင် ကျားသစ် ဝက်ဝံ တောခွေး စတဲ့ တောရိုင်းတိရစ္ဆာန်တွေကတော့ ဘုန်းကြီးသွားလာနေတာ အမှန်ပင်တွေ့ကြမြင်ကြမှာပါပဲ။ သနားချစ်ခင်စိတ်ဝင်ပြီး အလိုက်သိစွာ

အနှောင့်အယှက်မဖြစ်အောင် သူတို့ကိုယ်နှိုက်က ရှောင်ရှားပေးကြခြင်းသာ ဖြစ်ကောင်းဖြစ်ပယ်လို့ ဘုန်းကြီးယုံကြည်ပါတယ်။

အမှန်မှာ တောကြီးတောင်ကြီးများအတွင်း ကျားကြီးကျားငယ်တွေ ကျားသစ်မျိုးစုံ အကြီး အလတ် အငယ်တွေ၊ ဝံပုလွေ မြွေဆိုးစတဲ့ တောဆိုးမျိုးစုံတွေကလဲ ပေါများကြတယ်။ ထို့ပြင် ဝက်ဝံနှင့် စပါးကြီးမြွေစသည်တို့လဲ ရှိကြတယ်၊ ဘုန်းကြီးကျောင်းနှင့် တစ်စပ်တည်း အနောက်ဘက်ကတောထဲမှာ ပင်ကျားအကောင် ၂၀-ကျော်ရှိနေတယ်။ဘယ်သားရဲ တိရစ္ဆာန်မျိုးကမျှ ရန်မူခြင်း၊ အနှောင့်အယှက်ပေးဖူးခြင်း မရှိသည်မှာ မိမိရဲ့ စိတ်နှလုံးသား၌ ကိန်းဝပ်လျက်ရှိတဲ့ သိပ်မွေ့သောမေတ္တာတန်ခိုးနှင့် ခရီးသွားလာရင်း ရွတ်ဆိုနေသော ပရိတ်တန်ခိုးစွမ်းတို့ကြောင့် ဖြစ်ရမယ်လို့ အမှန်ယုံကြည်တယ်။

မြန်မာပြည်အတွင်းရှိ တောတောင်ကန္တာရ ခရီးသာမဟုတ်သေးပါ၊ အိန္ဒိယနိုင်ငံ၊အာသံပြည်၊မဏိပူရပြည်စသောနိုင်ငံရပ်ခြားခရီးတလျှောက်တို့မှာလဲပဲ ဘာအနှောင့်အယှက်မှ မတွေ့ရဖူးသလို ဘာရန်သူမှလဲ မတွေ့ကြုံခဲ့ရဖူးပါ၊ တွေ့ရသမျှ လိုလိုချင်ချင်နှင့် ချစ်ခင်ရင်းနှီးစွာ အကူအညီပေးကြတာကိုချည်း တွေ့ကြုံခဲ့ရဖူးတယ်၊ ရံခါ ခရီးသွားလာရေးယာဉ်ခက်ခဲမှုအနည်းအကျဉ်းရှိတတ်သော်လဲ တစ်နည်းနည်းဖြင့် အဆင်ပြေပြီး ချောမောစွာ ပြီးဆုံးခဲ့ရတာချည်းပဲဖြစ်ပါတယ်၊ ဒါတွေဟာ ကိုယ်တိုင်လက်တွေ့ အကျိုးတရားအများထဲက တစ်စိတ်တစ်ဒေသမျှသာ ပြောပြရခြင်း ဖြစ်တယ်။

တကယ်လို့များ မေတ္တာတရား လက်လွှတ်သွားလာနေထိုင်ခဲ့လျှင် နှစ်ပေါင်း ကြာမြင့်စွာ တောတောင်ခရီးမျိုးစုံ သွားလာနေခဲ့ရတဲ့ တစ်ချိန်ချိန်မှာ ကျားစာဖြစ်သွားလောက်ပါပြီ။

ထူးခြားချက်ကိုပြောရလျှင် တောရိုင်း တိရစ္ဆာန်များရဲ့ စိတ်နေသဘာဝဟာ အလွန်သစ္စာစောင့်စည်းလေ့ ရှိကြပါတယ်၊ သူတို့အပေါ် မေတ္တာစိတ်ထားသူကို ရန်မူလေ့မရှိကြပါ၊ တော

တောင်စောင့်နတ်များနှင့် ဘီလူးရက္ခိုုသ်များကလဲ ဘုန်းကြီးရဲ့ မေတ္တာပို့လွှတ်ထားမှုကြောင့် ပြန်လည်ပြီး စောင့်ရှောက်မှုပေးကြပါလိမ့်မယ်။ တောရိုင်းတိရစ္ဆာန်များကို ဖယ်ရှားပေးထားခြင်း ဖြစ်ကောင်းဖြစ်ပါလိမ့်မယ်လို့ တွေးဆမိတယ်၊ ဘာကြောင့်လဲဆိုတော့ အင်္ဂုတ္တိုရ် ပါဠိတော်မှာ မြတ်စွာဘုရား ဟောကြားတော်မူတဲ့ မေတ္တာအကျိုးတရားများတွင် နတ်များက ချစ်ခင်ခြင်း၊ ဘီလူးများက ချစ်ခင်ခြင်း၊ နတ်များက စောင့်ရှောက်ခြင်းဆိုတာ ပါရှိတယ်။

## လူလောက၌ လုံခြုံစိတ်ချရသောမေတ္တာ

အဲဒီအကြောင်းများကို ထောက်ထားပြီး လူလောကတစ်ခွင်မှာ ကျင်လည် နေထိုင်ကြရတဲ့လူတိုင်း မေတ္တာတရားကို မြဲမြဲလက်ကိုင်ထားကြဖို့ အထူးလိုအပ်ကြောင်းသတိပေးပါရစေ။

ဘဝလုံခြုံရေးအတွက် မေတ္တာတရားလောက် စိတ်ချရသောအဆောင်ကောင်းလက်နက်ကောင်းဟူ၍မရှိနိုင်ပါ၊ သံသရာတစ်ခွင်မှာလည်း ကြည်လင်ချမ်းမြေ့စွာ ကျင်လည်ရေးအတွက် မေတ္တာတရားကဲ့သို့ အားကိုးလောက် အားထားလောက်သောမှီခိုရာ ရုပ်နာမ်ဝတ္ထုမျိုး သတ္တလောကကြီးထဲမှာ အခြားဘာမှ မရှိနိုင်ပါ။

## မိမိဘက်က ဖြောင့်မှန်နေလျှင်

တစ်ခု သတိပေးချင်တာကတော့ လူဘဝ လူလောကဆိုသည်မှာ သူ့ဘက်ကိုယ့်ဘက်ရှိကြမြဲဖြစ်တယ်၊ မိမိဘက်ကသာ ဖြောင့်မတ်သော မေတ္တာစိတ်ပုံခံနိုထားနေကြမည်ဆိုလျှင် ကောင်းကျိုးတရားမှန်သမျှ ဧကန်ရောက်လာရမည်ဖြစ်ပါတယ်၊ မိမိတို့ ပတ်ဝန်းကျင်မှာ တွေ့ကြုံဆက်ဆံနေကြရသူများမိမိရဲ့မေတ္တာခေတ်ကူးစက်ပြီး အလိုလိုပင် မေတ္တာ တုံ့ပြန်လာကြပုံကို လက်တွေ့သိကြရပါမယ်။

လူကို မေတ္တာစိတ်ထားလျှင် တောရိုင်း တိရစ္ဆာန်များကတောင် မေတ္တာတုံ့ပြန်ပြီး ရှောင်ရှားပေးကြသေးတယ်၊ လူနှင့်လူအချင်းချင်း မေတ္တာစိတ်ထားနဲ့နေကြလျှင် အဘယ်ဆိုဘွယ်ရာ ရှိပါတော့မလဲ။

မေတ္တာစိတ်ကို ပိပိစိတ်နှလုံးထဲမှာ အမြဲထားနေလျှင် တဖြည်းဖြည်း ခိုင်မာ၍ ရင့်ကျက်၍ လာပါလိမ့်မယ်၊ ခိုင်မာရင့်ကျက်လာသောအခါ မေတ္တာတရား၏ ထူးခြားသော သဘောလက္ခဏာများကသိသာအောင် ပေါ်လွင်လာပါလိမ့်မယ်၊ တစ်နည်း ပြောရယင် မေတ္တာတရား တန်ခိုးအာနိသင် အများအပြားစုပြုံရောက်လာတာကို ကိုယ်တိုင်တွေ့မြင်ခံစားကြရပါလိမ့်မယ်။

## သတ္တလောကကို ပိုင်သူ

မေတ္တာတရားကို ပုံမှန်လက်ကိုင်ထားနေသောသူ၊ မေတ္တာစိတ်အထုံရနေပြီးသော ပုဂ္ဂိုလ်ဟာ သတ္တလောကကြီး တစ်ခုလုံးကို မေတ္တာဖြင့် လွှမ်းမိုး အုပ်စိုးပြီး နေနိုင်သူဖြစ်တယ်၊ တွေ့ကြုံလာတဲ့ လောကဓံဟူသမျှကို ဘာပဲဖြစ်စေမေတ္တာစိတ်ဖြင့် ကျော်လွှားသွားလိမ့်မယ်၊ပြဿနာဟူသမျှ မေတ္တာစိတ်တန်ခိုးစွမ်းကြောင့် ပြေငြိမ်းသွားစေရမယ်၊ ရန်မူနေသူကိုပင်(လူဖြစ်စေ၊ နတ်ဖြစ်စေ၊တိရစ္ဆာန်ဖြစ်စေ)ကြည်လင်အေးမြသော မေတ္တာစိတ်ဖြင့် အလိုလိုစိတ်ကျေအေးပြီး မိတ်ဆွေကောင်းအဖြစ် ရောက်လာစေနိုင်တယ်၊ မယုံလျှင် လက်တွေ့စမ်းကြည့်ပါ၊ သိကြပါလိမ့်မယ်။

## မုန်းသူကို ချစ်အောင်လုပ်နည်း

လူသားများအတွက် ဒီနေရာမှာ လျှို့ဝှက် နည်းကောင်း တစ်ခုပေးပါ့မယ်။

ဥပမာဆိုကြစို့— ဘာအကြောင်းကြောင့်ဖြစ်စေ၊ တစ်စုံတစ်ယောက်သော သူက မိမိကို ရန်မူလာလျှင်၊ ရန်သူလိုသဘော

ထားနေလျှင်၊ ဝစီဘေဒဖြင့်ဖြစ်စေ အနေခက်အောင် တိုက်ခိုက်နေလျှင် အဲဒီ ရန်လုပ်နေသူကို သနားစိတ်ထားရမယ်၊ မုန်းစိတ် မထားရဘူး....။

ရန်လုပ်နေသူအပေါ် မိမိက စိတ်အာရုံညွှတ်ပြီး—

သူ့ခမျာ ငါ့ကို ရန်လုပ်နေရတာ ချမ်းသာမှာ မဟုတ်ဘူး၊ စိတ်နှလုံး ပူဆာနေရှာမှာပဲ၊ သနားစရာပဲ၊ ဒီတော့ ငါဘာလုပ်ရမလဲ၊ ဒေါသဆိုတာ သူက ရန်မူနေလျှင် စိတ်ကိုလောင်တဲ့ ကြီးစွာသောမီးဖြစ်တယ်၊ မေတ္တာသည် အားကောင်းတဲ့ ရေဖြစ်တယ်။ ငါက မေတ္တာဖြင့် ခုခံကာကွယ်ရမယ်၊ သူ့ဒေါသမီးကိုလဲ ငါ့မေတ္တာရေနှင့် ငြိမ်းသတ်ပေးမယ်"

"ဒေါသမီးတောက်ကိုအဟုန်ပြင်းစွာ မလောင်နိုင်အောင်၊ အေးလှသော မေတ္တာရေစင်ဖြင့် ဆီးတား ကာကွယ်မှပဲ။ မီးကိုရေဖြင့်သာ ငြိမ်းသတ်၍ အောင်မြင်စေနိုင်တယ် မဟုတ်လား"

အဲသလိုမှန်ကန်သောအသိဉာဏ်ဖြင့် နှလုံးသွင်းနေရမယ်။

အဲဒါ မိမိဘက်ကမူမှန်ရပ်တည်နေနည်းဖြစ်တယ်။

ဒုတိယနည်းက—

"သူဟာ မမြဲသောသတ္တဝါတစ်ဦးသာပဲ၊ ငါလဲပဲ မမြဲသော သတ္တဝါတစ်ဦးသာပဲ၊ တစ်နေ့သောအခါ သေသွားကြရမယ့် သူချည်းပဲ။ လူ့ဘဝမှာ ခဏတာမျှ ရပ်တည်နေကြရသူ အချင်းချင်းတွေပဲ။ တစ်နည်း ပြောကြရလျှင်၊ သူလဲ မသာလောင်းကောင်ပဲ၊ ငါလဲမသာဖြစ်ရမယ့် မသာလောင်းကောင်ပါပဲ၊ မသာလောင်းကောင် အချင်းချင်း သူက ဒေါသထားသော်လဲ၊ ငါက မခံချင်စိတ် မာန၊ လောင်ကျွမ်းစေတတ်သော ဒေါသ မထားသင့်ဘူး။ အမှန်မှာ သူ့ခမျာ သနားထိုက်သော လူတစ်ယောက်ပဲ"

အဲသလို ဦးစွာ ကရုဏာစိတ် ဖြစ်စေရမယ်။

သနားထိုက်သော သတ္တဝါအဖြစ် ပိုင်နိုင်စွာ မြင်အောင် ကြည့်ပါ၊ မြင်လာပြီဆိုလျှင် မိမိဘက်က နူးညံ့သော ကရုဏာစိတ် ဝင်လာပြီဟူ၍ မှတ်ပါ၊ ကြည်လင်သော ကရုဏာစိတ် ဦးစွာ ဝင်လာပြီးတဲ့နောက်က ကပ်ပြီး မေတ္တာစိတ် ဝင်လာစေရမယ်၊ မေတ္တာစိတ် တစ်ဆက်တည်းကပ်ပါလာအောင် နှလုံးသွင်းရမယ်။ မေတ္တာစိတ် သိသာအောင် စိမ့်ဝင်လာပြီဆိုလျှင် ထိုစိတ်အာရုံကို လက်မလွှတ်စေနှင့်။ လက်မလွှတ်စေပဲ တကယ် ချမ်းသာစေလို သော စေတနာနှင့် ပူးပေါင်းပြီး မြဲမြံစွာ စူးစိုက်ထားပါ၊ လှိုက် လှိုက်လှဲလှဲ မေတ္တာပို့လွှတ်ပေးနေပါ။

## လက်တွေ့ စမ်းချင်သပဆိုယင်

အချိန်ကြာကြာကြီး အစဉ်တစိုက် မလုပ်ဖြစ်စေဦးတော့။ မေတ္တာပို့လွှတ်ပေးနေဆဲ အချိန်းပိုင်းကာလအတွင်း လှိုက်လှဲသော စေတနာ ထက်သန်မှုရှိဖို့ အဓိကဖြစ်တယ်၊ ထက်သန်မှုရှိပါမှ၊ ထက်သန်မှု အားကောင်းပါမှ မေတ္တာတန်ခိုး ထက်မြက်တယ်မှတ် ပါ။ စေတနာ ထက်သန်သလောက် အောင်မြင်မှု မြန်လာလိမ့်မယ် မှတ်ပါ။

လက်တွေ့စမ်းချင်သပဆိုယင် မိမိကို မုန်းတီးနေသူလို့ထင် ရတဲ့ သူကို မနောက်မြောက်အောင် စိတ်အာရုံညွတ်ပြီး မေတ္တာပို့ လွှတ်ပေးနေပါ။

ယောကျ်ားဖြစ်စေ၊ မိန်းမဖြစ်စေ၊ ကြီးငယ်မရွေး၊ လူမျိုး မရွေး၊ ဘာသာမရွေး မည်သည့်အကြောင်းကြောင့် မုန်းစိတ်ဝင် နေသူဖြစ်စေ မိမိ၏ စိတ်ရင်း စေတနာက တကယ် လှိုက်လှဲမှုသာ ရှိပါစေ၊ မုန်းစိတ် ကင်းပျောက်သွားလိမ့်မယ်၊ မုန်းစိတ်ကင်း ပျောက်လျှင် မကြာခင် ချစ်စိတ်ဝင်လာပါမယ်။ မုန်းနေကြပြီး၊ ကွဲကွာနေကြပြီး လင်မယားပင်ဖြစ်စေ စိတ်အာရုံ တဖြစ်လဲ၍ ချစ်

မြဲချစ်လာပုံ တွေ့ရပါလိမ့်မယ်၊ မယုံလျှင် ထိရောက်အောင်စမ်းကြည့်ပါ။

ဒါက မုန်းနေသူကို ချစ်အောင် လုပ်တဲ့နည်း။

"သတ္တဝါ အားလုံး အပေါ်၌ဖြစ်စေ၊ မိမိရည်ညွှန်းလိုသော ပုဂ္ဂိုလ် သတ္တဝါ တစ်ဦးဦး အပေါ်၌ဖြစ်စေ မေတ္တာစိတ်ညွတ်၍ ထက်သန်သော မနောကံ စေတနာဖြင့် တကယ် ချမ်းသာစေလိုခြင်း အာသာဆန္ဒ လှိုက်လှဲမှု ဖြစ်နေလျှင် မေတ္တာစစ် ဘာဝနာ မေတ္တာမှန် ဘာဝနာဖြစ်ပြီလို့ မှတ်ပါ။ ထိရောက်သော ပွားများမှု အားထုတ်မှုအဆင့်သို့ ရောက်နေပြီလို့ မှတ်ကြပါ။

## လိုရာပြီးမြောက် ခရီးပေါက်သော လက်တွေ့ရေမေတ္တာပို့နည်း

ဒီနေရာမှာ လက်တွေ့နည်းကောင်းတစ်ခု ပေးရဦးမယ်၊ အကယ်၍ စိတ်အာရုံညွတ်ပြီး မေတ္တာ ပို့လွှတ်ပေးနေသော်လဲ တစ်စုံတစ်ဦး၏ ရန်မူနေခြင်းကိစ္စ၊ မုန်းတီးနေခြင်းကိစ္စ အမြန်ပြေအေးသွားမယ်လို့ မထင်ရလျှင် ရေမေတ္တာပို့ကြည့်ပါ၊ အောင်မြင်စေရမယ်၊ ရေမေတ္တာဖြင့် အနိုင်ယူပါ။

> **နည်းမှာ**—သန့်ရှင်းသော ရေဖန်ခွက်တစ်ခု ဘုရားစင်ပေါ်မှာတင်ထားပါ၊သန့်ရှင်းသော ကျောက်ခဲကလေးတစ်လုံးကိုဖြစ်စေ၊ သစ်သားချောင်းကလေးတစ်ခုကို ဖြစ်စေ မိမိမေတ္တာပို့လိုသူကို ရည်မှတ်ပြီး ရေဖန်ခွက်ထဲထည့်ပြီး စိမ်ထားပါ။ အမှိုက်အမှုန်မကျအောင် အဖုံးဖုံးထားပါ။

"သူ၏စိတ်နှလုံးရေကဲ့သို့ အေးချမ်းသွားပါစေ"လို့လှိုက်လှဲစွာ မေတ္တာပို့လွှတ်ပေးနေပါ၊ "သူ၏ စိတ်ပူဆာနေခြင်းကို အေးချမ်းသွားစေဖို့ သူ့ကို ငါရေစိမ်ထားလိုက်ပြီ" လို့ မိမိစိတ်ကိုလဲ

ရှင်းရှင်းထားနေပါ၊ ပူပန်သောကင်ပြီး လှုပ်ရှားနေခြင်းမရှိအောင်နေပါ။

"သူ့ကို ငါဒုက္ခမရောက်စေလိုပါ။ ငါလဲ စိတ်ချမ်းသာ၊ သူလဲစိတ်ချမ်းသာ၊ နေမြဲတိုင်း နေစေရန်၊ ဖြစ်မြဲတိုင်းဖြစ်စေရန် သူ့ကို ရေခွက်ထဲချစိုပ်ထားလိုက်ပြီ"လို့ ယုံကြည်စိတ်ချစွာနေပါ။

"သူ့စိတ်အေးသွားပြီ၊ သူ့စိတ်ကြည်လင်သွားပြီ၊ သူ့မှာ ငါ့ကို ရန်မူချင်စိတ်ပျောက်လွင့်သွားပြီ"လို့လဲ မိမိစိတ်ထဲကသိနေပါ၊ (တကယ်ချမ်းသာစေလိုသော စိတ်ရင်းစေတနာသာထားပေးနေပါ။)ထိုသူ့ရဲ့စိတ်ဟာ ဆိုအချိန်ပိုင်းအတွင်းမှာပဲ မူပြောင်းလာပုံတွေ့ရလိမ့်မယ်။

သူ့ရဲ့စိတ်အာရုံထဲတွင် မိမိကပို့လွှတ်ပေးနေသော စိတ်တန်ခိုးကြောင့် ပူဆာ၍ ဆူပွက်၍နေခဲ့သော သူရဲ့ ဒေါသစိတ်မာန်ဟာ ဘဖြည်းဖြည်းပြေအေးသွားလိမ့်မယ်။ တစ်ဆက်တည်းမှာပဲ မိမိအပေါ် သနားစိတ်ဝင်လာပါလိမ့်မယ်။ ဆက်လက်၍ ချစ်ခင်စိတ်၊ ကြည်နူးစိတ်ပြောင်းဝင်လာပါလိမ့်မယ်။

ချစ်ခင်စိတ်ဝင်ရောက်လာခဲ့လျှင် သူကလဲ မိမိကိုမြတ်နိုးဘွယ်ရာကောင်းသော လူတစ်ယောက်အဖြစ် မြင်လာပါလိမ့်မယ်၊ ကြည်နူးဝမ်းသာသောစိတ်လဲ ဝင်စားနေလိမ့်မယ်၊ အဲသည်နောက် သူကိုယ်တိုင်ပြောမှား၊ဆိုမှားရှိသမျှကို **ဝန်ချကာတောင်းပန်လာတတ်ဘယ်၊** သို့မဟုတ် သူကိုယ်တိုင်လာရောက်ပြီးတောင်းပန်ဝန်ချခြင်းမပြုသော်လဲ မိမိအပေါ် ဆက်လက် ရန်မူနေခြင်းပြုတော့မည်မဟုတ်ပါ၊ မီးကိုရေဖြင့်လုံလောက်အောင် ပက်ဖြန်းထားလိုက်သကဲ့သို့ ကိစ္စပြီး တစ်ခါတည်း အေးငြိမ်းသွားစေလိမ့်မယ်။

တစ်နည်းအားဖြင့် ရန်မူနေတဲ့သူဟာ မိမိကိုမကြည့်ဝံ့ဘဲ တခြားဒေသသို့ အမြန်ဆုံး ရှောင်ထွက်ပြေးသွားပုံ တွေ့မြင်ရပါလိမ့်မယ်။

ဒါတွေက လူလောကမှာ တွေ့ကြုံလေ့ရှိတတ်လို့ ပြည့်စုံအောင် ညွှန်ကြားပေးရခြင်း ဖြစ်တယ်။

လုပ်ငန်းကိစ္စတစ်ခုခုမှာ တွေ့ကြုံရတတ်သော အဆင်မပြေမှုကိုအကြောင်းပြုပြီး နှောင့်ယှက်သူကိုဖြစ်စေ၊ နေထိုင်ရေး၊ စားသောက်ရေး စသောကိစ္စမျိုး၌ တွေ့ကြုံလာတတ်သော နှောင့်ယှက်သူကိုဖြစ်စေ၊ ဘယ်နေရာမှာမဆို တွေ့ကြုံနေလေသမျှကို ဒီညွှန်ကြားချက်နည်းအတိုင်းသာ လိုက်နာကျင့်သုံးပါ၊ လုပ်ဆောင်ကြပါ။

မိမိရဲ့မေတ္တာစိတ်ဓာတ် ခိုင်မြဲသော တန်ခိုးစွမ်းကြောင့် အံ့သြဘွယ်ရာ စိတ်ကြည်လင်အေးမြခြင်းအဖြစ်ကို တွေ့မြင်လာရပါမယ်၊ အရာရာမှာ မေတ္တာစိတ် လက်ကိုင်ထားသူမေတ္တာရှင်သာ နောက်ဆုံး အောင်နိုင်မှုရယူသွားမည်ဖြစ်ကြောင်း မမှိတ်မသုန် ယုံကြည်ထားပါ၊ ကုန်ကုန်ပြောရလျှင် **အိမ်မှစိတ်ကောက်ပြီးထွက်သွားသူ** ကိုလဲ ဤနည်းအတိုင်း (ရေမေတ္တာဖြင့်)လုပ်ဆောင်ပါ။ မကြာမီ ပြန်ရောက်လာပါလိမ့်မယ်။

အထူးသဖြင့် ရသေ့ရဟန်း စသော သူတော်ကောင်း ပုဂ္ဂိုလ်တို့မည်သည်ကား မေတ္တာတရားကို စိတ်နှလုံးသား၌ အမြဲပုံမှန်ကိန်းအောင်းနေစေကြသူများဖြစ်ကြပါတယ်၊ တစ်ခါတစ်ရံ မတော်တဆ လောကဓံ တစ်စုံတစ်ခုကို ကြုံတွေ့ကြရလျှင်—

“ငါသည် လူယုတ်မာမဟုတ်ပါ၊ တရားနှင့်ပျော်မွေ့နေချင်၍ တရားနှင့်နေထိုင်သူဖြစ်တယ်၊ ဘာအကြောင်း ဖြစ်စေ လူလောကတစ်ခွင် ကျင်လည်နေရခိုက်မှာ တွေ့ကြုံရသော ပြဿနာဟူသမျှကို မေတ္တာစိတ်ဖြင့် ဖြေရှင်းသွားမယ်၊ မေတ္တာတရားကိုသာ ပုံသေလက်ကိုင်ထားသွားမယ်” လို့ ခိုင်မြဲစွာ နှလုံးပိုက်ထားကြရပါမယ်။

## သံသရာခရီး မေတ္တာကို အဖော်ပြု၍

မေတ္တာစိတ်ကိုအဖော်ပြု၍ မေတ္တာတရားကို ရင်ဝယ်ပိုက်ထားလျှင် စိတ်မချမ်းသာစရာ တွေ့ကြုံနေရသော်လဲ၊ တစ်ခဏခြင်း ချမ်းမြေ့ဘွယ်ရာ အမြင်မှန်ရလာပါလိမ့်မယ်။ မေတ္တာစိတ်ထားသူသာ မကြာခင် သူ၏ လိုအင်ဆန္ဒပြည့်ဝ၍ အောင်နိုင်သူအဖြစ် ရောက်သွားရမှဖြစ်တယ်၊ အမြတ်တောင်ထွက်သွားကြရပုံတွေ့ကြုံရမှဖြစ်တယ်၊ တရားသဘော ဤသို့ ပုံသေဖြစ်တတ်ပုံကိုလည်း ယုံကြည်စိတ် အပြည့်အဝထားနေရပါမယ်။ ခိုင်မြဲသော၊ မလွဲသောသဘာဝတရားပါ။

အပြန်အားဖြင့် မေတ္တာတရားလက်ကိုင်မထားဘဲ၊ မခံချင်စိတ်မာန၊ သည်းမခံလိုစိတ် ဒေါသစသော အခြားနည်းဆိုးတစ်ခုခုကို လက်ကိုင်ထားမိလျှင် "ငါမှားသွားပြီ။ ငါမှားခဲ့ပြီ" လို့သာမှတ်ပါ၊ ထို့ကြောင့် မေတ္တာတရားကိုလက်ကိုင်ထား၍ နေထိုင်ခြင်းထက် ကောင်းသောအရာ၊ မှန်သောအလုပ်ဆိုတာ လူ့လောကတစ်ခွင်မှာ ဘာမှမရှိပါဘူး" လို့ အစောပိုင်းက ပြဆိုခဲ့ခြင်းဖြစ်တယ်။

## နိဗ္ဗာန်ရောက်အောင်မေတ္တာနှင့်သွားကြမယ်

မေတ္တာတရားရဲ့ ကောင်းကျိုးတွေက ဤမျှသာမကပါ။

နိဗ္ဗာန်ရောက်အောင် ကောင်းကျိုးဆောင်နိုင်တယ်၊ နိဗ္ဗာန်မရသေးခင်စပ်ကြား သံသရာတစ်ခွင်မှာ ဘဝအသီးသီး ကြီးငယ်ယုတ်မြတ်၊ အတောမသတ်အောင် ကျင်လည်၍ နေရသေးသမျှကာလပတ်လုံး မေတ္တာတရားကို မြဲမြံစွာရင်ဝယ်ပိုက်ပြီး အေးချမ်းစိတ် ပုံမှန်ထားနေသွားသူမှာ သေရေးအတွက်ကိုလဲ မပူရ၊ နေရေးအတွက်ကိုလဲ မကြောင့်ကြရ၊ တစ်ဘဝပြီးတစ်ဘဝ ကြည်လင်ချမ်းမြေ့စွာသာ ကျင်လည်၍သွားနေရမည်သာဖြစ်ပါတယ်။

မကောင်းသောဘဝမျိုးကိုလဲ ရောက်လိမ့်မည် မဟုတ်ပါ၊ သန့်ရှင်းသော စိတ်နှလုံးကြည်လင်ဘွယ်ရာရှိသော လူ့ဘုံ နတ်ရပ်ကောင်းမြတ်သောသုဂတိဘဝတို့၌သာ ကျင်လည်သွားလာ ဖြစ်တည်နေရမည်မှာ သေချာတယ်။ ဤသဘာဝ ကေန်မလွဲ အမှန်ဖြစ်ကြောင်းကိုလဲ ယုံကြည်စိတ်ထား နေရမယ်။

ဒါကြောင့်၊ မေတ္တာတရားကိုသာ စွဲစွဲမြဲမြဲ လက်ကိုင်ထားနေကြပါ-လို့ တိုက်တွန်းရခြင်းဖြစ်တယ်။

## နေနည်း နှင့် သေနည်း

ဤတွင် လူတို့အတွက် နေနည်းနှင့် သေနည်းကို ပြောပြဦးမယ်၊ လူ့ဘဝရနေကြခိုက်တွင် အရေးကြီးသောအပိုင်းကို ညွှန်ကြားပါမယ်။

လူဘဝကိုအရတော်စွာ ရောက်နေကြခိုက်မှာ နေနည်းတတ်ရုံနှင့်မပြီးသေးဘူး၊သေနည်းလဲတတ်ထားဖို့လိုပါတယ်၊ "ငါ၏ဘဝနောက်ဆုံး သေရမည့်အချိန်ပိုင်းမှာလဲ မေတ္တာဘာဝနာကိုဤကဲ့သို့ပင် ပွားများနှလုံးသွင်းရင်းသာ ဝိညာဉ်ချုပ်သွားစေရမယ်" လို့ သတိရှိစွာဖြင့် ကြိုတင်မှုချထားကြရပါမယ်၊ မိမိချထားပြီးမှုကိုလဲ မေ့မနေရအောင် မကြာမကြာ နှလုံးသွင်း ပေးနေရမယ်။

အဲသလို ကြိုတင်မှုချထားတဲ့အတွက် နောင်ဆက်ရမယ့် တစ်မလွန်ဘဝမှာ အမြတ်ကောင်းစွာ ထွက်ပေါ်လာပါလိမ့်မယ်၊ သေသွားပြီးတဲ့ နောက်ဘဝမှာ ဗြဟ္မာဘုံသို့ မရောက်နိုင်စေဦးတော့၊ ကောင်းမြတ်သာယာသော အဆက်နတ်ဘုံ နတ်ဘဝသို့ ရောက်ဖို့ကား အမှန်သေချာတယ်လို့ မှတ်ကြရမယ်။

## အဋ္ဌရာသဃာတမေတ္တာသုတ်

မြတ်စွာဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးတော်မူစဉ်အခါက ရဟန်းတို့အား အဋ္ဌရာသဃာတမေတ္တာသုတ်ကို ဤသို့ဟောကြားတော်မူပါတယ်။

အစ္ဆရာ သင်္ဃာတမတ္တမ္ပိ စေ ဘိက္ခဝေ ဘိက္ခု မေတ္တာ-
စိတ္တံ ဘာဝေတိ၊ (အာသေဝတိ) အယံ ဝုစ္စတိ ဘိက္ခ
ဝေ ဘိက္ခု အရိတ္တဇ္ဈာနော ဝိဟရတိ သတ္ထုသာသန
ကရော၊ဩဝါဒပတိကရော အမောဃံ ရဋ္ဌပိဏ္ဍံ ပရိဘုဉ္ဇတိ
ကောပနဝါဒေ ယေ နံ ဗဟုလီကရောန္တီတိ။

(အင်္ဂုတ္တရ ပါဠိတော်။)

ဘိက္ခဝေ၊ ရဟန်းတို့။ ဘိက္ခု၊ ရဟန်းသည်။ အစ္ဆရာ
သင်္ဃာတ မတ္တမ္ပိ၊ လက်ဖျစ်တတွက်ကာလမျှလောက်သော်
လည်း။ မေတ္တာစိတ္တံ၊ မေတ္တာနှင့် ယှဉ်သောစိတ်ကို။
စေ ဘာဝေတိ၊ အကယ်၍ ပွားများအားထုတ်ငြားအံ့
(စေ အာသေဝတိ၊ အကယ်၍ ပွားထုံငြားအံ့။) အယံ
ဘိက္ခု။ ဤရဟန်းကို၊ အရိတ္တဇ္ဈာနော၊ စျာန်မှ မကင်း
ဆိတ်ဘဲ။ ဝိဟရတိ၊ နေသော ရဟန်းဟူ၍။ ဝုစ္စတိ၊ ဆို
အပ်၏။ သတ္ထုသာသနကရော၊ မြတ်စွာဘုရား၏ သွန်
သင်ချက်ကို လိုက်နာကျင့်ကြံသော ရဟန်း။ ဩဝါဒပတိ
ကရော၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာ
ကျင့်သုံးလျက်ရှိသော ရဟန်း။ ရဋ္ဌပိဏ္ဍံ၊ တိုင်းသူပြည်
သား လူအများတို့က ပေးလှူအပ်သောဆွမ်းကို။ အမော
ဃံ၊ အချည်းနှီးအကျိုးမဲ့မဖြစ်စေဘဲ။ ဘုဉ္ဇတိ၊ စားသုံး
သော ရဟန်းဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဘိက္ခဝေ၊ ရဟန်းတို့။ ယေ၊အကြင်သူတို့သည်။ နံ-ထို
မေတ္တာနှင့်ယှဉ်သော စိတ်ကို။ ဗဟုလီကရောန္တိ၊ အကြိမ်
များစွာ ပွားများအားထုတ်၍ နေကုန်ရာ၏။ ဇေ၊ ဤသို့
အကြိမ်များစွာ ပွားများအားထုတ်၍ နေကုန်သည်ရှိ
သော်။ ကောပနဝါဒေ၊ အဘယ်ဆိုဘွယ်ရာ ရှိပါတော့
အံ့နည်း။

## ပါဠိလျှောက် အစီပွာယ်

အဆိုပါ ဘုရားရှင် ဟောကြားချက်၏ ပိဋကတ္တ(အချုပ်) အစိပ္ပာယ်မှာ—

"ရဟန်းတို့၊ ရဟန်းဟူသည် လက်ဖျစ်တတွက် ကာလမျှ လောက်သော်လည်း စေတောဝိမုတ္တိဟုဆိုအပ်သော မေတ္တာဖြန့် ပွားခြင်းအလုပ်ကို အကယ်၍ ပွားများအားထုတ်နေငြားအံ့၊ ဤ ရဟန်းကို စျာန်မှမကင်းဆိတ်ဘဲနေသော ရဟန်းမြတ်ဟူ၍ ဆိုအပ် ၏" တဲ့။

ထို့ပြင် ဆက်လက်၍ မိန့်ကြားတော်မူသည်မှာ—

"မြတ်စွာဘုရား၏ သွန်သင်ချက်ကို လိုက်နာ ကျင့်ကြံ၍ နေသော ရဟန်းပုဂ္ဂိုလ်မြတ်ဟူ၍ ဆိုအပ်ပါသေး၏" တဲ့။

"မြတ်စွာဘုရား၏ အဆုံးအမသြဝါဒကို လိုက်နာကျင့် သုံးနေသော ရဟန်းကောင်း"ဟူ၍လဲ ဆိုအပ်ပါသတဲ့။

"တိုင်းသူပြည်သားလူအများတို့က သဒ္ဓါကြည်ဖြူ၍ ပေး လှူအပ်သော ဆွမ်းကို အကျိုးမဲ့မဖြစ်စေဘဲ (ဝါ-အကျိုးများ အောင်)စားသုံးနေသော ရဟန်းကောင်းဟူ၍ ဆိုအပ်ပါသေး၏" တဲ့။

"ရဟန်းတို့၊ အဆိုပါအကြောင်းတို့ကြောင့် မေတ္တာ ဘာ ဝနာကို အကြိမ်များစွာ ဖြန့်ပွားအားထုတ်ရာ၏၊ ဤသို့ အကြိမ် များစွာ ဖြန့်ပွားအားထုတ်၍ နေခဲ့သည်ရှိသော် အဘယ်ဆိုဘွယ် ရာ ရှိပါတော့အံ့နည်း—တဲ့၊ သာ၍ မြင့်မြတ်ပါ၏လို့ ဆိုလို တယ်၊ အဓိပ္ပာယ်ရှင်းပါတယ်။

ရဟန်းများကို တိုက်ရိုက် ဟောကြား တိုက်တွန်းတော် မူချက်ဖြစ်သော်လဲ လူများအတွက်ကိုပါ တစ်ပေါင်းတည်း ဟော ကြားတော်မူလိုက်ခြင်း ဖြစ်တယ်လို့ နားလည်ကြရပါမယ်။

## တစ်နေ့လျှင် မေတ္တာပွားချိန် မျက်စိတစ်မှိတ်

"တစ်နေ့လျှင် လက်ဖျစ်တတွက်အချိန်ကလေးမျှလောက် မေတ္တာဘာဝနာကို ပွားများ၍နေထိုင်သွားခဲ့သည်ရှိသော် ဈာန်မှ မကင်းဆိတ်အောင် နေသော ရဟန်းကောင်း ရဟန်းမြတ်ဟူ၍ ဆိုအပ်၏" ဆိုတဲ့ စကားတော်ဟာ နှစ်သက်ဖွယ် တကယ့်ကို ကောင်းလှပါဘိတယ်။

မျက်စိတစ်မှိတ် ကာလ၊ လျှပ်တစ်ပြက်ကာလ၊ လက်ဖျစ်တစ်တွက်ကာလဆိုတာ တိုတောင်းသော အချိန်ပိုင်းချင်း တူကြတယ်၊ ဘာမျှမကြာဘူး၊ အဲသည်လောက် တိုတောင်းလှတဲ့အချိန်ကလေးမှာပင် မေတ္တာနှင့်နေလျှင် ကောင်းကျိုးကြီးလှပါဘိတယ်။

"ဘုရားရှင်က လက်ဖျစ်တစ်တွက်မျှလောက် တိုတောင်းသော အချိန်ပိုင်းကလေးမျှလောက်ပင် မေတ္တာဘာဝနာပွားများသော ရဟန်းကို မြတ်စွာဘုရားသွန်သင်ချက်ကို ဦးထိပ်ရွက် လိုက်နာ ကျင့်ကြံသော ရဟန်း ပုဂ္ဂိုလ်မြတ်ဖြစ်တယ်"တဲ့။

"ဘုရားရှင်၏ အဆုံးအမတော်ကို လိုက်နာ၍ ကျင့်သုံးနေသော ရဟန်းမြတ်ဖြစ်တယ်၊ ထို့ကြောင့် တိုင်းသူပြည်သား လူအများတို့က ပေးလှူကြသော ဆွမ်းကို အချည်းနှီး မဖြစ်စေရုံမျှမက အကျိုးများအောင် စားသုံးနေသော ရဟန်းကောင်း ရဟန်းမြတ် သူတော်ကောင်းဟူ၍ ဆိုအပ်ပါတယ်"တဲ့။

ဤနေရာမှာ....ဘုရားရှင်ကိုယ်တော်တိုင် ဟောမိန့်တော်မူတဲ့ ဤဒေသနာ တစ်ခုကို ကြားနာရရုံနှင့် မေတ္တာ ဘာဝနာတရားကို ပွားများရခြင်းအကျိုး၊ ပွားများနေရခြင်း အလုပ်ဟာ အဘယ်မျှ ခရီးရောက်ကြောင်း၊ တာသွားကြောင်းကို တိတိကျကျ သိရှိနားလည်ကြရပြီ။ အားကျဖို့ကောင်းပါတယ်၊ အတုယူ လိုက်နာကြပါလို့ ဆိုလိုခြင်း ဖြစ်တယ်၊ အတုယူရန်လဲ လွယ်ကူပါတယ်။

## လူ့ဘဝရနေကြခိုက်အခါ

ဒါကြောင့် မနုဿတ္တ ဒုလ္လဘ လူ့ဘဝကို ရနေကြခိုက် သာသနာတော်မြတ်ကြီးနှင့်လဲ ဆုံစည်းခိုက်၊ ကြုံကြိုက်နေကြခိုက် အခါမှာ သူတော်ကောင်းအလုပ်ဖြင့် မိမိဘဝကို ရပ်တည်နေထိုင်သွားမယ်လို့ ကြံရွယ်ထားကြသော ပုဂ္ဂိုလ်မြတ်များ မေတ္တာတရားဖြန့်ပွားနေရခြင်း အလုပ်သည် ငါ၏တာဝန်ဖြစ်တယ်၊ ငါ၏ပဓာနအလုပ်ဖြစ်တယ်လို့ နေ့စဉ် ပုံမှန် ဖြန့်ပွားနေကြဖို့ သင့်ပါတယ်။

အနည်းဆုံး လက်ဖျစ်တစ်တွက် ကာလမျှလောက်သော အချိန်တို ပိုင်းကလေးလောက်တော့ အနည်းဆုံး တစ်နေ့တွင် ၂-ကြိမ်၊ ၃-ကြိမ်၊ ဘုရားရှင် သနားမိန့်မှာတဲ့ မေတ္တာဘာဝနာကို မမေ့ မလျော့တဲ့ အနေဖြင့် သတ္တလောကကြီးကို ခြုံပြီး ဖြန့်ပွားနေရခြင်းဖြင့် ပျော်မွေ့နေကြပါလို့ ဆိုလိုခြင်းဖြစ်တယ်။

ရဟန်းပုဂ္ဂိုလ်များကို ဦးတည် ဟောကြားထားသော်လဲ လူများအတွက်ပါ ဟောကြားတော်မူပြီး ဖြစ်တယ်၊ပါသွားပြီဖြစ်တယ်လို့ နားလည်ကြရမယ်။

## မေတ္တာ၏ အကျိုးအာနိသင်

ဤတွင် မေတ္တာတရားဖြန့်ပွားခြင်း၏ အကျိုးအာနိသင်ကို ပြောပါမယ်၊ အင်္ဂုတ္တိုရ်ပါဠိတော် 'မေတ္တာ နိသံသ' သုတ်မှာ မြတ်စွာဘုရားရှင်က ဟောကြားတော်မူသည်မှာ....

"အကြင်သူသည် ဒေါသကို ဖျက်ဆီးအပ်သောစိတ်ရှိသည် ဖြစ်၍၊ တစ်ယောက်မျှလည်း ဖြစ်သော သတ္တဝါကို အကယ်၍ မေတ္တာဖြင့် ပွားခြင်းပြုငြားအံ့၊ ထိုသို့မေတ္တာဖြန့်ပွားခြင်းကြောင့် ကုသိုလ် အကျိုးတရားသည် ဖြစ်၏၊ အလုံးစုံသော သတ္တဝါတို့ကို အစဉ်သနားခြင်းရှိသော စိတ်ဖြင့် မေတ္တာ ဖြန့်ပွား၍နေ

သော မြတ်သောပုဂ္ဂိုလ်သည်ကား များစွာသော ကုသိုလ်ကောင်းမှုကို ဖြစ်စေ၏'' ... တဲ့။

ရှင်းရှင်းနားလည်ကြဖို့က .. မေတ္တာတရား ဖြန့်ပွားကြရာမှာ ''သတ္တဝါ တစ်ဦးတစ်ယောက်မှုကို ရည်ညွှန်းပြီး ပို့လွှတ်လျှင်ပဲ မေတ္တာ ဘာဝနာပွားနေခြင်းဖြစ်တယ်၊ ပုဂ္ဂိုလ်သတ္တဝါအများကို ရည်ညွှန်းပြီးပို့လွှတ်လျှင်လဲ မေတ္တာဘာဝနာပွားနေခြင်းဖြစ်တယ်၊ သို့ရာတွင် ခြားနားချက်ရှိသည်မှာ သတ္တဝါ တစ်ဦးတည်းကိုသာ ရည်ညွှန်းပြီးပို့လွှတ်နေပါလျှင်လဲ ပို့သောသူအား မေတ္တာဘာဝနာပွားရခြင်း ကုသိုလ်အကျိုးရသည်ပင် မှတ်ပါ၊ သည်တော့ ဘာထူးခြားသလဲဆိုလျှင်....။

## ကြီးမားသော မေတ္တာရှင်

တစ်ဦးတစ်ယောက်ထက် ပိုလွန်၍ နေရာဒေသ အားဖြင့် ကျယ်ကျယ်ပြန့်ပြန့် အလုံးစုံသော သတ္တဝါတို့အပေါ်မှာ ကြီးမားသော ကရုဏာစိတ်ဖြင့် မေတ္တာဖြန့်ပွား၍ နေပါမူကား ထိုမေတ္တာဖြန့်ပွားခြင်းများသော ထိုကရုဏာကြီးများသော ပုဂ္ဂိုလ်မြတ်အား များစွာသော မေတ္တာစေတနာ ကောင်းကျိုးတရားတွေ ရစေနိုင်တယ်လို့ ဆိုလိုတယ်။

''သတ္တဝါတို့ ချမ်းသာစေလိုသော မနောကံ စိတ်အာရုံညွှတ်ပြီး မေတ္တာတရား ဖြန့်ပွားကြရာမှာ သတ္တဝါအနည်းအများ အလိုက် အကျိုးတရား ခံစားချက်တွင် နည်းခြင်း များခြင်း ခြားနားချက်ရှိပါတယ်လို့ မှတ်ရမယ်။

## စတင်ပုံခြားနားချက် (အများမှအနည်း)

ဒီမှာ မေတ္တာဖြန့်ပွားကြရာတွင် အမျိုးမျိုးညွှန်ကြားချက်ရှိကြတယ်။ စတင်ပုံခြားနားချက်ကို ပြောပါမယ်။ မိမိကိုယ်တိုင် ချမ်းသာစေလိုခြင်း စသော မေတ္တာ ဘာဝနာအလုပ် ပွားများအားထုတ်ကြရာတွင် စတင်ပုံခြားနားချက် ရှိကြတယ်။

စတင်ရမည်မှာ - အဆုံးအပိုင်းအခြားမရှိသော သတ္တဝါအားလုံးကို (သတ္တလောကကြီး တစ်ခုလုံးကို) ခြုံ၍ မေတ္တာဖြန့်ပွားရမယ်လို့ အစပိုင်းက ညွှန်ကြားခဲ့တယ်၊ ကြီးမြတ်သော·မဟာကရုဏာရှင် ပုဂ္ဂိုလ်ကြီးတို့ရဲ့ နည်းလမ်းဖြစ်တယ်၊ ဘုရားအလောင်းတော် ပါရမီရင့်ပြီးဆုကြီးရှင်တို့၏ ကျယ်ပြန့်သော မေတ္တာစိတ်ဖြန့်ပွားနည်းဖြစ်တယ်၊ အကောင်းဆုံးနည်း-ဟူ၍ မှတ်ယူကြရမယ်။

ထိုနောက်မှ မိမိလိုရာပုဂ္ဂိုလ် တစ်ဦးကိုဖြစ်စေ၊ နေရာဒေသတစ်ခုသို့ဖြစ်စေ ဩဓိသမေတ္တာပို့လွှတ်နိုင်ကြပါတယ်၊ပို၍ထိရောက်စူးရှတယ်မှတ်ပါ။ 'အစကောင်းမှ အနှောင်းသေချာ' ဆိုတဲ့စကားပုံကဲ့သို့ မူလအစကတည်းက ကြီးမားကျယ်ပြန့်သောမေတ္တာ၊ ကြီးမားကျယ်ပြန့်သော ကရုဏာ စိတ်ထားပုံ ထားနည်း စနစ်ကျစွာ တတ်သိထားရမယ်၊ ယင်းသို့ စနစ်တကျ သိနေပြီဆိုလျှင် မေတ္တာဘာဝနာ၏ လုပ်ငန်း အောင်ပြီမှတ်ပါ။

## မေတ္တာအကျိုး(၁၁)ပါး

ဤနေရာ၌ မေတ္တာဘာဝနာကို ပွားများအားထုတ်နေလေ့ ရှိကြသော ပုဂ္ဂိုလ်များအား ဆုမတောင်းဘဲရရှိသော အကျိုး(၁၁)မျိုးကို ဖော်ပြပါမယ်။

(၁) ချမ်းသာစွာအိပ်ရခြင်း၊
(၂) ချမ်းသာစွာနိုးရခြင်း၊
(၃) ယုတ်ညံ့သောအိပ်မက်ကို မမြင်မက်ခြင်း၊
(၄) လူတို့က ချစ်ခင်မြတ်နိုးကြခြင်း၊
(၅) နတ်တို့က၊ ဘီလူးတို့က ချစ်ခင်မြတ်နိုးကြခြင်း၊
(၆) နတ်တို့က စောင့်ရှောက်ခြင်း၊
(၇) မေတ္တာတရား ပွားများအားထုတ်နေလေ့ရှိသော သူအား မီးမလောင်နိုင်ခြင်း၊ အဆိပ်မသင့်နိုင်ခြင်း၊ လက်နက်မကျရောက်နိုင်၊ မစူးရှနိုင်ခြင်း၊

(၈) ပျံ့လွင့်သောစိတ်ကို လျင်မြန်စွာ တည်ကြည်စေခြင်း၊
(၉) မျက်နှာအဆင်း အတူးသဖြင့် ကြည်လင်ခြင်း၊
(၁၀) ဘဝ၏နောက်ဆုံး၌ မတွေမဝေဘဲသေတတ်ရခြင်း၊
(၁၁) မေတ္တာသမာပတ်ထက်လွန်မြတ်သော မဂ်ဖိုလ်ကို ထိုးထွင်း၍ မသိနိုင်သေးခဲ့လျှင် ဗြဟ္မာ့ပြည်သို့ လားရောက်ရခြင်း။

ဤသို့အားဖြင့် မေတ္တာအကျိုး (၁၁)မျိုးရှိတယ်၊ ကောဒသက အင်္ဂုတ္တိုရ် ပါဠိတော်နှင့် နိပါတ်တော် အရကဇာတ်၌ ဟောကြားသော အကျိုးတရားများ ဖြစ်ကြတယ်။

## မေတ္တာစေတောဝိမုတ္တိ

မြတ်စွာဘုရားရှင်က ရဟန်းများအား မေတ္တာတရား ဖြန့်ပွား အားထုတ်နည်းကို ညွှန်ကြားပြီး ယခုလို တိုက်တွန်းတော်မူခဲ့တယ်။

"ရဟန်းတို့၊ ရှိသေစွာမှီဝဲအပ်သော၊ အကြိမ်များစွာ ပြုလုပ်အပ်သော၊ ထပ်ပြန်တလဲလဲ ပွားများအပ်သော၊ က-သောယာဉ်ကဲ့သို့ ပြုအပ်သော၊ ထောက်တည်ရာကဲ့သို့ ပြုအပ်သော၊ ဆောက်တည်အပ်သော၊ လေ့ကျင့်အပ်သော၊ ကောင်းစွာ အားထုတ်အပ်သော၊ မေတ္တာနှင့်ယှဉ်သော စေတောဝိမုတ္တိကြောင့် တစ်ဆယ့်တစ်ပါးကုန်သော ဤအကျိုးတရားတို့သည် မချွတ်ဖြစ်ကြကုန်၏"တဲ့။

မေတ္တာနှင့်ယှဉ်သော စေတောဝိမုတ္တိ ဆိုသည်မှာ ပုဂ္ဂိုလ်သတ္တဝါ တစ်စုံတစ်ဦးအပေါ် ဖြစ်စေ၊ သတ္တဝါများတို့အပေါ် ဖြစ်စေ၊ မေတ္တာစိတ်ညွတ်၍၊ မိမိ၏ မေတ္တာစိတ် တန်ခိုးလွှတ်၍ ကိုက်သုံ့သောစေတနာဖြင့် ချမ်းသာစေခြင်းဖြစ်နေစေခိုက် အခါမျိုးကို ပြောခြင်းဖြစ်တယ်။

နိဗ္ဗာန်ချမ်းသာ၏ ခံစားရချက်အရသာကို ကျမ်းဂန်သုံး စကားဖြင့် 'ဝိမုတ္တိသုခ'ဟူ၍ ခေါ်ဆိုသည်မှာ လူစည်းစိမ်၊ နတ်စည်းစိမ် ဖြစ်သော လောကီအာရုံ ကာမဂုဏ်တို့မှ လွတ်ကင်း၍ စင်ကြယ်သော၊ သန့်စင်ထူးမြတ်သော၊ စိတ်အာရုံ၌သာ ဖြစ်ပေါ်လေ့ရှိသော အရသာခံစားချက်တစ်မျိုး ဖြစ်တယ်။

မေတ္တာစေတောဝိမုတ္တိ၏ အရသာကို ဥပမာနှိုင်းယှဉ်၍ ပြရလျှင် နိဗ္ဗာန်၏ ဝိမုတ္တိသုခ အရသာ ခံစားရချက်နှင့် တူတယ်လို့ ဆိုရပါမယ်။ စိတ်အညစ်အကြေးအားလုံးမှ လွတ်ကင်းစင်ကြယ်လှသော မေတ္တာစိတ်ကို '**မေတ္တာစေတောဝိမုတ္တိ**'လို့ ခေါ်တယ်။

## မေတ္တာ၏လက်တွေ့အကျိုးများ

### သံရုံးကြီးတစ်ခုမှရာထူးလုပ္ပဲ

ရေမေတ္တာပို့၍ ခရီးရောက်ကြပုံ လက်တွေ့သိကြပြီး ဖြစ်ရပ်တွေ များစွာရှိပါတယ်၊ အနည်းငယ်ကိုပြောပြပါမယ်။

လွန်ခဲ့သော တစ်ချိန်က ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးကြီးတစ်ခုမှာ အုပ်ချုပ်ရေးပိုင်းအရေးပါသော ရာထူးကြီးတစ်နေရာအတွက် သူရထိုက်တယ်၊ ငါရထိုက်တယ်လို့ အငြင်းပွားခြင်း ဖြစ်ခဲ့ကြဖူးတယ်၊ နိုင်ငံခြားသားကြီးနှင့်မြန်မာပြည်သား ရဲရင့်စွာ ပြိုင်ဆိုင်ကြရာ လူပြောသူပြော အရပ်စကားနှင့် ရာထူးလုပ္ပဲကြီးလို့ ပြောကြတယ်၊ နိုင်ငံခြားသားကြီးနှင့် ပြိုင်ဘက်ဖြစ်တဲ့ လူရဲ့ မိခင်ကြီးက သူ့သားအကြောင်းသိရတာမကြည့်ရက်လို့ ဘုန်းကြီးဆီ စာရေးတယ်။

"တပည့်တော်မသား စိတ်မချမ်းသာ ဖြစ်နေရပါတယ်၊ မေတ္တာရှင်ဖြစ်တော်မူတဲ့ ဆရာတော်ကြီးကိုပဲ အားကိုးပါတယ်၊ ကယ်တော်မူပါဘုရား"လို့ ဖြစ်ကြောင်းစုံ စာရှည်ကြီးရောက်လာတယ်၊ လိုက်လျှော်စွာ မေတ္တာပို့ပေးတော်မူပါလို့လဲ ရေးပါသေးတယ်။

ဘုန်းကြီးအနေဖြင့် ရေမေတ္တာကို အားကိုးပြုပို့ကြရန် ညွှန်ကြားလိုက်တယ်၊ အရေးပါသူက....

၁။ အရက်သေစာ မသောက်စားရန်၊

၂။ ဖြစ်နိုင်လျှင် သက်သတ်လွတ်စားရန်နှင့် ရံခါ ဥပုသ် စောင့်ရန်၊

၃။ တစ်ဖက်သားကို ဒေါသစိတ်မထားရန်၊ မခံချင်စိတ် မာနစိတ် မထားရန် ညွှန်ကြားစာ တိုတို ပြန်ပို့လိုက် တယ်။

"ဘုန်းကြီးက အဝေးမှနေပြီး မေတ္တာပို့လွှတ်ပေးနေပါ တယ်"လို့လဲ ရေးလိုက်တယ်။ "ဘုန်းကြီးရဲ့ ဩဝါဒ နာခံ လိုက်နာလျှင် ၃-လ, ကြာသောအခါ အားလုံးအေးငြိမ်းပြီး လိုရာဆန္ဒပြည့်ဝသွားမယ်"ဆိုတဲ့ စကားတစ်ခွန်းပါ ထည့်မှာလိုက် သေးတယ်။

မကြာခင် ပြန်စာရောက်လာတယ်၊ သူ့ရဲ့သားကို ဆရာ တော်ကြီးရဲ့ စာပြတော့ အေးချမ်းစွာဖြေရှင်းကြရန် သဘောတူ ပါတယ်၊ အရက်မသောက်တတ်ပါ၊ ဥပုသ်စောင့်ပါတယ်၊ သက် သတ်လွတ်လဲ စားပါတယ် ဘုရား....တဲ့။

**တစ်လအကြာတွင်** ရောက်လာတဲ့စာက.... "အခြေအနေ ကောင်းတော့မယ်ထင်ရပါတယ်၊ နိုင်ငံခြားသားကြီး ရာထူးမှ နုတ်ထွက်၍ သူတို့ရွာနေပြန်သွားပါပြီ၊ ရန်အေးစပြုပြီ နည်းနည်း တော့ ပူပန်စိတ်လျော့သွားပါတယ်"လို့ ရေးပါတယ်၊ ရန်မဖြစ် ကြရတာ တော်ပါသေးရဲ့လို့ စိတ်ရှင်းသွားရတယ်။

**နောက်တစ်လ** အကြာတွင် ဒုတိယစာ ရောက်လာတယ်၊ သူ၏သားကို နုတ်ထွက်သွားသော နိုင်ငံခြားသားကြီးနေရာမှာ အလုပ်ခန့်မယ်ဆိုတဲ့ ပြန်တမ်းထွက်လာကြောင်း၊ အလုပ်တော့ မရသေးကြောင်း ရေးပါတယ်၊ ဆရာတော်ရဲ့ဩဝါဒကို လက်ခံ ပါတယ်၊ သက်သတ်လွတ်စားပါတယ်၊ ရံခါ ဥပုသ်လဲစောင့်ပါ တယ် ဘုရား၊ ဒါကြောင့် အတော်စိတ်အေးရပါတယ်ဘုရား....တဲ့။

သုံးလကြာပြီးသောအခါ တတိယစာ ရောက်လာတယ်၊ သူ့သား ရာထူးလက်ခံလိုက်ရပါပြီ၊ အခုမှ စိတ်ချလက်ချ ဖြစ်ရပါတော့တယ် ဘုရား၊ ကျေးဇူးအထူးတင်ရှိပါတယ် ဘုရား....လို့ နောက်ဆုံးစာအဖြစ် ရေးလိုက်တဲ့စာအရ အကြောင်းရာစုံသိရတယ်။

အေးချမ်းသောမေတ္တာရေကြောင့် ကြီးမားသောရန်ပွဲကြီး ငြိမ်းစဲသွားခဲ့တယ်၊ မေတ္တာကို သူတော်ကောင်းပညာရှိတို့ နည်းအတိုင်း အသုံးချတတ်ပါက လိုရာခရီးရောက်ကြောင်း သိစေလိုခြင်း ဖြစ်ပါတယ်။

## ကျောင်းဆရာ သုံးယောက်နှင့်တစ်ယောက်

မြန်မာပြည်မှာ ဖဆပလအစိုးရအုပ်စိုးစဉ်က ကျောင်းဆရာတွေ ပိုမိုပို့ရာစေလွှတ်ထားပြီး မေ့မေ့လျော့လျော့ နှစ်တွေကြာချင်တိုင်းကြာညောင်းလှသော်လဲ သင့်တော်ရာ ရွှေ့ပြောင်းပေးခြင်းကို အလေးမထားသော အချိန်ဆီက ဖြစ်ရပ်တစ်ခုကို ပြောဦးမယ်။

တစ်ခုသောမြို့၏ တစ်ခုသော အဆင့်မြင့်ကျောင်းမှာ ကျောင်းဆရာ လေးယောက်နှင့် ကျောင်းအုပ်ဆရာကြီးတစ်ဦး ပုံမှန်လုပ်ကိုင်လျက်ရှိကြတယ်၊ သင်တန်းညွှန်ကြားချက် အသစ်တွေ ထွက်ပေါ်လာတဲ့အခါ ညွှန်းတမ်းအခြေအနေကိုကြည့်ပြီး ဆရာကြီးက ကျောင်းဆရာအသီးသီးအား တာဝန်ကိုယ်စီခွဲတမ်းချပြီးပေးလိုက်တယ်၊ မကြာခင်ပဲ ကျောင်းဆရာ အချင်းချင်း အတွင်းရေးစိတ်ဝမ်းကွဲမှု ဖြစ်ကြတယ်၊ ဒါကို ဆရာကြီးက အခြေမှန်မသိရသေးခင် ကျောင်းအုပ်ဆရာကြီးရဲ့ တူတော်သူ ကျောင်းဆရာလူပျိုက ဆရာကြီးထံ ခွင့်တောင်းတယ်။

"ကျွန်တော် တခြားကျောင်း ပြောင်းပါရစေ"လို့ပြောတယ်။

"ဘာဖြစ်လို့ပြောင်းရမှာလဲ၊ ဒီကျောင်းမှာ ငါရှိနေသမျှ တော့၊ မင်းဘယ်ကိုမှ ပြောင်းခွင့်မပြုနိုင်ဘူး၊ ငါမထောက်ခံဘူး၊ ဒီမှာနေမြဲနေပါ၊ ဘာဖြစ်လို့ပြောင်းချင်ရတာလဲ"မေးတယ်။

တူဖြစ်သူဆရာလူရွယ်ကို အခြားဆရာသုံးယောက်က မျက် မုန်းကျိုးနေတာကို ဆရာကြီးမသိဘူး။ သူ့တူကို မျက်နှာလိုက် တယ်၊အခွင့်အရေးပေးတယ်လို့ အထင်အမြင်လွဲကြရာမှ စတင်ခြင်း ဖြစ်တယ်။ တူတော်မောင် အနေရခက်တယ်၊ ဆက်လက် နေလို စိတ် မရှိဘူး။

တစ်နေတော့ အဆိုပါစိတ်မပျော်မရွှင်ဖြစ်နေတဲ့ ကျောင်း ဆရာလူပျို ဘုန်းကြီးထံရောက်လာပြီး သူ့ရဲ့ စိတ်လက်မပျော်နိုင် ဖြစ်နေရပုံ အကြောင်းရာစုံတို့ကို ပြောပြလျှောက်ထားလို့ သိရ တယ်။

"ဒီတော့ ဘုန်းကြီးက ဘာလုပ်ရမှာလဲ"လို့ မေးတော့ သူ့ကို "စိတ်ချမ်းသာမှုရအောင် မေတ္တာပို့ပေးပါ"လို့လျှောက်တဲ့ အတွက် ရေမေတ္တာပို့နည်းကို နားလည်အောင် သင်ပြ၍ညွှန်ကြား လွှတ်လိုက်တယ်။

တစ်လကျော်ကြာလွန်ပြီးနောက် အဆိုပါ ကျောင်းဆရာ ဘုန်းကြီးထံသို့ ရောက်လာတယ်၊ သူတို့ကျောင်းမှာ အခြေအနေ ပြောင်းကြောင်း၊ ယခင်ဆရာသုံးယောက်တွင် ၂-ယောက်က တခြားသို့ပြောင်းသွားကြ၍ ကျောင်းဆရာလူသစ် ၂-ယောက် အစားထိုးပို့လွှတ်ကြောင်း၊ သူစိတ်ချမ်းသာအောင် နေလို့ရပြီ ဖြစ်ကြောင်း ကျေးဇူးတင်စကား လျှောက်သွားတယ်။

အဲဒီ ဆရာပြောပြလို့သိရတာက သူ့ကိုရန်မူနေတဲ့ ကျောင်း ဆရာသုံးဦးကို ရည်မှတ်ပြီး တုတ်ချောင်းငယ်သုံးခု ဘုရားရှေ့၌ တင်ထားသော ရေဖန်ခွက်တွင် ချစိမ်ထားလိုက်ပြီး "သူတို့၏ စိတ်နှလုံး ရေကဲ့သို့ အေးချမ်းမှုရှိကြပါစေ"လို့ စိတ်ထဲက လှိုက် လှဲစွာ မေတ္တာပို့နေသတဲ့။

ရက် သတ္တတစ်ပတ်အတွင်းမှာ ဆရာ ၂-ယောက် အချင်းချင်း စကားများကြပြီး တခြားပြောင်းခွင့်စာ တင်ကြတယ်၊ မကြာခင် တခြား ပြောင်းသွားကြတယ်၊ ကျန်နေရစ်တဲ့ ဆရာတစ်ယောက်ကတော့ "သူ မှားပါတယ်"လို့ ဝန်ခံစကားပြောကာ တောင်းပန်တယ်၊ ဒီနည်းဖြင့် အားလုံး ပြေအေးသွားကြတယ်လို့ ရေနွှင့်မေတ္တာပေါင်းစပ်ပြီး သူတော်ကောင်း နည်းဖြင့် ဖြေရှင်းခြင်း ဖြစ်တယ်။

## စာချဘုန်းကြီးသုံးပါး နှင့် တစ်ပါး

နောက်တစ်ခုက....ဘုန်းကြီးရဲ့ မိတ်ဆွေ စာချဘုန်းကြီးကလေးတစ်ပါး၊ ဟို....သင်္ဂါယနာတင်နေချိန်က.... ဘုန်းကြီးက ဆဋ္ဌသင်္ဂါယနာမှာ ဩဝါဒါစရိယအဖြစ်နဲ့ ပုဗ္ဗဝိဒေဟ ကျောင်းဆောင်မှာနေတယ်။

အဲဒီအချိန်က ပါဠိတက္ကသိုလ်တွေ မှိုလိုပေါက်နေတဲ့အခါဆိုတော့ စာချဘုန်းကြီးပေါက်စတွေ အလွန်စန်းပွင့်နေချိန်ပေါ့။ ဟိုကျောင်းတိုက်က တက္ကသိုလ်ဖွင့်ချင်၊ ဒီ ကျောင်း တိုက် က တက္ကသိုလ်ဖွင့်ချင်နဲ့၊ စာတော်တဲ့ စာချဘုန်းကြီးကလေးများကို အထူးရှာဖွေအရေးပေးပြီး မွေးကြရတယ်။

ခုနက မိတ်ဆွေစာချဘုန်းကြီးကလေးဟာ ကျောင်းတိုက်ကြီးတစ်တိုက်က ကျောင်းထိုင်ဘုန်းကြီးရဲ့ တူတော်တယ်။ ရိုးသားတယ်။ စာတော်တယ်။ အနေအထိုင်ကောင်းတယ်။ သူ့ခမျာ အေးအေးပဲနေလေ့ရှိတယ်။ သူနဲ့ လုပ်ဖော်ကိုင်ဘက်သုံးပါးက တစ်စတစ်စနှင့် သူ့ကိုရန်လုပ်ပြီး တခြားထွက်သွားအောင် လုပ်ကြတယ်။ သူ့ဦးလေး ဆရာဘုန်းကြီးက တားတာနဲ့ စိတ်ဆင်းရဲနေရပေမယ့် တခြားကို ထွက်မသွားနိုင်ခဲ့ဘူး။ အဲဒီအတောအတွင်း တစ်နေ့တော့ ဘုန်းကြီးဆီရောက်လာပြီး အကြောင်းစုံပြောပြအကူအညီတောင်းလှာတယ်။ ဒီတော့ဘုန်းကြီးက—

''ကိုယ်တော်....ဒါ.... ဘာခက်လဲ။ ဘုန်းကြီးဘဲဟာ.... မေတ္တာလက်ကိုင်ထားရုံပေါ့။ ဒါမျိုးမှာ တခြားနည်း လက်ကိုင်ထားယင် မှားရော....ကိုယ်တော်၊ မေတ္တာသာထားနိုင်မယ်ဆိုယင် ကိုယ်တော် သံသရာလည်ရမှာတောင် မကြောက်နဲ့''ဆိုပြီး ဘုန်းကြီးက 'ရေမေတ္တာ' လုပ်နည်း ပေးလိုက်တယ်။ စိတ်ချလက်ချ ယုံယုံကြည်ကြည်နဲ့ ရန်သူအပေါ်မှာ ကောင်းစားချမ်းသာစေလိုတဲ့ မေတ္တာစိတ်စစ်စစ်ကြီးဖြစ်အောင်ထားဖို့လဲ အထူး မှာကြားလိုက်တယ်။

အဲ.... မကြာပါဘူး၊ အဲဒီ စာချဘုန်းကြီးကလေးကို နှင်ထုတ်ဖို့ ရန်လုပ်နေကြတဲ့ ဘဝတူ ရန်သူသုံးပါးထဲက တစ်ပါးဟာ သူတို့ကြံစည်ပြောဆိုမိတာတွေ မှားတဲ့ကြောင်း တောင်းပန်လာတယ်။ အဲ....ကျန်နှစ်ပါးကတော့ သူတို့အချင်းချင်းပဲ ရုတ်တရက် ရန်ဖြစ်ကြပြီး အဲဒီကျောင်းက သူတို့ဘာသာသူတို့ ထွက်သွားကြရတယ်။

* ဒေါသမရှိတဲ့ ရန်သူဆိုယင် ခင်မင်လာတယ်။ တောင်းပန်ဝန်ချလာတယ်။ ဒေါသ ရှိနေသေးယင်တော့ တစ်နည်းနည်းနဲ့ အဝေးကိုထွက်သွားရတတ်တယ်။ အားလုံး ဒီပုံစံချည်းနဲ့ပဲ သွားတယ်။

## အိမ်ရှင်နှင့် အိမ်ငှားနေသူအမှုကြီး

''တစ္ဆေကို လူကပူး၊ ခွေးရူးက တုတ်ဆောင်။
နွားရှေ့ကို ထွန်ကကြူး၊ ထူးတဲ့တဘောင်။
သည်တဘောင်၊ လွတ်အောင်ရှောင်ကြ။
ကြောင်ညီနောင် ကြွက်က ချောင်းတယ်၊ ပြောင်းပြန်
ကာလ။''

ဆိုတဲ့ တဘောင်သံ စာချိုးလို ဒီခေတ်ကာလ လူလောက ဖြစ်တတ်ကြပုံကို ကြားရဖူးရာ၊ တစ္ဆေကို လူကပူးနေခြင်း၊

ကြောင်ကိုတောင် ကြွက်ကပြန်၍ ချောင်းနေကြတယ်ဆိုတာ မျက်မြင်ကိုယ်တွေ့ ဖြစ်ကြရပါဘိတယ်။

မြန်မာပြည် အလယ်ပိုင်း ဒေသဖြစ်သော မိတ္ထီလာမြို့မှာ မကြာသေးတဲ့ နှစ်အတွင်းက အိမ်ငှားနေသူက အိမ်ရှင်ကို ပြန်တရားစွဲသောအမှုကြီး တစ်ခုဖြစ်ခဲ့တယ်။ မြို့နယ်ကောင်စီရုံးမှာ တရားရှုံးတော့၊ တိုင်းကောင်စီရုံးထိ အမှုရောက်သွားတယ်။

ဖြစ်ပုံက.... အိမ်ငှားနေသူကို သုံးနှစ် စာချုပ်နှင့် အိပ်ခန်းတစ်ခုမှာ နေခွင့် ပြုထားတယ်၊ သုံးနှစ် ပြည့်တဲ့အခါ ဆက်မထားလို၍ တခြားသို့ရွှေ့ပြောင်းနေကြပါ၊ ဒီအခန်းမှာ အိမ်ငှာ မထားတော့ဘူးလို့ပြောတယ်၊ ငှားနေသူက သူတခြားမသွားနိုင်ကြောင်း အိမ်ရှင်ကို တခြားအကူအညီတွေယူကာ အကြိုတ်အနယ်တရားပြန်စွဲဆိုတဲ့ အမှုဖြစ်တယ်။

အိမ်ရှင်က မြို့နယ်ရုံးမှာ တရားဖြတ်ထုံးဖြင့် အနိုင်ရထားသော်လဲ အိမ်ငှားနေသူက မကျေနပ်နိုင်ပါ၊ သူကသာ နိုင်ရမည်ဆိုပြီး ရွှေနေတွေငှားကာ တိုင်းကောင်စီရုံးသို့ အမှုတွဲတင်ပြီး ဖွင့်ပြန်တယ်။ အိမ်ရှင်ခမျာ စိတ်မော၊ လူမောနှင့် ရွှေနေငှားရ၊ ခရီးသွားရနှင့် ငွေကုန်ကြေးကျလဲများလှပြီ ဆိုတယ်။

စိတ်ရှုပ်လှသောကြောင့် ထိုဖြစ်ရပ်ကို စာရှည်ကြီးရေးပြီး ဘုန်းကြီးဆီပို့လိုက်တယ်။ "မေတ္တာ ပို့ပေးတော်မူပါ။ စိတ်ရှုပ်ရလွန်း၍ နေမရ ထိုင်မရ ဖြစ်ရသောကြောင့်ပါ၊ ဘာလုပ်ရမှန်းမသိအောင်ဖြစ်နေလို့ပါ၊ သနားတော်မူပါ" စာရှည်ကြီးရောက်လာတယ်၊ ဤခေတ်တွင်ဖြစ်တတ်ကြသော (ကကြိုး သီချင်းဆန်းခေတ်လူငယ်တို့ ဆိုနေကြတဲ့ တီးလုံးသွားဟာမို့) ကြားရချက်မဆန်းပါ။

## ဆေးတစ်လက်နှင့် ရောဂါစုံကုသော အင်းဝ ဆရာထူး

ဘုန်းကြီးထံ မေတ္တာအကူအညီတောင်းပြန်တော့လဲပေးရမှာပါပဲ၊ရှေးကုန်းက အင်းဝက မောင်ထူးကိုယောဆရာတစ်ဦးက

ဆေးနည်း တစ်ခု ပေးသွားဖူးရောက ဘာရောဂါဖြစ်ဖြစ်၊ ဘာအကြောင်းဖြစ်ဖြစ်။ သူ့ထံလာပြီး အကူအညီ တောင်းခံလာသမျှလူကို ထိုဆေးနည်းတစ်လက်တည်းနှင့်ကုလို့ဝင်ရှားလာခဲ့တဲ့မောင်ထူးဆိုသူဟာ ဆရာထူးအဖြစ် နန်းတွင်းသမားကျော်ဖြစ်သွားရဖူးသလို ဆိုရလေမလား။

ယောဆရာပေးသွားကဲ့ ဆေးနည်းက—သဲဆပ်ပြာ ၁-ကျပ်၊ မန်ကျည်းသီးမှည့် ၁-ကျပ်၊ ဆား ၁-ကျပ်ကို နာနာနယ်ပြီး ရေနှင့် ဖျော်၍သောက်။ ၉၆-ပါးရောဂါဝေဒနာ အားလုံးပျောက်ကင်း၏....ဆိုတဲ့ နည်းဖြစ်တယ်။

အင်းဝက မောင်ထူးဟာ အဲဒီဆေးနည်းကို ဗိုက်နာသူလဲဒါသောက်ပျောက်မယ်ဆိုတယ်။ မျက်စိနာသူလာလဲ ဒါသောက်ပျောက်မယ်ဆိုတယ်၊ အစာမကြေသူ၊ လေနာသူ၊ ပန်းနာရင်ကြပ်၊ နှာစေးချောင်းဆိုး၊ ဖျားနေသူ အားလုံး ဒီဆေး တစ်လက်ပဲမှုသေပေးပြီး သောက်စေတယ်။ အားလုံးပျောက်ကင်းကြသတဲ့။ ဒါနဲ့ နွားပျောက်တဲ့သူကလဲ သူ့ရဲ့နွားပျောက်နေတာရှာမတွေ့ရလို့ ဆရာထူးကို အကူအညီတောင်းဖို့လာတယ်။ ဒီသဲဆပ်ပြာဆေးကိုပဲ အသောက်ခိုင်းလို့ သောက်ရတယ်။ ဆရာထူး ဆေးသောက်ပြီး ဝမ်းနာလာတော့ တောရွာအလိုက် ချုံထဲဝင်သွားရော၊ သူ့ရဲ့ပျောက်နေတဲ့ နွားနှစ်ကောင်ကို သူခိုးက ချုံထဲမှာ ကြိုးနှင့် ချည်ထားတာတွေ့မြင်သွားတယ်။ နွားပြန်ရတဲ့ ဆေးသိုပြီး ဆရာထူး နာမည်ကြီးသွားပြန်တယ်။

ဘုန်းကြီးကလဲ ဘုန်းကြီးထံသို့ မေတ္တာ ပို့ပေးတော်မူပါလို့ အကူအညီတောင်းတိုင်း အင်းဝကဆရာထူး၏ဆေးနည်းနှင့်မခြား၊ ဘာပဲဖြစ်ဖြစ် ရေ မေတ္တာ ပို့နည်းကိုသာ မူမပြောင်း၊ ရေလဲမသုံး၊ လက်ရိုးလမ်းစဉ်အတိုင်း ညွှန်ကြားမြဲဖြစ်တယ်။

ယခုအိပ်ရှင် အိပ်ငှားကိစ္စမှာလဲ ဘုန်းကြီးက....

“ဒေါသစိတ် မရှိရဘူးနော်၊ ဒေါသ စိတ် ငင်နေလျှင်မအောင်မြင်ဘူး၊ ကြည်လင်သောစိတ်၊ တကယ် သနားစိတ်ဝင်

အောင် မေတ္တာပို့လျှင် မိမိက နိုင်ပြီဟူ၍မှတ်ပါ ဒါလိုရင်းဖြစ်တယ်''လို့ မှာကြားချက် အထူးရေးထည့်လိုက်ရတယ်။

တစ်လကြာပြီးတဲ့အခါ ပြန်ကြားစာရောက်လာတယ်။

ဆရာတော်ကြီး၏ ညွှန်ကြားချက်အတိုင်း တပည့်တော်၏ ဇနီးက ထိုလူကို ရေမေတ္တာပို့ပေးနေရာ (၇)ရက်ကြာသောအခါ အိမ်ငှားနေသူ တိတ်တဆိတ်တခြားသို့ ထွက်ပြေးသွားပါတယ်။ ဘယ်ဆီပြေးကြောင်း သတင်း မရတော့ပါ၊ အိမ်လခ သုံးလအတွက် ပေးမသွားပါ၊ သို့သော်လဲ တရားစွဲဆိုသူ တရားလိုမရှိတော့၍ အမှုပိတ်လိုက်ရပါပြီ၊ စိတ်အေးခဲ့ပါပြီ ဘုရား''....တဲ့။

အင်းဝဆရာထူးရဲ့ လက်သုံးဆေးရိုးကြီးနှင့်မခြား ဘုန်းကြီးရဲ့ ရေ မေတ္တာလက်ရိုးကြီးကလဲ ခရီးရောက်ပါတယ်။ စိတ်ချလက်ချ သုံးစွဲကြပါ။

အဆိုပါ ရေမေတ္တာဖြင့် အိမ်နီးချင်း စောင်းမြောင်းဆဲရေးနေသူကိုလဲ နိုင်တယ်၊ မကြာမကြာ ကြွေးလာတောင်းနေသူကိုလဲ နိုင်တယ်၊ ခြိမ်းခြောက်နေတတ်သူကိုလဲ နိုင်တယ်။ သတ္တဝါတွေရဲ့ လိုအင်ဆန္ဒကလဲ ပြည့်စုံပြီမရှိဘူး၊ ဆုံးတယ်မရှိဘူး။ ဘာဖြစ်ချင်ဖြစ်ချင်၊ ဘုန်းကြီးနည်းကလဲရပါတယ်။ ဥပမာ ရာထူးမြှင့်ပေးနိုင်သူ၊ စာမေးပွဲအောင်စာရင်း ထုတ်ပေးမည့်သူ၊ နိုင်ငံခြားသဘောလိုက်ချင်သူအတွက် လိုက်ခွင့်ပေးသူကိုလဲ ရေမေတ္တာ အပို့ခိုင်းလိုက်တယ်၊ သူတို့လိုတာရ-မရတော့ မသိဘူး၊ ဘုန်းကြီးထံ နားပူတော့ သက်သာသွားတယ်။

ဘယ်အရာကိုမဆို လှိုက်လှဲသောကရုဏာစိတ် မေတ္တာစိတ်ကြီးမယ်သာဆိုယင် ရမယ်ကေန်မှတ်။ နောက်အခါလဲ ဒီနည်းကိုပဲ ညွှန်ကြားပေးမှာပါပဲ။

## သတ္တဝါအားလုံးအပေါ် စိတ်စေတနာထားနည်း

မြတ်စွာဘုရားရှင်က မေတ္တာဘာဝနာကို ဖြန့်ပွားရာတွင် သတ္တဝါအားလုံးကို ညီမျှဝေရမယ်တဲ့။

“ရဟန်းတို့၊ ရဟန်းမည်ကား ခပ်သိမ်းသောသတ္တဝါတို့၌ ဩဓိသ ပိုင်းခြားသတ်မှတ်သောမေတ္တာ၊ အနောဓိသ ကန့်သတ် ပိုင်းခြားမထား အားလုံးကုန်သိမ်းခြုံဖြန့်သော မေတ္တာနှစ်မျိုးကို ဖြန့်ကြရမယ်”တဲ့။

မိမိ၏ အကျိုးစီးပွားလိုသူ ဖြစ်စေ၊ မလိုသူဖြစ်စေ၊ ရံခါ လို၍ ရံခါမလိုသူဖြစ်စေ၊ လိုသည်လဲမဟုတ်၊ မလိုသည်လဲမဟုတ် သူ ဖြစ်စေ မိမိဘက်ကတော့ အမြဲတမ်းချမ်းသာစေလိုသောစိတ် ဖြင့် ဖြန့်ပွားရမယ်၊ နှံ့စေရမယ်တဲ့။ ပုဂ္ဂိုလ်သတ္တဝါမခွဲခြားရ။ ညီမျှသောမေတ္တာစိတ် ပုံမှန်ထား၍ နေရမယ်လို့ဟောကြားတော် မူခြင်း ဖြစ်တယ်။

## ဗြဟ္မဝိဟာရ၏ လက်တွေ့အကျိုးကျေးဇူး

ဘုန်းကြီးသည် မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ တည်းဟူသော ဗြဟ္မဝိဟာရတရား လေးပါးတို့နှင့် အပေါင်း အဖော်ပြုကာ အားကိုးရသော မိတ်ဆွေကောင်းအဖြစ် ရင်းနှီး ပြီး ပုံမှန်ပျော်မွေ့လျက် နေထိုင်လာခဲ့တာကြာပြီ၊ “လက်တွေ့ အနေဖြင့် ဘာအကျိုးထူးခြားချက်ရှိသလဲ”လို့ မေးတတ်ကြ တယ်၊ သို့ရာတွင် သာမန်မျှသာ ဖြေကြားခဲ့ဖူးပါတယ်။

ရင်းနှီးကြတဲ့ ရဟန်းပုဂ္ဂိုလ်အချင်းချင်းက အမေးအမြန်း ထုတတ်ကြမြဲဖြစ်တယ်၊ အထိုက်အလျောက် တိုတိုပဲဖြေကြားခဲ့ဖူး တယ်။ ရှည်လျားစွာဖြေကြားခဲ့ဖူးခြင်းမရှိပါဘူး။ အမှန်မှာ မိမိ၏ အတွင်းစိတ်ပင်ကို သဘာဝကိုက လျှို့ဝှက်လိုတဲ့ဆန္ဒ ဖြစ်ဟန်တူ ပါတယ်၊ အပြည့်အစုံ ရှည်လျားစွာ အချိန်ကြာကြာကြီး ပြောပြ နေချင်စိတ် ဘယ်တုန်းကမှ မဝင်စားသောကြောင့်လဲ ဖြစ်တယ်၊ ဒါကြောင့် ဟုတ်တိုင်းမှန်ရာ အကုန်အစင်ပြောပြရန် ရည်ရွယ်ချက် မရှိခဲ့ဖူးပါ။

## အရပ်ဒေသတိုင်းမှ ကြည်နူးဝမ်းသာရှိကြ

အမျှားမြင်နိုင်ကြသော အမှန်လက်တွေ့ အကျိုးတရားကို ပြောရလျှင် ဘုန်းကြီးခရီးထွက်သွားတဲ့အခါ မြန်မာနိုင်ငံ ပြည်တွင်းမှာဖြစ်စေ၊ ပြည်ပနိုင်ငံခြားမှာဖြစ်စေ၊ အရပ်ဒေသ အတော်စုံအောင် ရောက်ခဲ့ဖူးတယ်၊ လူမျိုးမရွေး၊ ဘာသာမရွေး၊အရပ်ဒေသမျိုးစုံသို့ ဘုန်းကြီးရောက်သွားလျှင် ရောက်လေရာ အရပ်ဒေသတိုင်းမှ ရဟန်းရှင်လူတို့က ဝမ်းမြောက်ကြတယ်၊ နှစ်လိုရွှင်ပျ ဝမ်းသာအားရရှိကြပုံကို ပုံသေကဲ့သို့ ထူးခြားစွာတွေ့ရမြဲဖြစ်တယ်။ ဘုန်းကြီးရောက်လာမယ်လို့ ကြိုတင် သတင်းရကြလျှင် အလွန်လိုလားစွာနှင့် စောင့်မျှော်နေတတ်ကြတယ်။ ဒါလဲ ထူးခြားချက်တစ်ခုပဲလို့ ဆိုရမယ် ဖြစ်ပါတယ်။

ဘုန်းကြီးခရီးပြန်ထွက်လာသောအခါမှာလဲ မျက်ရည်တွေတွေကျလျက် နှုတ်မြွက်တသ၊ လွမ်းဆွတ် နေရစ်တတ်ကြပုံကိုလဲ တွေ့ရမြဲဖြစ်တယ်၊ "နောင်နှစ်ခါလဲ ဆက်ဆက်ကြွခဲ့ပါဘုရား"လို့ လျှောက်ဆိုရင်း နေရစ်တတ်ကြပုံ မြင်ရတော့ သနားစရာကဲ့သို့ အကြိမ်ကြိမ်တွေ့ခဲ့ရဖူးပါတယ်။

ဘုန်းကြီး ရပ်နားတည်းခိုနေခိုက်အချိန်မှာ ဝမ်းသာကျေနပ်ကြတယ်၊ တွေ့ဆုံခွင့်ရခြင်း၊ စကားပြောဆိုခွင့်၊ မေးမြန်းခွင့်၊ အပြန်အလှန်ဆွေးနွေးခွင့်ရခြင်းကိုလဲ အားမရနိုင် မတင်းတိမ်နိုင်ရှိနေတတ်ကြတယ်၊ ဒါလဲ မေတ္တာကြောင့် ထူးခြားသလို ဖြစ်ကြတယ်လို့ထင်ရတယ်၊ ထို့ပြင် အရပ်ဒေသတစ်ခုသို့ တစ်ကြိမ်သွားရောက်ဖူးလျှင် ဆက်လက်၍ ထပ်ကာ ထပ်ကာ နှင့်စဉ်ရောက်လာစေရန်သာ တောင့်တ၍ နေတတ်ကြမြဲ ဖြစ်တယ်။

## လေးကျွန်းသနင်း စကြာမင်းကြီးကဲ့သို့

မေတ္တာရှင်တို့မည်သည် ပုံစံနှိုင်းယှဉ်ပြရလျှင် လေးကျွန်းသူ လေးကျွန်းသားတို့ရဲ့ အရှင်သခင်ဖြစ်သော စကြာမင်းကြီးနှင့်

တူတယ်လို့ဆိုရမယ်ထင်တယ်၊ ပြဟ္မဝိဟာရတရားလေးပါးနှင့်အညီ ပုံမှန်ကျင့်သုံးနေထိုင်လေ့ရှိကြသော စကြာပိုင်ရှင် စကြာမင်းကြီးများကို လေးကျွန်းသူ လေးကျွန်းသားတို့က အလွန် ချစ်ခင်မြတ်နိုးလေ့ရှိကြတယ်၊ မြတ်နိုးချစ်ခင်ကြပုံကိုပြောမယ်။

စကြာမင်းကြီး ရောက်လာမယ်ဆိုလျှင်၊ ရောက်လာတော့မယ်လို့ ကြိုတင်သိကြရလျှင် ဝမ်းသာကြည်နူး ရွှင်ပျကြလျက် "အမြန်ရောက်လာတော် မူပါစေ" လို့ တောင့်တမှု ကြီးစွာနှင့် စောင့်မျှော်နေလေ့ရှိကြတယ်။ မိမိတို့မျက်မှောက်သို့ရောက်လာသောအခါမှာလဲ အထူးအားရကျေနပ် ကြည်နူးစွာဖြင့် နှစ်လိုအားရမ်းဝမ်းမြောက်ခြင်းရှိနေတတ်ကြတယ်၊ သူတို့ဆီမှာပဲ အချိန်ကြာကြာ နေစေလိုကြတယ်။

စကြာမင်းကြီး ပြန်လည်ခရီးထွက်ခွာသွားပြီ ဆိုလျှင်လဲ နှမြောလွမ်းဆွတ်၍ ကျန်ရစ်နေတတ်ကြတယ်ဆိုတယ်။ မေတ္တာ ကရုဏာတရားနှင့် အချိန်ကြာကြာ နေလာခဲ့ပြီးသောကြောင့် ဖြစ်ပါလိမ့်မယ်၊ စကြာမင်းကြီးနှင့် လေးကျွန်းသူလေးကျွန်းသားတို့ ဆက်ဆံကြရပုံဆင်ဆင်ပဲ အချိန်အတော်ကြာကြာဆီကပဲ ဤပုံဤနည်း တွေ့ကြုံလာခဲ့ရခြင်း ဖြစ်တယ်။

## ဘုန်းကြီးကိုပျားမတုပ်ပါ

အခြားထူးခြားချက်တစ်ခုကို ပြောပါမယ်၊ ဘုန်းကြီးကို ပျားမတုပ်ပါ၊ လွန်ခဲ့တဲ့နှစ်ပေါင်း (၃၀)က ဖြစ်ရပ်တစ်ခု ယခုတိုင် ဘုန်းကြီးနေထိုင်လျက်ရှိတဲ့ တောရကျောင်း အနီးအပါးရှိ (ခန္တီနံတောင်ကြီး၏)ကျောက်တောင်ကြီး ကမ်းပါးမှာ လှည်းဘီးလောက်ရှိတဲ့ ပျားအုံကြီးတွေ နှစ်စဉ်လိုလိုလာပြီး စွဲလေ့ရှိကြတယ်၊ အကောင်ကြီးသော ပျားကြီးမျိုး ဖြစ်ကြလို့ သူတို့ တစ်ကောင်တုပ်လျှင် ဖျားတဲ့အထိ အဆိပ်ပြင်းတယ်၊ တစ်ကောင်ထက်ပို၍တုပ်လျှင် ဖျားရုံတင်မကဘူး၊လူသေနိုင်သည်အထိ အဆိပ်ပြင်းကြပါတယ်။

ထူးခြားချက်ပြစရာကဲ့သို့ ကြုံတွေ့ရပုံကတော့ တစ်နှစ်သော ဆောင်းရာသီအချိန်ကပဲ အစိုးရစိုက်ပျိုးရေးခြံမှ အလုပ်သမား ချင်းလူမျိုးအချို့က ခန္တီနိတောင်ကြီးကမ်းပါးသို့ တက်ရောက် ကာ မြက်ခြောက်တွေကို စုပုံမီးတင်ရှို့ပြီး ပျားအုံကြီးများကို ယူဖို့ ကြိုးစားကြတယ်၊ သူတို့လူသိုက်ကတော့ တောင်ကမ်းပါး တစ်နေရာမှာ ခြင်ထောင်ချပြီး ခြင်ထောင်ထဲ ဝင်ထိုင်နေကြ တယ်။

ပျားကောင်တွေက မီးခိုးမွန်တော့ စိတ်ဆိုးပြီးအုံကြွကာ အရပ်ထက်ဝန်းကျင်သို့ ရှုပ်ယှက်ခတ် ပျံသန်းကြတယ်။ တွေ့ရာ မြင်ရာ သက်ရှိအားလုံးကို တုပ်ကြတယ်၊ လူများ နွားဆိတ်များ အစက ခွေး ဝက် ကြက် ငှက် ကြောင်ပါမချန် ဒေါသကြီး စွာနှင့် လိုက်လံတုပ်လေ့ရှိကြတယ်။ အတုပ်ခံရသူတိုင်းဟာ မခံ မရပ်နိုင် ဟိုပြေးသည်ပြေး ဖြစ်ကြတယ်၊ ဂေါရခါးနွားအုပ်တွေ ဆိုယင် ယောက်ယက်ခတ် ပြေးလွှားနေကြရှာတယ်။ နွားတောင် မခံနိုင်ဘူး။

ဘုန်းကြီးနေတဲ့ တောင်ကြီးအောက်ဘက်ရှိ ကားလမ်းမ ကြီးပေါ်မှာ ခရီးသွားနေကြတဲ့ လူများ နွားများနှင့် သိုးဆိတ် များကို လိုက်လံတုပ်ကြတယ်၊ ထို့ပြင် အစိုးရစိုက်ပျိုးရေးခြံက ခြံလုပ်သား ချင်းလူမျိုး ယောကျ်ား မိန်းမအားလုံးကိုလဲ တွေ့ရာ မရှောင် သိမ်းကျုံးတုပ်ကြတယ်၊ အတုပ်ခံကြရသူတိုင်း မခံမရပ်နိုင် ပြေးလွှားကြရင်း ဆူညံနေတဲ့ လူသံတွေကြားနေရတယ်၊ ခြင် ထောင်ထဲဝင်နေကြတဲ့ ပျားဖွပ်သမားများကိုလဲ ပျားတွေက ဝင်တုပ်ကြတယ်။

အဆိပ်ပြင်းတဲ့ ပျားကြီးမျိုး ဖြစ်တဲ့အတွက် တုပ်ချက် အများဆုံးခံကြရတဲ့ ပျားဖွပ်သမားတစ်စုမှာ ဆေးရုံတင်ပို့ပြီး ကုသယူကြရတယ်၊ အဲဒီအချိန် ဘုန်းကြီးလဲ ထောင်ပေါင်း များစွာသော ပျားကောင်တွေ ရှုပ်ယှက်ခတ် ပျံသန်းနေကြတဲ့ ကောင်းကင်ပြင်အောက်မှာ အနေမပျက် အခြေမပျက် သွား

လာလှုပ်ရှားနေမြဲနေခဲ့တယ်။ ဘုန်းကြီးကို ပျားတစ်ကောင်မျှ မတုပ်ပါ၊ အဖြစ်မှန်ကို ချင်းလူမျိုးများရော၊ ဂေါ်ရခါးဒကာများပါ ကိုယ်တိုင် မြင်တွေ့ကြရတော့ ထူးခြားလိုက်တာလို့ အံ့သြခဲ့ကြရဖူးတယ်။

## ပဆုပ်ပနိပျားလဲ မတုပ်ပါ

ထိုနည်းအတူ ပဆုပ်ပနိပျားမျိုးလဲ မတုပ်ပါ၊ အာသံပြည်နယ်ခြားတောင်စဉ်တလျှောက် လှည့်လည်နေခဲ့စဉ်က တစ်နေ့တော့ ဘုန်းကြီးက (၇)ရှာဆိုင်ဗိုလ်တဲမှာ ကျောင်းအဖြစ် ဝါဆိုလျက် ရှိတယ်၊ အဲဒီ အနီးအနားမှာ အစိုးရမူလတန်းကျောင်းတစ်ကျောင်းလဲရှိတယ်၊ ကျောင်းဝင်းအနီးရှိ တောင်ရိုးဆီးချုံတစ်ခုမှာ ပဆုပ်ပနိပျားအုံကြီး ရှိနေတယ်၊ ဆီးသီးဆွတ်ယူစားကြတဲ့ ကျောင်းသားများကို ပျားကောင်တွေက ထွက်ပြီးတုပ်ကြတယ်။

အဲဒီပျားမျိုးကို အချို့ဒေသမှလူများက 'ပတုံးပနီ'လို့ခေါ်ဆိုကြတယ်၊ အရောင်အဆင်းနီနီ၊ ပျံသန်းပုံ မြန်ဆန်တယ်၊ အရည်မတည်သော ပျားအုံငယ်မျိုး ဖြစ်တယ်၊ ထိုပျားဘုပ်လျှင် နာလွန်းလို့ မခံမရပ်နိုင်ကြဘူး၊ အော်သူအော် ငိုသူငိုပြီး ပြေးလာတတ်ကြပုံကို မကြာခဏမြင်နေရတယ်။တစ်နေ့တော့ ဘုန်းကြီးကို ပျားမတုပ်ကြောင်းပြောရာ အချို့ကမယုံချင်ကြဘူး၊ ဒါနဲ့ "ဆီးချုံအနီးကပ်ပြီး ရပ်ပြမယ်"လို့ ပြောတော့ လက်တွေ့သိမြင်ချင်နေကြတဲ့ ကျောင်းသားအများက ဘုန်းကြီး နောက်က ဝိုင်းအုံပြီးလိုက်ပါလာကြတယ်။

ပျားအုံရှိတဲ့ဆီးချုံနှင့် ခဲတပစ်လောက်အကွာနေရာ ရောက်တယ်ဆိုယင်ပဲ ပျားကောင်တွေ ပျံထွက်လာကြပြီး ဘုန်းကြီးနောက်က ကျောင်းသားများကို ဒလကြမ်းတုပ်လို့ အော်ဟစ်ပြန်ပြေးသွားကြတယ်။

ဒါကြောင့် ဘုန်းကြီးတစ်ပါးတည်း ဂူမြောက်ရှေ့တိုး သွားပြီး ဆီးချုံအနီးမှာ ကြာကြာရပ်ကြည့်နေသော်လဲ ပျား တစ်ကောင်မှ မတုပ်ကြပါဘူး။ ဒီတော့မှ ကျောင်းသားအများ က လက်တွေ့မြင်ကြရပြီး အံ့သြခြင်းဖြစ်ကြရတယ်၊ "ဆေးကောင်း ရှိလို့ နေမှာပါ"လို့ ပြောသူလဲရှိတယ်။

## ခွေးလဲ မကိုက်ပါ

ဘုန်းကြီးကို ပျားမတုပ်သလို ခွေးများလဲ မကိုက်ကြပါ၊ အလွန်ဆိုးသောခွေးဖြစ်စေကာမူ ဘုန်းကြီးက ရဲရဲရပ်ပြဖူးတယ်၊ လူစိမ်းဖြစ်လျှင် တွေ့ရာမရှောင် ကိုက်လေ့ရှိတဲ့ ခွေးဆိုးများက တောင် ဘုန်းကြီးကို မကိုက်ကြပါ၊ အနည်းငယ် ဟောင်ရုံသာ ဟောင်ပြီး ဘေးရှောင်ဖယ်သွားတတ်ကြပုံ သတိပြုကြည့်မိတယ်။

ဘုန်းကြီးကို တကယ်မကိုက်တာ ဟုတ်မဟုတ် သိချင်လို့ ရဲရဲရပ်ပြဖူးတယ်၊ ခွေးအချို့က ခေတ္တဟောင်တဲ့ပြီး အမြီးနှံ့ကာ ဘုန်းကြီးရှေ့မှာ ရပ်လျက်ဖြစ်ဖြစ်၊ ဝပ်လျက်ဖြစ်ဖြစ် နေရင်းက ဘုန်းကြီးမျက်နှာကို မော့ကြည့်နေတတ်ကြတယ်၊ ခွေးအများကမူ မကိုက်ရုံသာမက ဘုန်းကြီးအနားကိုတောင်မလာဘဲ ဘာသိဘာ သာပင် အေးဆေးစွာနေတတ်ကြတယ်၊ ဒါကြောင့် ဘယ်ခွေး မျိုးကိုမှ ဘုန်းကြီးမကြောက်ပါ။

## တောမီးလဲ မလောင်ပါ

မေတ္တာအကျိုး (၁၁)မျိုးတွင် မီးမလောင်ကြောင်းပါရှိ ရာ မီးကကွင်းရှောင်ကြပုံ လက်တွေ့ထူးခြားချက် တစ်ခုအဖြစ် ပြောရဦးမယ်၊ ဘုန်းကြီးရဲ့ ကျောင်းပရိဝုဏ်အတွင်းမှာ တောရိုင်း သစ်ပင်အများရှိသော်လဲ တောမီးမလောင်ခဲ့ပါ။

ဘုန်းကြီးအမြဲနေတဲ့ ကျောင်းသင်္ခမ်းဟာ ပေ(၇၀၀၀) ကျော်မြင့်တဲ့ တောအုပ်ကြီးအတွင်းမှာဖြစ်ပြီး နွေရာသီရောက်ပြီဆိုလျှင် နှစ်စဉ် တောမီးဟာ့ကြ သုံးဘက်၊ တစ်ခါတစ်ရံ လေးဘက် လေးတန်မှ ကြောက်မက်ဖွယ်ရာ အဟုန်ပြင်းစွာနှင့် လောင်လေ့ရှိကြတယ်။

သို့သော်လဲ ဘုန်းကြီးရဲ့ ကျောင်းဝိုင်းစည်းရိုး ပရိဝုဏ် အပိုင်းအခြား (ခြံစည်းရိုး) နယ်စပ်ရောက်လျှင် လူတစ်စုံ တစ်ယောက်မျှ မတားဆီးရပါဘဲလျက် လောင်လာနေသော တောမီးများက သူ့ဘာသာအလိုလို ငြိမ်းသွားလေ့ရှိကြတယ်၊ ရပ်ဝေးရပ်နီး ခရီးထွက်နေရခိုက်အခါ ခရီးသွားနေဆဲ တောမီးတွေ ပတ်ဝန်းကျင်ကို ဝိုင်းရံလောင်တားပုံကို နှစ်တွေအတော်များများ အချိန်တွင် မြင်ရဖူး၊ ကြုံတွေ့ရဖူးပြီး ဖြစ်တယ်။

ထို့ကြောင့် ရပ်ဝေး၌ ခရီးသွားနေရရင်း "ငါ့ကျောင်း တောမီးမှ လွတ်ပါမည်လား" ရံခါတွေးဆမိဖူးတယ်၊ မိမိနေမြဲ ကျောင်းသို့ပြန်ရောက်၍ အခြေအနေကိုမြင်ရသောအခါ ကျောင်း ပရိဝုဏ်ကို ဝိုင်းရံထားသော ခြံစည်းရိုးကို ဦးတိုက်ပြီး ပတ်ပတ်လည် အပြင်ဘက်မှာပဲ တောမီးများငြိမ်းသွားကြပုံ သဃံဇာတ အခြင်းအရာကို အံ့သြဘွယ်ရာ တွေ့မြင်ရမြဲဖြစ်တယ်။

အမှန်အံ့သြထိုက်သည်မှာ ဘုန်းကြီးနေတဲ့ တောရကျောင်း (ကျောင်းသင်္ခမ်း)သည် သစ်ပင်ကြီးငယ်တွေ ထူထပ်ဝိုင်းရံလျက်ရှိသော တောအုပ်ကြီးအတွင်း၌ရှိရာ မြေပြင်ကွက်လပ် ပြောပြလောက်အောင်မရှိပါ၊ တောအုပ်လဲ တစ်ဆက်တည်း၊ ချုံနွယ်ပိတ်ပေါင်းများလဲ တစ်စပ်တည်း၊ မြက်ခြောက် တောကြီးလဲ တစ်စပ်တည်း၊ ကြွေကျလျက်ရှိကြသော သစ်ရွက်ခြောက်များလဲ ရောထွေးယှက်တင်ကာ တစ်စပ်တည်းရှိနေကြတယ်။

သဘာဝအတိုင်းဆိုလျှင် တောမီးငန်းစပ်ကြီးသည် တစ်ဆက်တည်းသာ တောက်လောင်လာဘွယ်ရာ ရှိတယ်၊ ဆက်တိုက်ကြီးလောင်နိုင်တယ်၊ ဆက်တိုက်မလောင်ဘဲ ထူးထူးခြားခြား သူ့သဘောအတိုင်းပင် အလိုအလျောက် ရပ်တန့်၍ငြိမ်းသွားတတ်ကြပုံ သဘာဝကိုတော့ အမှန်ပင် ထူးခြားလွန်းပါဘိတယ်၊ ဒါကြောင့် အသက်မရှိသော တောမီးကိုပင် သစ္စာရှိလှတယ်လို့ ဆိုရမလိုထင်မိတယ်။

## နတ်များက ချစ်ခင်ကြည်ညိုကြပုံ

မေတ္တာအကျိုး(၁၁)မျိုးတွင် နတ်များကချစ်ခင်ခြင်းဟူ၍ တစ်ပါးပါရှိရာ လက်တွေ့အရ ဟုတ်မှန်ကြောင်း တွေ့ရတယ်၊ မေတ္တာ ဗြဟ္မဝိဟာရပွားများခြင်း မြဲမှုကြောင့် နတ်များကလဲ ချစ်ခင်ကြည်ညို၍ နေကြဟန်တူကြောင်း ကိုယ်တွေ့အများထဲမှ တစ်ခုပြောရဦးမယ်။

ဘုန်းကြီး ယခုနေထိုင်လျက်ရှိတဲ့ တောရ ကျောင်းသခ်မ်းအနီး ခန္တီနှံ်တောင်မြင့်ကြီးရှိရာ ကျောက်တောင်ကြီးပေါ်၌ ဘုမ္မစိုးနတ်ကြီးရှိကြောင်း သိရတယ်၊ သိသာအောင် ထင်ရှားပြဖူး၍ သိရခြင်းဖြစ်တယ်၊ ဘယ်လို ထင်ရှားပြတယ်ဆိုတာ ဤနေရာ၌သာ ပွင့်ပွင့်လင်းလင်း ဘုန်းကြီးပြောပြမယ်။

## တောင်စောင့်နတ်ကြီးက ဖြ-ကြိမ်လာတယ်

လွန်ခဲ့တဲ့ နှစ်ပေါင်း (၃၀) ကျော်အချိန်က ယခုလက်ရှိနေထိုင်ရာမှာ ဂေါရခါးဒကာများက ကျောင်းဆောက် လှူခဲ့ကြတယ်၊ ကျောင်းပုံဟန်က ဆင်းရဲသား ဂေါရခါး နွားကျောင်းသားတို့ရဲ့ ရပ်ဓလေ့အတိုင်း သူတို့တတ်နိုင်သမျှ မြက်မိုးနှင့် ရွှံ့မြေ ထရံကာတဲ့ ကျောင်းဖြစ်တယ်။ စိနည်း ပါဠိတော်သုံးစကား

နှင့် ပြောရလျှင် 'ဥလ္လိတ္တာဝလိတ္တ=အကွင်းအပြင် မြေသရွတ် လိပ်း ကျံတဲ့ ကျောင်း' ပေါ့။

အဲဒီ ကျောင်းမှာ ဘုန်းကြီးနေထိုင်လို့ (၃) နှစ်မြောက် အရောက်မှာ တွေ့ကြုံရတဲ့ဖြစ်ရပ်ထူးဖြစ်တယ်၊ ကျောက်တောင်ကြီး ပေါ်မှာ နေတဲ့ တောင်စောင့်နတ်ကြီးဟာ ညချမ်းအခါ ဝတ်ဖြူ စင်ကြယ်နှင့် ပကတိသော လူအသွင်ဖြင့် ဘုန်းကြီးထံ ၆-ကြိမ် တိုင်တိုင် လာရောက်ဖူးပါတယ်။

"အခြားအရပ်ဒေသသို့ ကြွမသွားပါနှင့်။ ဤတောင်၌သာ အမြဲသီတင်းသုံးနေတော်မူပါ" လို့ တောင်းပန် လျှောက်ထား တယ်၊ သူသည် ဗမာစကားဖြင့် သူက "အမြဲစောင့်ရှောက်နေသွား ပါမယ်"လို့လဲ ဝန်ခံချက် စကား ကတိ ပေးသွားပါသေးတယ်၊ (၆) ကြိမ်လာသည် ဆိုရာမှာ နေ့ရက်ဆက်တိုက်လာခြင်း မဟုတ် ပါ၊ တစ်ကြိမ်လာပြီးနောက် ရက်အတန်ငယ်ခြားပြီးမှ လာလေ့ ရှိတယ်။

တောင်စောင့် နတ်ကြီးဟာ ညချမ်း အချိန်ကာလ၌သာ ပုံမှန်လာတတ်ပါတယ်။ နံနက်ပိုင်းအချိန်၊ နေ့အချိန်မျိုးမလာ ပါ။ ဘုန်းကြီးထံသို့ သူလာသောအခါတွင် သာမန်လူတစ်ယောက် ကဲ့သို့ ဝတ်ဖြူစင်ကြယ်ဝတ်လျက် ရင်းနှီးနေပြီး ဂေါရခါး ဒကာ လိုလို ရောက်လာတတ်တယ်၊ ဘုန်းကြီးက စင်္ကြံလျှောက်ပြီး ပရိတ် ရွတ်နေစဉ် သူပါ အနီးကပ်၍ လမ်းလျှောက်ရင်း လိုက်ပါတတ် တယ်။

ထူးပုံက.... ဘုန်းကြီးထံက ပြန်ခါနီးလျှင် မတ်တတ်ရပ်ပြီး ရှိခိုးလေ့ရှိတယ်၊ ရှိခိုးပြီး ပြန်သွားတဲ့အခါ ကျောင်းရဲ့မြောက် ဘက် ခင္ဂိန်တောင်ကြီးဆီသို့ ခြေလျင် လျှောက်သွားတတ်တယ်။ ဘုန်းကြီးထံသို့ သူလာတဲ့အခါ ကျောင်းရဲ့ တောင်အရပ် ဂေါရ ခါးရွာဆီက တက်လာမြဲဖြစ်တယ်၊ ပုံမှန်သည်လမ်းအတိုင်းလာပြီး သည်လမ်းအတိုင်းပြန်သွားလေ့ရှိတယ်။

## ထူးခြားသော အလင်းအရောင်

တောင်စောင့်နတ်ကြီး ဘုန်းကြီးထံလာရှိခိုးပြီး ထွက်ခွါသွားလို့ ခန္တီနီတောင်ကြီး ခြေရင်းတောအုပ်ကြီးအထဲ ရောက်သွားတယ်ဆိုယင်ပဲ ထူးခြားလှတဲ့ အလင်းရောင်ကြီး ဝင်းထိန်လာပုံတွေ့မြင်ရတော့တာပဲ။ အလင်းရောင်ကြီးမှာ အောက်လင်း ဓာတ်မီးကြီး အလင်းထက်မကဘူး၊ တစ်တောလုံး တစ်တောင်လုံး ဝင်းပြီးထိန်နေတယ်၊ အလင်းရောင်လွှတ်ကာ တောင်မြင့်ကြီးပေါ်သို့ တဖြည်းဖြည်း မြင့်တက်သွားပုံမြင်ရပြီး ပျောက်ကွယ်သွားတတ်တယ်။

ထိုအချင်းအရာကိုတွေ့မြင်ရခါမှ ငါ့ထံသို့ ယခုလာပြီး ပြန်သွားသူ ဒကာသည် အခြားသူမဟုတ်၊ တောင်စောင့်နတ်ကြီးပင်ဖြစ်ကြောင်း ဘုန်းကြီးကို သိစေလိုသောကြောင့် နတ်တို့၏ ပရိယာယ်ဖြင့် ပြသွားခြင်းဖြစ်တယ်လို့ နားလည်ရပါတယ်၊ ဒီတောင်စောင့်နတ်ကြီးက ဘုန်းကြီးကိုယ်စား ဟိုဟိုသည်သည်၌ အိပ်မက်များပေးခြင်း၊ ဘုန်းကြီးရဲ့ပုံသဏ္ဌာန် ကိုယ်ဟန် အချင်းအရာနှင့် မခြား ထပ်တူဖန်ဆင်းပြီးတော့လဲ အရပ်တစ်ပါး နေရာအတော်များများမှာ ရုံခါသွားပြီး ကိုယ်ဟန်ပြတတ်သေးတယ်၊ သူ့ရဲ့ စေတနာတွေဟု ထင်ပါတယ်။

## တောတွင်း ဝိဇ္ဇာဓိုရ်များ ဖူးမြော်လာကြတယ်

ထို့ပြင်ထူးခြားချက်ကို ပြောရလျှင် တောတွင်းဝိဇ္ဇာဓိုရ်များနှင့် သုံးကြိမ်တွေ့ရဖူးခြင်းဖြစ်တယ်၊ နံနက်စောစော အရုဏ်ဦး အချိန်မှာ သူတို့က ဘုန်းကြီးနေမြဲကျောင်းသင်္ခမ်းတွင်းသို့ ဝင်ရောက်လာပြီး တွေ့ဆုံခြင်းဖြစ်တယ်။

ဘုန်းကြီးက နံနက်စောစောတောအုပ်ထဲမှ ကျေးငှက်တွေ အော်မြည်တွန်ကျူးသံကို နားထောင်ရင်း အိပ်စက်နေရာမှနိုးလာလျှင် တရားနှလုံးသွင်း နေလေ့ရှိတယ်၊ ဥတုသုံးလီ အမြဲပုံသေ

ချမ်းအေးလှတဲ့တောင်မြင့်ကြီးဒေသဖြစ်တဲ့အတွက် အိပ်ရာမှနိုးနေသော်လဲ မထသေးဘဲ အိပ်ရာပေါ်၌ လဲလျောင်းပြီး စောင်ထူထူခြုံလွှမ်းလျက်ပင် ဗုဒ္ဓါနုဿတိ၊ အာနာပါနဿတိဖြစ်စေ၊ မေတ္တာကရုဏာ ဘာဝနာကိုဖြစ်စေ တစ်မျိုးမျိုးကို နှလုံးသွင်းပွားများနေမြဲဖြစ်တယ်။

သည်နည်းအတိုင်း အိပ်ရာပေါ်မှာလဲလျောင်းပြီး မေတ္တာဘာဝနာကို ဖြန့်ပွားနေခိုက်၊ ဝိဇ္ဇာခိုရ်များက ကျောင်းသခ်မ်းတွင်းသို့ ဝင်ရောက်လာကာ ဘုန်းကြီး၏ အိပ်ရာခုတင်အနီးသို့ ချဉ်းကပ်ပြီး တွေ့ဆုံကြခြင်း ဖြစ်တယ်၊ စောင်ကလဲ ခြုံထားပြီး မျက်လုံးဖွင့်ကြည့်နေတာလဲ မဟုတ်တော့ ဘယ်ပုံဝင်ရောက်လာကြတယ်ဆိုတာကို မမြင်မသိလိုက်ရဘူး။

## ဝိဇ္ဇာခိုရ် ဦးကျော်....တဲ့

ပထမအကြိမ်တွေ့ရသူက ဝတ်ဖြူစင်ကြယ်နှင့် အရပ်မြင့်မြင့် ပိန်ပိန်ပါးပါး ဦးကျော်ဆိုသူဖြစ်ကြောင်းသူကိုယ်တိုင်က ''တပည့်တော် ဝိဇ္ဇာခိုရ် ဦးကျော်ဖြစ်ပါတယ်''လို့ လျှောက်လို့ သိရတယ်၊ နှုတ်ဆက်စကားပြောရင်း ဘုန်းကြီးနေတဲ့ ခုတင်နံဘေးသုံးတောင်ကွာလောက်မှာ ရပ်ပြီးနေတယ်။

ဘုန်းကြီးက လဲလျောင်းရာကနေ ကိုယ်အထက်ပိုင်းစောင်ခြုံလှပ်ပြီးထိုင်တယ်၊ ကိုယ်အောက်ပိုင်းမှာတော့ ခြုံမြဲခြုံထားပြီး ခြေဆင်းလျက်ပင် စကား ပြန်မေးလိုက်တယ်၊ မကြုံဖူးသေး၍ အံ့ဩစွာနှင့်....

ဘုန်းကြီး။ ။''ဩော်....ဝိဇ္ဇာခိုရ် ဦးကျော်လား၊ ဘာကိစ္စရှိပါသလဲ။

ဦးကျော်။ ။ဖူးမျှော်ချင်လို့လာတာပါ၊ ဆရာတော်က အလိုရှိလျှင် ညာဘက်ပေါင်တစ်ဖက်ချင်း မနာမကျင်စေဘဲ အရင်းက ဖြတ်ပြီးလဲယူကြမယ်။ နောက်

တစ်ခဏချင်း ပုံမှန် ပကတိအတိုင်း ဖြစ်သွားမှာပါ’လို့ ထူးထူးဆန်းဆန်း ပြောပါတယ်။

ဘယ်လိုမှ မမျှော်လင့်တဲ့စကားဖြစ်နေလို့ ရုတ်တရက် အံ့အားသင့်ပြီး ဘာပြောရမှန်း မသိဘူး၊ ခေတ္တမျှစဉ်းစားပြီး “ဝိဇ္ဇာကြီးရဲ့ ပေါင်ကြည့်ပါရစေ”လို့ပြောတော့ သူ့ရဲ့ပေါင်ကို လှန်ပြတယ်၊ ထိုးကွင်းမှင်ကြောင်တွေအပြည့်ထိုးထားတဲ့ ရှေးခေတ်လူကြီးတစ်ယောက်ရဲ့ ပေါင်ပုံစံကို မြင်ရတယ်။

သူ့ရဲ့ပေါင်မှာ ထိုးကွင်းတွေထိုးထားပုံက များလွန်းတယ်၊ ဒူးဆစ်အောက်တောင် ကျော်နေတာကိုမြင်ရတယ်။ ‘လူမြင်လွယ်မယ်၊ လဲလှယ်ဖို့ကောင်းမယ်မထင်ပါဘူး’လို့ စိတ်ထဲက စဉ်းစားနေစဉ်မှာပင် သူ့ရဲ့စိတ်က သိသွားပုံရတယ်၊ “မလဲချင်လဲနေပါ” ဆိုပြီး သူ့စကားကို ရုပ်သိမ်းသွားတယ်။ ဆက်လက်ပြီး ပြောပုံက….

ဦးကျော်။ ။ဒီမှာနေရတာ ပျော်ပါရဲ့လား။

ဘုန်းကြီး။ ။ပျော်ပါတယ်။

ဦးကျော်။ ။ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းကို ပွားများပါသလား။

ဘုန်းကြီး။ ။ဟုတ်ပါတယ်၊ ဘုန်းကြီးငယ်ရွယ်စဉ် သာမဏေဘဝ စစ်ကိုင်းတောင်ရိုး မဟာသမယချောင်မှာ နေတုန်းကတည်းက ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းကို စတင်ပွားများလာခဲ့တယ်။ခုတော့ ပိုပြီး ရင့်ကျက်လာနေပါတယ်။

ဦးကျော်။ ။ဗုဒ္ဓါနုဿတိကို ဆက်လက်၍ ပွားများအားထုတ်တော်မူပါ။ ဒီတောကြီး တောင်ကြီးတွေပေါ်မှာ ဗုဒ္ဓါနုဿတိဘာဝနာပွားများသူမရှိကြပါ၊ ဆရာတော်တစ်ပါးသာရှိပါတယ်၊ တောတောင် အားလုံး သာယာ ကြည်လင်နေပါတယ်၊ တောတောင်စောင့်နတ်များရော၊ နတ်သိကြားများရော

ဝပ်းသာအားရ ဖြစ်ကြရပါတယ်၊ ဒါကြောင့်
ဆရာတော်ကြီးကို အထူးကြည်ညိုချင်ကြပါတယ်။
တောတောင်တွင်း နတ်တွေက ဆရာတော်ကြီးရဲ့
ပရိတ်ရွတ်ဆိုသံကို အမြဲ ကြားနာနေချင်ကြပါ
တယ်၊ ဒီနေရာ၌ အမြဲ နေတော်မူပါ၊ တပည့်တော်
ကို နွှင်ပြုတော်မူပါလို့ လျှောက်ပြီး—

ထိုနေရာမှထွက်ခွာသွားသလို ထင်ရကာ တစ်ခဏခြင်း ပျောက်သွားတာကို သတိပြုမိလိုက်တယ်။

ထိုအချိန်၏နောက်ပိုင်းမှာ "မနာမကျင်စေရပဲ ပေါင်ရင်းကဖြတ်ရ၍လဲကြမယ်၊ နောက်တစ်ခဏချင်း ပကတိပုံမှန်အတိုင်း ဖြစ်သွားမှာပါ"ဆိုသော စကားဆန်းကိုကြားရစဉ် ရုတ်တရက် ဘာဆိုလိုကြောင်း နားမလည်၍ ဘုန်းကြီးက သဘောမတူသော ကြောင့် မလဲဖြစ်ကြပါ၊ အကယ်၍လဲဖြစ်ကြလျှင် ဘုန်းကြီး ခုလောက်ဆို ဝိဇ္ဇာဓိုရ် ဘုန်းကြီးဘဝ ရောက်သွားရမည်ကို မှန်းဆနေမိတယ်။

ဒါပေမယ့် ဘုန်းကြီး ဆန္ဒမရှိပါ။

"ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းကို ပွားများနေပါသလား" မေး၍၊ "ဟုတ်ပါတယ် ငယ်ရွယ်စဉ် သာမဏေဘဝ စစ်ကိုင်းတောင်ရိုး မဟာသမယချောင်၌ နေစဉ်ကပင် ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းကို စတင်ပွားများလာခဲ့တယ်၊ ခုတော့ပို၍ရင့်ကျက်လာနေပါတယ်" ဖြေကြားတဲ့အခါ ဆက်လက် ပွားများနေသွားရန် တိုက်တွန်းသွားပုံကိုပါသတိပြုစဉ်းစားရင်း စိတ်ဝင်စားနေမိတယ်၊ ဝိဇ္ဇာမျာ:ဟာ ဗုဒ္ဓါနုဿတိဘာဝနာကို ကြည်ညိုအားကိုးပြုနေလေ့ရှိကြသောကြောင့်ဖြစ်မယ်။

ထူးတာက အဲဒီအချိန်မှာ ဘုန်းကြီးရဲ့ ကျောင်းသင်္ခမ်းအတွင်း၌ မီးမလင်းသေး၍ မှောင်နေဆဲဖြစ်တယ်၊ သို့သော်လဲ ဝိဇ္ဇာကြီး ဦးကျော်ကို နေ့ခင်းအခါကဲ့သို့ ကောင်းစွာ မြင်နေရ

တယ်၊ တစ်စုံတစ်ရာ မီးထွန်းထားခြင်းလဲမရှိပါ။ သူပြန်သွားတဲ့နောက် ဘုန်းကြီး ခုတင်ပေါ်ကဆင်းပြီး ကျောင်းအပြင်ထွက်မယ်လုပ်တဲ့အခါ ကျောင်းတံခါးပေါက်ဟာ ဘုန်းကြီး ညဦးက ပိတ်ထားတဲ့အတိုင်း အခြေအနေ မူမှန်ရှိနေပုံ တွေ့မြင်ရတယ်၊ ဝိဇ္ဇာကြီး ဦးကျော် ကျောင်းတံခါးမဖွင့်ရဘဲ ကျောင်းထဲဝင်ရောက်လာခြင်းဖြစ်ကြောင်း နားလည်လိုက်ရတယ်။

## ဟိမဝန္တာ တောတွင်း ဝိဇ္ဇာဗိုလ်

အဲသည်နောက် ဒုတိယအကြိမ် ဟိမဝန္တာ ဝိဇ္ဇာဗိုလ် ၂-ယောက် ရောက်လာကြတယ်၊ နံနက်စောစော အရုဏ်ဦးအချိန်ပင်ဖြစ်ရာ ယခင် ဦးကျော်ကဲ့သို့ ဘုန်းကြီးအိပ်ရာခုတင်နဘေး၌ရပ်လျက်သား ရောက်နေကြပုံကိုတွေ့မြင်ရတယ်၊ သူတို့ရဲ့ ရုပ်သွင်ပုံသဏ္ဌာန်က ဟိမဝန္တာတောကြီးထဲမှာ နေထိုင်လေ့ ရှိကြတဲ့ တောလူနှင့်တထေရာတည်း ပုံဟန်တူကြတယ်။

သူတို့ရဲ့ အရပ်အမောင်း နိမ့်ကြတယ်၊ အသားအရောင်နီတယ်၊ နူးညံ့သောအသားအရေရှိကြတယ်၊ တစ်ယောက်ကိုသူရဲ့လက်မောင်းကိုင်ဆုပ်ကြည့်လိုက်တယ်၊ ကြည်လင်သော မျက်လုံးကလေးများနှင့် ဘုန်းကြီးကို အနီးကပ်ပြီး ကြည့်နေကြပုံဟာအလွန်ချစ်ခင်မှုကြီးနေတဲ့ပုံဟန်ပန် ပြခြင်းဖြစ်ကြတယ်၊ သူတို့ရဲ့ကိုယ်မှာတော့ အဝတ်မပါကြပါ။ သို့ရာတွင် နူးညံ့တဲ့အမွေးနုကလေးများ တစ်ကိုယ်လုံး ဖုံးလွှမ်းထားလို့ ဟိရိဩတ္တပ္ပ လုံခြုံနေကြတယ်။

သူတို့က ဟိန္ဒူစတန်နီစကားဖြင့် ရင်းနှီးစွာပြောဆို မေးမြန်းကြတယ်၊ "ဘာကိစ္စလာကြသလဲ"လို့ မေးကြည့်ရာ "ဖူးတွေ့ချင်လို့ပါ"လို့ ဖြေကြတယ်၊ တစ်စုံတစ်ရာ ပေးလှူသွားခြင်းမရှိပါ။ ဝိဇ္ဇာ ဦးကျော်ကဲ့သို့ပင် "ဗုဒ္ဓါနုဿတိ ပွားများပါသလား" မေးလျှောက်ပြီး ဒီမှာပဲ အမြဲနေထိုင်ရန် လျှောက်ထားကြတယ်။

မတ်တပ်ရပ်ရှိခိုးနှုတ်ဆက်ပြီး ပြန်သွားကြတယ်၊ ဝိဇ္ဇာကြီး ဦးကျော် လာရောက်ပြီး နောက်တစ်နှစ်နီးပါးအကြာတွင် လာကြခြင်းဖြစ်တယ်။ သူတို့လာတွေ့သောနေ့ရက်ကို ဒိုင်ယာရီတွင် ရေးထားပြီးဖြစ်တယ်။

## စစ်ပိုလ်ဝိဇ္ဇာ

အဲသည်နောက် တတိယအကြိမ်လာသူကတော့ ယခုခေတ်မြန်မာစစ်ဗိုလ်ဝတ်စုံ အပြည့်အစုံဝတ်ဆင်ထားပြီး ဗမာစကားပြောသူဖြစ်တယ်၊ နံနက်စောစော အရုဏ်ဦးအချိန်မှာ ကောင်းကင်မှ ကြိုတင်ပြီး ရဟပ်ယာဉ်သံကြားရလို့ ဘုန်းကြီးကျောင်းပြင်ဘက်ထွက်ကြည့်နေခိုက် ထူးခြားစွာ ကောင်းကင်မှ အထင်အရှား လူကိုယ်ချည်း (ရဟပ်ယာဉ်မပါ) သက်ဆင်း ရောက်လာတာကို တွေ့ရတယ်၊ ကျောင်းအပြင် မြေပြင်ပေါ်မှာပဲ မတ်တပ်ရပ်၍ ရှိခိုးပြီး နှုတ်ဆက်တယ်။

"ဆရာတော်ဦးဥတ္တမဆိုတာ အရှင်ဘုရားဟုတ်ပါသလား" လို့ မေးလို့ ဟုတ်ကြောင်းဖြေပြီး 'ဘာကိစ္စရှိပါသလဲ'လို့ ဘုန်းကြီးက မေးတော့ "ဖူးတွေ့ချင်လို့ပါ"လို့ လျှောက်တယ်၊ "ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း စီးဖြန်းပါသလား၊ ဆက်ပြီးပွားများတော်မူပါ၊ ဒီနေရာမှာပဲ အမြဲနေတော်မူပါ"လို့ လျှောက်တယ်၊ "ခွင့်ပြုပါ"ဟူ၍ ရှိခိုးရင်း လျှောက်ပြီး ရုတ်ချည်း ကောင်းကင်သို့ ပျံတက်သွားတယ်။ လာတုန်းက ဟိမဝန္တာတောကြီးရှိရာ အနောက်မြောက်အရပ်ဆီမှ ပျံလာခဲ့ပြီး၊ ယခု ကောင်းကင်မှ ပြန်သွားတဲ့အခါ အရှေ့တောင်အရပ် (ရန်ကုန်မြို့ရှိရာ) ဆီသို့ ဦးတည်သွားပုံ လှမ်းမျှော်ကြည့်လိုက်မိတယ်။ တောတွင်းဝိဇ္ဇာမိုရ် ၂-ဦးလာကြပြီး နောက်တစ်နှစ်ခန့်ကြာပြီးချိန် ဖြစ်တယ်။

ဝိဇ္ဇာသုံးဦးစလုံးက ဗုဒ္ဓါနုဿတိ ပွားများဖို့နှင့် ဒီမှာပဲ အမြဲသီတင်းသုံးဖို့ လျှောက်ထားပုံချင်း တူနေတာ တွေ့ရတယ်။

ဝိဇ္ဇာဓိုရ်များအကြောင်းကို စကားဦးသန်းပြီး တစ်စွန်း တစ်စ ပြောပြမိရာမှ သိလိုကြောင်း မေးကြသောကြောင့်သာ အတိုချုပ်အသိပေးခြင်းဖြစ်ပါတယ်၊ အကျယ် ပြောဆိုရေးပြရန် ဆန္ဒမရှိပါ။ ဘုန်းကြီး စိတ်ပါဝင်စားခြင်းလဲ မရှိပါ။ ဤမျှ သိကြရလျှင် ကျေနပ်ကြပါ။

ထူးခြားတာကတော့ နတ်ကြီးများလာကြလျှင် ဘုန်းကြီး ထံသို့ ညချမ်းအခါ၌သာ ပုံမှန်လာတတ်ကြပြီး၊ ဝိဇ္ဇာများလာ ကြလျှင် နံနက်စောစော အရုဏ်ဦးအချိန်၌သာ ပုံမှန်လာလေ့ ရှိကြပုံကို သတိပြုမိတယ်။

## ဗြဟ္မဝိဟာရဖြင့် ပျော်နေကြပါ

"ဗြဟ္မဝိဟာရဆိုတာ အထက်ဘုံစံ ဗြဟ္မာကြီးများကဲ့သို့ နေသောအကျင့်မျိုးလို့ ပြောဆိုခြင်းဖြစ်တယ်၊ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတရား လေးပါးနှင့် ပျော်မွေ့နေခြင်းသည် ဗြဟ္မာတို့ နေနည်းဖြစ်တယ်၊ အေးငြိမ်းစွာနေနည်းလို့ ဆိုလို တယ်။

၁။ **မေတ္တာ** — သတ္တဝါတိုင်းကို ဒေါသစိတ်မထား၊ ချစ်ခင်စိတ်နှင့် နေတယ်။

၂။ **ကရုဏာ** — သတ္တဝါတိုင်းကို မာနစိတ်မထား၊ သနားကြင်နာစိတ်နှင့် နေတယ်။

၃။ **မုဒိတာ** — သတ္တဝါတိုင်းကိုညှူစူခြင်း ဣဿာမစ္ဆရိယ စိတ်မထား၊ ဝမ်းမြောက်ကြည်သာသော စိတ်နှင့် နေတယ်။

၄။ **ဥပေက္ခာ** — သတ္တဝါတိုင်းကို မိမိတို့ကိုယ်တိုင်ကဖန်တီးခဲ့ကြသော ကံအတိုင်းသာ သံသရာတစ်ခွင့် ဝယ် ကျင်လည်၍ ချမ်းသာခြင်း၊ ဆင်းရဲခြင်းခံနေကြရသော ကမ္မဿကာ သတ္တဝါ

တို့ချည်းသာတည်း ဟူ၍ ကမ္မဿကတာ ဉာဏ်ဖြင့် မျှတစွာ ရှုမြင်ဆင်ချင်တဲ့ စိတ်နှင့်နေတယ်။

လိုရင်းအချုပ်ကား သတ္တဝါအားလုံးကို ချစ်ခင်တယ်၊ သတ္တဝါအားလုံးကို သနားတယ်၊ သတ္တဝါအားလုံး ချမ်းသာမှု ရှိကြတာကို ဝမ်းမြောက်တယ်၊ သတ္တဝါတွေနှင့်စပ်ပြီး မိမိမှာ လောဘ, ဒေါသ စသည် မစွန်းငြိစေဘဲ "သတ္တဝါအားလုံး ကိုယ့်ကံနှင့်ကိုယ် အကျိုးပေးသလို ခံစံနေကြရသူတို့ချည်း"သာ တည်းဟူ၍ အမြင်မှန်ရအောင် နေတတ်ကြရပါမယ်။


ဘုန်းကြီးက ဒီ ဗြဟ္မဝိဟာရတရားလေးပါး လက်ကိုင်ထားပြီး နေလာခဲ့တယ်။

ဒါ့ကြောင့် စိတ်ချမ်းသာတယ်၊စိတ်ချမ်းသာလျှင် ကိုယ်လဲ ချမ်းသာတော့သည်သာလျှင် ဖြစ်တယ်။ အားလုံးသော ဒကာ ဒကာမတွေလဲ သံသရာခရီးသွားကြရာမှာ ဘဝမဆုံးသေးသမျှ တစ်သွားတည်းသွားနေကြရဦးမှာဖြစ်တဲ့အတွက် ဤဗြဟ္မဝိဟာရ တရား ၄-ပါး လက်ကိုင်ကာ ပြီး သွားကြပါလို့ ဘုန်းကြီး တိုက်တွန်းပါတယ်။

- စကြဝဠာအနန္တ၌ ရှိကြကုန်သော နတ်, လူ, သတ္တဝါ အားလုံး ဘေးရန်ကြောင့်ကြ ဆင်းရဲကင်း၍ ကိုယ်စိတ် နှစ်ဖြာ ချမ်းသာကြပါစေ။
- ကောင်းကျိုး လိုရာဆန္ဒ ပြည့်ဝကြပါစေ။

မေတ္တာအာနိသင်တရားတော် ပြီး၏။

‘‘ပရိတ်ရေရေတွေ ပွက်ကျတာ ဘုန်းကြီးကိုယ်တိုင် တွေ့ရဖူးတယ်။ သောက်သုံးကြလို့ မြွေဆပ်ပြေတယ်၊ ကင်ဆာဂပျောက်တယ်၊ အိမ်မီးကျွင်းတယ် စသည်ဖြင့် ပြောနေကြတယ်’’



# ပရိတ်စွမ်းအား

## ၃။ ပရိတ်စွမ်းအား

မြတ်စွာဘုရား ဟောကြားသော တရားတော်များတွင် ပရိတ်တရားတော်ဆိုတာ ပါဝင်တယ်။

'ပရိတ္တ'ဆိုတာ အရံအတား၊ အကာအကွယ်လို့ ဆိုခြင်း ဖြစ်တယ်။ လယ်ယာခြံမြေပေါ်မှာ စိုက်ပျိုးခင်းများကို နွားကျွဲ စသည်တို့ ဝင်ရောက်မဖျက်ဆီးနိုင်အောင် စည်းစောင့်ရန် တားဆီး ကာကွယ်သကဲ့သို့ ဖြစ်တယ်။

### ပရိတ်ရွတ်ဆိုခြင်းအလုပ်

မြတ်စွာဘုရားရှင်လက်ထက်တော်က တပည့် ရဟန်းသံဃာတော်များကို အခြေအနေအရ တွေ့ကြုံကြရတဲ့ အကြောင်းအားလျော်စွာ ရွတ်ဆိုပေးကြရန် မြတ်စွာဘုရားရှင်က မေတ္တာသုတ် ခန္ဓသုတ်စသော ပရိတ်များကို သင်ပြ ညွှန်ကြားတော်မူခဲ့ပါတယ်။

ဒါကြောင့် ထေရဝါဒ ဗုဒ္ဓဘာသာဝင် ရဟန်း သာမဏေများ ပရိတ်သုတ္တန်များကို အာဂုံဆောင်ပြီး အစဉ်တစိုက်ရွတ်ဆိုပေးကြမြဲဖြစ်တယ်။

ရွတ်သင့်ရွတ်ထိုက်တဲ့ အခါအခွင့်ကြုံလို့ ရွတ်ဆိုပေးကြရာမှာ ဘုရားဟောစစ်မှန်သော ပရိတ်ဂါထာများနှင့်အဋ္ဌကထာဆရာမြတ်တို့၏ မွမ်းမံချက် ဂါထာ စုဏ္ဏိယ ပရိတ်တော်များကိုသာ ရွတ်ဆိုကြတယ်၊ ပရိတ်အမည်ပေးထားသော အခြားကျမ်းတို့မှ လာတဲ့ သုတ်တို့ပရိတ်တို့ကို ရွတ်ဆိုလေ့မရှိကြပါဘူး။

### ဘုရားဟောစစ်စစ်ဖြစ်ဖို့လိုတယ်

ဒါနဲ့ပတ်သက်လို့ ကိုယ်တွေ့ဖြစ်ရပ်ကလေးတစ်ခု ပြောရဦးမယ်။ တစ်ခါက ကျောင်းဆရာမကြီး တစ်ယောက်က ဘုန်းကြီးကို လျှောက်ဖူးတယ်။

"ဆရာတော်ဘုရား၊ ပဋ္ဌာန်းရွတ်တဲ့အတွက် သူတစ်ဖက်သား ထိခိုက်တယ်လို့ ပြောကြတယ်။ ဟုတ်ပါသလား ဘုရား"တဲ့။

မဟုတ်ပေဘူး=ဒကာမကြီး၊ ပဋ္ဌာန်းရွတ်လို့ သူတစ်ဖက်သား ထိခိုက်တယ်ဆိုတာ မဖြစ်နိုင်ဘူး။ နေဦး၊ ဒကာမကြီး၊ ပဋ္ဌာန်းနှင့်၊ ပရိတ်ကြီး ၁၁-သုတ်အပြင် တခြား ဘာတွေရွတ်သေးသလဲ.... မေးတော့.... ပရိမိတ္တဇာလသုတ်တို့၊ ဆဒိသာပါလသုတ်၊ ခါရဏပရိတ်၊ စက်ပရိတ်စုံလို့ဘဲ၊ ဒါတွေလဲ ရွတ်ကယ်.... တဲ့။

"အဲ=ဟုတ်ပြီ၊ ဒကာမကြီး ဒီပရိတ်တွေက ဘုရားဟော မဟုတ်ဘူး၊ မကောင်းဘူးတော့ မဟုတ်ဘူး၊ ကောင်းပါတယ်။ ဒါပေမယ့် ဘုရားဟောစစ်စစ်ဖြစ်တဲ့ ရိုးရိုးပရိတ်ကြီး ၁၁-သုတ်သာ ရွတ်သင့်တယ်။ ဒါကတော့ ကိုယ်လဲ ဘေးရန်ကင်း၊ သူလဲ ဘေးရန်ကင်းတယ်။ ချမ်းသာရစေနိုင်တယ်။

## ပရိတ်ရွတ်ဆိုခြင်း၏ အကျိုး

အဆိုပါ စစ်မှန်တဲ့ ဘုရားဟော ပရိတ်တရားတော်ကိုသဒ္ဓါန်ကရိုကျိုးကျ ရွတ်ဆိုပေးကြလို့ ပရိတ်တရားတော်ကို ယုံကြည်လေးစားစွာ နာယူကြတဲ့အခါ လူတို့ရဲ့ ကိုယ်ခန္ဓာတွင်းမှာဖြစ်ပေါ်နေဆဲ ရောဂါအနာဆိုးများ ပျောက်ကင်း ချမ်းသာရာ ရကြခြင်း ဖြစ်တယ်။

ရှေးအခါက အိန္ဒိယနိုင်ငံအတွင်း ဝေသာလီပြည်မှာ အနာရောဂါဘေး၊ ဘီလူးဘေး၊ ငတ်မွတ်ခေါင်းပါးခြင်းဘေး ခေါ်တဲ့ ဘေးကြီးသုံးမျိုး တစ်ပြိုင်တည်း ဆိုက်ရောက်နေချိန်မှာ မြတ်စွာဘုရားရှင်ကိုယ်တော်တိုင် ရတနသုတ်ပရိတ်တော်ကို အရှင်အာနန္ဒာအား သင်ကြားပေးပြီး ရွတ်ဆိုစေခဲ့တယ်။

အရှင်အာနန္ဒာမထေရ်ကလဲ ဝေသာလီပြည်ရဲ့ တံတိုင်းသုံးထပ်အကြားမှာ ရတနသုတ်ပရိတ်တော်ကို ညဥ့်သုံးယံပတ်

လုံး မရပ်မနား ရွတ်ဆိုပေးတော်မူတဲ့အတွက် ဘေးအန္တရာယ်က လွတ်ကင်းခဲ့ကြရတယ်။ အဲဒီအခါက – ဘေးကြီးသုံးမျိုး တစ်ပြိုင်တည်း လွတ်ကင်း သွားခဲ့ကြောင်း၊ လက်တွေ့ ကြုံခဲ့ကြရဖူးပါတယ်။

## သဘာဝအန္တရာယ်တားနိုင်

မျက်မှောက်ခေတ်မှာ၊ သဘာဝအန္တရာယ်လို့ ပြောဆိုနေကြတဲ့ ဘေးကြီးများရှိနေကြတယ်။ မြေလျှင်လှုပ်ခြင်း ဘေး၊ ရေလွှမ်းခြင်း ဘေး၊ လေပြင်းမုန်တိုင်းကျရောက်ခြင်း ဘေး၊ မီးလောင်ခြင်း ဘေးဆိုတဲ့ အန္တရာယ်များကိုလဲ ပရိတ်တရားတော်ဖြင့် တားဆီးကာကွယ်နိုင်တယ်။ ဒီလိုစွမ်းအားရှိကြလို့လဲ မြန်မာနိုင်ငံမှာ ရဟန်းသံဃာတော်များဟာ အခါအားလျော်စွာ နှစ်စဉ်ပုံမှန် ပရိတ်ရွတ်ဆိုပြီး တားဆီးကာကွယ်နေကြမြဲဖြစ်တယ်။

ပရိတ်ဓမ္မစက်တော်တွေ မည်မျှ အစွမ်းထက်သည်ဆိုသော်ငြားလဲ သတ္တဝါတွေဘက်ကလဲ ကိုယ်စီ ကံကောင်းတွေ ထူထောင်ကြဖို့လိုသေးတယ်။ 'ကံ မခိုင်၊ သံတိုင် အိမ်အောက်တော့၊ ကံမှောက်လျှင် ကျိုး' ဆိုတာလို သတ္တဝါတွေဘက်က ကံအားနည်းနေလျှင် ထိရောက်မှုနည်းတယ်။

အဆိုပါအန္တရာယ်တွေထဲမှာ မြို့ရွာ အိုးအိမ်များ မီးလောင်ခြင်းဘေးမှ လွတ်ကင်းစေဖို့အတွက် ဆောင်ရွက်ချက်အများပါဝင်တယ်။ ဘုန်းကြီးပရိတ်ရွတ်ပေးရခဲ့ဖူးတဲ့ မြို့ရွာအိမ်ခြေ များစွာရှိတယ်။ အားလုံး အောင်မြင်တယ်ဆိုရမယ်။ ဘုန်းကြီးပရိတ်ရွတ်ပေးခဲ့တဲ့ အိမ်များ မီးလောင်ဖူးခြင်း မရှိပါဘူး။

မြို့နယ် ရပ်ကွက်နှင့် ရွာလုံးခြုံ မြို့လုံးခြုံပြီး ပရိတ်ရွတ်ဆိုပေးခဲ့ရာ စိတ်ချရလောက်အောင် အားလုံးပဲ အောင်မြင်ကြောင်း သိရတယ်၊ တစ်ရွာလုံး မီးဘေးကင်းလွတ်ကြသော ရွာတွေအတော်များကြပြီး တစ်မြို့လုံး မီးဘေးကင်းလွတ်ကြရတဲ့ မြို့ငယ်အများနှင့် မြို့ကြီးတွေ အတော်များခဲ့ပါပြီ။

မန္တလေးတိုင်းအတွင်းက မိတ္ထီလာမြို့၊ မကွေးတိုင်းအတွင်း က ရေနံချောင်းမြို့နှင့် မကွေးမြို့၊ မြေထဲမြို့၊ ရောဝတီတိုင်းအတွင်း က ငပုတောမြို့၊ သောင်ကြီးရွာ၊ ပက်တန်းရွာ၊ အုတ်သျှစ်ပင် ရွာ၊ ကန်ဇင်းကြီးရွာ။ မွန်ပြည်နယ်ထဲက ဆိုယင်လဲ သထုံမြို့၊ မော်လမြိုင်မြို့၊ မုဒုံမြို့။ ကရင်ပြည်နယ် ဖားအံမြို့။ တနင်္သာရီတိုင်း အတွင်း ထားဝယ်မြို့၊ မြိတ်မြို့တို့ ပါဝင်ကြတယ်။

## မြို့တော်ရန်ကုန် မီးဘေးအန္တရာယ် ပရိတ်တော်ဖြင့် ကာကွယ်ခြင်း

ဒီနှစ် အထူးခြားဆုံးက မြို့တော်ရန်ကုန်မှာ မီးလောင် ခြင်း ဘေးမှ လုံးဝလွတ်ကင်းအောင် ဆောင်ရွက်ပေးဖို့ အခြေ အနေ ပေးလာတယ်။

မြန်မာပြည်ရဲ့မြို့တော်ကြီးဖြစ်တဲ့ ရန်ကုန်မြို့သို့ ဘုန်းကြီး ရောက်ရှိလာတဲ့(၃-၂-၈၈)၁၃၄၉-ခု၊ တပို့တွဲလဆုတ်(၁)ရက် ဗုဒ္ဓဟူးနေ့ကစပြီး မြို့တော်ကြီးခြုံကာ မေတ္တာဖြန့်ပြီး မီးမလောင် စေရန် မိမိ၏ ကရုဏာ စေတနာဖြင့် စွမ်းအားရှိသလောက် ပရိတ်တရားတော်ကို ရွတ်ဖတ်ပေးနေပါတယ်။

နှစ်စဉ် ရန်ကုန်မြို့တော်ရပ်ကွက် အတော်များများ မီးဘေး ဒုက္ခ ကြုံဖူးကြတော့ ကြောက်နေကြရတယ်။

မီးဘေးကင်းလွတ်စေချင်ကြလို့ ရပ်ကွက်အလိုက် စုပေါင်း ပြီး ပရိတ်နာပွဲတွေပြုလုပ်ကြတယ်၊ ဘုန်းကြီးကိုပင့်ဖိတ်ပြီး ပရိတ် ရွတ်ပေးရန် တောင်းပန်လျှောက်ထားကြတယ်။ လျှောက်ထား ကြတဲ့ ရပ်ကွက်တိုင်းသို့ သွားရောက်ပြီး ရွတ်ဆိုပေးပါတယ်၊ ပုဂ္ဂလိက မီးကင်းလိုကြသော အိမ်အသီးသီးကိုလဲ အချိန်ရသမျှ မြို့တွင်းနေရာ တော်တော်များများ၊ ရပ်ကွက် တော်တော်များ များ လိုက်ပြီးရွတ်ဆိုပေးခဲ့ပါတယ်၊ နံနက်ပိုင်း နေ့ပိုင်း ညနေ ပိုင်းနှင့် ညအချိန်ပိုင်းပါ အနားမရှိ ကြိုးစားပြီး ရွတ်ဆိုဆောင်

ရွက်ပေးခဲ့လို့ ဈေးကန့်စာယင် အများကြီးလျော့ပါးလာတယ်။ ပရိတ်စည်းအတွင်းမှာ လုံးဝ အန္တရာယ်ကင်းကြတယ်။ ဒီနှစ် မြို့တော်ရန်ကုန်မှာ မီးသတ်ကားခေါင်းလောင်းသံတောင် မကြားရသလောက်ပဲလို့ ပြောကြတယ်။ ဒါပေမယ့် ရပ်ကွက်အချို့ လိုနေသေးတယ်။ ခြုံနိုင်သလောက်တော့ ခြုံခဲ့ပါတယ်။

## မီးသတ်မျှော်စင်ကြီးပေါ်က ပရိတ်ရွတ်ပွဲ

အထူးခြားဆုံးမှာ ဆက်သွယ်ရေးအရာရှိ (စာတိုက်နှင့် ကြေးနန်းသင်တန်း) **ကျောင်းအုပ်ကြီးဦးတင်ရွှေ**ရဲ့ အကြံပေးလျှောက်ထားချက်အရ၊ တစ်နေရာတည်းက တစ်မြို့လုံးမီးလောင်ခြင်းဘေးမှ ကင်းလွတ်သွားစေရန်ဆိုပြီး ရန်ကုန်မြို့၊ ဆူးလေစေတီတော်အနီး ဗဟိုမီးသတ်ကြီးဌာန မျှော်စင်ကြီးအပေါ်ထပ်သို့ တက်ပြီး ပရိတ်ရွတ်ပေးဖို့ တောင်းပန်လျှောက်ထားကြတယ်။ လျှောက်ထားသူနှင့်အတူ **မီးသတ်ဌာန တာဝန်ခံ ဦးဆန်းမောင်** တို့ ကိုယ်တိုင် မျှော်စင်ကြီးပေါ် ဘုန်းကြီးကို ပင့်ဆောင်တယ်၊ လူအများစုဝေးထိုင်ကြပြီး ငါးပါးသီလခံယူကာ ပရိတ်နာကြတယ်။ ဘုန်းကြီးက အဆိုပါတိုက်ကြီးပေါ်သို့တက်ပြီး(၅)ကြိမ်တိုင်တိုင် ပရိတ်တရားသုတ္တန်များကို ရွတ်ပေးခဲ့ရပါတယ်။

## လူတို့အား ဒုက္ခပေးသော မီးဘေးကြီး

မြန်မာနိုင်ငံမှာ နှစ်စဉ်မီးလောင်မှု အကြိမ်ကြိမ် ကြုံတွေ့ကြရတယ်။မီးလောင်လို့ ရပ်ကွက်ပေါင်းများစွာ၊ ရွာကြီးရွာငယ်ပေါင်းများစွာ၊ မြို့ငယ်အများနှင့် ရန်ကုန်မန္တလေးကဲ့သို့ မြို့ကြီးအများပစ္စည်းနှင့် အိုးအိမ်တွေဆုံးရှုံးကြရတယ်၊ မီးဘေးကြောင့် လူပေါင်းများစွာ စိတ်ဆင်းရဲခြင်း၊ ကိုယ်ပင်ပန်းခြင်း ဖြစ်ကြရတယ်။

မြန်မာနိုင်ငံမှာ မီးလောင်ခြင်း ဘေးအန္တရာယ်တစ်ခုမျှကို ပိုင်နိုင်စွာတားဆည်းနိုင်ကြလျှင် အထူးဝမ်းမြောက်ကြရပါမယ်၊ တိုင်းသူပြည်သားလူအများ ယခုလောက် ဆင်းရဲခြင်းကိုကြုံကြရမယ် မဟုတ်ပါ၊ ထိုအခြေကောင်းမျိုး ဖြစ်စေချင်တာယ်။ ရောက်လာစေချင်တယ်၊ ဖြစ်လာစေချင်သောကြောင့်လဲ မိမိ တစ်ကိုယ်ရေ စွမ်းနိုင်သမျှဖြင့် ကြိုးစားဆောင်ရွက်ပေးနေပါတယ်။

## ညီမျှသောစေတနာထားပြီး

ဘုန်းကြီးရဲ့ ပရိတ်အာဏာစက်တော် တန်ခိုးအစွမ်းကို တစ်ဆင့်စကား လူအတော်များများကြားသိကြပြီဆိုတယ်။ ရန်ကုန်မြို့ကြီးမှာ ပရိတ်မေတ္တာ၊ အာဏာစက်အစွမ်းကြောင့် မီးဘေးမကြုံကြရတာကို မျက်မြင်ကိုယ်တွေ့ မြင်ကြရလျှင်၊ ကြားသိကြရလျှင် အခြားသော မြို့ကြီးမြို့ငယ်တွေနှင့် ရွာကြီးရွာငယ်တွေကလဲ မီးဘေးဒုက္ခမှကင်းလွတ်ချင်ကြလိမ့်မယ်၊ ရန်ကုန်မြို့ကို နှမ်းနာထားပြီး၊ နည်းယူပြီး ဘုန်းကြီးထံ လာရောက်၍ အကူအညီတောင်းဆိုကြပါလိမ့်မယ်၊ တောင်းပန်ကြလိမ့်မယ်လို့ သိမြင်ထားပြီး ဖြစ်ပါတယ်။

ဘုန်းကြီးက လူအများကိုချစ်ခင်သနားပါတယ်၊ ဘယ်သူ တစ်ဦးတစ်ယောက်ကိုမျှ မီးဘေးဒုက္ခမကြုံတွေ့စေလိုပါ၊ လူအများကို သနားသောကြောင့် မိမိတတ်နိုင်သမျှဖြင့် ဝန်မလေးပါ၊ ကူညီဆောင်ရွက်ပေးနေသော ပုဂ္ဂိုလ်ဖြစ်ကြောင်း အများသိကြပါတယ်။ မြို့တိုင်း ရွာတိုင်းကိုပင် မီးဘေးဒုက္ခဆိုးမှ လွတ်ကင်းစေလိုပါတယ်။

## အချို့လွတ်ကင်းကြပါပြီ

ယခုလက်ရှိ ဆောင်ရွက်ခဲ့ပြီးသမျှ လက်လှမ်းမီရာကို လက်တွေ့ အနေဖြင့် တကယ်ထိရောက်ခြင်းရှိမရှိ အကဲခတ်ကြည့်နေဆဲ ဖြစ်တယ်။ တစ်လခန့်ကြာသည့်တိုင်အောင် ရန်ကုန်မြို့ကြီး ပတ်

ဝန်းကျင်အားလုံး ပရိတ်ရွတ်ပေးခဲ့သမျှ နေရာဒေသတိုင်းမှာ မီးဘေးသင့်ခြင်းမှ ကင်းလွတ်ကြတယ်။ လုံးဝ စိတ်ချရလောက်အောင် အခြေအနေကောင်းနေပြီဖြစ်ကြောင်း၊ ကြည့်ရှုလေ့လာသူများ လျှောက်ထားချက်အရသိရလို့ ဝမ်းမြောက်ရတယ်၊ ဤဝမ်းမြောက်ခြင်းဟာ ပစ္စည်းရလို့ဝမ်းသာခြင်းမျိုးနှင့် မတူပါ၊ ဝမ်းမြောက်ပြီး ကြည်နူးအားရမဆုံးပါ၊ ကျေနပ်မဆုံးဖြစ်မိပါတယ်။

ဤနည်းတူပင် ဘုန်းကြီးရဲ့ သက်တမ်းရှည်သမျှကာလပတ်လုံး၊ ရှေ့အနာဂတ်ကာလ အတွက်ကိုလဲ လူလောကကြီးတစ်ခုလုံးပင် မိမိရောက်ရာဒေသတိုင်း မီးလောင်ခြင်း ဘေးဆိုးကြီးမှ လုံးဝလွတ်ကင်းသွားစေရန် အထက်ပါနည်းအတူ ဆက်လက်၍ ဆောင်ရွက်ပေးဖို့ ခရီးဆက်သွားနေမှာဖြစ်ပါတယ်။အဲသလို လူသူအများချမ်းသာရေးအတွက် မြို့ရွာအများမှာ ဆောင်ရွက်ပေးရတာကို ပင်ပန်းတယ်လို့ မယူဆပါ၊ လိုအင်ဆန္ဒ တစ်ခုပြည့်ဝသွားသကဲ့သို့ ကျေနပ်မှု ပျော်ရွှင်နှစ်သိမ့်မှု ခံစားရပါတယ်။

## မီးဖွားရာမှာလဲ ဘုန်းကြီးပါရ

အမှန်အတိုင်း ပြောရယင် အရင်ကတော့ ဘုန်းကြီးပရိတ်က အစွမ်းထက်ကြောင်း ဘုန်းကြီးကိုယ်တိုင်သတိမပြုမိပါဘူး။အသက် ၂၀-လောက်ကစပြီး တောက်လျှောက်စိတ်ရင်းစေတနာနဲ့ ဝါသနာ အရ ရွတ်လာခဲ့တာပဲ။ တောကြီးတောင်ကြီးထဲမှာနေရတာဆိုတော့ အားကိုး လက်နက်တစ်ခုဆိုလဲ မလွဲဘူးပေါ့။ အဲ....ခုတော့ ပရိတ်ဘုန်းကြီး ဖြစ်မှန်းမသိ ဖြစ်လာပုံပြောရဦးမယ်။

တစ်ခါက ချင်းတောင်ပေါ်မှာ ချင်းရွာတစ်ရွာရဲ့ ရွာအပြင်ဘက်က ကဲကျောင်း တစ်ကျောင်းမှာ နေတယ်။ တစ်ရက်တော့ ဒကာမ တစ်ယောက် မီးမဖွားနိုင်လို့ ဘုန်းကြီးဆီ သူ့ဒကာက ဆေးလာတောင်းတယ်၊ ဘုန်းကြီးက ဆေးဆရာလဲမဟုတ်ပါဘူး။ ဆေးလဲ မကုဘူး။ ဒါပေမယ့် လူတွေက ဘုန်းကြီးဆိုယင်

ဘာမဆို အားကိုးရတယ်လို့ ယူဆထားဟန်တူပါတယ်၊ ဘုန်းကြီး တို့ကလဲ ခမျာများ ကျန်းမာရေး၊စီးပွားရေး၊ စိုက်ပျိုးရေးကပါ မကျန် တန်သလောက် နားလည်အောင်လေ့လာထားပြီး ကူညီ ဟောပြောပေးရတယ်။

“သခင်ကြီး၊ ကလေးက ကန့်လန့်ခံနေလို့ ကျုပ်မိန်းမ မီး မဖွားနိုင်တာ သုံးရက်တောင်ရှိပြီ၊ ဆေးခန်းကရော၊ လက်သည် ကရော မတတ်နိုင်ကြတော့ဘူး။ အိမ်လိုက်ပြီး ကြည့်ပါဦး” ဆိုပြီး အားကိုးတကြီးခေါ်တာနဲ့ ဘုန်းကြီးလိုက်သွားတယ်။ ဒါပေမယ့် အိမ်ထဲမလိုက်လို့ဘူး။ အိမ်အပြင်က သစ်ပင်တန်းမှာပဲ နေခဲ့တယ်။

“ကဲ....မင်း ရေတစ်ခွက်ယူပြီး မြန်မြန်လာခဲ့လို့ ပြောပြီး ဘုန်းကြီးက စောင့်နေတယ်။ ရေခွက်ကိုင်ပြီး ဘုန်းကြီးက မေတ္တ သုတ်ပရိတ်ကို ပထမဆုံးရွတ်တယ်။ ပြီးတော့မှ အင်္ဂုလိမာလသုတ်ကို ၇-ခေါက်ရွတ်ပြီး ပေးလိုက်တယ်။ “ဒီဆေးကို ယုံယုံကြည်ကြည် သောက်လို့ပြော။ ပြီးတော့ ဒီရေခွက်ကို ကြိုးတန်း အဝတ်တန်း အောက်က ယူမသွားနဲ့”လို့လဲ မှာရသေးတယ်။ ပရိတ်ရေယူတဲ့ သူများ ဒါလဲသတိထားရမယ်။ ပြီးတော့ ဘုရားစင်မှာထားခိုင်း တယ်။

အဲ....အဲသည် ဒကာမ၊ မကြာခင်ပဲ မီးဖွားနိုင်လို့ ဘုန်း ကြီးကို ကျေးဇူးတင် မဆုံးကြဘူးပေါ့။ အဲဒီအချိန်ကစပြီး ဘုန်း ကြီးလဲ ချင်းမတွေ့ မီးဖွားမယ်လုပ်တိုင်းရွတ်လိုက်ရတဲ့ အင်္ဂုလိမာလ သုတ်၊ မပြောပါနဲ့တော့။ ဟို.... အဝေးကြီး ရွာတွေကတောင် လာတောင်းကြရှာတယ်။ဘုန်းကြီးဆိုတာ ကိုယ်တတ်နိုင်တဲ့ဘက်က သတ္တဝါတွေကို ကူညီရမှာကိုး။

အဲဒီအချိန်ကစပြီး ကိုယ့်ပရိတ်အစွမ်းကို တစ်စတစ်စ သိ လာတယ်။ **မေတ္တာ ကရုဏာ ကြီးကြီး၊ စေတနာပါပါ လုပ်ယင် ဘာလို့ မဖြစ်ရမှာလဲ။**

## ရှေးကလဲရှိတယ်၊ ခုလဲရှိတယ်

ဘုန်းကြီး တရားပွဲဆိုယင် ဦးပဉ္ဇင်းများက ရှေ့ဆုံးက နေရာယူကြတယ်။ “ဦးပဉ္ဇင်းတို့ မှတ်ထားကြ။ သတ္တဝါတွေကိုသနားကြပါ။” ဒါနဲ့ စကားစပ်လို့ ပြောရဦးမယ်။ ဒီမြန်မာပြည်မှာ ရှေးအခါကလဲ ပရိတ်မေတ္တာနဲ့ သတ္တဝါတွေ ကယ်တင်တဲ့အစဉ်အလာတွေ ရှိခဲ့ဖူးတယ်။ ပရိတ်ရေ ပွက်တဲ့ ဆရာတော်တွေရှိခဲ့ဖူးတယ်။ ဘုန်းကြီးသတိထားမိသလောက်....

**လယ်တီဆရာတော်၊ ညောင်လွန့်တောရ ဆရာတော်** ဟို.... ဝံသာနုခေတ်က **ဘေးမဲ့ ဆရာတော်**တို့။ ရောဂါ ဘေးကြီးတွေ ဖြစ်ယင်လဲ ပရိတ်မေတ္တာနဲ့ ချမ်းသာအောင် လုပ်ပေးတယ်။ မိုးခေါင်ယင်လဲ မိုးရွာပေးတယ်။ ဒါ.... အထင်အရှားပဲ။ နောက် ဒကာတွေ ပြောလို့သိရတာက.... **ဟင်္သာတနယ်က လိမ်ကုန်းဆရာတော်** ဦးမာဃိန္ဒ၊ နောက်....ဘယ်အရပ်မှာ သီတင်းသုံးသလဲမသိဘူး။ **လှော်ကား ဆရာတော်** ဆိုတာလဲ ပရိတ်ရွတ်ယင် ပွက်ကျတယ်လို့ ဆိုတယ်။

ခုခေတ်မှာတော့ နှစ်ပါးရှိတယ်လို့ ပြောကြတယ်။ မြင်းခြံနယ်က **ကန္နီ ဆရာတော်** ဦးပညိန္ဒ၊ တစ်ပါးကတော့ ဘုန်းကြီးလို့ ပြောကြတယ်။ ပရိတ်ရေပွက်တယ်ဆိုလို့ မန္တလေးက ဒကာတွေ တစ်နှစ်က သင်္ကြန်တွင်းမှာပင့်ပြီး နှစ်ဆန်းတစ်ရက်နေ့မှာ ပရိတ်ရွတ်ပွဲလုပ်ကြတယ်။ ကြားတဲ့အတိုင်း ပရိတ်ရေတွေ ဆူပွက်ကျသတဲ့။ ဘယ်အကျိုးတွေ ဖြစ်တယ်ဆိုတာတော့ မသိရဘူး။ ဒါ.... ဒီက ဦးပဉ္ဇင်းများ နည်းယူကြဖို့ ပြောရခြင်းဖြစ်တယ်။
**ဘာမဆိုလုပ်ယင် ဖြစ်တယ်။**

## မိုးခေါင်တော့လဲ မိုးပရိတ်ရွတ်ရ

ပြောဦးမယ်။ဘုန်းကြီးတို့ချင်းတောင်ဖလမ်းမှာ ဖ၊ဆ၊ပ၊လ ခေါ်တုန်းက တပေါင်းလကစပြီး မိုးရွာတယ်။ **တစ်နှစ်ကများ**

ဒုတိယ ဝါဆိုလအထိ မိုးတစ်ပေါက်မှမကျသေးဘူး။ ပြောင်းဖူး စေ့တွေ အကြိမ်ကြိမ်စိုက်ကြ၊ မျိုးဆုံးတာပဲ အဖတ်တင်တယ်။ သနားစရာပဲ။ ဒီတော့ ချင်းတွေက သူတို့ရိုးရာယုံးစံအတိုင်း မိုးရွာ အောင် မိုးနတ်ပသ-ပွဲလုပ်ကြမလို့ ဆိုပြီး ဝန်ထောက်ကြီး ဦးဖိုး သင်းက ဘုန်းကြီးဆီ လာသတင်းပေးတယ်။

ချင်းတွေယဇ်နတ်ပွဲက ဘယ်လိုလုပ်သလဲ ဆိုတော့ နွား နောက်ကြီးတစ်ကောင်ကို သတ်ပြီး ဆိုင်ရာနတ် သစ်ပင်အောက် မှာ သွေးတွေနဲ့ ဖျန်းပက်ကြသတဲ့။ သတ္တဝါတွေ စွဲမိစွဲရာ သနား စရာ ကောင်းလိုက်လေ....။ ဒါနဲ့ ဦးဖိုးသင်းကို အပြောခိုင်းရ တယ်။ ၇-ရက်လောက် ိုင်းထားခိုင်းရတယ်။ သတ်တာ ဖြတ်တာ တွေလဲ ဘုန်းကြီးက မကြားရက်ဘူး။ ဒါပေမယ့် မိုးက ခေါင်လွန်း တော့ လူတွေလဲ ကိုယ်ရော စိတ်ရော ဆင်းရဲပြီး နွားနောက်ကြီး ကို သတ်ဖို့ တကဲကဲလုပ်နေကြတယ်။ ဒီတော့ ဘုန်းကြီးက အေး.... မင်းတို့သတ်ယင် ငါဒီမှာ မနေတော့ဘူးဆိုပြီး ထွက်သွားဖို့ဟန်ပြင် တော့မှ ဘုန်းကြီးလက်ဆွဲပြီးမသတ်တော့ပါဘူးလုပ်ကြတယ်။ ဒါနဲ့ ဘုန်းကြီးက မိုးနတ်သား လေနတ်သားကအစ၊ တောစောင့်နတ်၊ တောင်စောင့်နတ်တွေ၊ မိုးခေါင်ရေရှားလို့ ဒုက္ခရောက်နေတဲ့ လူတွေ....အားလုံး မေတ္တာပို့တယ်။ ပြီးတော့ စရိယာ ပိဋက ပါဠိတော်မှာ လာတဲ့ မိုးပရိတ် (ငရုံ့မင်းပရိတ်)ကို ၇-ခေါက် သုံးရက်ဆက်ပြီး ရွတ်တာ၊ နေ့ပူကျဲကျဲကြီးထဲမှာ မိုးပေါက်ကြီး တွေရွာချလိုက်တယ်၊ ၃-ရက်ဆက်တိုက်ပဲ။

ဘုန်းကြီးက မိုးကိုလဲ မိုးခါနွေခါမရွေး ရွာအောင် လုပ် ပေးလို့ရဘယ်။ ဟို....မိတ္ထီလာ မြင်းခြံနယ်မှာ မိုးခေါင်လွန်းလို့ တချို့ဘုန်းကြီးများက စာလှမ်းရေးကြတယ်။ မီးလောင်လို့ ဘုန်းကြီးဆီပဲ စာရေးနေကြတာ။သူတို့ကတော့ ဘာလုပ်နေကြလဲ မသိ။ ဘုန်းကြီးက မတွက်ကာပ်ပါဘူး။ တောင်ပေါ်ကပဲ မှန်းပြီး ပရိတ်ရွတ်ပေးနေတယ်။ နောက်....ရေဒီယိုက သုံးရက်ဆက်တိုက် မိုးရွာကြောင်း သတင်းကြားရတယ်။

အဲ....ရယ်စရာ ပြောရဦးမယ်။ တစ်နှစ်ဟာမျှား ချင်းတောင်မှာ သုံးလေးလ မိုးတွေဆက်တိုက်ရွာနေလို့ တောင်ယာသမားတွေ ဘာမှမစိုက်ပျိုးနိုင်ရှာကြဘူး။ အားလုံး စိတ်ညစ်နေကြတယ်။ ဒီတော့ ချင်းတွေက ဘာပြောတယ်မှတ်လဲ....။ "ဒါ....သခင်ကြီးလုပ်တာနေမှာပဲ" ဆိုပြီး ချင်း ဒကာတချို့ ကျောင်းလာပြီး "သခင်ကြီး ရယ်၊ သခင်ကြီး မိုးတွေရပ်ပေးပါဦး...."တဲ့။

ချင်းလူမျိုးများ အင်မတန် ရိုးသားကြတယ်။ သနားစရာလဲကောင်းတယ်။ ခုတော့ ဘုန်းကြီးကို ချင်းတွေတင်မကဘူး၊ မြေပြန့်ကလူတွေကပါ ပရိတ်အိုး ဝေကျတယ် ဘာညာပြောကြလို့ ဘုန်းကြီးမှာ ရောက်လေရာရာ ရွတ်လိုက်ရတဲ့ ပရိတ်၊ ဖတ်ဖတ်ကိုမောရော။

## ပရိတ်ရေပွက်တာ ကိုယ်တွေ့

ပရိတ်ရေပွက်တယ်၊ ပရိတ်အိုး ဝေတယ်....ဆိုလိုတဲ့စကားနဲ့ ပတ်သက်ပြီး ဘုန်းကြီးအစက မသိပါဘူး။ လူတွေပြောကြတာ လိုက်ပြောရတာပဲ။ တစ်ခါတော့ ဘုန်းကြီး မျက်မြင် ကိုယ်တွေ့ တွေ့ရဖူးတာရှိတယ်။

မန္တလေးမြို့ ဘုန်းကြီးရောက်သွားတော့၊ မြို့တစ်ဖက်ကမ်းမှာ ပက်တန်းရွာဆိုတာရှိတယ်။ အဲဒီမှာ ကျောင်းထိုင်တဲ့ ဆရာတော်က ဘုန်းကြီးနဲ့ စာသင်ဘက်။ အမရပူရ တူးမောင်းတိုက် မင်္ဂလာတိုက်မှာရော၊ မုံရွာလယ်တီတိုက်မှာရော အတူတူပဲ။ အသက်အရွယ်လဲ ဘုန်းကြီးလို ၇၀-ကျော် ၈၀-နီးပါး။ အဲဒီရွာမှာ တစ်ရွာလုံး ဝမ်းရောဂါဖြစ်နေလို့ ကျောင်းထိုင် ဆရာတော်က ပရိတ်ရွတ်ပေးခဲ့ပါဦးဆိုတာနဲ့ ဘုန်းကြီးရွတ်ပေးခဲ့ပါတယ်။

အချိန်ကျတော့ ပရိတ်ပန်းအိုး ပရိတ်ရေအိုးတွေ ပုလင်းတွေ ဘုန်းကြီးတရားဟောတဲ့ရှေ့က စားပွဲပေါ်မှာ စုပြီးတင်ထားကြတယ်။ ပရိတ်ရွတ်ပြီး တရားဟောနေတုန်း ပရိသတ်က လှုပ်လှုပ်

ရှားရှားဖြစ်လို့ ကြည့်လိုက်တော့ စားပွဲပေါ်ကဒ်ပြားတွေ ဝေကျပြီး စားပွဲခုံအောက်စီးကျတာ အိုးတွေခွက်တွေနဲ့ခံကြ။ စီးကျတဲ့ရေတွေ မျက်စိကွင်းလိုကွင်း၊ ခံတွင်းထဲထည့်လိုထည့်၊ ဖိုက်လူးလို့လူး။ ပရိတ်ရေတွေ နှမြောကြလို့ပေါ့လေ။

ဒါနဲ့ ပြန်ခါနီးလဲ ရွတ်ပေးခဲ့ပါဦးဆိုလို့ နှုတ်ဆက်ပွဲ ရွတ်ခဲ့ရသေးတယ်။ ရောဂါရှင်းရှင်းပျောက်တဲ့လူပျောက်၊ သက်သာတဲ့လူက သက်သာဆိုတော့ ဘုန်းကြီးပရိတ်ရေ ဈေးကောင်းနေတာပေါ့လေ။ အဲ....တစ်ခုထူးခြားတာ ပြောရဦးမယ်။ အဲဒီ ပရိတ်ရွတ်တဲ့နေ့မှာ လယ်သမားတစ်ယောက်က စပါး ရိတ်သွားရာက အပြန် "ငါတော့ ပရိတ်ရေရတော့မှာ မဟုတ်ဘူး"ဆိုပြီး တောထဲကအပြန် ကျောင်းကို အပြေးအလွှားလိုက်လာတယ်။

ကျောင်းရောက်တော့ နောက်ကျနေလို့ အိုးတွေ ပုလင်းတွေလဲ မရှိဘူး။ သူများတွေယူလို့ကုန်ပြီ။ ဒါနဲ့ ကြာနေရော့မယ်လေဆိုပြီး ရေအိုးကြီးထဲက ဒန်ဖလားကြီးနဲ့ပဲ ရေခပ်ပြီး တရားဟောတဲ့နေရာရောက်လာတယ်။ ဒီရောက်တော့လဲ သူ့ဖလားကြီး ထားစရာနေရာက မရှိပြန်ဘူး။ သူလဲ နေရာမရ။ ကဲ.... မထူးပါဘူးလေဆိုပြီး အဲဒီဒကာကနည်းနည်းလူချောင်တဲ့ ဘုန်းကြီး တရားဟောပလ္လင်နားတိုးပြီး ဝင်လာတယ်။ သူ့ရေခွက်ကြီးကိုလဲ ရှေ့မှာချပြီး ပရိတ်နာနေတယ်။

အမောတကောနဲ့ ပြေးလိုက်လာတဲ့ အဲဒီဒကာက တော်တော်ကလေးကြာတော့ သူ့ဒန်ဖလားကြီး လက်ညှိုးတထိုးထိုးနဲ့.... ဘေးကလူတွေကိုမေးငေါ့ပြီး.... 'ကြည့်၊ ဒီမှာကြည့်' ပေါ့လေ· ဝမ်းသာအားရပြတာ ဘုန်းကြီးက အကဲခတ်မိလို့ပလ္လင်ပေါ်က လှမ်းကြည့်တယ်။ ဟုတ်တယ်။ သူ့ဒန်ဖလားက ယူလာစကတစ်ဝက်လောက် ရေတွေဟာ ဖလားနှုတ်ခမ်းထိမတတ် ကြွကြွ တက်လာတာ ဘုန်းကြီးတွေ့ရတယ်။ မုန့်ပေါင်းကြီးလိုပဲ။

နောက်....ဓနုဖြူမြို့မှာ ရွတ်တော့ ပရိတ်ရေက ဘယ့်နှယ်မှ မရှိဘူး။ ဒီတော့ ဒကာတစ်ယောက်က "ဆရာတော် ပက်တန်း

မှာတုန်းက ပရိတ်ရေပွက်တယ်။ ဒီမှာ ဘာမှမဖြစ်ပါလား''တဲ့။ ဘုန်းကြီးကို မကျေနပ်တဲ့အနေနဲ့ လျှောက်တယ်။ ဘုန်းကြီးက ဘယ်....အညွှံ့ခံလိမ့်မတုန်း။ ''ဟိုပက်တန်းက လူတွေက သနားစရာလဲကောင်းတယ်။ ငါးပါးသီလလဲလုံကြပုံပေါ်တယ်''။ ဘုန်းကြီးက ပြောလိုက်တယ်။ အဲဒီတော့မှ သူလဲ ရှေ့ဆက်မပြောတော့ဘူး။

## ပရိတ်ရေ၏အစွမ်းကြောင့်
## မြွေဆိပ် ကင်ဆာစသည် ပျောက်ကင်း

ပရိယ်ရွတ်ရာက ဆက်နွယ်ပြီးကောင်းကျိုးရကြပုံကို ပြောရဦးမယ်။ ဘုန်းကြီး ပရိတ်ရွတ်ဆိုတဲ့ နေရာဒေသတိုင်းမှာ ပရိတ်ပန်းအိုးများနှင့် ပရိတ်ရေ၊ ပရိတ်ဆီ၊ ပရိတ်သဲ၊ ပရိတ်ချည်နှင့် ပေါက်ပေါက်ပွင့် စသည်ကို ဘုန်းကြီးရှေ့ စာပွဲပေါ်မှာချထားကြမြဲဖြစ်တယ်။ ဒါတွေဟာ... လူတို့ ကောင်းကျိုးချမ်းသာအတွက် အသုံးပြုကြရန် ရည်ရွယ်ချက်နှင့်ထားကြခြင်း ဖြစ်တယ်။

ပရိတ်ရွတ်ဆိုထားပြီးသော အဆိုပါပရိတ်ရေကို သောက်သုံးလျှင် ရောဂါရှင်းတယ်။ ဖြစ်နေဆဲရောဂါ ကင်းပျောက်သွားတတ်တယ်လို့ ယုံကြည်ချက် ရှိကြတယ်။ ဒါ့ကြောင့် ရောဂါဝေဒနာခံစားနေကြရသူ ရောဂါသည်အများက ယုံကြည်စွာသောက်သုံးလိုကြတယ်။ ယောကျ်ား မိန်းမ ကလေး လူကြီး သောက်ကြတယ်။ သောက်သုံးကြသူတွေထဲမှာ ပုဇွန်တောင်က အစာအိမ်ကင်ဆာရောဂါ ဖြစ်နေသူတစ်ဦး လက်တွေ့ ပျောက်ကင်းလို့ ကျေးဇူးတင်စကား ပြောပါတယ်။

တွံတေးမြို့နယ်မှ ဝမ်းဗိုက်ကြီးဖောင်းနေသူ ရောဂါသည် ဒကာကြီးတစ်ဦးကလဲ ပရိတ်ရေကိုသောက်ရလို့ သူလဲ ရောဂါချက်ချင်းပျောက်ကင်းသွားကြောင်း စာရေးပြီး ကျေးဇူးတင်စာပို့တယ်။ ထိုနည်းဆင်ဆင် ရောဂါသည်အတော်များများထံက

ရောဂါအမျိုးမျိုး၊ စကားမပြော ရှူးသွပ်နေသူပါ ပျောက်ကင်းကြောင်း၊ သက်သာကြောင်း ကျေးဇူးတင်စကား လျှောက်ထားကြတယ်။

မျက်စိနာသူအများက ပရိတ်ရေကို မျက်စဥ်းခပ်ကြရာ မျက်စိနာ ချက်ချင်းပျောက်ကင်းပြီး မျက်စိကြည်လင်တယ်လို့ ပြောကြတယ်။

## မြွေဆိပ်ပြေခြင်း

ရောဝတီတိုင်း၊ ဓနုဖြူမြို့ရဲ့ တစ်ဖက်ကမ်းက ပက်တန်းရွာမှာလဲ မြွေပွေးကိုက်လို့ အဆိပ်မွန်ပြီး မျက်စိမဖွင့်၊ စကားမပြောနိုင်ဘဲ အိပ်ရာထဲလဲနေတဲ့ လူနာတစ်ယောက်ကို ဆရာဝန်က သွေးစမ်းကြည့်တဲ့အခါ သွေးတွေဆုတ်နေကြောင်းပြောသတဲ့။ ဘုန်းကြီးက "ပရိတ်ရေတိုက်ပါ"လို့ ပြောလို့ တိုက်တဲ့အခါ မျက်စိပြန်ဖွင့်လာတယ်။ နောက်ရက် ဆုတ်နေပြီးသောသွေးများ လူကောင်းပကတိလို ပုံမှန်ဖြစ်လာကြောင်း ဆရာဝန်စမ်းသပ်ချက်အရ သိကြရတယ်။ အဆိပ်ရောဂါရှင် မသေတော့ဘူး။ (၃)ရက်ကြာတဲ့အခါ မြွေဆိပ်များ ခန္ဓာကိုယ်အတွင်းမှ ကင်းရှင်းသွားကြပြီး၊ လူကောင်းပကတိဖြစ်လာကြောင်း လျှောက်ထားကြလို့ ဘုန်းကြီး အဲဒီရွာသို့ ခရီးထွက်စဉ် သိခဲ့ရတယ်။

## ကင်ဆာရောဂါပျောက်သူ

ဘုန်းကြီးရဲ့ပရိတ်ရေကိုသောက်လို့ ကင်ဆာရောဂါပျောက်ကင်းသွားကြောင်း ကြားသိရတာလဲ ဝမ်းမြောက်မဆုံးဘူး။ အံ့သြခြင်းလဲဖြစ်ရတယ်။ အကြောင်းက ဒီခေတ်မှာ ကင်ဆာရောဂါကို ဆရာဝန်အများကပင် သူတို့နည်းဖြင့် ကြိုးစား၍ ကုသပေးနေတဲ့ကြားက ရောဂါရှင်အများ သေကြရကြောင်း၊ ကုသရခက်ကြောင်း၊ ရောဂါသည်ရောက်လာ၍ ကုသပေးရသော်လဲ မုချ

ပျောက်ကင်းချမ်းသာစေရမယ်လို့ ဝန်မခံနိုင်ကြောင်း ပြောကြတယ်။

ရန်ကုန်ဆေးရုံကြီးမှာ အစာအိမ်ကင်ဆာရောဂါဖြစ်နေတဲ့ ဒကာမကြီးတစ်ဦးကို သက်ဆိုင်ရာတာဝန်ကျ ဆရာဝန်များက စမ်းသပ်စစ်ဆေးကြည့်ကြတဲ့အခါ ကင်ဆာရောဂါရှိနေကြောင်း တွေ့ရှိသိမြင်ကြတယ်။ ဆေးရုံတက်ခိုင်းပြီး ခွဲစိတ်ကုသပေးရန် ပြင်ဆင်နေတုန်း ရောဂါသည်မှာ အသက်က(၆၀)ကျော် အားနည်းမှုလဲ ရှိနေတော့ အားဖြည့်ရန်သွေးသွင်းပြီး ခေတ္တအားမွေးနေခိုက်အချိန် အဆိုပါရောဂါသည်က ဆရာတော်ကြီးကိုဖူးတွေ့ဖို့ သုံးရက်ခွင့်တောင်းပြီး သူ့နေအိမ်ပြန်လာခဲ့တယ်။

(၅-၂-၈[illegible]နေ့မှာ ဘုန်းကြီးကို အဆိုပါရောဂါသည်က ဝမ်းဗိုက်ခွဲပြီး ကုသပေးခြင်းခံရမှာကို ကြောက်ရွံ့နေကြောင်း လျှောက်တယ်။ ဝမ်းနည်းသံနှင့် မျက်ရည်စကလေးများကိုလဲ သတိပြုကြည့်မိတယ်။

"ပရိတ်ရေသောက်ပါ၊ ပျောက်ကင်းချမ်းသာသွားမှာပါ၊ ဆေးရုံတက်ပြီးမခွဲရပါဘူး၊ စိတ်ချပါ၊ ဘုန်းကြီးကလဲ မေတ္တာပို့ပေးနေမယ်"လို့ စိတ်ချမ်းသာအောင် အားပေးစကား ပြောလိုက်တယ်။

မကြာမီ နောက်တစ်ကြိမ် ထိုရောဂါသည်ကို တွေ့ရတော့ သူ့ဝမ်းဗိုက်အစာအိမ်ထဲမှာ ရောဂါမရှိတော့ဘူးဆိုလို့ အိမ်ပြန်ခဲ့ကြောင်း ဝမ်းသာအားရ ပြုံးပြုံးရွှင်ရွှင်လျှောက်ထားတယ်။

ဖြစ်ပုံက အဆိုပါရောဂါသည်ကို ရက်ချိန်းပေးထားတဲ့အတိုင်း ခွဲစိတ်ဖို့ ဆေးရုံပေါ်ပြန်ရောက်လာပြီး ဆရာဝန်အဖွဲ့က ဆေးပညာဖြင့် စမ်းသပ်ရှာကြည့်ကြတယ်။ အဲဒီအခါမှာ ရောဂါရှာမတွေ့ရတော့ဘူးလို့ ဆိုတယ်။ ဝါရင့်သမားတော်ဆရာဝန်ကြီး ဦးစံတင် အပါအဝင် ဆရာဝန်များက စမ်းသပ်သောကိရိယာများနှင့် စမ်းသပ်ကြည့်တော့ ယခင်တွေ့မြင်ထားတဲ့ကင်ဆာ မရှိ

တော့ကြောင်း အားလုံးဝန်ခံကြသတဲ့၊ အားလုံးလဲ အံ့အားသင့်ကြတယ်လို့ ဆိုတယ်။

ဝမ်းဗိုက်အစာအိမ်အတွင်းမှာ ရောဂါဆိုလို့ ဘာမှမရှိ၊ တကယ်ပျောက်ကင်းနေပုံတွေ့ကြတော့ အံ့သြစွာနှင့် "ရောဂါမရှိတော့ဘူး၊ ခွဲစိတ်ကုသဖို့မလိုတော့ပါ၊ ဆေးရုံကဆင်းနိုင်ပြီ၊ အိမ်သို့ပြန်သွားနိုင်ပြီ" ပြောဆို ခွင့်ပြုလိုက်ကြတယ်။ "ဒါနဲ့ပဲ စိတ်အေးချမ်းသာစွာ အိမ်ပြန်လာခဲ့ပါပြီ ဘုရား" လို့ လျှောက်တယ်။

ဝမ်းတွင်းဖြစ်ပေါ်နေသော (ကင်ဆာ)ရောဂါ တကယ်ပင် ပျောက်ကင်းလို့ ဘာရောဂါရယ်လို့ ခွဲခြားမပြောတတ်တဲ့ ဝမ်းတွင်းရောဂါအမျိုးမျိုး ပရိတ်ရေသောက်ပြီး ပျောက်ကင်းချမ်းသာသွားကြပုံ အတော်များများပြောလာကြလို့ ကြားသိရပါသေးတယ်။

## ဆရာဝန်များက ပရိတ်ရေတောင်းကြ

ရန်ကုန်ဆေးရုံကြီးပေါ်၌ အထက်ပါ ရောဂါသည်ကြီး ဝမ်းထဲမှာတွေ့ရှိထားပြီး ကင်ဆာရောဂါ ရှာမတွေ့အောင် ဘာဆေးစားထားသလဲလို့ မေးကြတဲ့အခါ "တောင်တန်းသာသနာပြုဆရာတော်ကြီးရဲ့ ပရိတ်ရေကို သောက်ပါတယ်။ ဒါကြောင့် ပျောက်ကင်းသွားခြင်းဖြစ်ရမယ်လို့ ထင်ပါတယ်" လို့ပြောကြရာ ဒေါက်တာများက အံ့သြစွာနှင့်ပြုံးကြပြီး "အဲဒီပရိတ်ရေ ကျုပ်တို့ကိုလဲ ပေးပါဦးဗျာ၊ အစွမ်းထက်တဲ့ပရိတ်ရေကို ရပါရစေ" လို့ တောင်းဆိုလိုက်ကြသေးသတဲ့။

## ပရိတ် ဘာ့ကြောင့် အစွမ်းထက်

ဗုဒ္ဓဘာသာတရားတော်မှာ ပရိတ်တရားတော်ဆိုတာ ပါရှိတယ်၊ ပရိတ်တရားတော်ကို ဗုဒ္ဓဘာသာ လူရှင်ရဟန်း ရွတ်ဆို

လေ့ရှိကြတယ်။ ဘေးကင်းရန်ကင်း အန္တရာယ်ကင်းရှင်းစေရန်၊ မန္တန်သဖွယ် အမြဲပုံသေရွတ်ဆိုနေကြမြဲ ဖြစ်တယ်။ ရွတ်ဆိုခြင်း ဖြင့် အန္တရာယ်ကင်းတယ်လို့ ယုံကြည်ကြတယ်၊ အမှန်တကယ်လဲ ကင်းပါတယ်။

“ပရိတ်တရားတော် အဘယ့်ကြောင့် အစွမ်းထက်ပါသလဲ” လို့ အကြောင်းကိုရှာတော့ ရှေးခေတ်အခါဆီက ဘုရားအလောင်း-သူတော်ကောင်းကြီးတို့၏ သစ္စာဆိုချက်များနှင့် ရတနာသုံးပါး ဂုဏ်တော်များဖြစ်လို့ အစွမ်းထက်မြက်နေခြင်း ဖြစ်ကြောင်း ထင်ရှားပါတယ်။

“မည်သူမဆို၊ ဘယ်သူပဲရွတ်ရွတ်၊ ပရိတ်တန်ခိုးစွမ်းကို ထင်ရှားပြခြင်းရှိပါသလော”လို့ မေးသူများရှိခဲ့ဖူးတယ်။အဖြေ ကတော့ “မည်သူမဆို လူတိုင်း ရဟန်းပုဂ္ဂိုလ်တိုင်း ရွတ်ဆိုကြ သော်လည်း ထင်ရှားအောင်၊ ပေါ်လွင်လာအောင် ထက်မြက်ခြင်း မရှိပါ၊ အန္တရာယ်သာမန်တော့ ကင်းရှင်းပါမယ်”လို့ ဆိုရပါမယ်။

“ထေရဝါဒ မြန်မာနိုင်ငံမှာ ရဟန်းပုဂ္ဂိုလ် အားလုံးပင် ပရိတ်သုတ္တန်အများကို ရွတ်ဖတ်ကြမြဲဖြစ်ပါတယ်။သို့သော် အချို့ ပုဂ္ဂိုလ်တို့ ရွတ်ဆိုကြသော ပရိတ်တော်က ထိရောက်အောင်အစွမ်း ပြကြပါတယ်။ ထက်မြက်ကြောင်း ပေါ်လွင်ကြပါတယ်၊ အချို့ သောပုဂ္ဂိုလ်တို့ ရွတ်ဆိုကြသော်လဲ ထိရောက်အောင် အစွမ်းပြ ကြောင်း၊ ပေါ်လွင်အောင်ထက်မြက်မှုရှိကြောင်း မကြားသိရပါ ဘုရား၊ အဲဒါ ပုဂ္ဂိုလ်က ခြားနားပါသလား၊ ပရိတ်က ခြား နားပါသလား။”

၁၃၄၉-ခု၊ တပေါင်းလဆန်း (၁၁)ရက် စနေနေ့ည ကမ္ဘာအေးဘုရားလမ်း၊ သီရိမင်္ဂလာရိပ်သာ၊ ဦးကျော်ခင်မြင့် ဒေါ်ခင်ခင်စိန်တို့ရဲ့နေအိမ်တိုက်အတွင်း ပရိတ်ကြီး(၁၁)သုတ်ကို ရွတ်ဆို၍ အသံဖမ်းပြီးနောက် ပရိတ်တရား၏ အဓိပ္ပာယ် အကျဉ်း ချုပ်ဟောပြပြီးတဲ့အခါ ဘုန်းကြီးကို အခုလို မေးလျှောက် ပါတယ်။

မေးလျှောက်သူက ရုပ်ရှင် ဒါရိုက်တာလဲဖြစ်၊ ရန်ကုန်တက္ကသိုလ် ဒဿနိကဌာန ကထိကဟောင်းလဲဖြစ်၊ စာရေးဆရာအောင်မှူးခေါ် ဆန်းလွင်လို့ဆိုတယ်။ သူဟာ ယခင်အချိန်က မူဆလင်ဘာသာမှ ခရစ်ယာန်ဘာသာဝင်ဖြစ်၊ ထို့နောက် ကွန်မြူနစ်ဝါဒသမားဖြစ်ခဲ့ပြီးနောက်တွင် ယခုအခါ ဗုဒ္ဓဘာသာဝင် ဗုဒ္ဓဝါဒလမ်းစဉ်ကို ယုံကြည်စွာကြည်ညိုအားထားလျက်ရှိသူ၊ အသက်(၆၀)ရွယ် ဧကာကြီးဦးဆန်းလွင် ဖြစ်တယ်။ သူဟာ နရသုခိဆေးပညာပေးစာစောင်လဲ ထုတ်ဝေတယ်လို့သိရတယ်။

ထိုမေးခွန်းကို ဘုန်းကြီးက "စေတနာခြားနားတယ်လို့ပဲ ဖြေကြားခဲ့တယ်၊ ထပ်ဆင့်၍ မေတ္တာစိတ်စေတနာ၊ ကရုဏာစိတ်စေတနာနှင့် သီလဂုဏ်၊ သမာဓိဂုဏ်ရင့်ကျက်မှု အနည်းအများလဲ ခြားနားချက်ပါတယ်"လို့ ဖြေကြားခဲ့ရာ "ကျေနပ်ပါပြီ"လို့ လျှောက်ပါတယ်။

မေတ္တာစေတနာ၊ ကရုဏာစေတနာ ထက်သန်မှု ခြားနားသောကြောင့် ပရိတ်သုတ္တန်တရားသည် ဘုရားဟောကြားထားချက်တူပါလျက် ရွတ်ဖတ်ပေးကြရာတွင် ကောင်းကျိုး သက်ရောက်မှုခြားနားခြင်းအမှန်ဖြစ်တယ်၊ သီလဂုဏ် သမာဓိဂုဏ်ရှိန်ခြားနားကြသောကြောင့်လဲ ကောင်းကျိုးထိရောက်မှု ပေါ်လွင်သာခြင်း ခြားနားနေတာ အမှန်ဖြစ်တယ်။

ထို့ကြောင့် မေးလျှောက်သူ ဦးဆန်းလွင်က "စောဒကတက်ရန်မလိုပါ၊ ကျေနပ်ပါတယ်"လို့စကားအဆုံးသပ်သွားခြင်းဖြစ်ပါတယ်။

## ရဟန်းပုဂ္ဂိုလ်များ နည်းယူနိုင်ကြသည်

မြန်မာနိုင်ငံမှာ ရှေးခေတ်အဆက်ဆက်ကပင် သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ် ကြီးမားသော ဆရာတော်ပုဂ္ဂိုလ်ကျော်ကြီးတွေ အဆင့်ဆင့်ပေါ်ပေါက်ခဲ့ကြဖူးပါတယ်၊ (အဆင့်ဆင့်)

ဆိုသည်မှာတစ်ပါးထက်တစ်ပါးကပို၍မြင့်မားခြင်းလို့ မဆိုလိုပါ အစဉ်အဆက် ကြည်ညို အားထားဘွယ်ရာ ပေါ်ပေါက်လျက် သီတင်းသုံးသွားခဲ့ကြဖူးလှပြီလို့ ဆိုပါတယ်။

ထိုဆရာတော်ကြီးတွေ အခြေခံ သီလဂုဏ်က ထက်၍ သမာဓိဂုဏ်နှင့် ပညာဂုဏ်တွေပါ ဖြည့်စွက် ထုံမွမ်းလိုက်သော အခါ အရာရာပြည့်စုံနေပြီး ဖြစ်ကြလို့ ထိုခေတ်၊ ထိုပုဂ္ဂိုလ်မြတ်ကြီးတို့၏ နှုတ်တော်မှ မြွက်ဆို ရွတ်ဖတ်ကြသော ပရိတ်သုတ္တန်များဟာ ထိုထိုရွတ်ဆိုဟောမှုကြသော ပုဂ္ဂိုလ်မြတ်တို့၏ စိတ်စေတနာ ဆန္ဒတော်အတိုင်း ထက်မြက်ကြတယ်၊ ထိရောက် အောင်မြင်ကြတယ်၊ လိုရာပေါက်သကဲ့သို့ အကျိုးသက်ရောက်မှု ရှိကြတယ်၊ သိသာပေါ်လွင်အောင် ကောင်းကျိုး ခံစားကြရတယ်။

(ဥပမာ)ဘုန်းကြီး မီးဘေးအန္တရာယ်မှ လွတ်ကင်းကြရန် ပရိတ်မှုတ်ပေးခဲ့သောရွာ၊ ရပ်ကွက်၊ မြို့များ၊ အိမ်များမီးလောင်တယ်လို့ မကြားဖူးကြောင်း လေ့လာကြည့်ဖူးသူတိုင်း သိကြပြီး ဖြစ်တယ်။

ထိုနည်းတူ မိုးရွာစေချင်ပါလဲ သစ္စာဆိုပြီး ကိုယ်ဘိုင် မိုး ပရိတ်ကို (၇)ခေါက်ရွတ်ဆိုပါက ကာလမရွေး ဒေသမရွေး ရွာသွန်းမြဲဖြစ်ပုံလက်တွေ့သိရပါတယ်၊ နောက်ပြီး ဘုန်းကြီးရဲ့ ပရိတ်ရေကိုသောက်လျှင် သားဖွားရာတွင် အခက်အခဲ ရှိနေသူတိုင်း အလွယ်ဖွားနိုင်ကြောင်း တောင်ပေါ်ချင်းလူမျိုးများက လက်တွေ့ သိကြပြီးဖြစ်ပါတယ်။

ယခုလို ပွင့်ပွင့်လင်းလင်း ဖော်ပြရတာကတော့ နှောင်းခေတ်တွင် ရဟန်းဖြစ်လာကြတဲ့ ဒီက တရားနာရဟန်းပုဂ္ဂိုလ်ငယ်များ အားထက်ကြိုး အကျိုးယူနိုင်ကြပါစေဆိုတဲ့ စေတနာနဲ့ နည်း ညွှန်ပြခြင်း ဖြစ်ပါတယ်။

## ပရိတ်နာသူအင်္ဂါသုံးချက်

ပရိတ်အကြောင်း နိဂုံးချုပ် လိုရင်းအချက်ကိုပြောမယ်။ ပရိတ်နာသူ၊ ပရိတ်ရေစသည်သုံးစွဲတဲ့သူဟာ အချက် ၃-ချက်နဲ့ ညီညွတ်ဖို့လိုတယ်။ ဒါကို အထူးမှတ်။

၁။ မိသတ်, ပသတ်စသော(ပဉ္စာနန္တရိယ) ကံကြီး၅-ပါး မလွန်ကျူးတဲ့သူဖြစ်ရမယ်။

၂။ ကံ ကံ၏အကျိုးလက်ခံသူ (သမ္မာဒိဋ္ဌိ)ဖြစ်ရမယ်။

၃။ အရေးအပါဆုံး အချက်က.... မြတ်စွာဘုရားရှင်ရဲ့ မုခပါဌ် ပရိတ်တရားတော်ရဲ့အစွမ်းသတ္တိကို တကယ် ယုံကြည်သူဖြစ်ရမယ်....ပဲ့။

ဘုန်းကြီးရဲ့ ပရိတ်နှင့်စပ်လို့ အမျိုးမျိုး ချမ်းသာကြရတဲ့ ပုဂ္ဂိုလ်တွေဟာလဲ အဲဒီအချက် ၃-ချက်နှင့် ပြည့်စုံကြတဲ့အပြင် ဘုန်းကြီးရဲ့ သီလ သမာဓိကိုလဲယုံ၊ ဘုန်းကြီးနဲ့ ကံစပ်သူများလဲ ဖြစ်ကြတယ်လို့ယူဆပါတယ်။ ကိုယ်ဟိုင်လဲ အသီးအသီး ပရိတ်စွမ်း ထက်သူများဖြစ်အောင် ကြိုးစားကြပါ။

## မျှော်လင့်ချက် မရှိတဲ့ကင်ဆာနှင့် အသက်တစ်ချောင်း

ပရိတ်ရေသုံးစွဲတာနဲ့ စပ်လို့ သူတို့လက်တွေ့ဖြစ်တဲ့ ဒကာ ဒကာမ အချို့ လျှောက်ထားလို့ ဘုန်းကြီးကြားသိရတဲ့ အတိုင်း ပြောရယင် ပြောလို့ မကုန်ဘူး။ အများကြီးပဲ။ အလွန် အားရ ကျေနပ်စရာလဲကောင်းတယ်။ ဘုန်းကြီးရဲ့ စေတနာနှင့် သတ္တဝါ တို့ရဲ့ ကံတရားလို့ပဲ ဆိုရမယ်။

ကင်ဆာရောဂါဆိုလို့ တလောက ရန်ကုန်မြို့ထဲကပဲအသက် ၃၀ ကျော်လောက် ဒကာမ တစ်ယောက် သားမြတ်နှစ်ဖက်စလုံး မှာ ကင်ဆာ ရောဂါဖြစ်လို့ ဆေးရုံတက်ရရှာတယ်။ ဆေးရုံမှာ ရက် အနည်းငယ်နေပြီး စစ်ဆေးကြည့်တော့ ကင်ဆာရောဂါ

အမြစ်က သားမြတ်ကနေပြီး သားအိပ်ရောက်သွားပြီလို့ ဆိုတယ်။ ဒါနဲ့ ဆရာဝန်များက မျှော်လင့်ချက် မရှိတော့လို့နဲ့တူပါတယ်။ အဲသည် ဒကာမကို အိမ်ကိုပဲ ပြန်လွှတ်လိုက်ကြတယ်။ နိုင်ငံခြား သွားပြီး ကုဖို့ကြံနေတုန်း ကံအားလျော်စွာ ဘုန်းကြီးပင့်ပြီး ပရိတ်နာတယ်။ အားပေးစကားပြောဟောပြီး ပြန်ခဲ့တယ်။ နှစ်ပတ်လောက်ရှိတော့ အသားအရေတွေပါ ပြောင်းလာပြီး စိုပြည်လာတယ်လို့ ဆိုတယ်။ အသေ လွှတ်ပြီဆိုပြီး ဝမ်းသာနေကြသတဲ့....။

နောက်တစ်ဦးကတော့ ရန်ကုန်မြို့လယ်က မီးမဖွားနိုင်တဲ့ ဒကာမလေး တစ်ယောက်၊ ဖျားကာလဲဖျား၊ အသားဝါ ရောဂါကလဲရှိနေတော့ ဆရာဝန်များက စိုးရိမ်ကြတယ်။ ကိုယ်ဝန်သည် ဒကာမများ ဒီလိုရောဂါရှိနေရင် စိုးရိမ်စရာဖြစ်တယ်လို့ဆိုတယ်။ မီးဖွားလို့ အတော့်ကိုအခက်အခဲ အကြပ်အတည်း ဖြစ်နေတော့ နောက်ဆုံး ဆရာဝန်များက လူနာရှင်ကို မေးကယ်။

"လူကြီး အသက်ကို ယူမလား၊ ဒါမှမဟုတ်၊ ကလေး အသက်ကိုပဲယူမလား၊ နှစ်သက်စလုံးရဖို့တော့ မလွယ်ဘူး" လို့ ပြောသတဲ့။

အဲဒီအခါမှာ မိတ်ဆွေတစ်ယောက်နှင့် စကားစပ်မိကြပြီး မိတ်ဆွေက ပရိတ်ရေပေးလိုက်တယ်။ အဲဒီပရိတ်ရေကို ယုံယုံကြည်ကြည် သောက်သုံးတဲ့အတွက် အားလုံးစိုးရိမ်တကြီး ဖြစ်နေတဲ့ကြားက ချမ်းချမ်းသာသာ ဖွားရတယ်။ မိခင်ရော ကလေးပါ ကျန်းကျန်းမာမာရှိတယ်လို့ ကြားသိရတယ်။

နောက်ပြီး ကမာရွတ်၊ လှိုင်မြို့နယ် မရမ်းတစ်ပင် ရပ်ကွက်က ဒကာမ တစ်ယောက် အဲသလိုပဲ သားအိမ်ကင်ဆာ ဖြစ်လို့ ဆေးရုံက အိမ်ပြန်လွှတ်တယ်။ ရောဂါက လွန်နေပြီ တင်ပါရဲ့။ အိမ်ထဲမှာ လူမနေနိုင်အောင် နံစော်နေတယ်။ တစ်နေ့တော့

သောက်ရတဲ့ဆေးတွေက ပူလွန်းလို့ မနေနိုင်ပော့ ဆရာတော်ကြီး ပရိတ်ရေပေးပါလို့ တောင်းသတဲ့။ အဲဒီရပ်ကွက်မှာလဲ ဘုန်းကြီး တရား တစ်ည ဟောဖူးသေးတယ်။ အဲဒီ ဒကာမလဲ ပရိတ်ရေသောက်ပြီး အပူပ်နံ့တွေ ယူပစ်သလို အံ့ဩလောက်အောင် ပျောက်သွားတယ်လို့ မျက်မြင်ကိုယ်တွေ့ တစ်ဦးက လျှောက်လို့ ကြားသိရတယ်။

## ပရိတ်ရေကို မီးကရှောင်တယ်

မီးဘေးအန္တရာယ်နဲ့ စစ်လို့လဲ ချမ်းသာကြတာတော်တော်များပါတယ်။ မကြာမီက မီးအကြီးအကျယ်လောင်တဲ့ လားရှိုးမြို့မှာလဲ ရန်ကုန်လာပြန်သွားတဲ့လူတစ်ယောက်ကတစ်မြို့လုံး မီးတွေလောင်လာတဲ့အချိန်မှာ ရန်ကုန်ကယူလာတဲ့ပရိတ်ရေနှင့်သံပုံးထဲမှာ ရောစပ်ပြီး ချက်ချင်း သူ့အိမ်ပတ်ပတ်လည်မှာ ပက်ဖျန်းသတဲ့။ သူ့အိမ်မီးမကူးဘူး။ ထူးထူးခြားခြား မီးကွင်းလို့ ဝိုင်းပြီးကြည့်ရှုကြသတဲ့။ မြို့တ်မြို့မှာတော့မီးလောင်နေတုန်းပဲ ရေတစ်ပုံးထဲပရိတ်ရေထည့်ပြီး ဖျန်းလိုက်တာ မီးငြိမ်းသွားတယ်လို့ ဆိုတယ်။ တကယ်ဆိုယင် သာမန်ရေတစ်ပုံးလောက် လောင်းရုံနဲ့တော့ မီးကငြိမ်းဖို့မရှိပါဘူး။ သာယာဝတီ အုတ်ဖိုမှာတော့ ပရိတ်ရေ ပုလင်းရှိတဲ့ အိမ်တစ်အိမ်ထဲပဲ ထီးထီးကြီး ကျန်နေတယ်လို့ အသီးအသီးလာပြီး လျှောက်ကားကြလို့ ကြားသိရပါတယ်။

ဒါတွေကို ဘုန်းကြီးက အသေးစိတ် အမည် နာမနှင့် မှတ်တမ်းတင်ထားတာ မရှိပါဘူး။ အသေးစိတ် ပြောပြဖို့ဆန္ဒလဲ မရှိပါဘူး။ ဒကာ ဒကာမတွေ တစ်ယောက်နှင့် တစ်ယောက်သူ့ကိုယ်တွေ့၊ ကိုယ့်ကိုယ်တွေ့ ပြောကြဆိုကြ၊ လျှောက်ထားကြလို့ ကြားသိရသလောက် ပြောပြရခြင်းဖြစ်တယ်။

မြတ်စွာဘုရားရှင်၏ တရားဓမ္မစကားတော် ဆိုရာမှာ ဘာမဆို လိုရာသုခ ရစေနိုင်တယ်၊ ဘေးဒုက္ခအပေါင်းက ကင်းဝေးစေနိုင်တယ် ဆိုတဲ့ လိုရင်း အချုပ်ကို စိတ်ချယုံကြည်စွာ စိတ်ကိုရှင်းရှင်းထားတဲ့သူများအတွက် အသေးစိတ် ပြောဆိုဖို့ မလိုပါဘူး။ သို့သော်လဲပဲ အရေးကိစ္စ အားလျော်စွာ သုံးစွဲပုံ သုံးစွဲနည်းကို သိရှိကြပါစေတော့လို့ နမူနာ ပြောပြရခြင်းဖြစ်တယ်။

တချို့အရပ်ကလဲ စာတို စာရှည်တွေနဲ့ လျှောက်ထားကြတာတွေလဲ ရှိတယ်။ ပြောလို့ မကုန်ပါဘူး။

### ပရိတ်မစွမ်းသူ လူသုံးဦး

မိစ္ဆာဒိဋ္ဌိ၊ နံ့ဟွရိ၊ သတ္တိ မယုံသူ။

ပရိတ်စွမ်းအား၊ မလောက်ငြား၊ မှတ်သားဂု·ယောက်လုံ။

ဘုရားမိန့်မြွက်၊ အာဏာသက်၊ စကြဝါသိန်းဝှန်ဆူ။

ဖွေရှာကျက်ဦးတည်၊ ခြသေ့ဆီ၊ ယုံကြည်စိတ်မွေးမြူ။

ပရိတ်စွမ်းအား တရားတော်ပြီး၏။

(နောက်ဆက်တွဲ)

## ပရိတ်ရေအာနိသင် ထူးခြားချက် ကိုယ်တွေ့လျှောက်လွှာပေးစာများ

### ပရိတ်ရေသောက်ရ၍ ဝမ်းဗိုက်ဖောရောင်ရောဂါ ပျောက်ကင်းပုံ

ရှိသေစွာ ခြေတော်ဦးခိုက် လျှောက်ထားအပ်ပါသည် နယ်ခြားတောင်တန်း သာသနာပြုဆရာတော်ကြီးဘုရား။

ဆရာတော်ကြီး၏ ပရိတ်ရေတန်ခိုးကြောင့် ဝမ်းဗိုက်ကြီး ဖောရောင်သောရောဂါ ပျောက်ကင်းပုံနှင့် ပရိတ်ရေပက်ဖျန်း၍ ရေကန်နှစ်ကန်ထူးခြားပုံကို အများကိုယ်စား ဘုရားတပည့်တော် မောင်အောင်ထွန်း ရှိသေစွာ လျှောက်ပါသည်ဘုရား။

တွံတေးမြို့အပိုင်၊ ကန်လှကျေးရွာ၌ နေထိုင်သူ ဘုရားဒကာ၊ ကျောင်းဒကာကြီး ဦးဝိုင်း၏ ဝမ်းဗိုက်ကြီး ဖောရောင်သော ရောဂါ ပျောက်ကင်းချမ်းသာ၍ ဝမ်းမြောက်နေကြပုံအကြောင်း ကာယကံရှင်မိသားစု၏ ပြန်လည် ပြောပြချက်အရ လျှောက်ထားအပ်ပါသည်ဘုရား။

ဦးဝိုင်းသည် ဆယ်ရက်ခန့်ဖျားပြီး သူ၏ ဝမ်းဗိုက်ကြီး ဖောရောင်လာ၍ ရန်ကုန်မြို့ အလုံရပ်ကွက်၌ရှိသော (ဆန်းလိုက်) ဆေးရုံသို့ (၇-၂-၈၈)နေ့က တင်ပို့ခဲ့ရပါသည်။

ထိုဆေးရုံမှ ရောဂါရှာမရဘဲရှိနေစဉ် အခြေအနေ ပိုဆိုးလာသောကြောင့် (မြရတနာ)ဆေးရုံသို့ (၉-၂-၈၈)နေ့တွင် ပြောင်း၍တင်ပို့ကြရာ သမားတော်ကြီး ဦးကိုကိုလှ စမ်းသပ်စစ်ဆေးကြည့်ပါသည်။ အခြေအနေမှာ လုံးဝမကောင်း ဖြစ်နေသောကြောင့် ခွဲစိတ်ရမည်ဖြစ်ကြောင်း။ သို့ရာတွင် ခွဲစိတ်သော်လဲ

စိတ်မချရကြောင်း၊ ထို့ကြောင့် အထူးကုဆရာဝန်ကြီး ဦးမောင်မောင်ဝင်းလေးထံသို့ လွှဲအပ်ပေးလိုက်ပါသည်။

## ပရိတ်ရေကြောင့် ခြားနားလာပုံ

(၁၀-၂-၈၈)နေ့တွင် အဆိုပါဆေးရုံပေါ်၌ တင်ထားလျက် ရှိနေစဉ်မှာ ဦးအောင်ထွန်းပေးခဲ့သော နယ်ခြားတောင်ဆရာတော်ကြီး၏ ပရိတ်ရေကို ဦးဝိုင်း၏နှုတ်ခမ်းသို့ ဝါဂွမ်းဖြင့် ပွတ်ထိပေးပါသည်။ ပွတ်ပေးသောဝါဂွမ်းမှ ပရိတ်တော်ရေကို စုတ်ယူလိုက်မိလျှင်ပင် ဦးဝိုင်း၏ရင်တွင်းသို့ အလွန်အေးမြစွာ ဝင်သွားကြောင်း ပြောပြီးလျက် သိသိသာသာ လန်းဆန်းလာပုံကို မြင်ကြရပါသည်။

ထို့ကြောင့် ရောဂါသည် လူနာဦးဝိုင်းက ခွဲစိတ်ကုသပေးမည့် အစီအစဉ်ကို ခေတ္တဆိုင်းရွှဲစောင့်ကြည့်ပါရန် ဆရာဝန်ကြီးအား တောင်းပန်ထားသည်။ စောင့်ဆိုင်းနေစဉ် (၅)ကြိမ်အထိ ပရိတ်ရေကို နှုတ်ခမ်းပေါ်၌သုတ်၍ ပွတ်၍ပေးကြပါသည်။ (သုံးဆယ့်ရှစ်လက်မခွဲ)ရှိသော ဝမ်းဗိုက်သည် လျော့လာပါသည်။ ထိုနေ့ညတွင် တိုင်းကြည့်ရာ(၃၆)လက်မခွဲအထိ ကျလာပြီး လျော့လာနေသည်။

## ဝမ်းဗိုက်ဖောရောင်ခြင်း မရှိတော့ပါ

(၁၁-၂-၈၈)နေ့နံနက်တွင် ဆီးဝမ်းလျှောပြီး အထူးပေါ့ပါးလာသည်။ ဝမ်းဗိုက်ဖောင်းခြင်း (၃၅)လက်မခွဲ အထိကျဆင်းလာသည်။

ထိုအခါ ဆရာဝန်ကြီးကပါ အားတက်လာပြီး လူနာအခြေအနေမှာ ကောင်းလာပြီဖြစ်ကြောင်း၊ ခွဲစိတ်နေရန် မလိုတော့ကြောင်းနှင့် ဆရာတော်ကြီး၏ပရိတ်ရေကိုသာ တိုက်ပေးရန်ခိုင်းခဲ့ပါသည်။ လူနာသည် သိသိသာသာကြီး လန်းဆန်းလာပြီး

အသားအရေမြင်ရသည်မှာလဲ ပုံမှန်လာပါသည်။ ဝမ်းဗိုက်(၃၄) လက်မခွဲအထိ လျော့၍ ကျဆင်းလာပါတော့သည်။

(၁၃-၂-၈၈)နေ့တွင် ယခင် ဆရာဝန်များ တပ်ဆင်ပေးထားရသော ဂလူးကိုးစ်ပိုက်နှင့် နှာခေါင်းတွင်းမှ တပ်ဆင်ထားသော အောက်ဆီဂျင်ပိုက်တို့ကို တစ်ပြိုင်တည်း ဖြုတ်ခိုင်းပါသည်။

(၁၄-၂-၈၈) နေ့နံနက်တွင် ဆန်ပြုတ်ရည်တိုက်ခိုင်းပါသည်။ ထိုအခါ ဦးဝိုင်း လမ်းလျှောက်နိုင်ခဲ့ပြီး ရောဂါဝေဒနာလုံးဝမခံစားရတော့ပါ။ ထို့ကြောင့် ဆရာဝန်ကြီးကပင် ပရိတ်ရေ၏အစွမ်းထက်မြက်ပုံကို အထူးအံ့ဩမိပါကြောင်း၊ဝမ်းမြောက်မိပါကြောင်း ရိုးသားစွာပြောလိုက်ပါသည်။

ရောဂါ၏အခြေအနေမှာ (၁၅-၂-၈၈)နေ့တွင် ဆန်ပြုတ်ကို ဆက်လက်တိုက်ကြပါသည်။ (၁၆-၂-၈၈)နေ့တွင် ထမင်းဟင်း စတင်၍ကျွေးကြပါသည်။ (၁၇-၂-၈၈)နေ့၌ ဆရာဝန်ကြီးက စိတ်ချရပြီဖြစ်ကြောင်း ပြောကြားပါသည်။ ထို့ကြောင့် (၁၈-၂-၈၈)နေ့တွင် ဆေးရုံမှဆင်းခွင့်ပြုပါသည်။ ယခုအခါ ဦးဝိုင်းသည် ကျန်းမာ၍ ချမ်းသာစွာရှိနေပြီဖြစ်ပါကြောင်း ဆရာတော်ကြီးအား လျှောက်ထားပါသည်ဘုရား။

## ပရိတ်ရေကြောင့် ရေကန်နှစ်ကန် ထူးခြားပုံ

တွံတေးမြို့နယ်၊ ကန်လှကျေးရွာ၌ ရေကန်နှင့်ပတ်သက်၍ ထူးခြားချက်ကို ဆက်၍ လျှောက်ထားပါသည် ဘုရား။

ကန်လှကျေးရွာနှင့် အနီးအနားဝ၌ရှိ ရွာအများက အားထားနေကြရသော သောက်သုံးရေကန်နှစ်ကန် ရှိပါသည်။ ထိုရေကန်နှစ်ကန်သည် အလယ်၌ ဘောင်သာခြား၍ တစ်ဆက်တည်းတည်ရှိကြပါသည်။

(၈-၂-၈၈) နေ့တွင် ဆရာတော်ကြီး၏ ပရိတ်ရေကို ဦးအောင်တွန်းက မေတ္တာသုတ်ပရိတ်ရွတ်၍ သောက်သုံးနေသော

ရေကန်ထဲသို့ လောင်းထည့်လိုက်ပါသည်။ (၁၀-၂-၇၇)နေ့တွင် မှော်ပင် ဒိုက်ပင်များအပေါ်၌ မြက်ပင်များပေါက်၍ ကောနေသော တစ်ဖက်ရေကန်မှ ရေများကို ရေစုပ်စက်ဖြင့် ရေများ အလဟဿ မဖြစ်စေရန်နှင့် ကန်တူးနိုင်ရန်၊ သောက်သုံးသော ရေကန်ထဲသို့ ပက်သွင်းခဲ့ရာမှာ (၅)နာရီအထိ ကြာသောအခါ သောက်သုံးသောရေကန်မှာ ကန်ဘောင်ရိုးအနိမ့်ပိုင်း ကန်ဘောင် အထိ ရေပြည့်လာပုံ ထူးခြားလာပါသဖြင့် ရေစုပ်ခြင်းရပ်ဆိုင်း လိုက်ရပါသည်။

ထိုနောက် ကောရှုပ်ထားရသော ရေကန်ငယ်ရှိ ဗေဒါ ဒိုက်ပင်များနှင့် မြက်ပင်များကို ဆယ်တင်ကြရာ၌ ကောနေ သော ရေကန်ကမ်းစပ်မှ တစ်ကိုက်အကွာလောက် ရေတွေ့ ဒူးအထိ ချက်ချင်းရှိလာပြီး နှစ်ကိုက်အကွာတွင် ပေါင်လယ်အထိ ရေ ကောင်းရေသန့်များ ပေါ်ထွက်လာကြပုံတွေ့ရှိကြရပါသည်ဘုရား။

သောက်သုံးသောရေကန်အနေဖြင့် တစ်နွေလုံး သုံးရေ ပြည့်ဝဖူလုံစွာ သုံးနိုင်ကြောင်းနှင့် ကောနေသော ရေကန်လည်း သောက်သုံးနိုင်သော ရေကန်ကောင်းဖြစ်လာကြောင်း တွေ့ရှိရ သဖြင့် ရေကန်အလှူရှင်များနှင့် ကျေးရွာသူ - ကျေးရွာသား အများက ဆရာတော်ဘုရားကြီး၏ ဂုဏ်ကျေးဇူးကို အထူးဟောင် လျက်ရှိနေကြောင်း လျှောက်ထားအပ်ပါသည်။

ဆရာတော်ဘုရား၏ ပရိတ်ရေပုလင်းကို အရင်းခံထား၍ ကမ္ဘာအေးတောင်ပုလုဆရာတော်ဘုရားကြီး၊ ရွှေဥဒေါင်းတောင် ဆရာတော်ဘုရားကြီးနှစ်ပါး၏ ပွားထားသော ပရိတ်ရေအနည်း ငယ်စီလဲ ထည့်ခဲ့ပါသည်ဘုရား။

ကန်လှကျေးရွာ ရေကန်ပြုပြင်တူးဖော်ရေးနှင့် ကန်လှ ပုသိမ်ရွာ လမ်းဖောက်လုပ်ရေး၊ တံတားဆောက်လုပ်ရေး အလှူ ရှင်များကိုယ်စား—

အောင်ထွန်း(အကျိုးဆောင်)

၂၀၊ ၂၊ ၁၉၇၇

## ပရိတ်ရေကြောင့် အစာအိမ်နှင့် ကင်ဆာရောဂါ ချမ်းသာပျောက်ကင်း

၁၃၅၀ ပြည့်၊ နယုန်လဆန်း (၁၀)ရက်

(၂၅-၅-၈၈)

ဝမ္မဿသက ဦးမောင်မောင်

ဆရာ ဦးဌေးလှိုင်ခင်ဗျား -

တောင်တန်းသာသနာပြုဆရာတော်ကြီး (အရှင် ဦးဥတ္တမသာရ)ရွတ်ဆိုချီးမြှင့်သော ပရိတ်တရားတော်နှင့် စပ်လျဉ်း၍ ကျွန်တော်၏ အတွေ့အကြုံကို အကျဉ်းမျှ ရေးသားပေးပို့လိုက်ပါသည်။ လိုအပ်သလို အသုံးပြုရန် ဖြစ်ပါသည်။

၁၉၈၈ ခု၊ ဇန်နဝါရီလ (၆)ရက်နေ့တွင် ကျွန်တော်၏ ဇနီး ဒေါ်သန်း (၇၃-နှစ်)အား အစာအိမ်၌ အနာဖြစ်သည့် ရောဂါဖြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီး အခန်း ၁၃-၁၄ သို့ အရေးပေါ် တင်လိုက်ရပါသည်။ ဆေးရုံကြီးသို့ရောက်သည့်အချိန်မှစ၍ အော—အမျိုးအစား သွေး(၉)ပုလင်းနှင့် ဂလူးကို့စ်ကို အဆက်မပြတ်သွင်း၍ အရေးကြီးသော ထိုးဆေးများကိုလည်း ထိုးပေးပါသည်။ လူနာအား အစာမကျွေးပါ။ ရေမတိုက်ပါ။ နှာခေါင်းမှ ပိုက်ဖြင့် နို့ရည်သွင်းပေးပါသည်။ ရက်သတ္တ ၃-ပါတ်ခန့် ကြာသောအခါ အခြေအနေ ထိုးကျက်ကောင်းမွန်လာသဖြင့် ဆရာဝန်များက ဝမ်းဗိုက်ကိုခွဲပြီး အစာအိမ်၌ အနာဖြစ်သောအစိတ်အပိုင်းကို လှီးဖြတ်ပစ်ရန်စီစဉ်ပါသည်။

အသက်အရွယ်ကြီးပြီး အားအင်နည်းသည် တကြောင်း၊ နှလုံးရောဂါလည်း ရှိနေသည် တကြောင်းတို့ကြောင့် မေ့ဆေး

ဆရာဝန်နှင့် နှလုံးရောဂါကုဆရာဝန်များက ခွဲစိတ်ခြင်းကို ဆိုင်းငံ့ထားစေပါသည်။ ရက်သတ္တ တစ်ပါတ်ခန့်အကြာ အခြေအနေကောင်းမွန်လာသဖြင့် ခွဲစိတ်ရန်ပြင်ဆင်ကြပါသည်။ လူနာက မခွဲစိတ်ပဲ ကုသပေးရန်ကိုသာ ပြောပါသည်။ လူနာက သော်လည်းကောင်း၊ လူနာရှင်ကသော်လည်းကောင်း ခွဲစိတ်ရန် သဘောတူပါသည်ဟု လက်မှတ်ရေးထိုးပြီး တာဝန်ယူမှသာလျှင် ခွဲစိတ်ကုသခြင်းပြုကြရပါသည်။ လူနာက မခွဲလိုပါ၊ ကျွန်တော့်စိတ်ထဲတွင်လည်း ခွဲရကောင်းနိုးနိုး၊ မခွဲစိတ်ပဲထားရ ကောင်းနိုးနိုးဖြင့် ဇဝေဇဝါဖြစ်ကာ ဆုံးဖြတ်ချက်မချနိုင်ဘဲ ရှိနေခဲ့ပါသည်။

ခွဲစိတ်လျှင်အဆင်မှသင့်က သေနိုင်သည်။ မခွဲစိတ်ဘဲ ဆေးရုံမှဆင်းပြီး အိမ်ကျွင်ကုသပါက ရက်ကာလအတော်အတန်ကြာကြာ အသက်ရှင်ပြီးနေနိုင်သေးသည်။ ဤရောဂါမျိုးမှာ အမြန် ခွဲစိတ်ကုသခြင်းက ကောင်းသည်ဟု မိတ်ဆွေအချို့ကလည်း အကြံပေးသည်။ နောက်ဆုံးတွင် လူနာ၏ ကံအကြောင်းပဲဟု နှလုံးသွင်းကာ ခွဲစိတ်ရန် သဘောတူလိုက်ပါသည်။ လူမမာကမူ မခွဲလိုကြောင်းသာ ဆရာဝန်များအား တောင်းပန် ပြောဆိုသည်။ ခွဲရမည်ကို အလွန်ကြောက်ရွံ့စိုးရိမ်လျက်ရှိပါသည်။ ကံအားလျော်စွာ ခွဲမည့်နေ့မတိုင်မီ တစ်ရက်အလိုတွင် ခွဲစိတ်ခန်း၌ မေးခိုင်ပိုးတွေ့သဖြင့် သန့်ရှင်းရေးလုပ်ရန်ဆိုကာ ရက်သတ္တတစ်ပါတ်ခန့်ပိတ်လိုက်ပါသည်။ လူမမာအားလည်း အိမ်သို့ခေတ္တပြန်၍ အနားယူခွင့်ပေးလိုက်ပါသည်။ ခွဲစိတ်ခန်းကိုပြန်၍ဖွင့်သည့် အခါကျမှ ခွဲစိတ်ကုသမည်ဖြစ်ပါသည်။

ဖေဖော်ဝါရီလ ၃ ရက်နေ့၊ နံနက် ၉ နာရီခန့်တွင် ဆေးရုံကြီးမှပြန်ဆင်းလာကြပါသည်။ လူနာကမူ အလွန် ဝမ်းမြောက်ဝမ်းသာဖြစ်ပြီး မခွဲပါရစေနှင့်ဟု တွင်တွင်ကြီးဆုတောင်း၊ ဘုရားရှိခိုး၊ မေတ္တာပို့နေပါသည်။ ထိုနေ့ညနေ ၃ နာရီခန့်တွင် တောင်ဟန်းသာသနာပြု ဆရာတော်ကြီး (အရှင်ဦးဥတ္တမသာရ)

သည် ကျွန်တော်၏အိမ် (၃၂-မဟာသုခလမ်း၊ ကျိုတော်ရပ်၊ ပုဇွန်တောင်)သို့ မမျှော်လင့်ဘဲ ကြွရောက်လာပါသည်။

မြိတ်မြို့မှ လေယာဉ်ဖြင့်ကြွလာပြီး မင်္ဂလာဒုံလေဆိပ်မှ ကားဖြင့် တန်း၍လာကြောင်းအမိန့်ရှိပါသည်။ကြိုတင်အကြောင်း ကြားထားခြင်းလည်းမရှိ၊ကြွလာလိမ့်မည်ဟုလည်း မမျှော်လင့်ခဲ့ရာမှ ယခုကဲ့သို့ ဆရာတော်ကြီးကြွရောက်လာခြင်းအဟုတ် ကျွန်တော်တို့မှာ ဝမ်းမြောက်၍မဆုံး ဖြစ်ရတော့သည်။

ခွဲစိတ်ကုသရမည်ဟူသော ဥပါဒ်နှင့်ကြောင့် စိတ်သောကရောက်နေကြရသည့် အရေးကြီးသောအချိန်အခါတွင် ဆရာတော်ကြီး ကြွရောက်လာသဖြင့် အားကိုးအားထားရာဖြစ်ပြီး ဒေါ်သန်း၏ ရောဂါအခြေအနေကိုရှင်းလင်းတင်ပြလျက် စောင့်ရှောက်မေတ္တာပို့ပါရန် ဦးခိုက်လျှောက်ထားရပါသည်။ ဆရာတော်ကြီးက အားပေးစကားပြောကြားပြီးနောက် နက်ဖြန် ဖေဖော်ဝါရီလ (၄)ရက်နေ့ညနေ ကြွလာပြီး ပရိတ်တရား ချီးမြှင့်မည် ဖြစ်ကြောင်း အမိန့်ရှိပါသည်။

ဖေဖော်ဝါရီလ (၄)ရက်နေ့ ညနေ (၄)နာရီခန့် ကျွန်တော်၏ နေအိမ်သို့ ဆရာတော်ကြီး ကြွရောက်လာပါသည်။ ပရိတ်ရေ၊ ပရိတ်ချည်၊ ပရိတ်ပန်း စသည်တို့ကိုလည်း အဆင်သင့်ပြုလုပ်ထားလျက် ရှေးဦးစွာ သီလခံယူကြပါသည်။ ထို့နောက် ဆရာတော်ကြီးက အဋ္ဌာရာယ်ကင်း ပရိတ်တော်များကို ရွတ်ဆိုချီးမြှင့်လျက် ပရိတ်၏အကျိုးအာနိသင်များကို မိန့်ကြားတော်မူပါသည်။ နောက်တစ်နေ့နံနက်ပိုင်းတွင် ဆရာတော်ကြီးကြွရောက်လာလျက် လူနာ၏အခြေအနေကို အကဲခတ်ကြည့်ရှုလေ့လာပါသည်။ လူနာ၏လက္ခဏာမှာ ယခင်နေ့များကထက် တိုးတက်ကောင်းမွန်လာလျက် ပရိတ်ရေကိုသောက်ကြောင်း ဆရာတော်ကြီးအား လျှောက်ထားပါသည်။ လူနာ၏ စိတ်အားတက်လာပုံကို ကြည့်လျက်....

"ဒကာမကြီးရဲ့ အစာအိမ် ရောဂါဟာ မခွဲ မစိတ် ရဘဲ ပျောက်ကင်းသွားပါလိမ့်မယ်" ဟု အမိန့်ရှိသွားပါသည်။

ဆရာဝန်ကြီးများ၏ညွှန်ကြားချက်အရ အစာအိမ်မှအနာကို ထပ်မံစစ်ဆေးရန်အတွက် ဖေဖော်ဝါရီလ (၂၂)ရက်နေ့တွင် ဆေးရုံသစ်ကြီးသို့ သွားရောက်ပြသရမည်ဖြစ်ပါသည်။ ဤ တစ်ကြိမ်တွင် အနာ၏အခြေအနေကိုကြည့်၍ ခွဲစိတ်ခြင်းပြုမပြု အဆုံးအဖြတ်ပေးမည် ဖြစ်ပါသည်။ သို့အတွက် ဖေဖော်ဝါရီလ (၂၁)ရက်နေ့တွင် တောင်တန်းသာသနာပြု ဆရာတော်ကြီးအား ပင့်ဖိတ်လျှောက်ထား၍ နေ့ဆွမ်းဆက်ကပ်ပါသည်။ ဆွမ်းမကပ်မီ ဆရာတော်ကြီးက ပရိတ်ကြီး(၁၁)သုတ်သုံးနှင့် အနတ္တရာယ်ကင်းဂါထာများကို ရွတ်ဖတ်သရဇ္ဈာယ်လျက် မေတ္တာပို့နည်းနှင့်မေတ္တာပို့ခြင်း၏ အကျိုးအာနိသင်များကို မိန့်ကြားပါသည်။

လယ်တီဆရာတော်ဘုရားကြီးသည် ကျွဲနွားများကို မသတ်မစားကြရန် မေတ္တာရပ်ခံခဲ့သည့်နည်းတူ မိမိလည်း မေတ္တာရပ်ခံစာလေးချိုးကြီး ကဗျာတစ်ပုဒ် ရေးခဲ့ဖူးကြောင်းကို ကဗျာ၏အဓိပ္ပာယ်နှင့်တကွ ရှင်းလင်းပြောပြတော်မူပါသည်။ ပရိသတ်မှာ (၃၀)ခန့်ရှိလျက် ဆရာတော်ကြီး ဟောပြောချက်များနှင့် ပရိတ်တရားတော်များကို အာရုံစိုက်၍ လေးလေးစားစား နာယူကြပြီးလျှင် ပရိတ်ရေများကိုလည်း ပုလင်းများဖြင့်ထည့်ကာ ရယူသွားကြပါသည်။ နက်ဖြန်နံနက် လူမမာအား ဆေးရုံသစ်ကြီးသို့ ပြန်တင်ရမည်ဖြစ်ကြောင်း လျှောက်ထားရာ ...

"ဒကာမကြီးရဲ့ရောဂါဝေဒနာဟာ မခွဲမစိတ်ရဘဲ ပျောက်ကင်းသွားပါလိမ့်မယ်" ဟု ထုတ်ဖော်အကြိမ်ကြိမ် ဆရာတော်ကြီးက အမိန့်ရှိပါသည်။ ဆရာတော်ကြီး၏ မေတ္တာဓာတ်နှင့် ပရိတ်၏

တန်ခိုးကြောင့် ဖြစ်ရမည်ဟု ကျွန်တော်တို့က ယုံကြည်မှတ်ယူထားကြပါသည်။

ဖေဖော်ဝါရီလ ၂၂ ရက်နေ့ နံနက်ပိုင်းတွင် ဒေါ်သန်းအား ရန်ကုန်ဆေးရုံကြီး၌ ပြန်၍ဓာတ်မှန်ရိုက်ရပါသည်။ အစာအိမ်မှအနာသည် ကင်ဆာ ဖြစ်နိုင်သည်။ လိုအပ်လျှင် ခွဲမည်ဟု ဆရာဝန်ကြီးများ၏ သတိပေးချက်အရ ကျွန်တော်တို့မှာ လူနာအတွက် စိုးရိမ်စိတ်လွှမ်းမိုး၍နေပါသည်။ ဆေးရုံသို့တင်ပြီး နောက်တစ်နေ့ (ဖေဖော်ဝါရီလ ၂၃) တွင် ဆရာဝန်ကြီးများက အရေးကြီးသည့် ရောဂါ တစ်ခုပ် အနေဖြင့် နောက်ဆုံးပေါ် ဓေတ်မီ ကိရိယာများကိုအသုံးပြုကာ အစာအိမ်ရှိရာသို့ ပိုက်သွင်းလျက် ဓာတ်ပုံရိုက်ယူပါသည်။ မှန်ဘီလူးဖြင့် ကြည့်ရှုကြရာ အစာအိမ်မှအနာမှာ ကောင်းစွာ ကျက်နေပြီ ဖြစ်ကြောင်း တွေ့ရသည်ဟု ဆေးရုံမှ တယ်လီဖုန်းဖြင့် အကြောင်းကြားပါသည်။ ခွဲစိတ်ရန် မလိုတော့ပြီဖြစ်၍ အားလုံးက ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြသည်။ ရောဂါကို စစ်ဆေးကြည့်ရှုသော ဆရာဝန်များ၊ သူနာပြုဆရာမများက....

"အမေကြီးရဲ့ အစာအိမ်မှာ အနာမရှိတော့ဘူး၊ ပျောက်သွားပြီ။ ဘာဆေးတွေများစားလို့တုန်း...." ဟု ရယ်စရာ မောစရာ အနေဖြင့် မေးကြ၏။

"ဘာဆေးကိုမှ မစားပါဘူး။ တောင်တန်း ဆရာတော်ကြီးရဲ့ပရိတ်ရေကိုပဲ သောက်ပါတယ်။ ဆေးရုံပေါ်ကမြင်နေရတဲ့ရွှေရောင်တဝင်းဝင်းနဲ့ ရွှေတိဂုံစေတီတော်ကြီးကို အာရုံပြုပြီး ဘုရားရှိခိုးတယ်။ ဂုဏ်တော်တွေကိုရွတ်တယ်။ မေတ္တာပို့ရပါတယ်" ဟု လူနာ ဒေါ်သန်းက အဖြေပေးသည်။ ဆရာဝန်များ၊ ဆရာမများက ရယ်မောပြီး....

"ဒီလိုဆိုယင် အမေကြီးမှာရှိတဲ့ ပရိတ်ရေကို ကျွန်တော်တို့လဲ သောက်ချင်ပါတယ်။ ဝေပေးပါ" ဟု ပြောကြသည်။

ထိုနေ့ ညနေပိုင်းတွင်ပင် ဒေါ်သန်းအား ဆေးရုံမှ ဆင်းခွင့်ပြုလိုက်သည်။ အနာပြန်၍ မဖြစ်အောင် အစားအသောက် အနေအထိုင်ကိုသတိပြုဆင်ခြင်ဖို့လိုကြောင်းနှင့် မှီဝဲရန်လိုအပ်သည့် ဆေးများကိုလည်း ညွှန်ကြားလိုက်ကြပါသည်။ အနာကို ဓာတ်ပုံ ရိုက်ယူသည့်ဖလင်ကော်ပြားကိုဆေးပြီး၍ကြည့်ရှုသည့်အခါ အစာ အိမ်၌ အမာရွတ်သဖွယ် ရေးရေးမျှကိုသာ ကျွန်တော်ကိုယ်တိုင်မြင် တွေ့ရသဖြင့် "မခွဲမစိတ်ရဘဲ ပျောက်ရမယ် စိတ်ချ" ဟူသော တောင်တန်း ဆရာတော်ဘုရားကြီး၏ မိန့်ကြားချက်ကို ပြန်လည် ကြားယောင်မိပါသတည်း။

## အခြားမျက်မြင် ကိုယ်တွေ့တစ်ဦး

ဆရာတော်ဘုရား၏ပရိတ်တရားတော်နှင့်စပ်လျဉ်း၍ အတွေ့ အကြုံတစ်ခုကို တင်ပြလိုပါသေးသည်။ ရန်ကုန်မြို့ ယောက်လမ်း၊ တိုက်အမှတ် ၂၄ တွင် နေထိုင်သော မကြည်ကြည်ဝင်း (၃၉)နှစ် သည် ၁၉၇၅ ခုနှစ်လောက်မှစ၍ဖြစ်ပွားသောသားမြတ်ကင်ဆာ၊ သားအိမ်ကင်ဆာစသည့် ရောဂါများကို ဆရာဝန်ကြီးများဖြင့် ငွေကုန်ကြေးကျခံကာ ကုသမှုခံယူခဲ့၏။ ဝေဒနာမှာ သက်သာ ပျောက်ကင်းခြင်းမရှိဘဲ ဆရာဝန်များက လက်လွှတ်ရတော့မည့် အခြေအနေသို့ပင် ရောက်ခဲ့သည်။ အနောက်နိုင်ငံသို့ လွှတ်၍ကုသ ရန်ကိုပင် ရည်ရွယ်ကြသည်။ ငွေကြေးကုန်ကျမှုသာရှိမည်၊ အကျိုး များမည် မဟုတ်ဟု ယူဆထားကြသည်။ ဤသို့ဖြင့် မကြည်ကြည် ဝင်းအား နေအိမ်တွင် ထားပြီး ဆရာဝန်များက ဖြစ်နိုင်သမျှ ကြိုးစား၍ကုသကြသည်။ မကြည်ကြည်ဝင်းတွင်အဆုတ်ရောင်သည့် ရောဂါ၊ တီဘီရောဂါ စသည်ဖြင့် ထွေပြားသော ရောဂါများ လည်း ကပ်ရောက်လျက်ရှိသည်။

မကြည်ကြည်ဝင်းနှင့် မိဘများသည် မြင်းခြံဇာတိသား များဖြစ်ကြသည်။ တစ်နေ့တွင် ရင်းနှီးခင်မင်သော မြင်းခြံသား

မမှုမိတ်ဆွေတစ်ဦးစာရေးသူထံသို့ရောက်လာပြီး ဒေါ်သန်း၏အစာအိမ်အနာဖြစ်သည့်ရောဂါ အကြောင်းကို ဆွေးနွေးသည်။ အနိစ္စရောက်လိမ့်မည်ဟု ထင်ရသော အခြေအနေမှ မခွဲ မစိတ်ရဘဲ ကျန်းမာလာပုံ၊ တောင်တန်းသာသနာပြု ဆရာတော်ကြီးနှင့်တွေ့ရပုံ၊ ပရိတ်တရားတော်များနာယူ၍ ပရိတ်ရေများသောက်သုံးပုံ စသည်များကို စာရေးသူက ပြောပြသည်။ ထိုအဖြစ်အပျက်ကို မိတ်ဆွေဖြစ်သူက မကြည်ကြည်ဝင်း၏ မိဘများကို ပြောပြပြီး ယောက်လမ်းရှိ သူတို့၏တိုက်သို့ တောင်တန်းဆရာတော်ကြီးအား ပင့်ဆောင်ကြသည်။ ဆရာတော်ကြီးသည် မေတ္တာ ကရုဏာစိတ်ဖြင့် လူမမာ မကြည်ကြည်ဝင်းရှိရာသို့ ၂-ကြိမ်မျှ ကြွရောက်၍ ပရိတ်တရားတော်များ ရွတ်ဆိုချီးမြှင့်သည်။ မေတ္တာပို့သည်။

သမားတော်များက ကုသ၍ မရတော့ဟု လက်လွှတ်ထားသော မကြည်ကြည်ဝင်း၊ အိပ်ရာမှ မထနိုင်သော မကြည်ကြည်ဝင်းသည် ယခုအခါ၌ ထူထူထောင်ထောင်ဖြင့် လှုပ်ရှားသွားလာနိုင်သော အခြေအနေ၊ မိတ်ဆွေသင်္ဂဟများအား လက်ခံစကားပြောနိုင်သော အခြေအနေသို့ပင် ရောက်ရှိနေသည်မှာ ကျွန်တော်၏ မျက်မြင်ပင် ဖြစ်ပါသည်။

## ယုံကြည်သော စိတ်ဓာတ်

‘သေကံမရောက် သက်မပျောက်’ ဟူသော စကားသည် မှန်ပါသည်။ သေနေ့မစေ့သေးလျှင် သေမည်ထင်ရသော လူမမာသည် တစ်နည်းနည်းဖြင့် ကျန်းမာ၍လာတတ်သည်မှာ ကျွန်တော်တို့၏ မျက်မြင် ကိုယ်တွေ့များ ဖြစ်ကြပါသည်။ ဤကိစ္စမျိုး၌ လူမမာ၏ ‘စိတ်’သည်’ ပဓာနအကြောင်းတရားဖြစ်သည်ဟု ဆိုချင်ပါသည်။ ကံ၊ စိတ်၊ ဥတု၊ အာဟာရ ဟူသောအကြောင်းတရားလေးပါးရှိရာ၌ စိတ္တဇရုပ်သည် ရုပ်ခန္ဓာတည်မြဲမှုအကြောင်း တစ်ရပ်ပင်

ဖြစ်ရာ လူမမာ ဒေါ်သန်းနှင့်မကြည်ကြည်ဝင်းတို့၏ ကျန်းမာရေး ပြန်လည်ကောင်းမွန်လာခြင်းမှာလည်း စိတ်ကြောင့် ဖြစ်သည်ဟု ဆိုလျှင် မှားမည် မဟုတ်ပါ။

သီလ၊ သမာဓိပြည့်စုံပြီးဖြစ်သော တောင်တန်းဆရာတော်ကြီးက ဂိလာန ပုဂ္ဂိုလ် ၂-ဦး အပေါ် ထားရှိသည့် ဤရောဂါ ဝေဒနာမှ လွတ်မြောက် ကျန်းမာပါစေဟူသော စေတနာနှင့် မှန်ကန်မွန်မြတ်သော မေတ္တာ-ကရုဏာစိတ်တို့သည်လည်း စိတ်ဓာတ်၏ တန်ခိုးသတ္တိများဖြစ်လျက် 'ဆရာတော်ဘုရား၏ ပရိတ်တရားကို နာကြားရလျှင်၊ပရိတ်ရေကိုသောက်ရလျှင် ငါတို့၏ဝေဒနာသည် အမှန်ပျောက်ကင်းချမ်းသာလိမ့်မည်၊ သက်သာလိမ့်မည်' ဟူသော ဒေါ်သန်းနှင့် မကြည်ကြည်ဝင်းတို့၏ ယုံကြည်ကိုးစား အားထားသော စိတ်တို့သည်လည်း စိတ်ဓာတ်၏ တန်ခိုးသတ္တိများပင် ဖြစ်ကြသည်။

**အစွမ်းထက်သော စိတ်နှင့် တန်ခိုးထက်သော ပရိတ်**

ပရိတ်နာခြင်း၊ ပရိတ်ရေသောက်ခြင်းဖြင့် ခံစားနေရသောဝေဒနာမှ သက်သာပျောက်ကင်းနိုင်သည် ဆိုခြင်းကိုသံသယ ဖြစ်သော ပုဂ္ဂိုလ်များရှိနိုင်ပါသည်။

ပရိတ်ရွတ်သူ၌—

(၁) ပရိတ်တရားတော်ကို သဒ္ဒါအနက်မှန်ကန်စွာ လေ့လာသင်ယူထားခြင်း၊
(၂) ပုဒ်ဗျည်း ပြည့်စုံစွာ ရွတ်ဖတ်ခြင်း၊
(၃) လာဘ်လာဘကိုမငဲ့ဘဲ မေတ္တာစေတနာထားခြင်း ဆိုသည့် အင်္ဂါသုံးပါး။

ပရိတ်နာယူသူ၌—

(၁) ပဉ္စာနန္တရိယကံ မရှိသူဖြစ်ခြင်း၊
(၂) နိယတမိစ္ဆာဒိဋ္ဌိ မဟုတ်သူဖြစ်ခြင်း၊
(၃) ပရိတ်တန်ခိုးအာနိသင်ကို ယုံကြည်ခြင်း—

ဟူသောအင်္ဂါရပ်များနှင့်ပြည့်စုံရမည်ဟု ကျမ်းဂန်များ၌ လာရှိရာ ဤအင်္ဂါခြောက်ပါးနှင့်ပြည့်စုံလျှင် ပရိတ်၌ တန်ဖိုး အာနိသင် ရှိကြောင်း ယုံမှားသံသယဖြစ်စရာမလိုတော့ဟု ဆိုချင်ပါသည်။

တစ်စုံတစ်ယောက်မကျန်းမာလျှင် ဗောဇ္ဈင်သုတ်ကို ရွတ်လေ့၊ နာယူလေ့ ရှိကြပါသည်။ အရှင်မဟာမောဂ္ဂလ္လာန်နှင့် အရှင်မဟာကဿပ မထေရ်မြတ်တို့ နာမကျန်း ဖြစ်စဉ်အခါက မြတ်စွာဘုရား ကိုယ်တော်တိုင် ဗောဇ္ဈင်သုတ်ကို ရွတ်ဆိုသည် (တနည်း) ဗောဇ္ဈင်ခုနစ်ပါးကို ဟောကြားတော်မူသည်။ နာကြားရပြီးသည့်နောက် မထေရ်ကြီး ၂ ပါးတို့သည် ခံစားနေရသော ရောဂါဝေဒနာများမှ သက်သာ ပျောက်ကင်းသွားကြသည်။ မြတ်စွာဘုရားကိုယ်တော်တိုင်လည်း နာမကျန်းဖြစ်သည့်အခါ အရှင်စုန္ဒမထေရ်အား ဗောဇ္ဈင်တရားကိုဟောစေပြီး ကိုယ်တော်တိုင်နာယူသဖြင့် ရောဂါဝေဒနာမှ ပျောက်ကင်းသွားပါသည်။

ဗောဇ္ဈင်တရား၌—

(၁) သတိ၊
(၂) ဓမ္မဝိစယ၊
(၃) ဝီရိယ၊
(၄) ပီတိ၊
(၅) ပဿဒ္ဓိ၊
(၆) သမာဓိ၊
(၇) ဥပေက္ခာ—

ဟူ၍ ခုနစ်ပါးရှိသည်ဖြစ်ရာ ထိုတရားများကို ဆင်ခြင်သည့်အခါ၌ စိတ်ကြည်လင်လာသည်။ စိတ်ကြည်လင်လာသည့်အခါ ရုပ်လည်း ကောင်းမွန်လာပြီး ဝေဒနာမှ ပျောက်ကင်းချမ်းသာလာပါသည်။


စိတ်၏ စွမ်းအင်သတ္တိသည် ကြီးမားလှပါသည်။ 'စိတ် ထောင်းတော့ ကိုယ်ကြေသည်၊ စိတ်ချမ်းသာလျှင် ကိုယ်ချမ်းသာ သည်'ဟူသောစကားများမှာ အမှန်ဖြစ်သဖြင့် ရောဂါ ဝေဒနာ ကြောင့် စိတ်ဆင်းရဲကိုယ်ဆင်းရဲဖြစ်နေပါလျှင် စိတ်ချမ်းသာကိုယ် ချမ်းသာဖြစ်အောင် စိတ်ဓာတ် အားဆေးဖြစ်သော ကောင်းမှု ကုသိုလ်လုပ်ပါ၊ အာဏာစက်တော်ဖြစ်သော ပရိတ်တရားကို နာ ကြားပါဟု ဓမ္မမိတ်ဆွေများအား အကြံပေးတိုက်တွန်းရပါသည်။ ပရိတ်တော်၏ တန်ခိုးသတ္တိကိုလည်း အထူးဖော်ပြရန် မလိုပါ။

အစွမ်းထက်သောစိတ်နှင့် တန်ခိုးထက်သော ပရိတ်၊ ၂-ခု ပေါင်းစပ်သဖြင့် ကောင်း မြတ် သော အကျိုးကျေးဇူးများ ဖြစ်ထွန်းလာသည်မှာ ယုံမှားစရာ မရှိပါကြောင်း။

ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာကြပါစေ။

ဝမ္ဗသောသကဦးမောင်မောင်
၂၅-၅-၀၀

“နေတတ်ဖို့လိုသလို သေတတ်ဖို့လဲ အရေးကြီးသေးတယ်။ လူတိုင်းလူတိုင်း သေရဲတဲ့ အားကိုးတစ်ခု ကိုယ်စီရှိထားကြရမယ်။ ဗုဒ္ဓဘာသာမှာ သေမင်းကိုတောင် မကြောက်တဲ့နည်းတွေရှိတယ်”



# သေနည်းသင်တန်း

# ၄။ သေနည်းသင်တန်း

သူသူငါငါ သတ္တဝါမှန်သမျှ မိမိတို့ပြုလုပ်သော ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိကြတယ်။ နေ့စဉ်နှင့်အမျှ မိမိတို့ ကြံစည်၊ ပြောဆို၊ ပြုလုပ်တဲ့ ကံအရသာလျှင် ဖြစ်နေကြရတယ်။ ဘယ်သူကမှ စီမံဖန်တီးတာမဟုတ်ဘူး။

ကိုယ့်ကံကို ကိုယ်ကြိုက်သလို ဖန်တီးနေကြခြင်းဖြစ်တယ်။ ကိုယ့်ကံကို ကိုယ်ကြိုက်သလို ဖန်တီးနိုင်ရမယ်။ ဖန်တီးယူကြရမယ်။ ဖန်တီးယူလို့လဲရတယ်။ ဒါကို မြဲစွာမှတ်။

## နေနည်းထက် သေနည်းက ပိုအရေးကြီး

ဘဝသံသရာခရီးက ဘယ်အချိန်က စလာမှန်းမသိရသလို ဘယ်တော့မှ ရပ်နားကြရမယ်ဆိုတာကိုလဲ ဘယ်သူမှမပြောနိုင်ဘူး။ နိမ့်တုံ မြင့်တုံ စုန်ချည် ဆန်ချည် အတည်မကျ တစ်သွားတည်းသွားနေကြရတုန်းပဲ ရှိနေကြတယ်။ ကောင်းတဲ့ဘုံဘဝတွေရောက်အောင် ကောင်းတဲ့သုစရိုက်ကံတွေ ထူထောင်ကြရမယ်။ တစ်နေ့ထက် တစ်နေ့ ကောင်းသည်ထက်ကောင်းအောင်၊ မြတ်သည်ထက်မြတ်အောင်၊ စင်ကြယ်သည်ထက်စင်ကြယ်အောင် လေ့ကျင့်ယူကြရမယ်။

သံသရာဘဝ ကျင်လည်ကြရာမှာ မေတ္တာလောက် ကောင်းတာလဲ ဘာမှမရှိဘူး။ ကံတရားအကြောင်းကိုလဲပြောခဲ့ပြီ။ မေတ္တာအကြောင်းကိုလဲ ပြောခဲ့ပြီ။ ဒါ....ဘဝနေနည်းဖြစ်တယ်။

ဘဝဆိုတာ ရပ်တည်မနေဘူး။ နေရရုံနဲ့လဲမပြီးသေးဘူး။ သေကြရဦးမယ်။ ဘယ်သူမဆို တစ်နေ့မုချ သေကြရလိမ့်မယ်။ သေရတာဟာ ကြောက်စရာမဟုတ်ဘူး။ ကြောက်လို့လဲ မသေဘဲမနေရဘူး။ နေတတ်ဖို့လိုသလို သေတတ်ဖို့ကလဲ အရေးကြီးသေး

တယ်။ နေတတ်လျှင် အထိုက်အလျောက် သေတတ်ပါတယ်။ ဒါပေမယ့် နည်းရအောင် ယခု သေနည်းကိုပြောမယ်။ သေနည်း သင်တန်းပေးမယ်။

လောကမှာ ဟိုသင်တန်း ဒီသင်တန်းကျောင်းတွေ ဖွင့်လှစ်ထားကြတယ်။ 'သေနည်းသင်တန်းကျောင်း'ရှိတယ်လို့ကတော့ မကြားဖူးသေးဘူး။ ဒီသေနည်းသင်တန်းကျောင်းဖွင့်လဲ ကျက်သရေ မင်္ဂလာ မရှိဘူးဆိုပြီး တစ်ယောက်မှ လာတက်မယ်မထင်ပါဘူး။

ဒါပေမယ့် နေနည်းထက် သေနည်းက ပိုပြီးအရေးကြီးတယ်လို့ မှတ်ပါ။

'သေတစ်ကာ၊ ရှင်တစ်ကာ၊ အရပ်ကောင်းမှအလောင်းလှ' ဗမာစကားပုံရှိတယ်။ ဒါကတော့ အသုဘမသာလောင်းကို သနပ်ခါးလိမ်း၊ နှုတ်ခမ်းနီဆိုးသလို လိုက်ပို့တဲ့ လူစည်ကားသိုက်မြိုက်တာလောက်ကိုကြည့်ပြီး ပြောကြတာနှင့်တူပါတယ်။ ဘုန်းကြီးများ ပျံတော်မူယင် ပိုဆိုးသေးတယ်။ လောင်တိုက်တွေ ရထားတွေ ပွဲလမ်းသဘင်တွေနဲ့ ပိုပြီး ခမ်းနားအောင် ဘူ့ထက်ငါ လုပ်လေ့ရှိကြတယ်။ တချို့ဆရာတော်ကြီးများကပြောကြတယ်။ "အင်း....ပျံတော်မမူဘဲနဲ့ လျှိုးတော်မူမှာစိုးရတယ်"တဲ့။

## ကူလို့ ကယ်လို့ ရတာလဲရှိ၊ မရတာလဲရှိ

အဲ....ဘုန်းကြီး ဖြစ်ဖြစ်၊ လူ ဖြစ်ဖြစ် အသက်ရှင်စဉ်က စာပေဗဟုသုတတွေ ဘယ်လောက်တတ်တတ်၊ ကုသိုလ်ကောင်းမှုတွေ ဘယ်လောက်များများ၊ သေခါနီးကာလ စိတ်ထားကလေး တစ်ချက်မှားသွားယင် မလွယ်ဘူး။ ဟို....ကောင်းခဲ့တာတွေက ကောင်းတဲ့အလျောက် နောက်မှလာမှာ။ သေခါနီး စိတ်မထားတတ်လို့ လောလောဆယ်တော့ခံရပြီ။ 'ဘုဒ္ဓ'ခေါ်လို့မရတော့ဘူး။

ဘုန်းကြီး အသက်ကြီးလာတာနှင့်အမျှ သေနည်း သေပုံ မတတ်လို့ ဒုက္ခရောက်ကြရတဲ့ ဘုန်းကြီးတွေ၊ လူတွေအကြောင်း

အများကြီးကြားသိရဖူးတယ်။ ဘုန်းကြီးရဲ့ အနီးပတ်ဝန်းကျင်မှာပဲ မနည်းတော့ဘူး၊ ကုလိုကယ်လို့ရတာလဲရှိတယ်။ ကုလို့ကယ်လို့ မရနိုင်တာလဲရှိတယ်။ မြတ္တာဘာဝ မတော်ဘဲဆရောက်တဲ့သူဆိုယင် ကုလို့ကယ်လို့ ရနိုင်ခွင့်ရှိသေးတယ်။ ရေကျတဲ့သူတို့၊ တိရစ္ဆာန်ဖြစ်တဲ့သူတို့ဆိုယင် ကုလို့ကယ်လို့ မရတော့ဘူး။ ကိုယ့်ကံကိုကိုယ်ကြိုက်သလို ဖန်တီးခဲ့ကြမိပြီဟာကိုး။

ဘုန်းကြီးရဲ့ ချင်းအမျိုးသား ကပ္ပိယကြီး 'တွမ်မှုံ' နှစ်၊ လ အနည်းငယ်အတွင်းမှာပဲ တိရစ္ဆာန်ဘဝ အမျိုးမျိုးပြောင်းလဲဖြစ်ရရှာပုံ၊ ဘုန်းကြီး ပြောခဲ့ဖူးပြီ။ ဘုန်းကြီးရဲ့ ဘဝအတွေ့အကြုံအရ ပိုပြီ စိတ်လှုပ်ရှားစရာကောင်းတဲ့ ဝတ္ထုကြောင်း တစ်ခုကိုပြောမယ်။ အဲဒါ တခြားသူမဟုတ်ဘူး၊ ဘုန်းကြီးရဲ့မယ်တော်ကြီး သေနည်းမှားသွားပုံအကြောင်း ဖြစ်တယ်။ ဒါမပြောခင် သေခါနီးကာလ ဖြစ်တတ်ကြပုံကို သိဖို့လိုသေးတယ်။

## သံယောဇဉ်တွေ ဖြတ်ဖို့လို

မည်သူမဆို သတ္တဝါတို့မည်သည် 'ရေနစ်တဲ့လူဟာ အားကိုးတကြီး တွေ့ရာဆွဲယူတတ်သလို' သေခါနီးတဲ့အခါ စွဲမိစွဲရာစွဲတတ်တယ်။ မခွဲနိုင်မခွာရက် တပ်မက်စွဲလမ်းနေတတ်ကြတယ်။ ဒီ သံယောဇဉ်တွေကို ကြိုတင်ပြီးဖြတ်နိုင်သမျှဖြတ်ယားဖို့ အရေးကြီးတယ်။

မိမိတို့ တစ်သက်ပန်လုံး ရှာဖွေထားရတဲ့ ပစ္စည်းဥစ္စာတွေကို စွန့်လွှတ်ရမှာခက်လာတယ်။ တိုက်တာ, အိမ်, ကျောင်းအာဝါသတွေအပေါ်မှာ တွယ်တာတဲ့သူက တွယ်တာနေတတ်တယ်။ အဆိုးဆုံးက အနီးကပ်နေလာခဲ့ကြရတဲ့ သား, သမီး, မိဘ, ဆရာ, တပည့်, ဆွေမျိုးညာတကာတွေ အပေါ်မှာ သံယောဇဉ်ဖြတ်ဖို့က လူတော်တော်များများမှာ ခက်နေပုံရတယ်။ ကြိုတင်

စဉ်းစားထားပါ။ ဘာမှ မခက်ဘူး။ ဒါတွေအားလုံး ဆွဲချမယ့် ဟာတွေချည်းပဲ။

သံသရာထဲ တဝဲလည်လည် ခရီးရှည်သွားကြရာမှာ ဘဝ တစ်သက်တာဟာ ဘာမှမကြာလိုက်တဲ့ အချိန်ပိုင်းကလေးမျှ ဖြစ် တယ်။ သား, လင်, ခင်ပွန်း, ဇနီးမယား, ဆွေမျိုး ဉာတကာ ဆိုတာလဲ ဒီမှာ ခဏခေတ္တလာပြီး ဆုံစည်းကြရတာ၊ သူ့လမ်း သူသွား၊ ကိုယ့်လမ်းကိုယ်လျှောက်၊ ဒီလိုနဲ့ပဲ နေလာခဲ့ကြရတဲ့ ဘဝတွေ မရေမတွက်နိုင်တော့ဘူး။ တာဝန်ကျေဖို့သာလိုတယ်။ တွယ်တာဖို့ မလိုဘူး။ ဒီလို စိတ်ကိုရှင်းရှင်းထားကြရမယ်။

## ဘဝကူးတံတား

ရှေ့ဆက်ရဦးမယ့်ခရီးက အဆုံးအဆမရှိတော့ ဘဝကူး တံတားကို ခိုင်ခိုင်မာမာ ကြိုတင်ဆောက်ထားရမယ်။ 'ငါ ဘယ်လို သေမလဲ၊ ဒါန-သီလ-ဘာဝနာ- ဘာ အားကိုးနဲ့ သေမလဲ၊ ငါ့မှာ အားကိုးရာ ဘာရှိသလဲ။' မိမိ စိတ်အာရုံတွင် ရည်မှန်း ချက်လမ်းကြောင်း ကြည်လင်ပြီး ရှင်းလင်းမှုရှိနေရန် လိုတယ်။

ဒီဘဝမှာ ငါ မသေခင် ဘယ်အရာကို၊ ဘယ်တရား အာရုံ ကို ပိုင်ပိုင်နိုင်နိုင်ကြီး ဆွဲကိုင်ပြီး ဘယ်လို တမလွန်ဘဝသို့ ကူး သွားမယ်ဆိုတဲ့ တံတားကူးအချက်ကို ကြိုတင်သတ်မှတ်ထားကြရ ပါမယ်။ ဘယ်ပုံ ဝိညာဉ်ချုပ်စေရမယ်ဆိုတဲ့အထိ ဘဝနိဂုံးချုပ် မယ့်ပုံစံကို တိတိကျကျ ရေးဆွဲထားရမယ်။ ခိုင်မာအောင် မကြာ ခဏ စဉ်းစားပေးရမယ်။ မိမိစိတ်အာရုံတွင် နှစ်သက်ကြည်လင်မှု ရှိတဲ့ တရားတစ်မျိုးမျိုးကို အာဝဇ္ဇန်းပိုင်အောင် ထပ်ကာ ထပ် ကာ မီးထိုးပေးနေရမယ်၊ လေ့ကျင့်ယူနေရမယ်။ အချိန်မရွေး ထင်အောင် မြင်အောင် လုပ်ထားရမယ်။

အာဝဇ္ဇန်း ပိုင်နိုင်ထားယင် သေခါနီးဖြစ်ပေါ်လာ မယ့် အာသန္နကံဟာ ကိုယ်ကြိုက်သလို ဖြစ်ပေါ်လာလိမ့်

မယ်။ အာစိတ္တကံဆိုတာ မိမိနေ့စဉ်လုပ်ခဲ့တဲ့အလုပ်၊ အာသန္နကံဆိုတာ သေခါနီးမှ ကပ်ပြီးဝင်လာတဲ့အာရုံ၊ ကံတရား။ စိတ်နေစိတ်ထားလို့ဆိုရမယ်။

## ၈၇-နှစ် မယ်တော်ကြီးနှင့်လမ်းခွဲ

အဲ....ဘုန်းကြီးရဲ့မယ်တော်ကြီးဟာ ဆရာသမားနဲ့ ဘုန်းကြီးများကိုလဲ အကြောင်းပြုပြီး ဒါနမှုတွေလဲ မနည်းပါဘူး။ ဥပုသ်သီတင်းကစပြီး သီလဘက်ကလဲ မြဲတန်သလောက် မြဲပါတယ်၊ ယိုက်သည့်အားလျော်စွာ ဘာဝနာနှလုံးသွင်းလဲ လေ့ကျက်ရှာပါရဲ့။

သို့ပါသော်လဲ သေခါနီးကာလ အာသန္နကံ-စိတ်ထားပုံ မနိုင်မာရှာလေတော့ ပေတဂတိလို့ခေါ်တဲ့ ပြိတ္တာဘဝကို ရောက်ရရှာသေးတယ်။

မယ်တော်ကြီး ဒေါ်သေးတာ ၁၃၁၄-ခုနှစ်၊ တပေါင်းလဆန်း ၈-ရက်၊ သောကြာနေ့ ညနေ ၄-နာရီအချိန် အသက် ၈၇နှစ်ပြည့်တဲ့နှစ်မှာ ညင်သာစွာ ကွယ်လွန်ကြောင်း သိရတယ်၊ အဲဒီအချိန်က ဘုန်းကြီး သာသနာပြုခရီးစဉ်အရ ကချင် တောင်တန်း ဟူးကောင်းတောင်ကြားအတွင်း ရောက်နေချိန် ဖြစ်တယ်။ ခရီးစဉ်ပြီးဆုံးလို့ မြစ်ကြီးနားက ရန်ကုန်ပြန်ရောက်ခါမှ ကြေးနန်းစာအရ သိရှိရခြင်းဖြစ်တယ်။

သံသရာ ဘဝတစ်ကွေ့မှာ ကွေ့ဆုံပြီး လမ်းခွဲကြရပြန်ပြီ။ မိမိတို့ပြုသောကံမှတစ်ပါး ဘယ်သူဘာတတ်နိုင်မှာတုန်း။ ကိုယ့်လမ်း ကိုယ်ထွင်ပြီး ကိုယ့်ခရီးစဉ်ကိုယ်ဆက်ကြရဦးမယ်။

ဘုန်းကြီးလဲ သာသနာပြု ခရီးစဉ်အရ အာသံနယ်ခြားတောင်ကြီးဘက် ခရီးဆက်ရပြန်တယ်။ ဘုန်းကြီး အဲဒီနယ်ခြားတောင်ကြီးမှာ လှည့်လည်သီတင်းသုံးလျက်ရှိတယ်။

## မိဘ မေတ္တာ မိဘ သံယောဇဉ်

တောင်ပေါ်ရောက်တော့ မယ်တော်ကြီးသတင်း ကြားရတယ်။ မယ်တော်ကြီး ကွယ်လွန်ခါနီးအချိန်ပိုင်း မစားချင်မသောက်ချင်ဖြစ်ပြီးကာလအတန်ကြာ အိပ်ရာထဲမှာပဲ လဲလျောင်းနေရရှာတယ်လို့ ဆိုတယ်။ သူ့အိပ်ရာခေါင်းရင်းမှာ ချိတ်ဆွဲထားတဲ့ ဘုန်းကြီးရဲ့ဓာတ်ပုံကို စိုက်ကြည့်လိုက်၊လက်အုပ်ချီလိုက်နဲ့ မျက်ရည်တွေ တွေတွေကျပြီး တမှိုင်မှိုင်တတွေတွေလဲ ဖြစ်နေရှာတတ်သတဲ့။ ဘုန်းကြီးရဲ့အစ်မကြီးဖြစ်သူ သမီးကြီး ဒေါ်ယုတို့က ပြုစုချော့မော့ပြီး ကောင်းနိုးရာရာ ကျွေးမွေးပြုစုသော်လဲပဲ ငေးမောပြီးသာနေတယ်။ကဆုန်၊ နယုန် မိုးတွေ လေတွေလာတဲ့အခါမျိုးမှာဆိုယင် "ငါ့သားကြီး ဘယ်ဆီများ ရောက်နေပါလိမ့်ဟဲ့....”လို့လဲ မယ်တော်ကြီး မကြာခဏ ရေရွတ်လေ့ရှိသတဲ့။

အင်း....ဘုန်းကြီး ထင်ပါတယ်။ သေခါနီးကာလမှာ "ငါ့သားကြီးနဲ့တော့ တွေ့ရတော့မှာ မဟုတ်ပါဘူး”ဆိုတဲ့ စိတ်နဲ့ပဲ မယ်တော်ကြီး ကွက်လွန်ခဲ့ရပုံပေါ်ပါတယ်။မိဘတို့ မေတ္တာ မိဘတို့ သောက ကြီးမားလှလေခြင်း။

## မယ်တော်ကြီး ပြတ္တာဘဝ ရောက်ရရှာခြင်း

ဘုန်းကြီးလဲ တောင်ပေါ်ဒေသရောက်တယ်ဆိုယင်ပဲ လုပ်လက်စ သာသနာပြုအလုပ်၊ ကိုယ်ရေးကိုယ်တာ အလုပ်တွေနဲ့ပဲ တစ်နေ့ပြီးတစ်နေ့ အချိန်တွေကုန်မှန်းမသိ ကုန်လာတယ်။ မယ်တော်ကြီးကွယ်လွန်ပြီး နှစ်အတန်ကြာတော့ ဘုန်းကြီး အိပ်မက်မြင်မက်တယ်။ အိပ်မက်ထဲမှာ မယ်တော်ကြီးခမျာ– ညှိုးညှိုးငယ်ငယ်နဲ့ ဘုန်းကြီးကျောင်းရှေ့ မြေပြင်ပေါ်က ရပ်ရင်း ကျောင်းပေါ်မှာရှိနေတဲ့ ဘုန်းကြီးကို လှမ်းပြီး လျှောက်တယ်။

"မောင်ပဉ္စင်း....မောင်ပဉ္စင်းဘုရား....ဖြစ်နိုင်ယင် ဒကာမကြီး သက်နှင်းတစ်စုံလောက် ချီးမြှင့်ပါ”တဲ့။ **အင်း....** ငါ့ မယ်တော်

ကြီး သေခါနီးကာလမှာ သံဃောဇဉ် တွယ်တာမှုကြောင့် ပေတ ဂတိမှာရောက်နေရရှာသကိုး၊ ကျွတ်ချိန်တန်ပြီနဲ့ တူပါရဲ့...လို့ အောက်မေ့တယ်။ ဒါနဲ့ ဘုန်းကြီး မိမိပြုလုပ်သမျှ ကုသိုလ်ကောင်းမှု များကို မယ်တော်ကြီးအား ရည်စူး၍ ရေစက်ချပြီး အမျှ အတန်းပေးဝေတယ်။ သီးခြားရည်မှန်းပြီးတော့လဲ ဒါနပြုပေး ပါတယ်။

သည်မျှမက၊ ဇာတိရွာမှာရှိနေတဲ့အစ်မကြီး ဒေါ်ယုထံကိုလဲ စာတိုက်ကနေပြီး သင်္ကန်းတစ်စုံ ပို့ပေးလိုက်တယ်။ ရွာကျောင်း ဘုန်းကြီးအား ဒီသင်္ကန်းကိုလှူဖို့၊ အထူးရည်စူးပြီး ဆွမ်းလဲကပ် လှူဖို့ စာရေးလိုက်တယ်။ အထူးသဖြင့် မယ်တော်ကြီးကိုလဲ ကြိုတင် ဖိတ်ခေါ်ထားပါ။ အလှူအတန်းပေးပြီး အမျှဝေပေးပါ လို့လဲ တိတိကျကျ စာထဲမှာထည့်မှာလိုက်တယ်။ မိဒိုဖအိုများ အသက်ထင်ရှားရှိစဉ် အခါရာသီအလိုက် 'ဒါကလေး စားပါဦး၊ ဒါကိုဝတ်ပါ'လို့ အဝတ်အစားပေးလို့ရပေမယ့် သေလွန်သွားကြတဲ့ အခါ အဲသလိုပေးလို့က မရတော့ဘူး။ ဒါကြောင့် ပေးလို့ကျေးလို့ ရနိုင်တဲ့နည်းကို မှတ်ထားကြရမယ်။

## သားသမီးတို့၏ ဝတ္တရား

အစ်မကြီးလဲ ဘုန်းကြီး အမှာစကား အတိုင်း ဝါတွင်း ဥပုသ်နေ့တစ်နေ့မှာအလှူလုပ်ပြီး အမျှပေးဝေပါတယ်။ သို့သော်လဲ နောက်တစ်ရက် နံနက် မိုးလင်းအားကြီးအချိန်လောက်မှာ အစ်မ ကြီးကို အိပ်မက်ပေးတယ်။ မယ်တော်ကြီးဟာ သူနေမြဲ အိမ်နံ ဘေးမှာ ငုတ်တုတ်ကလေးထိုင်နေတာ တွေ့ရတော့....

"ဩော်.... အမေဒီမှာပဲ ရှိနေသေးသလား၊ မနေ့ကပဲ အမေ့အတွက် သင်္ကန်းလှူ၊ ဆွမ်းကပ်ပြီး အမျှဝေတာ အမေ မရ ဘူးလား"လို့ မေးတယ်။ မယ်တော်ကြီးက....

"ညည်းတို့က ကျောင်းသွားတော့ ငါ့ကိုမှ မခေါ်ကြဘဲ၊ ငါဘယ်လိုက်နိုင်မှာလဲ"လို့ ပြောသတဲ့။

ဒါနဲ့ အစ်မကြီး ဒေါ်ယုက အဲဒီနေ့မှာပဲ သက်န်းလှူပြီး ဆွမ်းထပ်ကပ်တယ်။ မယ်တော်ကြီးကိုလဲ ကျောင်း မသွားခင် ကြိုတင်ပြီး ဖိတ်ခေါ်သွားတယ်။ နာမည်ခေါ်ပြီး အမျှအတန်း ပေးဝေလိုက် သတဲ့။ နောက်တော့ ဘာအိပ်မက်မှ မရတော့ပါ ဘူး။

ဘဝသံသရာ ကျင်လည်ကြရာမှာ မိမိအနေဖြင့် တာဝန် သိသိ မိဘကျေးဇူးဆပ်နိုင်ခွင့်ကြုံရလို့ ဝမ်းမြောက်ရပေတယ်။

"ကျွေးမွေးမပျက်၊ ဆောင်ရွက်စိမံ၊
မွေခံထိုက်စေ၊ လှူမျှဝေ၍၊
စောင့်လေ မျိုးနွယ်၊ ဝတ်ငါးသွယ်၊
ကျင့်ဘွယ် သားတို့တာ။"

ဒါကိုလဲ သားသမီးတိုင်း အလေးအနက် သတိပြုကြပါ။ သားသမီးကျင့်ဝတ်ငါးပါး နားလည်ထားကြရမယ်။

## ဘဝခြားသော်လည်း သံယောဇဉ်ကြိုးကား မပြေ

ဘဝသံသရာမှာ ဥပါဒါန် သံယောဇဉ် အစွဲတို့ကြောင့် မခွဲနိုင်မခွာရက် တပ်မက်တွယ်တာမှု ကြီးမားကြလေတော့ မယ် တော်ကြီးခမျာ ဒီဆွေမျိုးအသိုက်အဝန်းထဲမှာပဲ တစ်ကျော့လာရ ရှာပြန်ပါတယ်။

ဘုန်းကြီးရဲ့အစ်ကိုကြီးဦးဘတင်ရဲ့သမီး မိဆန်းအဖြစ်၊ အမေ ဘဝက သားရဲ့ သမီး မြေးပြန်ဖြစ်ရပြန်တယ်။ မိဆန်းဟာ စကား ပြောတတ်စအချိန် မယ်တော်ကြီး အကြောင်း ဘဝဟောင်းက အဖြစ်အပျက်တွေကို တိကျအောင် ပြောပြနိုင်တယ်။ ဘုန်းကြီးနဲ့ တွေ့လို့ မေးမြန်းပြောဆိုတဲ့ အခါမှာလဲ ပြောရင်း ပြောရင်းနဲ့ မျက်ရည်ပေါက် ကြီးငယ် ကျရှာတယ်။ သူအိမ်မှုကိစ္စလုပ်နိုင်တဲ့ အရွယ်လောက်မှာ တစ်နေ့တော့ အပေါ်ကလေးမများနှင့် ရေခပ် သွားရင်း စကားစပ်မိကြပြီး....

"ဆရာတော်ကြီးက သူ့မယ်တော်ကြီးကို အမှတ်တရဖြစ်အောင် အရိုးအုတ်ဂူတစ်ခု လုပ်ထားသတဲ့၊ လာ.... သွားကြည့်ကြရအောင်" ပြောလို့ မိဆန်းတို့ ကလေးမတစ်တွေ မယ်တော်ကြီး အုတ်ဂူသွားကြည့်ကြသတဲ့။

ဂူရဲ့ မျက်နှာစာမှာ ရေးထားတဲ့ စာတန်းကို မိဆန်း ဖတ်ရတဲ့အခါ ချုန်းပွဲချ ငိုရှာပြန်တယ်လို့ အဖော်များက ပြောကြသတဲ့။ အရိယာ မဖြစ်ကြရသေးသမျှ ဘဝသံသရာဟာ တယ်ပြီး ကြောက်စရာ ကောင်းလှပါကလား။ ဘဝပင်ခြားသော်လည်း သံယောဇဉ်ကြိုးကား ခိုင်မာလျက်ပင် ရှိချေသည်တကား။

မယ်တော်ကြီးဘဝတစ်ဖြစ်လဲ ဘုန်းကြီးရဲ့တူမ မိဆန်းဟာ ခုဆိုယင် အသက် ၂၆ နှစ်လောက်ရှိလာပြီ။ ဘုန်းကြီး ဇာတိရပ် ငွေတွင်းကုန်းရွာကျောင်းကို ရောက်တိုင်း မိဆန်းဟာ ကျောင်းကို အမြဲ သူကိုယ်တိုင် ဆွမ်းချက်ပို့လေ့ ရှိတယ်။ ကျောင်းရောက်လျှင်လဲ တော်တော်နဲ့ မပြန်ဘူး။ တဘက်ကလေး ပခုံးတင်ပြီး ဘုန်းကြီးနားလာကန်တော့ရင်း ကျုံ့ကျုံ့ကလေးတိုင်ကာ ဘုန်းကြီး မျက်နှာကိုပဲ စိုက်ကြည့်နေတတ်တယ်။

ဘဝ သံယောဇဉ် ဒဏ်ချက်တွေက အထိနာကြလေတော့ သံသရာဝဋ်မှ လွတ်ထွက်ဖို့ ခဲယဉ်းကြတယ်။ အသိဉာဏ်ရှိတဲ့ ခုလို ဘဝမျိုးမှာ သံဝေဂဉာဏ်ဝင်ပြီးသကာလ သူတော်ကောင်းတရားတွေ ကြိုးစားအားထုတ်ကြဖို့ပဲ ရှိတော့တယ်။ တရားတော်မှ တစ်ပါး အားကိုးစရာမရှိဘူး။

ဒီမှာ မယ်တော်ကြီးရဲ့ သုံးဘဝ၊ သေခါနီးကာလမှာ ခိုင်မာတဲ့ အာသန္နကံ ကြိုတင်စီမံချက်လဲမရှိ၊ သံယောဇဉ်ကြီးရသော မိဘတို့ရဲ့ သောကကြောင့်ပြိတ္တာဘဝသို့ ရောက်ပင်ရောက်ရပါသော်လဲပဲ ကူမယ့် ကယ်မယ့် လူရှိလို့ တော်သေးတယ်လို့ ဆိုရမယ်။ လူတိုင်း ဒီအခွင့်မျိုး ရဖို့ဆိုတာ မလွယ်လှပေဘူး။ ရဦးတော့၊ သူများကို အားကိုးနေလို့လဲ မဖြစ်ဘူး။ မသေချာဘူး။

## မကြောက်တရား

အဲ .. ဒီတော့ သေပုံသေနည်း အာသန္နကံ ကိုတင်ပိမ်ကိန်း ဆွဲကြရအောင်။

လူတိုင်းလူတိုင်း သေရဲတဲ့အားကိုးတစ်ခု ကိုယ်စီရှိထားကြရမယ်။ ဗုဒ္ဓဘာသာမှာ သေမင်းကိုတောင်မကြောက်တဲ့ နည်းတွေရှိတယ်။ လူသားစား ပေါရိသာဒဟာ မဟာသုတ သောမမင်းကို သတ်စားဖို့ လုပ်နေချိန်မှာ မဟာသုတ သောမ မင်းကြီးဟာ အခြားသူများကဲ့သို့ သေရမှာကို ကြောက်ပြီး ရှုန်းကန်ခြင်း၊ မျက်နှာညှိုးခြင်း မရှိဘူး။ ဒီတော့ ပေါရိသာဒက သေရမှာကို ဘာ့ကြောင့် မကြောက်သလဲလို့ မေးတယ်။

"ငါ့မှာ ကုသိုလ်တွေအများကြီးလုပ်ခဲ့ပြီ။ မိဘ ဆွေမျိုး မိတ်သင်္ဂဟတွေကိုလဲ ပြုစုလုပ်ကျွေးခဲ့ပြီ။ ရဟန်း သူတော်သူမြတ်တို့ကိုလဲ လှူဒါန်းပေးကမ်းခဲ့ဖူးလှပြီ။ ဒါတွေဟာ ငါသွားရမယ့် တမလွန် ခရီးအတွက် ရှင်းလင်းသုတ်သင်ပြီးဖြစ်တယ်။ ဒီလိုကုသိုလ်တွေရှိထားတဲ့အတွက် သေရမှာ ငါမကြောက်ဘူး" လို့ မဟာသုတ သောမမင်းက ပြန်ပြောတယ်။

ကဲ....တို့တတွေလဲ ဒါန၊ သီလ၊ ဘာဝနာ၊ ဘာအားကိုးနဲ့ သေကြမလဲ။ ဘယ်သူမဆို တို့ ဗုဒ္ဓဘာသာ မြန်မာလူမျိုးတွေမှာ ဒါနကို အနည်းနှင့် အများလုပ်ဖူးကြတဲ့လူချည်းပဲ။ တန်ဖိုးနည်းတာ များတာ၊ ကြီးကျယ်တာ သေးငယ်တာထား၊ မိမိတိတ်ထဲမှာ မိမိလုပ်ခဲ့တဲ့ ဒါနတွေထဲက အကြည်လင်ဆုံး အကျေနပ်ဆုံးဖြစ်တဲ့ အလှူဒါနတစ်ခုကို ရွေးထုတ်စဉ်းစားကြည့်။ စာဂါနုဿတိဖြစ်နေအောင် အထပ်ထပ်ဆင်ခြင် နှလုံးသွင်း။ ဒီနှလုံးသွင်းနဲ့ အစမ်းသေကြည့်။ သေခါနီးမှာ ဒီလို ဒါနနှင့်လဲ ကောင်းရာသုဂတိ ရောက်နိုင်တယ်လို့ မှတ်ရမယ်။

## သံဃာ့အလှူရ မျိုကျတဲ့ မင်းကြီး

ခရစ်မပေါ်မီ အနှစ် ၁၀၀-ခန့်(၁၀၁-၇၇-ဘီ၊စီ) လွန်ခဲ့သော နှစ်ပေါင်း ၂၀၀၀-ကျော်က သေခါနီးကာလ ဒါနကို အားကိုးပြုတဲ့ကိစ္စမှာ စံနမူနာထားလောက်တဲ့ မင်းတစ်ပါးရှိခဲ့ဖူးတယ်။ ဒီမင်းနာမည်ကို လူအများကြားဖူးကြပါတယ်။ သီဟိုဠ်ကျွန်းက ဒုဋ္ဌဂါမဏိ ခေါ်တဲ့ တိုင်းပြုပြည်ပြု သာသနာပြု မင်းကြီးပဲ။

ဒီမင်းကြီးက သာသနာပြုတဲ့နေရာမှာ အလွန် မှတ်သားလောက်တဲ့ မင်းကြီး။ စစ်တိုက်တာတောင်မှ ရှင်ဘုရင်လုပ်ဖို့မဟုတ်ဘူး။ သာသနာပြုချင်လို့။ ဒါနအရာမှာလဲ စံနမူနာတင်လောက်တယ်။ စားမယ့် ထမင်းကလေးတစ်လုပ်ကမှအစ စားဦးစားဖျား ရဟန်းသံဃာကို မလှူရယင် မျိုမကျဘူး....တဲ့။

တစ်ခါကများ စစ်တိုက်ရင်းနဲ့ ဆာဆာရှိလို့ ငရုတ်သီးတစ်တောင့် စားဦးစားဖျားမလှူဘဲ စားမိလို့ ရှင်ဘုရင်ဖြစ်တဲ့အခါ ကိုယ့်ကိုယ်ကို ဒဏ်ခတ်တဲ့အနေအားဖြင့် အမြင့်ပေ ၆၀၊ လုံးပတ် ၅၆၀-ရှိတဲ့ စေတီကြီးတစ်ဆူကို ပထမဆုံးအထိမ်းအမှတ်အဖြစ် တည်ထားတယ်။ ၁၉-ကုဋေကုန်ကျသတဲ့။ စေတီအမည်ကိုလဲ 'မရိစ ဝဋ္ဋိ-ငရုတ်သီးတစ်တောင့်စေတီ'လို့ အမည် မှည့်ခဲ့တယ်။

## ဒုဋ္ဌဂါမဏိ ကုသိုလ်တော် ကုဋေ ၁၀၀၀-ကျော်

ဒုဋ္ဌဂါမဏိမင်းကြီး အဘယ စသော လက်ရုံးစံစံသူကြီးများ၊ စစ်သည်ဘော်များနှင့်အတူ သာသနာဘော်ကို စော်ကားဖျက်ဆီးနေတဲ့ မိစ္ဆာဒိဋ္ဌိ ကျေးကုလား (ဒမိဠ)ရန်ကို ၂-နှစ်ကျော်ကြာ၊ ၃၂-ကြိမ်တိုင်တိုင် တွန်းလှန်နှိမ်နင်းပြီး သီဟိုဠ်ကျွန်းမှာ မင်းပြုတယ်။ စစ်ကြီးပြေငြိမ်းလို့ နန်းပိမ်းပွဲကြီးကျင်းပပြီး စစ်သူကြီး စသည်တို့ကို ရာထူးဌာနန္တရပေးတဲ့အခါ ညာလက်ရုံး

သဖွယ်ဖြစ်တဲ့ အဘာယစစ်သူကြီးက ဘာရောယူးမှမယူဘူး။ ကိုလေသာ စစ်ထိုးရန် ကျန်ရှိနေပါသေးတယ် ဆိုပြီး ရဟန်းပြုသွားတယ်။ နောက်မကြာခင် ဈာန်အဘိညာဉ်ရတဲ့ ရဟန္တာအရှင်မြတ်ကြီး ဖြစ်သွားတယ်။

မင်းကြီးလဲ နန်းစံ ၂၄-နှစ်အတွင်းမှာ သံတောင် ၁၂၀-ရှိ မဟာစေတီကြီး၊ လူနေလို့ရတဲ့ ဘုံ ၉-ဆင့်၊ ကြေးပြားမိုး ပြာသာဒ်ကြီး၊ ကျောင်းတိုက်ကြီး ၉၉-တိုက် စသည်ဖြင့် အဝေကရ သာသနာ့အဆောက်အအုံကြီးတွေ ဆောက်လှူတယ်။ မင်းကြီးအလှူတော်ငွေအသပြာချည်းသက်သက် တစ်ထောင်နှင့်လေးဆယ့်ကိုး(၁၀၄၉)ကုဋေကျော်တယ်။ ရတနာတွေတန်ဖိုးမပါသေးဘူး။

ကုသိုလ်ကောင်း များသော်လည်း အားမကိုးမိ

ဒီနေရာမှာ ပြောလိုရင်းက ဒုဋ္ဌဂါမဏိမင်းကြီးဟာ ရောဂါဖိစီးလို့ သေခါနီးကာလရောက်တဲ့အချိန်မှာ အားကိုးရာမမြင်၊ တရားကိုလဲမဆင်ခြင်နိုင်ရှာဘဲ သေရမှာကို ကြောက်လန့်နေရှာပါတယ်။ ရှေးဖြစ်ဟောင်းတွေတွေးပြီး မျက်ရည်တွေ တွေတွေကျရှာတယ်။ သူ့ သတိအရဆိုးက ဘုန်းကြီးဝတ်သွားတဲ့ အဘာယစစ်သူကြီး၊ ယခုအခါ တောထဲတောင်ထဲမှာ ရောက်နေတဲ့ အဘာယမှထေရ်ကြီးပေါ့။

"ဩော်.... ငါ့ရဲ့လက်ရုံး အဘာယ စစ်သူကြီးတို့တစ်တွေ ကျေးကုလားများနှင့် စစ်ထိုးရစဉ်က ငါကိုယ်တော်ဖြတ်နိုင်မှာ သိလို့ ငါ့ ဘက်တပါဝင်တိုက်ပေးခဲ့ကြတယ်။ ခုတော့ သေမင်းနဲ့ စစ်ခင်းရတဲ့ပွဲမှာ ရှုံးမှာကိုမြင်လို့ ငါ့ဆီမလာကြတာ ဖြစ်မှာပါပဲ" ဆိုပြီး ငိုရပြန်တယ်။ ဘယ်ကိုကြည့်လို့မှ အားကိုးစရာမရှိဖြစ်နေရှာတယ်။

ဒီနေရာမှာ သတ္တဝါတွေဟာ ကိုယ့်အား ကိုယ်ကိုးရမယ်ဆိုတာ အရေးကြီးလေ၊ မေ့လျော့လေ ဖြစ်နေတတ်ကြတာကို သတိပြုကြရမယ်။

သို့သော်လည်းပဲ အဘယမထေရ်ကြီးက တောတွင်းတစ်နေရာက အဘိညာဉ်မျက်စိနှားနှင့် မြင်ကြား သိရှိတော်မူတဲ့အတွက် မင်းကြီးရဲ့ သေရာညောင်စောင်းဘေး ခေါင်းရင်းမှာ ကြွလာချီးမြှောက်တော်မူပါတယ်။ မင်းကြီးက သူ့စိတ်ထဲ အထင်ရောက်နေတာကိုလဲ လျှောက်ဖြစ်အောင် လျှောက်လိုက်သေးတယ်။

## အများထဲက အနှစ်သက်ဆုံး တစ်ခုကိုရွေး

အဘယမထေရ်ကြီးက မင်းကြီးအား မမြဲတဲ့ သင်္ခါရတရားတွေအကြောင်း ကျယ်ကျယ်ဝန်းဝန်း ဟောပြဖြေသိမ့်ပေးတော်မူရှာပါတယ်။ ဒီခေတ်စကားနှင့်ပြောယင် သမထ ဝိပဿနာရှုမှတ်ဆင်ခြင်ပုံတွေပေါ့။ သို့ပါသော်လည်းပဲ မင်းကြီးခမျာ ဒီသမထဝိပဿနာတရားတွေအထိ အသိဉာဏ်မကျက်စားနိုင်ရှာလေတော့မထေရ်ကြီးဟောတဲ့တရားက သူ့နား၊ သူ့နှလုံးသားနှင့်တခြားစီလို ဖြစ်နေတယ်။ ဒါကို မထေရ်ကြီးက သိသည်နှင့် တစ်ပြိုင်နက်တရားလမ်းကြောင်းပြောင်းပြီး ဟောပြပေးတော်မူပါတယ်။

“ဒကာတော်မင်းကြီး၊ ဒကာတော်မင်းကြီး သည်ကားဘုရား တရား သံဃာ ရတနာသုံးပါး သာသနာတော်အား ပေးလှူခဲ့တဲ့ ကုသိုလ်တော်တွေဟာ ကြီးကျယ် မြောက်မြားလှပါပေတယ်။ ယိုထို ကုသိုလ်တော်တွေကို တစ်ခုပြီးတစ်ခု ပြန်လည်နှလုံးသွင်းဆင်ခြင်ပါ။ ထိုထို ကုသိုလ်တော်တွေထဲက ဒကာတော်မင်းကြီးစိတ်ထဲမှာ အကြည်လင်ဆုံး အနှစ်သက်ဆုံး ကုသိုလ်ဒါနတစ်ခုခုကို စာဂါနုဿတိ အနေအားဖြင့် စဉ်းစားဆင်ခြင်ပါလေဒကာတော်မင်းကြီး။ ကြီးကျယ်များပြားလှသော ကုသိုလ်တော်ကြီးများကိုမဆိုထားဘိ၊ အကြင်တစ်စုံတစ်ခုသော အနည်းငယ်မျှသော ဒါနမှုသည်ပင်လျှင် နတ်ရွာသုဂတိသို့ အလွယ်ပင်ရောက်စေနိုင်ပေ၏ ဒကာတော်မင်းကြီး”

အဲသည်လို မိန့်တော်မူတော့ မောင်ကွန်းထိန်း အမတ်တစ်ဦး အား 'ပုညဝစ္စနစာတမ်း' လို့ခေါ်တဲ့ ကုသိုလ်တော်စာရင်းများကို လျှောက်တင် ဖတ်ကြားစေတယ်။ ကြေးပြာသာဒ်ကြီးက ကုဋေ ၃၀၊ မဟာစေတီကြီးက မည်ရွေ့မည်မျှ၊ ကျောင်းတိုက်ကြီး ၆၉-တိုက် ဆောက်လုပ်တာက ကုဋေပေါင်း ဘယ်လောက်၊ တစ်ခုပြီးတစ်ခု ကုသိုလ်တော်ကြီးများစာရင်းကို ဖတ်လျှောက်ရာ မင်းကြီးမျက်နှာမှာ ဝမ်းသာကြည်နူးတဲ့လက္ခဏာ မပေါ်ဘူး။

ထို့နောက် တန်ဖိုးနည်း၍ ကြီးကျယ်လှသည်ဟု မဆိုသာ သော ကုသိုလ်အသေးစား စာရင်းများကိုလဲ ဆက်လက် ဖတ် လျှောက်ရာ ညီအစ်ကို စစ်ဖြစ်ကြလို့ တောတောင်ထဲ ယွက်ပြေး ရစဉ်က မိမိမစားဘဲ တစ်ယောက်စာပွဲတော်ထမင်းကို မထေရ် တစ်ပါးအား အကုန်လှူလိုက်ရသော ကုသိုလ်.... ဒုဋ္ဌဂါမဏိရကပ် ကြီး ဆိုက်လို့ ဆန်ရေပေါ ဆွံ့ရှားတဲ့အချိန်ကြီးမှာ မထေရ် ၅-ပါးအား နန်းစဉ်နားတောင်းနှစ်ခုကိုဖြုတ်ရောင်းပြီး ဝယ်တဲ့ ဆပ်ဆန်ဟင်းလေးယာဂုကပ်ရတဲ့ကုသိုလ်....အဲသည် ကုသိုလ်နှစ်မျိုး ဖတ်လျှောက်တာ ကြားရတော့ မင်းကြီးဟာ ဝမ်းသာပီတိတွေ ဖြစ်ပြီး အလွန် ကျေနပ်အားရတော်မူကြောင်း နှုတ်ကယွက်ပြီး မိန့်ကြားခဲ့ရှာတယ်။

တိုတိုပြောယင် ဒုဋ္ဌဂါမဏိမင်းတရားကြီးမှာ ကုဋေကုဋာ ကုသိုလ်တော်ကြီးတွေများစွာရှိပင်ရှိပါသော်လဲပဲ တန်ဖိုးအားဖြင့် မပြောပလောက်သော ချွေးနဲ့စာ ဆွမ်းနှစ်ထပ်ကို ကျေနပ် ဝမ်း မြောက်တဲ့စိတ်နှင့် နတ်ရွာစံကာ တော်ကုန်တော့ တုသိတာနတ်ပြည် ရောက်သွားခဲ့ရဖူးတယ်။

ဒါကတော့ သေခါနီးကာလမှာ ဒါန နှလုံးသွင်းနှင့်လဲပဲ နတ်ရွာသုဂတိရရှိစေနိုင်တယ်ဆိုတာ ပြောပြလိုရင်းဖြစ်တယ်။

## သီလနှင့် ဘဝနိဂုံးချုပ်ရေး
## အာသန္နကံ အရေးပါပုံ

ဒါနနဲ့ ဘဝနိဂုံးချုပ်ပုံ ပြသာဒ်ဒကာကြီး ဦးမြူး၊ ဒုဋ္ဌဂါမဏိ မင်းကြီးတို့ အကြောင်း ပြောပြီးပြီ၊ ယခု သီလနှင့်ဘဝနိဂုံးချုပ်ပုံ ပြောမယ်။

သေခါနီးကာလ ဂိတ်ဝင်ခါနီးမှာ ကြံစည်၊ ပြောဆို၊ ပြုလုပ်တဲ့ ကံကို '**အာသန္နကံ အနီးကပ်အလုပ်**'လို့ခေါ်တယ်။ သေခါနီးမှ ကပ်ပြီးပြုတဲ့ ကောင်းမှု မကောင်းမှုကံတွေကို ခေါ်တယ်။ သေခါနီးကာလဆိုတာ ကိုယ်အား၊ နှုတ်အားတွေ လျော့ပါးနေတဲ့အတွက် ကာယကံမှု ဝစီကံမှုထက် မနောကံမှုကိုသာ အများဆုံးလုပ်နိုင်ခွင့်ရှိတော့တယ်ဆိုတာကိုလဲ သတိပြုကြရမယ်။ မနောကံအလုပ် စိတ်ထဲက နှလုံးသွင်းဆင်ခြင်မှုကိုသာ အများဆုံး အားထားမှီခိုရပေလိမ့်မယ်။

ဒါ့ကြောင့် သေခါနီးဆိုတာ များများကြီးအလုပ်မလုပ်နိုင်တော့ဘူး၊ လုပ်သလောက်ဟာကလေး တိတိကျကျ မိမိရရရှိဖို့ အရေးကြီးတယ်။ ဒါကိုသိလို့ ဘုန်းကြီး ခုလို အလေးအနက် ပြောဟောပေးနေရခြင်းဖြစ်တယ်။

## ရေမီးရောင်မြင်မှ သက်နှုံးလှူတာသတိရ

တစ်သက်လုံး ကုသိုလ်ကောင်းမှုတွေ ဘယ်လောက်ပဲ လုပ်ထားထား၊ သေခါနီး ဂိတ်ဝင်ခါမှ အယောနိသော မနသိကာရခေါ်တဲ့ မသင့်မတင့်တဲ့ အာရုံကလေး စိတ်ကူးကလေး တစ်ချက်ဝင်သွားမိရင် နောက်ဘဝ အဆိုးအကောင်းကို သူကပဲ အဆုံးအဖြတ် ပေးသွားတတ်တယ်။ တစ်သက်လုံးလုပ်ထားတဲ့ ကုသိုလ်တွေက လုပ်ပြီး မေ့မေ့ပျောက်ပျောက်ဖြစ်နေယင် သေခါနီး စိတ်ကူးထဲမှာ ဝင်မလာနိုင်ဘူး။ အကျိုးပေးစရာရှိလျှင်လဲ နောက်မှ

အကျိုးပေးမှာ၊ လောလောဆယ်ကတော့ သေခါနီးမှ ကပ်ပြီး ဝင်လာတဲ့ အဆိုးကလေးက အကျိုးပေးသွားတတ်တယ်။

ဘုရားရှင်လက်ထက်တော်က သက်နိုးလှူဖူးတဲ့ ဒကာတစ်ယောက် သေခါနီးတော့ မိမိပြုလုပ်ခဲ့တဲ့ ဒုစရိုက်မှုတွေက ရှေ့တန်းဝင်လာလို့ ငရဲနိမိတ်တွေထင်လာတယ်။ ငရဲအိုးတွေ၊ ငရဲထိန်းတွေ၊ ငရဲမီးတွေ၊ ဒီအာရုံနိမိတ်တွေဆိုတာ ကိုယ်သွားရမယ့် ရောက်ရမယ့် ဘဝအတွက် ကြိုတင်ထင်လာမြဲ ဖြစ်တယ်။ အဲဒီသက်နိုးဒကာဟာ ကံကောင်းထောက်မချင်တော့ မိမိလုပ်ခဲ့တဲ့ သက်နိုးအလှူကို မေ့မေ့ပျောက်ပျောက်နေခဲ့တာ တကတည်း ငရဲမီးလျှံတွေကိုမြင်ရမှ 'အာ ...ငါလှူခဲ့တဲ့သက်နိုးရောင်နှင့် တူလိုက်လေ'ဆိုပြီး သက်နိုးလှူခဲ့တာ ပြေးပြီးသတိရလိုက်တယ်။

အဲသလို လျှပ်တစ်ပြက်လောက် သတိရလိုက်တယ်ဆိုယင်ပဲ ငရဲနိမိတ်တွေ ချက်ချင်းပျောက်ပြီး ဥယျာဉ်ဗိမာန် စသော နတ်ဖြစ်ရမယ့် နိမိတ်တွေပေါ်လာတယ်။ ငရဲကျရမယ့်သူဟာ မိမိသက်နိုးအလှူကို လက်မတင်ကလေး သတိရတာနှင့် တစ်ပြိုင်နက် နတ်ပြည်ရောက်သွားရဖူးတာရှိတယ်၊ သိပ်အရေးကြီးတဲ့ အချက်တွေ လေးလေးစားစားမှတ်ကြ။

'ဒါကြောင့် မိမိပြုလုပ်ခဲ့တဲ့ကုသိုလ်ကို ပြန်လည်ပြီး အထပ်ထပ် ဆင်ခြင်ရမယ်ဆိုပြီး သီလာနုဿတိ စာဂါနုဿတိ စသည်ဖြင့် ဟောတော်မူထားတယ်။

## နွားအိုကြီးနဲ့တူသော အာသန္နကံ

အာသန္နကံဟာ ဘာနှင့်တူသလဲဆိုတာ ကျမ်းဂန်များမှာ နွားအိုကြီးနဲ့ ဥပမာပေးထားတယ်။ နွားမွေးတဲ့သူဟာ မိမိ နွားတွေကို နေ့စဉ်နံနက်တိုင်း ခြံကဖွင့်လွှတ်ပြီး စားကျက်ဆီမောင်းရတယ်။ စားကျက်ကွင်းထဲမှာ မြက်စားဖို့ မောင်းကျောင်းရတယ်။

ညနေကျပြီလားဆိုယင် စားကျက်ထဲကနွားတွေကို အိမ်ပြန်မောင်းလာပြီး ထားမြဲနွားခြံထဲ သွင်းရတယ်။

စားကျက်ကအပြန် ခြံတံခါးကိုဖွင့်ပြီး သွင်းတယ်ဆိုယင် နွားမ, နွားထီး, နွားကြီး, နွားငယ်, နွားပျို, နွားအိုတွေ အားလုံး စုပြုံပြီး သူ့ထက်ငါ တိုးဝင်လေ့ရှိကြတယ်။ အားကောင်းတဲ့ နွားပျို နွားသန်တွေကပဲ ရှေ့ဆုံးက တိုးဝှေ့ပြီး ဝင်သွားတတ်ကြတယ်။ ယိုင်တိယိုင်နဲ့နှင့် နွားအိုကြီးများကတော့ သူတို့လို ပြိုင်ပြီး မတိုးဝင်နိုင်ရှာလေတော့ ခြံပေါက်ဝမှာပဲ ပြုံတစ်ပြုံတစ်နဲ့ ဘေးဖယ်ပေးနေကြရရှာတယ်။ ဒီတော့ နွားအိုကြီးများဟာ ခြံထဲကိုနောက်ပိတ်ဆုံးမှပဲ ဝင်ကြရရှာတယ်။ ခြံထဲရောက်လို့ ဝပ်ဖို့ အိပ်ဖို့ နေရာကျတော့လဲ ရှေ့ကဝင်သွားကြတဲ့ နွားပျို နွားသန်တွေလို စိတ်ကြိုက် ခြောက်သွေ့တဲ့နေရာ မရရှာဘူး။ နွားတကာနင်းချေပြီး ချေးသေးတွေပေါ၊ ခြေရာဗွက်ထနေတဲ့ ခြံဝ ခြံပေါက်မှာပဲ ဖြစ်သလို ဝပ်ကြရ နေကြရရှာတယ်။

နောက်ပိတ်ဆုံးမှ ခြံထဲဝင်ရတယ်၊ ခြံတံခါးပေါက်ဝမှာပဲ အိပ်ရတယ်။ ကောင်းပြီ....နံနက်ပိုင်းမိုးလင်းလို့ နွားပိုင်ရှင် နွားကျောင်းသားက စားကျက်ထဲကျောင်းရအောင် ခြံတံခါးကိုဖွင့် ထုတ်ပေးလိုက်တော့ ဘယ်နွား ရှေ့ဆုံးကထွက်ရမယ်ထင်ကြသလဲ။ အားကောင်းမောင်းသန်တဲ့ နွားပျိုတွေ နွားသိုးတွေကပဲ ရှေ့ဆုံးက ထွက်မလား။ နွားအိုကြီးကပဲ အရင်ထွက်ရမလား။

အဲ... ဥပမာက အလွန်မှတ်သားဖို့ကောင်းတဲ့ ဥပမာ။ ဘယ်လောက်ပဲ နွားပျို နွားသန်တွေ ရှိနေနေ၊ ခြံအထွက်ကျယင်တော့ ခြံဝမှာဝပ်နေတဲ့ နွားအိုကြီးက အယင်ဆုံးထွက်ခွင့်ရသလို တစ်သက်လုံး လှူဒါန်းလုပ်ကိုင်ထားတဲ့ ကံတွေထဲမှာ နွားပျို နွားသန်တွေလို ဘယ်လောက်ကြီးကျယ်တဲ့ ကုသိုလ်ကြီးတွေရှိနေနေ၊ ခြံတံခါးဝမှာဝပ်နေတဲ့ နွားအိုကြီးက ရှေ့ကထွက်သွားသလို သေခါနီးဂိတ်ဝမှာ ဖြစ်ပေါ်လာတတ်တဲ့ စိတ်ထားကလေးတစ်ခု၊

ကောင်းမှုကလေးတစ်ကွက်က နောက်ဘ၀အတွက် အကျိုးပေးသွားတတ်တယ်။ 'နွားပျိုသန့်ယှ၊ နွားအိုပေါင်ကျိုးသလောက်' ဆိုတဲ့ မဟာစကားပုံဟာ ဒါကိုပဲခေါ်တယ်။ အခင်နှောင်းပေမယ့် အထွက်ကောင်းတယ်။

**အာစိဏ္ဏကံမှ အာသန္နကံသို့**

**အချုပ်အားဖြင့်မှတ်ရန်မှာ**–မိမိပြုလုပ်နေကျ ကုသိုလ်ဝတ်တစ်ခုကို နေ့စဉ်မပြတ် လုပ်နေရမယ်။ မိမိတို့ပြုလုပ်ထားတဲ့ ကုသိုလ်ကောင်းမှုကိုလဲ အမြဲသတိရနေအောင် လုပ်ထားကြရမယ်။ အထပ်ထပ် ဆင်ခြင်စဉ်းစား ပွားများနေစေရမယ်။ အဲသလို နေ့စဉ်နှင့်အမျှလုပ်နေတဲ့ကောင်းမှု၊ သတိရထုံပွားနေတဲ့အမှုကို အာစိဏ္ဏကံလို့ခေါ်တယ်။ အမြဲတမ်း အလေ့အလာလုပ်ထားတဲ့ အလုပ်လို့ ဆိုလိုတယ်။ ဒီလိုအမြဲပွားထုံထားတဲ့ **အာစိဏ္ဏကံတွေကပဲ အများအားဖြင့် အာသန္နကံ ဖြစ်လာတတ်ကြတယ်။** နှလုံးသွင်းလေ့ကျက်ဖန်များနေတဲ့ အာရုံဟာ အလေ့အထုံဖြစ်နေသောကြောင့် ဘယ်လောက်ဝေဒနာတွေပိစီးပြီး သေခါနီး နေသော်လဲ မမေ့ပျောက်မသွားတော့ဘူး။

## သီလနှင့် ဘဝအဆုံးသတ်ယူ ဘုရားဒကာကြီးဦးကိုး

ယခု သီလနှင့် ဘဝနိဂုံးချုပ်သွားသော ဘုရားဒကာကြီးဦးကိုးအကြောင်း ပြောရဦးမယ်။ ဘန်းကြီးရဲ့ဇာတိ ငွေတွင်းကုန်းရွာမှာပဲ ဘုရားဒကာကြီး ဦးကိုးဆိုတာ ရှိခဲ့ဖူးတယ်။

ဘုရား ဒကာကြီး ဆိုသော်လည်း စေတီတော်ကြီး ဒကာတော့မဟုတ်ဘူး၊ ညဏ်တော်တစ်တောင့်ထွာခန့်ရှိတဲ့ ကျောက်ဆင်းတုတစ်ဆူကို မန္တလေးမြို့မှ ဝယ်ယူ ပူဇော်ထားသောကြောင့် ဘုရားဒကာ ဦးကိုးလို့ပဲ ခေါ်ကြတယ်။

ပြာသာဒ်ဒကာကြီး ဦးမြူးနှင့် ဦးကိုးတို့ဟာ တစ်ရွာတည်း အတူနေပုံချင်းတူတယ်။ တောင်သူအလုပ်နှင့် ထန်းတက်သမား အလုပ်ချင်းလဲ တူကြတယ်။ သားသမီး ၁၀-ယောက်စီရှိပုံချင်းလဲ တူကြတယ်။ နောက်ပြီး အရပ်အမောင်းချင်း၊ ဇနီးများက ကွယ် လွန်သွားကြလို့ မုဆိုးဖို ဖြစ်ကြပုံချင်းလဲ တူကြတယ်။ ဒါပေမယ့် အရွယ်ချင်းမတူဘူး။ ဦးမြူးက ကြီးတယ်။ ဦးမြူးက နှုတ်ခမ်းမွေး မရှိဘူး၊ ဦးကိုးက နှုတ်ခမ်းမွေးကြီးကားကားနှင့် တစ်မျိုး ကြည့် လို့ ကောင်းသလိုရှိတယ်။

နောက်တစ်ခု ထူးခြားတာက ကျောင်းဒကာကြီး ဦးမြူး က သမီးအိမ်ထောင်သည်နှင့် အပြုစုခံပြီး အတူနေတယ်။ ဘုရား ဒကာ ဦးကိုးကတော့ သားသမီး အိမ်ထောင်သည်များနှင့် အတူ မနေဘူး။ အပြုစု မခံယူဘူး။ ဇနီးဖြစ်သူ(အမေကြီး ဒေါ်ပဲနွယ်) ကွယ်လွန်ပြီးတဲ့နောက် အိမ်တစ်လုံးနဲ့ တစ်ကိုယ်တည်းနေတယ်။ ထမင်းဟင်းကိုလဲ ကိုယ်တိုင်ပဲ ချက်စားနေတယ်။ ကျောင်း ဒကာကြီး ဦးမြူးနှင့် ဘုရားဒကာ ဦးကိုးတို့ဟာ စိတ်ချမ်းသာ အောင် နေပုံချင်းတူပေမယ့် ဦးကိုးက 'ဘယ်သူ့ကိုမှ အားမကိုး၊ ငါ့အား ငါကိုး နေသွားမယ်'ဆိုတဲ့ ရည်ရွယ်ချက်နှင့်ပိုပြီး လွတ် လပ်စွာ စိတ်ကြိုက်နေသွားတာကို တွေ့ရတယ်။

## ဥပုသ်သီလ အမြဲစောင့်တယ်

ဘုရားဒကာကြီး ဦးကိုးဟာ နေ့စဉ် ပုံမှန် ဥပုသ်စောင့် တယ်။ ဘုန်းကြီးကျောင်းကိုနံနက်တစ်ခေါက်၊ ညနေတစ်ခေါက် ပုံမှန်သွားပြီး ကျောင်းရောက်လျှင် ပထမဆုံး ရုပ်ပွားဆင်းတု တော်များ စုပေါင်းထားရှိရာ ဘုရားကျောင်းကို သွားတယ်။ သူလှူထားတဲ့ ဘုရားရုပ်ပွားဆင်းတုတော်ရှေ့မှာ ဆောင့်ကြောင့် ထိုင်လျက် ဘုရားရှိခိုး၊ ဘုရားဝတ်တက်လေ့ရှိတယ်။ တစ်ဆက် တည်း သီလခံယူကားတယ်၊ သင့်တော်ရာ ကျောင်းဝင်းတစ်နေ

ရာရာမှာ အေးချမ်းစွာနေတဲ့အခါနေပြီး ဓမ္မပဒဝတ္ထုတော်ကြီး၊ ဇိနတ္ထပကာသနီ၊ အဲသလို ကျမ်းစာတွေ ဖတ်လေ့ရှိတယ်၊ စာမဖတ်လျှင်၊ ကျောင်းဝေယျာဝစ္စမလုပ်လျှင် ဂုဏ်တော်ပုတီးကိုပဲ စိပ်နေတတ်တာကို တွေ့ရတယ်။

## မျက်ရည်သိမ်း၍ငြိမ်းနည်းရှာ

စစ်ကြီးအတွင်းက ဘုန်းကြီး ရွာကိုရောက်တော့ ဘုရားဒကာကြီး ဦးကိုးဟာ ဘုန်းကြီးကိုမြင်တာနဲ့ ရန်ကုန်မှာ ရှိနေကြတဲ့ သူ့သားသမီးတွေကို သတိရသွားပုံပေါ်တယ်။

"တပည့်တော် မသေခင် ရန်ကုန်က သားများ သမီးများနဲ့တစ်ခါလောက် တွေ့တော့တွေ့ချင်သေးတယ်ဘုရား၊ ခေတ်ပျက်ကြီးထဲမှာ တွေ့မှ တွေ့ရပါ့မလားမသိဘူးဘုရား" ဆိုပြီး မျက်ရည်များကျရှာတယ်။ မိဘတို့ သံယောဇဉ်ပေဟာကိုး။

"သားသမီးတွေဆိုတာ ဘဝတိုင်းမှာ တွေ့ဆုံရမြဲဖြစ်တဲ့ အပိုနောက်တွဲတွေပါဒကာကြီး၊ သူတို့အတွက် ဘာမှ သောကများပါဒထားမနေပါနှင့်။ မိမိအတွက် ရှေ့ဘဝ ရေးဆက်ရေးကောင်းဖို့ တစ်ခုတည်းသာ အရေးကြီးတယ်မှတ်ပါ" လို့ ဘုန်းကြီးက ပုံဝတ္ထုတစ်ခု ပြောပြကာ တရား ချခဲ့ရသေးတယ်။ ဒီတော့မှ ဘုရားဒကာကြီး ဦးကိုးဟာ တရားမှတ်ခံ ရှိဟန်တူပါ တစ်ခဏချင်း မျက်ရည်စသိမ်းကာ "သံယောဇဉ်ဖြတ်ပါတော့မယ် ဘုရား" လို့ လျှောက်ထားရှာတယ်။

ထိုအချိန်ကစပြီး ဦးကိုးဟာ သူ့ပုံမှန် ဦးတည်ထားတဲ့ နေ့စဉ် ဘုရားရှိခိုး၊ ဥပုသ်သီတင်း ဆောက်တည်ပျော် ချမ်းမြေ့စွာနေရင်း ထူးထူးထွေထွေ ရောဂါဝေဒနာ မခံစားရဘဲ ဘဝနိဂုံးချုပ်သွားတယ်။ ဥပုသ်သီလမြဲစွာယိန်းပြီး စိတ်ကိုအေးငြိမ်း

စွာထားနိုင်တဲ့ ဘုရားဒကာကြီး ဦးကိုးဟာ နတ်ရွာသုဂတိရောက်မှာ သေချာတယ်လို့ ဘုန်းကြီးယုံကြည်စိတ်ချပါတယ်။

ကြေးရဟတ်၊ စာတတ် ပေတတ်ကြီးများ မဟုတ်ကြသော်လဲပဲ ရှေးအညာသား ဒကာကြီးများရဲ့ စိတ်နေစိတ်ထားနှင့် ဘာသာတရား နှလုံးသွင်း နေထိုင် သွားကြပုံများမှာ လွန်စွာ အားရကျေနပ်ဖွယ် ကောင်းကြပါပေတယ်။

## ဘုရား လက်ထက်တော်က
## သင်္ဘောကုန်သည် ခုနစ်ရာ

ဒီနေရာမှာ ဘုရားရှင်လက်ထက်တော်အခါကလဲ သီလနှင့် ဘဝကူးကြပုံ ပြောရဦးမယ်။

မြတ်စွာဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ်က အဖြစ်အပျက်တစ်ခုဖြစ်တယ်။ ပင်လယ်ရေကြောင်းခရီး သင်္ဘောစီးပြီး ရောင်းဝယ်ဖောက်ကား သွားလာအသက်မွေးကြတဲ့ သင်္ဘောကုန်သည် ၇၀၀-တို့ဟာ မြားလောက်မြန်တဲ့ သင်္ဘောကြီးနှင့် အရောင်းအဝယ် ခရီးထွက်ခဲ့ကြဖူးတယ်။ စာထဲမှာ 'မြားလောက်မြန်တယ်၊ လူပေါင်း ၇၀၀-ဆံ့တယ်' ဆိုတော့ အဲဒီခေတ်က ပင်လျှင် ရေကြောင်းသွားလာမှု သိပ္ပံပညာထွန်းကားနေပြီလို့ ဆိုရမယ်။

သင်္ဘောကုန်သည်တွေ ခရီးထွက်လို့ ခုနစ်ရက်ရှိတယ်ဆိုယင်ပဲ ကမ်းမမြင် လမ်းမမြင်ပင်လယ်ထဲမှာ မမျှော်လင့်ဘဲ ရုတ်တရက် မုန်တိုင်းကြီး တိုက်ခတ်လာလိုက်တာ ပင်လယ်ရေလှိုင်းကြီးတွေထလာလို့ သင်္ဘောဝမ်းထဲ ရေတွေလှိမ့်ဝင်စီးဆင်းလာသတဲ့။ ရေတွေကတဖြည်းဖြည်းများများ များများ လာပြီး သင်္ဘောကြီး တစ်စီးလုံး နစ်၍နစ်၍ လာနေတယ်။

## စိတ်ထားရှင်းလို့ အကြောက်ကင်း

အဲဒီအခါမှာ သင်္ဘောကုန်သည်တွေ အားလုံး အော်ကြ ဟစ်ကြ၊ အထိတ်တလန့်ငိုကြ ယိုကြ၊ သေရမယ့်ဘေးကြီးနဲ့ တွေ့ကြုံကြရရှာတယ်။ အချို့အချို့သောကုန်သည်များကတော့ မိမိတို့ဆိုင်ရာပိုင်ရာကိုးကွယ် ပသ နေကျဖြစ်တဲ့နတ်များ၊ ဘိုးဘိုးများကို အမည်နာမတွေ ထုတ်ဖော်ခေါ်ဆိုပြီး ဆုတောင်းကြသတဲ့။ ကယ်ပါ ယူပါ တမ်းတကြရှာတယ်။ ကိုယ့်အထုပ်ကလေး ကိုယ်နဲ့မကွာ ကျစ်ကျစ်ပါအောင် ဆုပ်ထားတဲ့လူက ဆုပ်ထား၊ ပြေးလွှားတဲ့လူက ပြေးလွှား၊ ငိုတဲ့လူကငို၊ ဘုရားတတဲ့ လူကတ၊ နတ်မ,ဖို့ တောင်းခံတဲ့လူက တောင်းခံ၊ ငိုသံယိုသံ ဆုတောင်းသံတွေနှင့် သင်္ဘော တစ်စီးလုံး ဆူညံပြီး ဒီလောက် ပြောင်းဆန်တဲ့အချိန်မှာ အေးအေးဆေးဆေးနှင့်နေတဲ့ ဗုဒ္ဓဘာသာ ဥပါသကာ ကုန်သည် တစ်ယောက်လဲ ပါလာသေးတယ်။

အဲ....သူကတော့ သူများတွေ ကိုယ်ရောစိတ်ပါ ယောက်ယက်ခတ် နေကြသလောက် ရေတွေဝင်လာပြီး ကြောက်စရာကောင်းနေချိန်မှာ ကင်ပျဉ်ခွေပြီးတော့ကောင်းမှ ပြင်ထိုင်လိုက်သေးတယ်။ ဘယ်သူ့ကိုမှလဲမကြည့်တော့ဘူး။ မျက်စိမှိတ်ထားလိုက်တယ်။ အသံဗလံတွေကိုလဲ နားထောင်မနေတော့ဘူး။ ကိုယ့်အာရုံနှင့်ကိုယ်ပဲ အေးဆေးစွာ ထိုင်နေတယ်။

လူတွေဟာ သာမည ကိစ္စကလေးမှာတောင်မှယောက်ယက်ခတ်ကြ၊ ပူလောင်ကြတယ်။ ခုလို သေဘေးကြီးမျိုးနှင့်ရင်ဆိုင်ကြရတဲ့အခါမျိုးမှာဆိုယင်တော့ ဘယ်လိုမှ အောက်တည်ရာ မရနိုင်ကြတော့ဘူး။ ဘယ်ကိစ္စမျိုးမဆို စိတ်ကိုရှင်းရှင်းထားပြီး အေးဆေးစွာ နေနိုင်ကြဖို့ လိုတယ်။ ဒီသင်္ဘောကုန်သည် ဥပါသကာက သူ့မှာကြည်လင်တဲ့ ဆုံးဖြတ်ချက်ရှိထားတယ်။ စောစောက ပြောခဲ့တဲ့ မဟာသုတသောမမင်းလို သေမင်းကိုတောင် ရင်ဆိုင်ရဲတဲ့

သတ္တိရှိလာတယ်။ အားကိုးရှိလာတယ်။ ဒါ့ကြောင့် သူဟာ မတုန်မလှုပ် မျက်စိမှိတ်ပြီး အေးဆေးစွာ တင်ပျဉ်ခွေထိုင်နေနိုင်ခြင်း ဖြစ်တယ်။

## အကြောက်ကင်းဝေး နေနိုင်ရေးနည်း

ကျန်တဲ့ သင်္ဘောကုန်သည်တွေက ထူးခြားလှတဲ့ သူ့အမူအရာကိုကြည့်ပြီး အံ့သြစွာ မေးကြတယ်။

“အို…မိတ်ဆွေ၊ ခုလို သေဘေးကြီးနဲ့ နီးကပ်နေတဲ့အခါမှာ သင့်မှာ အဘယ့်ကြောင့် မကြောက်မရွံ့ အေးဆေးစွာ နေနိုင်ပါသလဲ”လို့ မေးကြတယ်။ ဒီတော့ အဲသည် ကုန်သည်ဥပါသကာက ခပ်အေးအေးပဲ ပြန်ဖြေပါတယ်။

“ပြောရတာပေါ့မိတ်ဆွေတို့၊ ခုလိုဘေးအန္တရာယ်ကြုံလာတဲ့အခါ ကြောက်နေလို့ အကြောင်းမထူးဘူး။ ငါ့မှာ အားကိုးစရာဘာရှိသလဲဆိုတာကို ပထမဆုံး စဉ်းစားလိုက်ပါတယ်။ စဉ်းစားတော့… ကျုပ် သင်္ဘောဆင်းတဲ့နေ့မှာပင်လျှင် ရဟန်းသံဃာများအား အလှူဒါနပြုလုပ်ပြီး သရဏဂုံသုံးပါးနှင့် ငါးပါးသီလကို ဆောက်တည်ခဲ့ပါတယ်။ ကျုပ်ဆောက်တည်ခဲ့တဲ့ သရဏဂုံသီလဟာ တစ်စုံတစ်ရာ ညစ်နွမ်းခြင်းမရှိ၊ ပြည့်စုံစင်ကြယ်လျက်ပဲ ရှိနေပါသေးတယ်။ ကျုပ်ဟာ ဒီသရဏဂုံသုံးပါးနှင့် ငါးပါးသီလကိုပဲ ဆင်ခြင်နှလုံးသွင်းနေသောကြောင့် ကြောက်ရွံ့စိတ် အလျဉ်းဝင်မလာတော့ပါ”လို့ ဖြေလိုက်တယ်။

ဒါနသန်တဲ့ ပုဂ္ဂိုလ်က မိမိဒါနကို စာဂါနုဿတိလုပ်သလို၊ သီလသန်တဲ့သူကလဲ သူစောင့်ထိန်းထားတဲ့ သီလကိုပဲ ပြန်လည်ဆင်ခြင်ခြင်းလို့ခေါ်တဲ့ သီလာနုဿတိပွားများနေခြင်းဖြစ်တယ်။ ဒါဟာ ကမ္မဋ္ဌာန်း ၄၀-ထဲမှာ ပါဝင်တဲ့ သမထ ကမ္မဋ္ဌာန်း တစ်မျိုးပါပဲ။ ကုသိုလ်တစ်မျိုးတိုးရတဲ့ အလုပ်ဖြစ်တယ်။

"မိတ်ဆွေ၊ မေးပါရစေဦး၊ မိတ်ဆွေပြောတဲ့ ကြောက်စိတ်ကင်းဝေးစေတဲ့ သရဏဂုံနှင့် ငါးပါးသီလဆိုတာ သည့်ပြင် လူတွေကော လိုက်နာကျင့်သုံးလို့ ရနိုင်ပါသလား"....တဲ့။ ဒီလို မေးတာကို ထောက်တော့ ကျန်တဲ့ ကုန်သည်တွေဟာ ဘုရားအဆုံးအမနှင့် နေတဲ့ ဗုဒ္ဓဘာသာဝင်တွေ ဟုတ်ဟန် မတူဘူး။ "ရပါတယ်"လို့လဲ ပြောရော၊ ကုန်သည်တွေဟာ သူ့ထက်ငါ **'အကြောက်ကင်းဝေး နေနိုင်ရေးနည်း'** ကို ဝိုင်းပြီး တောင်းဆိုကြသတဲ့။

## ရေနစ်ရင်း သီလဆောက်တည်ကြရ

ဒီသရဏဂုံ သီလတရားတွေက အရေးရှိလေ၊ တန်ဖိုးကြီးမှန်းသိရလေ၊ အားကိုးရလေ ဖြစ်တယ်။ လုပ်ရိုးလုပ်စဉ် ဆိုရိုးဆိုစဉ် ဆိုနေကြတော့ ဒီလောက် တန်းဖိုးရှိမှန်း မသိသလို ဖြစ်နေကြတယ်။

ဒီတော့ ဥပါသကာက သင်္ဘောကုန်သည် ၇၀၀ ကို ၁၀၀ စီ ၇-သုတ်ခွဲပြီး နေ့စေခိုင်းသတဲ့။တစ်သုတ်ပြီးတစ်သုတ် သရဏဂုံသုံးပါးနှင့် ငါးပါးသီလကိုရှေ့ကတိုင်ချပေးတယ်။ သင်္ဘောထဲမှာ ရေတွေက ဝင်လာနေပြီ၊ ခပ်သုတ်သုတ်ပဲ ချပေးရတယ်။

၁။ ပထမ အသုတ်ချပေးတုန်း ရေက ခြေမျက်စိထိနေပြီ။

၂။ ဒုတိယအသုတ်........ဒူးခေါင်း၊

၃။ တတိယအသုတ်........ခါးလယ်၊

၄။ စတုတ္ထအသုတ်........ချက်၊

၅။ ပဉ္စမ........ရင်ညွန့်၊

၆။ ဆဋ္ဌမ........လည်မျို၊

၇။ သတ္တမ အသုတ်ကျတော့ ခံတွင်းလောက်အထိ ရေတွေတက်လာလို့ ဝင်လာက်သားပေန်ရေတွေ ပါးစပ်ထဲဝင်နေလို့

ဗလုံးဗထွေးရှုတ်ဆိုကြရရှာတယ်။ အားလုံးသီလယူပြီးတော့ ဥပါသကာက အားလုံးကို အော်ပြောလိုက်တယ်၊ "မိတ်ဆွေတို့အားလုံး မိမိတို့သီလကိုသာ နှလုံးသွင်းဆင်ခြင်နေကြပါ"လို့ အော်ပြောပြီး မကြာခင်ဘဲ သင်္ဘောကုန်သည်အားလုံး သေလွန်ခဲ့ကြရရှာတယ်။

သေခါနီးအချိန်ကလေးတွင်မှ ကပ်ပြီး ကျင့်သုံးဆောက်တည်အပ်သော သရဏဂုံ သီလတန်ခိုးကြောင့် အားလုံးပဲ တာဝတိံသာနတ်ပြည်မှာ ရွှေဗိမာန်အသီးသီးနှင့် ပျော်ရွှင်ချမ်းမြေ့စွာ နေကြရပေတယ်။

နတ်ပြည်ရောက်သွားကြတယ်ဆိုယင်ပဲ "ဘာ့ကြောင့် ဒီလိုကြီးကျယ်မြင့်မြတ်တဲ့နေရာသို့ ရောက်လာကြရပါသလဲ"လို့ ဆင်ခြင် စဉ်းစားကြတယ်။ ဗုဒ္ဓဘာသာဝင် ပညာရှိ ဥပါသကာကို မှီခိုပြီး ယခုလိုဖြစ်ကြရပုံ သိရတော့ အားလုံး စည်းဝေးတိုင်ပင်ပြီး ချက်ချင်းပဲ ဘုရားရှင်ထံသွားရောက် လျှောက်ထားကြတယ်။ ဥပါသကာရဲ့ ကျေးဇူးစကား ဆိုကြတယ်။

## သူတော်ကောင်းကျေးဇူး ချီးကျူးမကုန်

နတ်သား ၇၀၀-ရဲ့ ကိုယ်စားလှယ် နတ်သား ၆-ယောက်ဟိုက တစ်ယောက်နှင့်တစ်ယောက် အားကျမခံ ဝမ်းသာအားရ လျှောက်ကြပုံက ကြည်နူးစရာကောင်းပါပေတယ်။ အကြောင်းအရာ တစ်ခုတည်းကိုပဲ ကိုယ်သဘောပေါက်သလို လျှောက်ကြတာ တစ်ယောက်နှင့်တစ်ယောက် မတူကြဘူး။ မထပ်ဘူး။

၁။ ပထမဆုံးနတ်သားလျှောက်ပုံက—

သဗ္ဘိ ရေဝ သမာသေထ၊
သဗ္ဘိ ကုဗ္ဗေထ သန္ထဝံ။
သတံ သဒ္ဓမ္မ မညာယ၊
သေယျော ဟောတိ န ပါပိယော။

၁။ အဓိပ္ပါယ်က သူတော်ကောင်းနှင့် အတူနေပါ။ သူ တော် ကောင်း နှင့် မိတ်ဆွေအဖြစ် ပေါင်းသင်းလုပ်ကိုင်ပါ။ သူတော်ကောင်းတို့၏တရားဓမ္မကို သိရသည့်ရှိသော်ကြီးပွားတိုးတက်ရပါ၏။ ဆုတ်ယုတ်မှု မရှိနိုင်ပါဘူးရား။

နောက်....နတ်သား ၅-ဦး လျှောက်တဲ့အခါမှာ 'သူတော်ကောင်းတို့၏တရားဓမ္မကို သိရသည့်ရှိသော်' ဒီထိအောင် ၃-ပိုဒ်လုံး အားလုံးတူကြတယ်။ နောက်ဆုံး 'ကြီးပွားတိုးတက်ရပါ၏' ဒီအပိုဒ်တစ်ခုပဲ ကွဲသွားကြတယ်။

၂။ ဒုတိယနတ်သားက....(ပညာ လဗ္ဘတိ နာညတော) သူယုတ်မာတွေဆီက မရနိုင်တဲ့ပညာကို ရပါတယ်။ (သဲကို ဆီကြိတ်လို့မရ၊ နှမ်းကိုကြိတ်မှရသလို ဖြစ်ပါတယ်....တဲ့)

၃။ တတိယနတ်သားက.... (သောကမဇ္ဈေ န သောစတိ) ကြောင့်ကြပူပန်စရာတွေကြား၊ ကြောင့်ကြပူပန်နေသူတွေကြားမှာ မကြောင့်ကြမပူပန်ဘဲ နေရပါတယ်....တဲ့။

၄။ စတုတ္ထနတ်သားက....(ဉာတိမဇ္ဈေ ဝိရောစတိ) ဆွေမျိုးမိတ်သင်္ဂဟတွေကြားမှာ အလွန်စန်းပွင့်ပါတယ်။ ကျက်သရေနားပါတယ်....တဲ့။

၅။ ပဉ္စမနတ်သားက—(သတ္တာ ဂစ္ဆန္တိ သုဂ္ဂတိံ)သတ္တဝါတွေ နတ်ရွာသုဂတိ ရောက်ကြရပါတယ်....တဲ့။

၆။ ဆဋ္ဌမနတ်သားက.... (သတ္တာ တိဋ္ဌန္တိ သာတတံ) ချမ်းသာမှု တည်မြဲပါတယ်....တဲ့။

## သဘော်သားတို့ မှတ်သားစရာ

အဲသလို နတ်သား ၆-ယောက်တို့ တစ်ယောက်တစ်မျိုး လျှောက်ထားပြီးကြတော့ နတ်သား တစ်ယောက်က မြတ်စွာဘုရားကို—

"မြတ်စွာဘုရား၊ သူတို့ လျှောက်ထားကြတာတွေထဲမှာ ဘယ်သူ့လျှောက်ထားချက်ဟာ ကောင်းမွန် မှန်ကန်ပါသလဲ ဘုရား"လို့ လျှောက်တယ်၊ ဒီတော့ မြတ်စွာဘုရားက—

"အမောင်နတ်သား၊ သူတို့လျှောက်ထားကြတာ အသီးအသီး ကောင်းမွန်မှန်ကန်ကြသည်ချည်းပဲဖြစ်ပါပေတယ်။ သို့သော်လဲပဲ ငါဘုရားရှင်၏ စကားကိုလဲ မှတ်သား နာယူကြဦး"လို့ မိန့်တော်မူပြီး—

သဗ္ဗိရေဝ သမာသေထ၊
သဗ္ဘိ ကုဗ္ဗေထ သန္ထဝံ။
သတံ သဒ္ဓမ္မ မညာယ၊
သဗ္ဗဒုက္ခာ ပမုစ္စတိ—ဆိုတဲ့ ဂါထာကို ဟောတော်မူပါတယ်။

"သူတော်ကောင်းနှင့် ပေါင်းလို့ သူတော်ကောင်းတို့၏ တရားဓမ္မကို ကျင့်ကြံပွားများ ကိုယ်တိုင် အားထုတ်ရသဖြင့် ကောင်းစွာသိရသည်ရှိသော် "သဗ္ဗဒုက္ခာ ပမုစ္စတိ- သင်တို့တတွေလျှောက်ထားသောအကျိုးများကို ရစေနိုင်သည်သာမက၊ အရဟတ္တဖိုလ်ပေါက် ထုတ်ချင်းရောက်ပြီး သကာလ၊ သံသရာဝဋ်ဒုက္ခအားလုံးက လွတ်မြောက်စေနိုင်ပါပေသတည်း"လို့ ဟောတော်မူလိုရင်း ဖြစ်တယ်။ သူတော်ကောင်းတို့နှင့် ပေါင်းရတဲ့အကျိုးဟာ ဘယ်လောက်များ အားရစရာကောင်းလိုက်ပါသလဲ။

သင်္ဘောကုန်သည် ၇၀၀-တို့ဟာ ဒီသီလရှိသော သူတော်ကောင်း ဥပါသကာကိုသာ မတွေ့ကြရသည်ရှိသော် အားလုံး လောက်နီးနီး အပါယ်ကျဖို့ များတယ်။ ခုတော့ နတ်စည်းစိမ် ချမ်းသာကြီး ရရှိခံစားနေကြရပြီ။ ဒါ့ကြောင့် သူတို့ ဉာဏ်မီ သလောက် ဝမ်းမြောက် ဝမ်းသာ လျှောက်ထားလာကြခြင်း ဖြစ်တယ်။ သူတော်ကောင်းတို့နှင့် ပေါင်းဖော်ယှဉ်တွဲ မှီဝဲသီးကပ် ရတဲ့ အကျိုးကျေးဇူးသည်ကား မြတ်စွာဘုရားရှင်တို့မှသာ ကြွင်းမဲ့ ဉဿုံ အကုန်အစင် သိမြင်တော်မူနိုင်ကြတယ်လို့ နားလည်ကြ ရမယ်။

လာရောက်လျှောက်ထားကြတဲ့ နတ်သားများ အားလုံး ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ပြီး တာဝတိံသာနတ်ပြည်သို့ အသီးအသီးပြန်သွားကြတယ်။ ဒီဝတ္ထုက ဒေဝတာသံယုတ် ပါဠိတော်မှာ ပါရှိတယ်။ သက်စွန့်ဆံဖျား ရေလမ်းခရီးသွားကြရတဲ့ သင်္ဘောသားများ၊ သင်္ဘောခရီးသွားများ အထူး မှတ်သား လိုက်နာကြဖို့ ကောင်းတယ်။

ဗုဒ္ဓဘာသာဝင်မဟုတ်သူများပင်လျှင် သေခါနီးမှ ကမန်းကတန်း ဆောက်တည်ရသော ငါးပါးသီလက ဤမျှတန်ဖိုးကြီး မြတ်လှပါကလားလို့ ယုံကြည်အားကျစိတ်တွေ မွေးမြူကြရမယ်။ အထူးအားဖြင့် သေဘေးကြီးနှင့် ရင်ဆိုင်ကြရလို့ "ငါတော့ဖြင့် ဒီတောင်က ကျော်တော့မှာ မဟုတ်ဘူး" လို့ မိမိကိုယ်ကို ထင်ရတဲ့ အခါမျိုးမှာ မိမိတို့ အမြဲတမ်း ခံယူဆောက်တည်ထားကြတဲ့ သီလကိုပဲ သီလာနုဿတိ အနေအားဖြင့် ဆင်ခြင်ပြီး နေကြရ မယ်။ ဆင်ခြင်ကြည့်တဲ့အခါ သင်္ဘောကုန်သည် ဥပါသကာလို စင်းလုံးချော အပြည့်အစုံ လုံလဲစင်ကြယ်နေတာကို တွေ့ကြရ၊ မြင်ကြရ၊ ဝမ်းမြောက်ကြရအောင် မိမိတို့ သီလကို ကြိုးစားပြီး ထိန်းသိမ်းကြရမယ်။

## သေနည်းလေးမျိုး

နေကောင်းစဉ် ကျန်းမာခိုက် အချိန်ကတည်းက ငါသေ ယင် ဘာနဲ့သေမယ်ဆိုတာ မိမိတို့ရဲ့အာသန္နကံကိုကြိုတင်ပုံစံချပြီး....

(၁) ဒါနနှင့် ဘဝနိဂုံးချုပ်ပုံ ပြောခဲ့ပြီ။

(၂) သီလနှင့် ဘဝအဆုံးသတ်ပုံ ပြောခဲ့ပြီ။ ယခု....

(၃) ဘာဝနာနှင့် ဘဝကူးပုံကို ပြောရမယ့် အလှည့် ရောက်လာတယ်။ သို့သော်လဲ ဘာဝနာနှင့်ဘဝကူးပုံကို နောက် ဆုံးကျမှ ပြောမယ်။ ဒီနေရာမှာ သီလနှင့် တစ်ဆက်တည်း....

(၄) သရဏဂုံနှင့် ဘဝနိဂုံးချုပ်ပုံ ပြောရမယ်။

မိမိမှာ သေခါနီးကာလ ဝေဒနာက ပြင်းထန်လွန်းလို့၊ ဟိုဆေး ဒီဆေးတွေ လွန်နေလို့၊ မျက်စိမဖွင့်နိုင်၊ ခေါင်းမထူနိုင်၊ သတိကလဲ မရတစ်ချက် ရတစ်ချက် ဖြစ်နေတဲ့အတွက် ဒါနလဲ မဆင်ခြင်နိုင်၊ သီလလဲ မအောက်မေ့နိုင်။ ဘာဝနာကမ္မဋ္ဌာန်း ကိုလဲ မစီးဖြန်းနိုင် ဖြစ်နေမယ်ဆိုယင် ဘာလုပ်မလဲ။ "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ...." ဒီ သရဏဂုံ သုံးပါးကို ရွတ်ဆိုနေရမယ်။ သတိပြန်လည်လာတာနှင့် ရွတ်ဆို နေမိအောင် လေ့ကျင့်ထားရမယ်။

## သဝေ မပါ ကိုးကါထာ

ဘာလို့လဲဆိုတော့ သရဏဂုံသုံးပါးဟာ လူတိုင်းမရတဲ့သူ မရှိဘူး။ ဘုရား၊ တရား စာတွေထဲမှာ သရဏဂုံဟာ လူတိုင်းအဖို့ အရွတ်အဖတ် အလေ့အကျက် အများဆုံးလို့ဆိုရမယ်။ နေကောင်း နေစဉ်၊ ရောဂါဝေဒနာဖြစ်လဲ သတိရနေစဉ် အတွင်းမှာ လေ့ ကျင့်ပြီးကို ရွတ်ဆိုနေရမယ်။ ဘယ်လိုမှ မရွတ်ဆိုနိုင်တောင်မှ အနည်းဆုံး "ဘုရားကိုးကွယ်ပါ၏၊ တရားကိုးကွယ်ပါ၏၊ သံဃာ ကိုးကွယ်ပါ၏" လို့ စိတ်ထဲကတော့ သတိရနေသေးသမျှ ဆင်ခြင် နိုင်မိအောင် ကြိုတင်မှုချထားရမယ်။

ယခုလိုအချိန်က သွားရင်း လာရင်း နေရင်း ထိုင်ရင်းလဲ နေ့စဉ် မကြာခဏ ရွတ်ဆိုလေ့ကျင့်ထားလျှင် ပါဠိသနာအလေ့အထ ရသွားမယ်။ ခရီးသွားလာရာမှာ ဘေးရန်အန္တရာယ်လဲ ကင်းရှင်းစေတယ်။ လူတိုင်းအတွက် ဒီ အန္တရာယ်ကင်းဂါထာလောက်ကောင်းတဲ့ ဂါထာ မရှိပါဘူး။ ဒါ့ကြောင့် ရှေးဆရာကြီးတို့က 'သဝေမပါ ကိုးဂါထာ'လို့လဲခေါ်တယ်။ လိုရာကိစ္စ ပြီးစီးစေနိုင်သောကြောင့် 'သဗ္ဗမင်္ဂလာဂါထာ'လို့လဲ ခေါ်ကြတယ်။

သွားလေရာရာမှာ အမြဲရွတ်ဆိုနေယင် အန္တရာယ်ကင်းတဲ့အပြင် မိမိဘဝနိဂုံးချုပ်ရာ အာသန္နကံအတွက်လဲ ကြိုတင်ပုံစံချ လေ့ကျင့်ပြီး ဖြစ်သွားတယ်လို့ မှတ်ရမယ်။

## သာဝိတ္တိဂါထာနှင့် အနုဿတိသုံးပါး

သရဏဂုံသုံးပါးဆိုတာ လူတိုင်းရပြီးရှိးနေလို့ အကျိုးကျေးဇူး မထက်ဘူး မထင်ကြနှင့်။ ဟိုဂါထာ သည်ဂါထာ အဆန်းတွေ ရွတ်တာထက် မနိုင်းယှဉ်သာအောင် ထိရောက်တယ်၊ ဘာလို့လဲဆိုတော့ ဘုရားဟောစစ်စစ်ဖြစ်တဲ့အပြင် ဗုဒ္ဓဘာသာဝင်အဖြစ် ပထမဆုံးအသိအမှတ်သွန်းပြီးမြှင့်တင်ပေးလိုက်တဲ့ ဂါထာဖြစ်လို့ 'သာဝိတ္တိဂါထာတော်ကြီး' လို့လဲ ကျမ်းဂန်တွေမှာ ဆိုထားတယ်။ ဤ သုံးဂါထာကို မရွတ်ဆိုဘဲနဲ့ ဗုဒ္ဓဘာသာဝင် မဖြစ်နိုင်ဘူး။ အလွန်အရေးကြီးတဲ့ ဂါထာတော်ကြီး။

ဒီဂါထာတော်ကြီးကို ရွတ်ရင်း ရွတ်ရင်းနဲ့ လိုက်လှဲ့တဲ့ စိတ်စေတနာတွေ အလိုလိုဝင်လာမယ်။ အနက်အဓိပ္ပာယ်ကို ဆင်ခြင်တဲ့ အသိက ကပ်ပါလာမယ်။

"ဘုရား၊ တရား၊ သံဃာ ဆိုတာ ဘယ်လောက်မြင့်မြတ်တယ်၊ ဘယ်လောက် အားကိုးအားထားပြုနိုင်တယ်၊ တစ်လောက

လုံးမှာ ဘယ်ပုံ အမြတ်ဆုံး ရတနာသုံးပါးဖြစ်တယ်” စသည်ဖြင့် အဲသလို အသိကဖြန့်လာတော့ ဗုဒ္ဓါနုဿတိ၊ မေတ္တာနုဿတိ၊ သံဃာနုဿတိ-ဆိုတဲ့ ကမ္မဋ္ဌာန်း ၃-မျိုးကို အလိုလို နှလုံးသွင်းပြီးသား ဖြစ်သွားတယ်။ ဘုရား အစရှိသော သူတော်ကောင်းများက အဲသလို ကျေးဇူးကြီးတာ သိမြင်တော်မူကြလို့ အမြဲ ရွတ်ဆို၊ နှလုံးသွင်းဖို့ တိုက်တွန်းတော်မူကြခြင်း ဖြစ်တယ်လို့ လေးလေးနက်နက် မှတ်သားပါ။ ရွတ်ဆိုပါ။

သည်တင်မျှမက တကယ်လို့များ ငါ အသက်ငင်နေယင် ဒီ သရဏဂုံသုံးပါးကို ရွတ်ဆိုဆင်ခြင်ဖို့ မမေ့အောင် လေ့ကျင့်မယ်....ဆိုတဲ့ မူကိုလဲ ကြိုတင်ချထားကြဖို့ အရေးကြီးတယ်။

## သရဏဂုံနှင့် ဘဝနိဂုံးချုပ်ပြီး နတ်ပြည်ရောက်သူ တပ်ကြပ်ကြီးဦးလှရွှေ

သရဏဂုံသုံးပါးနှင့် ဘဝနိဂုံးချုပ်ပြီး နတ်ပြည်သို့ရောက်သွားတဲ့ တပ်ကြပ်ကြီး ဦးလှရွှေ အကြောင်းကို ပြောပြမယ်။ ဦးလှရွှေဆိုတာ တခြားသူ မဟုတ်ဘူး။ ဘုန်းကြီးရဲ့ အလုပ်အကျွေး လုပ်ခဲ့ဖူးတဲ့ ကပ္ပိယ ဦးလှရွှေ ဖြစ်တယ်။

မှတ်မှတ်ရရ ၁၃၄၁-ခုနှစ်၊ တန်ခူးလဆန်း ၄-ရက်၊ ဗုဒ္ဓဟူးနေ့ မွန်းလွဲပိုင်းအချိန်မှာ ဘုန်းကြီး ခန္တီနံတောင်တောရကျောင်း သခ်မ်းရဲ့ အနောက်ဘက် တောအုပ်အတွင်းရှိ စပ်းချောင်းထဲ ဆင်းပြီး ဘုန်းကြီးလုပ်နေကျ ဝေယျာဝစ္စတစ်ခု လုပ်နေတယ်။ ထိုအခိုက် တပည့်ဖြစ်သူ မောင်ချစ် ဘုန်းကြီးထံ လိုက်လာပြီး....

“ဆရာတော်ဘုရား၊ ပခုက္ကူမြို့သားလို့ ပြောတဲ့ လူ တစ်ယောက် ကျောင်းရောက်နေပါတယ်ဘုရား။ ဆရာတော်ကြီး ဘယ်မှာရှိသလဲလို့ မေးနေပါတယ်”လို့လာပြီး လျှောက်ထားသတင်း

ပေးလို့ "ဒီလွတ်လိုက်" လို့ ပြောရင်း ဘုန်းကြီး ထွေးခံဆေး လက်စ အလုပ်ကို ဆက်လုပ်နေလိုက်တယ်။

## ပစ္စေကဗုဒ္ဓါတို့လို ပေါ့ပါးစွာနေခြင်း

ညွှံ့သည် ဒကာမှာ ဖျတ်လတ်သူ ဖြစ်သည့် အလျောက် ဘုန်းကြီးရှိရာ ချက်ချင်း လိုက်လာပြီး အထူးလေးစားစွာ ဦးချကန်တော့တယ်။ ကန်တော့ပြီးတော့ ဒကာက "ကပည့်တော်ဆေး ပါရစေ"လို့ ခွင့်တောင်းသော်လဲ ဘုန်းကြီးက မပေးပါ။ တောတောင်ကြီးများ၌ နှစ်ပေါင်းများစွာ တစ်ကိုယ်တည်းနေလာသူ ဖြစ်၍ သူတစ်ပါးကို အားကိုး ပြုလိုစိတ် မရှိပါ။

ဟိမဝန္တာ ဂန္ဓမာဒနတောင်မှာ သီတင်းသုံး နေထိုင်တော်မူကြတဲ့ ရှေးခေတ်က ပစ္စေကဗုဒ္ဓါအရှင်မြတ်ကြီးများကဲ့သို့ နှလုံးမူပြီး သကာလ ကိုယ့်သင်္ကန်း ကိုယ်လျှော်၊ ကိုယ့်သပိတ် ပန်းကန် ခွက်ယောက်၊ နောက်ဆုံး ထွေးခံအထိ ကိုယ်တိုင်ပဲ ဆေးကြောမြဲ ဖြစ်တယ်။

ညွှံ့သည် ဒကာလဲ ဘုန်းကြီး ကျောင်းအပြန် နောက်က လိုက်ပါလာတယ်။ ဘုန်းကြီးနှင့် စာလျှင် သူ့အရပ်က တော်တော်နိမ့်နေလို့ ဘုန်းကြီးကငုံ့ကြည့်ရသလို၊ သူကလဲဘုန်းကြီးကို မော့ကြည့်ရသလို ရှိတယ်။ နှာတံချွန်ချွန်နှင့်ရိတ်ထားတဲ့ နှုတ်ခမ်းမွေးမဲမဲတိုစစကို ခန့်မှန်း၍ နှုတ်ခမ်းမွေး ကောင်းသူ ဖြစ်မယ်လို့ ထင်ရတယ်။ ရက်များမကြာခင် ဇာတိရုပ်ပေါ်လာရာ နှုတ်ခမ်းမွေးထူထူကြီးနှင့် ရုပ်အချောကြီး မဟုတ်သော်လဲ အတော်အသင့် ကြည့်ကောင်းသူ လူတစ်ယောက်ဖြစ်ပုံပေါ်လွင်လာတယ်။

## ခွင့်ပြုစာအရ ရောက်လာ

ဘုန်းကြီး ကျောင်းပြန်ရောက်လို့ ကုလားထိုင်ပေါ်မှာ ထိုင်ရင်း.... "ပခုက္ကူကလာရတယ်ဆိုတော့ တပ်ကြပ်ကြီး ကိုလှရွှေလား"လို့ ဘုန်းကြီးက မေးလို့ ဟုတ်မှန်ကြောင်း လျှောက်ထား

တယ်။ ပခုက္ကူမှ ဂန့်ဂေါ၊ ထိုကမှ ကလေးမြို့သို့ လာခဲ့ကြောင်း ခရီးစဉ်ပါ ဆက်ပြီးလျှောက်တယ်။ သူ့မှာပစ္စည်းပစ္စယဆိုလို့ များများ စားစားမပါ။ စစ်ထွက်ဖြစ်သည့် အားလျော်စွာ၊ ကျောပိုးအိတ်တစ်လုံးနှင့် စစ်သားသုံး(ဟင်းကော)ဂျပန်ထမင်းချိုင့်သာပါတယ်။ ဘုန်းကြီး အတွက် ပခုက္ကူက ဝယ်လာသော ဘုန်းကြီးစီးဖိနပ်တစ်ရံ၊ပုန်းရည်ကြီး ၄-ထုပ်နှင့်ကလေးမြို့က ဝယ်ခဲ့တဲ့ ဆန်တစ်စိတ် ရှေ့မှာချပြီး ရိုသေစွာ·ကန်တော့ပြီး လှူဒါန်းတယ်။

တပ်ကြပ်ကြီး ကိုလှရွှေ ဘုန်းကြီးထံ၌ အလုပ်အကျွေးပြုနေထိုင်ရင်း တရားအားထုတ်ရန် လာရောက်ခြင်းဖြစ်၍ ဘုန်းကြီးက ကျေနပ်နှစ်သက်စွာ လက်ခံနေထိုင်ခွင့်ပြုခဲ့တယ်။ သူဟာ ရှောင်တစ်ခင် မမျှော်လင့်ဘဲ ဘယ်ကမှန်းမသိ ရောက်လာသူမဟုတ်ပါ၊ ကြိုတင်၍ အလုပ်အကျွေးပြုခွင့် စာ ၂-ကြိမ် ရေးလျှောက်ပြီး ဘုန်းကြီးထံက ခွင့်ပြုစာအရ ရောက်လာခြင်းဖြစ်တယ်။

သူရောက်လာချိန်မှာ နွေရာသီ ဖြစ်သော်လဲ ချင်းတောင်ပေါ်မှာ မကြာမကြာ မိုးရွာနေ၍ ညအခါချမ်းတယ်။ သူ့မှာ ဘာဘူစောင်တစ်ထည်သာပါ၍ မအိပ်နိုင်ကြောင်း ပြောပြသဖြင့် ဘုန်းကြီးက ဂွမ်းကပ်စောင်သူတူ အဟောင်းတစ်ထည် ပေးထားတယ်။

## နေ့စဉ်စားသောက်ကြပုံ

ထိုအချိန်က ဘုန်းကြီးရဲ့ တောရသင်္ခမ်းကျောင်းမှာ ကပ္ပိယနှစ်ယောက်ရှိနေတယ်။ ရှေ့ဘိုက အသက် ၆၀-ရွယ် ဦးချစ်ထွေးနှင့် တူတပည့်ဖြစ်သူအသက်၃၀-ရွယ် ကိုချစ်ရွှေ၊ယခုအသက် ၄၀ အရွယ် တပ်ကြပ်ကြီး ကိုလှရွှေနှင့်ပါ သုံးယောက်ဖြစ်ရာ စားဆိုးနည်းနည်းကြီးလာတယ်။ နံနက်စာကို သူတို့အားလုံး ဘုန်းကြီးကဲ့သို့ ဆန်ပြုတ်သောက်ကြပြီး နေ့ဆွမ်းမှ အားလုံး သက်သတ်လွတ်ဟင်းနှင့် ထမင်းစားကြတယ်။

တစ်လလျှင် တစ်ကြိမ် ဖလမ်းမြို့ ရပ်ကွက် သမဝါယမဆိုင် သွားပြီး ဆန်ထုတ်ရသော်လဲ ဘုန်းကြီး တစ်ပါး အတွက်သာရ တယ်။ ဆန်အခြေအနေကြောင့် သူတို့ ညနေစာ ဆန်ပြုတ်ပဲ သောက်ကြတယ်။ ဦးချစ်ဆွေးကတော့ ညစာ မစားဘူး။ ဘုန်း ကြီး ကျောင်း အနီးအပါးမှာ ဆွမ်းခံစရာ မရှိ၊ ဆွမ်းပို့သူလဲ မရှိ ပါ။ သို့ရာတွင် ကလေးမြို့မှ ဆွမ်းဆန်ရောက်လာဟတ်၍ နေ့စဉ် ကျောင်းမှာ သက်သတ်လွတ် ဆွမ်းဟင်းခွက် နည်းနည်းနှင့် ပုံမှန် ဖန်တီးကပ်ကြတယ်။ ချို့ငဲ့လှတယ်မရှိလှပါဘူး။

## ဟင်းရွက်ခူး၊ ထင်းခွေ၊ နေ့စဉ်စာကြည့်၊ တရားထိုင်

ကပ္ပိယ သုံးယောက်ရဲ့ နေ့စဉ်အလုပ်ကတော့ နေ့ခင်း နေ့ လယ်မှာ တရားစာပေ ဗဟုသုတ သင်ယူဖတ်ရှုလေ့လာစေတယ်။ ညချမ်းအခါမှာ အဘူတကွ ကမ္မဋ္ဌာန်း ပရိကံယူပြီး ပုံမှန်တရား ထိုင်ကြရတယ်။ ပုံမှန် အာနာပါနကို အားထုတ်နိုင်းတယ်။ ၇-ရက်လျှင် တစ်ကြိမ် ဖလမ်းမြို့ စာတိုက်သို့ စာပို့ သွားရင်း ဆွမ်းဟင်းအတွက် ဟင်းသီး ဟင်းရွက် ဆား စသည် ကပ္ပိယေ တယ်။ ဤနည်းဖြင့် ကိုလှရွှေတစ်ယောက် လက်တွေ့ တောကြီး ဘောင်ကြီးအတွင်းရှိ တောရ ကျောင်းကလေးမှာ နေတယ်။ စားတတ်၊ ခရီးသွားတတ် ဖြစ်လာကာ ချမ်းသာပျော်မွေ့လျက် သုံးနှစ်ကျော် လေးနှစ်နည်းပါး ဘုန်းကြီးတို့နှင့် နေသွားတယ်။

ကိုလှရွှေဟာပတ်ဝန်းကျင်မှာရှိနေကြတဲ့ဂေါရခါးအနည်း ငယ်၊ ချင်းလူမျိုးများနှင့် သိကျွမ်းလာကာ ခင်မင်သော မိတ်ဆွေ များပင်ရှိလာတယ်လို့ဆိုတယ်။ သူဟာဝီရိယသမားဖြစ်တယ်၊ အကျိုး မဲ့ အချိန်ကိုဖြုန်းလေ့မရှိဘူး။ သူရောက်လာပြီး မကြာခင်ဘုန်းကြီး ကျောင်း ပရိဝုဏ် မြေပေါ်ရှိ မြက်ရိုင်း တောကြီးကို ပေါက် ပြား တစ်လက်နှင့် နေ့စဉ် ရှင်းလင်းသုတ်သင်တယ်။ ဘုန်းကြီးက မခိုင်းရဘူး၊ သူ့စေတနာအလျောက် သေနာသနဲ့ဝတ် ပြုလုပ် တယ်။

နွေရာသီရောက်လျှင် တောထဲက ထင်းခြောက်များကို ဦးချစ်ထွေးနှင့်အတူ သယ်ယူကြတယ်။ ရံခါ တောထဲသွားပြီး မလ္လာဖူး ဆိပ်ဖူး ကုလားငေါက် ညောင်ချဉ်ရွက် စသော ဟင်းသီးဟင်းရွက်များကို ခူးယူကြတယ်။ ကိုလှရွှေဟာ ဤနည်းအားဖြင့် ဆောင်း နွေ မိုး ဥတုသုံးလီ ရာသီဒဏ်ကိုပါ ခံနိုင်စွမ်းရှိလာပြီး ၄-နှစ်တာ နေထိုင်သွားတယ်။ တစ်နှစ်တစ်ကြိမ် ဆောင်းရာသီတွင် ဂန္ဓဝေါမြို့သို့ ပြန်တတ်တယ်။

## ရှေးနှင့်မတူ၊ မူပြောင်းလာသော ကိုလှရွှေ

ဘုန်းကြီးထံလာရောက်ခြင်းဖြင့် ကိုလှရွှေ ကောင်းကျိုးများပါတယ်။ 'သူတော်ကောင်းနှင့်ပေါင်းတော့ သူတော်ကောင်းဖြစ်တယ်' ဆိုတဲ့ စကားပုံလို ဘုန်းကြီး အလုပ်အကျွေးပြုနေရင်း သူတော်ကောင်းစိတ်ဓာတ်များ စိမ့်ဝင်ကာ မူပြောင်းလာတယ်။ ပြောဆိုပုံ နေထိုင်ပုံ စားသောက်ပုံ၊ စိတ်အာရုံထားပုံမှအစ သူတော်ကောင်းတို့သဘာဝကို မြတ်နိုးတတ်လာတာ တွေ့ရတယ်။ ဒုစရိုက်ရှောင်ကြဉ်စိတ် ထက်မြက်လာတယ်။ သူ့ဘဝ နောက်ကြောင်းနှင့် နှိုင်းဆပြီး ဟုတ်တိုင်းမှန်ရာ သူကိုယ်တိုင် ဝေဖန်ပြောပြချက်နှင့် လက်တွေ့အခြင်းအရာကို ဘုန်းကြီးက အကဲဖြတ်သိမြင်ရတယ်။

အမှန်မှာ ကိုလှရွှေဟာ အတိတ်ဘဝက ဖြည့်ဆည်းဖူးပြီး ပါရမီဓာတ်ခံရှိသူတစ်ဦးဖြစ်မယ်လို့ ခန့်မှန်းသိရှိရတယ်။ သူဟာ ဓမ္မဗျူဟာစာစောင်မှာ ဘုန်းကြီးရဲ့ဆောင်းပါးများကို ဖတ်ရှုရပြီး "ဒီဆရာတော်ကြီးထံမှာနေပြီး ငါမျှော်မှန်းတဲ့ ဘဝရောက်အောင် နည်းခံယူမယ်။ ကျန်းမာရေးကိုပါ ပြုပြင်မယ်"လို့ အကြံပြုဆုံးဖြတ်ကြောင်း သိရတယ်။ ထိုအကြံမြောက်အောင် လက်တွေ့ကြိုးစား ရောက်လာခြင်းဖြစ်တယ်။ လူတော်လို့ဆိုရမယ်။ ဆုံးဖြတ်ချက်မှန်တယ်။ ဆုံးဖြတ်ချက်အတိုင်း ဇွဲရှိရှိလုပ်တယ်။

သူဟာ ယခင် စစ်သားဘဝက အရက်သေစာအလွန်အကျွံ သောက်စားဖူးသတဲ့။ ဘုန်းကြီးထံရောက်တော့ အရက် လုံးဝ ပြတ်သွားတဲ့အပြင် တိရစ္ဆာန်အသားစားခြင်းပါ ရှောင်ကြဉ်နိုင်ပြီး စားချင်စိတ်ပင် မရှိတော့ကြောင်း ပြောတယ်။ တိရစ္ဆာန်တို့ရဲ့ အသားဟာ လွန်စွာ စက်ဆုပ်ရွံရှာဘွယ်ကောင်းပုံ၊ မစားထိုက်ပုံ၊ အနာရောဂါ ထူပြောစေတတ်ပုံ....သူကပဲ တခြား လူများကို တရားချဟောပြောနေတတ်ကြောင်း ကြားသိရတယ်။

## ဒုလ္လဘရဟန်းဖြစ်ခွင့်ရ

ဘုန်းကြီးရဲ့တောရကျောင်းမှာ ညစဉ်ပုံမှန် တရားထိုင်ကြရတယ်။ နေ့စဉ်တရားစာပေအမျိုးမျိုး ကျက်မှတ်ဖတ်ရှုလေ့လာရတယ်။ ဓမ္မပဒဝတ္ထုတော်ကြီး၊ ငါးရာ့ငါးဆယ်၊ အထူးသဖြင့် ကိုလှရွှေဟာ ဓမ္မာစရိယဦးဌေးလှိုင်ရေးတဲ့ 'ရဟန္တာနှင့်ပုဂ္ဂိုလ်ထူးများ' စာအုပ်ကြီးကို စွဲမြဲစွာကြည့်ပြီး ရှေးခေတ် တရားရှင် ပုဂ္ဂိုလ်မြတ်တို့ကို တစိမ့်စိမ့်ကြည်ညိုတတ်တယ်။ ဒါကြောင့် ဘုန်းကြီးက သူ့ကို ဝတ်စံုင့်တက်ပြီး ဒုလ္လဘရဟန်းပြုဖို့ တိုက်တွန်းတာ အောင်မြင်သွားတယ်။

၁၃၄၅-ခုနှစ်၊ ကဆုန်လပြည့် ဗုဒ္ဓနေ့မှာ ဖလမ်းမြို့ ဗုဒ္ဓဘာသာအဖွဲ့က နှစ်စဉ်ပြုလုပ်မြဲ ဒုလ္လဘ ရှင်ပြုရဟန်းခံပွဲမှာ ကိုလှရွှေတစ်ယောက် ပါဝင်ပြီး ဦးရေဝတအမည်ဖြင့် မြင့်မြတ်တဲ့ ပဗ္ဗဇိတဒုလ္လဘ အခွင့်အရေးကြီးကို ရရှိသွားတယ်။ ဘုန်းကြီးကျေနပ်မှု ရှိရသလို သူ့မှာလဲ အတိုင်းမသိ ပီတိဖြစ်သွားရှာပါတယ်။

ကိုလှရွှေဟာ အလုပ်အကျွေးပြုတတ်သူ တပည့်ကောင်း တစ်ဦး ဖြစ်ပြီး အလိုက်သိတတ်တယ်။ အရိပ်အခြည်ကြည့်ပြီး အကင်းပါးစွာ နားလည်တယ်။ ဘုန်းကြီးဖျားနာလျှင် ဂရုတစိုက် စောင့်ရှောက်ပြုစုတယ်။ သူဖျားလျှင်လဲ ဘုန်းကြီးက ဂရုစိုက်ပြီး သင့်တော်ရာဆေးကို စားစေတယ်။ အတိတ်ဘဝတို့က ပါရမီ

ဖြည့်ဘက်ဟောင်းတဦး ဖြစ်ပါလိမ့်မယ်။ ဒါ့ကြောင့် ဘဝ တစ်ကွေ့ တွေ့ကြုံခိုက်မှာ အကျိုးရှိအောင် နည်းညွှန် လမ်းပြ ပေးရပါတယ်။

## ဘဝနေနည်းလဲ ပိုင်နိုင်ရမယ်

ဘုန်းကြီးထံမှာ အလုပ်အကျွေးပြုနေခိုက် မေတ္တာတရား ဖြန့်ပွား၍ စိတ်အာရုံပျော်မွေ့စွာ နေထိုင်နည်းကို အခိက သင်ပြ ပေးပါတယ်။ သည့်မှတစ်ပါး ဘဝသံသရာမှ အမြန်လွတ်ထွက် စေရန် အာနာပါနရှုပွားနည်း ဘဝသံသရာထဲမှာ ကျင်လည်ကြ ရာ၌ အဆင့်မြင့်မြင့် ကျင်လည်နိုင်ကြပါစေရန် ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းအားထုတ်နည်း၊ သတ္တဝါတွေ ကျင်လည်နေကြရပုံ သတ္တလောကကြီးကို ကြည့်ရှုနည်း၊ ဘဝနှင့် သံသရာ ကျင်လည် ကြရာ၌ အဆုံး အပိုင်းအခြားမရှိ၊ ငြိုးငွေ့စိတ် နိဗ္ဗိန္ဒာဉာဏ် ဝင်စား နည်း၊ သက္ကာယဒိဋ္ဌိ မကပ်ငြိရလေအောင် မိမိခန္ဓာကိုယ်ကို အသု ဘ ကမ္မဋ္ဌာန်းရှုနည်းများကို အခြေခံပိုင်အောင် သင်ပြပေး ထားလိုက်တယ်။

ကိုလှရွှေ ဤအခြေခံများကို ရရှိပြီးသကာလ ဘုန်းကြီးထံ တောကြီး တောင်ကြီးထဲ လာရောက်နေထိုင်ခြင်းဖြင့် လူ့ရပ်ရွာ၌ လူတို့ဝေလေ့ နေကြထိုင်ကြပုံနှင့် လုံးဝ မတူသော သူတော် ကောင်းတို့၏ စိတ်နှလုံးထားရည်မှန်းချက်၊ စိတ်အာရုံချမ်းမြေ့ စွာ နေကြပုံ လက်တွေ့သဘာဝကို တစ်ဘဝတာတွင် အနည်းဆုံး တစ်ခေတ်စောင်း ချောင်းကြည့်ရသလောက်တော့ သဘော ပေါက်သွားပေပြီလို့ ယူဆရပါတယ်။

## ကိုလှရွှေ၏ဇာတိနှင့် ပဝတ္တိ သံသရာ

ကိုလှရွှေ၏ ဇာတိမှာ ပခုက္ကူမြို့ ကပ်း နား တန်း သား လှေသူကြီးမျိုးရိုး။ သူ နို့စို့အရွယ် ဖခင်ဆုံးခဲ့ရှာတယ်။ ကျောင်း နေစဉ် ၁၈-နှစ်သားမှာ စစ်ထဲဝင်ခဲ့ပြီး ရှမ်း, ကရင်, မွန်ပြည်နယ်

များနှင့် ရောဝတီတိုင်း ဟင်္သာတ စသည့်မြို့များမှာ တာဝန်ကျ၍ အချိန်ကြာကြာနေခဲ့ရတယ်လို့ဆိုတယ်။ လုပ်သက် နှစ် ၂၀-အရတွင် ဟင်္သာတ မီးရထားပေါ်၌ နားတစ်ဖက် မိုင်းဗုံးထိခဲ့ဖူးတယ်။ အသက် ၄၀-မှာ တပ်ကထွက်ပြီး ပခုက္ကူမှာ ကျပန်း လုပ်ကိုင်စားသောက်၍ မိခင်ကြီးအား လုပ်ကျွေးရင်း မိခင်ကြီး ကွယ်လွန်သွားတယ်။ထို့နောက် ဂန့်ဂေါသို့ပြောင်းရွှေ့နေထိုင်တယ်။

သူရောက်လာပြီး တစ်နှစ်အကြာ ကိုချစ်ရွှေ ရွာပြန်သွားလို့ တောကျောင်းမှာ ကိုလှရွှေနှင့် ဦးချစ်ထွေး နှစ်ယောက်သာ အချိန်ကြာကြာရှိနေကြတယ်။ ရံခါ ဦးချစ်ထွေး ပြည်မဘက် ခရီးထွက်သောအခါ ကိုလှရွှေ တစ်ယောက်သာ ရှိနေတတ်တယ်။ "ဆရာတော်ကြီးက အသက်အရွယ်ကြီးလာပြီ။ အလုပ်အကျွေးပြုသူအမြဲရှိဖို့ လိုပါတယ်။ တပည့်တော်လဲ အမြဲနေနိုင်မှာမဟုတ်ဘူး"လို့ မကြာခဏ ပြောတတ်တယ်။ သူ့ပျိုရွယ်စဉ်က မှန်ပြည်နယ်နာ မွန်မတစ်ယောက်နှင့် အိမ်ထောင်ကျပြီး ကလေး တစ်ယောက်ရဖူးတယ်။ ရှေ့တန်းထွက်နေခိုက် တိုက်ပွဲဖြစ်ပွားလို့ သားအမိ သေသွားကြရှာသတဲ့။ သူလဲ နောက်ထပ်အိမ်ထောင်ပြုမယ်ကြံရွယ်ချက်နှင့် နေရာအရွှေ့အပြောင်းများခဲ့တယ်လို့ဆိုတယ်။

## ကလေးမြို့မှာ အခြေချဖို့ကြံရွယ်စဉ်

"ဆရာတော်ကြီးဘုရား တပည့်တော် အရွယ်ရှိတုန်း သူများနည်းတူ အသက်မွေးဝမ်းကျောင်း တစ်ခုခုလုပ်ပြီး ကလေးမြို့မှာ အခြေချဖို့ စိတ်ကူးပါတယ်ဘုရား" အိမ်ထောင်ပြုဦးမယ်ဘုရားလို့ ဘုန်းကြီးကိုပွင့်ပွင့်လင်းလင်း ခွင့်ပန်လျှောက်ထားတယ်။ သူ့အား ဘဝနေနည်း၊ သေနည်းများကို အခြေခံပိုင်ပိုင် ညွှန်ပြထားပြီးဖြစ်လို့ လွယ်ကူစွာပင် ဘုန်းကြီးက ခွင့်ပြုလိုက်တယ်။

ဒုလ္လဘရဟန်းပြုရတာလဲ သူ့စိတ်ထဲမှာ လူဖြစ်ကျိုးနပ်ပြီလို့ ကျေနပ်သွားပုံ တွေ့ရတယ်။ ဒုလ္လဘဝတ်ရာမှ လူဝတ်လဲပြီး သူ တတ်ကျွမ်းသော ဖိနပ်ချုပ်ပညာဖြင့် ကလေးမြို့ ဗိုလ်ချုပ်လမ်း ဘေးမှာ ဖိနပ်ချုပ်ဆိုင်ကလေး ဖွင့်ပြီး အလုပ်လုပ်တယ်။ အလုပ် တွင်ကျယ်ပါတယ်။ ပစ္စည်းလိုနေ၍ ဂန့်ဂေါမြို့သို့ ပင်ရှင်ထုတ် သွားရင်း မုံရွာမြို့က ဖိနပ်သဲကြိုး စသည် ဝယ်ယူပြီး ကလေးမြို့သို့ သင်္ဘောနှင့် ပြန်အလာ သင်္ဘောပေါ်မှာ အပြင်းဖျားလာခဲ့ရှာ တယ်။ ငှက်ဖျားအခံကလဲရှိနေတော့ ကလေးဝနှင့် ကလေးမြို့ ရောက်အောင် မနည်းလာခဲ့ရတယ်လို့ ဆိုတယ်။

## မမျှော်လင့်ဘဲ လမ်းခွဲရရှာပြီ

ကလေးမြို့ရောက်တော့ သူတည်းခိုနေတဲ့ တက်တိုးဆံသ ဆိုင်ပိုင်ရှင် ဦးသန်းထွန်းက အဖျားရောဂါက အလွန်ပြင်းထန် နေလို့ ဆေးရုံတင်မှဖြစ်မယ်ဆိုပြီး ကလေးမြို့ ဆေးရုံမှာ တင်ပို့ကြ တယ်။ ဆရာဝန် ဆရာမများက ကြိုးစားပြုစုကြသော်လဲပဲ ဆေး ရုံတက်ပြီး ၇-ရက်အရ၊ ၁၃၄၅-ခု၊ တော်သလင်းလပြည့်ကျော် ၃-ရက် စနေနေ့ညနေ ၃-နာရီအချိန်မှာ ကွယ်လွန်သွားရှာတယ်။ ဆေးရုံထုံးစံအတိုင်း ရုပ်အလောင်းကို ရေခဲတိုက်မှာ တစ်ညထား ပြီး နောက် တစ်ရက်မှာ (ဆွေမျိုးမရှိတဲ့ စစ်မှုထမ်းဟောင်း တစ်ဦးဖြစ်လို့) ကလေးမြို့ စစ်မှုထမ်းဟောင်းအဖွဲ့က ဦးစီးတာဝန် ယူပြီး သင်္ဂြိုဟ်တယ်။

သူ့အကျီအိတ်ထဲက ငွေတစ်ရာတွေ့ရလို့ သူ့ဈာပနမှာပဲ ထည့်သုံးလိုက်ကြတယ်။ အတော်အသင့် သင့်တင့် လျောက်ပတ် အောင်ဆောင်ရွက်ကြပြီး ဆေးရုံနှင့် နီးတဲ့ မြို့အရှေ့ဘက် သုသာန် မှာ သင်္ဂြိုဟ်လိုက်ကြတယ်။ မြို့ထဲက သူ့မိတ်ဆွေများတောင် မသိ လိုက်၊ မမြင်လိုက်ကြရဘူးလို့ ဆိုတယ်။

ပခုက္ကူသားဇာတိ ဘုန်းကြီးရဲ့ ၃-နှစ်ကျော် ပါရမီဖြည့်ဘက် တပ်ကြပ်ကြီး ကိုလှရွှေ အကြောင်း စပ်မိလို့ ပြောရဆိုရ၊ ရေးရတိုင်း ဘုန်းကြီးမှာ နှမြောစိတ်နှင့် သနားစိတ်တွေ ဝင်လာတတ်မြဲဖြစ်တယ်။ "အရှယ်ရှိတုန်း သူများနည်းတူ စီးပွားရှာပြီး ကလေးမြို့မှာ အခြေချမယ်၊ တပည့်တော်ပြန်လာခဲ့ပါဦးမယ်"လို့ လျှောက်ထားပြန်သွားရာက ရုတ်တရက်မမျှော်လင့်ဘဲ အရွယ်ကောင်းတုန်း ကွယ်လွန်သွားရရှာတဲ့အတွက် ဘုန်းကြီးမှာ နှမြောခြင်း သနားခြင်း ဖြစ်ရတယ်။

## ဝမ်းနည်းစရာနောက်မှ ဝမ်းမြောက်ဘွယ်

အမှန်ဆိုရသော် "ကိုလှရွှေ ကလေးမြို့ ဆေးရုံမှာ ကွယ်လွန်သွားတာ ကြာပြီ"....တဲ့လို့ ခရီးသည် တစ်ဦးရဲ့သတင်းစကားကြားရသောအခါ ဘုန်းကြီး စိတ်များစွာ ထိခိုက်ရတယ်။ စကားကိုပင် မပြောချင်လောက်အောင် ခံစားချက်တော့ ဖြစ်ရတယ်။ ဘုန်းကြီးရဲ့ တောကျောင်းကလေးမှာ သူလုပ်ကိုင်ထားခဲ့တဲ့ မြေနင်းခုံ စသော လက်ရာ လက်ကျန်ကလေးများကို မျှော်မြင်နေရတိုင်း တစ်ခါတလေ မျက်ရည်များတောင် စို့လာတယ်။

ထိုအခါ 'တရားမြင့် ပျော်မွေ့နေသော ပုဂ္ဂိုလ်ဖြစ်ပါလျက် ငါ လိုပါသေးကလား၊ ရင့်ကျက်အောင် ဖြည့်ရဦးမယ်' ဆိုတဲ့ သံဝေဂစိတ်မှ သတိ၊ ဝီရိယ၊ ပညာများ တွန်းအား ဖြစ်ပေါ်လာလို့ အမြတ်ထုတ်ပါသေးရဲ့လို့ ဖြေဆည် ကျေနပ်ရတော့တယ်။ ထို့ထက် ကိုလှရွှေအတွက် ကျေ ်စရာ အချက်တစ်ခု နောက်ဆက်တွဲ ဖြစ်ပေါ်ခဲ့တယ်။ ဘုန်းကြီးနှင့် ဘဝတစ်ကွေ့ တွေ့ကြုံရခိုက် ထိုက်တန်သောဘဝနေနည်း, သေနည်းကို ညွှန်ပြပေးလိုက်ရာ၊ ပေးသည့်အတိုင်းလည်း နာယူသူက ယုံယုံကြည်ကြည် လေးလေးစားစားနှင့် လိုက်နာ အောင်မြင်သွားတာ ကြားသိရတော့ တစ်ဖက်က ဝမ်းမြောက်ကြည်နူးရပြန်ပါတယ်။

## သေနည်းကယ်၍ နတ်သားဖြစ်ရပုံ

၁၃၄၅-ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁-ရက် စနေနေ့ ဘုန်းကြီးကလေးမြို့ကို ရောက်သွားတယ်။ ကလေးမြို့က ဦးသန်းထွန်းတို့ မိသားစုဟာ ဘုန်းကြီးတပည့် ကိုလှရွှေနှင့် မိတ်ကောင်း ဆွေကောင်းများသာဖွယ် ခင်မင်ရင်းနှီးကြတယ်။

"ကိုလှရွှေဟာ အလွန်စိတ်ကောင်းရှိတဲ့ ပုဂ္ဂိုလ်ပါဘုရား။ သူအဖျားပျောက်လျှင် ဂန္ဓဝေါမြို့ပြန်သွားပြီး ရဟန်းဝတ်တော့မယ်။ ငါ့ရဲ့ပစ္စည်းကိရိယာတွေအကုန်လုံးမင်းကို ပေးထားခဲ့မယ်လို့ မကြာခဏပြောပါတယ်။ တပည့်တော်တို့ ညီအစ်ကို တစ်တွေကိုလဲ ဆုံးမစကား ကောင်းကောင်း နားဝင်အောင် ပြောပြတတ်ပါတယ်။ ဒါကြောင့်လဲ တပည့်တော်တို့ ဆွေမျိုးရင်းပမာ ချစ်ခင် လေးစားကြပါတယ်။ အချစ်ခင်ဆုံး မိတ်ဆွေကောင်းကြီးပါဘုရား" လို့ ဦးသန်းထွန်းရဲ့ သားကြီးက ဘုန်းကြီးကို လျှောက်ထားပါတယ်။

နေထိုင်မကောင်းစဉ်က အစအဆုံးပြုစုရသူဖြစ်လို့ ကိုလှရွှေ ကွယ်လွန်ခါနီး အခြေအနေကိုလဲ ပြည့်ပြည့်စုံစုံ မှတ်သား လျှောက်ထားတတ်သူဖြစ်တယ်။

"တပည့်တော်ဟာ ဦးလှရွှေနေကောင်းတုန်းကလဲ အတူနေပြီး၊ ဆေးကုတက်ရတော့လဲ တပည့်တော်ပဲ အတူလိုက်အိပ်ပြီး ပြုစုပါတယ်ဘုရား၊ အဖျားက သိပ်ပြင်းထန်လို့ နေ့နေ့ညည မေးထူးခေါ်ပြောမရအောင် မေ့မျောနေတဲ့အချိန်ကများတယ်ဘုရား၊ မေ့မျောနေရာက သတိရလာပြန်လဲ သည့်ပြင် ဘာစကားမှ မပြောဘူး၊ မမေးဘူး။ တတွတ်တွတ် နှုတ်က အမြဲရွတ်နေတော့တာပဲ။ ဒါနဲ့ တပည့်တော်လဲ သူ ဘာတွေရွတ်နေပါလိမ့်မလဲလို့ သူ့အနားကပ်ပြီး နားထောင်ကြည့်ပါတယ်ဘုရား။

၁။ ဗုဒ္ဓေါ မယှံ့ သုခံ ဒေတု။
သံသာရ ဝဋ္ဋဒုက္ခတော မောစနတ္ထာယ
ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊

၂။ ဓမ္မော....သံသာရ....ဓမ္မံ သရဏံ ဂစ္ဆာမိ။

၃။ သံဃော....သံသာရ..သံဃံ သရဏံ ဂစ္ဆာမိ— လို့
ရွတ်ပါတယ်။

ရံခါ ရွတ်ရင်းနဲ့ မျက်ဖြူ လန်သွားတယ်။ သတိပြန်ရတာနဲ့ သူ့သရဏဂုံကိုပဲ ပြန်ရွတ်တာ တွေ့ရပါတယ်။ တစ်ခါတလေလဲ လေသံ သဲ့သဲ့ကလေးပဲ ရွတ်နိုင်ရှာပါတယ်။ ကပည့်တော်တို့ကိုလဲ သူက သင်ပြပေးဖူးလို့ တပည့်တော် ကောင်းကောင်း မှတ်မိတာပါ။ အဲဒီနေ့ ညနေပိုင်းကျတော့ တပည့်တော်လဲ ကိစ္စရှိလို့ အပြင်ခဏ ထွက်သွားတုန်း သူ ကွယ်လွန်သွားတာပါပဲ ဘုရား”

ဦးသန်းထွန်းသားကြီး လျှောက်ပုံမှာ အကွက်စေ့လှ၍ ကျေးဇူးတင်ရပါတယ်။ သေမင်းနဲ့ စစ်ခင်းနေရတဲ့ အချိန်မှာ အနိုင်မခံ အရှုံး မပေး၊ ရောဂါအပြင်းအထန် ဖိစီးနေတဲ့ကြားက သတိရှိရှိ၊ ဝီရိယပါပါ အလုပ်လုပ်သွားနိုင်တာကို ဘုန်းကြီးဂုဏ်ယူ ဝမ်းမြောက်နေရတယ်။

တောင်ပေါ်မှာ ဘုန်းကြီးနှင့်နေ့စဉ်က “လူ့ဘဝ နေရခိုက်မှာ သေနည်းလဲ တတ်ထားရတယ်”ဟု ပြောဆိုပြီး အကြိမ်ကြိမ်သင်ပြပေးခဲ့ဖူးတယ်။ “သေခါနီးမှာ ရောဂါ ဖိစီးလွန်းလို့ ကြံရာမရ၊ သတိမရတစ်ချက် ရ-တစ်ချက် ဖြစ်နေပစေ၊ သရဏဂုံကိုသာ ရွတ်။ အနည်းဆုံး စတုမဟာရာဇ် နတ်ပြည်ရောက်ဖို့တော့ ကျိန်းသေတယ်” ဒီလိုလဲ ဘုန်းကြီးက တဖွဖွ ပြောပြပေးလေ့ရှိတယ်။

တောင်ပုလုဆရာတော်ကြီးရဲ့ 'သရဏဂုံအကျိုး' စာအုပ်ကလေးကိုလဲ သူ့ကိုပေးထားပြီး စာဖတ်နည်းကိုပါ သင်ပြပေးထားတယ်။ မှော်ဘီဆရာတော်ကြီးရဲ့ 'ရတနာသုံးပါးကျေးဇူး' စာအုပ်ဆိုယင် သူပိုင်တစ်အုပ်ဝယ်ထားပြီး အမြဲတမ်းလိုလို ကြည့်ရှုလေ့လာနေတတ်တယ်။

ကိုလှမွေနှင့်စပ်ပြီး ဦးသန်းထွန်းရဲ့သားငယ် မောင်နေလင်းရဲ့ ပြောစကားအရ ဘုန်းကြီး ပို့ပြီး အားရ ကျေနပ်ရပြန်တယ်။ ဘဝတစ်သက်တာအတွင်း ကိုလှမွေ ဘုန်းကြီးဆီမှာလာနေတဲ့အချိန်ပိုင်းဟာ တမင်လာပြီး သေနည်းသင်တန်းတက်သလိုဖြစ်သွားတယ်။ လူဖြစ်ရကျိုး နပ်သွားပြီ။ မနုဿတ္တဒုလ္လဘာ ရခဲရခိုက်မှာ ထိုက်သည့်အားလျော်စွာ တရားပါရမီဖြည့်ခွင့် ရသွားပြီလို့ ဆိုရမယ်။ လူရယ်လို့ဖြစ်ကြခိုက် မနေ သေကြရသည်ရှိသော် အနည်းဆုံး သရဏဂုံနှင့် သေနိုင်ယင် လူဖြစ်ရကျိုးနပ်ပြီလို့ မှတ်ကြရမယ်။

ဘုန်းကြီးကို မောင်နေလင်း လျှောက်ထားတဲ့ စကားကတော့—

"ဦးလှမွေ သေပြီး မကြာခင် တပည့်တော်အိပ်မက် မက်ပါတယ်။ ဦးလှမွေကြီး နေကောင်းလာပြီး ကလေးငယ်တွေနှင့် ပျော်ပျော်ပါးပါး ကစားနေတာ မြင်ရတယ် ဘုရား။ တပည့်တော် သူ့ကို ကြည့်နေရင်းနဲ့ သူ့ခေါင်းမှာ အချွန်အတက်နဲ့ နတ်သားမကိုဋ်လို ဆောင်းထားတာ မြင်ရတယ်။ သူဟာ လှုပ်လှုပ်လှုပ်နေတာပဲဘုရား။ အရင်ကရုပ်မျိုးမဟုတ်ဘူး။ တပည့်တော် ကြည့်နေတုန်းပဲ ပျောက်ကွယ်သွားတယ်ဘုရား"—တဲ့။

မြတ်စွာဘုရားသာသနာတော်နှင့် ကြုံကြိုက်ရခြင်း သူတော်ကောင်းတို့နှင့် ပေါင်းသင်းရခြင်းကား အားရဘွယ် ကောင်းလိုက်လေခြင်း။

## သရဏဂုံနှင့် ရဟန္တာဖြစ်ကြသူများ

ဘုရားရှင် သက်တော်ထင်ရှားရှိစဉ်အခါတုန်းက သရဏဂုံ ရဲ့တန်ဖိုးကို သိကြတဲ့အတွက် တချို့ ကိုယ်ဝန်ဆောင် ဒကာမ များဆိုယင် မိမိအတွက် သရဏဂုံ ခံယူရုံမျှမကသေးဘူး။ မိမိ ဝမ်းထဲမှာရှိနေတဲ့ ကလေးအတွက်ပါ သရဏဂုံ ခံယူတဲ့ဒကာမ တွေတောင် ရှိခဲ့ဖူးတယ်။

ဘုရားရှင်လက်ထက်တော်က သရဏဂုံကို အကြောင်းခံပြီး ရဟန္တာဖြစ်သွားရတဲ့ ပုဂ္ဂိုလ်တွေလဲ ရှိခဲ့ဖူးတယ် '**သရဏဂုံမထေရ်**' လို့ပဲ အမည်တွင်ခဲ့ကြတယ်။ သရဏဂုံစွဲမြဲတဲ့အတွက် ပဒုမုတ္တရ ဘုရားရှင်လက်ထက်ကစပြီး ဘုရား ၁၆-ဆူတိုင်တိုင်၊ ဘဝပေါင်း ကိုထား၍ ကမ္ဘာပေါင်းပင် မရေမတွက်နိုင်အောင် အပါယ် လေးပါးဆိုတဲ့အသံကိုတောင် မကြားရဘူး၊ လူ့ပြည်နတ်ပြည် မှာချည်း အဆင့်အတန်းမြင့်မြင့် စည်းစိမ်ခံစားခဲ့ကြရတယ်။

## နောက်ကြောင်းကိုယ်စီ ပါကြသည်

မြတ်စွာဘုရားလက်ထက်တော်က သာဝတ္ထိပြည်မှာ ၇-နှစ် သားအရွယ် သူငယ်ကလေးတစ်ယောက် ရှိခဲ့ဖူးတယ်။ ကလေးတို့ ဘာဝ ကစားဖော်ကလေးများနှင့် ဘုန်းကြီး ကျောင်းတိုက် တစ်ခုထဲ ရောက်သွားကြတယ်။ ကျောင်းတိုက်ထဲမှာ သီတင်း သုံးတဲ့ ရဟန္တာ အရှင်မြတ်တစ်ပါးက ပျူပျူငှာငှာ ကလေးများ ကို နှုတ်ဆက်မေးစမ်းပြီး သရဏဂုံသုံးပါးကို ရွတ်ဆိုသင်ပြပေး လိုက်တယ်။ ကလေးနားနဲ့တန်တဲ့ ဆုံးမစကားလဲ ပြောဟောပေး သတဲ့။

သူကြွယ်သားကလေးဟာ 'ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ'လို့ ဆိုလိုက် တာနဲ့ ချက်ချင်း ရိုးတွင်းချဉ်ဆီစိုက်အောင် ပီတိတွေဖြစ်သွား တယ်။ အိပ်ပျော်နေရာက ပြုန်းခနဲ နိုးလာပြီး တစ်စုံတစ်ခု သတိရလိုက်သလို မီးခဲပြာဖုံးဖြစ်နေတဲ့ အသိတွေ ဘွားခနဲ ပွင့်

သွားတယ်။ သရဏဂုံကို အကြောင်းပြုပြီး ဝိပဿနာဉာဏ်ဝင်စား လိုက်တာ ဲဒီနေ့ရာမှာပဲ ခုနစ်နှစ်သားကလေး ရဟန္တာဖြစ်တော် မူသွားသတဲ့။

> သတ္တဝါတို့မည်သည် နောက်ကြောင်းကိုယ်စီ ရှိကြ သည်။ ဘဝနောက်ခံ ကိုယ်စီပါကြသည်လို့ မှတ်ရမယ်။ အသိဉာဏ်ရှိတဲ့ ဘဝတစ်ခုခုက ထိထိခိုက်ခိုက် နှလုံးသွင်း လေ့ကျင့်ထားတဲ့ အလုပ်တစ်ခုဟာ တစ်သံသရာလုံး အကျိုးဖြစ်စေတယ်။ နှယ်နှယ်ရရ မမှတ်ကြနှင့်။

## မျက်မမြင်မိဘ လုပ်ကျွေးသူ

ဒီ ၇-နှစ်သား သူကြွယ်သားကလေးဟာ ဟို–လွန်ခဲ့တဲ့ ၇-ဆူမြောက် ဝိပဿီ မြတ်စွာဘုရားရှင် လက်ထက်တော်အခါ တုန်းက ဗန္ဓုမတီပြည်က မျက်မမြင် ဒုက္ခိတ မိဘနှစ်ပါးကို ပြုစု လုပ်ကျွေးခဲ့တဲ့သူဖြစ်တယ်။ ရဟန်းတော်တွေရဲ့ဘဝကိုဖူးမြင်ရတိုင်း သူ့မှာအားကျတဲ့စိတ်ဖြစ်ရှာတယ်။ သို့ပါသော်လည်း- 'ငြော်ငါ့မှာ မျက်မမြင် မိဘနှစ်ပါးကို လုပ်ကျွေးပြုစုရမယ့် တာဝန်ရှိနေတယ်။ သူများလို လွတ်လွတ် လပ်လပ်သာ ဆိုယင် ရဟန်း ပြုရသော် ကောင်းလေစွ' လို့ မကြာခဏစိတ်ကူးမိတယ်။ နောက်ဆုံးတော့ 'မရနိုင်တာ တောင့်တနေလို့ အကျိုးမရှိဘူး။ သရဏဂုံ သုံးပါးနှင့် နေပြီး သရဏဂုံသုံးပါးနှင့် သေရယင်လဲ ဒီဘဝဒုက္ခတွေက လွတ် မြောက်မှာပါပဲ' ဆိုပြီး နိသဘခေါ်တဲ့ အဂ္ဂသာဝက မထေရ် တစ် ပါးထံမှာ သရဏဂုံဆောက်တည်ပြီး စွဲမြဲစွာ နေသွားတယ် အဲ.... ဒီဘဝက သေတဲ့နောက် တာဝတိံသာမှာ ဖြစ်တယ်။

## နတ်ပြည်ကို အသာကလေးရနိုင်တယ်

သရဏဂုံ စွဲမြဲထုံသောကြောင့် အပါယ် လေးဘုံဆိုတာ ကြားပင် မကြားရဘဲ ဝိပဿီ၊ သိခီ၊ ဝေဿဘူ၊ ကကုသန်၊ ကောဏာဂုံ၊ ကဿပ၊ ဂေါတမ ...ဘုရား ၇-ဆူကာလ တစ်

လျှောက်လိုး ကမ္ဘာပေါင်းများစွာ လူ့ပြည်၊ နတ်ပြည်မှာပဲ လည့်လည်ပြီး အဆင့်အတန်းမြင့်မြင့်ချည်း ကျင်လည်ခဲ့ရတယ်။ ငါတို့ ဂေါတမဘုရားရှင်လက်ထက်မှာ ခုနကပြောခဲ့တဲ့အတိုင်း ဒီခေတ်မှာ ပြောနေကြတဲ့ မိလျံနာ-ဘီလျံနာလောက်မက ချမ်းသာကြွယ်ဝတဲ့ မဟာသာလ သူဌေးမျိုးမှာဖြစ်လာတယ်။ ဘဝနောက်ခံပါခဲ့သည့် အားလျော်စွာ 'ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ' လို့ နှုတ်က ရွတ်ဆိုလိုက်တာနဲ့ ဇာတိဿရဉာဏ်တွေရ၊ ဘွားခနဲ အတိတ်ဘဝက အလုပ်တွေပေါ်လာပြီး ဝိပဿနာဉာဏ် ဝင်စားလိုက်တာ ချက်ချင်း ရဟန္တာဖြစ်တော်မူသွားတယ်။ အားကျဘွယ်ကောင်းလိုက်လေ။

ဒါ့ကြောင့် အနည်းဆုံး သရဏဂုံနှင့် နေ၊ သရဏဂုံနှင့် သေကြယင် အရိယာဘဝသို့ မရ-မရောက်ကြရသေးစေကာမူ အပါယ် ဘေးကြီးက စိတ်ချရပြီ။ နတ်ပြည် ၆-ထပ် မြင့်မြတ်တဲ့ ဘဝတွေကို အသာကလေးရနိုင်တယ်လို့ မမှိတ်မသုန်ယုံကြည်ကြရမယ်။

သည့်ထက် ကောင်းတဲ့ ဂါထာ မရှိဘူးဟူ၍ မှတ်။ ဘယ်လို အန္တရာယ်ကင်းတယ်၊ စီးပွားတက်မယ် ဆိုပြီး ပြောသုံ့ပြော ဘုရားဟော မဟုတ်တဲ့ ဂါထာ အသစ်အဆန်းတွေ မလိုက်ကြနဲ့။ 'ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ' ဆိုတဲ့ သဗ္ဗမင်္ဂလာ ဂါထာတော်ကြီးနှင့် အရဟံ စသော ဂုဏ်တော်မူရင်းတွေထက်ကောင်းတဲ့အဆောင်ကောင်း ဂါထာ ဘယ်မှာရှိလိမ့်မတုန်း။

## ဥပစ္ဆေဒက ရန်လုံ သရဏဂုံ

အင်း....သရဏဂုံနှင့် စပ်လာပြန်တော့လဲ ပြောစရာတွေက ပေါ်လာပြန်တယ်။ ဒီနေ့ညတရားပွဲ မိုးသာလင်းသွားမယ်၊ သရဏဂုံ တရားက ဆုံးဦးမှာ မဟုတ်သေးဘူး။

သရဏဂုံနှင့်သေယင် နတ်ပြည်ရောက်ဖို့ ကိန်းသေသလို သရဏဂုံကိုသာရွတ်နေ၊ ဘယ်ဥပဓေ္ဓဒကာ၊ ဘယ်သေခြင်းဆိုးနှင့်မှ မသေစေရဘူး။ သေချာတယ်။ လက်တွေ့တစ်ခုပြောမယ်။ ကြားချင်ကြသလား....အေး....ကြားချင်တယ်ဆို ပြောရသေးတာပ။

## ကျွန်းရင်းရွာကျောင်း ဘုန်းကြီးဦးဝါယမ

ဟို....ဂျပန်ခေတ် ဒုတိယ ကမ္ဘာစစ်ကြီးအတွင်းက ဘုန်းကြီးတို့ ရွှေဘို၊ ဒီပဲယင်းမြို့နယ်မှာ ကျွန်းရင်းရွာဆိုတာ ရှိတယ်။ အဲဒီရွာမှာ ကျောင်းထိုင်တဲ့ ဘုန်းတော်ကြီးက ဦးဝါယမ...တဲ့။ ဘုန်းကြီးလုပ်ရတာ မလွယ်ဘူး 'အစရှိးစေ၊ တစ်ဝတ်စ ကိုးစေ' ဆိုတဲ့အတိုင်း ဘုန်းတော်ကြီး ဦးဝါယမဟာ ရိုးလဲ ရိုးသားတယ် ရပ်ရွာနယ်ပယ် ဒကာဒကာမတွေကိုပြောဆိုဆုံးမလို့ကျောင်းကာန်လဲ တစ်စတစ်စ တိုးတက်တယ်လို့ ဆိုတယ်။

အချိန်အခါက တရားမရှိ ခေးမရှိ ခေတ်ပျက် ခေတ်ဆိုးကြီးဆိုတော့ ဟိုနယ်ဒီနယ်မှာ ခိုးဆိုးလုယက် တိုက်ခိုက်မှုတွေလဲ များတယ်။ ဘုန်းကြီးသော ဘာသော မရှောင်ကြတော့ဘူး။ အဲ....တစ်ညသ၌ လ,ကလဲသာသာ၊ လူဆိုးတစ်စုဟာ လက်နက်ကိုယ်စီ ကိုင်ဆောင်ပြီး ကျွန်းရင်းရွာ ဘုန်းကြီး ဦးဝါယမ ကျောင်းထဲ ဝင်လာကြတယ်။ ကျောင်းထဲရောက်တယ် ဆိုယင်ပဲ အေးချမ်းစွာ နေလေ့ရှိတဲ့ ဘုန်းကြီး ဦးဝါယမကို ကြိုးတွေနှင့် တင်းကျပ်စွာ တုပ်နှောင်ပြီး တောကြီး တစ်ခုထဲဆွဲခေါ်သွားကြတယ်။

## တွင်းနှုတ်ခမ်းမှာ သရဏဂုံတင်

တောကြီးတစ်နေ့ရာရောက်တော့ အချပ်ခိုင်းလို့ရပ်ပြီး ကြည့်လိုက်တဲ့အခါ အဆင်သင့် ကြိုတင်ပြီး ကျင်းအနက်ကြီးတူးထားတာကို တွေ့ရတော့တာပဲ။ ဘုန်းကြီးက....

"မင်းတို့ ငါ့ကို ဘာလုပ်ကြမလို့လဲ" လို့ မေးတော့....

"ကိုယ်တော့်ကို သတ်ပြီး ဒီကျင်းထဲမြှုပ်ဖို့ပဲ"လို့ လူဆိုးများက မဆုတ်မဆိုင်း ဟုတ်တိုင်းမှန်ရာ ပြောကြတယ်။

"အေး....မင်းတို့ ငါ့ကို သတ်ချင်လဲ သတ်ကြပါ၊ ငါ့ဝဋ်က ရှိနေမှတော့ ခံရမှာပေါ့။ ဒါပေမယ့်....ခဏလောက် ဆိုင်းငံ့ကြပါဦး။ ငါ ဘုရားဝတ်တက်ပရစေဦး"လို့ ပြတ်ပြတ် ရှင်းရှင်း၊ ရဲရဲတင်းတင်းပဲ ပြောဆိုခွင့်တောင်းလိုက်တယ်။

ဘုန်းကြီး ဦးဝါယမကလဲ သရဏဂုံစွဲထုံလာတဲ့ဘုန်းတော်ကြီး တစ်ပါးဆိုတော့ ခုလဲ သေရမယ့်အရေးကို တွေးပြီး ကြောက်မနေအားတော့ဘူး။ ကြောက်လို့လဲရမှာမဟုတ်အတူတူ၊ သရဏဂုံနှင့်ပဲ ငါ့ဘဝကို နိဂုံးချုပ်စေရမယ်လို့ ကြိုတင် ပိုင်းချထားခဲ့သလိုပဲ လူဆိုးများက ခွင့်ပေးတာနဲ့ ချက်ချင်း အဲဒီတွင်းနှုတ်ခမ်းမှာပဲ ဆောင့်ကြောင့်ထိုင်၊ ဘုရားကို ရည်မှတ်ပြီး လက်အုပ်ချီကန်တော့လိုက်တယ်။ မျက်စိမှိတ်ပြီး ပါးစပ်က သူ လေ့လာရွတ်ဆိုနေကျအတိုင်း ဖြစ်ပါလိမ့်မယ်။

"အရဟံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။

အရဟံ ဓမ္မံ သရဏံ ဂစ္ဆာမိ။

အရဟံ သံဃံ သရဏံ ဂစ္ဆာမိ"လို့ စိတ်ထဲက လှိုက်လှိုက်လှဲ့စွာ ရွတ်ဆိုရှိခိုးလိုက်သတဲ့။ တစ်နည်းအားဖြင့်ပြောရရင် သူ့ကိုယ်သူ သရဏဂုံတင်လိုက်တာပေါ့လေ။

### ထပ်ဆင့်အံ့ဘွယ်ကြုံရတယ်

လူဆိုးများကလဲ လသာသာ မျက်စိအောက်မှာ ရှိခိုးနေတဲ့ ဘုန်းတော်ကြီး ဦးဝါယမကို စောင့်ဆိုင်းကြည့်နေကြတယ်။ အဲသလို ဝိုင်းပြီးကြည့်နေကြတုန်း ဖြုန်းဆို မမျှော်လင့်ဘဲနဲ့ မိုးမှောင်ကြီးကျလာလိုက်တာ ဘယ်သူ့ဘယ်သူမှ မမြင်ကြရတော့ဘူးတဲ့။ လူဆိုးများလဲ ကြောက်ရွံ့ထိတ်လန့်ပြီး ခြေဦးတည့်ရာ ထွက်ပြေးသွားကြတယ်။ ထပ်ဆင့် အံ့ဩစရာ ကောင်းတာက ဘုန်းတော်ကြီး ဦးဝါယမလဲ မကြုံစဖူးအံ့ဩကာ သရဏဂုံတန်ခိုး

ကို စဉ်းစားရင်း သူ့တစ်ကိုယ်လုံး တင်းကျပ်စွာတုပ်နှောင်ထား တဲ့ ကြိုးတွေအားလုံး အလိုလိုပြေသွားတာကိုတွေ့လိုက်ရတယ်။ ဒါနဲ့ ဘေးကင်းချမ်းသာစွာ မိမိကျောင်း ပြန်လာခဲ့သတဲ့။

တကယ်လို့ ဘုန်းကြီးဦးဝါယမဟာ အဲဒီအချိန်က ပျံလွန် တော်မူသွားလျှင်လဲ နတ်ပြည်ရောက်မှာသေချာပါတယ်။

## အကြောင်းရှာတော့ ရန်သူဟာ ပစ္စည်း

ဘုန်းကြီး ဦးဝါယမလဲ ကျောင်းပြန်ရောက်တာနဲ့ ဖြစ် ကြောင်းစုံ ပြန်လည်စဉ်းစားကြည့်တယ်။ သူ့ကို ရန်ငြိုးထားသူ ရယ်လို့လဲ မရှိ၊ မည်သူနှင့်မျှ မသင့်မမြတ်ဖြစ်အောင်လဲ မနေခဲ့ ဖူးဘူး။ ဒီလူဆိုးတွေ ဒီလောက်ထိအောင် ငါ့ကို ဘာလို့ကြံကြ ပါလိမ့်လို့ အပြန်ပြန် အလှန်လှန် စဉ်းစားတော့ ပေါ်လာတယ်။ သူ့ကျောင်းမှာ ပစ္စည်းပစ္စယ အသုံးအဆောင်တွေ ပြည့်စုံပေါများ တယ်။ ဒီလိုပစ္စည်းရှားတဲ့ ခေတ်ပျက်ကြီးထဲမှာ 'ဒီ ပစ္စည်းတွေ အတွက် ငါ့အသက် ရန်ရှာကြတာကိုး'လို့ အတိအကျ တွက်ဆလို့ ရပါတယ်။ 'ငါ့ရန်သူဟာ လူဆိုးတွေမဟုတ်ဘူး။ ဒီပစ္စည်းတွေပဲ' လို့ သဲသဲကွဲကွဲ တရားခံမြင်လာတယ်။

ဒါနဲ့ ဘုန်းကြီးဦးဝါယမလဲ မိမိပရိက္ခရာမှတစ်ပါး ဘာ ပစ္စည်းမှ အပိုမယူဘဲ ရွှေဘို၊ ရေဦးမြို့က ဝါဆိုကျောင်းတိုက်သို့ ပြောင်းရွှေ့သွားခဲ့တယ်။ အဲဒီမှာ ၂-ဝါဆိုပြီး သရက်ပင်စုရွာ ဒကာ ဒကာမများက ပင့်လျှောက်တဲ့အတွက် သရက်ပင်ကျောင်း မှာ တစ်ဖန် ရွှေ့ပြောင်းသီတင်းသုံးတော်မူခဲ့တယ်။ သရက်ပင်စု ကျောင်းမှာပဲ ပျံလွန်တော်မူသွားတာ မကြာလှသေးပါဘူး။ ပြောလိုရင်းက သရဏဂုံကို အထင်မသေးကြနဲ့။ ဘုန်းတော်ကြီး များဘော်မှ အဲသလို သရဏဂုံကို အားကိုးအားထား ပြုကြတယ် ဟူ၍ မှတ်။ နိုင်ငံကျော် ကမ္ဘာကျော် ပုဂ္ဂိုလ်ကျော် တောင်ပုလု ဆရာတော်ကြီး တစ်သက်လုံး ဒီသရဏဂုံကိုပဲ ဦးစားပေး ဟော သွားတာကိုလဲ သတိပြုကြရမယ်။

ကဲ…သရဏဂုံအကြောင်း ဒီလောက်ဆို တော်ကြဦးစို့။ ဘာဝနာနှင့် ဘဝကို နိဂုံးချုပ်ပုံအကြောင်း ပြောဖို့ ကျန်ရှိနေသေးတယ်။

## ဘာဝနာနှင့် ဘဝကူးပြောင်းကြပုံ

ဘာဝနာနှင့် ဘဝကို နိဂုံးချုပ်ပြီး မြင့်မြတ်ရာ ဘဝသို့ ကူးပြောင်းကြသည်ဆိုရာမှာ လူများစုအဖို့ အလှမ်းမမှီနိုင်ဘူးလို့ ထင်စရာရှိတယ်။ ဘာဝနာကမ္မဋ္ဌာန်းတရားကို အသက်ကြီးမှ လုပ်ကြရသလို ထင်တတ်ကြတယ်။ မဟုတ်ပါဘူး။ ခက်ခဲတဲ့အလုပ်လို့ ထင်နေတတ်ကြလို့လဲဖြစ်တယ်။ မခက်ပါဘူး။ လွယ်လိုက်သမှ ငှက်ပျောသီး အခွံနွှာစားနေရတာကမှ ခက်သေး ကြာသေးတယ်။

အာသန္နကံ စိတ်ချရအောင် မိမိစိတ်ကြိုက် ကမ္မဋ္ဌာန်းတစ်မျိုးမျိုးကို အာရုံပိုင်နေအောင် ကြိုတင်၍ အာစိဏ္ဏက လေ့ကျင့်ထားပြီးရှိဖို့လိုတယ်။ ဥပမာ-အာနာပါန ဖြစ်စေ၊ ဗုဒ္ဓါနုဿတိဖြစ်စေ၊ မေတ္တာကမ္မဋ္ဌာန်း ဖြစ်စေ၊ အခြား ဘယ် ကမ္မဋ္ဌာန်းပဲဖြစ်ဖြစ်၊ မိမိနှစ်ခြိုက်ရာ ကမ္မဋ္ဌာန်းတစ်ခုခုကို သေခါနီးမှာ ဖိဖိစီးစီး နှလုံးသွင်းနေရမယ်လို့ ဆိုလိုတယ်။ ငါ ဘယ်ပုံစံနှင့် ဝိညာဉ်ချုပ်စေရမယ်လို့ ခိုင်ခိုင်မာမာ စိတ်ကို အမြဲနှိုးဆွ လေ့ကျင့်ပေးထားရတယ်။

ကမ္မဋ္ဌာန်းဆိုတာ အကြောင်းညီညွတ်တဲ့ တစ်ချိန်ချိန်က ထိထိခိုက်ခိုက် လုပ်ဖူးထားလျှင် အကြောင်းမညီညွတ်လို့ ရပ်တံ့ထားရစေဦးတော့၊ အလိုရှိတဲ့အခါ လွယ်ကူစွာရလာတတ်တယ်။ နေ့စဉ် ဝတ်မပျက် ရှုပွားနေနိုင်လျှင်တော့ အကောင်းဆုံးပဲ။

## ဝေဒနာကျော်လွန်အောင် အားထုတ်ထား

အဲ…တစ်ခု သတိထားရမှာက အို့နာ့သေဆိုတဲ့အတိုင်း အိုလွန်းတော့ နာလာတယ်၊ နာလွန်းတော့ သေရော။ 'သေဘယ်'

ဆိုသည်မှာ သေလောက်အောင် ရောဂါဝေဒနာ တစ်စုံ တစ်ခု ဖြစ်လို့။ နာလွန်းမက နာလွန်းလို့ သေကြရတာကများတယ်။ 'ငါသည် မုချမသွေ သေလောက်အောင် သေရတဲ့အထိ နာတဲ့ ဗျာဓိဘေးကြီးနှင့် တွေ့ရလိမ့်မယ်'လို့ ကျိန်းသေ တွက်ဆထားရမယ်။ အဲဒီလိုအခါမျိုးမှာ ကိုယ်ရှုမှတ်ထားတဲ့ တရားက အနိုင် ရအောင်ဟာ ကြိုတင်လုပ်မထားလို့မရဘူး။

နေကောင်းနေတယ်၊ ကျန်းမာနေတယ် ဆိုရတဲ့ အချိန်ပိုင်း သီကလဲ သေလောက်အောင်မဟုတ်စေကာမူ သေဝပါးနီး ရောဂါ ဝေဒနာမျိုး ဖြစ်ဖူးတတ်ကြပါတယ်။ ဘာရောဂါ ဘာဝေဒနာ ဖြစ်ဖြစ်၊ ဖြစ်ပေါ်ခံစားနေကြရတဲ့ ဝေဒနာအပေါ်မှာ ရှုမှတ်မှု ဘာဝနာက အောင်နိုင်ဖို့လိုအပ်တယ်။ 'ပွဲမဝင်ခင် အပြင်ကလေ့ ကျင့်ရတယ်'ဆိုသလိုပေါ့။ ခုခေတ်မှာ ကမ္မဋ္ဌာန်း ဆရာများက 'ဝေဒနာကျော်လွန်အောင် မှတ်ထားရမယ်'လို့ ပြောလေ့ပြောထ ရှိကြတယ်။

'ဝေဒနာကျော်လွန်အောင်'ဆိုသည်ကား တရား 'ရှုမှတ်မှု မရှိတဲ့အခါ မရှိသေးတဲ့လူများ ရောဂါဝေဒနာ တစ်စုံတစ်ခု ခံစားကြရတဲ့အခါ ဖြစ်တတ်တဲ့စိတ်မျိုး မပြတ်ပေါ်စေအောင် မိမိရှုမှတ်တဲ့ အာရုံမှာပဲ စွဲမြဲတည်နေစေရမယ်လို့ ဆိုလိုတယ်။ ဥပမာ အာနာပါန ရှုမှတ်နေသူဖြစ်လျှင် ဝေဒနာအပေါ် စိတ် ရောက်မသွားစေနှင့်၊ မိမိမှတ်နေတဲ့ ထွက်လေ ဝင်လေ စသည် အပေါ်မှာပဲ စူးစိုက်နေရမယ်လို့မှတ်ရမယ်။ ဒါ ဝေဒနာကိုရှောင်ပြီး ရှောင်ကွင်းပြီးသွားတဲ့ နည်း၊ ဒီနည်းနှင့်လဲကျော်လွန်နိုင်တယ်မှတ်။

## ဝေဒနာရှုရာ၌ စိတ်ထား နည်းလို

ဒါမှ မဟုတ်၊ ဝေဒနာ နုပဿနာနည်းအရ ၎င်းဝေဒနာ ကိုပင်လျှင် ရှုမှတ်နေသူဖြစ်ပါက စိတ်ထားနည်း အင်မတန်မှလို တယ်။ သေသေချာချာမှတ်ကြ။ ဝေဒနာကို ရှုမှတ်တဲ့သူဟာ ဝေဒနာက ကျော်လွန်သွားအောင် မှတ်မယ်ဆိုတဲ့ ရည်ရွယ်ချက်

ထက် ဝေဒနာကို အစအဆုံး ထိထိမိမိ အသိဉာဏ်ငုံမိဖို့က ပဓာန ဖြစ်တယ်။ ကျော်လွန်တာ, မကျော်လွန်တာက လိုရင်း မဟုတ်ဘူး။ဒါ ကွဲအောင်မှတ်ကြ။

ဘာကြောင့်လဲ၊

ဝေဒနာကို ကျော်လွန်ချင်တဲ့ မိမိစိတ်ဟာ မခံချင်စိတ် ဒေါသ ဖြစ်ချင်လဲဖြစ်နေမယ်။ ကျော်လွန်ချင်တဲ့ လောဘဖြစ်ချင်လဲ ဖြစ်နေတတ်တယ်။ 'ငါ မှတ်ချလိုက်ယင် ခံနိုင်ရိုးလား' မာနဖြစ်ချင်လဲ ဖြစ်နေမယ်။ ဒါကြောင့် ကျော်လွန်တာ မကျော်လွန်တာထက်ဝေဒနာဖြစ်ပေါ်နေပုံကိုသဲသဲကွဲကွဲ ဉာဏ်ယဲမှာ ရှင်းသွားဖို့သာ လိုရင်းလို့မှတ်။ဒါ—စပ်မိလို့ ပြောခြင်း ဖြစ်တယ်။

## တရားအားမထုတ်သူ လူဖြစ်ကျိုးမနပ်

ဘုန်းကြီး ဒီမှာ ပြောလိုရင်းက— မိမိတို့ရဲ့ တရားရှုကွက်အပေါ်မှာ အာစိဏ္ဏကံမြောက်အောင် ပိုင်နိုင်ထားကြပါ...လို့ ပြောလိုရင်းဖြစ်တယ်။ ဤခေတ်။ ဤမြန်မာနိုင်ငံ၌ ကမ္မဋ္ဌာန်းနည်းပြနိုင်သော ပုဂ္ဂိုလ်တွေ များလာသလောက် ယင်နည်းမဟုတ်တစ်နည်းအားဘုတ်ဖူးသူတွေ များနေပြီ။ အားရစရာပဲ။ ဒါ မြန်မာ့ သာသနာ တိုးတက်မှုကြီးပဲ။ ဒီလို ကမ္မဋ္ဌာန်းတရားတွေ နေလို လလို ထွန်းကားနေတဲ့အချိန်မှာ အားမထုတ်ရသေးတဲ့သူများ အားထုတ်ကြပါ...လို့ ဘုန်းကြီး တိုက်တွန်းလိုတယ်။ တရားအားမထုတ်ရသေးပါဘူးဆိုယင် ဒီ သာသနာနှင့်ကြုံရကျိုး မနပ်သေးဘူးလို့ ဒီလိုပဲ ပြောဖို့ရှိတော့တယ်။ လူဖြစ်ကျိုးရှုံးနေတယ်။

အမှန်အတိုင်းပြောရယင် သေမင်းနှင့် ရင်ဆိုင်ကြရသောအခါ မိမိတို့ အားသန်ရာ 'ဒါနကိုဆင်ခြင်ပါ၊ သီလကို ဆင်ခြင်ပါ၊ ဘုရားဂုဏ်ရွတ်ဆိုပါ'လို့ ပြောရတာဟာ တိတိကျကျ ကမ္မဋ္ဌာန်းအလုပ်မလုပ်ကြဖူးသေးတဲ့ လူအများစုအတွက် ပြောဆိုနည်းပေး

ရခြင်း ဖြစ်တယ်။ တကယ်တော့ ဒါန စသည် ဆင်ခြင်တာလဲ ဘာဝနာပဲ။ သို့သော်လဲ ဘာဝနာဆိုက်အောင် မဆင်ခြင်နိုင်ယင် တိတိကျကျ ပိုင်ပိုင်နိုင်နိုင် ကမ္မဋ္ဌာန်း တစ်ခုခု လုပ်ထားဖူးသူ လောက် ခိုင်မာဖို့ မလွယ်လှပေဘူး။ ခိုင်မာစူးစိုက်မှုနည်းနေယင် အင်အားသတ္တိ တန်ခိုးရှိန်စော်လဲ နည်းသွားမှာပဲ။

ဒါ့ကြောင့် အချိန်ဖင့်နွှဲမနေကြဘဲ ကမ္မဋ္ဌာန်း ဘာဝနာ တစ်ခုခုကို စနစ်တကျနည်းခံပြီး လူတိုင်းလူတိုင်း လုပ်ထားကြရ မယ်။ လုပ်ထားကြပါ။

## မြန်မာပြည်က နတ်သားများ

ဒီခေတ် မြန်မာပြည်မှာ၊ ဟိုနယ် သည်နယ်မှာ၊ မြို့ရော တောပါမကျန် ကမ္မဋ္ဌာန်းဘာဝနာ လက်ကိုင်ရှိသူတွေ များလာ တဲ့အတွက် "ဘယ်သူဟာဖြင့် မသေခင်ကတည်းက သေမယ့်ရက် သိနေတယ်။ နတ်ရထားတွေကိုတောင် မြင်ရသတဲ့" စသည်ဖြင့် နတ်ပြည် နတ်ရွာကို ဥဒဟိုသွားလာနေကြတဲ့ သဘောလက္ခဏာ တွေ၊ ပြောဆိုနေကြတာတွေ အခိုင်အမာ မကြာခဏ ကြားသိ နေရတယ်၊ နတ်ပြည်မှာ မြန်မာပြည်က နတ်သားတွေ မနည်း တော့ဘူး။

## သမာဓိ နှစ်မျိုးရှိလျှင် မလိုချင်ပေမယ့်ရ

မြန်မာပြည်မှာ ကမ္မဋ္ဌာန်းတရားတွေ ထွန်းကားနေတာ အလွန်ဝမ်းမြောက်စရာကောင်းတယ်။ ကမ္မဋ္ဌာန်းတရားလက်ကိုင် ရှိနေတဲ့သူဟာ နတ်ရွာသုဂတိ 'တန်း'နေတာပဲ။ ဘုန်းကြီးတို့က အဘိဓမ္မာသဘောအရလဲ ရှင်းရှင်းကြီး သိထားတယ်။ ဥပမာ သမာဓိလောက် ရထားယင် နတ်ပြည်မလွဲဘူး။ သည်ထက် သမာဓိအားကောင်းလို့ 'အပ္ပနာစျာန် သမာဓိ' ဆိုက်သွားယင် အဲဒီလူ သေတဲ့အခါ ဗြဟ္မာ့ပြည်ကိုသွားမှာ သေချာတယ်။ မလွဲ ဘူး။ အပ္ပနာစျာန် သမာဓိဆိုကာ လူပြိန်းနားလည်အောင် ပြော

ရမယ်။ ကျောက်တိုင်ကျောက်တုံးလိုဖြစ်သွားတဲ့ သမာဓိပဲ။ ဥပစာရ သမာဓိဆိုတာကတော့ ကမ္မဋ္ဌာန်းလုပ်ဖူးသူမှန်သမျှ မရဘူးဆိုတာ မရှိသလောက် ရှားပါးလိမ့်မယ်။

ဒါကြောင့် ကမ္မဋ္ဌာန်းသမားတွေ ကမ္မဋ္ဌာန်းအာရုံ လက်ရှိနှင့် သေယင် အထူး စိတ်ညွတ်ဆုတောင်းဖို့မလိုဘူး။နတ်ပြည်ဟာ မလွဲတော့ဘူး။ အဲ....ဒီမှာ 'ကမ္မဋ္ဌာန်းလက်ရှိနှင့်သေယင်' ဆိုတာကိုတော့ မမေ့ကြနှင့်။ ဒီခေတ်မှာ – ကမ္မဋ္ဌာန်းတရားတွေ အထူးထွန်းကားလာလို့ နတ်ပြည်ရောက်သွားကြတဲ့ ကိုယ်တွေ့ ဖြစ်ရပ်တွေ ပြောမကုန်အောင်များတယ်။ ပြောလို့မကုန်ဘူး။

အေး....တကယ်တော့ ကမ္မဋ္ဌာန်းတရားကို ထိထိခိုက်ခိုက် ပိုင်ပိုင်နိုင်နိုင်လုပ်နေတဲ့ ပုဂ္ဂိုလ်တွေဟာ သူတို့မှာ ဘဝအမြင်ရှင်းနေကြတယ်။ နတ်ပြည်ကို မလိုချင်ပါဘူး။ နတ်ပြည်သာလား၊ ဗြဟ္မာ့ပြည်လဲ မရောက်ချင်ကြပါဘူး။ ဒါ အပြောကြီးပြီးမရောက်ချင်တာမဟုတ်ဘူး။ တကယ့်ကို မရောက်လိုကြပါဘူး။ ၃၁-ဘုံဆိုဘယ်ကိုမှ မရောက်လိုကြဘူး။ တကယ့် ကမ္မဋ္ဌာန်း ဘာဝနာရှိသူရဲ့ ပန်းတိုင်က နတ်ပြည် ဗြဟ္မာ့ပြည်မှ မဟုတ်ဘဲ။ အရိယာဖြစ်ပြီး ၃၀-ဘုံက အလွတ် နိဗ္ဗာန်ကိုပဲ လိုချင်ကြတယ်။ ဒါပေမယ့် ကာမရာဂ သံယောဇဉ်၊ ဘဝရာဂသံယောဇဉ်၊ ဒီနှောင်ကြိုးတွေကိုဖြတ်ပြီး ကျော်ပြီးမတက်နိုင်သေးယင်တော့ မလိုချင်လဲ ရနေကြရဦးမှာပဲ။ တကယ်မရှုမှတ်နိုင်ယင် အပါယ်ကိုလဲ အလည်သွားကြရဦးမှာပဲ။

ဒီနေရာမှာ သာဓကဝတ္ထု တစ်ခုပြောရဦးမယ်။ တကယ့်တရားဘာဝနာရှင်ဟာ နတ်ပြည်ကို မလိုချင်ဘူး။ ဒါပေမယ့် ပေါက်မြောက်အောင် မလုပ်နိုင်လို့ ကမ္မဋ္ဌာန်းအာရုံနဲ့သေယင် မလိုချင်သော်လဲ နတ်ပြည်ကို အသေအချာရတယ်ဆိုတဲ့ အကြောင်း သာဓကဝတ္ထုဖြစ်တယ်။

တာဝတိံသာက နတ်ဘုန်းကြီး

မြတ်စွာဘုရားလက်ထက်တော်က အမျိုးသားကာင်ယောက်

ရဟန်းပြုပြီး ၅-ဝါအရ၊ နေနည်းထိုင်နည်း ကံကြီးကံငယ် ရဟန်းတို့ကျင့်အပ်သော ဝိနည်းသိက္ခာပုဒ်များ သင်ယူတယ်။ ထို့နောက် မြတ်စွာဘုရား ထံတော်က ကမ္မဋ္ဌာန်းယူပြီး ဆိတ်ငြိမ်ရာ တောတောင်ထဲကြွပြီး တစ်ကိုယ်ရေ ကောစာတရား ဘာဝနာ အလုပ်အားထုတ်တော်မူတယ်။ ဝီရိယပြင်းပြင်းထန်ထန်နဲ့ နေ့ညမအား မအိပ်ဘဲ အားထုတ်ချင်လို့ အိပ်ရာ ညောင်စောင်းကလေးကိုတောင် ခေါက်ပြီး သိမ်းဆည်းသိမ်းထားလိုက်တယ်။

တောထဲ ရောက်လာကတည်းက မအိပ်စက်ဘဲ နေ့မအား ညမနား အားထုတ်လိုက်တာ အစား အသောက်ကို ပင်လျှင် သတိမပြုမိဘူး။ တစ်နေ့တခြား အရိုးပေါ် အရေတင်လာတယ်။ တစ်နေ့တော့စင်္ကြံလျှောက်တရားရှုမှတ်နေရင်းနဲ့ လေသင်တုန်းဖြတ်ကာ မတ်တတ်က လဲပြီး ပျံလွန်တော်မူသွား ရှာတယ်။ ဒါကို အဋ္ဌကထာဆရာက 'သော မုရသ္မိံ ယောဝ ကာလ' မကာသိ— အလုပ်ခွင်၌သာလျှင်သေလွန်သွားသူ'လို့ချီးကျူးဖွင့်ဆိုထားတယ်၊ တရားအလုပ် လုပ်ရင်း၊ အလုပ်လက်ရှိနှင့် ပျံလွန်တော်မူသော ယောဂီရဟန်းလို့ ဆိုလိုပါတယ်။

## နတ်သမီးတွေကြားက ဘုန်းကြီး နတ်သား

တရားဘာဝနာအစွမ်းကြောင့် တာဝတိံသာနတ်ပြည်မှာ 'အိပ်သောယောကျ်ား နိုးသောလားသို့' သွားဖြစ်တယ်။ အလွန်ကြီးကျယ်တဲ့ ဗိမာန်ကြီးတစ်ခုရဲ့ တံခါးပေါက်မှာ ရွှေတုရိုက်တိုင်ကြီးစိုက်ထားသလို ရွှေရောင်တဝင်းဝင်းနဲ့ အလွန် အဆင်းလှပတဲ့ နတ်သားဖြစ်လာတယ်။ အဲဒီဗိမာန်ကြီးထဲမှာ နတ်သမီးက တစ်ထောင်ရှိနေတယ်။ သူတို့အတွက်နတ်သားက မရောက်လှာသေးလို့ ပျင်းခြောက်ခြောက် ရှိနေရာက နတ်သားသစ်လဲ ရောက်လာရော၊ သူ့ထက်ငါ ဝမ်းသာအားရ ဖျော်ဖြေဖို့ ဝိုင်းလာကြတယ်။ လက်ထဲမှာလဲ ဖျော်ဖြေရေး တူရိယာတွေ ကိုယ်စီ လက်ကဆွဲလို့။

ဒါပေမယ့် နတ်သားက သူ့ကိုယ်သူ လူ့ပြည်က စုတေပြီး

လာတာ မသိရှာသေးဘူး။ ယောဂီဘုန်းကြီးပဲ ထင်နေတုန်းရှိသေးတယ်။ နတ်သမီးတွေ သူ့အနားမှာ ရှုပ်ယှက်ခတ်သွားလာနေကြတာကို မြင်နေရတာတောင်မှ သူက ‘ကျောင်းကန်ဘုရား လှည့်လည်ဖူးမြော်တဲ့ဒကာမတွေထင်ပါရဲ့’ အောက်မေ့ပြီး ညာဘက်လက်ကဘယ်ဘက် ပခုံးပေါ်မြှောက်တဲ့ပြီး ၂-ထပ်သင်္ကန်းကြီးကိုတင်လိုက်သလို၊ သင်္ကန်းရုမ်းသလို လုပ်လိုက်တယ်။ စက္ခုန္ဒြေချပြီး ခေါင်းငုံ့ထားလိုက်တယ်။

သူ့အမူအရာကြည့်ပြီး နတ်သမီးတွေကသိသွားတယ်။ ‘ကြော်လက်စသတ်တော့ ဒီနတ်သားက ဘုန်းကြီး နဲ့တ်သားကိုး’ လို့ အလိုလို နားလည်သွားကြတယ်။ ဒီတော့ နတ်သမီးတွေက ပြုံးပြီးပြောကြတယ်။

“အို....အရှင်နတ်သား၊ ဒါ....နတ်ပြည်ဖြစ်ပါတယ်။ရဟန်းတရားအားထုတ်နေတဲ့ နေရာမဟုတ်ပါဘူး။ ကာမဂုဏ်စည်းစိမ်ခံစားကြတဲ့နေရာပါ” လို့ ပြောလဲ နတ်သားက မလှုပ်ဘူး။ သည်အတိုင်းပဲ။ မလှုပ်တော့ နတ်သမီးတွေက... ‘ဒီလောက်တောင်ရှိတာ’....ဆိုပြီး နတ်တူရိယာတွေဝိုင်းပြီး ဟစ်ပြိုင်နက် ပွက်လောရိုက်အောင် တီးကြ မှုတ်ကြတယ်။ ဒါလဲ နတ်သားက စောင်းငဲ့ပြီးတောင် မကြည့်ဘူး။

သည်တော့ နတ်သမီးတွေက အကြံတစ်ခု ရလာပြီး ချက်ချင်းပဲ သူ့ရှေ့ကနေပြီး ကိုယ်လုံးပေါ် မှန်ကြီးတစ်ချပ်ယူချပေးထားလိုက်တယ်။ သည်တော့မှ မှန်ထဲကို ကြည့်လိုက်တော့ သူ့တစ်ကိုယ်လုံးမှာ မကိုင္ဍတန်ဆာ ဒွါဒရာတွေနဲ့ ဖြစ်နေတာကို သိသွားတယ်။ ‘ငါလူ့ပြည်က စုတေပြီး နတ်ပြည်ရောက်နေမှကိုး....’ လို့ သိသွားပြီး အကြီးအကျယ် စိတ်မကောင်းခြင်း ဖြစ်ရှာတယ်။

### ဘုရားထံသွားလျှောက်ပုံ

“ငါသည် ဤဘုံဌာနသို့ ရရှိရန်အလို့ငှာ ရဟန်းတရားကိုအားထုတ်ခဲ့သည်မဟုတ်၊ အဘုမရှိ မြင့်မြတ်သော အရဟတ္တဖိုလ်ကို

တောင့်တ၍ အားထုတ်ခဲ့ရခြင်း ဖြစ်တယ်။ နှုတ်စည်းစိမ်းရဖို့ကား မခက်၊ ဘုရား သာသနာနှင့် ကြုံဖို့သာ ခဲယဉ်း လှပေတယ်လို့ စဉ်းစားပြီး ဗိမာန်ထဲကိုတောင် မဝင်တော့ဘဲ နတ်သမီးတွေနှင့် အတူ ဘုရားရှင်ထံ လာလျှောက်တယ်။

“မြတ်စွာဘုရား၊ ဤသီဆို ကခုန်နေကြတဲ့ ဤနတ်သမီးတွေကို ဘီလူးမတွေလို့ပဲ ထင်ပါတယ်။ နှစ်သက်ပျော်မွေ့ရာ ကောင်းလို့ ‘နန္ဒန’ နန္ဒဝန်ဥယျာဉ်ဆိုတာလဲ တကယ်တော့ ‘မောဟန’ ကာမဂုဏ်မှိုင်းရာ ငရဲကြီးပါဘုရား။ ဘုရား တပည့်တော် သည်နေရာက ဘယ်လိုလုပ်ပြီး ထွက်မြောက်ရပါမည်ဘုရား။ ကမ္မဋ္ဌာန်းတရား ပေးသနားတော်မူပါ”လို့ လျှောက်ထားတယ်။

မြတ်စွာဘုရားက နတ်သား၏ဖြစ်စဉ်ကို ဆင်ခြင်တော်မူပြီး သကာလ မဂ္ဂင်ရှစ်ပါးကို ရထား ဥပမာဖြင့် ဟောပြတော်မူရာ ဘုန်းကြီးလူထွက်နတ်သား သောတာပန်ဖြစ်သွားပါတယ်။


ဒေဝတာသံယုတ်၊အစ္ဆရာသုတ်မှာလာတဲ့ဝတ္ထုသွားအချုပ် က ဤမျှသာဖြစ်တယ်။

ဘုန်းကြီးပြောလိုရင်းက ကမ္မဋ္ဌာန်းအာရုံကို စွဲမြဲစွာထားသူ မှန်လျှင် နတ်ပြည်ကို ရောက်နိုင်ကြောင်း သိစေလိုခြင်းဖြစ် တယ်။ ဒါကြောင့် သံသရာက လွတ်မြောက်အောင် အရဟတ္တဖိုလ် ပေါက် အားမထုတ်နိုင်သေးလျှင် ကမ္မဋ္ဌာန်းလမ်းစ ရရှိပြီးသူများ အာသန္နကံ ဘဝကူး တံတားဖြစ်အောင် မိမိတို့တရားကို ကြိုးစား အားထုတ်ကြစေလိုတယ်။

ကိုင်း....ဒါန၊ သီလ၊ သရဏဂုံ၊ ဘာဝနာတရား ၄-မျိုး တို့တွင် မိမိတို့ အားသန်ရာ၊ အလေ့အလာ အထုံဝါသနာအရ တစ်ခုခုသော တရားကို အားကိုးပြုပြီး သကာလ အနည်းဆုံး နတ်ရွာ သုဂတိဘဝကို လှလှကြီး ယူနိုင်ကြပါစေ။

သေနည်း သင်တန်းတရားတော် ပြီး၏။

‘‘မြန်မာပြည်မှာ ရဟန္တာပုဂ္ဂိုလ်တွေ အဆက်မပြတ် ရှိနေကြပါတယ်။ ဒီလိုအခါမျိုးမှ တရားအားမထုတ် ဖူးသေးလျှင် လူဖြစ်ကျိုး၊ ရှုံးပြီ။ နောက်မှ နောင်တ မဖြစ်ကြနှင့်။’’



# သမထနှင့်ဝိပဿနာ

## ၅။ သမထ နှင့် ဝိပဿနာ
## သမာဓိပိုင်း နှင့် ပညာပိုင်း

မြန်မာနိုင်ငံမှာ နေထိုင်ကြတဲ့ တိုင်းရင်းသားများဟာ ဗုဒ္ဓဘာသာလူမျိုးများဖြစ်ကြလို့ ဒါန-သီလ-ဘာဝနာ ဗုဒ္ဓဘာသာတို့ရဲ့ လက်ရိုးကျင့်စဉ်ကို နားလည်ကြပါတယ်။

ဒါနအလုပ်ကို လူတိုင်းနားလည်ကြပြီး မိရိုးဖလာ လှူဒါန်းပေးကမ်းမြဲဖြစ်ကြတယ်၊ ဒေသအလိုက်၊ မြို့ရွာအလိုက် ဝတ်နိပါတ်မြဲစွာ ကျင့်စဉ်တင်ခုလိုထားပြီး အချိုးကျကျ လှူတတ်ကြတယ်၊ လူကြီး လူငယ်နားလည်နေကြပါတယ်။

သီလအကျင့်ကိုလဲ၊ ငါးပါးသီလမြဲခြင်း၊ ရှစ်ပါးသီလခံယူပြီး ဥပုသ်စောင့်ကြတာလဲ ရပ်ဓလေ့၊ ရွာထုံးစံကဲ့သို့ ဖြစ်နေပါပြီ။ ကလေးတွေတောင်မှ ကိုယ်တွေ့မြင်နေကြလို့မို့ ယဉ်ပါး နားလည်နေကြပါပြီ။ ၉-ပါးသီလ၊ အာဇီဝဋ္ဌကမ သီလစောင့်ပုံတွေကိုပါ တတ်ကျွမ်းနားလည်နေပြီး ဖြစ်ကြတယ်။

ဘာဝနာအလုပ်ပိုင်းကိုလဲ မြန်မာနိုင်ငံမှာ ယခုအခါ တောရောမြို့ပါ တတ်ကျွမ်းကြပြီး လက်တွေ့ ဘာဝနာပွားနေကြသူတွေ များစွာရှိနေကြတာ အားရစရာ ကောင်းပါတယ်။

### ဘာဝနာဆိုတာ

ဘာဝနာဆိုတာ ပွားများရခြင်း၊ ဆင်ခြင်ရခြင်း၊ ရှုကြည့်ရခြင်း၊ အလုပ်၌ ကပ်တလဲလဲ စွဲမြဲအောင် အားထုတ်ရသောအလုပ်ဖြစ်တယ်၊ ပွားများခြင်းလို့ ပြောကြတာက ကပ်ပြန်တလဲလဲ ရွတ်ဆိုနေရခြင်း ဆင်ခြင်နေရခြင်း၊ ရှုကြည့်နေရခြင်းစိတ်အလုပ်ဖြစ်တယ်။

'ဘာဝေတဗ္ဗာတိ ဘာဝနာ' ပွားများရသောကြောင့် ဘာဝနာလို့ခေါ်တယ်။ ဘာဝနာက သမထ ဘာဝနာ၊ ဝိပဿနာ ဘာဝနာလို့ ၂-မျိုး ရှိတယ်။

သမထ ဘာဝနာဆိုတာ အာရုံတစ်ခုတည်း၌ စိတ်ကို တည်ငြိမ်မှုသမာဓိရအောင် အားထုတ်ရလို့ သမထ ကမ္မဋ္ဌာန်းလို့ ခေါ်ဆိုကြတယ်၊ ဝိပဿနာ ဘာဝနာကတော့ ရုပ်နာမ် အာရုံ အပေါ်မှာ ဉာဏ်အမြင် ပေါက်မြောက်ပြီး ပညာကိုဖြစ်စေ၊ ရစေ သောကြောင့် ဝိပဿနာကမ္မဋ္ဌာန်းလို့ ခေါ်ဆိုကြတယ်။

ထို ၂-မျိုးသော ကမ္မဋ္ဌာန်းတွင် "သမထကို စတင် အားထုတ်ရမည်လော၊ ဝိပဿနာကမ္မဋ္ဌာန်းကို ဦးစွာ အားထုတ်သင့်သလော"လို့ မေးမြန်းတတ်ကြတယ်။ (အဖြေမှာ) စချင်ရာက စနိုင်ပါတယ်၊ သင်ပြပေးသူ ဆရာကောင်းရလျှင် စချင်ရာကစနိုင်တယ်လို့ပဲ မှတ်ရမယ်။

ရှေးခေတ်အဆက်ဆက်က ရောတော်ကြီးများရဲ့ နည်းမူမှန်က သမထကို စတင်ပွားများ အားထုတ်စေကြတယ်၊ သမာဓိ ရစေကြပြီးခါမှ ဝိပဿနာသို့တင်၍ ဉာဏ်အမြင်ကို ဖြစ်စေကြတယ်။

ဤခေတ်တွင် ကမ္မဋ္ဌာန်းထိုင်ဖူးသူတွေ များကြပါတယ်။ သမထနှင့် ဝိပဿနာ မကွဲကြလို့ ဘုန်းကြီးထံမှောက် လာရောက်လျှောက်ကြတယ်။ ခွဲခြားပေးခဲ့ရတာ အကြိမ်ပေါင်း များလှပြီ၊ ဒါကြောင့်-သမထနှင့်ဝိပဿနာကို ဦးစွာခွဲပြပေးပါ့မယ်။

## ဝိပဿနာသုံးမျိုး

ဝိပဿနာဆိုတာ အနိစ္စဝိပဿနာ၊ ဒုက္ခဝိပဿနာ၊ အနတ္တ ဝိပဿနာလို့ သုံးမျိုးရှိတယ်၊ သုံးမျိုးမှပိုပြီး လေးမျိုးမရှိပါဘူး။

ဝိ-အထူးပြု၍၊ ပဿနာ ရှု ကြည့်ခြင်းဖြစ်ရာ၊ ရုပ်နာမ်တို့၏ ဟုတ်တိုင်းမှန်ရာ၊ သဘာဝကျကျအဖြစ်ကို အဖြစ်အတိုင်း၊အပျက်

ကိုအပျက်အတိုင်း၊ အရှိကိုအရှိအတိုင်း မြင်အောင် ရှုကြည့်ခြင်းလို့ ဆိုလိုတယ်။

(၁) အနိစ္စဝိပဿနာ၊ ဆိုတာ-မမြဲခြင်းကို မြင်အောင်ရှုကြည့်ရမယ်၊ မမြဲပုံအခြင်းအရာကိုသိအောင်၊ ဉာဏ်ဖြင့် မြင်အောင် ရှုကြည့်ရမယ်၊ ရှုကြည့်လို့မြင်လျှင် အနိစ္စဝိပဿနာရဲ့သဘောလက္ခဏာ ရှုကြည့်ဆင်ခြင်တတ်ပြီလို့ ဆိုရပါမယ်၊ “ဘာတွေမမြဲတာတုန်း” ဆိုလျှင် ဘာမှမမြဲပါ၊ မြဲသောအရာ ဘာမှမရှိပါလို့ ဖြေရပါမယ်။ “လောကသည် အမြဲမရှိ၊ သတ္တဝါသည် အမြဲမရှိ၊ အရာဝတ္ထုသည် အမြဲမရှိ၊ ဘာမှအမြဲမရှိ၊ ထိုကြောင့် သတ္တလောက၊ သင်္ခါရလောက၊ ဩကာသလောက အားလုံး အနိစ္စချည်းသာတည်း”လို့ မှတ်ပါ။

လူတွေလဲအမြဲမရှိကြပါ၊ နွား ကျွဲ ဆင် မြင်း စသော သတ္တဝါတွေလဲ မမြဲကြပါ၊ ကျောင်းကန် ဘုရား၊ တိုက်အိမ်-သစ်ပင်စသော အရာဝတ္ထုအားလုံး လဲမမြဲကြပါ၊ သက်ရှိ၊ သက်မဲ့အားလုံး ဘာမှ အမြဲမရှိကြပါ၊ ယင်းသို့ အရာခပ်သိမ်းကို မမြဲပုံ၊ အမြဲမတည်ကြပုံကို သိမြင်လာအောင် ရှုကြည့်တတ်လျှင်၊ ရှုကြည့်လို့သိမြင်ပြီဆိုလျှင်၊ အနိစ္စ ဝိပဿနာ ထင်ပြီမြင်ပြီလို့ နားလည်ရပါမယ်။

(၂) ဒုက္ခဝိပဿနာ ဆိုသည်မှာ ဆင်းရဲခြင်း အမှန်ကို မြင်အောင် ရှုကြည့်တဲ့နည်းပါ။ ဆင်းရဲပုံအခြင်းအရာကိုသိအောင်၊ ဉာဏ်ဖြင့်မြင်အောင် ရှုကြည့်ရပါမယ်၊ ရှုကြည့်လို့ မြင်လျှင် ဒုက္ခဝိပဿနာရဲ့ သဘောလက္ခဏာ ရှုကြည့်ဆင်ခြင်တယ်လို့ ဆိုရပါမယ်။ “ဘာတွေဆင်းရဲသလဲ”လို့ဆိုလျှင် သတ္တလောကကြီးတစ်ခုလုံး ဘာမှ ချမ်းသာမှုမရှိပါဘူး၊ ချမ်းသာတယ် ဆိုတာကို ရှာကြည့်ပါ၊ ဘာမှမတွေ့ရပါဘူး။

စားရတာ ချမ်းသာသလား။ မစားဘဲနေလို့ မဖြစ်သောကြောင့် စားနေရခြင်းပါ၊ မော်တော်ကားကို မာတ်ဆီထည့်ပြီး မောင်းနေကြရသလို တစ်ရက်မှတစ်ရက်သို့ အသက်ဆက်နေသွားနိုင်အောင် အစာကျွေးရေတိုက်ပြီး၊ မွေးမြူ ပေးနေရခြင်းပါ။ အမှန်တကယ် ချမ်းသာမှု မဟုတ်ပါ၊ ဉာဏ်ဖြင့် မြင်အောင် ရှုကြည့်ပါ။

အိပ်ရတာကော ချမ်းသာသလား၊ တစ်ခါတစ်ရံ ခရီးသွားရများလို့ မောပန်း ညောင်းညာလာသောအခါမျိုးမှာ အိပ်ရာပေါ် ပစ်လှဲအိပ်လိုက်ရတာကို ချမ်းသာတယ်လို့ ထင်မိ ရတတ်တယ်၊ မကျန်း မမာ၊ ဖျားနာလို့ အိပ်ရာပေါ် အချိန်ကြာကြာ အိပ်နေရလျှင် အိပ်ရခြင်းရဲ့ဆင်းရဲပုံကိုသိမြင်လာပါလိမ့်မယ်၊ ဆေးရုံပေါ်မှာ တစ်လလောက် အိပ်လိုက်ရလျှင် သာပြီး ငြီးငွေ့ပါမယ်၊ ဒါ့ကြောင့်အိပ်ရခြင်းသည် ချမ်းသာမှုမဟုတ်ကြောင်း၊ဆင်းရဲကြောင်း အမှန်သဘာဝကို ဉာဏ်ဖြင့် မြင်လာအောင်ရှုကြည့်ပါ။

ထိုနည်းအတူ သွားနေရခြင်း၊ ရပ်နေရခြင်း၊ ထိုင်နေရခြင်း၊ တစ်စုံတစ်ရာ လုပ်ကိုင်နေရခြင်း၊ ကိုယ်ခန္ဓာလှုပ်ရှားနေရတာ မှန်သမျှကို ရှုကြည့်ပါ၊ ချမ်းသာမှုမရှိပုံ၊အားလုံးဆင်းရဲခြင်းဖြစ်ကြောင်း သဘာဝအမှန်ကို မြင်လာပါမယ်၊ ထိုအခါ ဒုက္ခ ဝိပဿနာရဲ့ သဘောကိုထင်ပြီးမြင်ပြီးနားလည်ပြီလို့ မှတ်ရပါမယ်။

(၃) **အနတ္တ ဝိပဿနာ** ဆိုတာကတော့ အစိုးမရခြင်းကိုပင် မြင်အောင်ရှုကြည့်ရတာကိုဆိုကတယ်။ အစိုးမရပုံအခြင်းအရာကိုသိအောင်၊ ဉာဏ်ဖြင့် မြင်အောင်ရှုကြည့်ရမယ်၊ ရှုကြည့်လို့ မြင်လျှင် အနတ္တ ဝိပဿနာရဲ့ လက္ခဏာ ရှုကြည့်ဆင်ခြင်တတ်ပြီလို့ ဆိုရပါမယ်။

"ဘာတွေ အစိုးမရသလဲ"လို့ ဆိုလျှင် ဘာမှ အစိုးမရပါ၊ အစိုးရခြင်း ဘာမှမရှိပါ။ ကုန်ကုန်ပြော ရလျှင် မိမိကိုယ်ကိုပင် မိမိအစိုးမရပါ၊ မပိုင်ဆိုင်ပါ။ ကိုယ်သဘောကျ လုပ်ပိုင်နိုင်ခြင်း အလျဉ်းမရှိပါ။

## ဘုန်းတော်ကြီး ဦးသီလရဲ့ မိန့်ခွန်း

ရှေးတစ်ချိန်ဆီက မြန်မာပြည် အောက်ပိုင်းမှာ အကျင့် ကောင်း ဦးသီလလို့ ကျော်ကြားခဲ့ဖူးတယ်၊ ပဲခူးနယ်သားတောရ ဆောက်တည်ပြီး ပျော်မွေ့နေတတ်သော ပုဂ္ဂိုလ်ထူးကြီးဖြစ်ပါ တယ်၊ ရဟန္တာအဖြစ်ဖြင့် ဇလွန်မြို့မှာ ပရိနိဗ္ဗာန် ပြုသွားသော ဆရာတော်ကြီး ဖြစ်ပါတယ်။

တစ်ခါက အရေးပိုင် ဦးသိဟန် (နောက် ဖဆပလခေတ် မှာ နိုင်ငံခြားရေးဝန်ကြီး) သူက ခရီးထွက်ရင်း အဲဒီဆရာတော် ကြီး တောရဆောက်တည်နေတဲ့ ဒေသနှင့် နီးတဲ့ မြို့ ရောက်သွား ခိုက်၊ ခရီးကြုံခိုက် ဆရာတော်ကြီးအား ဖူးတွေ့ကြရန် သူ့ရဲ့ လက်အောက်မှ မြို့ပိုင်နယ်ပိုင်တို့နှင့် တောရကျောင်းကလေးရှိရာသို့ သွားရောက်ကြတယ်၊မိမိတို့ပါသမျှ လှူဘွယ်ပစ္စည်းများကိုရှေ့မှာချ၊ ရှိခိုးကန်တော့ပြီး ထိုင်နေကြတော့....

"ဒကာတို့က ဘာလုပ်ကြရတာလဲ"လို့ ဆရာတော်ကြီးက မေးတယ်၊ ဦးသိဟန်က ခေါင်းဆောင်လူကြီးဖြစ်တော့ ဖြေကြား ဖို့ တာဝန်ရှိတဲ့အတိုင်း လျှောက်ရတယ်၊ ဒါပေမယ့် သူ့ကိုယ်သူ အရေးပိုင်လို့ မပြောဘူး၊လျှော့လျှော့ပေါ့ပေါ့....

"တပည့်တော်က မြို့ပိုင်ပါဘုရား"လို့ လျှောက်လိုက်တယ်၊ ဒီတော့ ဆရာတော်ကြီးက ဘယ်လိုအမိန့်ရှိသလဲဆိုတော့....

"သြော်....ဒကာကြီးက မြို့ပိုင်လား၊သူများဘကာတွေများ တော်လိုက်ကြတာနော်.... မြို့ကြီးတောင်ပိုင်သတဲ့၊ ဘုန်းကြီးတို့ဖြင့် မိမိကိုယ်ကိုတောင်မပိုင်ပါဘူး"လို့ မိန့်တော်မူလိုက်တော့ အားလုံး

ပြုံးနေကြရတယ်၊ သိမ်မွေ့တဲ့အနတ္တဝိပဿနာရဲ့ သဘောအဓိပ္ပာယ်ကိုလဲ အကြမ်းဖျင်း အားလုံး နားလည်သွားကြရတယ်။

အမှန်မှာ မိမိကိုယ်ကိုတောင် မပိုင်ကြပါ၊ မပိုင်လို့လဲ မအိုချင်ပါဘဲနှင့် အိုကြရတယ်၊ မနာချင်ပါဘဲနှင့် နာကြရတယ်၊ မသေချင်သေးဘဲနှင့် သေကြရတယ်၊ အဲဒါတွေ အားလုံး အနတ္တဝိပဿနာရဲ့ သဘောလက္ခဏာတွေလို့ နားလည်ကြရမယ်။

အဲ....ဒါက အနိစ္စ ဝိပဿနာရဲ့ အမြဲမရှိခြင်း သဘောလက္ခဏာ၊ ဒုက္ခဝိပဿနာရဲ့ ဆင်းရဲခြင်းသဘော လက္ခဏာ၊ အနတ္တဝိပဿနာရဲ့ အစိုးမရခြင်း သဘောလက္ခဏာတို့ကို ရှင်းရှင်းထင်လွယ်မြင်လွယ်အောင် တိုတိုရှင်းပြခြင်းဖြစ်တယ်။

## သမထကမ္မဋ္ဌာန်းလေးဆယ်

> သမေတီတိ သမထော။ သမေတိ-ငြိမ်းအေးစေတတ်၏။ ဣတိတသ္မာ – ထို့ကြောင့်။ သမထော– သမထမည်၏။
>
> သမထသဒ္ဒါ ငြိမ်းအေးခြင်းကိုဟောတယ်။ သမထဆိုတာ ငြိမ်းအေးကြောင်းတရားလို့ ဆိုတယ်။

ကသိုဏ်းဆယ်ပါး၊ အသုဘဆယ်ပါး၊ အနုဿတိဆယ်ပါး၊ ဗြဟ္မဝိဟာရလေးပါး၊ အာရုပ္ပလေးပါး၊ အာဟာရေပဋိကူလသညာတစ်ပါး၊ စတုဓာတုဝဝတ္ထာန် တစ်ပါး၊ ပေါင်းသော် သမထ ကမ္မဋ္ဌာန်း လေးဆယ်ဖြစ်တယ်။ ပုဂ္ဂလဇ္ဈာသယ–ပုဂ္ဂိုလ်တို့ရဲ့ အလို အကြိုက်ကိုလိုက်ပြီး တရားအမြင်သိလွယ်ကြစေရန် အမျိုးမျိုး ဟောကြားပေးတော်မူယားခြင်း ဖြစ်တယ်။

လူတချို့က သမထ ကမ္မဋ္ဌာန်းကို အထင်သေးတဲ့စိတ်နှင့် ပြောဆိုသံကြားရဖူးတယ်၊ ဘုရားအလောင်းတော်ကြီးများဘုရားဖြစ်ရန် ဘဝအဆက်ဆက် သမထကမ္မဋ္ဌာန်းဖြင့် ပါရမီဖြည့်ကျင့်တော်မူခဲ့ကြရခြင်းဖြစ်တယ်၊ မြေလျှိုးပြီး ပိုးပျံနိုင်လှပ်းကဲ့ ဈာန်အဘိညာဉ်တန်ခိုးအမျိုးမျိုးဆိုတာဟဲ သမထကမ္မဋ္ဌာန်းကြောင့် ထွမ်း

ဆောင်နိုင်ကြခြင်းဖြစ်တယ်၊ ဒါကြောင့် အထင်မသေးထိုက်ဘူး အထင်ကြီးရမယ်။ လေးစားကြရမယ်။

## အာနာပါန ထွက်လေဝင်လေ ကမ္မဋ္ဌာန်း

ယခုခေတ်မှာ ကမ္မဋ္ဌာန်း ရိပ်သာအားလုံး အာနာပါနကို ရှုပွားတတ်ကြတယ်၊ ရှုပွားတတ်ကြပြီလို့ ဆိုရပါမယ်။

အာနာပါနဲ့ဟာ အနုဿတိ ဆယ်ပါးထဲက တစ်ပါးဖြစ်တယ်။ ထွက်လေနှင့် ဝင်လေကို စိတ်ဖြင့် သတိကပ်ပြီး နှာသီးဖျားမှာပဲ စိုက်ကြည့်နေရတဲ့ အလုပ်ဖြစ်တယ်။ မိမိရဲ့ထွက်လေ၊ ဝင်လေကို နှာသီးဖျားမှာ သတိဖြင့် စောင့်၍ ကြည့်ရှုဆင်ခြင်နေရသော သမာဓိ အလုပ်ဖြစ်တယ်၊ လွယ်ပါတယ်၊ သမာဓိရလွယ်တယ်၊ အာရုံကို မိအောင်ဖမ်းလို့ရနေလျှင် ပိုင်တာပါပဲ။ မျက်စိမှိတ်ထားပြီး စိတ်အာရုံဖြင့် မြင်အောင် ကြည့်ရတယ်၊ နည်းကျွားဤမျှသာဖြစ်တယ်။

နည်းသိရပြီးလျှင် အလုပ်ဖြစ်အောင် လုပ်တတ်ပါတယ်၊ အချိန်ကြာတော့ အရှိန်ရလာပြီး စိတ်ဝင်စားလာတတ်ပါတယ်။ အာရုံကိုမလွတ်အောင်ဖမ်းပြီး ထွက်လေ-ဝင်လေကို သတိပြုကြည့်ရှုနေရတာကို ပျော်စရာဖြစ်ကြောင်း မကြာခင် သိမြင်လာပါမယ်။

'အာနာပါန'ဆိုတာ မြန်မာစကားဖြင့် ထွက်လေနှင့်ဝင်လေကို ဖမ်းရသော စိတ်အာရုံ တပိုတပါး လွင့်မသွားအောင် ထိန်းသော ဘာဝနာဖြစ်တယ်။ ကျမ်းဂန်စကားဖြင့် 'အဿာသပဿာသကမ္မဋ္ဌာန်း'လို့လဲ ပြောလေ့ရှိကြတယ်၊ 'ထွက်လေ-ဝင်လေ'ကမ္မဋ္ဌာန်းလို့လဲ ပြောတတ်ကြတယ်။

### ပရိကမ္မနှင့် ဥဂ္ဂဟနိမိတ်

မြတ်စွာဘုရားရှင် ဗောဓိပင်အောက် ရွှေပလ္လင်ပေါ်ထိုင်ပြီးလျှင် ဤ အာနာပါနကမ္မဋ္ဌာန်းကို ရှုပွားတော်မူလို့ သဗ္ဗညုတဉာဏ်တော်ကိုရပြီး ဘုရားအဖြစ်သို့ ရောက်တော်မူပါတယ်၊ ဒါ့

ကြောင့် အာနာပါနဘာဝနာဟာ သည်လောက် အရေးပါပြီး အရာရောက်တဲ့ ဘာဝနာကမ္မဋ္ဌာန်း ဖြစ်တယ်ဆိုတာကို နားလည် မှတ်သားထားကြရမယ်။

အာနာပါန (ထွက်သက်-ဝင်သက်)ခေါ်ဆိုကြတဲ့ ထွက်လေနှင့် ဝင်လေကို မမြန်လွန်း မနှေးလွန်းစေရ၊ ဖြည်းဖြည်းသက်သာ လေထွက်ရာ ဝင်ရာ နှာဝ၌သာလျှင် ရှုကြည့်ပြီးနေပါ၊ မျက်စိဖြင့်မကြည့်ဘဲ စိတ်ဖြင့်မြင်အောင်ကြည့်ပါ။ ကြည့်ဖန်များလို့ စိတ်တည်ငြိမ်လာတဲ့အခါ နှာဝ၌ လေထွက်ဝင်နေပုံကို ပွတ်ဆွဲသမားက ပွတ်ကြိုးကိုဆွဲနေသလို အထင်အရှားမြင်နေရမယ်၊ နှာသီးဖျားမှာ ပကတိ ထွက်သက်-ဝင်သက် လေကိုသိ၍ မြင်မျှနေတာကို 'ပရိကမ္မနိမိတ်'လို့ ခေါ်ဆိုတယ်။

အဲဒီ ပရိကမ္မနိမိတ်ကို နှာသီးဖျား၌စိုက်ပြီး ကြည့်ရှုမနေတော့ဘဲ တခြားစိတ်အာရုံ လွဲသွားသော်လဲ ထွက်လေဝင်လေဟာ ပွတ်ကြိုးကို ဟိုဘက်သည်ဘက် ပုံမှန်ဆွဲနေသလို ကမ္မဋ္ဌာန်းအာရုံနိမိတ်ကို မြင်နေရသျှင် ထိုနိမိတ်ကို 'ဥဂ္ဂဟနိမိတ်'လို့ ခေါ်ရတယ်။ ခွာလို့ရသော နိမိတ်အာရုံကို ပြောခြင်းဖြစ်တယ်။

အာနာပါန ဘာဝနာရဲ့ ဥဂ္ဂဟနိမိတ်အာရုံကို ကောင်းစွာ ပိုင်နေပြီးလျှင် ထပ်ကာထပ်ကာ ရှုကြည့်ပွားများနေပါ၊ သမာဓိအားကောင်းလာတဲ့အခါ နိမိတ်အာရုံ ပိုပြီးကြည်လင်လာမယ်၊ ကြည်လင်ပြီး မြတ်နိုးဖွယ်ဖြစ်လာမယ်၊ ထိုအချိန်ပိုင်းမှာ နှစ်သက်မှုပီတိတွေ ကိုယ်ခန္ဓာတစ်ခုလုံး စိတ်နှလုံးပါ တဖြန်းဖြန်းဖြစ်ပေါ်မယ်၊ ဈာန်ရဖို့နီးကပ်လာပြီ မှတ်ပါ။

## အာနာပါန အလင်းရောင်

ကမ္မဋ္ဌာန်းခွင်ဝင်နေစဉ် ကမ္မဋ္ဌာန်းနိမိတ် ပေါ်လာ ဖြစ်ပေါ်တတ်မြဲ ဖြစ်ပါတယ်။ ကသိုဏ်းဆယ်ပါးကို ရှုကြည့်ပွားများလျှင်ဖြစ်စေ၊ အသုဘဆယ်မျိုးကို ရှုကြည့်ပွားများလျှင်ဖြစ်စေ၊ ဗြဟ္မ

ဝိဟာရ လေးပါးကို ပွားများလျှင်ဖြစ်စေ ဘာဝနာနိမိတ် ဖြစ်ပေါ်လာတတ်မြဲ ဖြစ်တယ်။

ဘာကမ္မဋ္ဌာန်းဖြစ်စေ၊ ပထမဆုံးဖြစ်ပေါ်လာတဲ့ နိမိတ်အာရုံကို ပရိကမ္မနိမိတ်၊ ရှေးဦးစွာ အလုပ်၏ အခြင်းအရာကို ထင်ရှားစွာ ပေါ်လွင်ခြင်းနိမိတ်လို့ ခေါ်ဆိုခြင်းဖြစ်တယ်။

ထိုအခြင်းအရာ ထင်၍မြင်နေသော အာရုံကို ခွာယူလို့ ရနိုင်ပြီး ဘယ်နေရာသို့ စိတ်အာရုံထားပြီး နှလုံးသွင်းသွင်း လွယ်လွယ်နှင့် မိမိရှုကြည့်လိုသော ကမ္မဋ္ဌာန်းနိမိတ်ကို ပိုင်စွာ မြင်နေနိုင်ပြီဆိုလျှင် ဥဂ္ဂဟနိမိတ်ရနေပြီ ရောက်နေပြီ မှတ်ပါ၊ ဈာန်လမ်းဆိုတာ ဥဂ္ဂဟနိမိတ်ကို စွဲမှီပြီးဖြင့်ရတယ်။

အာနာပါနကို သမာဓိခိုင်ခိုင်ထားပြီး' အားထုတ်နေချိန်မှာ ထွက်သက်·ဝင်သက်လေရဲ့ သရုပ်ပေါ်ပုံဟာ ပွတ်ကြိုးကိုဆွဲနေသလို နှာဝမှ လေထွက်လိုက်၊ ဝင်လိုက် ဖြစ်နေပုံကို မီးခိုးချောင်းငယ်ပမာ မြင်နေရတတ်တယ်။

ထိုနိမိတ်အာရုံ ပို၍ နိုင်နင်းလာသောအခါ အလင်းရောင်ကြီး ပေါ်လာတတ်တယ်။ ဖြူတဲ့အရောင် ထွက်လာတတ်တယ်၊ အရောင်ဟာ သမာဓိအားကောင်းသလောက်ကြီးမယ်။ လင်းမယ်။ မိမိထိုင်နေတဲ့ ခမ်းလုံးပြည့်၊ ကျောင်းလုံးပြည့် လင်းတတ်တယ်၊ သည့်ထက်ပိုပြီး ကျောင်းခေါင်ဖောက်ထွင်းပြီး ကောင်းကင်ထဲသို့ ဆလိုက်မီးလို ထိုးတက်သွားတာလဲ ရှိတတ်တယ်။

ပိဋကတ်စာပေကျမ်းဂန် နှံ့စပ်အောင်လေ့လာတတ်ကျွမ်းပြီး ကိုယ်တိုင် ကမ္မဋ္ဌာန်းဘာဝနာအလုပ်ဖြင့် ကျင်လည်ပြမ်းတီးတော်မူကြပြီးသော ရှေးခေတ်ဆရာတော်ကြီးများက "ထိုကမ္မဋ္ဌာန်းနိမိတ်ကို ထိန်းသိမ်းထားပါ။ ပိုင်နိုင်အောင်ထိန်းသိမ်းထားပြီး ကြည်လင်အောင်၊ ပိုပြီးကြည်လင်အောင် စိတ်ကိုကပ်နှံတီးရနေလျှင် ဈာန်ပိုင်းရောက်ပြီလို့ နားလည်ရမယ်"တဲ့ ဒါကြောင့် စာပေကျမ်းဂန်ဘကယ်တတ်သော ဆရာတော်ကြီးတို့က "ဖြစ်ပေါ်

လာသော ကမ္မဋ္ဌာန်းနိမိတ်ကို စိတ်မဝင်စားကြနှင့်''လို့ မတားမြစ်ကြဖူးပါ။

ယခုခေတ် ဈာန်ကိုအားမပေး၊ ဝိပဿနာကိုသာ အလေးထားတဲ့ အချို့သော ကမ္မဋ္ဌာန်းပြဆရာတို့က တားမြစ်တတ်ကြပါတယ်။

ဘုန်းကြီး သဘောကတော့ ဘာဝနာနိမိတ်ကို ပိုင်နေ၊ အားကောင်းနေလျှင် ဈာန်အဘိညာဉ်ကိုဖြစ်စေနိုင်ကြောင်း နားလည်ပြီး ဖြစ်တဲ့အတွက် မတားမြစ်ပါ၊ ဘာဝနာနိမိတ်အလင်းရောင်ကို ထိန်းသိမ်းထားနိုင်လျှင် ဈာန်လမ်းဖြစ်တယ်လို့ ဟုတ်တိုင်းမှန်ရာ ညွှန်ကြားပါတယ်။

## သတင်းကြီးနေသော
## ချင်းတောင်ပေါ်မှ အလင်းရောင်ကြီး

ကိုယ်တွေ့ဖြစ်ရပ်တစ်ခုပြောပါမယ်၊ လွန်ခဲ့သော သုံးနှစ်အချိန်တွင်းက မြောက်ပိုင်းချင်းတောင်ပေါ် ဘုန်းကြီး တောရကျောင်း တည်ရှိတဲ့ ခန္တီတောင်ကြီးပေါ်မှ ညအခါ အလင်းရောင်ကြီးကို ရပ်ဝေးရှိ ချင်းရွာ အတော်များများက ညစဉ်ညတိုင်း တွေ့မြင်နေကြရတယ်လို့ ပြောဆိုကြတယ်။ ချင်းလူမျိုးများမှာ ဖလမ်းမြို့မြောက်ဘက် လုံးဘန်ရွာကြီး၊ ဖလမ်းမြို့ရဲ့တောင်ဘက် ဟာခါးနယ်မှာရှိ ချွန်ကျုံးရွာကြီးနှင့် နယ်စပ်ရှိရန်ထိုရွာ စတဲ့ ရွာများက ချင်းလူမျိုးများ ဖြစ်ကြတယ်။

''လုံပီးတောင်ကြီးပေါ် ခန္တီတောင်မြင့်ကြီးဆီမှ ညအခါမီးရောင်တွေ ထွက်ပေါ်နေတယ်၊ ဘာရှိသလဲ၊ ဘယ်ကထွက်တဲ့ အလင်းရောင်ဖြစ်လဲ''စသည်ဖြင့် အမေးအမြန်းတွေ ထူပြောလာကြတယ်။

ထိုအချိန် ဘုန်းကြီးဟာ လုံပီး(ကျောက်ကြီး) တောင်ကြီးပေါ်ရှိ ခန္တီနှိတောင်မြင့်ကြီးနံပါး ကိုယ်ပိုင်တောရကျောင်း၌ နေလျက်ရှိတယ်။

မြန်မာအစိုးရ ဝန်ထမ်းတွေကို ချင်းတွေက မေးကြလို့ "ဆရာတော်ကြီးထံသို့ ညအခါ တောင်စောင့်နတ်ကြီးတွေ လာကြလို့ နတ်ကြီးများရဲ့ အလင်းရောင်တွေဖြစ်လိမ့်မယ်" လို့ ကိုယ်ထင်ရာ ကိုယ်ပြောပြီး ဖြေကြားနေကြကြောင်းကိုလဲ ကြားသိနေရတယ်၊ တီးဒင်မြို့မှာနေတဲ့ တရားရေးဝန်ထမ်း(ပေါက်မြို့သား) ဦးသန်းလွန်းက ချင်းလူမျိုးတို့က တဖွဖွ မေးနေကြကြောင်း ဘုန်းကြီးထံ လာလျှောက်ဖူးတယ်။

ထိုနည်းအတူ(လုံရန်း)ဂေါ်ရခါးရွာက ရွာခေါင်းဆောင်ပင်ရှင်စားဗိုလ်ကြီး အိုင်မန်းကလဲ....

"ဘုန်းကြီးနေတဲ့ တောင်ကြီးပေါ်မှ ညအခါ အလင်းရောင်ကြီးထွက်ပေါ်နေတာ ဒါယကာတော်ကိုယ်တိုင်မြင်ရပါတယ်၊ ရပ်ပေးမှ ချင်းလူမျိုးများကလဲ ဒီတောင်ကြီးပေါ်မှ မီးရောင်ကို ညစဉ်ညတိုင်း တွေ့မြင်နေကြရတယ်လို့ ပြောကြတယ်ဘုရား၊ အဲဒါ ဘာကြောင့် ဒီအလင်းရောင်ကြီး ဖြစ်ပေါ်နေတယ်ဆိုတာ စဉ်းစားလို့မရဘူး ဘုရား" လို့ ဘုန်းကြီးထံ လာရောက်လျှောက်ဖူးသည်မှာ တစ်ကြိမ်မကပါ။

ဘုန်းကြီးထံသို့ မည်သူက လာရောက်ပြီး လျှောက်ကြသည်ဖြစ်စေ၊ ဘာကြောင့် ထိုအလင်းရောင်ကြီး ဖြစ်ပေါ်နေခြင်းဖြစ်မယ်လို့ တစ်ကြိမ်မျှ ပြန်လည်ဖြေကြားဖူးခြင်းမရှိပါ၊ စိတ်ဝင်စားခြင်းလဲ မရှိပါ၊ ထိုသူတို့ ညအခါ မြင်နေကြရသော အလင်းရောင်ဆိုသည်ကို ဘယ်အခြောင်ပေါ်မှ ဘာကြောင့် ထွက်ပေါ်နေခြင်း ဖြစ်ကြောင်း ဘုန်းကြီးကိုယ်တိုင် အမှန်ကို မသိသေးသောကြောင့်လဲ ဖြစ်တယ်၊ သိရှိဖို့ လေ့လာခြင်းလဲ မပြုပါဘူး။

အဆိုပါအလင်းရောင်ကြီးအကြောင်း ဒီလောက်နှင့် အပြီး မသတ်သေးပါ၊ ဖလမ်းမြို့သူလဲ စိတ်ဝင်စားဘွယ်ရာ သတင်းထူး ကြီးအဖြစ် အဆင့်ဆင့် ပြောနေကြတယ်လို့ ဆိုတယ်။

တစ်နေ့တော့ ချင်းတောင်ပြည်နယ် ပညာရေးမှူးဖြစ်တဲ့ (မြင်းခြံသား) ဦးမောင်ခန့်က သူ့ရဲ့ ဌာနဆိုင်ရာ ကားဖြူကလေး စီးပြီး ဘုန်းကြီးထံ ရောက်လာတယ်၊ အလင်းရောင်ကြီးသတင်း စကား ကြားရချက်ကို တင်ပြလျှောက်ထားပြန်တယ်၊ ဘုန်းကြီး နှုတ်က ဖွင့်ဟချက်ကိုသိချင်လို့ တမင် လာရောက်မေးမြန်းခြင်း ဖြစ်ကြောင်း နားလည်ရတယ်။ အလင်းရောင်ထွက်ပေါ်နေခြင်း အကြောင်းကို တင်စိုက်ရာမပြောလိုက်ပါ၊ စိတ်ဝင်စားခြင်းမရှိ လို့လဲ "အင်း... ဒီလိုပဲ ပြောနေကြတာပဲ"လို့ သာမန်မျှသာ ပြောလိုက်ပါတယ်။

ပြည်နယ်ပညာရေးမှူး (ရှေးခေတ်သုံးစကားဖြင့်) တိုင်း ပညာဝန် ဦးအောင်ခန့် လျှောက်သွားတဲ့ စကားလိုရင်းချုပ်က....

"ကောင်းကင်ပြင်ကြီးတစ်ခုလုံး မိုးမှောင်ကျနေချိန် ည(၉)နာရီကျော်အချိန်မှာ ဂေါ်ရခါးရွာ ... များနေတဲ့ ကောင်းကင်ပြင် အမြင့်ကြီးပေါ် ရောက်သောအခါ အတွန် အား ကောင်းတဲ့ ဆလိုက်မီးကြီးထိုးပြသလို ထိန်ထိန်နေတဲ့အလင်း ရောင်ကြီးကို အံ့သြဘွယ်မြင်ကြရပါတယ်။ တစ်ယောက်မှ တစ် ယောက်၊ တစ်အိမ်မှတစ်အိမ် ပြန့်ပွားပြီး စိတ်ဝင်တစားပြောနေ ကြပါတယ်၊ ဖလမ်းမြို့ သက်သာလက်ဖက်ရည်ဆိုင်မှာ တပည့်တော် ကိုယ်တိုင် ကြားသိခဲ့ရပါတယ်တော့ ဆရာတော်ကြီး သီတင်းသုံး နေထိုင်တဲ့ ကျောင်း၏ ခေါင်မိုးပေါ်မှ ထွက်လာကြောင်း ဂေါ် ရခါးတွေ သွားရောက်ကြည့်ကြလို့ မြင်ကြရတယ်လို့ ပြောပါ တယ်။"

## အကြောင်းမှန်ကိုသိရပြီ

ပွင့်ပွင့်လင်းလင်းပြောပါမယ်၊ ဘုန်းကြီးရဲ့ နေ့စဉ် ပုံမှန် နေနည်းနေဟန်ကို ပြောမယ်။ ဘုန်းကြီးဟာ တစ်နေ့ကုန်အလုပ်

နှင့် နေမြဲဖြစ်တယ်၊ နေ့ခင်း ခေတ္တအနားယူချိန်၊ ဆွမ်းစားချိန်မှ လွဲလျှင် ကျန်အချိန်အားလုံး အလုပ်နှင့်နေကြောင်း အနီးကပ် လေ့လာသူတိုင်းက သိမြင်ကြပါတယ်။

ညနေပိုင်းအလုပ်က နေဝင်ဖြိုးဖျအချိန် တောတောင်မှာ ရှိကြသော နတ်များ၊ စကြဝဠာအနန္တမှာရှိကြတဲ့ နတ်များကို ဖိတ်ခေါ်ပြီး တရားဟောတယ်။ ပုံမှန် နတ်များအတွက် 'သတ သဟဿာရဟ'ဂါထာ (အဖိုးတစ်သိန်းတန်ဂါထာ)ကို ရွတ်ဆိုပြီး အမျှပေးဝေတယ်။

ဆက်ပြီး ပရိတ်ကြီး(၁၁)သုတ်ကို ရွတ်ဆိုတယ်၊ ဘုရားရှိခိုးခြင်းကို မိးပူဇော်နေဆဲအခါ တိုတို လိုရင်း စိတ်အာရုံပြု ရှိခိုးနေရင်း လိုရာဆုကို လေးနက်စွာ တောင်းဆိုတယ်။

ထိုနောက် တရားထိုင်ခြင်း၊ စာရေးခြင်းအလုပ်ကို ရာသီဥတုအလျောက် လုပ်တယ်။ ရာသီဥတု အလွန် ဆိုးဝါးချိန်မှာ ည ၉-နာရီကျော် အိပ်ရာဝင်တယ်၊ ရာသီဥတုမဆိုးလျှင် ၁၀-နာရီ ၁၁-နာရီကျော်မှ အိပ်ရာဝင်တယ်၊ ရံခါ အလုပ်များလျှင် ည ၁-နာရီကျော်မှ အိပ်ရာဝင်ပြီး အရုဏ်ဦး ၃-နာရီအချိန် ထပြီး စာရေးတယ်။

အိပ်ရာဝင်ခဲ့လျှင် မိမိနေထိုင်လျက်ရှိသော တောတောင်ကြီးကို အစပြုပြီး သတ္တလောကကြီးတစ်ခုလုံး ခြုံငုံ မေတ္တာဖြန့်တယ်၊ သက်ရှိသတ္တဝါအားလုံးကို ဘုန်းကြီးရဲ့မေတ္တာနှင့် ကရုဏာအောက်သို့ သိမ်းသွင်းပြီး မေတ္တာစိတ် ဖြန့်ကျက်တယ်၊ ပြီးလျှင် ထိုသို့လုပ်ရမှ စိတ်အာရုံရှင်းပြီး ကြည်လင်နေတယ်။

ထိုအခါ ကိုယ်ခန္ဓာ ဣရိယာပုထ်ကို အနည်းငယ်ပြင်ဆင်ကာ လက်ယာဘက် စောင်းအိပ်လိုက်ပြီး အာနာပါနကမ္မဋ္ဌာန်း အာရုံ ယူလိုက်တယ်။

ရာသီဥတု ချမ်းအေးတဲ့ တောကြီး၊ တောင်ကြီး ဒေသဖြစ်လို့ စောင်ထူထူခြုံပြီး အိပ်ရမြဲဖြစ်တယ်၊ အလွန်ချမ်းအေးတဲ့ တောကြီး တောင်ကြီးရဲ့ အအေးဆုံး ဆောင်းရာသီအလယ်မှာဆို

ယင် ဘုန်းကြီးက ရနိုင်သမျှ စောင် ၉-ထပ်လောက်ခြုံပြီး အိပ်ပါတယ်၊ ကမ္မဋ္ဌာန်းအာရုံ စွဲမြဲနေသော သမာဓိကြောင့် အလင်းရောင် ထွက်နေလေ့ရှိတယ်။

အိပ်ရာဝင်စောင်ခြုံပြီး၊ ရတနာသုံးပါး ရှိခိုးခြင်း၊ ပတ်ဝန်းကျင်မှစ၍ သတ္တလောကခြုံ မေတ္တာပြန့်ပွားခြင်း ပြုနေစဉ်မှာပဲ အလင်းရောင်ထွက်လာနေတယ်၊ အာနာပါန ဘာဝနာရှုပွားနေခိုက်မှာဆိုယင် စောင်ခြုံ အတွင်း ဖြူဖွေးသော အလင်းရောင်ကြီး လင်းလိုက်ပုံမှာ အပ်န်ဖွားပေါက်ထိုးလို့တောင် ရနိုင်လောက်တယ် ထင်မိတယ်။

အဲဒီအလင်းရောင်က အားကောင်း လာတော့ ခြုံလွှမ်းထားတဲ့စောင် (၉) ထပ်ကို ထွင်းဖောက်ပြီး ကျောင်းထဲမှာ တစ်ခန်းလုံး လင်းနေတယ်၊ နောက်ပြီး ပိုမို အားကောင်းလာတဲ့ အလင်းရောင်ကြီးဟာ ကျောင်း ခေါင်မိုးကို ထွင်းဖောက်ပြီး အပေါ်ကောင်းကင်ပြင်မှာ မြင့်မားစွာ ထိုးထွက်နေတယ်။ ဒီအကြောင်း လူအများက မေးမြန်းလွန်းမက မေးမြန်းကြမှ ဘုန်းကြီးလဲ သတိပြုမိတော့တယ်၊ သတိပြုဆင်ခြင်မိခါမှ အဖြစ်မှန်ကို ကိုယ်တိုင် သိရှိတော့တယ်၊ ချင်းလူမျိုးတွေ၊ ဂေါရခါးတွေ ညစဉ်ညတိုင်း တွေ့မြင်နေကြတဲ့ အလင်းရောင်ကြီးဆိုတာ ဂေါရခါး ဒကာတော့ ခြေရာခံပြီး ညတွင်းချင်း လေ့လာ စုံစမ်းကြတော့မှ ဘုန်းကြီးကျောင်း ခေါင်မိုးပေါ်က ဘလိုက်မီးရောင်ကြီးလို ထိုးထွက်နေကြောင်း မြင်တွေ့သွားခြင်း ဖြစ်တယ်။

ဒါဟာ ဘုန်းကြီးရဲ့ ကမ္မဋ္ဌာန်း ဘာဝနာ နိမိတ်အလင်းရောင်ကြီး ဖြစ်ကောင်းဖြစ်ပေလိမ့်မယ်။ ဤမျှဆိုလျှင် သိသာနိုင်လောက်ပါပြီ။

## အာနာပါန စွမ်းအင်

ကမ္မဋ္ဌာန်း လေးဆယ်ထဲမှာ သမထချင်း တူကြသော်လဲ အာနာပါနဟာ လူတို့ရဲ့အသက် ရှူခြင်းကို သတိပြုရတဲ့ သမာဓိ

အလုပ်ဖြစ်လို့ ထူးခြားသော စွမ်းအင်ရှိတယ်၊ မြေကြီးလိုက်ထဲပိတ်လှောင်ပြီး အချိန်ကြာကြာနေလို့လဲ လူမသေဘူး။ ယောဂီအချို့ ရေထဲဆင်းပြီး အသက်မရှူဘဲ နေသလို အချိန်ကြာကြာနေနိုင်စွမ်း ရှိတယ်။ ထို့ပြင် အာနာပါနဲ့ ရှုပွားရင်း ရေကိုသာသောက်ပြီး အလုံပိတ်ထားသော ဂူလိုဏ်ထဲမှာ (၄၉) ရက်တိုင်အောင် နေနိုင်ကြသူ အများရှိကြတယ်။

အာနာပါန ကမ္မဋ္ဌာန်းကို အချိန်ကြာကြာပွားများ အားထုတ်ဖူးသူ သေလျှင် မပုပ်ပါ။ အထူးသဖြင့် အာနာပါနဲ့ ဘာဝနာကို သမာဓိ ပိုင်အောင် အားထုတ်ထားဖူးတဲ့ ရဟန်းပုဂ္ဂိုလ်တို့ဟာ ပျံလွန်သွားသောအခါ ရုပ်ကြွင်း ခန္ဓာ ပုပ်ခြင်း မရှိကြပါဘူး။ နှစ်ပေါင်း ကြာကြာထားသော်လဲ ပုပ်ဆွေးခြင်း မရှိကြဘူး။

နောက်ပြီး အာနာပါန ဘာဝနာကို ထိရောက်အောင် အားထုတ်ထားတဲ့ ပုဂ္ဂိုလ်များ ဈာန်အဘိညာဉ်ကို ဖြစ်စေနိုင်ကြတယ်၊ အာသဝေါကုန်ပြီး ရဟန္တာအဖြစ်သို့လဲ ရောက်နိုင်စွမ်းရှိကြတယ်။ ဒါ့ကြောင့် မြန်မာနိုင်ငံမှာ ရဟန္တာဖြစ်သွားကြတဲ့ ရဟန်းပုဂ္ဂိုလ်တွေ အမြောက်အမြား ရှိနေခြင်းဖြစ်တယ်။

## အာနာပါန ၂-မျိုးရ ကမ္မဋ္ဌာန်း

သမထ လေးဆယ်ထဲမှာ အာနာပါနကို သမထ ကမ္မဋ္ဌာန်းသာ ဖြစ်တယ်လို့ တချို့က ပြောတတ်ကြတယ်။ လူအချို့က ဝိပဿနာဖြစ်တယ်ယှိုလဲ ပြောကြတယ်၊ ခုခေတ် ရိပ်သာအဖွဲ့ဖွဲ့၍ စုံအောင် တရားအားထုတ်ခဲ့ကြတဲ့ ဒကာကြီးအချို့ ငြင်းခုံကြတယ်။ ငြင်းခုံကြပြီး ဘယ်ဟာ မှန်ပါသလဲလို့ ဘုန်းကြီးထံလာရောက်မေးမြန်းလို့ ဖြေကြားပေးခဲ့ရဖူးတယ်။

အဖြေက တိုတိုပါပဲ။ အာနာပါနကိုသမထရှုလျှင် သမထဖြစ်တယ်၊ ဝိပဿနာရှုလျှင် ဝိပဿနာ ဖြစ်တယ်၊ ၂-မျိုး ရတဲ့ ကမ္မဋ္ဌာန်း ဖြစ်တယ်။

(ဥပမာ) စိတ်အာရုံနှာသီးဖျား၌ စိုက်ပြီး ထွက်လေ တစ်မျိုးကိုဖြစ်စေ၊ ဝင်လေ တစ်မျိုးကိုဖြစ်စေ၊ ထွက်လေနှင့် ဝင်လေ ၂-မျိုးလုံးကိုဖြစ်စေ ထင်မြင် နေစေခြင်း၊ အာရုံမလွတ်အောင် ရှုပွားနေခြင်းဖြစ်လျှင် သမထဖြစ်တယ်လို့မှတ်ပါ။

ထွက်လေများ ပျောက်ပျက်သွားပုံ၊ ဝင်လေများ ချုပ်ဆုံးသွားပုံကိုသာရှုကြည့်ဆင်ခြင်နေမယ်ဆိုလျှင် ဝိပဿနာဖြစ်တယ်လို့ မှတ်ပါ။

ဒါ့ကြောင့် အာနာပါန ကမ္မဋ္ဌာန်းဟာ သစ်ပင်ကိုခုတ်လှဲတဲ့အခါ ကိုင်းညွှတ်ရာဘက်သို့ လဲကျသလို ဥပမာယူရမယ်။ သမထဖြစ်စေချင်လျှင် သမထ အဖြစ် ရှုလို့ရတယ်။ ဝိပဿနာ ဖြစ်စေချင်လျှင် ဝိပဿနာ အဖြစ် ရှုလို့ရတယ်လို့ မှတ်ကြရမယ်။

## သမထမှ ဝိပဿနာတက်ပုံ

ဆရာဖြစ်သူက ပြောပြပေးတတ်လျှင် သမထမှ ဝိပဿနာ တက်နည်း လွယ်ပါတယ်။ သမထ ကမ္မဋ္ဌာန်း လေးဆယ်လုံး ဝိပဿနာ တက်လို့ ရတာချည်းပဲလို့ မှတ်ပါ။

(ဥပမာ) အာနာပါနကို သမထ ရှုကြည့်နေရာက ဝိပဿနာ ဖြစ်အောင် ရှုကြည့်လိုလျှင် နည်းပေးမယ်။

ဝိပဿနာဆိုတာ အနိစ္စ–အမြဲမရှိခြင်းကို ရှုကြည့်ဆင်ခြင်ရတဲ့ တရားဖြစ်ပုံကို ပြောခဲ့ပြီ။ ဒီမှာ အာနာပါနကို ထွက်လေတစ်မျိုးတည်းသာ အာရုံမလွတ်အောင် ရှုပွားနေပါက သမထဖြစ်တယ်။ ဝင်လေတစ်မျိုးတည်းသာ အာရုံမလွတ်အောင် ရှုပွားနေပါက သမထ ဖြစ်တယ်။ ထွက်လေရော ဝင်လေရော အာရုံမလွတ်အောင်ရှုပွားနေက သမထ ဖြစ်တယ်။

(၁) ဒီသဘာဝကို ရှုကြည့်ပုံ ပြင်ဆင် ပြောင်းလဲပြီး ဝင်လေကို ဝမ်းထဲမှာ ချုပ်ငြိမ်းသွားပြီး မမြဲကြောင်း အနိစ္စသဘော ကပ်ပြီး ရှုကြည့်နေပါက အနိစ္စဝိပဿနာ ဖြစ်လာတယ်။

ဝင်လေသက်သက်ကို ဖြစ်စေ၊ ထွက်လေရော ဝင်လေပါ တစ်ပေါင်းတည်းဖြစ်စေ ဝမ်းတွင်းမှာချုပ်ငြိမ်းသွားပြီး မမြဲကြောင်း အနိစ္စ သဘော လက္ခဏာ တင်၍ ဆင်ခြင် ရှုကြည့်နေပါက အနိစ္စ ဝိပဿနာ ဖြစ်လာတယ်။ ဝင်လေကို အပြင်ရောက်လျှင် ပျောက်လွင့်သွား၍ မမြဲကြောင်း အနိစ္စသဘော ကစ်ရှုရတယ်။ ထွက်လေနှင့် ဝင်လေ ၂-မျိုးစုံကိုလဲ နည်းတူ ရှုကြည့်တတ်လာမယ်။

(၂) ဒုက္ခဝိပဿနာ ဖြစ်စေချင်လျှင် ထွက်လေ၊ ဝင်လေ ရှူသွင်းရခြင်း၊ မှုတ်ထုတ်ရခြင်းကို ဆင်းရဲသော ဒုက္ခလက္ခဏာ သဘော ကပ်၍ရှုကြည့်ဆင်ခြင်နေပါက ဒုက္ခ ဝိပဿနာဖြစ်တယ်။

(၃) အနတ္တဝိပဿနာ အဖြစ် အထက်ပါနည်းတူ ထွက်လေ၌ အစိုးမရ၊ ဝင်လေ၌ အစိုးမရပုံ ထွက်လေရော ဝင်လေပါ အစိုးမရပုံ၊ သူ့သဘောအတိုင်း ထွက်ဝင် သွားလာနေကြပုံ သဘောလက္ခဏာဖြင့် ရှုကြည့် ဆင်ခြင်နေပါက အနတ္တဝိပဿနာ ပိုင်လာမယ်။

## ဈာန်အဘိညာဉ်သို့

သမထနှင့် ဝိပဿနာ ဘာဝနာ ၂-မျိုးရှိရာတွင် သမထကမ္မဋ္ဌာန်းက ဈာန်အဘိညာဉ်ကို ဖြစ်စေတယ်၊ ဝိပဿနာကမ္မဋ္ဌာန်းက မဂ်ဉာဏ်ဖိုလ်ဉာဏ်ကိုဖြစ်စေတယ်၊ ဈာန်ကို မဖြစ်စေကြောင်း ရှင်းစွာ နားလည်ထားရမယ်။

"ဈာန်ကိုဘယ်လိုဖြစ်စေရမလဲ"လို့ ရဟန်းပုဂ္ဂိုလ် အချင်းချင်း မေးလေ့ရှိကြသောကြောင့် တတ်စွမ်းနိုင်သမျှ ဖြေကြားခဲ့ရဖူးတယ်။ ဒီနေရာမှာ နမူနာအဖြစ် ပြောရလျှင်—

(၁) ပရိကမ္မနိမိတ် အာနာပါနကို သမထ အဖြစ် နှာဝ၌ လေထွက်နေပုံ၊ ဝင်လာပုံကို အာရုံမပြတ်အောင် ရှုကြည့်နေပါက သမာဓိ ခိုင်လာမယ်၊ သမာဓိခိုင်လာလျှင် ကိုယ်တိုင် ထွက်သက်ဝင်သက် ရှုကြည့်နေပုံကို ပိုင်စွာ ထင်လာမြင်လာ

မယ်၊ ထိုအခြင်းအရာကို ပရိကမ္မနိမိတ် ထင်တယ်လို့ ခေါ်တယ်၊ ရှေးဦးစွာ အလုပ်စခန်းဝင်နေပုံ အခြေခံအခြင်းအရာလို့အမိပ္ပာယ် ရတယ်။

(၂) ဥဂ္ဂဟနိမိတ် ထိုနည်းအတိုင်း ဆက် လက် ပြီး သမာဓိခိုင်သည်ထက်ခိုင်၊ ပိုင်သည်ထက်ပိုင်လာအောင် ရှုကြည့်နေ့ ဖန်များလျှင် ထိုပရိကမ္မ နိမိတ် မြင်နေရာက ပိုပြီး နှာဝ၌ လေ ဝင်ပုံ၊ လေထွက်ပုံဟို ပွတ်ကြိုးဆွဲနေဘိသို့ ရှင်းလင်းစွာ မြင်လာ မယ်၊ ထိုအမြင်ကို ပိုင်ပိုင်ကြီး ရှုကြည့်ဖန်များလာတော့ နှာဖျား မှ ခွာပြီးကြည့်ပါ၊ စိတ်အာရုံ ချချင်ရာ၌ချ၍ ကြည့်ရှုရာတိုင်း ထွက်လေ ဝင်လေသွားနေပုံ ပွတ်ကြိုးဆွဲနေဘိသို့ အမြင်မြဲနေမယ်၊ ထိုအခြင်းအရာကိုခွာ၍ရသောကြောင့် ဥဂ္ဂဟနိမိတ် ထင်တယ်လို့ နားလည်ရမယ်။

(၃) ပဋိဘာဂနိမိတ် ဤနည်းအတိုင်း ရှုကြည့်ပွားများ ရခြင်းကို စိတ်ဝင်စား၍ ပျော်မွေ့၍လာလျှင် ဆက်လက်ရှုကြည့် အားထုတ် အမြဲမှတ်မယ်၊ မြဲနေပြီး ကမ္မဋ္ဌာန်း နိမိတ်အာရုံသည် ယခင်မြင်နေကျထက်ပို၍ ကြည်လင်လာမယ်၊ သန့်ရှင်းမယ်၊ ပွတ် ကြိုးဆွဲနေပုံထက် ကြီးမားသော မီးခိုးလုံးပမာ မြင်လာတတ် တယ်၊ တဖြည်းဖြည်းကြီး၍၊ ကျယ်ပြန့်၍ ဝါဂွမ်းပုံကြီးပမာ၊ တိမ်ထုကြီးပမာ၊ ကြီးထွား၍လာမယ်၊ သန့်ရှင်း ကြည်လင်လာ မယ်။ အဲဒီ ကမ္မဋ္ဌာန်းနိမိတ်ကို ပဋိဘာဂနိမိတ် လို့ ခေါ်တယ်။

ဤအဆင့်၌ အဆက်မပြတ်အောင်၊ အာရုံမကွက်အောင် ရှုကြည့်ဆင်ခြင်ပွားများသွားပါက၊ စျာန်ရနိုင်တယ်လို့ နားလည် ကြပါ၊ စာပကားဖြင့် စျာန်အင်္ဂါငါးပါးဆင့်ကာ ဖြစ်ပေါ်ပြီး လျှင် စျာန်ရသောပုဂ္ဂိုလ်ဖြစ်လာတယ်လို့ လမ်းစဉ်ကို ညွှန်းပါ တယ်။

အဲဒီကမ္မဋ္ဌာန်းဆင့် အဘိညာဉ်တက်လို့ အောင်မြင်သွား ပါလျှင်--

၁။ နှုတ်မျက်စိကဲ့သို့ ထိုးဖောက်မြင်ရခြင်း၊
၂။ ကြားရခြင်း၊
၃။ သူတစ်ပါးစိတ်အကြံကိုသိခြင်း၊
၄။ မိမိ့သူတစ်ပါးတို့ ကျင်လည်ခဲ့ရသော ဘဝ အဖြစ်သနစ်တွေကို ပြန်လည် ဇအောက်မေ့သိရှိနိုင်ခြင်း၊
၅။ မြေလျှိုးမိုးပျံ့ အမျိုးမျိုး တန်ခိုး ဖန်ဆင်းနိုင်ခြင်း စတဲ့ တန်ခိုးတွေကို ရလာကြမြဲဖြစ်ပါတယ်။

## မြန်မာပြည်မှာ

## ရဟန္တာပုဂ္ဂိုလ်တွေအဆက်မပြတ်ရှိကြတယ်

မြန်မာပြည်မှာ ရဟန္တာပုဂ္ဂိုလ် မဆိတ်ကြောင်း စာပေကျမ်းဂန်တတ်၊ အမြော်အမြင် ကြီးမားတော်မူကြသော ဆရာတော်ကြီးတွေ အဆက်ဆက် မိန့်ကြားချက်ရှိကြတယ်။ ရှေးလွန်လေပြီးသော တကောင်းခေတ်၊ ဟန်လင်းကြီးခေတ်မှစပြီး မင်းအဆက်ဆက် ခေတ်အဆက်ဆက် အင်္ဂလိပ်အစိုးရခေတ်၊ ဖဆပလခေတ် မကျန်၊ ယနေ့ခေတ်တိုင်အောင် မြန်မာနိုင်ငံတွင် ရဟန္တာပုဂ္ဂိုလ်တွေ အဆက်မပြတ်ရှိနေကြတယ်ဆိုတာ မှန်ပါတယ် ဤအကြောင်းကို (သီဟိုဠ်ကျွန်း)သီရိလင်္ကာနှင့် (ယိုးဒယား) ထိုင်းနိုင်ငံတို့ကတောင် ကောင်းစွာ ကြားသိနေကြပြီးဖြစ်တယ်၊ ထို့ကြောင့် အထင်ကြီးကြတယ်။

## ရဟန္တာပုဂ္ဂိုလ်တွေ ဘယ်နေရာမှာနေကြပါသလဲ

မြန်မာနိုင်ငံတွင်းမှာ ရဟန္တာပုဂ္ဂိုလ်မြတ်ကြီးတွေ အဆက်မပြတ်ရှိနေခဲ့ကြကြောင်း သတင်းကောင်းကို ကြားသိနေကြသော နိုင်ငံခြားသား ခရီးသွားတို့က ဘုန်းကြီးထံပါး ချဉ်းကပ်ပြီး "ရဟန္တာပုဂ္ဂိုလ်ကြီးတွေ ဘယ်နေရာမှာရှိကြပါသလဲ၊ ဘယ်မြို့ ဘယ်ရွာ၌ နေထိုင်ကြပါသလဲ" လို့ မေးမြန်းကြဖူးတယ်။

အမှန်မှာ မြန်မာပြည်၌ ရဟန္တာပုဂ္ဂိုလ်တွေ အဆက်မပြတ်ရှိနေခဲ့ကြတယ်ဆိုတာ ဟုတ်ပါတယ်၊ သို့ရာတွင် ရဟန္တာတို့မည်သည်မှာ ငါ ရဟန္တာလို့ မပြောလိုကြပါ၊ ရဟန္တာပုဂ္ဂိုလ်ဟူ၍ဆိုင်းဘုတ်ဆွဲပြီး နေကြဖူးခြင်းလဲ မရှိကြပါ။ ထို့ကြောင့် ရဟန္တာပုဂ္ဂိုလ်မြတ်တွေရှိရာနေရာကို လက်ညှိုးညွှန်ပြဖို့ မဖြစ်နိုင်ပါ။

"ဒါဖြင့် ယခုအချိန်မှာ မရှိကြတော့ဘူးလား" လို့ မေးမြန်လျှင်

"ရှိတော့ရှိကြပါတယ်၊ မြန်မာပြည်မှာ အဆက်မပြတ်အောင်ပင် ရှိနေခဲ့ကြပါတယ်၊ ယခုမျက်မှောက်ခေတ်အခါမှာလဲရှိနေကြဆဲပါလို့ ပြောရမယ်ဖြစ်ပါတယ်၊ အကြောင်းမှာ ဆရာတော်ကြီးတွေ ပျံလွန်ပြီး ရုတ်ကြွင်း ခန္ဓာကို မီးသင်္ဂြိုဟ်ခြင်းဖြစ်ကြတဲ့အခါ၊ ဓာတ်တော်တွေကျကြောင်း မြင်ကြခါမှ "ဒီဆရာတော်၏ ရဟန္တာပုဂ္ဂိုလ်ကြီး ဖြစ်နေတာကို၊ အခုမှ အမှန်သိရတော့တယ်" လို့ အံ့သြပြီး ကြည်ညိုကြရတာ မကြာခဏပါပဲ။

ရှေးခေတ်က ဘုန်းတော်ကြီး ဦးသီလ၊ ဤခေတ်မှာ မိုးကုတ်ဆရာတော်ကြီး ဦးဝိမလ၊ အုတ်အိုင်ကျောင်း ဆရာတော်ကြီး (ဦးသာရွှန်း) ဦးကဝိန္ဒ၊ မကြာသေးမီက တံတားဦးမြို့နယ်၌တစ်ပါး မီးသင်္ဂြိုဟ်ရာ ဓာတ်တော်တွေကျခါမှ ရဟန္တာဖြစ်နေကြောင်း သိကြမြင်ကြရပုံ သတင်းစာထဲမှာ ပါလာလို့ လူအများ သိကြရတယ်။

ရှေးခေတ် တကောင်းမြို့၊ ဟန်လင်းကြီးမြို့များ အရှိန်ကောင်းနေချိန် ကာလတစ်လျှောက်မှာလဲ ရဟန္တာပုဂ္ဂိုလ်တွေများစွာ ဖြစ်ထွန်းခဲ့ကြဖူးပါတယ်။

ထိုခေတ် လက်ကျန် ယနေ့တိုင် ရဟန္တာဓာတ်တော်များသိမ်းဆည်းပူဇော်ထားထားကြတာ မျက်မြင်တွေ့ကြရပါတယ်။ လုံလောက်သော သက်သေအထောက်အထားကြီးတွေဖြစ်တယ်။

ဘယ်လောက် များပါသလဲဆိုယင် တောင်းနှင့် တင်းနှင့်ခြင်ရ လောက်အောင်များပြားပါတယ်။

မြန်မာနိုင်ငံမှာ ရဟန္တာပုဂ္ဂိုလ်မြတ်တွေ ရှိနေကြပါတယ်၊ သို့ရာတွင် လူသိမခံလိုကြပါ၊ အကြောင်းမှာ ကြည်ညိုချင်၍လာ နေကြသော လူတွေ တရုန်းရုန်းနှင့်နေရမည်ကို ကြောက်ကြသော ကြောင့်ဖြစ်တယ်၊ အကယ်၍ ဘုန်းကြီးကိုယ်တိုင် ရဟန္တာပုဂ္ဂိုလ် ဖြစ်ခဲ့လျှင်လဲ လူအများကိုအသိပေးဝံ့မည် မဟုတ်ပါ။ ထိုကြောင့် မြန်မာနိုင်ငံမှာ ရဟန္တာပုဂ္ဂိုလ်အမှန်ရှိနေကြလျက် ဘယ်ဆီ လိုက် ရှာရမည်မသိအောင် ဖြစ်ကြရခြင်းပါ၊ နားလည်ကြပါဟူ၍ ပြန် ကြားပါတယ်။

## လေ့ကျင့်မှုသိက္ခာ အဆင့်သုံးဆင့်

သံသရာဝဋ် ဒုက္ခဝဋ်က ထွက်မြောက်စေနိုင်တဲ့နည်းလမ်း ကို လိုရင်း အချုပ်ပြောပြမယ်။ လွယ်ပါတယ်။

သာသနာလို့ဆိုတာက အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာ ဒီသုံးပါးကို ခေါ်ဆိုခြင်းဖြစ်တယ်။ နိဗ္ဗာန်ရောက်ကြောင်း မဂ္ဂင် ရှစ်ပါး လမ်းစဉ်ဆိုတာလဲ ဒီသုံးပါးပါပဲ။

အဲဒီ သိက္ခာသုံးပါးမှာ သီလ သိက္ခာပုဒ်ဆောက်တည်ပြီး နောက် ကာယကံ သောင်းကျန်းမှု (ကာယဒုစရိုက် ၃-ပါး)၊ ဝစီကံ သောင်းကျန်းမှု (ဝစီဒုစရိုက် ၄-ပါး) မရှိအောင်နေပါ။ ဒါဆိုယင် အဓိသီလ လုံခြုံပြီလို့မှတ်ပါ။ အဲသလို လုံခြုံနေပြီဆို လျှင် 'ငါ ယခု အဓိသီလနှင့် ပြည့်စုံနေပြီ'လို့သိနေရမယ်။ သိလျှင် ဝမ်းမြောက်ကြည်နူးတဲ့စိတ်တွေ ဖြစ်လာမယ်။ နေရ ထိုင်ရတာ အလိုလို ပျော်မွေ့ချမ်းသာလာမယ်၊ ပထမဆင့် အောင်ပြီမှတ်။

ဒီ အဓိသီလ ပြည့်စုံလာတဲ့သူဟာ အာနာပါန စသည်ကို လေ့ကျင့်ထူထောင်လိုက်လို့ စိတ်အာရုံအားဖြင့် သောင်းကျန်း လှုပ်ရှားမှု (မနောဒုစရိုက် ၃-ပါး) မရှိတော့ဘဲ စိတ်တွေတည်ငြိမ် လာမယ်။ ပို၍ပြီးတော့ ဝမ်းမြောက်မှု ကြည်နူးမှု၊ ချမ်းသာမှုတွေ

ဖြစ်လာမယ်။ ဒါကို အဓိစိတ္တ (သမာဓိ)ဖြစ်လာတယ်လို့ ခေါ်တယ်၊ ဒုတိယဆင့်တက်ခဲ့ပြီလို့မှတ်ပါ။

## နိဗ္ဗာန်ဆိုတာ လက်တစ်ကမ်းမှာ

ဆက်လက်ပြီး တတိယအဆင့်၊ နောက်ဆုံးအဆင့်အနေဖြင့် သိထားဖို့က မိမိခန္ဓာကိုယ်ကြီးတစ်ခုလုံးကို ရုပ်လို့သိထားပါ။ မိမိစိတ်ကို နာမ်လို့သိထားပါ။ အဲ....ဒုတိယ အဆင့်ဖြစ်တဲ့ အဓိစိတ္တ သမာဓိ အချိန်ကြာလို့ ရင့်သန်အားကောင်းလာတဲ့ အခါ ရုပ်ကြီးဖြစ်ပြီး ပျက်နေတာရော၊ နာမ်ဆိုတဲ့ စိတ်ကလေးဖြစ်ပြီး ပျောက်ပျက်ချုပ်ငြိမ်းသွားတာရော စောင့်ကြည့်၊ စိုက်ကြည့်နေယင် သိလာလိမ့်မယ်။ အဲသလို ဖြစ်ပျက်သိမြင်တာကို အဓိပညာလို့ ခေါ်တယ်။ ရှေ့ရှောက် သူ့အလိုလို ခေါ်ခဲ့ပြီး သိသွားလိမ့်မယ်။ အဲဒါ ဉာဏ်စဉ်တွေလို့ခေါ်တယ်။

လောကမှာရှိနေတဲ့ ဘယ်ပညာတွေနှင့်မှ မနှိုင်းယှဉ်သာအောင် ကြီးကျယ်မြင့်မြတ်တဲ့ ပညာတွေဆိုတာ ဒီမှာမှ ရနိုင်တယ်။

အဲ.... သည်အခါမှာ နိဗ္ဗာန်ဟာ ငါ့လက်တစ်ကမ်းမှာပဲ ရှိနေပြီလို့ မှတ်ရမယ်။

## မိမိကိုယ်သာ အားကိုးပြုနေပါ

မြတ်စွာဘုရားက ဓမ္မပဒပါဠိတော်မှာ....
အတ္တာ ဟိ အတ္တနော နာထော၊
ကော ဟိ နာထော ပရော သိယာ။
"မိမိသည်သာလျှင် မိမိရဲ့ အားကိုးရာဖြစ်တယ်၊ တစ်ပါးသော သူသည် မိမိအားကိုးရာ ဘယ်မှာဖြစ်နိုင်ပါ့မလဲ"....တဲ့။

ဘာဝသံသရာဝဋ္ဋဒုက္ခမှ လွတ်မြောက်ရေးအလုပ်မှာလဲ မိမိကိုယ်သာ မိမိ အားကိုးပြုရမယ်လို့ တိုက်တွန်းဟောကြားတော်မူခဲ့တယ်။

ဘုရားကို မြတ်မြတ်နိုးနိုးကြည်ညိုပါ။ ယုံကြည်ပါ။ မှီခိုပါ။ အားထားပါ။ ဘုရားရှင်က ဟောကြားထားသော တရားတော်ကို ယုံကြည်ပါ။ လေးစားပါ။ မြတ်နိုးပါ။ တရားကျင့်ရေးအလုပ်ကိုသာ မြဲမြံစွာ အားထုတ်ပါ။ ငါ၏ အားကိုးရာသည် တရားသာလျှင် ဖြစ်တယ်လို့ နားလည်ထားပါ။ ဒါ အမှန်ဆုံး လမ်းစဉ် ဖြစ်တယ်နော်။

ဘုန်းကြီးက လမ်းညွှန်ပြပေးရုံသာတတ်နိုင်တယ်။ ညွှန်ပြပေးသော လမ်းအတိုင်း လျှောက်သွားရမှာက ငါ့တာဝန် ဖြစ်တယ်လို့ မှတ်ပါ။ ဘုန်းကြီးက လှေကားကို ထောင်ပေးသူပါ။ ထောင်ပေးသောလှေကားပေါ် တက်သွားရမှာက မိမိသာ ဖြစ်တယ်လို့ မှတ်ပါ။ ဘုရားရှင်ကလဲ ဒီနေရာမှာ အလွန် ပွင့်ပွင့်လင်းလင်း ဟောထားတယ်။

တုမှေဟိ ကိစ္စံ'မာတပ္ပံ၊

အက္ခာတာရော တထာဂတာ။ (ဓမ္မပဒ)

တုမှေဟိ၊ သင်တို့သည်။ ဝါ- သင်တို့ကိုယ်တိုင်။ အာတပ္ပံ၊ ကိလေသာသွေ့ခြောက်အောင်၊ သမ္မပ္ပဓာန် မြောက် အားထုတ်မှုကို။ ကိစ္စံ-ကရဏီယံ၊ ပြုလုပ်အပ်ပေ၏။ ပြုလုပ်ရမည်။ (ဘာ့ကြောင့်လဲ) တထာဂတာ၊ ဘုရားရှင်တို့မည်သည်။ အက္ခာတာရော၊ ဟောကြားရုံသာ ဟောကြားပေးတော်မူနိုင်ကြကုန်၏။

အမှန်စင်စစ် ရှေ့ဆက်လျှောက်ရမယ့်အရေး ဘယ်သူ့ကိုမှ အားကိုးပြုနေရမည် မဟုတ်ပါ။ နိဗ္ဗာန်ခရီးဖြစ်စေ၊ သံသရာခရီး ဖြစ်စေ ကိုယ့်ဝန် ကိုယ်စီထမ်း၍သာ ကိုယ်ပိုင်ဆိုင်သော ကံ

လမ်းအတိုင်း လျှောက်ကြရမှာချည်းပဲ။ ဘုရားတောင် ကူလုပ်မပေးနိုင်တာ သားသမီးနှင့် ဇနီး လင် ဆွေမျိုးမိတ်ဆွေသင်္ဂဟတွေကို အားကိုးပြုနေလို့လဲ အပိုပဲ။ မိမိကိုယ်ကိုသာ မိမိ အားကိုးပြုသွားကြရမှာ ဖြစ်ကြောင်း တို့ သူငါ အားလုံး ရှင်းရှင်း နားလည်ထားကြရမယ်။

## အကောင်းဆုံးနည်းလမ်းကိုပြောမယ်

ဒီလိုလုပ်ပါ။ အကောင်းဆုံးညွှန်ကြားမယ်။ သံသရာဒုက္ခမှ မြန်မြန်လွတ်မြောက်စေရန် ပကတိသာဝကဆိုကို တောင်းပါ။ ယခုအခါ ရဟန္တာ ဖြစ်နိုင်သော ခေတ်ကောင်းကြီး ဖြစ်တယ်။ အနည်းဆုံး ငါးပါးသီလကို မြဲမြဲမြံမြံ နိုးနိုးမြဲပါ။ စောင့်ထိမ်းပါ။ သီလဥ္စတည်ပြီးလျှင် စိတ်ထဲကကိုက "ငါလိုရာကြံသမျှ ပြီးမြောက်တော့မယ်" လို့ အလိုလိုသိမြင်လာလိမ့်မယ်။ ဒီအမြင် မှန်ကန်တယ်။ စိတ်ချယုံကြည်နေပါ။

သံသရာထဲမှာ အဆင့်အတန်းမြင့်မြင့် ချမ်းချမ်းသာသာနဲ့ ကျင်လည်လိုတဲ့သူဖြစ်ဖြစ်၊ သေလက်စ,မဆုံးတဲ့ ဘဝတွေ အဆုံးသတ်ချင့်လှပါပြီဆိုပြီး ဘဝ သံသရာဒုက္ခကြီးမှ အပြီးတိုင် လွတ်မြောက်လိုတဲ့သူပဲ ဖြစ်ဖြစ် အကောင်းဆုံးနည်းလမ်း အချုပ်ကို ထပ်ပြီးညွှန်ပြဦးမယ်။ လေးလေးနက်နက် မှတ်သားပါ။ လိုက်နာပါ။

ခုနကပြောခဲ့တဲ့ အာနာပါန ထွက်လေဝင်လေ ကမ္မဋ္ဌာန်း အလုပ်ကို မိမိနှာသီးဖျားဝမှာ အာရုံစိုက်ပြီး ထွက်လေထိတိုင်း 'သိ' ဟု စိတ်ထဲကမှတ်ပါ။ ဝင်လေထိတိုင်း 'သိ' ဟု သိမှတ်နေပါ။ ထွက်လေ ဝင်လေ ထိတိုင်း ထိတိုင်း အသိမြဲနေလျှင်၊ ပိုင်နေလျှင် အောင်ပြီဟုမှတ်။

## သင်္ခါရထိစွဲတွေ ကွာကျသွားမယ်

တခြားအာရုံမဝင်စေဘဲ ထိုအသိကို အဆက်မပြတ် တသိထဲ သိနေအောင်လုပ်ပါ။ ဒီသမာဓိအလုပ်ကို နေ့လုံးပေါက်၊ ညလုံး ပေါက် သိနေစွမ်းရှိအောင် အားထုတ်နိုင်ပြီဟုဆိုလျှင် ဘဝ ဝဋ် ဒုက္ခမှ ထွက်မြောက်ဖို့ နီးပြီလို့ မှတ်ပါ။ ထိုအခါ ဘယ်သူ့ကိုမှ တွယ်တာနေချင်စိတ် မရှိပုံ ပေါ်လာမယ်။ ဘယ်သူ့ကိုမှ အား ကိုးနေရန် မလို၊ တရားကိုသာ အားစိုက်ခွန်စိုက် ထုတ်ချင်းပေါက် အောင်မြင်ဖို့သာ လိုကြောင်း၊ တရားသာလျှင် အားထားရာရှိတော့ ကြောင်း သိမြင်လာလိမ့်မယ်။ လက်တွေ့ အားထုတ်ကြည့်က သိ မယ်၊ ဒီအမြင်ဟာ နည်းလမ်း အမှန်ဖြစ်တယ်လို့ စိတ်ကိုဒုန့်ဒုန့်ချ ယုံကြည်ထားကြရမယ်။

အဲသလို အာနာပါန ထွက်လေ ဝင်လေခေါ်တဲ့ ဝါယော ရုပ်ကိုသာ စိတ်အာရုံကပ်ပြီး နာမ်က သိ–သိ နေမှု အရှိန်ကောင်း စွာ အဆက်မပြတ် စွဲမြဲနေခြင်းသည် ပစ္စုပ္ပန်တည့်တည့် တည်နေ ခြင်းဖြစ်တယ်။ ထိုအခါ ရုပ်နာမ်တွေသာ အဆက်မပြတ် ဖြစ်ပျက် နေတာပဲတွေ့ရမယ်။ ထိုအခါမျိုးမှာ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ-မရှိဆိုတာ မှန်ပုံ၊ ဘုရားဟော ဆိုချက်-တကယ်မှန်ပုံ လက်တွေ့ကျကျ သဘာဝအမှန်ကို အလိုလို သိမြင်လာမယ်။ သက္ကာယဒိဋ္ဌိခေါ်တဲ့ငါစွဲအတ္တတွေအလိုလိုကွာကျ သွားခြင်းဖြစ်တယ်ဆိုတာ နားလည်ပါ။

## တစ်ကြိမ်လောက် အားခဲလိုက်ပါ

ဖြစ် ပျက်ကို ပိုင်စွာ မြင်နေခြင်းဟာ အနိစ္စ ဝိပဿနာ ပိုင်စွာ မြင်နေခြင်း ဖြစ်တယ်။ မမြဲသော အနိစ္စ ဝိပဿနာပိုင် လျှင် ဆင်းရဲသော ဒုက္ခဝိပဿနာကို တစ်ဆက်တည်းဖြစ်လာမယ်။ တစ်ဆက်တည်း ဘာကိုမှ အစိုးမရဘဲ့ အနတ္တဝိပဿနာ သဘော ကိုပဲ ရှင်းလင်းပြက်သားစွာ မြင်လာမယ်။

တစ်ကြိမ်တစ်ခါ ထိထိခိုက်ခိုက် ပိုင်ပိုင်နိုင်နိုင် လုပ်ထားဖူးလျှင် အချိန်မရွေး ကောက်လုပ်လို့ လွယ်သွားပြီ မှတ်။ ရပ်မထားနှင့် ဆက်တိုက်မလျှော့ဘဲ ရုပ်နာမ် ဓမ္မသင်္ခါရတွေဖြစ်ပေါ်၍ ဖြစ်ပေါ်၍ချုပ်ငြိမ်း၍ ချုပ်ငြိမ်း၍ သွားပုံကို မမြင်ရမချင်း ရှုကြည့်သွားကြပါ။ သံသရာဝဋ်ဒုက္ခမှ ထွက်မြောက်ရာ လမ်းမှန်ကြီး အလိုလိုပေါ်ပေါက်လာလိမ့်မယ်လို့ မှတ်ပါ။ လိုရင်းက ဒါပါပဲ။

## အရိယာတို့ စိတ်နေသဘောထား အမြွက်

သမထဝိပဿနာတရားကိုနိဂုံးချုပ်အနေအားဖြင့် အရိယာပုဂ္ဂိုလ်ဖြစ်ပုံနှင့် နိဗ္ဗာန်သဘော အချုပ်ကို ပြောမယ်။

အရိယာပုဂ္ဂိုလ်ဆိုတာ အချုပ်အားဖြင့် လေးမျိုးရှိတယ်။ လေးမျိုးက—

၁။ သောတာပန် ပုဂ္ဂိုလ်၊

၂။ သကဒါဂါမိ ပုဂ္ဂိုလ်၊

၃။ အနာဂါမိ ပုဂ္ဂိုလ်၊

၄။ ရဟန္တာ ပုဂ္ဂိုလ်လို့ လေးမျိုး၊ တစ်မျိုးတစ်မျိုးမှာ မဂ်ပုဂ္ဂိုလ် ဖိုလ်ပုဂ္ဂိုလ် ၂-မျိုးစီ ရှိတဲ့အတွက် ၈-မျိုးဖြစ်တယ်။ အရိယာပုဂ္ဂိုလ် ရှစ်ယောက်လို့ ခေါ်တယ်။

ပုထုဇဉ်က သောတာပန် အရိယာဖြစ်ချင်လျှင် ရှေ့ကပြောခဲ့တဲ့အတိုင်း ကျင့်ကြံ ပွားများရတယ်။ သောတာပန်က သကဒါဂါမိ စသည် ဖြစ်အောင် ကျင့်ကြံရမှာလဲ ကျင့်ကြံနည်းက အပြောင်းအလဲ မရှိဘူး။ ဒီနည်းပဲ။ သဒ္ဓါ, ဝီရိယ တိုးမြှင့်ပြီး တစ်ဆင့်ထက် တစ်ဆင့် ကျင့်သွားရုံပဲ၊ သွားနေကျလမ်း၊ လုပ်နေကျအလုပ်ဆိုတော့ ဘာမှ ပင်ပန်းတယ် မရှိတော့ဘူး။

အရိယာ ပုဂ္ဂိုလ် ဖြစ်သွားလျှင် အပါယ်လေးပါးဘေးက အပြီးတိုင် လွတ်ငြိမ်းခွင့်ရှိသွားပြီ။ ယုတ်နိမ့်တဲ့ ဘဝမျိုးတွေ

မှာလဲ မဖြစ်ရတော့ဘူး။ အောက်ထစ်ဆုံး သောတာပန်ဖြစ်သွား တယ်ဆိုယင်ပဲ ငါးပါးသီလကို အလိုလိုလုံခြုံသွားပြီ၊ ငါးပါးသီလ လုံခြုံတဲ့အတွက် သီလမလုံလို့ ကျရောက်တတ်တဲ့ဘေးတွေက ကင်း လွတ်သွားခြင်း ဖြစ်တယ်။

သောတာပန် ပုဂ္ဂိုလ်ရဲ့ အတွင်းစိတ်နေသဘောထားဟာလဲ လူသာမန်တွေနဲ့ မတူတော့ဘူး။ အသိတွေလဲမတူတော့ဘူး။ အမြင် တွေလဲ မတူတော့ဘူး။ တမင်ဆင်ခြင်စဉ်းစားပြီး ရှောင်ကြဉ်နေ ရတာမျိုး မဟုတ်ဘူး။ အလိုလိုတိုးတက်ပြောင်းလဲသွားခြင်းဖြစ် တယ်။ နိဗ္ဗာန်ကို ရှေးဦးစွာ ရရှိသိမြင်သွားသူလို့ ခေါ်ရတယ်။

## သောတာပန်ဆိုတာ

သောတာပန် ပုဂ္ဂိုလ်ရဲ့ စိတ်မှာ—

၁။ ရုပ်နာမ်ကို ငါ, ငါ့ဟာလို့ စွဲလမ်းယူဆခြင်းမရှိဘူး (ဒိဋ္ဌိ)။

၂။ တရားစစ် တရားမှန်ကိုလဲ ချီတုံချတုံ ဝေဖန်စဉ်းစား နေတာ သံသယဖြစ်နေတာ မရှိဘူး။ (ဝိစိကိစ္ဆာ)။

၃။ မှားယွင်းတဲ့ ခွေး နွား အကျင့်မျိုး (သီလဗ္ဗတ ပရာမာသ)လဲ မရှိဘူး။

၄။ ကိုယ့်ထက် သူများက ပိုပြီး ကောင်းစားသွားမှာကို မနာလိုတဲ့ (ဣဿာ)စိတ်၊ ကိုယ့်လို သူများကောင်း စားလာမှာကို ဝန်တိုတဲ့ (မစ္ဆရိယ) စိတ်မျိုးလဲ မရှိ တော့ဘူး။

ဒါအောက်ထစ်ဆုံးသောတာပန်အရိယာတို့ရဲ့ စိတ်ထား ဒီယုတ်ညံ့တဲ့ စိတ်ထားတွေ ကင်းကွာသွား တယ်ဆိုယင်ပဲ ဘယ်လောက် ချမ်းသာ ငြိမ်းအေး သွားမယ်ဆိုတာ ခန့်မှန်းနိုင်လောက်ပြီ။ ဒီတော့....

၅။ ဘုရား-တရား-သံဃာ ရတနာသုံးပါးကို ခြွင်းချက်မရှိ အားကိုး ယုံကြည်သူ ဖြစ်သွားပြီ။
၆။ ခိုးလို့ သတ်လို့ လိမ်လိုတဲ့ စိတ်တွေ ဒီဘဝ မပြောနဲ့၊ နောက်ဘဝ အဆက်ဆက်မှာတောင် မရှိနိုင်တော့ဘူး။ ငါးပါးသီလကို ဘယ်တော့မှ မလွန်ကျူးတဲ့ အဆင့်ရောက်သွားပြီ။

သာဝက ဗောဓိ ဆုပန်ထားတဲ့ သူများက အနည်းဆုံး ဒီအဆင့်ရောက်အောင် အားခဲရမယ့် အခါကောင်းကြီးလို့မှတ်။

အဲ....အထက်အထက် အရိယာ ပုဂ္ဂိုလ်တွေကျတော့ တစ်ဆင့်ထက်တစ်ဆင့် မြင့်တက်သွားပြီ။ ချမ်းသာမှုတွေ တိုးလာပြီ။ စိတ်ဆိုး စိတ်ပျက်တာတွေ၊ လောကီအာရုံတွေ အပေါ် တွယ်တာစိတ်တွေ၊ မာန်ထောင်လွှားမှုတွေ ဘာမှ မရှိတော့ဘူး။ ကုန်ကုန်ပြောယင် ယုတ်ညံ့တဲ့ အောက်တန်း စိတ်ထားတွေ အလျဉ်းမရှိတော့လို့ ငြိမ်းအေးကုန်ကြပြီ။ အောက် အောက်ကို ဘယ်တော့မှ မစုန်တော့ဘဲ အထက်အထက်ဘုံတွေမှာသာ ခိုလှုံသွားကြမယ်။

## နိဗ္ဗာန်သဘောအချုပ်

ဒီမြင့်မြတ်စင်ကြယ်တဲ့ အရိယာ သူတော်ကောင်းတွေရဲ့ အပြုအမူ စိတ်နေသဘောထားကို လောကလူသားတွေ ဘယ်လိုမှ ကိုယ်ချင်းမစာတတ်၊ မစာနိုင်တော့ဘူး။ မယုံကြည်နိုင်လောက်အောင် မြင့်မြတ် အေးငြိမ်းကုန်ကြတယ်။ ဒါ....နိဗ္ဗာန်ကို ယခုဘဝမှာပင်လျှင် မျက်မှောက်ရရှိခံစားနေကြရပုံတွေပါပဲ။

အဲ....အရိယာတို့တွင် နောက်ဆုံး ရဟန္တာဖြစ်ပြီးလို့ တစ်ဘဝတာ အဆုံးသတ်သွားပြီဆိုပါမူကား ရှေ့ဆက်သွားစရာ ဘုံတွေ၊ ဘဝတွေဆိုတာ မရှိတော့ဘူး။

ဥပမာ= ဖယောင်းတိုင်မှ မီးတောက်ကိုငြိမ်းသတ်လိုက်တဲ့ အခါ မီးတောက်ဟာ လေထဲမှာလဲ မရှိ၊ ဖယောင်းတိုင်ပေါ်မှာ

လဲမရှိ၊ တခြားတစ်နေရာရာရောက်သွားပြီလို့လဲ မပြောနိုင်သလို မိမိတို့လုပ်ခဲ့တဲ့ ကံအဟုန်ကြောင့် ရုပ် နာမ်ခန္ဓာကြီး အနည်းနည်း အဖုံဖုံ စုန်ဆန်ကျင်လည်ခဲ့ရတဲ့ ဒုက္ခဝန်ထုပ်ကြီး လမ်းဆုံးသွား ပြီး၊ နောက်ထပ် ဘဝဖြစ်စရာ ကံမျိုးစေ့လည်း ကုန်သွားပြီ။ အကြောင်းတရားကုန်တော့ အကျိုးတရားလဲ မပေါ်လာတော့ ဘူး။ ရဟန္တာပုဂ္ဂိုလ်များ သေလွန်တာကို ပရိနိဗ္ဗာန် ပြုတယ်လို့ ခေါ်ရတယ်။ အပြီးတိုင် ငြိမ်းအေးသွားပြီ။

အဲဒါ ဗုဒ္ဓဘာသာဝင်တိုင်းရဲ့ နောက်ဆုံးပန်းတိုင်ဖြစ်တဲ့ နိဗ္ဗာန်ပဲ။ အလွန်နက်နဲသိမ်မွေ့လှပါတယ်။ တစ်ဘဝပြီး တစ်ဘဝ၊ တစ်ဘုံပြီး တစ်ဘုံ၊ စုန်ချည်ဆန်ချည်၊ မွေးလိုက်သေလိုက်၊ သေ လိုက် မွေးလိုက်၊ အတောမသတ်တဲ့ ဘဝဇာတ်သံသရာစက်ကြီး အပြီးတိုင် ရပ်စဲသွားတဲ့ နိဗ္ဗာန်ရဲ့သဘောကို တွေးတောစဉ်းစား လို့ သိနိုင်တာမျိုး မဟုတ်၊ လက်တွေ့လုပ်မှ နားလည်နိုင်တယ်။

## ဘုရားရှင်၏ဝန်ခံတိုက်တွန်းချက်

ဒါကြောင့် မြတ်စွာဘုရားရှင်က တရားတော်ဂုဏ် ၆-ပါးမှာ—

"သန္ဒိဋ္ဌိကော–ကိုယ်တိုင်လက်တွေ့ သိနိုင်တယ်။

အကာလိကော-အခါမလင့် ရရှိနိုင်တယ်။

ဟေိပဿိကော- မယုံလာလှည့် မြီးစမ်းကြည့်နိုင်တယ်"လို့ ပွင့်ပွင့်လင်းလင်း ကြေငြာထားပါတယ်။ ဖိတ်ခေါ်ထားပါတယ်။ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးက ကြိုက်ရာ ရွေးဖို့ ကမ္မဋ္ဌာန်း ၄၀၊ သုံးသွယ်သိက္ခာ၊ ရှစ်ဖြာသော မဂ္ဂင် လမ်းကိုလည်း ဟောကြားတော်မူခဲ့တယ်။

ဧသော’ဝ မဂ္ဂေါ နတ္ထ’ညော၊
ဒဿနဿ ဝိသုဒ္ဓိယာ။

ဒဿနဿ-မဂ်ဉာဏ် ဖိုလ်ဉာဏ်၊ အသိဉာဏ်အမြင်၏။ ဝိသုဒ္ဓိယာ-စင်ကြယ်ခြင်းငှာ။ ဧသော’ဝ- သုံးပါးသိက္ခာ၊ ရှစ်ဖြာမဂ္ဂင်၊ ဤအကျင့်လမ်းစဉ်သည်သာလျှင်။ မဂ္ဂေါ- နိဗ္ဗာန်ရောက်ရန်၊ လမ်းစဉ်လမ်းရိုး အမှန်ကြီးပါပေတည်း။ အညော- သည်မှတစ်ပါး။ အခြားလမ်းခွဲဟူသည်။ နတ္ထိ- မရှိနိုင်တော့သည်သာလျှင်တည်း။

ဓမ္မပဒ ပါဠိတော်၊ မဂ္ဂဝဂ်မှာ သည်အတိုင်း ဝန်ခံဟောပြတော်မူခဲ့ပါတယ်။ မြတ်စွာဘုရားရှင် ပွင့်ထွန်းတော်မူလာမှ သိရတဲ့ ဒုက္ခကင်းကြောင်း ဤလမ်းစဉ်ကောင်းကြီးကိုလည်း မမေ့မလျော့ လိုက်ပါကျင့်ကြံကြဖို့၊ အချိန်ရှိခိုက် အခွင့်သာခိုက် အရအမိယူလိုက်ကြဖို့၊ နောက်ခါမှ နောင်တမဖြစ်ကြဖို့ကိုလဲ တဖွဖွ တိုက်တွန်းတော်မူလေ့ရှိပါတယ်။

## နောက်မှ နောင်တ မဖြစ်ကြနှင့်

“ဈာယထ ဘိက္ခဝေ မာ ပမာဒတ္ထ၊
ပစ္ဆာ ဝိပ္ပဋိသာရိနော မာ အဟုဝတ္ထ။
အယံ ဝေါ အမှာကံ အနုသာသနီ။

ဘိက္ခဝေ- ချစ်သား ချစ်သမီးတို့။ တုမှေ- သင်ချစ်သား ချစ်သမီးတို့ တတွေသည်။ ဈာယထ- ရှုမှတ်ကြကုန်လော့။ ဝါ-အာရမ္မဏူပနိဇ္ဈာန်(ဒါက ဈာန်လမ်း)၊ လက္ခဏူပနိဇ္ဈာန်(ဒါက မဂ်လမ်း)၊ အာရုံလက္ခဏာ၊ နှစ်ဖြာဈာန်မွေ့၊ ရှုကြည့်၍နေကြကုန်လော့။ (အာရုံတစ်ခုထဲမှာ ဉပနိဇ္ဈာန- ကပ်၍ စိုက်၍ရှုတဲ့ သမထဈာန်နည်း၊ ဖြစ်ပျက်လက္ခဏာ ရှုရတဲ့ ဝိပဿနာ မဂ်လမ်းနည်း ပြောခဲ့ပြီ။)

မာ ပမာဒတ္ထ— သတိပြုကြ၊ မမေ့မလျော့ကြကုန်လင့်။ (ဝါ= အမှတ်မလွတ်ကြစေနှင့်။) ပစ္ဆာ— အိုခါမှ၊ နာခါမှ၊ သေရခါနီးမှ၊ အပါယ်လေးပါးသို့ရောက်ကာ၊ နောင်ခါကျမှ။ ဝိပ္ပဋိသာရိနော— အချိန်ရှိခိုက်က၊ လိုက်နာကျင့်ပွား၊ အားမထုတ် ခဲ့မိလေခြင်းဟူ၍၊ ပြင်းစွာနောင်တ၊ နှလုံးမသာ ရှိကြရသည်။ မာ အဟုဝတ္ထ - မဖြစ်ရစ်ကြပါကုန်လင့်။

အယံ— ဤသည်ကား။ ဝေါ တုမှာကံ–သင် ချစ်သား ချစ်သမီးတို့အတွက်။ အမှာကံ— ငါဘုရားရှင်တို့၏။အနုသာသနီ— ကရုဏာရှေ့ထား၊ မေတ္တာအားဖြင့်၊ ဟောကြား ဆုံးမတော် မူခြင်း ပါပေတည်း။

(သာဓု....သာဓု....သာဓု....)

သမထနှင့်ဝိပဿနာတရားတော် ပြီး၏။

ချမ်းမြေ့စွာ ဘာဝနေနည်း လမ်းညွှန်တရားတော်

ပြီး၏။

ဆရာတော် ဦးဥတ္တမသာရ
ခန္တီနံတောင်ေ တောရကျောင်း
ဖလမ်းမြို့၊ ချင်းပြည်နယ်၊
မြန်မာပြည်။

# ကျေးဇူးပြု၍ ပြင်ဆင်ဖတ်ရှုပါရန်

| မျက်နှာ | ကြောင်းရေ | မှား | မှန် |
|---|---|---|---|
| ၄၆ | ၁၅ | ၃-သုတ်၊ ၅-ဦး | ၃-သုတ်၊ ၄-ဦး၊ |
| ၁၂၄ | ၁၃ | သုခိ အတ္တာနံ | သုခီ အတ္တာနံ |
| ၁၆၀ | ၁၉ | ဘုဥ္ဇတိ | ပရိဘုဥ္ဇတိ |
| ၁၇၅ | ၂၇ | ညီမျှဝေ | ညီမျှစေ |
| ၁၉၄ | ၆ | စည်းစောင့်ရန် | စည်းစောင်ရန်း |
| ၂၀၉ | ၁၉ | ပြောကြရာ | ပြောပြရာ |
| ၂၁၅ | ၈ | စစ်လို့လဲ | စပ်လို့လဲ |
| ၂၅၁ | ၃ | မဟာစကားပုံ | ဗမာစကားပုံ |
| ၂၆၇ | ၁၇ | နေတယ်။ | နေတတ်၊ |
| ၂၇၁ | ၁၅ | နယ်နာ | နယ်မှာ |
| ၂၇၉ | ၁၇ | ပြောသူပြော | သူပြော လူပြော |
| ၂၈၁ | ၁၇ | အရဟံ ဓမ္မံ | အရ-ဟံ ဓမ္မံ |
| ၂၈၁ | ၁၀ | အရဟံ သံဃံ | အ-ရဟံ သံဃံ |
| ၂၈၇ | ၁ | ရမယ် | ရယင် |
| ၂၈၆ | ၂၂ | ဥပမာ သမာဓိ | ဥပစာ သမာဓိ |
| ၂၈၉ | ၁၃ | အားထုတ်နေတဲ့ | အားထုတ်တဲ့ |
| ၂၉၀ | ၈ | မှိုင်းရာဌာန | မှိုင်းတိုက်ရာဌာန |